မင်းဘူးမြို့

စတုသစ္စဒင္ဋိကမ္မကထာကျမ်းပြု

သစ္စဒီပကဆရာတော် ဘဒ္ဒန္တ ရေဝတထေရ်၏

စီရင်ရေးသားသော

# နိဗ္ဗာနသစ္ဆိကရဏီယကျမ်း

နှင့်

အဓမောဃ ကာလ

# နိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၃၅ ဒီဇင်ဘာလ ၁၉၇၃

၂၀၉၁

မင်းတုန်းမြို့

စတုသစ္စဒင်္ဂီကမ္မကထာကျမ်းပြု

သစ္စဒီပကဆရာတော် ဘဒ္ဒန္တရေဝတထေရ်

စီရင်ရေးသားသော

# နိဗ္ဗာနသစ္ဆိကရဏီယကျမ်း

နှင့်

အမောဃကာလ

# နိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ဒီဇင်ဘာလ ၁၉၈၄

စာအုပ်ရေ (၅၀၀၀) ပဌမအကြိမ်ပုံနှိပ်ခြင်း

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။



စတုသစ္စဒိဋ္ဌိကမ္မကထာကျမ်းနှင့် နိဗ္ဗာနသစ္ဆိကရဏီယကျမ်းပြု
အရှင် ဘဒ္ဒန္တရေဝတ အမည်ရှိသော သစ္စဒီပကဆရာတော်

## ပဌမအကြိမ် ပုံနှိပ်သည့် နိဗ္ဗာနသစ္ဆိကရဏီယကျမ်း၏

# ရှေးဦးအမှာစကား

စတုသစ္စဒဋ္ဌိကမှုကထာကျမ်းကို မင်းဘူးမြို့ သစ္စဒီပကဆရာတော် ဘဒ္ဒန္တ ရေဝတက ၁၃၀၉- ခုနှစ်တွင် ရေးသားစီရင်ပြီးစီး၍ ပထမအကြိမ် ၁၃၀၉-ခုနှစ် မှာပင် စုပေါင်း၍ ပုံနှိပ်ထုတ်ဝေကာ ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ကြပါသည်။ ထိုကျမ်းကို အလွန်လူကြိုက်များကြသဖြင့် ရဟန်းရှင်လူ၏ ဆန္ဒကို ဖြည့်ဘင်းရန် အကြိမ်ကြိမ်ပုံနှိပ်၍ ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ကြပါသည်။ ယခု ၁၀- ကြိမ်မြောက်သို့ ရောက်ရှိပါပြီ၊ သို့သော် ထိုကျမ်းမှာ ရင့်ကျက်သော ပုဂ္ဂိုလ်များနှင့်သာ အသုံးသင့်လျော်ပါ၍ ထိုအခါက ကျွန်တော်များ ကဲ့သို့သော အရာထမ်း အမှုထမ်းများအဖို့ လေ့လာဆည်းပူးနားလည်ရန် မလွယ်ကူလှပါ၊ ထို့ကြောင့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်၏ အဆီအနှစ်လည်းဖြစ်၍ တကြောင်း၊ နိယတဗျာဒိတ်ကိုခံယူပြီး ဘုရားဖြစ်ရန် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဆယ်ပါး အပြား ၃၀ ကို ဖြည့်ကျင့်ကာ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအဖြစ် ရောက်ပြီးသောအခါ ပထမဆုံးဟောကြားသော တရားတော်မှာလည်း ဓမ္မစကြာ သစ္စာလေးပါး တရားတော်မြတ်ပင်ဖြစ်၍ တကြောင်း၊ သစ္စာလေးပါးကို သိရှိနားလည်မှ သောတာပန် ဖြစ်နိုင်သည်ဟုသိရှိ၍ တကြောင်း၊ သစ္စာလေးပါး တရားတော်ကို တိုတိုကျဉ်းကျဉ်း ရှင်းရှင်းနှင့် လူသာမန်တို့ သဘောပေါက် နားလည်၍ ဆင်ခြင်ပွားများနိုင်ရန် အလို့ငှာ ပါဠိစကားနည်းနည်းနှင့် ရေးသား ချီးမြှင့်ပါရန် ပြည်ထဲရေးဌာနတွင် အတွင်းဝန်အဖြစ် အမှုထမ်းနေစဉ်က တောင်းပန် ခဲ့ပါသည်။ သို့ဖြစ်၍ ၁၃၁၁- ခုနှစ်တွင် သစ္စဒီပကကထာကို ရေးသားချီးမြှင့်ခဲ့ပါသည်။

ထိုကဲ့သို့ပင် ပထမမဂ်ဖြစ်သော သောတာပတ္တိမဂ်ကို တိုတိုကျဉ်းကျဉ်း ရှင်းရှင်းလွယ်လွယ်နှင့် လူသာမန်တို့ သဘောပေါက် နားလည်စေရန်အတွက် ကထာတခုကို ရေးသားချီးမြှင့်ပေးပါရန် တောင်းပန်ပြန်သဖြင့် သောတာပတ္တိမဂ္ဂကထာကို ၁၃၁၃-နှစ်တွင် ရေးသားပြီးစီး၍ ဓမ္မဒါနအဖြစ် ထုတ်ဝေနိုင်ခဲ့ပါသည်။

ယိုနောက် သောတာပတ္တိမဂ်ကို တားမြစ်တတ်သော တရားသည် ဗိဋ္ဌိနှင့် ဝိစိကိစ္ဆာဖြစ်သည်ဟု သိရပြန်သဖြင့် ထိုဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ပယ်ဖျောက်ရန် ကထာတခု ချီးမြှင့်ပါရန် ပြည်ထဲရေးနှင့် သာသနာရေးဌာနတွင် အမှုထမ်းစဉ်က ထပ်မံ လျှောက်ထားချက်အရ ၁၃၁၃-ခုနှစ်မှာပင် ဒိဋ္ဌိ ဝိစိကိစ္ဆာပဟာတဗ္ဗကထာ ကို ရေးသားချီးမြှင့်ပါသည်။

နိယျာနိကမဂ္ဂကထာနှင့် ဆမ္မာတုမဂ္ဂကထာများကို ၁၃၁၄- ခုနှစ်တွင် ရှမ်းပြည်နယ်ကောင်စီ သဘာပတိ စကားစော်ဘွားကြီး သတိုးသီရိ သုဓမ္မ စပ်ခွန်ကြည်က တောင်းပန်၍ ရေးသားခြင်း ဖြစ်ပါသည်။ ထိုကျမ်းများကား ရန်ကုန်မြို့တွင် သီတင်းသုံးနေစဉ် တောင်းပန်၍ ရေးသားပြုစုသော ကျမ်းများ ဖြစ်ပါသည်။ ၎င်းကျမ်း ၅-ကျမ်းကို မူလပုံမပျက်စေပဲ မူရင်းအတိုင်း ၅-ကျမ်းတွဲ စုပေါင်းကာ ကျမ်းပြုဆရာတော်၏ ဆန္ဒအရ "နိဗ္ဗာနသစ္ဆိကရဏီယကျမ်း" အမည်ဖြင့် လေးကြိမ်တိုင် စုပေါင်းပုံနှိပ်၍ ဓမ္မဒါနအဖြစ် လှူဒါန်းထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ သဖွာလေးပါးသည် အရေးအကြီးဆုံးတရားဖြစ်၍ ၎င်းကို နည်း အမျိုးမျိုးအဖုံဖုံ အထပ်ထပ်အခါခါ လူတိုင်းနားလည်လွယ်အောင် ပြုစုရေးသား ခြင်း ဖြစ်သည်ဟု မိန့်ပါသည်။ ရန်ကုန်တွင် နောက်ဆုံးရေးသားပြုစုသည့် အတ္တ- ဓမ္မပဋိသမ္ဘိဒါမဂ္ဂကထာ၏မူမှာ ပျောက်ဆုံးသွား၍ ပုံနှိပ်ရာတွင် မပါဝင်နိုင် တော့ပါ.

ယခုပဥ္စမအကြိမ် ပုံနှိပ်ရာတွင် ထူးခြားသည့်အချက်တခုကို ဖေါ်ပြရန်လိုပါ သည်။ ဆရာတော် လူ့ ဘ၀ အသက် ၄၀ မပြည့်မီက ဓမ္မမိတ်ဆွေများ၏ တောင်းပန်ချက်ဖြင့် ရေးသားသော 'အမောဃကာလ နိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း' ငယ်ကို နိဗ္ဗာနသစ္ဆိကရဏီယကျမ်းတွင် လူရှယ်လူလတ်များက လွန်စွာနှစ်သက် ကြသဖြင့် မူလ ၅- ကျမ်း နောက်ပိုင်းနှင့် ဆက်တွဲကာ ဆင့်မပြောက် ကျမ်းငယ် တဆူအဖြစ် တပါတည်း ထည့်သွင်း ပုံနှိပ်ထားခြင်းဖြစ်ပါသည်။

သစ္စာ ၄- ပါးကို သိရှိနားလည် ပွားများအားထုတ်၍ မဂ်ဖိုလ်ကို ရနိုင်ကြပါ စေသော်။

ဦးချမ်းသာ

နိဗ္ဗာနသစ္စိကရဏိယကျမ်းပြု သရာတော် ဘဒ္ဒန္တရေဝတ၏

# အတ္ထုပ္ပတ္တိအကျဉ်း

**ဖွားမြင်ချိန်နှင့်ဇာတိ။** ။ကျမ်းပြုဆရာတော်သည် ၁၂၃၀-ပြည့် နှောင်းတန်ခူး လဆန်း(၁၄)ရက် ဗုဒ္ဓဟူးနေ့တွင် မင်းဘူးခရိုင် စကုမြို့၌ မွေးဖွားသည်။

**ငယ်မည်နှင့်မိဘမျိုးရိုး။** ။ငယ်မည်မှာ ဦးရွှေလှိုင်ဖြစ်သည်၊ မိဘမှာ ဆေးဆရာဖြစ်သည်၊ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင် မင်းတရားလက်ထက်တွင် အောက်အရပ်ဒေသမှ စကု စလင်းဒေသသို့ရပ်ရွာတည်ထောင်ရေးအတွက် တာဝန်ပေးခြင်းခံရသောနေမျိုး ဇေယျသူရ-ဘွဲ့ခံ မင်းရဲထွဋ်မှ ဆင်းသက်ပေါက်ဖွားလာသော မျိုးရိုးဖြစ်သည် ဟုသိရသည်။

စကုနှင့် စလင်းမြို့နှစ်မြို့၏ အလယ်ဗဟိုလောက်တွင် တည်ရှိသော ရွှေပန်းမိုင်ဘုရား (ပွင့်ဖြူအနီး)ပတ်ဝန်းကျင်တွင်ရှိသော ပြည်လုံးကျော်၊ မဲရင်း၊ သီးကုန်း၊ ဖလန်တော စသည့်ရွာများကို တည်ထောင်ကာ ရှမ်းမြန်မာတို့နှင့် ရောစပ်၍ တောင်သူလယ်သမားအဖြစ် အသက်မွေးခဲ့သည်၊ သီပေါမင်းပါတော်မူချိန်တွင် ကျမ်းပြုဆရာတော် လူမည် ဦးရွှေလှိုင်သည် ဆရာတော် ဦးဥတ္တမကျောင်းတွင် ကိုရင်ဘဝနှင့်ပင် ဖြစ်သည်၊ ဆရာတော် ဦးဥတ္တမ, နောင်တွင် ဗိုလ်ဥတ္တမ, မင်းကြီးဗိုလ်ဥတ္တမ ဟု ကုလားဖြူ အင်္ဂလိပ်ကို အသက်သေသည်အထိ မြန်မာပြည် အလယ်ပိုင်းမှ တောက်ပြောင်စွာ ခုခံတိုက်ခိုက်ခဲ့သူ၏ မွေးစားသားများ အနက် တဦးဖြစ်သည်။

**ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ။** ။အင်္ဂလိပ်အစိုးရ လက်အောက်တွင် မြေတိုင်းပညာသင်၍ မြေတိုင်း အင်စပက်တော်အထိ အမှုထမ်းပြီးနောက် တတိယတန်းရှေ့နေဘဝ၊ ထို့နောက် ဒုတိယတန်းရှေ့နေဘဝဖြင့် အသက်မွေးခဲ့သည်။ မင်းဘူးမြို့ ဓာတ်တော်ကုန်းဘုရားဂေါပက

လူကြီးအဖြစ် လည်းကောင်း၊ သမ္မာကမ္မဋ္ဌအသင်း (ဝိုင်အမ်ဘီအေ)၏ဓမ္မကထိက အဖြစ်သည်းကောင်း နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်၊ မူလတန်းကျောင်း အုပ် ဆရာမကြီးဒေါ်ညို (ဆရာညို)နှင့် အကြောင်းပါသည်၊ သမီးလေးယောက် သားတယောက်ထွန်းကားသည်။

**ကျမ်းများပြုစုခြင်း။** ။အသက် ၃၉-နှစ်တွင် အမေဒဿကာလနိဗ္ဗာနမဂ္ဂပဋိ-ပတ္တိကျမ်းကို ရေးသားပြုစုသည်၊ လယ်တီသံခိပ် ဝတ်ရွတ်အသင်း တည်ထောင်၍ သင်္ဂြိုဟ်ဆရာအဖြစ် ပို့ချခဲ့သည်။

၁။ ဟေတုဖလကထာကျမ်း

၂။ နာမရူပပရိစ္ဆေဒကထာကျမ်း

၃။ ဒဿနေနပဟာတဗ္ဗကထာကျမ်း

တို့ကိုစုပေါင်း၍ သုံးကျမ်းတွဲပြီးလျှင် လောကုတ္တရာလက်စွဲကျမ်း အမည်ဖြင့် (၁၉၁၉-ခု) ၁၂၈၀-ခု အသက်၅၀-တွင် ရေးသားပြုစုပြီးသည်၊ ၁၂၈၂- ခုနှစ် တွင် မင်းဘူးမြို့ မဟာသုခိတာရာမ ချမ်းသာကြီးတိုက် ဆရာတော် ဦးပညာ-ဇောတ-ကထောက်ခံပုံနှိပ်သည်၊ ၁၂၈၄-ခုနှစ်တွင် ပုံနှိပ်ပြီးသည့် ထိုကျမ်းများကို ဓမ္မသင်္ဂဏီကျမ်း အဋ္ဌသာလိနီကျမ်းတို့ကိုမှီ၍ရေးသားပြုစုသည်ဟု မှတ်သားထား သည်ကိုတွေ့ရသည်။

**ပိဋကစာပေလေ့လာခြင်း။** ။မင်းဘူး ရွှေစက်တော်ဘုရား ဂေါပကလူကြီး အဖြစ် ဆောင်ရွက်နေစဉ် မန္တလေးမြို့ ရသေ့ကြီး ဦးခန္တီက ကြည်ညိုလှူဒါန်းသော ပိဋကတ် ( ၃ ) ပုံကို လေ့လာဆည်းပူး ခြင်း၊ ကျင့်ကြံ ကျက်မှတ် အားထုတ်ခြင်း၊ လယ်တီဆရာတော်ဘုရားကြီးစသည့် ပရိယတ် ပဋိပတ်ပုဂ္ဂိုလ် ကျော်များထံတွင် ဆည်းကပ်၍ နည်းခံခြင်းတို့ဖြင့်သာ နေ့ည အချိန်ကုန်ခဲ့ပေသည်။

**သာသနာတွင်းသို့ဝင်ခြင်း။** ။၁၉၄၃-ခု၊ မေလ (ကဆုန်လပြည့်နေ့) နံနက်ပိုင်း တွင် မင်းဘူးမြို့ကို လိပ်ကန်တို့က ဗုံးကြဲချသော အခါဦးရွှေလိုင်၏အိမ်ကို တိုက်ရိုက်ဗုံးထိမှန်သည်၊ ဦးရွှေလိုင်မှာ အိမ်ထဲမှမထွက် သာပဲ ရှိနေသည်၊ နီးရာ အိမ်တိုင်တလုံးကို ကိုင်ပြီးလျှင် ထိုင်နေလိုက်ရစော့

သည်၊ တအိမ်လုံး ပြိုပျက်သွားသော်လည်း ဦးရွှေလှိုင်နှင့် သူကိုင်ထားသော အိမ်တိုင်တလုံးက ဘေးမသီ ရန်မခပဲ ကျန်ရစ်ခဲ့သည်၊ လမ်းပေါ်တွင် လွင့်ကျနေသော လောကုတ္တရာလက်စွဲကျမ်းစာအုပ်မှအပ အခြားပစ္စည်းများ အစရှာ၍ပင် မရချေ၊ မီးလောင်ဗုံးကြောင့် တမြို့လုံး မီးလောင်ပျက်စီးသည်၊ ဗုံးစက်သေနတ်ဒဏ်ကြောင့် လူတထောင်ကျော် ဒဏ်ရာရ သေကြေပျက်စီးသည်၊ ဦးရွှေလှိုင် သံဝေဂအထူးရသည်၊အမြန်ရဟန်းတက်လိုသည့် ဆန္ဒပြင်းထန်သည်၊ ပရိက္ခရာ ရှစ်ပါးကို ရုတ်ချည်းရှာဖွေရာ တစုံသာရသည်၊ စကုမြို့ကန်ဦးကျောင်းတိုက် ကန်ဦးဆရာတော်ကြီး ထံမှောက်၌ ရဟန်းအဖြစ်သို့ရောက်သည်၊ ရဟန်းဘွဲ့မှာ အရှင်ရေဝတဖြစ်သည်။

**စတုသစ္စဒဋ္ဌီကမ္မကထာကျမ်းကိုပြုစုခြင်း။** ။ပိဋကတ် စာအုပ်များ ဗုံးဒဏ်ကြောင့် ပျက်စီး၍ မကျန်တော့သဖြင့် နှစ်ပေါင်းများစွာက မိမိဆည်းပူး ကျက်မှတ်ရထားသော တရားစာများကို မေ့လျော့ခြင်း မဖြစ်စေရန် နေ့ ညဉ့် အာဂုံပြန်ဆိုသည်၊ ကန်ဦးဆရာတော်ကြီးက ချီးကျူးသည်၊ နောက်လာ နောက်သားများ လမ်းတိုတိုနှင့် အထူးသဖြင့် အပါယ်လေးဘုံမှ လွတ်သော သောတာပတ္တိမဂ်ကို ရစေရန် ရည်သန်၍ လေယာဉ် စက်သေနတ် ဗုံးကြားထဲမှ ညဉ့်အခါ မီးမှိန်မှိန်ဖြင့် နေ့အခါ ကျိန်းစက်ခြင်းမပြုပဲ ဤစတုသစ္စဒဋ္ဌီကမ္မကထာကျမ်းကို စက္ကူတဘက်လွတ် ရှာဖွေ၍ ခက်ခဲစွာ အကြမ်းရေးသား ပြုစုရပေသည်၊ သက်တော် ၇၉၊ ၁၃၀၉-ခုနှစ်တွင် အချောရေးသားသည်၊ ထိုနှစ်မှာပင် ပြီးစီး၍ ပဌမအကြိမ် ပုံနှိပ်သည်။

**နိဗ္ဗာနသစ္စိကရဏီယကျမ်းကိုပြုစုခြင်း။** ။အခြားကျမ်းများကိုလည်း ရန်ကုန်တွင် သီတင်း သုံးနေစဉ် ၁၉၄၉-ခု နှင့် ၁၉၅၆-ခုနှစ်အတွင်း ရေးသားပြုစုခဲ့သည်၊ ထိုကျမ်းများမှာ—

၁။ သစ္စဒီပကကထာ

၂။ သောတာပတ္တိမဂ္ဂကထာ

၃။ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနတဗ္ဗကထာ

၄။ နိယျာနိကမဂ္ဂကထာ

၅။ ဆဓာတုမဂ္ဂကထာ

၆။ အတ္တဓမ္မပရိသမ္ဘိဒါမဂ္ဂကထာ (မူမကျန်တော့ပေ)

တို့ဖြစ်သည်။

**ထူးခြားသည့်အဖြစ်အပျက်။** ။ထူးခြားသော အချက်အချို့ကို ခဖော်ပြရသော် ၁၉၄၉-ခုနှစ်၊ ရန်ကုန်သို့ ခေတ္တ ကြွရောက်သီတင်းသုံးပြီး မင်းဘူးသို့ ဝါဆိုမီ ပြန်ကြွမည်ဟုအတင်းအကြပ် အမိန့်ရှိသည်၊ ဝါဆိုလဆန်း ၁၂-ရက်နေ့ကဖြစ်သည်၊ အခြေအနေအရ လုံးဝသွား၍ မဖြစ်နိုင်ပေ၊ အကြောင်းကား ရန်ကုန်မြို့မှလွဲ၍ ကျန်ဒေသများမှာ သောင်းကျန်းသူတို့၏ လက်ဝယ်သို့ ရောက်နေခြင်းကြောင့်ဖြစ်သည်၊ ထိုအကြောင်းကို လျှောက်ထားရာ ဝါမဆိုမီ ကြွနိုင်လိမ့်မည်ဟုသာ အမိန့်ရှိသည်။

နောက်နေ့ဖြစ်သည့် ဝါဆိုလဆန်း (၁၃) ရက်နေ့တွင် မိတ္ထီလာ ရေနံချောင်းနှင့် ချောက်ကို ဗိုလ်မှူးကြီး ဇော်ကောင်းက တပ်ပိုင်နက် သူပုန်လက်မှ သိမ်းပြီးကြောင်းကို ထိုအခါက ပြည်ထဲရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနများကို ပူးတွဲတာဝန်ထမ်းဆောင်ရသော ဒု-ဝန်ကြီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးထံ အစီရင်ခံရာ ၎င်းဒေသများတွင် အုပ်ချုပ်ရေး ပြန်လည်ထူထောင်ရန်အတွက် ပြည်ထဲရေးဌာနအတွင်းဝန်က ဦးဆောင်ပြီး ရဲမင်းကြီးနှင့် မြောက်ပိုင်းအထူးတိုင်းမင်းကြီး (၃) ယောက်တို့အား တာဝန်ပေးလိုက်သည်၊ ဗိုလ်ချုပ်ကြီး၏ ခွင့်ပြုချက်အရ ကျမ်းပြုဆရာတော်အား (၄) ယောက်စီးလေယာဉ်ဖြင့် တပါတည်း ပင့်ဆောင်သွားပြီးနောက် ချောက်မှတဆင့် လှေဖြင့် ဝါဆိုမီ မင်းဘူးသို့ ပင့်ဆောင်ပို့ပေးနိုင်ခဲ့သည်။

**ထူးခြားသည့်အိပ်မက်တော်။** ။ဆဋ္ဌသံဂါယနာတင်ပွဲ ကြီးကို ညောင်ရမ်းဆရာတော်ဘုရားက နာယက အဖြစ် ကြီးမှူးဦးစီး၍ တင်သောအချိန်ဖြစ်သည်၊ တနေ့သောနံနက် ဆွမ်းမစားမီ ဂ-နာရီလောက်က အမိန့်ရှိသည်မှာ ကောင်းကင် လဟာပြင်တွင် ထီးဆောင်းပြီး ပရိက္ခရာ (၈) ပါး အပြည့်အစုံနှင့် လမ်းလျှောက်ရသည်ကို ညသန်းခေါင်ကျော်အချိန်က အိပ်မက် မြင်မက်ကြောင်း၊ ထိုအိပ်မက်ကနိုးပြီး အရုဏ်မတက်မီ

မဟာသတိပဋ္ဌာန်ကို ပွားများရာ ပြောမပြနိုင်လောက်အောင် အလွန် ကျေးဇူး များကြောင်းပြောသည်။

**သေဘေးမှလွတ်ခဲ့ခြင်း။** ။ဆက်၍ပြောသည်မှာ အစ်ကိုနှင့်အတူ အောက်မြန်မာပြည် ဒေးဒရဲမှ လှေဖြင့် ထင်းခွေသွားရာ လေကြမ်းမိ၍ လှေနစ်ပြီး (၇) ရက်တိုင် ရေတွင်မြောခဲ့သော်လည်း မသေခဲ့၊ အညာပြန်ရောက်ပြီးနောက် သေလောက်အောင် မကျန်းမမာဖြစ်ရာ အားလုံးက သေပြီဟု ထင်မှတ်၍ ခေါင်းစပ်သူကစပ် ဘုန်းကြီးကို ပင့်သူက ပင့်ကြပြီး ဖြစ်သော်လည်း အသက်မသေခဲ့ပေ။နောက် အထက်၌ ဖော်ပြခဲ့သည့် မင်းဘူးမြို့ ဗုံးကြဲစဉ် အံ့သြလောက်အောင် အသက်မသေပဲ အိမ်တိုင်တလုံးနှင့်သာ ကျန်ခဲ့သည်ကို အမိန့်ရှိသည်၊ ဒီဘဝမှာ တရားထူးမရပဲ မသေနိုင်ဟု မိန့်သည်။

**ညောင်ရမ်းဆရာတော် ချီးကျူးတော်မူပုံ။** ။နောက် ၁-နာရီခန့်အကြာတွင် အစီအစဉ် မရှိပဲနှင့် ဆဋ္ဌသံဂါယနာတင် နာယက အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီး ကြွရောက်လာပြီး ကျမ်းပြုဆရာတော်အား ပရိယတ်ကိုအခြေခံ၍ ပြုစုသောကျမ်း (စတုသစ္စဒဋ္ဌိကမ္မကထာကျမ်း) ဖြစ်၍ ဝမ်းသာကြောင်း ချီးကျူး၏၊ သာဓု အနုမောဒနာ ခေါ်သည်။

**မြသိန်းတန်ဆရာတော် ချီးမြှောက်တော်မူပုံ။** ။နောက်တနေ့ မန္တလေးမြို့ အဂ္ဂမဟာပဏ္ဍိတ မြသိန်းတန်ဆရာတော်ကြီး ကြွရောက်လာပြီး ကျမ်းပြုဆရာတော်အား အမရပူရ ဗားကရာတိုက်တွင် သီတင်းသုံးရန် ဖိတ်ကြားသည်၊ အစစ တာဝန်ယူကြောင်း အမိန့်ရှိသည်၊ ထို့နောက် ထပ်၍လည်း ၂- ခါ လာရောက်ပင့်သည်။

ရန်ကုန်၌ သီတင်းသုံးနေစဉ် အလယ်တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးရေဝတ၊ သရက်တော ကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဉာဏိကတို့ မကြာခဏ ကြွရောက်လာပြီး တရားများဆွေးနွေးကြသည်၊ "သူ့ကို အကင်မသေးနှင့်"ဆိုသော မှတ်ချက်ကို ကြားလိုက်ရသည်။

**တရားထူးရတော်မူခြင်း။** ။၁၉၅၆-ခုနှစ်မေလကုန် ည ၉-နာရီလောက်တွင် ကပ္ပိယ မောင်ဘချစ်က အမြန်လာပါ၊ ကျမ်းပြုဆရာတော် ဘုန်းကြီး ထူးထူးဆန်းဆန်းမြင်တွေ့ရသည်၊ အမြန်လာပါဟု ပြောပြောဆိုဆိုနှင့် ကျောင်းပြန်သွားသည်၊ မကျန်းမမာ ဖြစ်၍လားဟု ထင်၍ လက်လှမ်းမှီရာ ဆေးများယူပြီး ကျောင်းသို့ အမြန်လိုက်သွားရာ သတိမေ့ခြင်း မူးခြင်း လဲနေခြင်းမဟုတ်၊ ခါတိုင်းထက် အဆများစွာ အလွန်ကြည်သင်တည်ငြိမ်သော ဣန္ဒြေဖြင့် တင်ပလ္လင်ခွေလျက် ထိုင်နေသည်ကို ဖူးမြင်ရသည်။ "ဝန်ထုပ်ကြီးကျပြီ ချမ်းသာစွ၊ ချမ်းသာစွ၊ နောက်ဆုံးတော့ အနိစ္စ- ဒုက္ခ- အနတ္တပဲ မှတ်ကြ" ဟု ဥဒါန်းကျူးသည်။

**ကျေးဇူးဆပ်တော်မူခြင်း။** ။ဇူလိုင်လဆန်း ဝါဆိုပြီးနောက် မကြာမီ "မင်းဘူးသို့ အမြန်ပြန်ကြွမည်၊ မင်းဘူးက ပစ္စည်း ၄- ပါး ထောက်ပံ့သော ဒါယကာ ဒါယိကာမများကို ကျေးဇူးဆပ်ရန် ကျန်သေးသည်" ဟု မိန့်ကြားသည်၊ အသက်အရွယ်ကြီးပြီး မမာမကျန်း ဖြစ်နေ၍ တကြောင်း၊ မိုးကြီးနေ၍ သင်္ဘောဆိပ်ကိုဆင်းရန် မလွယ်၍တကြောင်း၊ လမ်းမှာကြည့်ရှုမည့် ဆရာဝန်နှင့် ဆရာမကိုလည်း စီစဉ်ရ ရှာရဦးမည် ဖြစ်ကြောင်း စသည်ဖြင့် လျှောက်ထားသော်လည်း တား၍မရပေ၊ ဘာမှမပူနှင့်၊ သူ့ဟာသူ အဆင်ပြေလိမ့်မည်ဟုသာ မိန့်သည်၊ အိမ်မှ သင်္ဘောဆိပ်သို့ ဆင်းချိန်မှာ သဲသဲမဲမဲရွာနေသောမိုးသည် ရပ်၏၊ သင်္ဘောပေါ် ပဋ္ဌမခန်းသို့ ရောက်သောအခါ အခန်းချင်း ကပ်လျက် မန္တလေးသို့သွားမည့် ဆရာဝန်ကိုတွေ့ရ၏၊ ၎င်းက မင်းဘူးအထိ တာဝန်ယူ၍ သွားတော့သည်။

**ဘဝဇာတ်သိမ်းတော်မူခြင်း။** ။ဘဒ္ဒန္တရေဝတ ဘွဲ့မည်ရှိ သစ္စဒီပက ကျမ်းပြုဆရာတော်သည် ၁၉၅၇- ခု ဧပြီလ ၁၆-ရက်နေ့ အသက် ၉၀- အဝင်တွင် မင်းဘူးမြို့ လေသာကုန်း(ဓာတ်တော်ကုန်း)ကျောင်း၌ ပြန်လွန်တော်မူသည်။

ဦးချမ်းသာ

## စာကြည့်သူတို့ အသင့်နှလုံးသွင်းကြရန်

၁။ မြတ်စွာဘုရားသည် ဓမ္မစကြာ သစ္စာ ၄-ပါးကို ဟောတော်မူရာ၌-

က။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ခ။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။

ဂ။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။

ဃ။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

ဤသို့သစ္စာတိုင်း၌ ဒုက္ခကို ထည့်၍ ထည့်၍ ဟောခြင်းကား သစ္စာ၏ တသတ္တ အနက် ထင်ရှားစေလိုသောကြောင့် ဟူလို။

၂။ ထို့ပြင် ဓကော်ဂုတ္တိရ်ကစ၍ ကောဒသဂုတ္တိရ်အထိ အဂုတ္တရ၏ အဓိပ္ပါယ်ကို မျက်ခြေမပြတ်စေခြင်းငှာ တဆင့်ထက် တဆင့် လွန်ကဲသော အနက်တို့ကို ဆက်စပ်၍ ဟောပြတော်မူ၏။

၃။ သစ္စဒီပကဆရာတော်သည် ဤဟောနည်းမျိုးကို အလွန်နှစ်သက်၏၊ ထို့ကြောင့် မိမိရေးသားသော ကျမ်းများ၌ ကျမ်း၏အစမှာလည်း သစ္စာ ၄-ပါးကို ပြ၏၊ အလယ်မှာလည်း ၎င်းနည်း သစ္စာ ၄-ပါးကို ပြ၏၊ အဆုံးမှာလည်း ၎င်းနည်း သစ္စာ ၄-ပါးကို ပြ၏။

၄။ ဒုက္ခသစ္စာကိုမူတည်၍ ပြသောအခါမှာလည်း ကျန်သစ္စာ ၃-ပါးလည်း ပါဝင်အောင်ပြ၏၊ သမုဒယသစ္စာကိုမူတည်၍ ပြသည့်အခါမှာလည်း ကျန်သစ္စာ ၃-ပါးကို ပါဝင်အောင်ပြ၏၊ နိရောဓသစ္စာကို မူတည်၍ ပြသော အခါမှာလည်း ကျန်သစ္စာ ၃-ပါးကို ပါဝင်အောင်ပြ၏၊ မဂ္ဂသစ္စာပြသည့် အခါမှာလည်း ကျန်သစ္စာ ၃-ပါးကို ပါဝင်အောင်ပြ၏။

၅။ ရေးသားသမျှသော ကျမ်းတို့၌ အခန်းတိုင်း နေရာတိုင်း၌ ထပ်ကာ ထပ်ကာ အဘယ်ကြောင့်ပြသနည်းဟူမူ သစ္စာကိုသိမှုကား လိုရင်းအချက်ကြီး ဖြစ်သောကြောင့် စာဖတ်ကြသည့်အခါ သစ္စာဉာဏ်အမြင် မျက်ခြေမပြတ်စေခြင်းငှာ မေတ္တာကရုဏာအထူးရှေ့ရှုသောအားဖြင့်ပြခြင်းပင်ဖြစ်၏။ ထို့ကြောင့် ထပ်ကာထပ်ကာ ပြရာသလောဟု အပြစ်ကို မရှုပဲ အသင့်နှလုံးသွင်းအပ်၏ ဟူလို။

၆။ အဓိပ္ပာယ် အထူးသော်ကား ကျမ်းတိုင်း၌ အခန်းတိုင်း၌ သစ္စာကို ထပ်ကာ ထပ်ကာ ပြသော်လည်း တကျမ်းထက်တကျမ်း တခန်းထက် တခန်း အနက်အဓိပ္ပာယ်များ ပေါ်လွင် ထင်ရှားသဖြင့် ဥပမာ– ပဌမ ကျမ်း၌ မိမိတို့ ယုံမှားပယ်မှု မပြီးသေးလျှင် ဒုတိယ တတိယကျမ်း ကြည့်သည့်အခါ ယုံမှားခြင်းကင်းလေတော့၏၊ ဤသို့အားဖြင့် အကျိုးမဟာပ္ပလ ရကြစေခြင်းငှာ အဂ္ဂိတ္တိုရုပ်မှာကဲ့သို့ လွန်ကဲသော အနက် အဓိပ္ပာယ်များ တဆင့်ထက် တဆင့် ထင်မြင်နိုင်ကြ စေလိုခြင်းပင် ဟူလို။

သစ္စာ ၄-ပါးကို ထပ်ကာ ထပ်ကာ ပြခြင်း၌
အသင့် နှလုံးသွင်းကြရန် သတိပေးပုံ ပြီးပြီ။

# သတိပြုကြရန်

အထက်၌ ပြထားသော သစ္စာ ၄-ပါးကို ဗဟုသုတအားဖြင့် ရှေးဦးမှတ်ထား၍ နောက်မှ ကိုယ်တိုင်သိဖြစ်အောင် ဆင်ခြင်ပါ။

၁။ မိမိသန္တာန်၌ရှိသော ဆံပင် မွေးညှင်း မျက်စိ နား နှာ အင်္ဂါခြေလက်စသော မသိတတ်သော ရုပ်နှင့်, သိတတ်သောစိတ် ရှိနေခြင်းကို ဒုက္ခသစ္စာ ရှိနေ၏ဟု ဗဟုသုတအားဖြင့် မှတ်ထားပါ။

၂။ ထိုဒုက္ခသစ္စာသည်လည်း မိမိ၏လိုချင်မှု ကာမတဏှာ ဘဝတဏှာ သမုဒယသစ္စာကြောင့် ဖြစ်၏ဟု မှတ်ထားပါ။

၃။ မိမိလိုချင်မှု တဏှာကို မိမိပယ်စွန့်က ဇာတိချုပ်သောဒုက္ခ နိရောဓနိဗ္ဗာန်ကို ရ၏ဟု ဗဟုသုတအားဖြင့် သိထားပါ။

၄။ ထိုဒုက္ခ သမုဒယ နိရောဓဘို့၌ အမှန်မြင်သိ ဆုံးဖြတ်နိုင်ရန် ပွားများဆင်ခြင် သုံးသပ်မှုကို မိမိ၏ မဂ္ဂသစ္စာဟု သိထားပါ။

၅။ ထိုထို ဗဟုသုတအရ အဖန်ဖန်ဆင်ခြင်သဖြင့် ဉာဏ်အမြင်ပေါက်ရောက်သည့်အခါ ဇာတိချုပ်သော ဒုက္ခနိရောဓကို နှစ်သက်သော မဂ်စိတ် ဖြစ်လေတော့၏၊ ဤသို့မဂ်စိတ်ဖြစ်လျှင် မိမိသည် သောတာပန် တည်ပြီဟု သိအပ်၏ဟူလို။

သစ္စဒီပကဆရာတော်၏ နည်းနိဿယ။

သစ္စဒီပကကထာ

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ပဏာမ | .... | .... | ၁ |
| သစ္စာလေးပါး | .... | .... | ၁ |
| ၁-ဒုက္ခသစ္စာအနက် | .... | .... | ၂ |
| ဒုက္ခသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် | .... | .... | ၃ |
| ခန္ဓာငါးပါးကို ပြခြင်း | .... | .... | ၃ |
| ရုပ်တရား | .... | .... | ၃ |
| နာမ်ခန္ဓာ ၄-ပါး | .... | .... | ၄ |
| စိတ်တန်ခိုး | .... | .... | ၄ |
| ဒုက္ခသစ္စာကို မြင်သိက သက္ကာယဒိဋ္ဌိချုပ်ရပုံ | .... | .... | ၅ |
| ၂-သမုဒယသစ္စာအနက် | .... | .... | ၆ |
| သမုဒယသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် | .... | .... | ၆ |
| သတိပြုရန်အချက် | .... | .... | ၆ |
| ၃-နိရောဓသစ္စာအနက် | .... | .... | ၆ |
| နိရောဓသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် | .... | .... | ၇ |
| ၄-မဂ္ဂသစ္စာအနက် | .... | .... | ၈ |
| မဂ္ဂသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် | .... | .... | ၈ |
| မဂ္ဂင်ရှစ်ပါးအစိပ္ပာယ် | .... | .... | ၉ |
| ၁-သမ္မာဒိဋ္ဌိ | .... | .... | ၉ |
| ၂-သမ္မာသင်္ကပ္ပ | .... | .... | ၁၀ |
| ၃-သမ္မာဝါစာ | .... | .... | ၁၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၄-သမ္မာကမ္မန္တ .... .... | ၁၀ |
| ၅-သမ္မာအာဇီဝ .... .... | ၁၀ |
| ၆-သမ္မာဝါယာမ .... .... | ၁၁ |
| ၇-သမ္မာသတိ .... .... | ၁၁ |
| ၈-သမ္မာသမာဓိ .... .... | ၁၁ |
| မဂ္ဂသစ္စာပွားမှု .... .... | ၁၁ |
| သစ္စာလေးပါး အကျဉ်းမှတ်ရန် .... .... | ၁၂ |
| 'သမုဒယကြောင့်' အစချီသော မှတ်လွယ်ရန် ဆောင်ပုဒ် .... | ၁၂ |
| သစ္စာလေးပါးကို ဥပမာဖြင့် ရှုနည်း .... .... | ၁၃ |
| မဂ်စိတ်တချက်ဖြင့် မဂ်ကိစ္စလေးပါး ပြီးစီးအောင် ရှုနည်း .... | ၁၄ |
| သစ္စာလေးပါး အမေးအဖြေ .... .... | ၁၅ |
| 'ဖြစ်လိုမှုကြောင့်' အစချီသော မှတ်လွယ်ရန် ဆောင်ပုဒ် .... | ၁၇ |
| ဒုက္ခ၏ တည်ရာချုပ်ရာဌာန ပြပုံ မေး-ဖြေ .... .... | ၁၈ |
| ဝဋ် ၃-ပါးချုပ်ရန် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ကိုယ်တွေ့ ရှုနည်း | ၁၉ |
| ဝိဝဋ္ဋ အသခ်တနိဗ္ဗာန် .... .... | ၁၉ |
| ဝဋ်သုံးပါး အဓိပ္ပါယ် .... .... | ၂၀ |
| အဝိဇ္ဇာ တဏှာ မူလ၂-ပါး ချုပ်အောင် ရှုနည်း .... .... | ၂၁ |
| မဂ်ကိစ္စပြီးပုံ .... .... | ၂၃ |
| ပုထုဇဉ်စိတ်နှင့် အရိယာစိတ် ခြားနားပုံ .... .... | ၂၃ |
| 'ကိုယ့်ကိုယ် ကိုယ်ဖျက်' အစချီသော လင်္ကာ .... .... | ၂၄ |
| ပုထုဇဉ်တို့ သန္တာန်၌ လောဘ ဒေါသ မောဟ လွှမ်းမိုးနေပုံ ဥပမာဂါထာ | ၂၄ |
| သောတာပန်၏ ဒ-ဓိပ္ပာယ်လင်္ကာ .... .... | ၂၅ |
| ပစ္စဝေက္ခဏာဉာဏ်ဖြင့် ချိန်ထိုးနည်း .... .... | ၂၅ |
| စောဒကတက်ခဲ့သော် ဖြေပုံ .... .... | ၂၇ |
| သောတာပန်ရအပ်သောအကျိုး .... .... | ၂၇ |
| မိမိသည် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီဟု ဆုံးဖြတ်နိုင်ပုံ .... | ၂၈ |

| | |
|---|---|
| သစ္စာလေးပါးကို အတ္တ ဓမ္မဖြင့် ဝေဖန်၍ ရှုပုံ .... .... | ၂၉ |
| အဓိပ္ပာယ်အထူး .... .... .... | ၃၁ |
| သစ္စာလေးပါးကို ဓမ္မဝဝတ္ထာန်ဖြင့် ၅-၄-၁-န ပိုင်းခြားပုံ .... | ၃၂ |
| သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တို့၏ အဓိပ္ပာယ်.... .... | ၃၃ |
| ကိစ္စပြီးကြောင်း ဝန်ခံတော်မူပုံ .... .... .... | ၃၄ |
| သစ္စ ကိစ္စ ကတ ဉာဏ် ၁၂-ပါး .... .... .... | ၃၅ |
| မဂ်ကိစ္စ ၁၆-ချက် .... .... .... | ၃၅ |
| ကိုယ့်အတတ်နှင့်ကိုယ် ပဝ်၍နေပုံ ကိုယ့်အတတ်ကို ဖြေက ကိုယ့်အသတ်ပြေပုံ | ၃၆ |
| တဏှာကိုပယ်၍ ဒုက္ခမှလွတ်ပုံ .... .... .... | ၃၇ |
| သောတာပန် အမေး အဖြေ .... .... .... | ၄၀ |
| သောတာပတ္တိဖိုလ် မြင်ပုံ .... .... .... | ၄၂ |
| အထူးသတိပေးချက် .... .... .... | ၄၂ |


သစ္စဒီပကကထာ မာတိကာ ပြီး၏။

သောတာပတ္တိမဂ္ဂကထာ

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဏာမ .... .... .... .... | ၄၇ |
| အဘိယာစက နိဒါန်း၊ ကျမ်းအမည် .... .... | ၄၇ |
| ဥယျောဇဉ် သတိပေး နိဒါန်း .... .... .... | ၄၇-၈ |
| ဉာဏ်အမြင်ရှိပုံ .... .... .... .... | ၄၈ |
| **ချမ်းသာအဆင့်ဆင့်** .... .... .... | ၄၉ |
| သစ္စာသိအောင်ကြိုးစား .... .... .... | ၄၉ |
| ပရိယတ်အနေဖြင့် သစ္စာနှင့်စပ်သောဂါထာ .... .... | ၅၀ |
| သစ္စာ ၄-ပါး သိမြင်ပုံ တနည်း .... .... .... | ၅၀ |
| မြတ်စွာဘုရား နိယတဗျာဒိတ် ရတော်မူပုံ .... .... | ၅၁ |
| ဗျာဒိတ်ပေးတော်မူပုံ .... .... .... | ၅၁ |
| အဓိဋ္ဌာန်ပြုတော်မူပုံ .... .... .... | ၅၂ |
| ၃-ဌာန အဓိဋ္ဌာန်ပြုတော်မူပုံ .... .... .... | ၅၂ |
| သစ္စာ ၄-ပါး ဖြစ်ပေါ်လာပုံ .... .... .... | ၅၃ |
| **ဓမ္မစကြာ၏ ဂုဏ်ထူးကို ပြပုံ** .... .... .... | ၅၃ |
| မြတ်စွာဘုရား သာသနာ ထားတော်မူခဲ့ပုံ .... .... | ၅၄ |
| သုတသိမှ ပဋိဝေဓသိသို့ .... .... .... | ၅၄ |
| သစ္စာသိမှု၌ တည် မတည် .... .... .... | ၅၅ |
| သစ္စာသိလိုက ဓမ္မစကြာသစ္စာ ၄-ပါးကို ကျက်ပါ-ဟု သတိပေးပုံ | ၅၆ |
| ရုပ် နာမ် ခန္ဓာ၌ ဝိပဿနာရှုပုံ .... .... .... | ၅၇ |
| **ခန္ဓာ** ၅-ပါး၌ ရှုပုံ .... .... .... | ၅၇ |
| အနတ္တလက္ခဏသုတ်အရ ဝိပဿနာရှုပုံ .... .... | ၅၉ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဝိပဿနာ ရှုသည့်အခါ လက္ခဏာထင်ပုံ | .... | .... | ၆၀ |
| အတ္တသက္ကာယဒိဋ္ဌိခွါပုံ | .... | .... | ၆၁ |
| ကောဋ္ဌာသ ၄၂-ပါး | .... | .... | ၆၁ |
| သက္ကာယခွဲပုံ ကိုယ်တွေ့ရှုနည်း | .... | .... | ၆၃ |
| အကန်း အကျိုး ဥပမာ | .... | .... | ၆၃ |
| လှည်း, နွား, လှည်းမောင်းသူ ဥပမာ | .... | .... | ၆၃ |
| သတိပဋ္ဌာန်နှင့် ဝိပဿနာရှုပုံ | .... | .... | ၆၄ |
| အကြောင်းအားလျော်စွာ ရှုပုံ | .... | .... | ၆၅ |
| အာနာပါနဖြင့် ရှုပုံ | .... | .... | ၆၅ |
| ဣရိယာပုထ် ၄-ပါးဖြင့် ရှုပုံ | .... | .... | ၆၅ |
| နာမ်ရုပ်မှတပါး ပုဂ္ဂိုလ် သတ္တဝါ မရှိပုံ | .... | .... | ၆၆ |
| နာမ်ရုပ်ကို အတ္တ ဇီဝ ပုဂ္ဂလဟု အထင်မှားပုံ | .... | .... | ၆၇ |
| မဂ်ဖိုလ်ရခြင်း မရခြင်းအကြောင်းကို အထူးသတိပြုတော်မူကြရန် | | .... | ၆၈ |
| သစ္စာ ၄-ပါး အမေးအဖြေ | .... | .... | ၆၈ |
| ဒုက္ခသစ္စာ | .... | .... | ၆၈ |
| သမုဒယသစ္စာ | .... | .... | ၇၀ |
| နိရောဓသစ္စာ | .... | .... | ၇၁ |
| သံသရာဝဋ်ဒုက္ခ မပြတ်လည်ပုံ ချုပ်ပုံ ဥပမာ | .... | .... | ၇၂ |
| သံသရာစက်လည်ပုံ | .... | .... | ၇၂ |
| သံသရာစက်ပြတ်ပုံ | .... | .... | ၇၂ |
| မဂ္ဂသစ္စာ | .... | .... | ၇၃ |
| မဂ်သည် ကိလေသာကိုပယ်ပုံ | .... | .... | ၇၄ |
| သမ္မာဒိဋ္ဌိ ၅-မျိုးနှင့် အဓိပ္ပါယ် | .... | .... | ၇၄ |
| သစ္စာ ၄ ပါးကို ဆင်ခြင်ပုံ | .... | .... | ၇၇ |
| မဂ် ၄-ပါးသို့ တက်ပုံ | .... | .... | ၅၆ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မဂ်ရသည်ကို သိနိုင်ကြောင်း အဆုံးအဖြတ် | .... | .... | ၇၈ |
| သောတာပန် ဖြစ်ရကျိုး | .... | .... | ၇၉ |
| သောတာပန် ပယ်သော တရားများ | .... | .... | ၈၀ |
| သောတာပန် ၃-မျိုး ၇-မျိုး | .... | .... | ၈၃ |
| သောတာပန်တို့ ရအပ်သောအကျိုး | .... | .... | ၈၄ |
| ပုထုဇဉ်ခန္ဓာ၌ အားထားစရာမရှိပုံ | .... | .... | ၈၅ |
| ဘဝတိုင်း ကောင်းမှု မပြုနိုင်ပုံ | .... | .... | ၈၅ |
| ဘဝဂတိ မမြဲပုံ | .... | .... | ၈၆ |
| 'ရှင်သောင်းဒိန့်ပါ' အစချီသောလင်္ကာ | .... | .... | ၈၆ |
| အပါယ်သို့ ကျလျှင် အမျိုးမျိုး ဖြစ်ရပုံ | .... | .... | ၈၇ |
| သံဝေဂ လျှင်စွာရခြင်းငှာ ကျက်မှတ်၍ ဆင်ခြင်ပွါးများနည်း | | .... | ၈၉ |
| လောကအလှူပ်အထွေးကို ဆုံးဖြတ်ပုံ | .... | .... | ၉၀ |
| 'တဏှာသမုဒယကြောင့်' အစချီသော လင်္ကာ | .... | .... | ၉၀ |
| တဏှာမှ နိဗ္ဗာန်သို့ ထွက်ပုံ | .... | .... | ၉၁ |
| သတ္တဝါများ သံသရာမှ မလွတ်နိုင်ပုံ | .... | .... | ၉၁ |
| ဖွဲ့ချည်ပုံ | .... | .... | ၉၁ |
| သူတော်ကောင်းတို့ နိဗ္ဗာန်သို့ ထွက်ပုံ | .... | .... | ၉၂ |
| သစ္စာ သိက နိဗ္ဗာန်ရမှု အန္တောဂဓတဖြစ်ပုံ | .... | .... | ၉၂ |
| နိဗ္ဗာန်နှင့် မဂ်စိတ် တွေ့ထိပုံ | .... | .... | ၉၃ |
| ပဌမမဂ်မှ အထက်မဂ်သို့တက်ရန် ဝိပဿနာပွါးနည်း | .... | .... | ၉၃ |
| ရာဂနှင့် မာနပယ်ပုံ | .... | .... | ၉၅ |
| ဒုက္ခနှင့် သုခကိုခွဲခြားမြင်သိအောင် ပုတီးစိပ်နည်း | .... | .... | ၉၆ |
| သဠာယတန သံယုတ်အရ ဝိပဿနာပွါးနည်း | .... | .... | ၉၆ |
| သစ္စာ လေးပါး မြင်သိပုံ | .... | .... | ၉၈ |
| ရဟန်းများသို့ မြတ်စွာဘုရား သတိပေးတော်မူခဲ့ပုံ | .... | .... | ၉၉ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အကြံကောင်းရှိကြရန် သတိပေးပုံ .... — — | ၉၉ |
| **ပဟာန် ၅-ပါး** .... .... .... .... .... | **၁၀၀** |
| ၁-တဒင်္ဂပဟာန် .... .... .... .... .... | ၁၀၀ |
| ပယ်ရန် မာတိကာအကျဉ်း .... — .... .... | ၁၀၀ |
| ၂-ဝိက္ခမ္ဘနပဟာန် .... .... .... .... .... | ၁၀၄ |
| ၃-သမုစ္ဆေဒပဟာန် .... .... .... .... .... | ၁၀၄ |
| ၄-ပဋိပ္ပဿဒ္ဓိပဟာန် .... .... — .... | ၁၀၅ |
| ၅-နိဿရဏပဟာန် .... .... .... .... .... | ၁၀၅ |
| တချက်ခုတ် ၁၂-ချက်ပြတ်သောတရား .... — .... | ၁၀၅ |
| အချက်များစွာခုတ်သော်လည်း တချက်မှမပြတ်သောတရား .... | ၁၀၆ |
| ကျမ်းပြုပုဂ္ဂိုလ်၏ နိဂုံးစကား .... .... .... .... | ၁၀၆ |
| အမှိုပ်ပွါယ်အထူး .... .... .... .... .... | ၁၀၇ |


သောတာပတ္တိမဂ္ဂကထာ မာတိကာ ပြီးပြီ။

ဒိဋ္ဌိဝိစိကိစ္ဆာပဟာနတဗ္ဗကထာ

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဘိယာစကနိဒါန်းနှင့် ဥယျောဇဉ် .... .... .... | ၁၁၁ |
| မူလစေတနာ .... .... .... .... .... | ၁၁၂ |
| မဂ်သို့ ဆိုက်ရောက်နည်းအကျင့် ဝါဒအမျိုးမျိုး .... .... | ၁၁၂ |
| ဓမ္မစကြာနည်းဖြင့် မဂ်သို့တက်ပုံ .... .... .... | ၁၁၃ |
| ပေါက္ခရသာတိ ပုဏ္ဏား ဝတ္ထု .... .... .... .... | ၁၁၄ |
| ပဏာမ .... .... .... .... .... | ၁၁၅ |
| သစ္စာ ၄-ပါး ရေတွက်နည်း .... .... .... .... | ၁၁၅ |
| မဂ္ဂသစ္စာပွါးနည်း .... .... .... .... .... | ၁၁၆ |
| မဂ်မရခြင်း၏ အကြောင်းရင်း .... .... .... .... | ၁၁၇ |
| ကိလေသာပယ်ပုံ .... .... .... .... .... | ၁၁၇ |
| ဒိဋ္ဌိပဟာတဗ္ဗကထာ .... .... .... .... .... | ၁၁၈ |
| မာတိကာ အကျဉ်း .... .... .... .... | ၁၁၈ |
| အတ္တဒိဋ္ဌိခွါပုံ အမေးအဖြေ .... .... .... .... | ၁၁၉ |
| မိစ္ဆာဒိဋ္ဌိ ရှေးဦးပယ် .... .... .... .... .... | ၁၂၀ |
| ဒိဋ္ဌိအရာကျယ်ပုံ .... .... .... .... .... | ၁၂၂ |
| ဒိဋ္ဌိဖြစ်ပေါ်ခြင်း မူလအကြောင်း .... .... .... | ၁၂၂ |
| ဒိဋ္ဌိပယ်နည်း အမေးအဖြေ .... .... .... .... | ၁၂၃ |
| အနတ္တအင်္ဂါ ၄-ပါး .... .... .... .... .... | ၁၂၅ |
| အတ္တဒိဋ္ဌိ ကာရကပုဂ္ဂိုလ် ဝေဒကပုဂ္ဂိုလ် .... .... .... | ၁၂၆ |
| ပရမတ္ထလက်သည် .... .... .... .... .... | ၁၂၆ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သင်္ခါရ ၄–မျိုး .... .... .... | ၁၂၉ |
| သင်္ခါရ .... .... .... | ၁၂၉ |
| မဂ်သို့ လျင်စွာရောက်ခြင်းငှါ သင့်လျော်သော ကမ္မဋ္ဌာန်းရွေးချယ်ပုံ .... .... .... | ၁၃၀ |
| ဒွတ္တိံသာကာရကမ္မဋ္ဌာန်း .... .... .... | ၁၃၁ |
| ပထဝီဓာတ် ၂၀ .... .... .... | ၁၃၁ |
| အာပေါဓာတ် ၁၂ .... .... .... | ၁၃၁ |
| ပထဝီဓာတ် ၂၀-ကို ပွါးများပုံ .... .... .... | ၁၃၂ |
| အာပေါဓာတ် ၁၂-ကို ပွါးများပုံ .... .... .... | ၁၃၃ |
| သတ္တ ဇီဝဟု ယူခြင်း၏အကြောင်း .... .... .... | ၁၃၅ |
| သတ္တ ဇီဝကင်းပုံ .... .... .... | ၁၃၅ |
| ဝိစိကိစ္ဆာပဟာတဗ္ဗကထာ .... .... .... | ၁၃၆ |
| သုတ္တန်နည်း ဝိစိကိစ္ဆာပယ်ပုံ .... .... .... | ၁၃၇ |
| ယုံမှားခြင်း ၁၆-ပါး .... .... .... | ၁၃၇ |
| အတိတ်၌ ယုံမှားခြင်း ၅-ပါး .... .... .... | ၁၃၇ |
| အနာဂတ်၌ ယုံမှားခြင်း ၅-ပါး .... .... .... | ၁၃၈ |
| ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး .... .... .... | ၁၃၉ |
| (ယုံမှားခြင်း ၁၆-ပါး) ကျက်မှတ်ရန်လင်္ကာ .... .... | ၁၄၀ |
| အဘိဓမ္မာနည်းဝိစိကိစ္ဆာပယ်ပုံ .... .... .... | ၁၄၀ |
| ဗဟုသုတပဓာန .... .... .... | ၁၄၂ |
| အထူးသတိပေးချက် .... .... .... | ၁၄၄ |
| တဒင်္ဂသမုစ္ဆေဒချုပ်ပုံ .... .... .... | ၁၄၅ |
| မဂ္ဂဝီထိ .... .... .... | ၁၄၇ |
| သစ္စာ ၄-ပါး မြင်သိပုံ .... .... .... | ၁၄၇ |
| ဒုက္ခသစ္စာ မြင်သိပုံ .... .... .... | ၁၄၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သမုဒယသစ္စာ မြင်သိပုံ .... .... .... | ၁၄၈ |
| မဂ္ဂသစ္စာ အဓိပ္ပါယ် .... .... .... | ၁၄၈ |
| နိရောဓသစ္စာ အမေး အဖြေ .... .... .... | ၁၅၀ |
| သတိပေးစကား .... .... .... | ၁၅၀ |
| သစ္စာမြင်သိလက်ာ .... .... .... | ၁၅၀ |
| ဝိပဿနာပုတီးစိပ်နည်း .... .... .... | ၁၅၁ |
| ပယ်နည်း ပွါးနည်း .... .... .... | ၁၅၂ |
| နိဗ္ဗာန်ရှိပုံကို ပြဆိုခြင်း .... .... .... | ၁၅၃ |
| သင်္ဂြိုဟ်နည်း(နိဗ္ဗာန်) .... .... .... | ၁၅၃ |
| မဟာဋီကာနည်း(နိဗ္ဗာန်) .... .... .... | ၁၅၃ |
| ဥဒါန်းနည်း(နိဗ္ဗာန်) .... .... .... | ၁၅၄ |
| ဝိမာနဝတ္ထု .... .... .... | ၁၅၄ |
| နိဗ္ဗာန်သို့ရောက်ပုံ .... .... .... | ၁၅၅ |
| ဖြစ်ပုံ ချုပ်ပုံ .... .... .... | ၁၅၆ |
| ဝဋ် ၃-ပါးဖြစ်ပုံ ချုပ်ပုံ .... .... .... | ၁၆၀ |
| နှုတ်ရဆောင်ထားရန်လက်ာ .... .... .... | ၁၆၁ |
| ကိလေသဝဋ်အမျိုးမျိုး .... .... .... | ၁၆၂ |
| တရားဟော တရားနာသူတို့ တာဝန် .... .... .... | ၁၆၂ |
| တရားဟောသူတာဝန် .... .... .... | ၁၆၃ |
| တရားနာသူတာဝန် .... .... .... | ၁၆၃ |
| တရားတာဝန် .... .... .... | ၁၆၄ |
| တာဝန် ၃-ရပ် .... .... .... | ၁၆၄ |
| အားကိုးရာ သစ္စာတရား .... .... .... | ၁၆၅ |
| အဂ္ဂိဒတ္တရသေ့ဝတ္ထု .... .... .... | ၁၆၆ |
| ရဟုလောဝါဒကထာနိဒါန်း .... .... .... | ၁၆၇ |
| နမက္ကာရပဏ္ဏာ မဘုရားရှိခိုး .... .... .... | ၁၆၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ရာဟုလောဝါဒကထာ .... .... .... .... | ၁၆၈ |
| စက္ခာယတန(၌ ရုပ်) .... .... .... .... | ၁၆၉ |
| ရူပါရုံ(၌ ရုပ်) .... .... .... .... .... | ၁၇၀ |
| စက္ခုဝိညာဏ်(၌ ရုပ်) .... .... .... .... | ၁၇၀ |
| စက္ခုသမ္ဖဿ(၌ ရုပ်) .... .... .... .... | ၁၇၀ |
| စက္ခုသမ္ဖဿဇာ ဝေဒနာ(၌ ရုပ်) .... .... .... | ၁၇၀ |
| သောတာယတန(၌ ရုပ်) .... .... .... .... | ၁၇၁ |
| သဒ္ဒါရုံ(၌ ရုပ်) .... .... .... .... .... | ၁၇၁ |
| သောတဝိညာဏ်(၌ ရုပ်) .... .... .... .... | ၁၇၁ |
| သောတသမ္ဖဿ(၌ ရုပ်) .... .... .... .... | ၁၇၁ |
| သောတသမ္ဖဿဇာ ဝေဒနာ(၌ ရုပ်) .... .... .... | ၁၇၁ |
| ဃာနာယတန(၌ ရုပ်) .... .... .... .... | ၁၇၂ |
| ဂန္ဓာရုံ(၌ ရုပ်) .... .... .... .... | ၁၇၂ |
| ဃာနဝိညာဏ်(၌ ရုပ်) .... .... .... .... | ၁၇၂ |
| ဃာနသမ္ဖဿ(၌ ရုပ်) .... .... .... .... | ၁၇၂ |
| ဃာနသမ္ဖဿဇာ ဝေဒနာ(၌ ရုပ်) .... .... .... | ၁၇၃ |
| ဇိဝှါယတန(၌ ရုပ်) .... .... .... .... | ၁၇၃ |
| ရသာရုံ(၌ ရုပ်) .... .... .... .... | ၁၇၃ |
| ဇိဝှါဝိညာဏ်(၌ ရုပ်) .... .... .... .... | ၁၇၃ |
| ဇိဝှါသမ္ဖဿ(၌ ရုပ်) .... .... .... .... | ၁၇၃ |
| ဇိဝှါသမ္ဖဿဇာ ဝေဒနာ(၌ ရုပ်) .... .... .... | ၁၇၄ |
| ကာယာယတန(၌ ရုပ်) .... .... .... .... | ၁၇၄ |
| ဖောဋ္ဌဗ္ဗာရုံ(၌ ရုပ်) .... .... .... .... | ၁၇၄ |
| ကာယဝိညာဏ်(၌ ရုပ်) .... .... .... .... | ၁၇၄ |
| ကာယသမ္ဖဿ(၌ ရုပ်) .... .... .... .... | ၁၇၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကာယသမ္ဖဿဇာ ဝေဒနာ(၌ ရှုပုံ) .... .... .... | ၁၇၅ |
| မနာယတန(၌ ရှုပုံ) .... .... .... .... | ၁၇၅ |
| မနအဓိပ္ပါယ် .... .... .... .... .... | ၁၇၅ |
| ဓမ္မာရုံ(၌ ရှုပုံ) .... .... .... .... | ၁၇၆ |
| မနောဝိညာဏ်(၌ ရှုပုံ) .... .... .... .... | ၁၇၆ |
| မနောသမ္ဖဿ(၌ ရှုပုံ) .... .... .... .... | ၁၇၇ |
| မနောသမ္ဖဿဇာ ဝေဒနာ(၌ ရှုပုံ) .... .... .... | ၁၇၇ |
| **သောတာပန်တို့၏ သမာဓိခိုင်မြဲပုံ ပါဠိတော်** .... .... | **၁၇၉** |
| **သမာဓိခိုင်မြဲပုံ ဝတ္ထုသက်သေများ** .... .... .... | **၁၈၀** |
| လူသောတာပန်ကျင့်ဝတ် .... .... .... .... | ၁၈၀ |
| ပုထုဇဉ်ခန္ဓာ၌ အားထားစရာ မရှိပုံ .... .... | ၁၈၁ |
| ကျက်မှတ်ပွားများကြရန် .... .... .... | ၁၈၂ |
| နိဂုံးချုပ် အဓိပ္ပါယ် .... .... .... .... | ၁၈၂ |
| ပယ်ပုံ .... .... .... .... | ၁၈၃ |
| နှုတ်ရ ဆောင်ထားရန် ကထာ .... .... .... | ၁၈၄ |
| ဗဟုသုတ အမေး အဖြေ .... .... .... | ၁၈၄ |
| **သံဝေဂလင်္ကာ** .... .... .... .... | **၁၈၅** |
| **မိမိသည် နိဗ္ဗာန်ရပြီဟု သိနိုင်ပုံ** .... .... .... | **၁၈၅** |
| ဆင်ခြင်ရန် .... .... .... .... | ၁၈၅ |
| မိမိရသောမဂ်ကို ပစ္စဝေက္ခဏာဖြင့် ပိုင်းခြားနည်း .... | ၁၈၆ |
| မေတ္တာကထာ .... .... .... .... | ၁၈၇ |


ဒိဋ္ဌိဝိစိကိစ္ဆာပဟာတပ္ပကထာ မာတိကာ ပြီးပြီ။

နိယျာနိက မဂ္ဂကထာ

# မာတိကာ

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| တရားအားထုတ်သော ပုဂ္ဂိုလ်တို့ သတိပြုရန် | .... | .... | ၁၉၁ |
| စာကြည့်သူတို့သို့ သတိပေးချက် | .... | .... | ၁၉၂ |
| သစ္စာဒီပက ဆရာတော်၏ ညွှန်ပြချက်များ | .... | .... | ၁၉၄ |
| ထွက်ရပ်အလိုရှိသော ယောဂီပုဂ္ဂိုလ်တို့ အလုပ်လုပ်ရန်.... | | .... | ၁၉၅ |
| ပဏာမ | .... | .... | ၁၉၇ |
| အဘိဃာတကနိုဒါန်းနှင့် ကျမ်းအမည် ဥယျောဇဥ်များ | | .... | ၁၉၇ |
| ယောဂီပုဂ္ဂိုလ်တို့ကို သတိပေးခြင်း | .... | .... | ၁၉၉ |
| သာဝကများကို မြတ်စွာဘုရားက သတိပေးပုံ | .... | .... | ၂၀၀ |
| ယောဂီပုဂ္ဂိုလ်တို့ ဝမ်းမြောက်စွာ အားထုတ်သင့်ကြပုံ.... | | .... | ၂၀၀ |
| သစ္စာ ၄- ပါး မြင်သိရန် အမေး အဖြေ | .... | .... | ၂၀၁ |
| ကျက်မှတ်ရန် ဓမ္မစကြာ သစ္စာလေးပါး တရားတော်.... | | .... | ၂၀၁ |
| သစ္စာလေးပါးကို အကျဉ်းပြခြင်း | .... | .... | ၂၀၂ |
| ကျက်မှတ်ရန် ကထာ | .... | .... | ၂၀၂ |
| သစ္စာလေးပါးကို ဂါထာဖြင့် မြင်သိနည်း | .... | .... | ၂၀၃ |
| ဒုက္ခဓမ္မသုတ်လာ သစ္စာ ၄- ပါးပြခြင်း | .... | .... | ၂၀၃ |
| (ဓမ္မစကြာ သစ္စာ ၄- ပါး) ပါဠိတော်၏အနက် | .... | .... | ၂၀၅ |
| ဒုက္ခသစ္စာ အနက် | .... | .... | ၂၀၅ |
| အထူး မှတ်သားချက် | .... | .... | ၂၀၅ |
| ဒုက္ခသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် | .... | .... | ၂၀၆ |
| ခန္ဓာ ၅-ပါး၌ ဒုက္ခသစ္စာ ဖြစ်ပုံ | .... | .... | ၂၀၇ |

အကြောင်းအရာ | စာမျက်နှာ

(ဒုက္ခသစ္စာဖြစ်ပုံ) တနည်းပြခြင်း .... .... ၂၀၇
သစ္စာ ၄-ပါး မြင်သိနည်း အမေးအဖြေ .... .... ၂၀၉
**သမုဒယသစ္စာအနက်** .... .... ၂၁၀
သမုဒယသစ္စာ၏ ဝိဂ္ဂြိုဟ်ဝစနတ္ထ .... .... ၂၁၁
သမုဒယသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် .... .... ၂၁၁
တဏှာကို မြင်တွေ့ရန် ခဲယဉ်းပုံ .... .... ၂၁၁
ဥဒါန်းအနက် .... .... ၂၁၂
ဥဒါန်းဟူသော အဓိပ္ပါယ် .... .... ၂၁၃
တဏှာမှထွက်၍ ဘဝအဆုံးသို့ရောက်အောင် ကျင့်နည်း .... ၂၁၃
ဘဝတဏှာမှ ထွက်ပုံ .... .... ၂၁၄
သောတာပတ္တိမဂ်သို့ ရောက်နည်း မိတ်ဆွေနှစ်ဦးတို့ အမေးအဖြေ.... ၂၁၄
နိရောဓသစ္စာအနက် .... .... ၂၁၅
ဒုက္ခနိရောဓ၏ ဝစနတ္ထ .... .... ၂၁၅
နိရောဓသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် .... .... ၂၁၆
**မဂ္ဂသစ္စာအနက်** .... .... ၂၁၈
မဂ္ဂသစ္စာ၏ ဝစနတ္ထ .... .... ၂၁၈
မဂ္ဂသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် .... .... ၂၁၉
မဂ်က ကိလေသာ ပယ်ပုံ .... .... ၂၁၉
မဂ္ဂဘာဝနာပွားနည်း .... .... ၂၁၉
မိမိသည် မဂ်ဖိုလ်နိဗ္ဗာန်ရပြီး ဟုတ်မဟုတ်မြင်သိနည်း.... .... ၂၂၀
**သစ္စဉာဏ် ၄-ပါးသည်** .... .... ၂၂၁
**သစ္စ ကိစ္စ ကတ ဉာဏ် ၁၂-ပါး** .... .... ၂၂၁
သစ္စာမြင်သိမှု၌ ကျက်မှတ်ရန် ဆောင်ပုဒ် .... .... ၂၂၂
(သစ္စာ ၄- ပါး မြင်သိပုံကို) အမေးအဖြေဖြင့် ပြခြင်း.... .... ၂၂၃
သုတ္တနိပါတ် ပါဠိတော်နည်း .... .... ၂၂၅
တနည်း သစ္စာ ၄- ပါး အမေးအဖြေ .... .... ၂၂၅

## နိယျာနိကမဂ္ဂကထာ မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သစ္စာ ၄-ပါး ဆောင်ပုဒ်နှင့် အဓိပ္ပါယ် | .... | .... | ၂၂၇ |
| သာသနာသုံးရပ် အဓိပ္ပါယ် | .... | .... | ၂၂၈ |
| သာသနာတည်သူ မည်ပုံ | .... | .... | ၂၂၈ |
| မဂ်သို့တက်နည်း | .... | .... | ၂၃၁ |
| တနည်း မဂ်သို့တက်ပုံ | .... | .... | ၂၃၁ |
| နှလုံးသွင်းပုံ | .... | .... | ၂၃၂ |
| မဂ်လေးပါး ကိလေသာပယ်စဉ် | .... | .... | ၂၃၃ |
| အာသဝေါ ကုန်အောင်ရှုနည်း | .... | .... | ၂၃၃ |
| အကျဉ်းဆုံးနည်းဖြင့် ရှုပုံ | .... | .... | ၂၃၄ |
| မဂ် ၄-ပါး ကိစ္စခြားနားပုံ | .... | .... | ၂၃၄ |
| မူလတရား ၂-ပါးချုပ်ပုံ | .... | .... | ၂၃၄ |


နိယျာနိကမဂ္ဂကထာ မာတိကာ ပြီးပြီ။

ဆခါတုမဂ္ဂကထာ

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ပဏာမ | .... | .... | ၂၃၉ |
| ခါတ်၏ အဓိပ္ပါယ် | .... | .... | ၂၃၉ |
| သတ္တဝါ အသက် လိပ်ပြာ မရှိပုံ | .... | .... | ၂၃၉ |
| မြေကြီး ၄-စင်း ခါတ်မင်း ၄-ဖြာ | .... | .... | ၂၄၂ |
| သစ္စာ ၄-ပါး မြင်သိပုံ | .... | .... | ၂၄၂ |
| ဒုက္ခ သမုဒယ မြင်သိပုံ | .... | .... | ၂၄၃ |
| နိရောဓ မဂ္ဂ မြင်သိပုံ | .... | .... | ၂၄၃ |
| "ဖြစ်လို့မှုကြောင့်" အစချီသော ကျက်မှတ်ဆင်ခြင်ရန်ကထာ | | .... | ၂၄၄ |
| သံဝေဂ ရလျက် မဂ်သို့တက်၍ နိဗ္ဗာန်ရပြီဟု သိနည်း | | .... | ၂၄၄ |
| 'ဖြစ်လျှင် ဒုက္ခ' အစချီသော ဆောင်ပုဒ်နှင့် အဓိပ္ပါယ် | | .... | ၂၄၅ |
| မိမိသည် နိဗ္ဗာန်ကို ရပြီဟု ဆုံးဖြတ်နည်း | .... | .... | ၂၄၅ |
| နိဗ္ဗာန်သို့ သွားနည်း ဝတ္ထု | .... | .... | ၂၄၆ |
| ကျမ်း၏ နိဂုံး | .... | .... | ၂၄၇ |


ဆခါတုမဂ္ဂကထာ မာတိကာ ပြီးပြီ။

မှတ်သားဖွယ်အကျွရာစဉ်များ –


| | | | |
|---|---|---|---|
| သစ္စဒီပကကထာ | .... | .... | ၂၄၈ |
| သောတာပတ္တိမဂ္ဂ ကထာ | .... | .... | ၂၅၂ |
| ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာ | .... | .... | ၂၅၅ |
| နိယျာနိကမဂ္ဂကထာ | .... | .... | ၂၅၉ |
| ဆခါတုမဂ္ဂကထာ | .... | .... | ၂၆၂ |
| အမောဃကာလနိဗ္ဗာနမဂ္ဂ ပဋိပတ္တိကျမ်း | .... | .... | ၂၆၃ |

အမေမာဃကာလနိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း

# မာတိကာ


| ခဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစကား .... .... .... .... .... | ၂၅၁ |
| ၂။ | နိဒါန်း .... .... .... .... .... | ၂၅၃ |
| ၃။ | သတ္တဝါတို့၏ ပကတိသဘောချင်းကို ပြခြင်း အကြောင်း.... | ၂၅၄ |
| ၄။ | နိဗ္ဗာန်ချမ်းသာ ဘုရားကို ပြခြင်း အကြောင်း.... .... | ၂၅၅ |
| ၅။ | သံသရာ၌ ကျင်လည်ရခြင်းဒုက္ခ အကြောင်းနှင့် သံသရာ၌ ကျင်လည်စေတတ်သော သမုဒယသစ္စာ အကြောင်း .... .... | ၂၅၅ |
| ၆။ | ကိလေသာတို့၏ ပူပင်နှိပ်စက်ခြင်းဟု ဆိုအပ်သော အဇ္ဈတ္တဘေးရန်သည် ဗဟိဒ္ဓရန်သူထက် ကြောက်လန့်ဖွယ် ရှိခြင်း အကြောင်း | ၂၅၈ |
| ၇။ | ကိလေသာတို့၏ ပူပန်ပုံ တိုက်ဖျက်နှိပ်စက်ပုံကို အမြွက်မျှပြပါအံ့ | ၂၅၉ |
| ၈။ | လိုရင်းကိစ္စကို ရွေးချယ်အပ်ကြောင်း.... .... .... | ၂၆၀ |
| ၉။ | လိုရင်း ဗဟုသုတအကြောင်း .... — .... | ၂၆၀ |
| ၁၀။ | ကုသိုလ်ပြုရာ အချိန်မရွေးသင့်ကြောင်း .... .... | ၂၆၁ |
| ၁၁။ | ကုသိုလ်ပြုခြင်း အဓိပ္ပာယ်.... .... .... .... | ၂၆၂ |
| ၁၂။ | လိုရင်းကိစ္စကို ပြီးစီးအောင် အားမထုတ်သူတို့မှာ သံသရာ၌ကျင်လည်ရသည့်အခါ အပါယ်ဘုံသို့ ကျမည်ကို အလွန်စိုးရိမ်ကြောင့်ကြဖွယ်ရှိသည်ကို ပြခြင်းအကြောင်း .... .... | ၂၆၅ |
| ၁၃။ | ကိလေသာကို ပယ်သတ်နိုင်ရန် လိုရင်းဗဟုသုတ အကြောင်း | ၂၆၇ |
| ၁၄။ | သတ္တဝါတို့သန္တာန်၌ ဟာကျာမာနဒိဋ္ဌိတို့သည် အုပ်စိုးခြင်း ပယ်သတ်ခြင်း အကြောင်း .... .... .... .... | ၂၆၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၅။ | အနုပဿနာဉာဏ်ကို မပွားမီ ရှေးဦးစွာ နှလုံးသွင်းရာသော အချက်များ အကြောင်း .... .... .... .... | ၂၇၁ |
| ၁၆။ | ရုပ်၏ အနိစ္စသဘောကို အမြွက်မျှ ပြခြင်းအကြောင်း .... | ၂၇၁ |
| ၁၇။ | နာမ်ကို ဝိပဿနာတင်ရန် ပြခြင်းအကြောင်း .... .... | ၂၇၄ |
| ၁၈။ | အထက်ပြဆိုခဲ့သော လိုချင်းကိစ္စကို ပြီးစေနိုင်သော လက်နက်သဖွယ်ဖြစ်သော လိုရင်းဗဟုသုတများကို ကျက်မှတ်ရန် ပြခြင်းအကြောင်း | ၂၇၇ |
| ၁၉။ | ကိလေသာတို့အား ပယ်သတ်ရန် အမြွက်မျှ ပြခြင်းအကြောင်း | ၂၈၂ |
| ၂၀။ | သင်္ခါရသုံးပါးတို့၏ အကျိုးအပြစ်အကြောင်း.... .... | ၂၈၅ |
| ၂၁။ | အာရုံတရားတို့ကို သိမ်းဆည်းရာအကြောင်း .... .... | ၂၈၈ |
| ၂၂။ | ၆၂-ပါးသော ဒိဋ္ဌိ အတိုကောက်လင်္ကာ .... .... | ၂၉၆ |
| ၂၃။ | ပဋိစ္စသမုပ္ပါဒ် သံခိပ်လင်္ကာ.... .... .... .... | ၂၉၇ |
| ၂၄။ | သင်္ခါရအကြောင်း .... .... .... .... | ၂၉၈ |
| ၂၅။ | ဝိညာဏ်အကြောင်း .... .... .... .... | ၃၀၀ |
| ၂၆။ | နာမ်ရုပ် အကြောင်း .... .... .... .... | ၃၀၁ |
| ၂၇။ | သဠာယတန အကြောင်း.... .... .... .... | ၃၁၁ |
| ၂၈။ | အဘယ်သည် သဠာယတန မည်သနည်း .... .... | ၃၀၂ |
| ၂၉။ | ဖဿ အကြောင်း.... .... .... .... .... | ၃၀၂ |
| ၃၀။ | အဘယ်သည် ဖဿ မည်သနည်း .... .... .... | ၃၀၂ |
| ၃၁။ | ဝေဒနာအကြောင်း .... .... .... .... | ၃၀၃ |
| ၃၂။ | တဏှာ အကြောင်း .... .... .... .... | ၃၀၃ |
| ၃၃။ | ဥပါဒါန်အကြောင်း .... .... .... .... | ၃၀၄ |
| ၃၄။ | ဘဝအကြောင်း .... .... .... .... | ၃၀၄ |
| ၃၅။ | သတ္တဝါတည်ရာ ဘုံ ၉-ပါး.... .... .... .... | ၃၀၆ |
| ၃၆။ | သညီ ၄-ရပ် အကြောင်း.... .... .... .... | ၃၁၆ |
| ၃၇။ | အဘယ်သည် ဇာတိမည်သနည်း .... .... .... | ၃၇၇ |
| ၃၈။ | တနည်း ဇာတိသုံးမျိုး အကြောင်း.... .... .... | ၃၀၇ |
| ၃၉။ | ဇရာအကြောင်း .... .... .... .... | ၃၀၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀။ | အဘယ်သည် မရဏမည်သနည်း .... .... .... | ၃၀၈ |
| ၄၁။ | အဘယ်သည် သောက မည်သနည်း .... .... .... | ၃၀၉ |
| ၄၂။ | ပရိဒေဝအကြောင်း .... .... .... .... | ၃၀၉ |
| ၄၃။ | ဒုက္ခအကြောင်း .... .... .... .... | ၃၀၉ |
| ၄၄။ | ဒေါမနဿအကြောင်း .... .... .... .... | ၃၀၉ |
| ၄၅။ | ဥပါယာသအကြောင်း .... .... .... .... | ၃၀၉ |
| ၄၆။ | သောက ပရိဒေဝ ဥပါယာသ ခြားနားပုံ .... .... | ၃၁၀ |
| ၄၇။ | အာသဝေါဟူသောအကြောင်းကြောင့်—<br>အဝိဇ္ဇာအကျိုးဖြစ်ကြောင်း .... .... .... | ၃၁၀ |
| ၄၈။ | မိစ္ဆာအမြင်ကို ပယ်ပစ်ခြင်းအကြောင်း .... .... | ၃၁၀ |
| ၄၉။ | ပဋိစ္စသမုပ္ပါဒ်၏ ၄-ပါးသောနက်နဲခြင်း .... .... | ၃၁၀ |
| ၅၀။ | မြို့ပြင်ကြီး ဆရာတော်ဘုရား၏ ပဋိစ္စလည်ပုံ—<br>ဝဋ်သုံးပါးအကြောင်း .... .... .... .... | ၃၁၂ |
| ၅၁။ | အစပ်သုံးပါးအကြောင်း .... .... .... .... | ၃၁၂ |
| ၅၂။ | ဇာတ်ကြီးဆယ်ဖွဲ့ ရေးသော လေသာတိုက် မင်းပူး<br>ခင်ကြီးဦးသြဘာသ၏ ပဋိစ္စသမုပ္ပါဒ်လည်ပုံ .... .... | ၃၁၃ |
| ၅၃။ | အခွန့်သုံးပါးအကြောင်း .... .... .... | ၃၁၃ |
| ၅၄။ | ဝဋ်သုံးပါးအကြောင်း .... .... .... | ၃၁၃ |
| ၅၅။ | လယ်တီဆရာတော်ဘုရား ပဋိစ္စလည်ပုံ ရှင်းမှာ— ....<br>ပဋ္ဌာန်သမ္ဘိဒါမဂ်ပါဠိတော်နည်းဖြင့် ပြကြောင်း .... .... | ၃၁၄ |
| ၅၆။ | ဝဋ်သုံးပါးလည်ပုံ .... .... .... .... | ၃၁၄ |
| ၅၇။ | ကာလသုံးပါးတွင် အင်္ဂါ ခုနစ်ပါးသာရသည်—<br>ဝိညာဏ် နာမ်ရုပ်စသော ငါးခုမပါရကား—<br>ပါကြောင်းကိုပြရန် .... .... .... .... | ၃၁၄ |
| ၅၈။ | အဝိဇ္ဇာဆိုလျှင် တဏှာ ဥပါဒါန်ပါကြောင်း—<br>တဏှာ ဥပါဒါန်ဆိုလျှင် အဝိဇ္ဇာပါကြောင်း—<br>သင်္ခါရဆိုလျှင် ဘဝပါသည်၊ဘဝဆိုလျှင်—<br>သင်္ခါရပါသည့်အကြောင်း .... .... .... | ၃၁၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | ပဋိစ္စသမုပ္ပါဒ်လည်ပုံတနည်း .... .... .... | ၃၁၅ |
| ၆၀။ | ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး အဓိပ္ပါယ် လင်္ကာ.... .... | ၃၁၆ |
| ၆၁။ | ဥဿျမ်ဟာရားငါးပါးအဓိပ္ပာယ် အကျဉ်းရုံးလင်္ကာ .... | ၃၁၇ |
| ၆၂။ | ဝိဟာရသုံးပါးအကြောင်း .... .... .... | ၃၁၇ |
| ၆၃။ | ဝိဝေကသုံးပါးအကြောင်း .... .... .... | ၃၁၈ |
| ၆၄။ | ဥပဓိ ၄-ပါးအကြောင်း .... .... .... | ၃၁၈ |
| ၆၅။ | ဒိဗ္ဗစက္ခုအဘိညာဏ်၏ စင်ကြယ်ကြောင်းဖြစ်သော—<br>အန္တရာယ်အရံဉာဏ်များအကြောင်း .... .... .... | ၃၁၈ |
| ၆၆။ | သဗ္ဗညုတဉာဏ်ကို ရခြင်းအကြောင်းရင်းမူလ—<br>ပကတူပနိဿယပစ္စည်းကို ပြခြင်းအကြောင်း | ၃-၉ |
| ၆၇။ | အာဟာရ ၄-ပါးတို့၏ ကိစ္စအကြောင်း .... .... | ၃၁၉ |
| ၆၈။ | နီဝရဏတရား ၅-ပါးကို ဈာန်အင်္ဂါ ၅-ပါးနှင့်<br>တွဲ၍ပယ်သတ်ပုံ .... .... | ၃၁၉ |
| ၆၉။ | သမ္မာဝါယာမ အင်္ဂါ ၄-ပါးအကြောင်း .... .... | ၃၁၉ |
| ၇၀။ | ကာမိဝိဓရဏဝိသုဒ္ဓိအကြောင်း .... .... .... | ၃၂၀ |
| ၇၁။ | ခန္ဓာငါးပါးတို့ကို သစ္စာဖွဲ့ပုံအကြောင်း .... .... | ၃၂၀ |
| ၇၂။ | ပရမတ္ထအားဖြင့်သူငါသွားလာခြင်း—<br>မရှိကြောင်းပြရာ ဥပမာလင်္ကာ .... .... .... | ၃၂၀ |
| ၇၃။ | ဝိစိကိစ္ဆာ ၈-ပါးအကြောင်း .... .... .... | ၃၂၁ |
| ၇၄။ | ၁၆-ပါးသော ယုံမှားခြင်းအကြောင်း.... .... .... | ၃၂၁ |
| ၇၅။ | သစ္စာ၄-ပါးတို့၏ သရုပ်အဓိပ္ပာယ်အကြောင်း .... .... | ၃၂၁ |
| ၇၆။ | သစ္စာ၄-ပါးကိုသိမြင်ခြင်း အဓိပ္ပာယ်အကြောင်း.... .... | ၃၂၂ |
| ၇၇။ | ဝိပဿနာဉာဏ် ၁၀-ပါးဖြစ်ပုံကို ပြခြင်းအကြောင်း .... | ၃၂၄ |
| ၇၈။ | ဝိပဿနာဉာဏ် ရင့်သန်သည့်အခါ ဖြစ်ပေါ်—<br>လာသောဉာဏ်များအကြောင်း .... .... .... | ၃၂၆ |
| ၇၉။ | ဆုတောင်း .... .... | ၃၂၇ |

မာတိကာပြီး၏။

# သစ္စဒီပကကထာ

## အဘိယာစက နိဒါန်းနှင့် ဥယျောဇဉ်များ

သက္ကရာဇ် ၁၃၁၁- ခုနှစ် ရန်ကုန်မြို့ ပြည်ထဲရေးဌာန အတွင်းဝန် ဦးချမ်းသာ မင်းကတော် ဒေါ်သစ်သစ်တို့က ဓမ္မစကြာတွင် လိုရင်းပါဌ်အနက်နှင့် အဓိပ္ပါယ်များကို လွယ်ကူစွာ မှတ်ယူနိုင်ခြင်းငှာ ရေးသားချီးမြှင့်တော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်ချက်အရ မင်းဘူးမြို့ ခတ်တော်ကုန်း၌ သီတင်းသုံးလျက်ရှိသော စတုသစ္စဒဇ္ဇိကမ္မကထာကို ရေးသား ပုံနှိပ် ထုတ်ဝေခဲ့သော ဘဒ္ဒန္တရေဝတ အမည်ရှိသော သစ္စဒီပက ဆရာတော်သည် လာဘ သက္ကာရ စသော နှလုံးသွင်းတို့ကို နှစ်စေလျက် မြတ်စွာဘုရားအလိုတော်အရ မေတ္တာပုဗ္ဗင်္ဂမဖြင့် သစ္စဒီပက အမည်ရှိသော ဤကျမ်းကို ရေးသားရပေသတည်း။

## သတိပြုရန်

သုတ္တန်ဒေသနာ ဓမ္မစကြာအရ သစ္စာမြင်သိနည်း မဂ်တက်နည်း, သတိပဋ္ဌာန်အရ အားထုတ်၍ သစ္စာမြင်သိနည်း မဂ်တက်နည်း, ဝိပဿနာဉာဏ် ၁၀- ပါး ဝိသုဒ္ဓိ ၇- ပါးဖြင့် သစ္စာမြင်သိနည်း စသည် နည်းအမျိုးမျိုး ရှိ၏၊ မိမိတို့စရိုက်နှင့်လျော်စွာ မဂ်တက်နည်း အားထုတ်သဖြင့် မဂ်ကိစ္စပြီးခြင်းသာလျှင် ပဓာနဖြစ်ကြောင်း သတိပေးလိုက်ရပေသည်။

## ဓမ္မဒါနပြုသူတို့၏ ဝမ်းမြောက်ဖွယ် ကထာ

သစ္စာလေးပါးကို နှုတ်ဖြင့် ပြောဟောသည်ဖြစ်စေ၊ ကျမ်းစာပုံနှိပ်၍ ပေးလှူသည်ဖြစ်စေ သိခါပတ္တဟူသော အထွတ်အထိပ်သို့ရောက်သော ဓမ္မဒါနမည်ပုံကို—

ဣမေ ဓမ္မာ အဘိညေယျာ၊ ဣမေ ပရိညေယျာ၊ ဣမေ ပဟာတဗ္ဗာ၊ ဣမေ သစ္ဆိကာတဗ္ဗာ၊ ဣမေ ဘာဝေတဗ္ဗာတိ သစ္စာနိ ဘာဝေန္တော အမတာဓိဂမာယ ပဋိပတ္တိံ ဓမ္မံ ဒေသေတိ၊ ဣဒံ သိခါပတ္တဓမ္မဒါနံ နာမ[၁]။

ဣမေ ဓမ္မာ၊ ဤဒုက္ခ သမုဒယ နိရောဓ မဂ္ဂဟူသော သစ္စာလေးပါးတို့သည်။ အဘိညေယျာ၊ ထူးသော မဂ်ဉာဏ်ဖြင့် သိအပ်သော တရားတို့သည်သာတည်း။

ဣမေ ဓမ္မာ၊ ဤဒုက္ခသစ္စာ တရားတို့သည်။ ပရိညေယျာ၊ ဇာတိပိ ဒုက္ခာ စသည်ဖြင့် ပိုင်းခြား၍ သိအပ်သော ကိစ္စရှိသော တရားတို့သည်သာတည်း။

ဣမေ ဓမ္မာ၊ ဤကာမတဏှာ ဘဝတဏှာ စသော သမုဒယသစ္စာတို့သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်သော ကိစ္စရှိသော တရားတို့သည်သာတည်း။

ဣမေ ဓမ္မာ၊ ဤဒုက္ခနိရောဓသစ္စာ နိဗ္ဗာန်တို့သည်။ မျက်မှောက်ပြုအပ်သော ကိစ္စရှိသော တရားတို့သည်သာတည်း။

ဣမေ ဓမ္မာ၊ ဤသမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးတို့သည်။ ဘာဝေတဗ္ဗာ၊ ပွားများအပ်သော ကိစ္စရှိသော တရားတို့သည်သာတည်း။

ဣတိ၊ ဤသို့။ သစ္စာနိ၊ သစ္စာတို့ကို။ ဘာဝေန္တော၊ သစ္စဉာဏ် ကိစ္စဉာဏ်နှင့် တကွ ထင်စွာပြလျက်။ အမတာဓိဂမာယ၊ သေခြင်းကင်းရာ နိဗ္ဗာန်ကိုရခြင်းငှာ။ ပဋိပတ္တိံ၊ ရောက်ကြောင်း မဂ်အကျင့်ဖြစ်သော။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ နှုတ်ဖြင့် ပြောဟော၍ တနည်း-ဒေသေတိ၊ ကျမ်းစာအုပ် ပြုလုပ်ပုံနှိပ်၍ ပေးလှူ ဟောပြ၏။ ဣဒံ၊ ဤသို့ ပေးလှူခြင်းသည်။ သိခါပတ္တဓမ္မဒါနံ နာမ၊ အထွတ်အထိပ်သို့ရောက်သော ဓမ္မဒါနမည်၏။ ဝါ အမြတ်ဆုံး ဓမ္မဒါနမည်၏။

ဓမ္မဒါန ပြုသူတို့၏ ဝမ်းမြောက်ဖွယ် ဓမ္မကထာ ပြီးပြီ။

---

၁။ ပဋိသံ အဋ္ဌကထာ၊ နှာ-၂၉၄-၅။

## နှုလုံးသွင်းရန် ဥဃျောဇဥ် အမေး အဖြေ

မေး။ ။သင်သည် အဘယ့်ကြောင့် ဒါန သီလ ဘာဝနာကို အားထုတ်ပါသနည်း။

ဖြေ။ ။ဇာတိ စသော ဒုက္ခ ချုပ်ငြိမ်းလိုသောကြောင့် အားထုတ်ပါသည်။ (ဤ၌ ဇာတိချုပ်လို၍ ဆိုသောစကားနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလို၍ ဆိုသော စကားအဓိပ္ပါယ် အတူတူပင်တည်း၊ ဇာတိချုပ်ခြင်းသည် အဇာတနိဗ္ဗာန် မည်၏၊ နိဗ္ဗာန်ကို လျှင်စွာ မြင်သိကြစေခြင်းငှါ အဇာတကို ပြရပေသတည်း။)

မေး။ ။ခန္ဓာဇာတိရှိလျှင် ဘယ်သို့အပြစ်ရှိပါသနည်း။

ဖြေ။ ။ခန္ဓာဇာတိရှိလျှင် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ အိုခြင်း နာခြင်း သေခြင်း ပူပန် ကြောင့်ကြရခြင်း အပါယ်လားတတ်ခြင်း စသော အပြစ်ဘေးတို့ ရှိကြပါသည်၊ ၎င်းအပြစ် ဘေးတို့ကို မြင်သိသောကြောင့် ဇာတိချုပ်လိုပါသည်။

မေး။ ။ဇာတိချုပ်လျှင် ဘယ်သို့ အကျိုးရှိပါသနည်း။

ဖြေ။ ။ဇာတိချုပ်လျှင် ထိုထိုအလုံးစုံသော ဒုက္ခတို့မှ ကင်းလွတ်ပါသည်၊ ထို့ကြောင့် ဇာတိချုပ်လိုပါသည်။

မေး။ ။ဖြစ်လိုသော ဆန္ဒဖြင့် ကောင်းမှုပြုလျှင် အဘယ်ကဲ့သို့သော အကျိုးကို ရပါမည်နည်း။

ဖြေ။ ။ဥပမာ–လူမင်း နတ်မင်း ဗြဟ္မာမင်း ဖြစ်လိုသဖြင့် ၎င်းနှင့်လျော်သော ကောင်းမှုပြုက ၎င်းနှင့်လျော်သော အကျိုးကို ရနိုင်ပါသည်။

မေး။ ။ဇာတိချုပ်လိုသော ဆန္ဒဖြင့် ဒါန သီလ ဘာဝနာ စသည်ကို ပြုက ဇာတိချုပ်ပါမည်လော။

ဖြေ။ ။မဖြစ်လိုသော အလောဘဖြင့် ကောင်းမှုပြုလျှင် "အလောဘောန ဇာတိဒုက္ခံ န ဟောတိ"ဟူသော အဋ္ဌသာလိနီပါဌ် နှာ ၁၇၁-အရ ဖြစ်မှုချုပ်ငြိမ်းသောအကျိုးကို ရပါသည်၊ ဝါ–အဇာတနိဗ္ဗာန်ကို ရနိုင်ပါသည်။

အဘိယာစကနိဒါန်းနှင့် ဥဃျောဇဥ်များ ပြီးပြီ။

ဤကျမ်း၏ နိဒါနကထာကို အဋ္ဌကထာအရ ပြပါအံ့–

(က) န စ သက္ကာ ကိဉ္စိ အဒိဋ္ဌာဒီနဝံ ပဟာတုံ[၁]။

အဒိဋ္ဌာဒီနဝံ၊ မမြင်အပ်သော အပြစ်ရှိသော။ ဝါ–ကာမတဏှာ ဘဝတဏှာ တို့ကြောင့် ဇာတိစသော ဒုက္ခဖြစ်သည့် အပါယ်သို့ ကျရောက်တတ်သည်ဟု မသိမမြင်အပ်သော အပြစ်အာဒီနဝရှိသော။ဝါ–အပြစ်ကိုမမြင်၍ ပြုအပ်သော။ ကိဉ္စိ၊ တစုံတခုသော ဒုစရိုက်ကို။ဝါ–ကာမတဏှာ စသည်ကို။ ပဟာတုံ၊ပယ်အံ့ သောငှါ။ န သက္ကာ၊ မတတ်ကောင်း။ဝါ၊ ပယ်လိုသောစိတ် ဖြစ်မည် မဟုတ်။

၁။ ဥပမာအားဖြင့်ဆိုရလျှင် ဇာတိ ဒုက္ခံ[၂]·ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိအရ ဇာတိရှိက ဇရာ မရဏစသော ဒုက္ခကို မသိမမြင်လျှင် အဘယ်မှာလျှင် ဇာတိ ချုပ်ငြိမ်းလိုသောစိတ် ဖြစ်နိုင်တော့မလဲ။

၂။ ယင်းသို့ ဇာတိချုပ်လိုသောစိတ်မှ မဖြစ်လျှင် အဘယ်မှာလျှင် ဇာတိ စသော ဒုက္ခတို့မှ ကင်းလွတ်ခြင်းငှါ အားထုတ်တော့မလဲ။

၃။ ယင်းသို့ အားထုတ်မှုမရှိလျှင် အဘယ်မှာလျှင် ဇာတိကန္တာရ ဇရာ-ကန္တာရ မရဏကန္တာရတို့မှ လွန်မြောက်နိုင်တော့မလဲ။

ဒုက္ခမှ မလွတ်ပုံ အခိပ္ပါယ် ပြီးပြီ။

---

၁။ ဝိသုဒ္ဓိမဂ် ပ-၀၃၂၊ နှာ ၂၇၇။ ၂။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၈၃၊၅၇။

### (ခ) အဝိဒိတာနိသံသံ ဝါ အဓိဂန္တုံ။[၁]

အဝိဒိတာနိသံသံ၊ မသိအပ်သော အကျိုးအာနိသင်ရှိသော။ဝါ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ စသော မဂ်အကျင့်ကို ကျင့်က မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်၏ဟု မမြင်မသိအပ်သော အကျိုးအာနိသင် ရှိသော။ဝါ၊အကျိုးကိုမမြင်၍ ပူအပ်သော။ ကိဋ္ဌိ၊ တစုံတခုသောကောင်းမှုကို။ ဝါ၊ မဂ်အကျင့်ကို။ အဓိဂန္တုံ ဝါ၊ အားထုတ်ခြင်းငှါလည်း။ န သက္ကာ၊ မတတ် ကောင်း။ ဝါ၊ အားထုတ်လိုသောစိတ် ဖြစ်မည်မဟုတ်။

အဇာတိ သုခံ ဟူသော ပဋိသန္ဓိဒါမဂ်ပါဠိအရ ဇာတိချုပ်မှ နိဗ္ဗာနသုခ-ဟု မြင်သိလျှင် အဘယ်မှာလျှင် မဂ်အကျင့်ကို မကျင့်ပဲ ရှိတော့အံ့နည်း၊ မဂ် အကျင့်အား ကျင့်ခဲ့လျှင် အဘယ်မှာလျှင် အဇာတိ သုခံဟူသောပါဠိအရ ဇာတိ ချုပ်သော နိဗ္ဗာနသုခကို မရပဲ ရှိနိုင်တော့အံ့နည်း။

ဒုက္ခမှ လွတ်ပုံ အဓိပ္ပါယ် ပြီး၏။

ထို့ကြောင့် အကျိုး အပြစ်ကို သိစေတတ်သော ဗဟုသုတရှိရန် အရေး ကြီး၏။ သို့မှသာလျှင် အကျိုးမရှိမှုကို ရှောင်ကြဉ်၍ အကျိုးရှိမှုကို အားထုတ် လိုသောစိတ် ဖြစ်နိုင်မည် ဟူလို၊ ထိုထို ဗဟုသုတတို့တွင်လည်း သစ္စာ ၄-ပါးကို အတ္ထ ဓမ္မ အကျိုးအကြောင်းတို့ဖြင့် ဝေဖန်နိုင်သော ဗဟုသုတသည် အရေး ကြီး၏။

ထို့ကြောင့် ဓမ္မစကြာ၌ ဟောတော်မူသော သစ္စာ ၄-ပါးကို အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါဖြင့် ခွဲဝေဖန်၍ သစ္စဒီပကကထာ ဟူသောအမည်ဖြင့် ပြပေအံ့၊ အသင့်နှလုံးသွင်းဖြင့် သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်းကို လျှင်စွာပယ်ဖျောက် နိုင်သည် ဖြစ်၍ သောတာပန် စသည် တည်နိုင်ကြပါစေကုန်သော်။

ကျမ်းဦး နိဒါန်း ပြီးပြီ။

---

၁။ ဝိသုဒ္ဓိမဂ် ဖ-တွဲ၊ နှာ ၂၀၅။

# သစ္စဒီပကကထာ

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ပဏာမ**

ရတနတ္တယံ အဟံ ဝန္ဒာမိ။

ရတနတ္တယံ၊ ရတနာသုံးပါးအပေါင်းကို။ အဟံ၊ အကျွန်ုပ် ဘဒ္ဒန္တ ရေဝတ အမည်ရှိသော သစ္စဒီပက မထေရ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

**သစ္စာလေးပါး**

သစ္စာ ၄-ပါးဟူသည် အဘယ်သို့ပါနည်း။

မဟာဝဂ် သံယုတ် စာမျက်နှာ-၃၆၉ ဓမ္မစကြာ ပါဠိတော်၌—

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ။ဒုက္ခသစ္စာ ပြီးပြီ။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ, ဘဝတဏှာ,ဝိဘဝတဏှာ။ ။သမုဒယသစ္စာ ပြီးပြီ။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာ-ယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ ။နိရောဓသစ္စာ ပြီးပြီ။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ,သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ။ ။မဂ္ဂသစ္စာ ပြီးပြီ။

**၁။ ဒုက္ခသစ္စာ အနက်။** ။ဘိက္ခဝေ၊ရဟန်းတို့။ဇာတိပိ၊ပဋိသန္ဓေနေရခြင်းသည်လည်း။ဒုက္ခာ၊ဆင်းရဲ၏။ဇရာပိ၊ဆိုးရွားဟောင်းမြင်းအိုမင်းရခြင်းသည်လည်း။ ဒုက္ခာ၊ဆင်းရဲ၏။ ဗျာဓိပိ၊ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ဆင်းရဲ၏။မရဏမ္ပိ၊ သေရခြင်းသည်လည်း။ဒုက္ခံ၊ ဆင်းရဲ၏။အပ္ပိယေဟိ၊ မချစ်မနှစ်လိုအပ်သော ဝေရီသတ္တဝါ သင်္ခါရ ရူပ သဒ္ဒ စသော အာရုံတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းဖော် တွေ့ဆုံရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါ သင်္ခါရ ပိယပုဂ္ဂိုလ်တို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ယမ္ပိစ္ဆံ၊ အကြင် ပဋိသန္ဓေနေရခြင်း အိုခြင်း နာခြင်း သေခြင်း ပူပန်ကြောင့်ကြခြင်း စသော သဘောတရားတို့ ငါ့အား မဖြစ်ပါမူကား ကောင်းလေစွ စသည်ဖြင့် တောင့်တအပ်သည်ကိုလည်း။ န လဘတိ၊ မရ။ တမ္ပိ၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ၏ ရှိနေခြင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤဇာတိဒုက္ခစသော တရားသဘောသည်သာလျှင်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

ဤ ဒုက္ခမျိုးနှင့် တွေ့ကြုံပုံမှာ တကမ္ဘာအတွင်းမှာပင် မရေမတွက်နိုင်၊ ခံခဲ့ရသော ကမ္ဘာပေါင်းကိုလည်း ပရေမတွက်နိုင်။ ထို့ကြောင့် အကျဉ်းအားဖြင့် မှတ်ရန် “ဥပ္ပါဒေါ ဒုက္ခံ၊ ဥပ္ပါဒေါ ဘယံ၊ ဇာတိ ဒုက္ခံ[၁]” စသည်ကို ရှု၍ ဖြစ်ခြင်းကင်းသော အနုပ္ပါဒ အဇာတ နိဗ္ဗာန်သို့ ရောက်အောင် အားထုတ်သင့်ကြပေသည်ဟူလို။ သတိပြုရန် ပရမတ္ထသစ္စာအားဖြင့် ဒုက္ခသစ္စာသာ ရှိ၏၊ ပုဂ္ဂိုလ် သတ္တဝါ မရှိပေ၊ ပုဂ္ဂိုလ် သတ္တဝါကား ပညတ်မျှသာ ဟူလို။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃။

## ဒုက္ခသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်

ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တာပနရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ[၁]။

ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာသည်။ ဗာဓနလက္ခဏံ၊ ညှဉ်းပန်းနှိပ်စက်ခြင်း လက္ခဏာ ရှိ၏။ သန္တာပနရသံ၊ ပူပန်ခြင်းကိစ္စ ရှိ၏။ ပဝတ္တိပစ္စုပဋ္ဌာနံ၊ ဇာတိ စသည် ဖြစ်ခြင်းရှိသောကြောင့်ဟု ဉာဏ်အား ရှေးရှုထင်၏။

ဤ၌ ဒုက္ခဟူသည် ဖြစ်မှုရှိသောကြောင့်-ဟု ပြ၏၊ ဖြစ်မှုမရှိလျှင် ဒုက္ခမရှိ ဟူလို။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ တဏှာပယ်မှုကိစ္စ ရှိ၏၊ ထိုတဏှာကို ပယ်လိုက မိမိခန္ဓာ ဇာတိစသော ဒုက္ခတို့ကို ရှုအပ်၏။ ဒုက္ခမြင်သိ **တဏှာကွာ နိရောဓသို့သာ ညွှတ်သည်မဂ်စိတ်** ဟူသော ကထာအရ ဇာတိ စသည်တို့ကို ဒုက္ခဟု မြင်သိသောကြောင့် ဇာတိနိရောဓ နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ်ဖြင့် တဏှာကို ချုပ်စေရကား လိုရင်း မဂ်ကိစ္စ ပြီးလေတော့၏။

ထို့ကြောင့် ထို ဒုက္ခတို့ကိုပင် ရှေးဦးစွာ မရှုပဲ တခြားထွေထွေရာရာတွေ တို့ကို ရှု၍နေက သံဝေဂမရ ကိစ္စမပြီး အချည်းနှီး အချိန်ကုန်တတ်၏၊ ပဉ္စဝဂ္ဂီ ၅-ဦးတို့သည် ထိုဒုက္ခတို့ကိုမြင်သိသော သံဝေဂကြောင့် တဏှာပယ်မှုနှင့်တကွ မဂ်ကိစ္စပြီး၍ သောတာပန် တည်ကြပါသည်၊ ထို့ကြောင့် ထို ဒုက္ခတို့ကို ရှေးဦး ရှုကြပါ ဟူလို။

## ခန္ဓာငါးပါးကို ပြခြင်း

**ရုပ်တရား**။ ။ပဥ္စုပါဒါနက္ခန္ဓာဟူ၍ ဟောတော်မူသောကြောင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာ ငါးပါးကို သိခြင်းငှါ ပြဦးအံ့—

ဆံပင်စသော ပထဝီ ဓာတ်-၂၀၊ သည်းခြေ စသော အာပေါ ဓာတ်-၁၂၊ သန္တပ္ပန စသော တေဇော ဓာတ်-၄၊ ဥဒ္ဓင်္ဂမ စသော ဝါယော ဓာတ်-၆၊ ပေါင်း ၄၂-ကောဋ္ဌာသနှင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယတို့သည် ရုပ် မည်၏။ ‘ရူပံ အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ’

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ ၁၂၆။

ဟူသော ပါဠိအရ ရုပ်၌ သိတတ် မှတ်တတ် စေ့ဆော်တတ်သော သဘော မရှိပေ။

ရုပ္ပနလက္ခဏံ ရူပံ ဟူသော ပါဠိအရ ရုပ်သည် အချမ်း အပူ စသည်ကြောင့် ဖောက်ပြန်တတ်၏၊ ရုပ်သည် လက်သမားစိမ်ရာ ခံရသော စူး ဆောက် ကိရိယာကဲ့သို့ နာမ်စိမ်ရာ ခံရ၏။ ။ရုပ်အဓိပ္ပါယ် ပြီး၏။

**နာမ်ခန္ဓာ ၄-ပါး။** ။'နမနလက္ခဏံ နာမံ' ဟူသော ပါဠိအရ အာရုံကို ညွတ်သိတတ်သောကြောင့် နာမ် မည်၏၊ နာမ်ခန္ဓာ ၄-ပါးရှိ၏။ သုခ ဒုက္ခ ဥပေက္ခာအားဖြင့် ခံစားတတ်သောကြောင့် ဝေဒနာက္ခန္ဓာ မည်၏၊ အာရုံကို အမှတ်ပြု၍ သိတတ်သောကြောင့် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာ မည်၏၊ 'အဘိသင်္ခရောန္တီတိ သင်္ခါရာ' ဟူသော ပါဠိအရ ကုသိုလ် အကုသိုလ်အားဖြင့် ပြုပြင်တတ်သောကြောင့် သင်္ခါရက္ခန္ဓာတို့ မည်၏။ ထို သင်္ခါရက္ခန္ဓာ ၅၀-တို့တွင် လောဘ ဒေါသ မောဟ အကုသိုလ်ဟိတ် ၃-ပါးသည် အကုသိုလ်ကိုဖြစ်စေ၏၊ အပါယ်သို့ချ၏၊ အလောဘ အဒေါသ အမောဟ ဟူသော ကုသိုလ်ဟိတ် ၃-ပါးသည် ကောင်းမှုကို ဖြစ်စေတတ်၏၊ လူနတ်ဗြဟ္မာချမ်းသာကို ရစေတတ်၏။

**စိတ်တန်ခိုး။** ။'စိတ္တံ ဝိညာဏက္ခန္ဓော' ဟူသော ပါဠိအရ စိတ် ၈၉-သည် ဝိညာဏက္ခန္ဓာ မည်၏၊ 'ဝိဇာနနလက္ခဏံ ဝိညာဏံ' ဟူသော ပါဠိအရ အာရုံကို သိတတ်သောကြောင့် စိတ်မည်၏၊ 'မနောပုဗ္ဗင်္ဂမာ ဓမ္မာ' ဟူ၍ စိတ်ကို အကြီး အမှူးပြု၍ ဟောသည့်အရာ၌—

"စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမနွဂူ"—

ဟူသော ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ ထုတ်ပြသော သဂါထာဝဂ် သံယုတ်ပါဠိနှာ ၃၆-အရ—

လောကော၊ သတ္တလောကကို။ စိတ္တေန၊စိတ်ဖြင့်။ နီယတိ၊ ဆောင်အပ်၏။ လောကော၊လောကကို။ စိတ္တေန၊ စိတ်ဖြင့်။ ပရိကဿတိ၊ ဆွဲငင်၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊တခုသောတရား၏။ ဝသံ၊အလိုသို့။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်သော လူနတ်ဗြဟ္မာတို့သည်။ အနွဂူ၊ အစဉ်လိုက်ရကုန်၏။

ထိုစိတ်ကို မဂ်အကျင့်ဖြင့် ကောင်းစွာ ဆုံးမနိုင်ခဲ့လျှင်လည်း မဂ်ဖိုလ် စသော ကြီးစွာသော အကျိုးကို ရနိုင်ပုံကို ကောက်တွဲရပါဦး နှာ-၆ ၌—

စိတ္တံ ဘိက္ခဝေ ဒန္တံ ဂုတ္တံ ရက္ခိတံ မဟတော အတ္ထာယ သံဝတ္တတိ– ဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝါ၊ သူတော်ကောင်းတို့။ ဒန္တံ၊ ယဉ်ကျေးသော။ ဂုတ္တံ၊ လုံခြုံသော။ ရက္ခိတံ၊ ရာဂ ဒေါသ စသည်တို့ မကျမရောက် ရအောင် ကောင်းစွာ စောင့်ရှောက်သော။ စိတ္တံ၊ စိတ်သည်။ မဟတော၊ ကြီးစွာသော။ အတ္ထာယ၊ မဂ်ဖိုလ် နိဗ္ဗာန် အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

အခိပ္ပါယ်....စိတ်ဖောက်ပြန်မှု ဟူသော စိတ္တဝိပလ္လာသသို့ မကျ မရောက်ရန် ကောင်းစွာ စောင့်ရှောက်နိုင်ပါက စိတ်တပါးတည်းနှင့်ပင် မဂ်ဖိုလ်ရနိုင်၏ဟူလို။

ထိုစိတ် စေတသိက် ရုပ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ပါရှိနေသော ကြောင့် "ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ" ဟု ဟောတော်မူ၏ ဟူလို။

## ဒုက္ခသစ္စာကို မြင်သိက သက္ကာယဒိဋ္ဌိ ချုပ်ရပုံ

ဝိသုဒ္ဓိမဂ်၌—

ဒုက္ခဉာဏံ ပရိယုဋ္ဌာနာဘိဘဝနဝသေန ပဝတ္တမာနံ သက္ကာယဒိဋ္ဌိံ[1] နိဝတ္တေတိ၊ ကသ္မာ၊ သုဒ္ဓသင်္ခါရပုဉ္ဇမတ္တဒဿနတော[2]။

ဒုက္ခဉာဏံ၊ ဒုက္ခသစ္စာကို သိသောဉာဏ်သည်။ ပရိယုဋ္ဌာနာဘိဘဝနဝသေန၊ ဒိဋ္ဌိစသော ကိလေသာတို့ ထိုးကျင့် နှိပ်စက်ခြင်း အစွမ်းကြောင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ဝါ၊ငါ့ကိုယ်ရှိ၏ဟု ယူသောအယူကို။ နိဝတ္တေတိ၊ နစ်စေ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သုဒ္ဓသင်္ခါရပုဉ္ဇမတ္တဒဿနတော၊ ပုဂ္ဂိုလ်သတ္တဝါနှင့် မရောမယှက် သက်သက်သော သင်္ခါရဒုက္ခ အစုအပုံ၏အဖြစ်မျှကို မြင်သိသည်၏အဖြစ်ကြောင့်တည်း။ ။ဒုက္ခသစ္စာ ပြီးပြီ။

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၄၂။ ၂။ မဟာဋီကာ ဒု-တွဲ၊ နှာ-၂၁၇။

**၂။ သမုဒယသစ္စာ အနက်။** ။ဘိက္ခဝေ၊ တို့။ ယာယံ တဏှာ၊ အကြင်လောဘ သည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝသစ်၌ ဖြစ်သည်ဖြစ်၍ ဖြစ်လေ့ရှိ၏။ နန္ဒိရာဂသဟဂတာ၊ တပ်ခြင်း နှစ်သက်ခြင်းနှင့် တကွ ဖြစ်သည်ဖြစ်၍ ဖြစ်လေ့ရှိ၏။ တတြ တတြ၊ ထိုထိုကိုယ်၏အဖြစ် ထိုထိုအာရုံတို့၌။ အဘိနန္ဒိနီ၊ အလွန် နှစ်သက်ခြင်း တပ်ခြင်းဖြစ်၍ ဖြစ်၏။ ဣဒံ သော တဏှာ၊ ဤတဏှာသည်။ သေယျထာ-ကတမာ၊ အဘယ်နည်း။ ကာမတဏှာ၊ ရူပါရုံ စသော ကာမဝတ္ထုကို တပ်တတ်သော တဏှာသည်၎င်း။ ဘဝတဏှာ၊ သတ္တဝါ သည် မြဲ၏ဟု ယူသော သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ဘဝတဏှာသည်၎င်း။ ဝိဘဝတဏှာ၊ သတ္တဝါသေလျှင် ပြတ်၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော ဝိဘဝတဏှာသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒံ ခေါ ပန မမ္ဗဇာတံ၊ ဤတဏှာ ဟူသော တရားသဘောသည်သာလျှင်။ ဒုက္ခသမုဒယံ၊ ဒုက္ခ ဖြစ်ကြောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## သမုဒယသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

ပဘဝလက္ခဏံ သမုဒယသစ္စံ၊ ဒုက္ခအနုဗန္ဓနရသံ၊ အုပတိတ္ထိပစ္စုပဋ္ဌာနံ။

သမုဒယသစ္စံ၊ သည်။ ပဘဝလက္ခဏံ၊ ဒုက္ခ၏အမွန်အစဟူသော လက္ခဏာ ရှိ၏။ ဒုက္ခအနုဗန္ဓနရသံ၊ ဒုက္ခကိုအစဉ်ဖွဲ့စပ်ခြင်းကိစ္စရှိ၏။ အုပတိတ္ထိပစ္စုပဋ္ဌာနံ၊ မရောင့်ရဲနိုင်သော တရားဟူ၍ ဉာဏ်အားရှေးရှုထင်၏။

**သတိပြုရန်အချက်။** ။သတိပြုရန် အရေးအကြီးဆုံးအချက်ကား တဏှာ သမုဒယကြောင့် ဇာတိစသော ဒုက္ခတို့ဖြစ်၏ဟု မသိလျှင် ဇာတိချုပ်သော အဇာတနိဗ္ဗာန်ရှိမှ ရှိပါလေ၏လောဟု ယုံမှားတတ်၏၊ ထိုသို့ ယုံမှားက မဂ်ကိုမရနိုင်၊ သမုဒယကြောင့်သာလျှင် ဒုက္ခဖြစ်၏ဟု မြင်သိက နိဗ္ဗာန်ရှိမှု၌ ယုံမှားကင်းသဖြင့် မဂ်သို့တက်နိုင်၏၊ အဘယ့်ကြောင့်ဆိုသော် သမုဒယချုပ်က ဇာတိချုပ်ရ၏ဟု ဇာတိနိရောဓနိဗ္ဗာန်ကို သိမြင်နိုင်သော ကြောင့် ဟူလို။ ။သမုဒယသစ္စာ ပြီးပြီ။

**၃။ နိရောဓသစ္စာအနက်၊** ။ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထို ကာမတဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြင် အကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော စာဂေါ၊ အကြင်စွန့်ရာ

ဖြစ်သော နိဗ္ဗာန်သည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြင်ဝေးစွာစွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယာ မုတ္တိ၊ အကြင်လွတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြင် ကပ်ငြိခြင်းကင်းရာဖြစ်သော အသင်္ခတနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ ခမ္မဇာတံ၊ ဤနိဗ္ဗာန်ဟူသော တရားသဘောသည်သာလျှင်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## နိရောဓသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်

သန္တိလက္ခဏံ နိဗ္ဗာနံ နိဝတ္တိလက္ခဏံ ဝါ အသင်္ခတလက္ခဏံ ဝါ၊ အစ္စုတိရသံ အဿာသကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ[၁]။

နိဗ္ဗာနံ၊ သည်။ သန္တိလက္ခဏံ၊ ရာဂစသော မီး ၁၁-ပါးတို့ အေးငြိမ်းခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ နိဝတ္တိလက္ခဏံ၊ ဇာတိ စသော ဒုက္ခဝဋ်တို့၏ ဆုတ်နစ်ချုပ်ပြတ် ငြိမ်းစဲခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အသင်္ခတလက္ခဏံ၊ ဥပါဒ် ဌီ ဘင် ကင်းသော အသင်္ခတလက္ခဏာရှိ၏။ အစ္စုတိရသံ၊ မရွေ့ခြင်းကိစ္စရှိ၏။ ဝါ၊ တနည်းကား။ အဿာသကရဏရသံ၊ သံသရာဘေးကို ထိတ်လန့်ငြီးငွေ့သော သူတို့၏စိတ်ကို သက်သာရာ ရစေခြင်း ကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ခန္ဓာနိမိတ်ကင်းသော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။

အဓိပ္ပါယ်ကား–နိဗ္ဗာန်ဟူသည် ဒုက္ခနိရောဓပင်တည်း၊ ဒုက္ခနိရောဓ ဟူသည် တဏှာအကြွင်းမဲ့ ချုပ်ခြင်းပင်တည်း၊ ဝါ-ချုပ်ရာပင်တည်း၊ တဏှာအကြွင်းမဲ့ ချုပ်ရာဟူသည် ခန္ဓာမရှိသော အနိမိတ္တပင်တည်း၊ ဝါ-ခန္ဓာဇာတိဖြစ်ခြင်း မရှိသော အနုပ္ပါဒ အဇာတပင်တည်း၊ ဝါ-ဥပါဒ် ဌီ ဘင် ကင်းသော အသင်္ခတ ပင်တည်း။

တဏှာ ဟူသည် ခန္ဓာနိမိတ်ရှိသော သင်္ခါရ နာမ်ရုပ်၌သာ တည်၏၊ ဝါ-ခင်တွယ်မှု ဖြစ်၏၊ သင်္ခါရနိမိတ်ကင်းသော ဝါ-မရှိသော အဇာတ အနုပ္ပါဒ အသင်္ခတကို တဏှာခင်တွယ်မှု မဖြစ်၊ တပ်မက်မောခြင်း မဖြစ်။ ဥပမာ – ဘာမှ မရှိသော အာကာသကောင်းကင် လေဟာပြင်ကို တဏှာခင်တွယ် တပ်မက်မှု

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၂၆၊ ၁၃၉။ သမ္မောဟဝိနောဒနီ၊ နှာ-၇၉။

မဖြစ်သကဲ့သို့ ထိုအတူ ရုပ်နာမ်ခန္ဓာ ဖြစ်ခြင်းမရှိသော အနုပ္ပါဒ အာ၀တ္တနိဗ္ဗာန်၌ တဏှာက အာရုံမပြု၊ ခင်တွယ်မှုမဖြစ်၊ ထို့ကြောင့် ခန္ဓာနိမိတ်ကင်းသော နိဗ္ဗာန်သည် တဏှာ၏ အကြွင်းမဲ့ တပ်ခြင်းကင်းရာဌာနလည်း ဟုတ်၏၊ စွန့်ရာလည်း ဟုတ်၏၊ ဝေးစွာစွန့်ရာလည်း ဟုတ်၏၊ ကပ်ငြိခြင်း ကင်းရာလည်း ဟုတ်၏၊ ထိုတဏှာကင်းသော အနုပ္ပါဒ, အပဝတ္တ, အနိမိတ္တ, အဇာတ, အသင်္ခတသည်ပင်လျှင် အရိယာတို့ သိအပ်သော ဒုက္ခနိရောဓအရိယသစ္စာမည်၏။ ။နိရောဓသစ္စာပြီးပြီ။

**၄။ မဂ္ဂသစ္စာအနက်။** ။ဘိက္ခဝေ၊တို့။အရိယော၊မြတ်သော။ဝါ၊ဖြူစင်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်ပင်လျှင်။အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဣဒံ မဂ္ဂင်္ဂံ၊ ဤ မဂ္ဂင်သည်။ သေယျထာ ကတမံ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။ ဝါ၊ သစ္စာ ၄-ပါးကို မြင်သိခြင်း။ သမ္မာသင်္ကပ္ပေါ၊ ဝဋ်မှလွတ်မြောက်ရန် ကောင်းစွာ ကြံခြင်း။ သမ္မာဝါစာ၊ ဝစီဒုစရိုက် ၄-ပါးကို ကြဉ်ခြင်း။ ဝါ၊ ကောင်းစွာ ဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းသော အမှုကိုပြုခြင်း။ ဝါ၊ ကာယဒုစရိုက် ၃-ပါးကို ကြဉ်ခြင်း။ သမ္မာ-အာဇီဝေါ၊ ကောင်းသော အသက်မွေးခြင်း။ သမ္မာဝါယာမော၊ ကောင်းသော အားထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။ သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။ ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤ မဂ္ဂင်ရှစ်ပါးတရားသဘောသည်သာလျှင်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခချုပ်ရာ ဝါ-ဇာတိချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## မဂ္ဂသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပဟာနရသံ၊ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ[၁]။

မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာသည်။ နိယျာနလက္ခဏံ၊ သံသရာဝဋ်မှ ထုတ်ဆောင်ခြင်း လက္ခဏာရှိ၏။ ကိလေသပဟာနရသံ၊ ရာဂ ဒေါသ မောဟစသော ကိလေသာကို ပယ်သတ်ခြင်းကိစ္စရှိ၏။ဝုဋ္ဌာနပစ္စုပဋ္ဌာနံ၊ဝဋ်မှ ထမြောက်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

မဂ်သည် ကိလေသာကို ပယ်သတ်၏ဟူရာ၌ အဝိဇ္ဇာယ်ကား-တဏှာသမု-ဒယကြောင့် ဇာတိဒုက္ခဖြစ်၏ဟု မြင်သိမှုပင်တည်း၊ ထိုသို့ မြင်သိသည်ရှိသော်

---

၁။ ဝိသုဒ္ဓိမဂ် ဒု-ဘွဲ၊ နှာ-၁၂၆။

ရှေးက မမြင် မသိသော အဝိဇ္ဇာချုပ်၏၊ ဒိဋ္ဌိဝိစိကိစ္ဆာချုပ်၏၊ ထိုသို့ ချုပ်ခြင်း ကိစ္စပြီးသည်ကိုပင်လျှင် မဂ်သည် ကိလေသာကို ပယ်သတ်သည် မည်၏ ဟူလို။ ပြဆိုခဲ့သော သစ္စာ ၄-ပါး ပါဠိအနက် နှုတ်ရဆောင်၍ စဉ်းစားဆင်ခြင်ကြစေလို ပါသည်။

မဂ္ဂသစ္စာကား ပွါးအပ်သော တရားဖြစ်၏၊ ထိုမဂ္ဂသစ္စာပွါးမှုဟူသည် ပြခဲ့ပြီး သော မဂ္ဂသစ္စာအပိုဒ်၌ ပါရှိသော သရုပ် သင်္ချာမျိုးအရ ကောင်းစွာ ပြည့်စုံ စေမှုပင်တည်း။

## မဂ္ဂင်ရှစ်ပါးအဓိပ္ပါယ်

ထိုမဂ္ဂင်ရှစ်ပါး၏ အဓိပ္ပါယ်ကိုလည်း အကျယ် ဝေဖန်အပ်၏။ ထို့ကြောင့် ဝေဖန်၍ ပြဦးအံ့ -

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ၊ ဤကား မဂ္ဂင်ရှစ်ပါး သရုပ်တည်း။

အထူးမှတ်ရန်မှာ သစ္စာ ၄-ပါး ပွါးများခဲ့လျှင် မဂ္ဂင်ရှစ်ပါး ပွါးများခြင်း ကိစ္စ အလုံးစုံပြီး၏ ဟူလို။

**၁။ သမ္မာဒိဋ္ဌိ။** ။တတ္ထ ကတမာ သမ္မာဒိဋ္ဌိ၊ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ[၁]။

အဓိပ္ပါယ်မှာ ဇာတိပိ ဒုက္ခာ စသည်ဖြင့် ဒုက္ခသစ္စာကို သိခြင်း၊ ကာမတဏှာ ဘဝတဏှာစသည်ဖြင့် ဇာတိစသော ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုသိခြင်း၊ ဇာတိစသော ဒုက္ခချုပ်ရာ နိရောဓသစ္စာနိဗ္ဗာန်ကိုသိခြင်း၊ ဒုက္ခချုပ်ကြောင်းမဂ် အကျင့်ကို သိမြင်ခြင်းတို့သည် သမ္မာဒိဋ္ဌိမည်၏။

ထိုသမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်၏ ဆန့်ကျင်ဘက် အဝိဇ္ဇာကိုလည်း သိသင့်၏၊ ထို့ကြောင့် ပြဦးအံ့ —

---

၁။ ဝိဘင်းပါဠိ၊ နှာ-၁၁၀။

တတ္ထ ကတမာ အဝိဇ္ဇာ၊ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ။ အယံ ဝုစ္စတိ အဝိဇ္ဇာ [၁]။

အဓိပ္ပါယ်မှာ သမ္မာဒိဋ္ဌိ၌ ပြဆိုခဲ့သော သစ္စာ ၄-ပါး မသိမှုပင်တည်း၊ သမ္မာဒိဋ္ဌိဉာဏ်ကိုရလျှင် အဝိဇ္ဇာသယ်မှု ကိစ္စပြီး၏၊ မီးရောင်ရောက်က မှောင်ပျောက်ရ သကဲ့သို့ ပေတည်း။

၂။ **သမ္မာသင်္ကပ္ပ**။ ။တတ္ထ ကတမော သမ္မာသင်္ကပ္ပေါ၊ နေက္ခမ္မသင်္ကပ္ပေါ၊ အဗျာပါဒသင်္ကပ္ပေါ၊ အဝိဟိံသာသင်္ကပ္ပေါ။ အယံ ဝုစ္စတိ သမ္မာသင်္ကပ္ပေါ [၂]။

အဓိပ္ပါယ်မှာ ဝဋ်မှ ကျွတ်လွတ်သော နိဗ္ဗာန်သို့ထွက်မြောက်နိုင်ရန် ကြံခြင်း၊ ထို့ပြင် သူတပါးကို မညှဉ်းဆဲရန် ကြံခြင်း မသတ်ဖြတ်ရန် ကြံခြင်းပင်တည်း။

ဤ၌ အထူးမှကား မေတ္တာ ကရုဏာပြဋ္ဌာန်းသောအားဖြင့် လောဘ ဒေါသ ချုပ်ငြိမ်းကြောင်း အကြံပင်တည်း။

၃။ **သမ္မာဝါစာ**။ ။တတ္ထ ကတမာ သမ္မာဝါစာ၊ မုသာဝါဒါ ဝေရမဏီ ပိသုဏာယ ဝါစာယ ဝေရမဏီ ဖရုသာယ ဝါစာယ ဝေရမဏီ သမ္ဖပ္ပလာပါ ဝေရမဏီ။ အယံ ဝုစ္စတိ သမ္မာဝါစာ [၂]။

အဓိပ္ပါယ်မှာ ဝစီဒုစရိုက် ၄-ပါးကို ကြဉ်ရှောင်မှုပင်တည်း။

၄။ **သမ္မာကမ္မန္တ**။ ။တတ္ထ ကတမော သမ္မာကမ္မန္တော၊ ပါဏာတိပါတာ ဝေရမဏီ အဒိန္နာဒါနာ ဝေရမဏီ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။ အယံ ဝုစ္စတိ သမ္မာကမ္မန္တော [၂]။

အဓိပ္ပါယ်မှာ ကာယကံ ၃-ပါးကို မကျူးမလွန် ရှောင်ကြဉ်မှုပင်တည်း။

၅။ **သမ္မာအာဇီဝ**။ ။တတ္ထ ကတမော သမ္မာအာဇီဝေါ၊ အရိယသာဝကော မိစ္ဆာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ။ အယံ ဝုစ္စတိ သမ္မာအာဇီဝေါ [၂]။

အကျဉ်းအားဖြင့် မိစ္ဆာအာဇီဝ ဝေရမဏီပင်တည်း။

---

၁။ ဝိဘင်းပါဠိ၊ နှာ-၁၄၂။ ၂။ ဝိဘင်းပါဠိ၊ နှာ-၁၁၁။

အမိပ္ပါယ်မှာ ကာယဒုစရိုက် ၃-ပါး ဝစီဒုစရိုက် ၄-ပါးတို့ကို ကြဉ်၍ တရားသဖြင့် ရသောပစ္စည်းဖြင့် အသက်မွေးခြင်းပင် ဟူလို။

**၆။ သမ္မာဝါယာမ။** ။သမ္မာဝါယာမဌ် ကျယ်မည်ကိုစိုး၍ ပါဠိကို မထည့်ဘဲ အဓိပ္ပါယ်ကိုသာ ပြပေအံ့—

သမ္မာဝါယာမ မဂ္ဂင် ပွါးမှုဟူသည် သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးကိစ္စ ပြီးစီးကြောင်း၌ ချီးမြှင့် ထောက်ပံ့သော လုံ့လ ဝီရိယပင်တည်း။

**၇။ သမ္မာသတိ။** ။သမ္မာသတိမဂ္ဂင်ပွါးမှုဟူသည် မဂ္ဂင်ရှစ်ပါးပွါးမှု၌ မမေ့မလျော့သောအားဖြင့် သတိကောင်းစွာ ထင်စေမှုပင်တည်း။

**၈။ သမ္မာသမာဓိ။** ။သမ္မာသမာဓိဟူသည် ပြဆိုခဲ့သော မဂ္ဂင်ရှစ်ပါး ပွါးခိုက်တွင် ဥဒ္ဒစ္စဖြင့် တခြား တပါးသော အာရုံသို့ မပျံ့မလွင့်စေပဲ ဘာဝနာအာရုံ၌ စိတ်တည်နေမှုပင်တည်း။

မဂ္ဂင်ရှစ်ပါး အဓိပ္ပါယ် ပြဆိုပုံ ပြီးပြီ။

**မဂ္ဂသစ္စာပွါးမှု။** ။ထို မဂ္ဂင်ရှစ်ပါးပွါးမှုအဓိပ္ပါယ် အလွန် ကျယ်ဝန်း၏၊ သမထ ဝိပဿနာ ဈာန် မဂ်အားလုံးရမှုနှင့် သက်ဆိုင်၏၊ထို့ကြောင့် မဂ္ဂသစ္စာ ဘာဝေတဗ္ဗ၏ အဓိပ္ပါယ်ကို ပြဦးအံ့—မဂ္ဂသစ္စာပွါးမှု ဟူသည် ကမ္မဋ္ဌာန်းထိုင်မှု ဝိပဿနာဉာဏ် ၁၀-ပါးစသည် ရှုမှုတို့ကိုသာ ဆိုလိုသည် မဟုတ်ပေ၊ ဓမ္မစကြာအရ သစ္စာ ၄-ပါးကို ဆင်ခြင်နေမှုသည်လည်း မဂ္ဂသစ္စာ ပွါးသည်ပင် မည်၏၊ ပွါးမှုကိစ္စ ပြီးစီးနိုင်၏။ ပြီးစီးပုံကား—

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ဇာတိပိ ဒုက္ခာ၊ဇရာပိ ဒုက္ခာ၊ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ-စသည်ဖြင့် ပဋိသန္ဓေ အိုနာသေရေး ဘေးအပေါင်းတို့ကို ဆင်ခြင်နေမှုသည်လည်း မဂ္ဂဘာဝနာ ပွါးများသည် မည်၏။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ-စသည်ဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတို့၏အပြစ်၌ ရှု၍ ထိုတဏှာကား စင်စစ်

ဒုက္ခဖြစ်ကြောင်း တရားအမှန်သာတည်းဟု ဆင်ခြင်နေမှုသည် မဂ္ဂဘာဝနာ ပွါးသည် မည်၏။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ·စသည်ဖြင့် ဒုက္ခသမုဒယ ချုပ်ရာ နိဗ္ဗာန်ကို ဝါ·ဇာတိဒုက္ခနိရောဓကို ဆင်ခြင်နေမှုသည်လည်း မဂ္ဂသစ္စာ ဘာဝနာ ပွါးသည် မည်၏။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ· စသော မဂ္ဂင်ရှစ်ပါးတို့ကား လောဘစသော ကိလေသာကို ချုပ်ငြိမ်းစေတတ်၏၊ ဝဋ္ဋ ၃·ပါးမှ ကျွတ်လွတ်အောင် ထုတ်ဆောင်တတ်သော တကယ် စင်စစ် နိယျာနိက တရားမြတ်ကြီးပေတည်းဟု အဖန်ဖန် ဆင်ခြင်နေမှုသည်လည်း မဂ္ဂ ဘာဝနာ ပွါးသည် မည်၏၊ ထိုထို ဆင်ခြင်သုံးသပ်ဆဲ၌ စိတ်၏ တည်ခြင်းသည် လည်း သမ္မာသမာဓိမဂ္ဂင် ပွါးမှုလည်း ပြီး၏ ဟူလို။

မဂ္ဂသစ္စာ ပွါးများမှုကို ဤသို့ ဝေဖန်သည် ရှိသော် သမထပွါးမှု ဝိပဿနာ ဉာဏ် ၁၀·ပါး ပွါးမှုတို့မှသာ မဂ္ဂသစ္စာပွါးမှုမည်သည် မဟုတ်ပေ၊ သစ္စာ ၄·ပါး ပွါးများ ဆင်ခြင်မှုတို့သည်လည်း မဂ္ဂသစ္စာပွါးမှုပင်ဟု နှလုံးသွင်းအပ်၏ ဟူလို၊

## သစ္စာလေးပါး အကျဉ်းမှတ်ချန်

အထက်၌ ဝေဖန်ပြဆိုခဲ့သော သစ္စာ ၄·ပါးတို့၏ အကျဉ်းမှတ်ရန် အဓိပ္ပါယ် ကား–သမုဒယသစ္စာ တဏှာကြောင့် ဒုက္ခသစ္စာ ခန္ဓာ ၅·ပါး ဖြစ်၏၊ ဤ၌ ပုဂ္ဂိုလ် သတ္တဝါ ဖြစ်မှု မဟုတ်၊ သမုဒယတဏှာကို မဂ်ဖြင့် ချုပ်စေခြင်းကြောင့် ဒုက္ခသစ္စာ ခန္ဓာ ၅·ပါး ချုပ်၏၊ ဤ၌လည်း ပုဂ္ဂိုလ် သတ္တဝါ ရဟန္တာချုပ်မှု မဟုတ်၊ ဤသို့ ပရမတ္ထသစ္စာအားဖြင့် သမုဒယကြောင့် ဒုက္ခ ဖြစ်၏၊ သမုဒယ ချုပ်သဖြင့် ဒုက္ခချုပ်၏၊ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဒုက္ခသစ္စာသာ ရှိသောကြောင့် ထို ဒုက္ခတရားတို့၏ ချုပ်မှုပင် ဟူလို။

## မှတ်လွယ်ရန် ဆောင်ပုဒ်

သမုဒယကြောင့် ဖြစ်ထ ဒုက္ခ။<br>
သမုဒယ်က ထို ဒုက္ခ မုချချုပ်ပြတ်လျှံ။

ချုပ်ငြိမ်းလိုက ဖြစ်ခြင်းရှိသမျှ ခန္ဓာအာယတနဥ် ရှုက–
အနိစ္စ ဒုက္ခ အနတ္တ ဇရာမရဏာဒုက္ခံ။
ဤသို့သမ္မာဒိဋ္ဌိမှု ဉာဏ်မြင်ရှုက ချုပ်ထတဏှာသံယောဇနံ။
ဤသို့ချုပ်က ဇာတိစ မုချချုပ်ပြတ်လျှံ။
ဆီမီးစာဟု အကြောင်းစုကြောင့် ဖြစ်မှုမီးလျှံ။
ဆီမီးစာကုန်မှု အကြောင်းပြု ချုပ်မှုမီးလျှံ။
ထိုနည်းပမာဏ အကြောင်းသံယောဇဉ်ချုပ်က—
ကျိုးဒုက္ခကား ချုပ်ရကေန်။
ယထာယံ ပဒီပေါ သမ္မုဒ္ဒေါ ဟောပြ ဥပမံ။

ဤလက်ာအရ ဆင်ခြင်လျှင် ပြဆိုခဲ့ပြီးသော သစ္စာ ၄-ပါး၏ အငိပ္ပါယ်ကို လျင်စွာ မြင်သိပါလိမ့်မည်။ သစ္စာဖွဲ့နည်းကား ယခု ရရှိနေသော ဝိပါကခန္ဓာ ငါးပါးသည် ဒုက္ခသစ္စာမည်၏၊ ထိုဝိပါကခန္ဓာ ငါးပါးကိုပင် နိစ္စ-သုခ-အတ္တ ထင်၍ ငါ-ငါ၏ ဥစ္စာဟု တဏှာဒိဋ္ဌိ သံယောဇဉ်ဖြင့် သာယာခင်တွယ်မှု သား မယားရှာမှုတို့ကို ပြု၏၊ ဤသို့ ပြုခြင်းသည် ပစ္စုပ္ပန် သမုဒယမည်၏၊ ထိုပစ္စုပ္ပန် တဏှာချုပ်ခြင်းသည် ပစ္စုပ္ပန်နိရောဓသစ္စာမည်၏၊ ပစ္စုပ္ပန်၌ တဏှာသံယော-ဇဉ် သမုဒယမဖြစ်ရအောင် ဇာတိစသော ဒုက္ခတို့ကို ရှုမှုသည် ဝါ-ပွါးများခြင်းသည် မဂ္ဂသစ္စာမည်၏။ ။သစ္စာ ၄-ပါး အကျဉ်းမှတ်ယူနည်း ပြီးပြီ။

## သစ္စာလေးပါးကို ဥပမာဖြင့် ရှုနည်း

ရောဂေါ ဝိယ ဒုက္ခသစ္စံ ဒဋ္ဌဗ္ဗံ၊ ရောဂနိဒါနမိဝ သမုဒယသစ္စံ ဒဋ္ဌဗ္ဗံ၊
ရောဂဝူပသမော ဝိယ နိရောဓသစ္စံ ဒဋ္ဌဗ္ဗံ၊ ဘေသဇ္ဇမိဝ မဂ္ဂသစ္စံ ဒဋ္ဌဗ္ဗံ ။

ရောဂေါ ဝိယ၊ အနာရောဂါကိုကဲ့သို့။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာ ခန္ဓာ ၅-ပါးကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ရောဂနိဒါနမိဝ၊ အနာဖြစ်ကြောင်း မသင့်သော ဥတု အာဟာရကိုကဲ့သို့။ သမုဒယသစ္စံ၊ သမုဒယသစ္စာတဏှာကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၄၃။

ရောဂဝူပသမော ဝိယ၊ အနာပျောက်ငြိမ်းသဖြင့် အနာ၏ဒုက္ခမှလွတ်ကင်း ချမ်းသာခြင်းကိုကဲ့သို့။ နိရောဓသစ္စံ၊ အလုံးစုံသော ဒုက္ခတို့မှ ကင်းလွတ်သော နိဗ္ဗာန်ချမ်းသာကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဘေသဇ္ဇမိဝ၊ အနာပျောက်ကြောင်း ဆေးကောင်းကိုကဲ့သို့။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

လောက၌ အနာရောဂါရလျှင် အနာရောဂါ ဖြစ်ကြောင်း ရှိအပ်သကဲ့သို့ ထိုအတူ ဇာတိစသော ဒုက္ခရရှိခဲ့လျှင် ဇာတိဖြစ်ကြောင်း သမုဒယတဏှာ ရှိမြဲပင်တည်း။

လောက၌ အနာရောဂါ ပျောက်ငြိမ်းခြင်း ရှိခဲ့လျှင် အနာပျောက်ကြောင်း ဆေးရှိအပ်သကဲ့သို့ ထိုအတူ ဇာတိစသော ဒုက္ခရှိခဲ့လျှင် ဇာတိ ချုပ်ကြောင်း မဂ်အကျင့် ရှိမြဲပင်တည်း။

သစ္စာ ၄-ပါးကို ဥပမာဖြင့် ရှုနည်း ပြီးပြီ။

---

**မဂ်စိတ်တချက်ဖြင့် မဂ်ကိစ္စလေးပါး**

**ပြီးစီးအောင်ရှုနည်း**

ဖြစ်လျှင်ဒုက္ခ ချုပ်မှ သုခနိဗ္ဗာန်။
ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှု လေးကိစ္စ။

ဖြစ်မှုရှိခြင်းကို ဒုက္ခသစ္စာဟု မှတ်အပ်၏၊ ဖြစ်မှုချုပ်ခြင်းကို နိဗ္ဗာနသုခဟု မှတ်အပ်၏၊ ချုပ်ခြင်းကို နှစ်သက်လျှင် အဘယ့်ကြောင့် မဂ်ကိစ္စ ၄-ပါး ပြီးပါသနည်း။

၁။ ဇာတိချုပ်ခြင်းကို နှစ်သက်လျှင် ဝါ-ဇာတိ ဖြစ်လိုသော တဏှာကို စွန့်လျှင် ဥပ္ပါဒေါ ဒုက္ခံ ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိ နှာ ၁၃-အရ ဖြစ်ခြင်းရှိသမျှ ခန္ဓာကို ဒုက္ခသစ္စာဟု သိခြင်းကိစ္စ ပြီး၏။

၂။ ချုပ်ခြင်းကို နှစ်သက်လျှင် ဖြစ်လိုသော ဘဝတဏှာ ပယ်မှုကိစ္စ ပြီး၏။

၃။ ထိုဘဝတဏှာပယ်မှု ပြီးစီးခြင်းပင်လျှင် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ကိစ္စပြီး၏။ အဘယ့်ကြောင့်ဆိုသော် လိုချင်မှုကြောင့်ဖြစ်သော ဇာတိသည် ထိုလိုချင်မှုကိုပယ်က တဖန်ဖြစ်နိုင်ခွင့်မရှိသောကြောင့်ဟူလို။

၄။ ချုပ်ငြိမ်းသော သဘောကား နိဗ္ဗာန်တည်း၊ ထိုချုပ်သော ဖြစ်ခြင်းကင်းသော သဘောကို နှစ်သက်သော ဝါ-မည်သည့် ခန္ဓာကိုမျှ အလိုမရှိတော့ပါဟု အာလယကင်းပြတ်သော မဂ်စိတ္တုပ္ပါဒ်သည် မဂ္ဂသစ္စာတည်း။ ဤသို့လျှင် ဒုက္ခသစ္စာကို သိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက် ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွါးခြင်းကိစ္စဟူသော ၄-ကိစ္စသည် မဂ်စိတ်တချက်နှင့်ပြီး၏။ ဥပမာ—မီးလျှံသည် မီးစာကိုလောင်ခြင်းကိစ္စ အမိုက်မှောင်ဖျောက်ခြင်းကိစ္စ အလင်းကို ဖြစ်စေခြင်းကိစ္စ ဆီကို ခန်းခစေခြင်းကိစ္စ၊ ဤသို့ ၄-ကိစ္စပြီးစေသကဲ့သို့ ဟူလို။

မဂ်စိတ်တချက်၌ မဂ်ကိစ္စလေးပါး ပြီးစီးပုံများပြဆိုပုံ ပြီးပြီ။

---

## သစ္စာ ၄-ပါး အမေးအဖြေ

ထိုသစ္စာ ၄-ပါးကိုပင်လျှင် ဉာဏ်အမြင် ပွင့်လင်းစေခြင်းငှါ အမေးအဖြေနှင့် တကွ ပြဦးအံ့—

**အမေး။** ။အလုံးစုံသော ၃၁-ဘုံရှိ သတ္တဝါတို့၌ အဖန်ဖန် ပဋိသန္ဓေနေရခြင်းဟူသော ဘဝဇာတိသည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။

**အဖြေ။** ။မိမိတို့၏ လိုချင်မှု ကာမတဏှာ ဘဝတဏှာ ရူပတဏှာ စသည်တို့ကြောင့် ဖြစ်ပါသည်။

**အမေး။** ။ထိုတဏှာ အဘယ်က လာပါသနည်း။

**အဖြေ။** ။သစ္စာလေးပါးကို မမြင်မသိသော မိမိတို့၏ အဇ္ဈတ္တမောဟ အဝိဇ္ဇာမှ လာပါသည်။

**အမေး။** ။ထို မောဟ အဝိဇ္ဇာက အဘယ်ကဲ့သို့ ဖုံးထားပါသနည်း။

**အဖြေ။** ။မည်သည့်သန္တာန်မှာဖြစ်စေ ဖြစ်ခြင်းရှိသော ရုပ်နာမ် ခန္ဓာဟူသမျှ သည် ဋ္ဌီ ဘင် ဇရာ မရဏဖြင့် ပျက်၏၊ ထိုသို့ပျက်ခြင်းသည် မမြဲမှု အနိစ္စပင်တည်း၊ ထိုသို့မမြဲမှုကို မြဲစေရန် ဝါ-အိုမှု နာမှု သေမှုကို မအို မနာ မသေစေရန် ဆန္ဒရှိကြသော်လည်း ထိုဆန္ဒအတိုင်းဖြစ်စေ ရန် အစိုးမရ အလိုမလိုက်ခြင်းသည် အနတ္တပင်တည်း၊ ထို အနတ္တ လက္ခဏာ အမြဲပါရှိနေသော်လည်း "သတိမမူ ဂူမမြင်" ဆိုဘိသကဲ့သို့ ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ် အနတ္တဟု အမှန်ကိုမမြင် မသိတတ်သော မိမိတို့၏ အဝိဇ္ဇာဖုံးမှုကြောင့် လိုချင်မှု တဏှာဖြစ် ပေါ်လာပါသည်၊ ဥပမာ—မီးတောက်ကို ရွှေတောင် ရွှေရောင် မှတ်၍ တိုးသော ပိုးဖလံကဲ့သို့ပေတည်း။

**အမေး။** ။ထိုသို့ သိမှား မှတ်မှား အထင်မှားမှုတို့ကို သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် အမှန်မြင်သိက ကနည်း–အနိစ္စ ဒုက္ခ အနတ္တ သာတည်းဟု အမှန် သိက ဘဝတဏှာ ဖြစ်နိုင်ပါဦးမည်လော။

**အဖြေ။** ။အမှန်ကို မသိသော မောဟ အဝိဇ္ဇာကြောင့် ဖြစ်သော တဏှာ လောဘသည် သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် အမှန်ကိုမြင်သိက ဘဝတဏှာ တဖန် ဖြစ်နိုင်ခွင့် မရှိတော့ပါ။

ဥပမာ–ခဲဖွယ်ဘောဇဉ်၌ မစင်ပါရှိမှုကို မမြင် မသိမီက စားလို သော အာသာဆန္ဒရှိသော်လည်း မစင်ပါသည်ကို မြင်သိသောအခါ စားလိုမှု တဏှာ ချုပ်ရသကဲ့သို့ မီးရောင်ရောက်က မှောင်ပျောက်ရ သကဲ့သို့ ထိုအတူ မိမိတို့သန္တာန်မှာ ဆံပင် စသော မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် နာမ် တရားတို့ ရှိကြသော်လည်း မအို မနာ မသေရန် အစိုးမရ သော ကိုယ့်မှာ ရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာဟု မြင်သိက လိုချင်မှု ဘဝတဏှာ ဖြစ်နိုင်ခွင့် မရှိတော့ပါ။

ဥပမာ–တနည်းအားဖြင့် ဆိုရလျှင် နတ်သမီးထင်၍ အချစ်ပုံ၊ ဘီလူးမဟု မြင်သိရှုဖြင့် ချစ်စိတ်ကုန်ခန်းသကဲ့သို့ ထိုအတူ ခန္ဓာ

၅-ပါး၌ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာကို မြင်သိလျှင် အဘယ်မှာ လျှင် ဘဝတဏှာ ဖြစ်နိုင်တော့မလဲ၊ ယင်းသို့ ဘဝတဏှာမှ မဖြစ်ခဲ့ လျှင် အဘယ်မှာလျှင် ဘဝဇာတိကို ဖြစ်စေလိုသောစိတ်ဖြင့် ကံကို ပြုတော့မလဲ။

**အမေး။** ။ယင်းသို့ ဇာတိ စသော ဒုက္ခကို ဖြစ်စေတတ်သော လက်သည် ဘဝတဏှာ, ကံ မရှိခဲ့လျှင် ဇာတိတဖန် ဖြစ်နိုင်ဦးမည်လော။

**အဖြေ။** ။အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲ ဖြစ်သောကြောင့် ဇာတိ တဖန် မဖြစ်နိုင်တော့ပါ။

ဥပမာ-ဖယောင်းတိုင်ကို အမှီပြု၍ဖြစ်သော မီးတောက်သည် ဖယောင်းတိုင် ကုန်က မီးငြိမ်းရသကဲ့သို့ ထို့အတူ မိမိကပင် တဏှာကိုပယ်ဖွန့်သောကြောင့် ယင်းလိုချင်မှု တဏှာကြောင့်ဖြစ်သော ဇာတိသည် တဖန် မဖြစ်နိုင်တော့ပါ။

တနည်း–ဟေတုနိရောဓာ ဖလနိရောဓော - ဟူသောပါဠ်အရ ဟေတု-နိရောဓာ၊ အကြောင်း၏ ချုပ်ခြင်းကြောင့်။ ဖလနိရောဓော၊ အကျိုးတရား၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တနည်း–ဟေတုနိရောဓာ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိ၏ ချုပ်ငြိမ်းမှုကြောင့်။ ဖလနိရောဓော၊ ဇရာမရဏဟူသော အကျိုးတရား၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တနည်း—အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံကြောင့် ဇာတိ ဖြစ်၏၊ ထိုဖြစ်စေတတ် သော အကြောင်းကိုပယ်လျှင် ဝါ-ကံကို တဏှာဖြင့် ထပ်ကာ ထပ်ကာမလုပ်လျှင် အကြောင်းကုန်သောကြောင့် တဖန် မဖြစ်နိုင်တော့ပါ၊ ဤသို့ အကြောင်းကုန် လျှင် အကျိုးကုန်၏ဟု ယုံကြည်လျှင် မဂ်ဖိုလ်ကို ရ၏ဟူလို။

**မှတ်လွယ်ရန် ဆောင်ပုဒ်။** ။ဖြစ်လိုမှုကြောင့် ဖြစ်မှု ဇာတိဒုက္ခ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခ။

ဤ၌ ဖြစ်လိုမှုကား မိမိတို့၏ လိုချင်မှု ဘဝတဏှာ သမုဒယသစ္စာပင်တည်း၊ ခန္ဓာ ဇာတိ စသော ဒုက္ခတို့ ဖြစ်ခြင်းကား ဒုက္ခသစ္စာတည်း၊ ထိုခန္ဓာငါးပါး၌ ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ရှုသဖြင့် ဖြစ်လိုမှုစိတ်ပျက်၍ မိမိ ဘဝတဏှာကို စွန့်ခြင်းကား မဂ္ဂသစ္စာတည်း၊ ခန္ဓာဇာတိချုပ်မှုကား နိရောဓ

သစ္စာ နိဗ္ဗာန်တည်း၊ ထိုသစ္စာ ၄-ပါးတို့၌ ယုံမှားကင်းလျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်သဖြင့် သောတာပန်တည်၏ဟူလို။ အဓိပ္ပါယ်ကား ပုဂ္ဂိုလ် သတ္တဝါ သဘောမရှိ၊ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဤသစ္စာ ၄-ပါးသာ အမှန်ရှိ၏ဟု မဂ်ဉာဏ်ဖြင့် မြင်သိမှုပင် ဟူလို။

## ဒုက္ခ၏တည်ရာ ချုပ်ရာဌာနပြပုံ

ဒုက္ခ၏ တည်ရာဌာန ချုပ်ရာဌာနတို့ကို ပြဦးအံ့—

**မေး။** ။ဒုက္ခဟူသမျှတို့သည် အဘယ်မှာ တည်ပါသနည်း၊ အဘယ်မှာ ချုပ်ပါသနည်း။

**ဖြေ။** ။ဒုက္ခဟူသမျှ အဖြာဖြာ မိမိတို့၏ ခန္ဓာအာယတနၥ်သာ တည်ရှိမုချ၊ ယင်း ခန္ဓာအာယတန ချုပ်ခဲ့လျှင် တနည်း-ခန္ဓာဇာတိ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဒုက္ခရှိနိုင်တော့မလဲ။

နိဗ္ဗာန်ချမ်းသာဟု ဆိုသည်တွင် ယင်းသို့ ဒုက္ခတည်ရာ ခန္ဓာနိမိတ်ကင်းသော သဘောကိုသာလျှင် မှတ်ဖို့ပါပဲ။

တနည်း-ခန္ဓာအာယတန၌ တည်ထဒုက္ခံ။

တည်ရာချုပ်က ထိုဒုက္ခ မုချ ချုပ်ပြတ်လျံ့။

တနည်း-ဇာတိရှိက ဖြစ်ထငရာမရဏဒုက္ခံ။

ဇာတိချုပ်က ထို ဇရာမရဏ မုချ ချုပ်ပြတ်လျံ့။

တနည်း-ခန္ဓာအာယတန အာရုံဆာ၌ တည်ထမီးလျံ့။

တည်ရာချုပ်က မီးဆယ့်တစ်ဝ ချုပ်ထ အေးနိဗ္ဗာန်။

အကျဉ်းအားဖြင့်မှတ်ရန်–ဥပ္ပါဒေါ ဒုက္ခံ၊အနုပ္ပါဒေါ သုခံ[၁]-ဟူသော ပါဠိအရ ဖြစ်မှုရှိခြင်းသည် ဒုက္ခ၏တည်ရာ မည်၏၊ ဖြစ်မှုမရှိခြင်းသည် ဒုက္ခ၏လွတ်ရာ မည်၏၊ ဝါ-အသင်္ခတ ဒုက္ခနိရောဓနိဗ္ဗာန် မည်၏။

ဒုက္ခ၏ တည်ရာဌာန ချုပ်ရာဌာနများ ပြဆိုပုံ ပြီးပြီ။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃၊ ၅၇။

## ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါးတို့ ချုပ်ခြင်းငှါ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ကိုယ်တွေ့ရှုနည်း

ခန္ဓာပဥ္စက အာရုံဆဋ္ဌ နိစ္စ သုခ အတ္တဟု သိမှတ်ယူမှားရှိခဲ့လျှင် အို နာ သေမှု မဖြစ်စေပဲ မြဲစေရန် ဆန္ဒရှိကြသော်လည်း ထိုထို ဆန္ဒအတိုင်း ဖြစ်စေရန် အစိုးမရ အလိုမလိုက်မှုကိုသာလျှင် ကိုယ်တွေ့ရှုကြ၊ နိစ္စ သုခ အတ္တ မှန်ပါလျှင် အဘယ်မှာလျှင် ယခုလို အို နာ သေမှုကို ဖြစ်စေလိမ့်မလဲ။

ယင်းသို့ အို နာ သေမှုကို မဖြစ်စေလိုသော်လည်း မဖြစ်စေရန် မတား မမြစ်နိုင်မှုကို ကိုယ်တွေ့ရှုခဲ့လျှင် အဘယ်မှာလျှင် ငါ-ငါ၏ဥစ္စာ ဖြစ်နိုင်တော့ မလဲ။

ယင်းသို့ ကိုယ့်မှာရှိလျက် ကိုယ်ပိုင်မဟုတ် အစိုးမရ အလိုသို့မလိုက်သော အနတ္တသာတည်းဟု အမှန်မြင်လျှင် အဘယ်မှာလျှင် သိမှား တပ်မှား ယူမှား ဟူသော အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ ဟူသော ကိလေသဝဋ် ဖြစ်နိုင်တော့မလဲ။

ယင်းသို့ ကိလေသဝဋ်ချုပ်ခဲ့လျှင် အဘယ်မှာ ကမ္မဝဋ် ဖြစ်နိုင်တော့မလဲ ကမ္မဝဋ်ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဝိပါကဇာတိ ဖြစ်နိုင်တော့မလဲ၊ အဇာတ နိဗ္ဗာန်ဟု ဆိုသည်မှာ ယင်းသို့ ဝဋ်သုံးပါးချုပ်မှုကိုပင် မှတ်ဖို့ပါပဲ။

ကိုယ့်မှာ ဝမ်းမြောက်ဖွယ်မှု အဖြာဖြာ ရှိလျက် ကိုယ်ပိုင် မဟုတ်သော နာမ်ရုပ်၌ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာမျှသာတည်းဟု မြင်သိရခြင်းထက် ဝမ်းမြောက်ဖွယ်ကောင်းတာ လောကမှာမရှိ၊ ကိုယ်တွေ့ အနတ္တရှုနည်းအဖြာဖြာ ရှိသော်လည်း ယခုပြဆိုခဲ့သောနည်းတက် ထင်မြင်လွယ်တာ လောကမှာ မရှိ။

အဘယ့်ကြောင့်နည်းဆိုခဲ့လျှင် အနမတဂ္ဂသံသရာက သိမှား တပ်မှား အယူ မှား ယုံမှားမှုတို့ချုပ်သော မဂ်ဉာဏ်ကို လက်ငင်းရနိုင်သောကြောင့်တည်း။

ယင်းသို့ အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ် ချုပ်ခဲ့လျှင် အဘယ် မှာလျှင် ကမ္မဝဋ် ဖြစ်နိုင်တော့မလဲ၊ ယင်းသို့ ကိလေသဝဋ် ကမ္မဝဋ် ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဝိပါကဇာတိ တဖန်ဖြစ်နိုင်တော့မလဲ၊ ရေမြေ မျိုးစေ့မှ မရှိလျှင် အဘယ်မှာလျှင် အပင် ဖြစ်နိုင်တော့မလဲ။

**ဝိဝဋ္ဋအာသင်္ခတနိဗ္ဗာန်**-ဟု ဆိုသည်တွင် ယင်းသို့ မဖြစ်ချင် မနေရ၊ မပျက်ချင် မနေရ၊ မအိုချင် မနေရ၊ မနာချင် မနေရ၊ မသေချင် မနေရ၊ မမြင်ချင် မနေရ၊

မြင်ချင်တာ မမြင်ရ၊ မကြားချင် မနေရ၊ ကြားချင်တာ မကြားရ၊ မနံချင် မနေရ၊ နံချင်တာ မနံရ၊ မစားချင် မနေရ၊ စားချင်တာ မစားရ၊ အစိုး မရ၊ တွေ့ထိလိုသော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိချင်တိုင်း မတွေ့မထိရ၊ မတွေ့မထိလိုသော်လည်း ပူမှု အေးမှု ခလုတ်ထိမှု ဆူးငြိမှုတို့နှင့် တွေ့ထိရ၊ မပူပန်ချင်သော်လည်း ပူပန်ရ၊ သုခ သောမနဿ ဝေဒနာတို့နှင့် အမြဲ ယှဉ်စေလိုသော်လည်း မယှဉ်ရ၊ ဒုက္ခဝေဒနာကို မခံစားလိုသော်လည်း ခံစားရ၊ အပါယ် မကျလိုသော်လည်း ကျရခြင်း စသော ဝိပါကဝဋ်တို့မှ ကင်းလွတ်မှုဟူသော ဝိဝဋ္ဋအသင်္ခတနိဗ္ဗာန်ကို ပင် မှတ်ဖို့ပါပဲ။

ဤတွင် ကိုယ်တွေ့ ဝိဝဋ္ဋဝိပဿနာ ရှုနည်း ပြီးပြီ။

---

## ဝဋ်သုံးပါး အဓိပ္ပါယ်

ဝဋ်၏အဓိပ္ပါယ်ကို ပြဦးအံ့–ဝဋ်ဟူသည် ထပ်ကာထပ်ကာ မပြတ် ဖြစ်၍ နေမှု ပင်တည်း၊ ထိုဝဋ်သည်လည်း ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူ၍ ၃-ပါး ရှိ၏၊ ကိလေသဝဋ်၌ အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူ၍ ၃-ပါး ပြား၏ သစ္စာလေးပါး ပဋိစ္စ-သမုပ္ပါဒ်တရားများ မသိမှုသည် အဝိဇ္ဇာဟူသော ကိလေသဝဋ် မည်၏။

အဟံ, မမ သန္တကံ။ အဟံ၊ ငါ။ မမ သန္တကံ၊ ငါ၏ဥစ္စာ။

ဤ၌ ခန္ဓာငါးပါးကို အစိုးရ၏၊ အလိုသို့ လိုက်စေနိုင်၏၊ ထို့ကြောင့် ခန္ဓာ သည် ငါ၏ အတ္တဟု မိစ္ဆာဒိဋ္ဌိ မပြတ်ဖြစ်နေခြင်းသည် ဒိဋ္ဌိ ဟူသော ကိလေသဝဋ် မည်၏။

ထို ခန္ဓာသည် ငါပိုင် ငါ့ဟာ ငါ့ဥစ္စာဟု ခင်တွယ်တပ်မက်မှု တဏှာ မပြတ် ဖြစ်၍ နေခြင်းသည် တဏှာ ဟူသော ကိလေသဝဋ် မည်၏။

ဤသို့ မသိမှု အဝိဇ္ဇာ, အယူမှားမှု ဒိဋ္ဌိ, ခင်တွယ်မှု တဏှာတို့ မပြတ်ဖြစ်ပျက် နေမှုကို ကိလေသဝဋ်ဟု ဆို၏၊ ကုသိုလ် အကုသိုလ်တို့ မပြတ် ဖြစ်နေမှုကို ကမ္မဝဋ်ဟု ဆို၏၊ ထို ကမ္မဝဋ်ကြောင့် ခန္ဓာဇာတိ မပြတ် ဖြစ်ပျက်နေရခြင်းကို ဝိပါကဝဋ်ဒုက္ခဟု ဆို၏၊ ထို ဝဋ်သုံးပါး ချုပ်ငြိမ်းမှုကို ဝိဝဋ္ဋနိဗ္ဗာန်ဟု ဆို၏။ ဝဋ်သုံးပါး၏ အဓိပ္ပါယ်ကို ဤသို့ မှတ်အပ်၏။

ဝဋ်သုံးပါး အဓိပ္ပါယ် ပြီးပြီ။

## အဝိဇ္ဇာ တဏှာ မူလနှစ်ပါး ချုပ်အောင် ရှုနည်း

အဝိဇ္ဇာ တဏှာ မူလနှစ်ပါးကို ချုပ်ငြိမ်းစေနိုင်သော ဂုဏ်ထူးရှိသော ဝိပဿနာကို ပြဦးအံ့—

ဝိပဿနာတို့တွင် ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ။ တနည်း–ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ။ တနည်း–ဇာတိ သင်္ခါရာ၊ အဇာတိ နိဗ္ဗာနံ။ ဤသို့စသည်ဖြင့် ဒုက္ခ ၁၅-နှင့် နိဗ္ဗာန် ၁၅-ကိုစပ်၍ ပဋိသမ္ဘိဒါမဂ် နှာ-၁၃ စသည်၌ ဟောတော်မူသော ဝိပဿနာသည် နိဗ္ဗာန်ကို လျင်စွာအာရုံပြု၍ လျင်စွာမဂ်သို့ သက်ရောက်နိုင်သော ဂုဏ်ထူး ဝိသေသ ရှိပါသည်။

အထူး သတိပြုတော်မူကြစေလိုသည်မှာ–တရား အားထုတ်ကြရာ၌ **သိဝံ ပဿထ ဘိက္ခဝေ**-ဟူသော ပါဠိတော်အရ နိဗ္ဗာန်သဘောကို သိသည်ဖြစ်၍ တောင့်တသည်ဖြစ်၍ အာရုံပြုတတ်သည်ဖြစ်၍ တဏှာ ပယ်ရန် လိုရင်းကိစ္စ ဖြစ်ပါသည်။

နိဗ္ဗာန်ကို အာရုံမပြုတတ်က မဂ်သို့ မသက်ရောက်နိုင်ပါ၊ ဝိပဿနာကို ပွါးသဖြင့် အကယ်၍ ငြီးငွေ့ဦးတော့၊ နိဗ္ဗာန်ကို အာရုံမပြုတတ်က လိုရာမပြီး ခရီးမရောက်ပဲ ဝိပဿနာဇာတ်မျော ဖြစ်နေတတ်ပါသည်။

ဤ ဝိပဿနာသည် သားမယားနှင့်နေသော ဥပါသကာ ဥပါသိကာပင် ဖြစ်ဦးတော့၊ ဥပ္ပါဒေါ ဒုက္ခံ-ဟူသော ပါဠိအရ ဖြစ်ခြင်းရှိသမျှ ရုပ်နာမ်သင်္ခါရကို ဒုက္ခဟု လျင်စွာ စင်ကြယ်စွာ မြင်သိနိုင်ပါသည်၊ အနုပ္ပါဒေါ သုခံ-ဟူသောပါဠိ အရ ဖြစ်မှုမရှိခြင်း ချုပ်ငြိမ်းခြင်းသည် နိဗ္ဗာနသုခဟု လျင်စွာမြင်သိနိုင်ပါသည်၊ ဤ ဝိပဿနာသည် မုတ်သားမှု ကျဉ်း၍ အမြင် ကျယ်သော ဝိပဿနာ ဖြစ်ပါသည်။

ပုထုဇဉ်ဖြဟ္မာကြီးတို့သည် ဤသို့ ဒုက္ခနှင့် သုခကို ခွဲခြား၍ စင်ကြယ်စွာ မမြင် မသိမှု အဝိဇ္ဇာကြောင့် မိမိတို့ ဖြဟ္မာဘဝကို သုခနိဗ္ဗာန်ဟု ထင်မှားကြ သဖြင့် သံသရာဝဋ်မှ လွတ်ခွင့် မရကြပေ။

ဤဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ-ဟု ဟုတ်မှန်စွာ မြင်သိမှုသည် ဖြစ်ခြင်း ရှိက ဒုက္ခဟု မသိသော အဝိဇ္ဇာကို ချုပ်စေ၏၊ ဖြစ်မှုချုပ်က နိဗ္ဗာန်ဟု မသိသော

အဝိဇ္ဇာကို ချုပ်စေနိုင်၏၊ ထိုသို့ ဟုတ်မှန်စွာ မြင်သိသောကြောင့် ခန္ဓာငါးပါး၌ ခင်တွယ်သော တဏှာလည်း ချုပ်ရလေတော့၏။

ယင်းသို့ အဝိဇ္ဇာ တဏှာ မူလ နှစ်ပါးကို လျှင်စွာ ချုပ်ငြိမ်းစေနိုင်သည့်ပြင် ပွါးများအားထုတ်မှု၌လည်း အလွန် လွယ်ကူခြင်းများကြောင့် ထို ဝိပဿနာကို သာမညဝိပဿနာဟု မမှတ်မယူဘဲ အထူးအလေးဂရုပြု၍ ပွါးများကြစေလိုပါသည်။

၁။ ပွါးများရန်မှာ – ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ။

ဥပ္ပါဒေါ၊ ခန္ဓာဇာတိဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဇရာ မရဏတို့ဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ ခန္ဓာဇာတိချုပ်ငြိမ်းခြင်းသည်။ သုခံ၊ ပျက်မှု မရှိသောကြောင့် ချမ်းသာ၏။ ဤ၌ ဒုက္ခ မရှိမှုကြောင့် နိဗ္ဗာန်ကို သုခဟု ဟောတော်မူ၏ ဟူလို။

၂။ တနည်း–ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ။

ဥပ္ပါဒေါ၊ ခန္ဓာဇာတိ ဖြစ်ရခြင်းသည်။ ဘယံ၊ အို-နာ-သေရေး အပါယ်ဘေးတို့နှင့် ရောစပ်သောကြောင့် အလွန် ကြောက်ဖွယ်ကောင်းသော ဘေးကြီးပေတည်း။ အနုပ္ပါဒေါ၊ ခန္ဓာဇာတိချုပ်ငြိမ်းရခြင်းသည်။ ခေမံ၊ အို-နာ-သေရေး အပါယ်ဘေးတို့မှ ကင်းသော နိဗ္ဗာန်ပေတည်း။ ဤ၌ အလုံးစုံသော ဘေးတို့ ကင်းလွတ်မှုကြောင့် နိဗ္ဗာန်ကို ခေမဟု ဟောတော်မူ၏။

၃။ တနည်း–ဇာတိ သံခါရာ၊ အဇာတိ နိဗ္ဗာနံ။

ဇာတိ၊ ဘဝသစ်၌ ဖြစ်ရခြင်းသည်။ သံခါရာ၊ ဥပါဒ် ဋ္ဌီ ဘင်ဖြင့် ပျက်တတ်သော သံခါရတရားတို့သာတည်း။ တနည်း–သံခါရာ၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် မပြတ်ပြုအပ်သော သံခါရဒုက္ခတို့သာတည်း။

အဇာတိ၊ တဖန် ဘဝသစ်၌ မဖြစ်ရခြင်းသည်။ ဝါ-အနုပ္ပါဒ နိရောဓအားဖြင့် တဖန် မဖြစ်မူ၍ ချုပ်ငြိမ်းရခြင်းသည်။ နိဗ္ဗာနံ၊ သန္တိလက္ခဏာရှိသော နိဗ္ဗာန်ပေတည်း။ ဤ၌ သံခါရဇာတိ ချုပ်မှုကြောင့် အဇာတိကို နိဗ္ဗာန်ဟု ဟောနေတော်မူ၏။

ဤ ဝိပဿနာမှ ယပါးသော ဝိပဿနာတို့မှာ ဒုက္ခနှင့် သုခကို တနည်း– ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကို စပ်၍ မပြသောကြောင့် ဝိပဿနာကို ပွါးသဖြင့်

သခ်ါရတရားတို့၌ ငြီးငွေ့သော်လည်း နိဗ္ဗာန်ကို အာရုံမပြုတတ်သဖြင့် **မဂ်ကိစ္စ** မပြီးဘဲ အချိန်ကုန်တတ်ပါ၏ ဟူလို။

## မဂ်ကိစ္စ ပြီးပုံ

မဂ်ကိစ္စပြီးပုံကို ပြဦးအံ့ – အဘယ်ကဲ့သို့ မဂ်ကိစ္စ ပြီးပါသနည်း ဟူငြားအံ့ – **ဖြစ်လျှင် ဒုက္ခ ချုပ်မှ သုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှုမဂ်ကိစ္စ** – ဟူသော ကဿာအရ ချုပ်ခြင်းကား ဝါ-ချုပ်သော သဘောကား နိဗ္ဗာန်ပင်တည်း၊ ထိုသဘောကို အာရုံပြုခြင်းကား အာရမ္မဏိက မဂ်စိတ်တည်း၊ ထိုစိတ်ဖြင့် ချုပ်မှုကို နှစ်သက်လျှင် ဝါ-ဖြစ်ချင်မှုကို ပယ်စွန့်လျှင် တဏှာပယ်မှု, နိဗ္ဗာန်အာရုံပြုမှု, မဂ္ဂသစ္စာပွါးမှု ကိစ္စများ ပြီးသဖြင့် သောတာပန်စသည်တည်း၏ ဟူလို။

ဤ ဝိပဿနာနှင့်ပင် သောတာပတ္တိမဂ်မျှမက အရဟတ္တမဂ်သို့ တက်ရောက်နိုင်၏ဟု အဋ္ဌကထာ၌ မိန့်ဆိုချက်များ ရှိပါသည် ဟူလို။

ဂုဏ်ထူးဝိသေသရှိသော ဝိပဿနာများ ပြဆိုပုံ
ဤတွင် ပြီးပြီ။

---

## ပုထုဇဉ်စိတ်နှင့် အရိယာတို့၏စိတ် ခြားနားပုံ

ပုထုဇဉ်တို့မှာ မိမိခန္ဓာကို အားထားကြ၏၊ အရိယာမူကား ခန္ဓာ၌ **အား** ထားစရာ အနှစ်အသား မရှိမှုကို မြင်သိ၏၊ ထို့ကြောင့် ငြီးငွေ့ကြ၏။

ပုထုဇဉ်တို့၏ ခန္ဓာ၌ မရောင့်ရဲနိုင်သော လောဘ,မခံချင်မှု ဟူသော ဒေါသ, မသိမလိမ်မာမှုဟူသော မောဟတို့၏သာ အားကြီးလွှမ်းမိုးခြင်း ခံနေကြရတော့၏။ ဥပမာ – ဝါးပင် ပေပင် ကျူပင် ငှက်ပျောပင်ကို မိမိ၏အသီးက သတ်သကဲ့သို့ ထိုအတူ လောဘ ဒေါသ မောဟတို့၏ မိမိ မှီရာခန္ဓာကို အပါယ်လေးပါးသို့ ချခြင်း, အိုနာသေရေး ဒုက္ခဘေးဟူသော ဇာတိကန္တာရ ဇရာကန္တာရ မရဏကန္တာရဟူသော သံသရာကန္တာရတို့မှ မလွတ်နိုင်အောင် နှိပ်စက်ခြင်းကိုသာ ခံ၍ နေရလေတော့၏။

**လက်ာ။** ။ကိုယ့်ကိုယ် ကိုယ်ဖျက် သံချေးတက် အသ ားလောက်ထွက်။

ကိုယ့်စိတ် ကိုယ်မယုံရသော တရားဟူသည်တွင် ပုထုဇဉ်တို့၏ခန္ဓာကိုယ်ကိုပင် မှတ်ဖို့ပါပဲ။ အဘယ့်ကြောင့်နည်းဆိုခဲ့လျှင် လောဘ ဒေါသ မောဟတို့နှင့် ယှဉ်၍ အပါယ်သို့ ချခြင်း သံသရာ ရှည်စေခြင်းတို့ကို ဖြစ်စေတတ်သောကြောင့်တည်း။

**ပုထုဇဉ်တို့ သန္တာန်၌ လောဘ ဒေါသ မောဟ လွှမ်းမိုးနေပုံ ဥပမာဂါထာ**

လောဘော ဒေါသော စ မောဟော စ၊ ပုရိသံ ပါပစေတသံ။
ဟိံသန္တိ အတ္တသမ္ဘူတာ၊ တစသာရံဝ သဖလံ [၁]။

တစသာရံ၊ ဝါးပင် ပေပင် ကျူပင်ကို။ သဖလံ၊ မိမိ ဝါးသီး ပေသီး ကျူသီးသည်။ ဟိံသတိ ဣဝ၊ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်လေသကဲ့သို့။ သာသနေ၊ သာသနာတော်၌။ ပါပစေတသံ၊ ယုတ်မာသော နှလုံးသွင်းရှိသော။ ပုရိသံ၊ ပုထုဇဉ်သတ္တဝါကို။ လောဘော စ၊ လောဘသည်၎င်း။ ဒေါသော စ၊ ဒေါသသည်၎င်း။ မောဟော စ၊ မောဟသည်၎င်း။ အတ္တသမ္ဘူတာ၊ ကိုယ်တွင်းသန္တာန်၌ သံသရာ ဘဝအဆက်ဆက်က မပြတ် ညှဉ်းပန်း နှိပ်စက် ဖျက်ဆီး၍ လာကုန်သော။ ဣမေ တယော ပစ္စတ္တိကာ၊ ဤ ရန်သူကြီး ၃-ယောက်တို့သည်။ ဟိံသန္တိ၊ မိမိခန္ဓာကိုယ်ကို ဖျက်ဆီး၍ နေကုန်၏။

ထို့ကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာကို လျင်စွာ ဖြုတ်၍ ဇာတိချုပ်တဲ့ နိဗ္ဗာန်သို့ ရောက်နိုင်သော အရိယာအဖြစ်သို့ ရောက်တဲ့အောင် အစွမ်းရှိသလောက် အားထုတ်သင့်ကြပေသည် ဟူလို။

အရိယာခန္ဓာမှကား ကိုယ့်စိတ် ကိုယ်အစိုးရ၏၊ အပါယ်ကျကြောင်း သံသရာ ကျင်လည်ကြောင်းတို့ကို မပြု မလုပ်တော့ပြီ၊ ထို အရိယာခန္ဓာကို လျင်စွာ ရရှိလိုက ဇာတိ ဒုက္ခ၊ အဇာတိ သုခံ [၂]-စသော ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်အရ ကျက်မှတ်၍ နေ့ညမပြတ် ပွါးများကြပါကုန်။

---

၁။ ဣတိဝုတ်ပါဠိ၊ နှာ-၂၂၆။ ၂။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃။

ဇာတိ၊ ပဋိသန္ဓေ နေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။ အဇာတိ၊ ခန္ဓာဇာတ်
အသစ်မဖြစ်မူ၍ ဘုရား ရဟန္တာတို့ကဲ့သို့ ပရိနိဗ္ဗာနစုတိ၌ အကြွင်းမဲ့ ချုပ်ငြိမ်း
ရခြင်းသည်။ သုခံ၊ ချမ်းသာ၏။

## သောတာပန်၏ အဓိပ္ပါယ်လင်္ကာ

သောတာပတ္တိမဂ္ဂဉာဏ်။
သိမှား မှတ်မှား ဝပ်မှား အယူမှားတို့ ကုန်ငြားဖလံ။
ပါယ်ဘေးကင်းဘိ သုဂတိ၌ မြဲသည့်သတ္တ။
သတ္တဘဝ မလွန်ရ ရောက်တ အရဟတ္တံ။
ဤသို့ တည်ထ ပုဂ္ဂလ မှတ်ကြ သောတာပန်။
ပုထုဇဉ်နှင့် အရိယာ စိတ်သဘောချင်း ခြားနားပုံ ပြဆိုချက်
ဤတွင် ပြီးပြီ။

---

## ပစ္စဝေက္ခဏာဉာဏ်ဖြင့် ချိန်ထိုးနည်း

မိမိ၌ ယုံမှားခြင်း ကင်း မကင်း, ယုံမှားမှု ရှိမရှိကို မိမိ၏ ပစ္စဝေက္ခဏာဉာဏ်
ဖြင့် ချိန်ထိုးကြည့်နည်းကား—

၁။ ဆံပင် မွေးညင်းစသော ပထဝီဓာတ် ၂၀၊ သည်းခြေ သလိပ်စသော
အာပေါဓာတ် ၁၂၊ သန္တပ္ပနစသော တေဇောဓာတ်လေးပါး၊ ဥဒ္ဓင်္ဂမ, အဓောဂမ
စသော ဝါယောဓာတ် ၆-ပါး ဟူသော ခက်မာ ဖွဲ့စေး ပူအေး ထောက်ကန်
သဘာဝလက္ခဏာရှိသော ရုပ်, မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ်၊
သုခ ဒုက္ခကို ခံစားတတ်သော ဝေဒနာ၊ အမှတ်ပြု၍ သိတတ်သော သညာ၊
အဆိုးအကောင်းစသည် ပြုပြင်တတ်သော သင်္ခါရက္ခန္ဓာ၊ အာရုံကိုသိတတ်သော
ဝိညာဏက္ခန္ဓာ၊ ဤသို့ ခန္ဓာငါးပါးတို့သည် ဥပါဒ်ဖြင့် ဖြစ်ပြီးနောက် ဌီ ဘင်
ဇရာ မရဏတို့ဖြင့် ပျက်ကုန်၏၊ ထို့ကြောင့် ခန္ဓာငါးပါးသည် စင်စစ် အနိစ္စ
တရားသာတည်း။

၂။ မပျက်ဘဲ မြဲစေရန် မည်မျှလောက်ပင် ဆန္ဒရှိကြသော်လည်း မည်သူမျှ မည်သည့်တရားကမျှ မြဲစေရန် အစိုးမရ၊ ထို့ကြောင့် ခန္ဓာ ၅-ပါးသည် အနတ္တ သာတည်း။

၃။ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၌ ဒုက္ခာဟု ဟောတော်မူသည့်အတိုင်း သုခ သောမနဿ ဝေဒနာပင် ဖြစ်ဦးတော့ ဖြစ်ပြီးနောက် လျှပ်စစ်ကဲ့သို့ ရေပွက်ကဲ့သို့ ချုပ်ပျောက်၏၊ ထို့ကြောင့် သုခမရှိ ပုဂ္ဂိုလ်မရှိ ပရမတ္ထအားဖြင့် ဒုက္ခ သစ္စာသာတည်း။

၄။ အမှန် မသိမှု အဝိဇ္ဇာ လိုချင်တပ်မက်မှု တဏှာ အမြင်အယူမှားမှု ဒိဋ္ဌိဟူသော အတိတ် ကိလေသဝဋ္ဋ, ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော ကမ္မဝဋ္ဋ တို့ကြောင့် ပစ္စုပ္ပန်မှာ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော ဝိပါက ခန္ဓာ ၅-ပါး ဖြစ်၏၊ ဤ၌ သတ္တဝါဖြစ်မှုမဟုတ်။ ထို့ပြင် ကာမတဏှာ ရူပတဏှာ စသည့် ပစ္စုပ္ပန်ကိလေသဝဋ္ဋကြောင့် သားမယားရှာမှု ပစ္စည်းဥစ္စာ ရှာမှုစသော မရေမတွက်နိုင်သော အနန္တ ဒုက္ခတွေ ဖြစ်နေကြ၏။ ဤ၌လည်း ပရမတ္ထအားဖြင့် ပစ္စုပ္ပန် သမုဒယကြောင့် ပစ္စုပ္ပန်မှာ ဒုက္ခဖြစ်နေကြ၏၊ ဤ၌ ဒုက္ခ၏ သမုဒယသာတည်း၊ ပုဂ္ဂိုလ် သတ္တဝါ၏ သမုဒယမဟုတ်။

၅။ အကြင်အခါ၌ သူတော်ကောင်းတရား ကြားနာရသဖြင့် သမ္မာဒိဋ္ဌိ ဝိပဿနာဖြင့် ရုပ် နာမ် ခန္ဓာတို့၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကိုရှုသဖြင့် တဏှာချုပ်၏၊ ယင်းသို့ တဏှာ ချုပ်ကလည်း ဘဝဇာတိ ချုပ်သဖြင့် ဒုက္ခ နိရောဓကို မျက်မှောက်ပြုနိုင်၏၊ ဤ ဇာတိနိရောဓ၌လည်း ဘုရား ရဟန္တာ ပုဂ္ဂိုလ်အနေဖြင့် ချုပ်မှုမဟုတ်၊ ဒုက္ခ၏တည်ရာ ခန္ဓာနိရောဓသာတည်း။

၆။ ထိုဒုက္ခ သမုဒယ နိရောဓ တို့ကို သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် မြင်သိ၍ ဇာတိ ချုပ်သော သဘောကို နှစ်သက်သော မဂ်စိတ္တုပ္ပါဒ်သည် မဂ္ဂသစ္စာသာတည်း၊ တနည်း–အဖြစ်ရှိ၍ အပျက်လာ မဖြစ်ပါလျှင် ပျက်ခွင့်မရှိ–ဟု ဆိုသော ကြောင့် တဖန် မဖြစ်လိုတော့ပါဟု ပယ်လိုက်သော ဆန္ဒရာဂ ပဟာနသည် မဂ္ဂသစ္စာမည်၏။ ဤသို့ ကိုယ်တွေ့ မြင်သိလျှင် အဘယ်မှာလျှင် ယုံမှားခြင်း ရှိတော့အံ့နည်း၊ ယုံမှားပယ်မှု ဆိုသည်တွင် ဤသို့ ကိုယ်တွေ့ မြင်သိမှုကိုပင် မှတ်ဖို့ပါပဲ။

## စောဒက တက်ခဲ့သော် ဖြေပုံ

၇။ ဤသို့ မိမိ၏ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကောင်းစွာ ဆုံးဖြတ်ပြီး နောက် သူတပါးတို့က ခန္ဓာဟာ မြဲပါသည်၊ အနိစ္စမဟုတ်ပါ၊ မွေးကတဲ့က အသက်သေမှ ပျက်ပါသည်။

၈။ ထိုပြင် မိမိတို့ အသီးအသီး အလိုရှိရာ သွားလာ လုပ်ကိုင် ပြောဆို နိုင်သောကြောင့် မိမိကိုယ်ကို မိမိတို့ အစိုးရသော ကိုယ်ပိုင် အတ္တ မှန်ပါသည်၊ အနတ္တမဟုတ်ပါ၊ ကိုယ့်မှာရှိသောကြောင့် မည်သူ့ပစ္စည်းမျှ မဖြစ်နိုင်ပါ။

၉။ ဇာတိချုပ်သော နိဗ္ဗာန်သဘောမရှိပါ၊ သတ္တဝါသေလျှင် သတ္တဝါ ဖြစ်ပါသည်၊ တနည်း–သတ္တဝါသေလျှင် ဘဝမရှိ၊ပြတ်ပါသည်၊ဤသို့ စသည်ဖြင့် သူတပါးတို့က ဆင်ခြေ တက်ခဲ့သော်လည်း မိမိစိတ်မှာ တုန်လှုပ်ခြင်းမရှိ၊ ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့သော စိတ်ရှိသည် ဖြစ်၍ ၎င်းတို့ ပြောဆို ကြသော အယူဝါဒ စသည်တို့မှာ သစ္စာကို မမြင် မသိမှုကြောင့်သာ ယူမှား မှတ်မှား ရှိကြလေသည်၊ စင်စစ်သော်ကား မိမိ၏ သစ္စဉာဏ် အမြင်သာလျှင် မှန်၏ဟု မိမိ၏ မြင်သိ ဆုံးဖြတ်မှုတို့၌ ယုံမှားမှု မဖြစ်ခဲ့လျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ နုသယ ချုပ်ပြီ၊ သောတာပန် တည်ပြီဟု ဝမ်းမြောက်အပ်၏ ဟူလို။

ဥပါသကာ ဥပါသိကာ သောတာပန် ပုဂ္ဂိုလ်တို့၏ သီလမှာ ငါးပါးသီလ လုံရမည်၊ ဒိဋ္ဌိကင်းသောစိတ် ရှိရမည်၊ ဤသို့သော ကျင့်ဝတ်နှင့် ပြည့်စုံလျှင် သားမယားနှင့်ပင် နေသော်လည်း မဂ်အကျင့် မပျက်ပါ ဟူလို။

၁၀။ သောတာပန်တည်သော ပုဂ္ဂိုလ်၏ ရအပ်သော အကျိုးကား —

သောတာပတ္တိမဂ္ဂဉာဏံ။
သိမှား မှတ်မှား တပ်မှား အယူမှားတို့ ကုန်ငြားဖလံ။
ပါယ်ဘေးကင်းဘိ သုဂတိ၌ မြဲသည့်သစ္စံ။
သတ္တဘဝ မလွန်ရ ရောက်ထ အရဟတ္တံ။

သတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်တို့မှာ သစ္စာသိမြင်ရန် ဆရာရှာရန် မလိုပါ၊ ဖြစ်ရာ ဖြစ်ရာ ဘဝတို့၌ သစ္စဉာဏ် အမြဲပါသွားသောကြောင့် မိမိ ဘာသာပင်လျှင် အရဟတ္တမဂ်သို့ တက်နိုင်ပါသည် ဟူလို။

၁၁။ ပုထုဇဉ် အဖြစ်နှင့် သေခဲ့သော် ပုထုဇ္ဇနော နာနာသတ္တာရမုခံ ဥလ္လောကေသိ ဟူသော ကထာအရ ရောက်ရာဘဝတို့၌ သစ္စာကိုသိလိုက ဆရာရှာရမှု ဒုက္ခရှိ၏၊ ဆရာရသော်လည်း ဒိဋ္ဌိဆရာများနှင့် ကြုံတွေ့နေက မဂ်ဖိုလ်မရသည့်ပြင် အပါယ်ကိုပင် ကျတတ်၏၊ ထို့ကြောင့် ဘုရားဆု ပစ္စေကဗုဒ္ဓဆု အဂ္ဂသာဝက မဟာသာဝက ဆုပန်မဟုတ်ခဲ့လျှင် ပကတိသာဝကဆုနှင့် ယခုသာသနာတော်မှာ အညံ့ဆုံး အနည်းဆုံး သောတာပန်ဖြစ်အောင် အားထုတ်သင့်ကြပေသည် ဟူလို။

၁၂။ မှတ်ယူလွယ်စေခြင်းငှါ–

တဏှာသမုဒယကြောင့် ဖြစ်ထ ဇာတိဒုက္ခ။

ယင်းသမုဒယ၌ ပဟာတဗ္ဗကိစ္စ ရှိ၏ဟု သိမှုဟုတ်မှန်။

မလိုချင်မှု ပယ်စွန့်မှုကလည်း ပြီးမှုတတန်။

ယင်းသို့ တဏှာပဟာန ကိစ္စပြီးခဲ့လျှင် အဘယ်မှာလျှင် သောတာပန်စသည် တည်ပြီးလော မတည်လေသလောဟု ယုံမှားဖွယ်ရှိနိုင်တော့အံ့နည်း၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ ဟု အနတ္တလက္ခဏသုတ်၌ ဟောတော်မူသည်မှာ ဤသို့ တဏှာမှ လွတ်သည်ကို လွတ်ပြီဟုသိသော ပစ္စဝေက္ခဏာ ဉာဏ်ကိုပင် မှတ်ဖို့ပါပဲ၊ ဤသို့ ပြည့်စုံက မိမိသည် သောတာပန်စသည် တည်ပြီဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ကြပါကုန် ဟူလို။

မိမိဉာဏ်အမြင်ကို ပစ္စဝေက္ခဏာဖြင့် ချိန်ထိုးကြည့်ပုံ ပြီးပြီ။

---

## မိမိသည် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီဟု ဆုံးဖြတ်နိုင်ပုံ

**မေး။** ။နိဗ္ဗာန်မျက်မှောက် ရောက်မရောက်အား ဆုံးဖြတ်ရန် မူလအခြေဉာဏ် ဘယ်သင်းပါလဲ။

**ဖြေ။** ။သမုဒယကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိဉာဏ် ဆုံးဖြတ်နိုင်ရန် အရင်းမူလ။ အဘယ့်ကြောင့်နည်း ဆိုခဲ့လျှင် သမုဒယချုပ်က ဇာတိချုပ်သော နိဗ္ဗာန်ကို မြင်သိနိုင်သောကြောင့်တည်း။

---

၁။ ခန္ဓဝဂ်သံယုတ်ပါဠိ၊ နှာ-၅၆။ ဝိနည်းမဟာဝါပါဠိ၊ နှာ-၂၀။

ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရားကိုယ်တိုင် ဝန်ခံတော်မူပုံမှာ တဏှာကြောင့် ဇာတိစသော ဒုက္ခဖြစ်၏၊ ယခု ထို တဏှာကို အရဟတ္တမဂ်ဖြင့် ပယ်ပြီးပြီ၊ ထို့ကြောင့် တဖန် ဘဝသစ်၌ မဖြစ်တော့ပြီ၊ ဤဘဝသည် အန္တိမ နောက်ဆုံး ဘဝဖြစ်ကြောင်းကို 'အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ'[၁] ဟူ၍ ပရိနိဗ္ဗာန် မပြုမီကပင်လျှင် ကြိုတင်၍ ပဉ္စဝဂ္ဂီ ၅-ဦးတို့အား ဝန်ခံတော်မူ၏ ဟူလို။

ထို့ကြောင့် မြတ်စွာဘုရားတပည့် အရိယာ ဥပါသကာ ဥပါသိကာတို့မှာ လည်း သစ္စာလေးပါး ယုံမှားကင်းသည်ဖြစ်၍ ဘဝတဏှာကိုလည်း ပယ်သည် ဖြစ်အံ့၊ အကယ်၍ အနုပါဒိသေသ နိဗ္ဗာန်ကိုပင် မရောက်သေးသော်လည်း သောတာပန်စသည်အဖြစ်ဖြင့် သဥပါဒိသေသနိဗ္ဗာန်ကို ရပြီးပြီဟု ကတညာဏ်ဖြင့် ဆုံးဖြတ်အပ်၏ ဟူလို။

အထူး သတိပြုတော်မူကြစေလိုသည်မှာ—သမုဒယကြောင့် ဇာတိစသော ဒုက္ခဖြစ်၏ဟု မသိလျှင် ဇာတိနိရောဓနိဗ္ဗာန် ရှိမှ ရှိပါလေ၏လောဟု ယုံမှားတတ် လေသည်၊ သမုဒယကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိခဲ့လျှင် သမုဒယကို မဂ်ဖြင့် ချုပ်စေက တဏှာ၏အကျိုး ဇာတိလည်း ချုပ်ရလေတော့၏ဟု မြင်သိနိုင်၏၊ ထို့ကြောင့် 'အတ္ထိ ဘိက္ခဝေ အဇာတံ နိဗ္ဗာနံ' ဟူသော ဥဒါန်းပါဠိတော်နှာ-၁၇၈ အရ အဇာတနိဗ္ဗာန်ရှိမှု၌ ယုံမှားကင်းလေတော့၏ဟူလို။

နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး မပြီး ယုံမှား
ပယ်ဖျောက်နည်း ပြီးပြီ။

---

**ဓမ္မသင်္ဂဏီအဋ္ဌကထာ နှာ-၂၃-၌ ပြသော သစ္စာ ၄-ပါးကို**
**အတ္ထ ဓမ္မဖြင့် ဝေဖန်၍ ရှုပုံ**

ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဟေတုဖလေ ဉာဏံ အတ္ထပဋိ-သမ္ဘိဒါတိ[၁]။

ဟေတုမှိ၊အကြောင်း၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ဓမ္မပဋိ-သမ္ဘိဒါ၊ အကြောင်း၌ သိသော ပဋိသမ္ဘိဒါမည်၏။

---

၁။ မဟာဝဂ်သံယုတ်ပါဠိ၊ နှာ-၃၇၀။ ဝိဘင်းပါဠိ၊ နှာ-၃၀၇။

ဟေတုဖလေ၊ အကြောင်း၏ အကျိုး၌။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌ သိသော ပဋိသမ္ဘိဒါမည်၏။ ဣတိ၊ ဤသို့ ဓမ္မ အတ္ထတို့ကို မှတ်အပ်၏။

ထိုအတ္ထ ဓမ္မတို့၏ ပြယုဂ်ကား—

> ဒုက္ခေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။ ဒုက္ခသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဒုက္ခနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ[1]။

၁။ ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ဝါ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ဟူသော ဒုက္ခ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌သိသော ပဋိသမ္ဘိဒါမည်၏။

၂။ ဒုက္ခသမုဒယေ၊ ဇာတိစသော ဒုက္ခ၏ အကြောင်းဖြစ်သော သမုဒယသစ္စာ၌။ ဝါ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဟူသော သမုဒယသစ္စာ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဒုက္ခ၏အကြောင်း၌ သိသော ပဋိသမ္ဘိဒါမည်၏။

၃။ ဒုက္ခနိရောဓေ၊ ဒုက္ခနိရောဓ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ တနည်း- ဒုက္ခနိရောဓေ၊ တဖန်မဖြစ်မူ၍ ချုပ်သော အနုပါဒိသေသ နိရောဓနိဗ္ဗာန်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌သိသော ပဋိသမ္ဘိဒါမည်၏။

ဤ၌ အနုပါဒိသေသနိဗ္ဗာန်ကို အကျိုး၌ထား၍ ဟော၏။ အဘယ့်ကြောင့်နည်းဟူမူကား မဂ်အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်တို့၏ ရအပ်သော အကျိုးနိဗ္ဗာန်ဟု သိစေခြင်းငှါ ပြ၏၊ ထိုမဂ်အကျင့်ကို ကျင့်စဉ်က အာရုံပြုသောနိဗ္ဗာန်ကိုမူကား ပကတိသဘောအားဖြင့် ရှိနေသော အသင်္ခတ အနုပ္ပါဒ အပဝတ္တစသည်ကို မှတ်အပ်၏၊ ဤသည်တို့ကား မဂ်၏အကျိုး နိဗ္ဗာန်မဟုတ် ဟူလို။

---

၁။ ဝိဘင်းပါဠိ၊ နှာ-၃၀၇။

ဤသို့အားဖြင့် မဂ်၏ အကျိုးဖြစ်သော နိဗ္ဗာန်နှင့် မဂ်၏ အာရုံဖြစ်သော နိဗ္ဗာန်တို့ကို ခွဲခြား၍ သိအပ် မှတ်အပ်၏၊ သို့ရာတွင် မူလအာရုံ နိဗ္ဗာန်နှင့် မဂ်အကျင့်ကြောင့် ရောက်သောနိဗ္ဗာန် အနက်သဘော အတူတူပင် ဟူလို။

၄။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ ဒုက္ခချုပ်ကြောင်း သမ္မာဒိဋ္ဌိစသော မဂ်အကျင့်၌ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဒုက္ခချုပ်ကြောင်း၌ သိသော ပဋိသမ္ဘိဒါ မည်၏။

## အဓိပ္ပါယ် အထူး

၅။ ဤသို့ ဓမ္မ အတ္ထ အားဖြင့် အကြောင်းကြောင့် အကျိုးဖြစ်၍ နေပုံ အကြောင်းချုပ်က အကျိုးချုပ်ပုံကို မြင်သိပါက, တနည်း–အဝိဇ္ဇာပစ္စယာ ဟူသော ပဋိစ္စသမုပ္ပါဒကြောင့် ပဋိစ္စသမုပ္ပန္နဟူသော အကျိုးသင်္ခါရ ဖြစ်၍နေပုံ တနည်း–ဖဿဟူသော ပဋိစ္စသမုပ္ပါဒကြောင့် ဝေဒနာဟူသော အကျိုးပဋိစ္စ-သမုပ္ပန္န ဖြစ်၍နေပုံ ဖဿဟူသော အကြောင်းချုပ်က ဝေဒနာဟူသော အကျိုးချုပ်ရပုံကို မြင်သိပါက,လောက၌ သတ္တဝါဖြစ်ပျက်နေမှုမဟုတ်၊ အကြောင်းကိုစွဲ၍ အကျိုးဒုက္ခသစ္စာဖြစ်၍နေမှုကိုငင်း အကြောင်းသမုဒယချုပ်က အကျိုးဒုက္ခသစ္စာ ချုပ်မှုကိုငင်း မြင်သိပါက ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ သိက္ခာယ ကင်္ခတိ၊ ပုဗ္ဗန္တေ ကင်္ခတိ၊ အပရန္တေ ကင်္ခတိ၊ ပုဗ္ဗန္တာ အပရန္တေ ကင်္ခတိ၊ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ-ဟူသော ရှစ်ပါးသော ဝိစိကိစ္ဆာနှင့် အဟံ နုခေါ အသ္မိ၊ နောနုခေါ အသ္မိ=ငါဟုတ်လေသလော မဟုတ်လေသလော စသော ၁၆-ပါးသော ယုံမှားခြင်းတို့ ချုပ်ငြိမ်းနိုင်ရကား အနည်းဆုံး အောက်ဆုံး ဖြစ်သော သောတာပတ္တိဖိုလ်သို့ ရောက်နိုင်ပါသည် ဟူလို။

အဓိပ္ပါယ် အထူးမူကား သမုဒယကြောင့် ခန္ဓာ ၅-ပါးဟူသော ဒုက္ခသစ္စာ ဖြစ်၏၊ သမုဒယချုပ်က ခန္ဓာငါးပါးချုပ်၏၊ ဤ၌ ပုဂ္ဂိုလ် သတ္တဝါတို့၏ ဖြစ်မှု ချုပ်မှု မဟုတ်ဟု ရှုအပ်၏ ဟူလို။

၆။ ထို အတ္ထ ဓမ္မ၊ တနည်း- ဓမ္မ အတ္ထတို့ကို စာတွေ့မဟုတ်၊ ကိုယ်တွေ့ဉာဏ်တွေ့အားဖြင့် သုံးသပ်နိုင်ခြင်းငှါ ပြဦးအံ့—

ဇရာမရဏေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဇရာမရဏသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဇရာမရဏနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဇရာမရဏ-နိရောဓ-ဂါမိနိယာ ပဋိပဒါယ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ [၁]။

ဇရာမရဏေ၊ ဇရာမရဏဒုက္ခ၌။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ ဇာတိ၏ အကျိုးတရား၌သိသော ပဋိသမ္ဘိဒါမည်၏။ ဇရာမရဏ သမုဒယေ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိ၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဇရာမရဏ၏ အကြောင်း၌သိသော ပဋိသမ္ဘိဒါမည်၏။ ဇရာ-မရဏနိရောဓေ၊ ဇရာမရဏ ချုပ်ခြင်းဟူသော ဒုက္ခနိရောဓ၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုး၌သိသော ပဋိသမ္ဘိဒါမည်၏။ ဇရာမရဏ-နိရောဓဂါမိနိယာ ပဋိပဒါယ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိကို ချုပ်စေတတ်သော မဂ်အကျင့်၌။ ဉာဏံ၊ သိသော ဉာဏ်သည်၊ ဓမ္မပဋိသမ္ဘိဒါ၊ ဇရာမရဏ ချုပ်ကြောင်း အကျင့်၌ သိသော ပဋိသမ္ဘိဒါ မည်၏။

ဤသို့ ကိုယ်တွေ့ ရှုမြင်ပါလျှင် ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်ကိုပင် လက်ငင်းမျက်မှောက် မပြုနိုင်သေးသော်လည်း ခန္ဓာအကြွင်းရှိသော သဉပါဒိသေသနိဗ္ဗာန်ကို ရပြီးပြီဟု ဆုံးဖြတ်နိုင်တော့၏၊တစုံတရာ ယုံမှားမှု မရှိတော့ပြီ ဟူလို။

အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ ၂-ပါး
အကျဉ်း ပြဆိုပုံ ပြီးပြီ။

## သစ္စာ ၄-ပါးကို ဓမ္မဝဝတ္ထာန်ဖြင့် ၅-ဌာန ပိုင်းခြားပုံ

ဣမေ ဓမ္မာ အဘိညေယျာ၊ ဣမေ ဓမ္မာ ပရိညေယျာ၊ ဣမေ ဓမ္မာ ပဟာတဗ္ဗာ၊ ဣမေ ဓမ္မာ သစ္ဆိကာတဗ္ဗာ၊ ဣမေ ဓမ္မာ ဘာဝေတဗ္ဗာတိ-

ဟူ၍ ၅-ဌာန ပိုင်းခြားအပ်၏။

၁။ ဣမေ ဓမ္မာ၊ ဒုက္ခအရိယသစ္စာ ဒုက္ခသမုဒယအရိယသစ္စာ ဒုက္ခနိရောဓ အရိယသစ္စာ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ-ဤသစ္စာ ၄-ပါးတို့သည်။ အဘိညေယျာ၊ ထူးသော မဂ်ဉာဏ်ဖြင့် သိအပ်သော တရားတို့သာတည်း။

---

[၁]။ ဝိဘင်းပါဠိ၊ နှာ-၃၀၀။

၂။ ဣလမေ ဓမ္မာ၊ ဤ ဥပ္ပါဒေါ ဒုက္ခံ၊ ပဝတ္တံ ဒုက္ခံ စသော ပါဠိဖြင့် ဖြစ်ခြင်း ရှိသမျှ သင်္ခါရတရားတို့သည်။ ပရိညေယျာ၊ ဒုက္ခသစ္စာသာ တည်းဟု ပိုင်းခြား၍ သိအပ်သော ကိစ္စရှိသော တရားတို့သာတည်း။

၃။ ဣလမေ ဓမ္မာ၊ ဤ ကာမတဏှာ ဘဝတဏှာ ရူပတဏှာ စသော လောဘ စေတသိက်တို့သည်။ ဝါ၊ လိုချင်တပ်မက်မှုတို့သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်သော ကိစ္စရှိသော တရားတို့သာတည်း။

၄။ ဣလမေ ဓမ္မာ၊ ဤ အနုပ္ပါဒေါ သုခံ၊ အပဝတ္တံ သုခံ၊ အဇာတိ သုခံ စသော ပဋိသမ္ဘိဒါမဂ်ပါဠိ နှာ-၁၃၊ ၅၇-အရ တနည်း–အတ္ထိ ဘိက္ခဝေ အဇာတံ နိဗ္ဗာနံ ဟူသော ဥဒါန်းပါဠိတော် နှာ-၁၇၇ အရ ဖြစ်ခြင်းမရှိသော အဇာတသဘော တို့သည်။ဝါ-တဏှာချုပ်ငြိမ်းမှုတို့သည်။သစ္ဆိကာတဗ္ဗာ၊မျက်မှောက်ပြုအပ်သော ကိစ္စရှိသော တရားတို့သာတည်း။

၅။ ဣလမေ ဓမ္မာ၊ ဤ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ရှစ်ပါးတို့သည်။ ဘာဝေတဗ္ဗာ၊ ပွါးအပ်သော ကိစ္စရှိသော တရားတို့သာတည်း။

ဣတိ၊ ဤသို့ သစ္စာတို့ကို အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ သစ္ဆိကာတဗ္ဗ ဘာဝေတဗ္ဗတို့ဖြင့် ၅-ဌာန ဝေဖန် ပိုင်းခြားအပ်ကုန်၏။ အဓိပ္ပါယ်ကား – သစ္စာ ၄-ပါးကို သိအပ်၏၊ ထို သစ္စာ ၄-ပါးတို့ ကိစ္စအသီးအသီးကိုလည်း ပိုင်းခြား၍ သိအပ်၏ ဟူလို။

သစ္စာ ၄-ပါးကို ၅-ဌာန ပိုင်းခြားပုံ ပြီးပြီ။

---

### သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်တို့၏ အဓိပ္ပါယ်

၁။ **သစ္စဉာဏ်**–ဟူသည် ဓမ္မဝဏ္ဏာနှင့် ပြသည့်အတိုင်း သစ္စာ ၄-ပါး သိမှု ပင်တည်း။

၂။ **ကိစ္စဉာဏ်**–ဟူသည် သိ-ပယ်-ဆိုက်-ပွါး အရ ဒုက္ခသစ္စာ၌ သိမှုကိစ္စ သမုဒယသစ္စာ၌ ပယ်မှုကိစ္စ ဒုက္ခနိရောဓသစ္စာ၌ မျက်မှောက်ပြုမှုကိစ္စ မဂ္ဂသစ္စာ၌ ပွါးမှုကိစ္စ၊ ဤသို့ ကိစ္စအသီးအသီးကို သိမှုပင်တည်း။

၃။ **ကတဉာဏ်**–ဟူသည် သစ္စာ ၄-ပါးကို ပြုအပ်သော ကိစ္စရှိသည့်အတိုင်း ပြုပြီးပြီ၊ ဝါ-ဥပ္ပါဒေါ ဒုက္ခံ ဟူသော ပါဠ်အရ ဖြစ်ခြင်းရှိသမျှ ရုပ်နာမ်တို့ကို ဒုက္ခဟု သိအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီ၊ ဘဝတဏှာကို ပယ်အပ်သော ကိစ္စရှိသည့်အတိုင်း ပယ်ပြီးပြီ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်သော ကိစ္စရှိသည့်အတိုင်း မျက်မှောက်ပြုပြီးပြီ၊ မဂ္ဂသစ္စာကို ပွါးအပ်သော ကိစ္စရှိသည့် အတိုင်း ပွါးပြီးပြီ။ ဤသို့ ကိစ္စပြီးသည်ကို ပြီးပြီဟု သိခြင်းပင်လျှင် ကတဉာဏ် မည်၏ ဟူလို။

မြတ်စွာဘုရားသည် ဓမ္မစကြာပါဠိတော်၌ ဤသို့ ကိစ္စပြီးသည်ကို ပြီးပြီဟု ကတဉာဏ်ဖြင့် လူ နတ် ဗြဟ္မာတို့အား ဝန်ခံတော်မူ၏။

**ဝန်ခံတော်မူပုံ**။ ။ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ[၁]။

ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ ဒုက္ခသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ၃-ပါး, သမုဒယသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ၃-ပါး, နိရောဓသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ၃-ပါး, မဂ္ဂသစ္စာ၌ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ၃-ပါး၊ ပေါင်း ၃-ပါး လေးလီအားဖြင့် ၁၂-ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်းဖြစ်သော။ သုဝိသုဒ္ဓံ၊ စင်ကြယ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ အဟောသိ၊ ဖြစ်ပြီ။

ဤသို့ ပဉ္စဝဂ္ဂီ ၅-ဦးတို့နှင့်တကွ နတ် ဗြဟ္မာတို့အား ဝန်ခံတော်မူ၏ ဟူလို။ ထို့ကြောင့် တပည့်သာဝက ဥပါသကာ ဥပါသိကာတို့မှာလည်း ဤသို့ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်နှင့် ပြည့်စုံပါက ပြည့်စုံပြီဟူ၍ ပစ္စဝေက္ခဏာဉာဏ် ၎င်းကြ ပါကုန်၊ ဤသို့ ကတဉာဏ် မရှိက စင်ကြယ်ရာ မရောက် ဟူလို။

ဥပမာ–ရဟန်းပြုသောပုဂ္ဂိုလ်သည် မိမိသည် ဥပသမ္ပဒကံဖြင့် ရဟန်းဖြစ်ပြီဟု သိအပ်၏၊ ထို ရဟန်းသည်ကား ကိလေသာ ပယ်သတ်ရန် ကိစ္စရှိ၏ဟု မိမိကိစ္စ တာဝန်ကို သိအပ်၏၊ ထိုတာဝန်အတိုင်း ကိလေသာပယ်သတ်ပြီးကလည်း ထို တာဝန်ကိစ္စ ပြီးပြီဟု သိအပ်၏။

---

၁။ မဟာဝဂ်သံယုတ်ပါဠိ၊ နှာ-၃၇၀။

ဤသို့ သိသော ပစ္စဝေက္ခဏာဉာဏ်သမာဓိ ဖြစ်ပြီးနောက် ဘဝင်ကျလေတော့၏၊ တုန်လှုပ်ယိမ်းယိုင် ပျက်ကွက်မှု မရှိနိုင်တော့ပြီ၊ ကျောက်စာတိုင်ကဲ့သို့ တုန်လှုပ်ခြင်း မရှိသော သမာဓိကို ရလေတော့၏ ဟူလို။

## သစ္စ ကိစ္စ ကတဉာဏ် ၁၂-ပါး

၁-ရှေးအခါက ဒုက္ခကို ဒုက္ခဟု စင်ကြယ်စွာ မသိခဲ့ပေ၊ ယခု ဥပ္ပါဒေါ ဒုက္ခံ ဟူသော ပါဠိအရ ဒုက္ခကို စင်ကြယ်စွာ သိပြီ၊ ၂-ထိုဒုက္ခ၌ သိအပ်သော ကိစ္စ ရှိ၏ဟု ရှေးက မသိ၊ ယခု သိပြီ၊ ၃-သိအပ်သည့်အတိုင်း သိပြီးပြီ။

၄-ရှေးအခါက သမုဒယကို သမုဒယဟု မသိပေ၊ ယခု ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာကို သမုဒယဟု သိပြီ၊ ၅-ထို သမုဒယကို ပယ်အပ်သော ကိစ္စ ရှိသည်ကို ရှေးက မသိ၊ ယခု သိပြီ၊ ၆-သိသည့်အတိုင်း ပယ်ပြီးပြီ။

၇-ရှေးအခါက နိဗ္ဗာန်ကို နိဗ္ဗာန်ဟု မသိပေ၊ ယခု တဏှာ ၃-ပါးတို့၏ ချုပ်ရာ အဇာတ အနုပ္ပါဒသဘောကို နိဗ္ဗာန်ဟုသိပြီ၊ ၈-ထိုနိဗ္ဗာန်ကို မျက်မှောက် ပြုအပ်သော ကိစ္စရှိ၏ဟု ရှေးက မသိ၊ ယခု သိပြီ၊ ၉-သိသည့်အတိုင်း တဏှာ ချုပ်ခြင်းကို မျက်မှောက် ပြုပြီးပြီ။

၁၀-ရှေးအခါက မဂ္ဂသစ္စာကို မဂ္ဂသစ္စာဟု မသိပေ၊ ယခု သမ္မာဒိဋ္ဌိ စသော အင်္ဂါရှစ်ပါးရှိသော မဂ်ကို သိပြီ၊ ၁၁-ထို မဂ်ကို ပွါးအပ်သော ကိစ္စရှိ၏ဟု ရှေးက မသိ၊ ယခု သိပြီ၊ ၁၂-သိသည့်အတိုင်း ပွါးပြီးပြီ။

ဤသို့ ကိစ္စပြီးသည်ကို ပြီးပြီဟု သိအပ်၏ ဟူလို။

**မဂ်ကိစ္စ ၁၆-ချက်။** ။မဂ်ကိစ္စ ၁၆-ချက်ကား သောတာပတ္တိမဂ်၌ ဒုက္ခသစ္စာကို သိခြင်းကိစ္စ သမုဒယသစ္စာ တဏှာကို ပယ်ခြင်း ကိစ္စ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ကိစ္စ မဂ္ဂသစ္စာကို ပွါးခြင်း ကိစ္စ၊ ဤသို့ သောတာပတ္တိမဂ်၌ ၄-ပါး၊ သကဒါဂါမိမဂ်၌ ၄-ပါး၊ အနာဂါမိမဂ်၌ ၄-ပါး၊ အရဟတ္တမဂ်၌ ၄-ပါး၊ ပေါင်း ၁၆-ပါး ဖြစ်၏ ဟူလို။

## ကိုယ့်အတယ်နှင့် ကိုယ်ပတ်၍ နေပုံ ကိုယ့်အတပ်ကို ဖြေက ကိုယ့်အပတ် ပြေပုံ

ပုထုဇဉ် လူ နတ် ဗြဟ္မာတို့မှာ ကိုယ့်အတပ်နှင့် ကိုယ်ပတ်သဖြင့် သံသရာမှ မလွတ်ပုံ အရိယာတို့မှာ ကိုယ့်အတပ်ကို ဖြေသောကြောင့် ကိုယ့်အပတ် ပြေသဖြင့် သံသရာမှ လွတ်မြောက်ပုံများကို ကိုယ်တွေ့ ရှုပါက သစ္စာ ၄-ပါး၌ရင်း နိဗ္ဗာန်ရှုပုံ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပုံများ၌ရင်း ယုံမှားကင်းနိုင်ပါသည်။

ကိုယ့်အတပ်နှင့်ကိုယ့်ပတ်ပုံ အဓိပ္ပါယ်ကား–အတိတ် သမုဒယတဏှာကြောင့် ပစ္စုပ္ပန်မှာ ခန္ဓာ ၅-ပါး ဖြစ်၏၊ ဝါ-ဇာတိစသော ဒုက္ခ ဖြစ်၏၊ ထို ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော ဝိပါကဒုက္ခခန္ဓာကိုယ်ပင် တဏှာဒိဋ္ဌိဟူသော ကိလေသာဖြင့် ငါ-ငါ၏ ဥစ္စာဟု စွဲယူမှု ကိလေသဝဋ် ဖြစ်ပြန်တော့၏၊ ဝါ-ပစ္စုပ္ပန် သမုဒယသစ္စာ ဖြစ်ပြန်တော့၏၊ ယင်း ပစ္စုပ္ပန်သမုဒယတည်းဟူသော ကာမတဏှာ တနည်း–ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ တို့ကြောင့် ပစ္စုပ္ပန်၌ သားမယား ရှာရမှု ပစ္စည်းဥစ္စာ ရှာရမှု စသော မရေမတွက်နိုင်သော ဒုက္ခတို့ ဖြစ်ရ၏။ ဤကား ပစ္စုပ္ပန် သမုဒယ ကြောင့် ပစ္စုပ္ပန် ဒုက္ခ ဖြစ်ပုံတို့ကို ကိုယ်တွေ့ ရှုနည်းတည်း။

အကြင် သူသည် အကြင် အခါ၌ သူတော်ကောင်းတရား ကြားနာရသဖြင့် တနည်း–ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော ခန္ဓာ ၅-ပါး၌ နိစ္စ သုခ အတ္တ ဟူသော အနှစ်အသား မရှိ၊ အားထားစရာ အစောင့်အရှောက် ဟူသော အရှင် မရှိ၊ စင်စစ်သော်ကား ခန္ဓာဇာတိဖြစ်လျှင် မမြဲမှု အနိစ္စ ဆင်းရဲမှု ဒုက္ခ အစိုးမရ အလိုမလိုက်ခြင်း ဟူသော အနတ္တ လက္ခဏာတို့ အမြဲကပ်လျက် ပါရှိနေမှုတို့ကြောင့် ကိုယ့်မှာရှိသော်လည်း ကိုယ့်ဟာ မဟုတ်ဟု မြင်သိလေတော့၏။

ဥပမာ–အခစား နွားကျောင်းသမားထံ၌ နွားရှိသော်လည်း ကိုယ်ပိုင် မဟုတ်သဖြင့် ရောင်းချထုခွဲ သုံးစွဲခြင်းငှါ မစိုးမပိုင်သကဲ့သို့ ထိုအတူ ကိုယ့်မှာ ရှိသော်လည်း အို နာ သေမှုကို မဖြစ်စေရန် အစိုးမရ၊ ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တသာတည်းဟု သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် မြင်သိသော အခါ သက္ကာယ အတ္တဒိဋ္ဌိ ချုပ်ရလေတော့၏၊ ကိုယ့်ဟာ မဟုတ်ဟု သိသော ကြောင့်ပင်လျှင် လိုချင်မှု တဏှာစိတ် ပျက်လေတော့၏၊ ထို့ကြောင့် ဘဝ တဏှာ စသည် ချုပ်ရလေ့တော့၏။

ဥပမာ—နတ်သမီးထင်၍ အချစ်ပုံ၊ ဘီလူးမဟု မြင်သိရုံနှင့် ချစ်စိတ် ကုန်ခန်း သကဲ့သို့တည်း။ ဤသို့ ဝိပဿနာသမ္မာဒိဋ္ဌိဟူသော မဂ်အကျင့်ဖြင့် ကိုယ့်အတ္တ ကိုယ်ဖြေက ကိုယ့်အပတ်ပြေသဖြင့် သောတာပန်စသော အရိယာ၏ခန္ဓာကို ရနိုင်လေတော့၏၊ ပုထုဇဉ်ခန္ဓာမှ လွတ်လေတော့၏၊ အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့် ရလေတော့၏ ဟူလို။

ရှေးသူတော်ကောင်းတို့သည် ကိုယ်တွေ့သမုဒယကြောင့် ကိုယ်တွေ့ဒုက္ခတို့ နှင့် ကြုံရသည်ကို ငြီးငွေ့သောကြောင့် တဏှာသံယောဇဉ်ကို စွန့်တော်မူကြ၏။

မြတ်စွာဘုရားလက်ထက်က သားသမီးတကျိပ်နှင့် ပစ္စည်းဥစ္စာတို့ကိုစွန့်၍ ဝါ- သားသမီး ပစ္စည်းဥစ္စာတို့၌ ခင်တွယ်မှု သံယောဇဉ်ကို စွန့်၍ အသက် ၆၀-ကျော်မှ ဘိက္ခုနီမရဟန်းပြုကာ ဈာန်နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်သော သောဏာ- ထေရီအရှင်မတို့၏ ဝတ္ထုကိုရင်း[၁] ပဋာစာရီ ထေရီအရှင်မတို့ကဲ့သို့ ချစ်မြတ်နိုးမှု တို့ကြောင့် ဆင်းရဲဒုက္ခတွေ့ကြုံရပုံ၊ မြတ်စွာဘုရားတရားနာရသဖြင့် ထို ချစ် မြတ်နိုးမှု သံယောဇဉ်ကို ပယ်သောကြောင့် ပူပန်သောကမှုတို့မှ လက်ငင်း ကင်းလွတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပုံကိုရင်း[၂] ဇောတိက ဇဋိလ စသော သူဌေးကြီးတို့၏ ဗဟိဒ္ဓစည်းစိမ်ဥစ္စာ၌ခင်တွယ်မှု၊ အဇ္ဈတ္တခန္ဓာ ၅-ပါး၌ခင်တွယ်မှု တို့ကိုစွန့်၍ ရဟန်းပြုသောကြောင့် နိဗ္ဗာန် မျက်မှောက်ပြုပုံများကိုရင်း[၃] ဝတ္ထု သက်သေအားဖြင့် ရှု၍ သံဝေဂယူပြီးလျှင် သံယောဇဉ်တို့ကို ပယ်သင့်ကြပေ သည်။

## တဏှာကို ပယ်၍ ဒုက္ခမှ လွတ်ပုံ

တဏှာသံယောဇဉ်ကြောင့် ဒုက္ခဖြစ်ပုံ၊ ထို တဏှာသံယောဇဉ်ကို ပယ်သော ကြောင့် ဒုက္ခမှ လွတ်ပုံကို ဓမ္မပဒပါဠိတော် နှာ-၄၅ အရ ပြဦးအံ့—

ပေမတော ဇာယတီ သောကော၊ ပေမတော ဇာယတီ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

---

၁။ ထေရီအဋ္ဌကထာ၊ နှာ-၉၈-၉။ ၂။ ဓမ္မပဒ အဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၄၃၇၊ ၄၄၂။
၃။ ဓမ္မပဒ အဋ္ဌကထာ ၊ ဒု-တွဲ၊ နှာ-၄၄၀-၄၄၇။

ဤဂါထာ၏ အနက်အဓိပ္ပါယ်ကို ဝေဖန်က သစ္စာ ၄-ပါး၏ အနက် အဓိပ္ပါယ် ပင်တည်း။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ပေမတော၊ တဏှာသံယောဇဉ်ဖြင့် ကာမဂုဏ်ကို ချစ်မြတ်နိုးခြင်းကြောင့်။ ဝါ၊ ငါ-ငါ၏ဥစ္စာဟု တဏှာဒိဋ္ဌိဖြင့် စွဲယူမှုကြောင့်။ သောကော၊ ပူပန်သောကသည်။ ဇာယတိ၊ ဖြစ်၏။ ပေမတော၊ သား မယား စသည်၌ ချစ်မြတ်နိုးမှုကြောင့်။ ဘယံ၊ စားရေး သောက်ရေး နေရေး ထိုင်ရေး သူတပါးတို့၏ သားမယားတို့ထက် အထက်တန်းကျကျ ပြည့်ပြည့်ဝဝ လှလှပပ ရှိစေလိုသဖြင့် နေ့ညဉ့်မရှောင် ပစ္စည်းဥစ္စာ ရှာမှီးရခြင်းဟူသောဒုက္ခဘေးသည်။ ဇာယတိ၊ ဖြစ်၏။

ဤ၌ ပစ္စုပ္ပန် သမုဒယသစ္စာ ဒုက္ခသစ္စာ နှစ်ပါး ရ၏၊ ဤကား ပစ္စုပ္ပန်ကိုယ်တွေ့သမုဒယကြောင့် ပစ္စုပ္ပန်ကိုယ်တွေ့ ဒုက္ခဖြစ်ပုံ ရှုနည်း ဟူလို။

ပေမတော၊ ချစ်မြတ်နိုးခြင်းမှ။ ဝိပ္ပမုတ္တဿ၊ ကင်းလွတ်သော ပုဂ္ဂိုလ်အား။ ဝါ၊ မဂ်အကျင့်ဖြင့် တဏှာဒိဋ္ဌိဟူသော ကိလေသာကို ပယ်သောသူအား။ ဝါ၊ ချစ်မြတ်နိုးခြင်း၏ အပြစ် အာဒီနဝကို ဝိပဿနာဖြင့် ကောင်းစွာ မြင်သိသဖြင့် ချစ်မြတ်နိုးခြင်းမှ ကင်းလွတ်သောသူအား။ သောကော၊ ပူပန်သောကသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိနိုင်တော့အံ့နည်း။ ဘယံ၊ ဘေးသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိနိုင်တော့အံ့နည်း။

ဤ၌ မဂ္ဂသစ္စာ နိရောဓသစ္စာ ၂-ပါးရ၏။ ဤကား ပစ္စုပ္ပန်သမုဒယ ကာမတဏှာ စသည်တို့ကို မဂ်ဖြင့် ပယ်ခြင်းကြောင့် ပစ္စုပ္ပန်မှာပင် ဒုက္ခချုပ်ပုံတည်း။

ဤသို့ ပစ္စုပ္ပန်သမုဒယကြောင့် ပစ္စုပ္ပန်၌ ဒုက္ခဖြစ်ပုံ ပစ္စုပ္ပန်တဏှာကို ပယ်သဖြင့် ပစ္စုပ္ပန်၌ ဒုက္ခချုပ်ပုံတို့ကို ထောက်သဖြင့် အနာဂတ်၌လည်း သမုဒယက အကြွင်းမဲ့ပယ်က ဇာတိနိရောဓသို့ ရောက်နိုင်ပုံနှင့် နိဗ္ဗာန်ရှိပုံကို ယုံမှားကင်းစွာ သိအပ်၏ ဟူလို။

အထက်က အကျယ်ပြဆိုချက်များကို အကျဉ်းအားဖြင့် သိစေခြင်းမှာ—

(၁) အတိတ်သမုဒယကြောင့် ဣမ ဇာတိဒုက္ခ၊ ဣမ ကာမတဏှာ သမုဒယကြောင့် ဣမ ဗလဝဒုက္ခ၊

ဤသို့ ဒုက္ခ သမုဒယဆက်နေလျှင် တနည်း–ဤသို့ မျိုးစေ့ကြောင့် အပင်၊ အပင်ကြောင့် မျိုးစေ့ဖြစ်နေပါလျှင် အဘယ်မှာလျှင် ဝဋ္ဋ ဒုက္ခဆုံးနိုင်တော့မလဲ။

(၂) အတိတ် သမုဒယကြောင့် ဣခ ဒုက္ခံ၊ ဣခ မဂ္ဂကြောင့် ဣခ တဏှာ-နိရောဓံ၊ ဤသို့ သမုဒယ မျိုးပြုတ်က ရအပ်အဇာတနိဗ္ဗာန်။

(၃) တနည်း–ပုထုဇဉ် လူနတ်ဗြဟ္မာ ကိုယ့်အတပ်နှင့်ကိုယ် ပတ် ၍သာ နေမှုမှတ်သိ။

ဤ၌ ရောင့်ရဲတင်းတိမ်မှုမရှိသော လောဘပင်ဟူလို။ ယင်းသို့ အထပ်ထပ် ပတ်၍နေလျှင် အဘယ်မှာလျှင် ဇာတိစသော ဒုက္ခတို့မှ လွတ်နိုင်တော့မလဲ။

(၄) အရိယပုဂ္ဂလ အဖြာဖြာ မဂ်အကျင့်ဖြင့် ကိုယ့်အတပ် ကိုယ်ဖြေကာ နေမှုမှတ်သိ။

ယင်းသို့ အတပ်ပြေပါလျှင် အဘယ်မှာလျှင် အပတ်မပြေပဲ ရှိတော့ အံ့နည်း။

ယင်းသို့ အပတ်ပြေခဲ့လျှင် အဘယ်မှာလျှင် ဇာတိ ဇရာ မရဏ အပါယ စသော သံသရာဝဋ္ဋဒုက္ခတို့မှ မလွတ်ပဲ ရှိနိုင်တော့မလဲ။

(၅) နိဗ္ဗာန်ချမ်းသာဟု ဆိုသည်တွင် ယင်းသို့ တပ်မှု ပတ်မှု ကင်းသော သဘောကိုပင် မှတ်ဘို့ပါပဲ။

(၆) တနည်း–အတပ်ရှိ၍ အပတ်ဖြာ မတပ်ပါလျှင် ပတ်ခွင့်မရှိ။

(၇) တနည်း–ဖြစ်လိုမှုကြောင့် ဖြစ်သည်တာ ဖြစ်လိုမှုအား ပယ်ပါလျှင် အဘယ်မှာလျှင် တဖန်ဖြစ်နိုင်တော့မလဲ။

(၈) တနည်း-အဖြစ်ရှိ၍ အပျက်သာ မဖြစ်ပါလျှင် ပျက်ခွင့်မရှိ။ ထို့ကြောင့် မည်သည့်ဘုံဘဝကိုမျှ အလိုမရှိတော့ပါဟု ဤသို့ ယခု ပယ်စွန့်ပြု ရမှုသောတာပတ္တိမဂ္ဂဖလာ။

(၉) မိမိမိုက်မှု အဖြာဖြာ မိမိလိမ္မာမှ မိုက်မှန်းသိရှိ။

တနည်း–မိမိမိုက်မှုအဖြာဖြာ သောတာပတ္တိမဂ်ဉာဏ်ရခါမှ မိုက်မှန်း သိရှိ။

အဓိပ္ပါယ်ကား–မိမိ၏မိုက်မှုမလိမ်မာမှုကိုသောတာပတ္တိမဂ်ဉာဏ်ရမှ မိုက်မှန်း သိ၏ ဟူလို။

**သတိပြုရန်**—သမ္မာသမ္ဗုဒ္ဓဆု ပစ္စေကဗောဓိဆု အဂ္ဂသာဝကဆု မဟာ သာဝကဆု ပကတိသာဝကဆု၊ ဤဆုတို့တွင် ပကတိသာဝကဆုနှင့်သာလျှင် ဤမြတ်စွာဘုရားသာသနာတော်မှာ ရနိုင်သည်၊ ကျန်ဆုများကား ကုန်နေ သောကြောင့် တနည်း–အဂ္ဂသာဝက မဟာသာဝကဆုတို့ကိုကား မြတ်စွာဘုရား လက်ထက်ကပင် ကုန်နေပြီ ပြီးစီးနေပြီဖြစ်၍ ယခုနောက်လူများ ရခွင့်မရှိဟူလို။

## သောတာပန် အမေး-အဖြေ

**အမေး**။ ။သောတာပန်ဟူသည် အဘယ်သို့ပါနည်း။

**အဖြေ**။ ။သမုဒယကြောင့် ဖြစ်ထ ဇာတိဒုက္ခ၊
သမုချုပ်က ထိုဒုက္ခ မုချချုပ်ပြတ်လျှ၊
လေးရပ် ဤမျှ ယုံကြည်က ဖြစ်ထ သောတာပန်။

တနည်း–ဖြစ်လိုမှုကြောင့် ဖြစ်မှု ဇာတိဒုက္ခ၊
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခ၊
လေးရပ်ဤမျှ ယုံကြည်က ဖြစ်ထ သောတာပန်။

တနည်း–ဖြစ်လျှင် ဒုက္ခ ချုပ်မှ သုခနိဗ္ဗာန်၊
ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှု မဂ်ကိစ္စ၊
ဇာတိချုပ်မှုကို နှစ်သက်လျှင် မဂ်ကိစ္စလေးပါးပြီး၏ ဟူလို။
လေးရပ်ဤမျှ ယုံကြည်က ဖြစ်ထ သောတာပန်။

အဓိပ္ပါယ်ကား–၁။ ဥပ္ပါဒေါ ဒုက္ခံ၊ ပဝတ္တံ ဒုက္ခံ၊ ဇာတိ ဒုက္ခံ စသည်ဖြင့် ဖြစ်ခြင်းရှိသမျှ သင်္ခါရတရားတို့သည် ပျက်သောကြောင့် ဒုက္ခသစ္စာသာတည်း ဟု ယုံကြည်မှုတရပ်။

၂။ ထိုဒုက္ခတို့သည်လည်း ဖြစ်လိုသော သမုဒယ တဏှာကြောင့် ဖြစ်၏။ ဥပမာ-ကာမတဏှာကြောင့် ကာမဘုံ၌ ဖြစ်၏၊ ရူပတဏှာ ဥပနိဿယဖြင့် ဘာ ဝနာ အားထုတ်သောကြောင့် ရူပဗြဟ္မာဖြစ်၏၊ အရူပတဏှာ ဥပနိဿယဖြင့်

အရူပကမ္မဋ္ဌာန်းအားထုတ်သောကြောင့် အရူပဘဝကို ရ၏၊ ယင်းသို့ တဏှာ ၃-ပါးကြောင့် ရသောတရားကို စိစစ်သောအခါ သုခ ရမှုမဟုတ်၊ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာကိုသာ ရ၏၊ ထို့ကြောင့် တဏှာသမုဒယအရင်းခံဖြင့် ရရှိကြသော ခန္ဓာတို့ကား သုခကို မရ၊ ဒုက္ခကိုရ၏ဟု ယုံကြည်မှုတရပ်။

၃။ ကာမတဏှာ ရူပတဏှာ အရူပတဏှာ ဟူသော တဏှာသုံးပါးချုပ်က ဇာတိစသော ဒုက္ခချုပ်သော ဇာတိနိရောဓ နိဗ္ဗာန်ရှိ၏ဟု ယုံကြည်မှုတရပ်။

၄။ သမ္မာဒိဋ္ဌိစသော မဂ်ဖြင့် ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ရှုက တဏှာကို ချုပ်စေသော မဂ်အကျင့် မဂ္ဂသစ္စာ ရှိ၏ဟု ယုံကြည်မှုတရပ်။ ဤ ၄-ဌာနတို့၌ ယုံမှားကင်းလျှင် သောတာပန် တည်၏ ဟူလို။

ဘထွေးတော် မဟာနာမ်က သောတာပန်တို့၏ ကျင့်ဝတ် သီလအဘယ်မျှ ရှိပါသနည်းဟု မြတ်စွာဘုရားအား လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားက လူဥပါသကာ ဥပါသိကာ ဖြစ်ခဲ့လျှင် ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ မုသာဝါဒ သုရာမေရယ၊ ဤငါးပါးသီလ လုံရမည်၊ ထို့ပြင် သဒ္ဓါယဒိဋ္ဌိဝိစိကိစ္ဆာမှ ကင်းသောစိတ်ရှိရမည်ဟု ဟောတော်မူ၏[၁] ဟူလို။

ထို့ကြောင့် သားမယားနှင့် နေကြသော ဥပါသကာ ဥပါသိကာတို့မှာ ငါတို့သည် ကာမစ္ဆန္ဒ ဗျာပါဒကိုလည်း မပယ်နိုင်၊ သဒ္ဒါသဂ္ဂိဟ်ကိုလည်း မသင်နိုင်၊ တောထွက် ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်းမထိုင်နိုင်၊ ထို့ကြောင့် ငါတို့သည် သောတာပန်ဖြစ်နိုင်ခွင့် မရှိဟု အားမလျှော့ကြပါနှင့်။

သောတာပတ္တိမဂ်ဟူသည် ကာမစ္ဆန္ဒ ဗျာပါဒ ဥဒ္ဓစ္စတို့ကို ပယ်မှုမဟုတ်ပါ၊ ထို ကာမစ္ဆန္ဒ စသည်တို့ကား အထက်မဂ်များကိစ္စ ဖြစ်ပါသည်၊ သောတာပတ္တိမဂ် ကိစ္စ မဟုတ်ပါ၊ ဝိသာခါအနာထပိဏ်စသော ဥပါသကာ ဥပါသိကာတို့ကို ဥပမာ ပြုကြစေလိုပါသည်၊ သောတာပန်တည်လျှင် အပါယ်ဘေး သံသရာဘေးတို့မှ ကင်းသော နိဗ္ဗာန်ကို ရပြီးပြီဟု မှတ်ယူကြပါကုန်။

သောတာပန်ပုဂ္ဂိုလ်မှာ ကာမစ္ဆန္ဒ ဗျာပါဒတို့ကို မပယ်ရသေးသော်လည်း ပယ်အပ်သော ကိစ္စရှိသည့်အတိုင်း ပယ်ပါမည်ဟု ဆုံးဖြတ်ချက်ရှိပါသည်၊ ပုထု

---

၁။ မဟာဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၄၄။

ဇဉ်တို့မှာ ပယ်အပ်သော တရားဟူ၍လည်းမသိ၊ ဆုံးဖြတ်ချက်လည်းမရှိ၊ ပယ်လည်း မပယ်ကြပါ။

ထို့ကြောင့် သံသရာမှ လွတ်ရက်မရှိပါ၊ အရိယာတို့မှာ အလုံးစုံမပယ်နိုင်သေးသော်လည်း ပယ်ပါမည် ဟူသော ဆုံးဖြတ်ချက် ရှိရကား အကယ်၍ သတ္တက္ခတ္တုပရမသောတာပန် ဖြစ်ဦးတော့၊ ခုနစ်ဘဝထက် ပဋိသန္ဓေ မနေရပဲ ဇာတိနိရောဓ အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည် ဟူလို။

**သောတာပတ္တိဖိုလ်မြတ်ပုံ။** ။သောတာပတ္တိဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်တို့ဝမ်းမြောက်ရန် ဂါထာကို ပြဦးအံ့—

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ[၁]။

ပထဗျာ၊ မြေအပြင်၌။ ဧကရဇ္ဇေန ဝါ၊ ဧကရာဇ်မင်း ဖြစ်ရသည်ထက်ငင်း။ သဂ္ဂဿ၊ နတ်ပြည်သို့။ ဂမနေန ဝါ၊ လား ရောက် စံပျော် ရသည်ထက်ငင်း။ သဗ္ဗလောကာဓိပစ္စေန၊ ခပ်သိမ်းသော လောကကို အစိုးရသည်ထက်ငင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်၊ ဝရံ၊ မြတ်၏။

အဓိပ္ပါယ်ကား-သောတာပန်တည်းဟူသော သားမယားနှင့် နေသော လူဥပါသကာပင် ဖြစ်ဦးတော့၊ ပုထုဇဉ် ဗြဟ္မာကြီးထက် မြတ်၏။ အဘယ့်ကြောင့် မြတ်သနည်း၊ ပုထုဇဉ်ဗြဟ္မာကြီးတို့မှာ အပါယ်ဘေး သံသရာဘေးကို မတားမြစ်နိုင်ပါ၊ သောတာပန်တည်းက အပါယ်ဘေး သံသရာဘေးမှ လွတ်ခွင့် ရသောကြောင့်တည်း။

**အထူးသတိပေးချက်။** ။အထူးသတိပြုကြစေလိုသည်မှာ တရားအားထုတ်ခြင်း ပြောဟောခြင်းပြုကြရာ၌ အဝိဇ္ဇာ တဏှာမူလ နှစ်ပါးကို ပယ်သတ်မှုကိစ္စ ရှိ၏၊ ထိုနှစ်ပါးတို့တွင် လူဥပါသကာ ဥပါသိကာများအတွက် ကာမရာဂဗျာပါဒ ဥဒ္ဓစ္စ ပယ်မှုတို့ကို ပြောဟောခြင်း ကျင့်ခြင်းတို့ကို ရှေးဦးစွာ မပြုသင့်၊ အဘယ့်ကြောင့်ဆိုသော် မနိုင်သောဝန်ကို အထမ်းခိုင်းသကဲ့သို့ ဖြစ်သောကြောင့်တည်း၊ တနည်း စွမ်းနိုင်ခွင့်မရှိသောကြောင့်တည်း။

---

၁။ မြေ့ပဒပါဠိ၊ နှာ-၄၀။

အဝိဇ္ဇာပယ်မှုကား – တဏှာပယ်မှုကဲ့သို့ ဝန်မလေးပေ၊ အဝိဇ္ဇာပယ်မှုဟူသည် သစ္စာမြင်သိအောင် အားထုတ်မှုပင်တည်း၊ သစ္စာမြင်သိအောင် အားထုတ်မှုဟူသည် သား မယား အိုးအိမ် စွန့်မှု ရသေ့ ရဟန်းပြုမှု ကမ္မဋ္ဌာန်းထိုင်မှု ကိစ္စမျိုး မဟုတ်ပေ၊ သစ္စာလေးပါးကို မြင်သိသော ဆရာများထံ ဆည်းကပ် ကြားနာမှတ်သား၍ အိပ်ရာထဲမှာပင် ဆင်ခြင်စဉ်းစားဦးတော့၊ သဘောပေါက်ရောက်ကာ မဂ်ကိုရသဖြင့် အဝိဇ္ဇာပယ်မှု ပြီးစီးနိုင်ပါသည် ဟူလို။

ဣတိ ဘဒ္ဒန္တရေဝတနာမတ္ထေရေန ရစိတောယံ
သစ္စဒီပကကထာနာမော ဂန္ထော နိဋ္ဌိတော။

ဣတိ၊ ဤသည်လျှင်။ ဘဒ္ဒန္တရေဝတနာမတ္ထေရေန၊ **ဘဒ္ဒန္တရေဝတ** အမည်ရှိသော **သစ္စဒီပက** မထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ သစ္စဒီပကကထာနာမော၊ သစ္စာလေးပါးကို ထွန်းလင်းပြတတ်သောကြောင့် **သစ္စဒီပကကထာ** အမည်ရှိသော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၃၁၁-ခု၊ ကဆုန်လဆန်း ၁၂-ရက်၊ တနင်္ဂနွေ(၈-၅-၄၉)နေ့မှာ ရေးသား ပြီးစီးသည်၊ ဤကျမ်း ပြီးစီးသည့်အခါမှာ ကျမ်းပြုပုဂ္ဂိုလ်၏ အသက်မှာ ၈၁-နှစ် ရှိပြီ။

# သောတာပတ္တိမဂ္ဂကထာ

# သောတာပတ္တိမဂ္ဂကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရတနတ္တယံ အဟံ ဝန္ဒာမိ။

ရတနတ္တယံ၊ ဘုရားရတနာ တရားရတနာ သံဃာရတနာ ဟူသော ရတနာမြတ် သုံးပါးအပေါင်းကို။ အဟံ၊ တပည့်တော် **ဘဒ္ဒန္တဇေဝတ** အမည်ရှိသော **သစ္စဒီပက** မထေရ်သည်။ ကိုဟိ ဒွါရေဟိ၊ ကာယဒွါရ ဝစီဒွါရ မနောဒွါရ ဟူသော ဒွါရသုံးပါးတို့ဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား။

အဘိယာစက နိဒါန်း

ကျမ်းအမည် ဥယျောဇဉ် **သတိပေးနိဒါန်းများ**

၁၃၁၃-ခုနှစ် ရန်ကုန်မြို့ ပြည်ထဲရေးနှင့် သာသနာရေးဌာန အတွင်းဝန် သရေစည်သူ ဦးချမ်းသာ မင်းကတော် ဒေါ်သစ်သစ်တို့က မဂ်လေးပါးတို့တွင် အစပဌမဖြစ်သော သောတာပတ္တိမဂ်၌ လျင်စွာ ဉာဏ်အမြင် ပေါက်ရောက်စေနိုင်သော ကထာကို ရေးသားချီးမြှင့်ပါမည့်အကြောင်း လျှောက်ထားတောင်းပန်ချက်အရ နေရင်း မင်းဘူးမြို့ စေတ်တော်ကုန်းတွင် သီတင်းသုံး၍ ယခု ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ် ၃၃-၌ သီတင်းသုံးလျက် ရှိသော **ဘဒ္ဒန္တဇေဝတ** အမည်ရှိသော ပဋိဝေဓ သာသနာပြု **သစ္စဒီပက** ဆရာတော်သည် သံသရာဘေးကို ထိတ်လန့်သော ယောဂီပုဂ္ဂိုလ်တို့အား သစ္စာသိ၍ လျင်စွာဝဋ်မှ ထွက်မြောက်နိုင်ကြစေရန် ရည်သန်ပြီးလျှင် လာဘသက္ကာရတို့ကို နစ်စေလျက် မြတ်စွာဘုရားအလိုတော်အရ မေတ္တာပုဗ္ဗင်္ဂမဖြင့် **သောတာပတ္တိမဂ္ဂကထာ** ကို ရေးသားရပေသတည်း။

ကျမ်း၏ အမည်တွင် မဂ္ဂကထာ-ဟု ဆိုလျှင် မဂ် ၄-ပါးလုံး ကိစ္စပြီးသင့်ပါလျက် အဘယ့်ကြောင့် သောတာပတ္တိမဂ္ဂကထာ-ဟု အမည်ကို ဝိသေသ ပြုပါသနည်းဟူမူ သောတာပတ္တိမဂ်ကိစ္စနှင့် အထက်မဂ် ၃-ပါးကိစ္စ မတူပုံကို ထင်စွာပြခြင်းငှါ ၎င်းသောတာပတ္တိမဂ်ရရန် ကိစ္စအတွက်မှာ သား မယား အိုးအိမ်စွန့်မှု ကမ္မဋ္ဌာန်းထိုင်မှု ခေါင်းပါးစွာကျင့်မှုတို့ကို မပြုနိုင်သော်လည်း ဓမ္မစကြာတရားတော်အရ ဒုက္ခ ဟူသမျှတို့သည် တဏှာ သမုဒယကြောင့် ဖြစ်၏၊ ထိုတဏှာကို မဂ်ဖြင့် ပယ်က ဇာတိ စသော ဒုက္ခချုပ်၏ဟု သစ္စာကို သိသည် ဖြစ်၍ လိုချင်မှု ဘဝတဏှာကို ပယ်သည်ဖြစ်အံ့၊ သောတာပတ္တိမဂ်သို့ ရောက်နိုင်၏ ဟု သိသဖြင့် ဤမျှလောက်ကိုမူကား ငါတို့စွမ်းနိုင်၏ ဟု သိသည်ဖြစ်သောကြောင့် ဥပါသကာ ဥပါသိကာတို့မှာ စိတ်အားထက်သန်စွာဖြင့် အားထုတ်လိုသောစိတ် ဖြစ်ကြစေရန် ရည်သန်ပြီးလျှင် ဤကျမ်းကို **သောတာပတ္တိမဂ္ဂကထာ** ဟု အမည် ဝိသေသ ပြုပေသည် ဟူလို။

ကျမ်း၏ အမည် နိဒါန်း ပြီးပြီ။

---

## ဥဒယဗ္ဗယဉာဏ် သတိပေး နိဒါန်း

တရားအားမထုတ်မီ သစ္စာဖွဲ့ထိုက်သော ဒုက္ခအစစ်နှင့် သစ္စာဖွဲ့ထိုက်သော သုခ အစစ်တို့ကို ပိုင်းခြားတတ်သော ဉာဏ်အမြင် ရှိအပ်၏။

## ဉာဏ်အမြင် ရှိပုံ

ဒုက္ခာ သင်္ခါရာ၊ သုခေါ နိရောဓောတိ [၁]။

သင်္ခါရာ၊ ဥပါဒ် ဌီ ဘင်ဖြင့် ဖြစ်ခြင်း ပျက်ခြင်း ရှိသော ရုပ် နာမ် ခန္ဓာ သင်္ခါရ တရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲဒုက္ခတို့သာတည်း။

နိရောဓော၊ ထို သင်္ခါရ တရားတို့၏ တဖန် မဖြစ်မှု၍ အနုပ္ပါဒ နိရောဓအားဖြင့် ချုပ်ငြိမ်းခြင်းသည်။ သုခေါ၊ ချမ်းသာအစစ်တည်း။ ဣတိ၊ ဤသို့ သစ္စာ ဖွဲ့ထိုက်သော ဒုက္ခနှင့် သုခကို ခွဲခြားမှတ်သားအပ်၏။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃။

ဤဒုက္ခနှင့် သုခကို ခွဲ၍ သိမြင်ခြင်း၌ မြဲမြံစေရန် ထို ဒုက္ခာ သခ်ါရာ၊ သုခေါ နိရောဓော-ကိုပင် ပုတီးစိပ်အပ်၏၊ ဝါ-ပွါးများဆင်ခြင်အပ်၏။

## ချမ်းသာအဆင့်ဆင့်

ထို့ပြင် တဆင့်ထက် တဆင့် ဒုက္ခမှ လွတ်ပုံ တဆင့်ထက် တဆင့် ချမ်းသာပုံကို အကြောင်းပြု၍ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဟု လောက အလို့ငှါ ဟောတော်မူ၏။

ဟောတော်မူပုံ အဓိပ္ပါယ်-အပါယ် ၄-ဘုံထက် လူ့ဘုံ လူ့ဘဝက ချမ်းသာ၏၊ လူ့ဘဝထက် နတ်ဘဝက ချမ်းသာ၏၊ နတ်ဘဝမှာလည်း စတုမဟာရာဇ်နတ်ထက် တာဝတိံသာနတ်က ချမ်းသာ၏၊တာဝတိံသာထက် ယာမာ၊ယာမာထက် တုသိတာ၊ တုသိတာထက် နိမ္မာနရတိ၊ နိမ္မာနရတိထက် ပရနိမ္မိတဝသဝတ္တီ၊ ဝသဝတ္တီထက် ပဌမစျာန်၊ ပဌမစျာန်ထက် ဒုတိယစျာန်၊ ဒုတိယစျာန်ထက် တတိယစျာန်၊ တတိယစျာန်ထက် စတုတ္ထစျာန်၊ စတုတ္ထစျာန်ထက် ပဥ္စမစျာန်၊ ပဥ္စမစျာန်ထက် သောတာပန်၊ သောတာပန်ထက် သကဒါဂါမ်၊သကဒါဂါမ်ထက် အနာဂါမ်၊ အနာဂါမ်ထက် ရဟန္တာ၊ ရဟန္တာထက် နိဗ္ဗာန်၊ ဤသို့ အဆင့်ဆင့် အားဖြင့် ချမ်းသာ၏။

ဤ ချမ်းသာမှုတို့တွင် ဖြစ်ခြင်း ပျက်ခြင်း မရှိသော အသခ် တ အနုပ္ပါဒ နိဗ္ဗာန်သည် သစ္စာဖွဲ့ထိုက်သော ချမ်းသာအစစ် မည်၏ ဟူလို။

သုခ ဒုက္ခ ခွဲခြားသိမြင်ပုံ ဒုက္ခနှင့် သုခကို တွဲ၍
ယမကအစုံရှိပုံများ ပြီးပြီ။

---

## သစ္စာသိအောင် ကြိုးစား

တရားအားထုတ်မှု၏ လိုရင်းကား သစ္စာသိအောင် အားထုတ်မှုပင်တည်း၊ သစ္စာသိ၍ သောတာပန် စသည် ဟည်မှသာလျှင် အပါယ်ဘေး သံသရာဘေး တို့မှ ကင်းသော နိဗ္ဗာန်ကို ရနိုင်ပေမည်။

သားမယား အိုးအိမ်စွန့်၍ ရသေ့ ရဟန်းပြုခြင်း ခေါင်းပါးစွာကျင့်ခြင်းတို့ကို ပြုသော်လည်း အကယ်၍ သစ္စာမသိခဲ့လျှင် သံသရာ ရဟတ်ချား ဆိုလည်သော နွားကဲ့သို့ အိုမှုလည်း မဆုံး နာမှုလည်း မဆုံး သေမှုလည်း မဆုံး အပါယ် ကျမှု

လည်း မသိမှုတို့အတွက် အလွန် ကြောက်ဖွယ်ကောင်း၏၊ ထို့ကြောင့် သစ္စာ သိအောင် အားထုတ်သင့်ကြပေ၏ ဟူလို။

## ပရိယတ်အနေဖြင့် သစ္စာနှင့်စပ်သောဂါထာ

တဂါထာမျှကိုသော်လည်း ကျက်မှတ်ထားအပ်၏၊ ကျက်မှတ်ရန် ဂါထာကား –

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ သန္ဒရာဂမူလကံ။
ဆန္ဒရာဂနိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ[1]။

ယံကိဉ္စိ၊ အလုံးစုံ အမှတ်မရှိသော။ ဒုက္ခံ၊ ဆင်းရဲဟူသမျှသည်။ သမ္ဘောတိ၊ ဖြစ်၏။ တံ သဗ္ဗံ၊ ထို ဖြစ်ခြင်းရှိသမျှ ဒုက္ခသည်။ ဆန္ဒရာဂမူလကံ၊ ဆန္ဒရာဂ တဏှာလျှင် အကြောင်းရင်းရှိ၏။ ဆန္ဒရာဂနိရောဓေန၊ ဘဝခန္ဓာ ဇာတိကို အလို ရှိသော ဆန္ဒရာဂကို သမ္မာဒိဋ္ဌိ စသော မဂ်အကျင့်ဖြင့် ချုပ်စေခြင်းကြောင့်။ ဒုက္ခဿ၊ ဇာတိ စသော ဒုက္ခ၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိနိုင် တော့ပြီ။

ဤ ဂါထာအရ အဖန်ဖန် ဆင်ခြင်၍ သစ္စာသိပါက ဇာတိချုပ်သော အနုပ္ပါဒ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ ဟူလို။

## သစ္စာ ၄-ပါး သိမြင်ပုံ တနည်း

ပဝတ္တိ-ပဝတ္တန၊ နိဝတ္တိ-နိဝတ္တန၊ ဝိသုဒ္ဓိမဂ် ဒုတိ၊ နှာ-၁၂၆။

ပဝတ္တိ၊ ဇာတိဒုက္ခ ဖြစ်ခြင်း။ ပဝတ္တန၊ ခန္ဓာဇာတိကို ဖြစ်စေခြင်း။ နိဝတ္တိ၊ ခန္ဓာဇာတိ ချုပ်သော နိဗ္ဗာန်။ နိဝတ္တန၊ ခန္ဓာဇာတိကို မဂ်ဖြင့် ချုပ်စေခြင်း။ ဤ၌ ပဝတ္တိ-ဟူသည် ဒုက္ခသစ္စာပင်တည်း၊ ပဝတ္တန-ဟူသည် တဏှာသမုဒယ သစ္စာပင်တည်း၊ နိဝတ္တိ-ဟူသည် ဇာတိချုပ်သော နိရောဓသစ္စာပင်တည်း၊ နိဝတ္တန ဟူသည် သမ္မာဒိဋ္ဌိ စသော မဂ္ဂသစ္စာပင်တည်း။

အဓိပ္ပါယ်ကား – ဖြစ်ခြင်း, ဖြစ်စေခြင်း, ချုပ်ခြင်း, ချုပ်စေခြင်း၊ တနည်း – ဖြစ်ခြင်း,ဖြစ်ကြောင်း, ချုပ်ခြင်း,ချုပ်ကြောင်း၊သစ္စာ ၄-ပါးကို ဤသို့ အကျဉ်း အားဖြင့် မှတ်အပ်၏။

တရားအားထုတ်မှု၏ လိုရင်းအတွက် ပြပုံ ပြီးပြီ။

---

၁။ သုတ္တနိပါတ်ပါဠိ၊ နှာ-၃၉၄ ကို မှီးသည်။

## မြတ်စွာဘုရား နိယတဗျာဒိတ် ရတော်မူပုံ

မြတ်စွာဘုရားအား ကြည်ညိုစိတ် ဖြစ်ပေါ်ကြစေရန် ဗုဒ္ဓဝင် နိဒါန်းကို ပြဦးအံ့ —

မြတ်စွာဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့ဖြစ်စဉ် အခါက ချဉ်ဆား ရှာမှီးရန် အလို့ငှါ ဈာန်ဖြင့် ကောင်းကင်ခရီးမှ လှည့်လည်လာရာ ရမ္မဝတီပြည်ပေါ် သို့ ရောက်သည့်အခါ ရမ္မဝတီပြည်သူတို့ လှုပ်လှုပ်ရွရွ ပြုလုပ်နေကြသည်ကို မြင်သောကြောင့် ဘယ်သို့သော အကြောင်းထူးရှိလေသနည်းဟု စုံစမ်းခြင်းငှါ ကောင်းကင်မှသက်၍ လူအများကိုမေးမြန်းသည့်အခါ နက်ဖန်နံနက်တွင် သံဃာတော် ၄-သိန်းနှင့်တကွ ဒီပင်္ကရာ မြတ်စွာဘုရား ဆွမ်းခံကြွမည် ဖြစ်သောကြောင့် လမ်းပန်း ပြင်ဆင်ခြင်း ဆွမ်းစသော လှူဘွယ်တို့ကို ပြင်ဆင်ခြင်းတို့ကို ပြု၍ နေကြောင်းပြောကြ၏၊ ထိုအခါ သုမေဓာရှင်ရသေ့က ငါ့အားလည်း လမ်းမြေပြင်ဆင်ရန် တာ-တကာ ပေးပါဟု တောင်းသောအခါ ရမ္မဝတီ ပြည်သူတို့က ရှုံ့ညွှန်များသောနေရာ တာ-တတာကို ပေးကြ၏၊ ပေးသည့်အတိုင်း ဝမ်းမြောက်ဝမ်းသာစွာ မအိပ်မနေ တညဉ့်လုံး မြေဖို့ရာ နံနက် မြတ်စွာဘုရား ကြွလာသော်လည်း အနည်းငယ်ကျန်ရှိနေသဖြင့် တပည့်တော် ကျောပေါ်မှ နင်း၍ ကြွတော်မူပါဟု ဝမ်းလျားမှောက်ကာ ကိုယ်ကိုတံတားခင်း၍ ရှိခိုးလျှောက်ထားလေသည်၊ ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားက ရပ်တန့်တော်မူပြီးလျှင် နိယတဗျာဒိတ် ကြားတော်မူလေသည်။

### ဗျာဒိတ် ပေးတော်မူပုံ

ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယျေ ဣတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ[၁]။

ဇဋိလံ၊ ဆံကျစ်လည်း ဘုံးထသော။ ဥဂ္ဂတာပနံ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိထသော။ ဣမံ တာပသံ၊ ဤ သုမေဓာ ရှင်ရသေ့ကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ပဿထ၊ ရှုကြကုန်လော့။ ဣတော၊ ဤကပ်မှ။ အပရိမေယျေ

၁။ ဗုဒ္ဓဝင်ပါဠိ၊ နှာ-၃၁၁၊ ၃၅၈။

ကပ္ပေ၊ အတိုင်းမသိသော လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌၊ လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

နိယတ ဗျာဒိတ် ရတော်မူပုံ ပြီးပြီ။

ဗျာဒိတ် ရပြီးနောက် မဟာကရုဏာ ဆန္ဒတော် အားလျော်စွာ အဓိဋ္ဌာန် ပြုတော်မူပြန်၏။

**ပြုတော်မူပုံ**

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ[၁]။

ထာမဒဿိနာ၊ အားအစွမ်းကို မြင်နိုင်သော။ ပုရိသေန၊ ယောကျ်ားမြတ် ဖြစ်ပါလျက်။ ဧကေန၊ တယောက် အထီးတည်း။ တိဏ္ဏေန၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ကူးသဖြင့်။ မေ၊ ငါ့အား။ ကိံ၊ အဘယ်အကျိုးများအံ့နည်း။ အဟံ၊ ငါသည်။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သဒေဝကံ၊ နတ်နှင့် တကွသော လူအပေါင်းကို။ သန္တာရေဿံ၊ သံသရာမှ ထုတ်ဆောင်ကယ်တင်ရ ပေတော့အံ့။

အဓိပ္ပါယ်ကား–ဒီပင်္ကရာ မြတ်စွာဘုရား သာသနာတော်မှာ သာဝကဆုနှင့် နိဗ္ဗာန်ကိုယူလျှင် ရနိုင်၏၊ ထိုသို့ပင် ရနိုင်ခွင့်ရှိသော်လည်း သတ္တဝါများကို သနားသောမဟာကရုဏာတော်ကြောင့် လက်ပေါ်သို့ရောက်ပြီးသော နိဗ္ဗာန်ကို သော်လည်း စွန့်တော်မူပြီးလျှင် သတ္တဝါတို့အကျိုးငှါ ကျင့်တော့အံ့ ဟူလို။

**အဓိဋ္ဌာန်တော်မူပုံ။** ။ထို့ပြင်လည်း ၃-ဌာန အဓိဋ္ဌာန်တော်မူသေး၏။

ဗုဒ္ဓေါ ဗောဓေယျံ၊
မုတ္တော မောစေယျံ၊
တိဏ္ဏော တာရေယျံ[၂]။

ဟူ၍ အဓိဋ္ဌာန်တော်မူ၏။

---

၁။ ဗုဒ္ဓဝင်ပါဠိ၊ နှာ-၃၁၀။ ၂။ ဗုဒ္ဓဝင် အဋ္ဌကထာ၊ နှာ-၁၂။

၁။ ငါသည် ဘုရားဖြစ်၍ သစ္စာကို သိသည်ရှိသော် ခပ်သိမ်းသော သတ္တဝါတို့အား သစ္စာကို သိစေအံ့။

၂။ ငါသည် သံသရာမှ ကျွတ်လွတ်သည်ရှိသော် ခပ်သိမ်းသော သတ္တဝါတို့အား ကျွတ်လွတ်စေအံ့။

၃။ ငါသည် သံသရာ သမုဒ္ဒရာ တည်းဟူသော ဤမှာဘက်ကမ်းမှ နိဗ္ဗာန်ဟူသော ဟိုမှာဘက်ကမ်းသို့ ကူးမြောက်နိုင်သည်ရှိသော် ခပ်သိမ်းသော သတ္တဝါတို့အားလည်း ကူးမြောက်စေအံ့။

ဤသို့ မဟာကရုဏာတော်ပြဋ္ဌာန်း၍ အဓိဋ္ဌာန်တော်မူလေသတည်း။

## သစ္စာ၄-ပါး ဖြစ်ပေါ်လာပုံ

ထို မဟာကရုဏာတော် ပြဋ္ဌာန်းတော်မူချက်အရ ၄-သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍ ဗောဓိပင်၌ သဗ္ဗညုတဉာဏ်ကို ရပြီးနောက် မည်သူ့ကိုမျှ သစ္စာတရား မဟောသေးပဲ ပဥ္စဝဂ္ဂီ ၅-ဦးတို့အား ဓမ္မစကြာ သစ္စာ ၄-ပါး တရားကို ဟောတော်မူရာ ပဥ္စဝဂ္ဂီ ၅-ဦးနှင့်တကွ တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့ သစ္စာကို ထိုးထွင်းမြင်သိ၍ ဓမ္မာဘိသမယ ဖြစ်ကြပေသတည်း။

## ဓမ္မစကြာ၏ ဂုဏ်ထူးကို ပြပုံ

ဤ ဓမ္မစကြာတရားတော်သည် သစ္စာကို လျင်စွာ မြင်သိခြင်းငှါ သွယ်ဝိုက်ခြင်း မရှိပဲ တည့်တည့်မတ်မတ် အကျဉ်းအားဖြင့် ဇာတိစသော ဒုက္ခတို့သည် တဏှာကြောင့် ဖြစ်၏၊သမ္မာဒိဋ္ဌိမဂ်ဖြင့် တဏှာကိုပင်လျှင် ဇာတိဒုက္ခ ချုပ်၏ဟု သစ္စာ ၄-ပါးကို စကားနှစ်ခွန်းဖြင့် သိစေနိုင်သော တရားထူး တရားမြတ် ဖြစ်ပေသည်။

ထို့ပြင် ထို တရားကို အထူး ကြည်ညိုကြစေလိုသည်မှာ မြတ်စွာဘုရားသည် သုတ် ဝိနည်း အဘိဓမ္မာတရားများကို ဟောသည့်အခါမှာ ဖြစ်စေ သုံးသပ်ဆင်ခြင်သည့်အခါမှာ ဖြစ်စေ ဤဓမ္မစကြာတရားကို ဟောတော်မူသော အခါကဲ့သို့ အထက်ကို ဘဝဂ်ထိ ပဲ့တင်ထပ်မျှ ကောင်းချီးပေးကြသော နတ်ဗြဟ္မာ တို့၏ ဩဘာသံနှင့်တကွ တသောင်းသော လောကဓာတ်ကို တုန်လှုပ်စေနိုင်သော

တရားမရှိပေ၊ နတ်ဗြဟ္မာများ အလွန် နှစ်သက်၍ အလွန် တန်ခိုးကြီး၏၊ အလွန် ကျေးဇူးများ၏၊ ထို့ကြောင့် ထိုဓမ္မစကြာကို အထူး အရိုအသေပြု၍ မိမိတို့သည် သစ္စာ သိအောင်ပြု၍ သူတပါးကိုလည်း ဟောမှု ပြောမှုတို့ကိုပြု၍ သစ္စာကို သိသော ပဋိဝေဓသာသနာသို့ ရောက်အောင် အားထုတ်သင့်ကြပေသည်။

ဓမ္မစကြာသစ္စာတရား၏ ဂုဏ်ထူး ပြပုံ ပြီးပြီ။

---

## မြတ်စွာဘုရား သာသနာ ထားတော်မူခဲ့ပုံ

မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်အခါမှာ နေ့စဉ် ဗုဒ္ဓကိစ္စငါးပါးကို ပြုတော်မူ၏၊ ညဥ့်ကို ၆-ပုံ ပုံ ၁-ပုံမျှသာ ကျိန်းစက်တော်မူ၍ ဇာဂရိယာနုယောဂဖြင့် အလွန် နိုးကြားခြင်းနှင့် ယှဉ်တော်မူ၏၊ ၄၅-ဝါပတ်လုံး လူ နတ် ဗြဟ္မာများ ကယ်ချွတ်တော်မူရာ အသချေ်များစွာ ကျွတ်ကြ၏၊ သို့ရာတွင် ကျွတ်ခွင့်ရှိသော သတ္တဝါအချို့ ကျန်နေမှုကို သိတော်မူသဖြင့် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဟူ၍ သာသနာ ၃-ရပ် ထားတော်မူခဲ့လေသည်။

ထို ၃-ရပ်အနက် ပဋိဝေဓသာသနာဟူသည် သစ္စာ ၄-ပါးကို သိအောင်ပြုမှုသောတာပတ္တိမဂ်စသည်ကို ရအောင်အားထုတ်မှုပင်ဟူလို။ထိုပဋိဝေဓသာသနာကိစ္စပြီးစေရန်မှာ သာဝကတို့၏ တာဝန် ဖြစ်ပေသည်။

ထို့ကြောင့် တပည့် သာဝက သံဃာတော်များသည် ပဋိဝေဓသာသနာဟူသော သစ္စာသိမှုကို ဒါယကာဝေနေယျတို့အားလည်း ဟောပြောရန် တာဝန်ရှိသည့်အတိုင်း ဓမ္မစကြာ သစ္စာ ၄-ပါးကို ပြောဟောတော်မူသင့်ကြပေသည်ဟူလို။

သာသနာ ထားတော်မူခဲ့သော အကြောင်းကို ပြပုံ ပြီးပြီ။

---

## သုတသိမှ ပဋိဝေဓသို့

ယခုအခါ ပရိယတ် ပဋိပတ်အနေဖြင့် ဓမ္မစကြာ, အနတ္တလက္ခဏသုတ် စသည်ကို နှုတ်ရဆောင်၍ ရွတ်ဖတ် သရဇ္ဈာယ်မှုပြုကြပေသော ပုဂ္ဂိုလ်အများအပြား

ပင် ရှိကြသဖြင့် ဝမ်းမြောက်ရပေသည်၊ သို့ရာတွင် သစ္စာကို သုတသိမှ ပဋိဝေဓ သိသို့ ရောက်အောင် ပဋိဝေဓ သာသနာပြုမှု ဟောမှု ပြောမှု အားထုတ်မှု နည်းပါးသဖြင့် တိမ်ငုပ်နေ၏၊ ထို တိမ်ငုပ်နေသည်ကို နေ လ-ကဲ့သို့ ထွန်းလင်း လာစေရန် ပြတော့အံ့။

## သစ္စာသိမှု၌ တည် မတည်

မိမိတို့သည် ပဋိဝေဓသာသနာ သစ္စာသိမှု၌ တည်သည် မတည်သည် သိနိုင် ခြင်းငှါ အမေး အဖြေနှင့် ပြဦးအံ့——

မေး။ သင်သည် သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်း ရှိသေးသလော။

ဖြေ။ ။သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်း မရှိတော့ပါ။

မေး။ ။အဘယ်သို့သော အခြင်းအရာအားဖြင့် ယုံမှားခြင်း ကင်းပါသလဲ။

ဖြေ။ ။ယခု ရရှိနေသော ခန္ဓာ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အစိုးမရ အလို မလိုက်မှု အနတ္တ၊ ဇရာ ဗျာဓိ မရဏ စသော ဒုက္ခတို့နှင့် ကိုယ်တိုင် တွေ့ကြုံနေရမှုတို့ကြောင့် ဤ ခန္ဓာ ၅-ပါးသည် ဒုက္ခသစ္စာသာ တည်းဟု ယုံကြည် ပါသည်။

(၁) လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဟု လောကီတရားအရ ဆို ကြသော်လည်း ပရမတ္ထသစ္စာအရမှာ ဒုက္ခသစ္စာသာတည်းဟု ယုံကြည်ပါသည်၊ သို့လော သို့လော နှလုံးနှစ်ခွ မရှိပါ။

(၂) ထို ဒုက္ခတို့သည်လည်း မိမိ၏ ကာမတဏှာ ဘဝတဏှာတို့ကြောင့် ဖြစ်၏၊ သူတပါးတို့ကြောင့် ဖြစ်မှုမဟုတ်ဟု ယုံကြည်ပါသည်၊ သို့လော သို့လော နှလုံးနှစ်ခွ မရှိပါ၊ အဘယ့်ကြောင့် ယုံကြည်သနည်းဆိုသော် ယခု ပစ္စုပ္ပန်မှာ ပင်လျှင် တဏှာ သံယောဇဉ်ကြောင့် သားရေး သမီးရေး နေရေး ထိုင်ရေး စားရေး သောက်ရေး စီးပွါးရေးစသော ဒုက္ခတို့နှင့် ကိုယ်တိုင်တွေ့ကြုံနေရသဖြင့် မိမိ တဏှာကြောင့် မိမိတို့ ဒုက္ခဖြစ်မှု၌ နှလုံးနှစ်ခွ မရှိတော့ပါ။

(၃) ထို့ပြင် မိမိသည်ပင်လျှင် ဘယ်ဘုံ ဘယ်ဘဝကိုမှ အလိုမရှိတော့ပါဟု နှလုံးသွင်း၍ ဇာတိကို ဖြစ်စေတတ်သော တဏှာကို ပယ်သောကြောင့် ဒုက္ခ

နိရောဓနိဗ္ဗာန်ကို ရရှိပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီဟု ယုံကြည်ပါသည်၊ ထို လိုချင်မှု တဏှာကို ပယ်သော်သည်း ဖြစ်မှုချုပ်ငြိမ်းသော အနုပ္ပါဒ နိဗ္ဗာန်ကို ရမှ ရပါမည်လောဟု ယုံမှားမှု မရှိပါ။

(၄) ထို့ပြင် ထိုဒုက္ခ သမုဒယ နိရောဓသစ္စာ ၃-ပါးတို့၌ မြင်သိမှု ဆုံးဖြတ်မှု တို့သည် မှန်မှ မှန်ပါမလားဟု နှလုံးနှစ်ခွ မရှိတော့ပါ၊ အဘယ့်ကြောင့် ဆိုသော် ထိုသို့ ဆုံးဖြတ်မှုကြောင့်ပင်လျှင် မိမိ၌ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ ချုပ်ငြိမ်းမှုကို ကိုယ်တွေ့ မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

ဤသို့ သစ္စာလေးပါးတို့၌ ယုံမှားကင်းပြီးလျှင် ဘဝတဏှာကိုလည်း ပယ်ပြီး ဖြစ်သောကြောင့် သောတာပန်တည်ပြီ၊ နိဗ္ဗာန်ရပြီဟု ဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ် တို့ တနေ့တခြား တိုးတက်ပြန့်ပွါးလာမှသာလျှင် သစ္စာသိမှု ပဋိဝေဓ သာသနာ ထွန်းလင်း တောက်ပပေပြီဟု ဆိုအပ်ပေသည်။

ပဋိဝေဓ သာသနာ၏ အဓိပ္ပါယ် ပြဆိုပုံ ပြီးပြီ။

---

**သစ္စာသိလိုက ဓမ္မစကြာ သစ္စာ ၄-ပါးကို**

**ကျက်ပါဟု သတိပေးပုံ**

**မေး–ဖြေ။** ။သင်သည် သစ္စာကို သိလိုသလား။ ။သိလိုပါသည်။

သိလိုလျှင် ဓမ္မစကြာ ၄-ပါးကို ရအောင် ကျက်ပါ၊ မသိသော အနက်အဓိပ္ပါယ်များကို သိသောပညာရှိထံ မေးမြန်း၍ အဖန်ဖန် ဆင်ခြင်ပါ၊ ထိုအခါ သစ္စာ ၄-ပါးကို သုတသိမှ ကိုယ်တွေ့သိသို့ ရောက်၍ သောတာပန် တည်နိုင်ပေမည်။

ထို့ကြောင့် သစ္စာကို သိလိုလျှင် သစ္စာ ၄-ပါး၌ သွယ်ဝိုက်ခြင်း မရှိပဲ တည့်တည့်မတ်မတ် ဟောထားခဲ့သည့် ဓမ္မစကြာ သစ္စာ တရားကိုသာ အားထုတ်ပါ၊ ဤကဲ့သို့ အသင့် နှလုံးသွင်းဖြင့် အားထုတ်ခဲ့လျှင် ဆီကို အလိုရှိသူသည် နှမ်းကို ဆုံမှာ ကြိတ်၍ ဆီရသကဲ့သို့ ထိုအတူ လိုရင်းကိစ္စပြီးစီး၍ ကြီးကျယ်သော အကျိုးကို ရနိုင်ပေမည် ဟူလို။

မိမိသိလိုမှုကား သစ္စာလေးပါးတည်း၊ အားထုတ်မှုမှာ ဓမ္မာကြာ သစ္စာ ၄-ပါးကို မကျက်မမှတ်ပဲ တခြား ထွေထွေရာရာတွေကို အကယ်၍ အားထုတ်နေသည် ဖြစ်အံ့၊ ထိုသူမှာ လိုရင်းကိစ္စမပြီး ခရီးမရောက် ရှိတတ်လေသည်၊ ဥပမာ – ကျောက်ခဲသလဲကို ကြိတ်က ဆီမရသကဲ့သို့ ထို့အတူ လိုရင်းကိစ္စမပြီး ခရီးမရောက် ရှိတတ်ပေသည် ဟူလို။

သောတာပတ္တိမဂ္ဂကထာကို မရေးမီ နှလုံးသွင်းရန် လိုအပ်သော အချက်များကို ညွှန်ပြသော ဥယျောဇဉ်များ ဤတွင် ပြီး၏။

---

## ရုပ်နာမ်ခန္ဓာ၌ ဝိပဿနာရှုပုံ

သောတာပတ္တိမဂ္ဂကထာကို ရေးသားပေတော့အံ့—

မေး – ဖြေ။ ။သင်သည် သောတာပန် တည်လိုသလား။ ။တည်လိုပါသည်။ သောတာပန်တည်လိုလျှင် သစ္စာ ၄-ပါးကိုသိအောင်လုပ်ပါ၊ လူဖြစ်ခဲ့လျှင် လူသောတာပန်တို့ ကျင့်အပ်သော ၅-ပါးသီလ လုံအောင် ထိန်းရမည်၊ထို့ပြင် ကာယကံ ၃-ပါး ဝစီကံ ၄-ပါးတို့မှ ကြဉ်၍ရသောပစ္စည်းဖြင့် သမ္မာအာဇီဝဖြစ်အောင် အသက်မွေးရမည်။ အတ္တအယူကိုလည်း စွန့်ရမည်၊ သောတာပန်တို့ ပယ်အပ်သော တရားကို အကျဉ်းအားဖြင့် မှတ်ရန်မှာ – ဒုစရိုက်ဆယ်ပါး တို့တွင် သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်း ကာမေသုမိစ္ဆာစာရ ကျင့်ခြင်း မုသား ပြောခြင်း အတ္တအယူကို ယူခြင်း ဤငါးပါးကို ပယ်ရမည်။

## ခန္ဓာ ၅-ပါး၌ ရှုပုံ

မေး။ ။အတ္တအယူကို စွန့်လိုပါသည်၊ အဘယ်ကဲ့သို့ အားထုတ်ရပါမည်နည်း။

ဖြေ။ ။ခန္ဓာ ၅-ပါး၌ ဤသို့ ရှုပါ —

ရူပံ နေတံ မမ, နေသောဟမသ္မိ, န မေသော အတ္တာ။
ဝေဒနာ နေတံ မမ, နေသောဟမသ္မိ, န မေသော အတ္တာ။

သညာ နေတံ မမ, နေသောဟမသ္မိ, န မေသော အတ္တာ။
သင်္ခါရာ နေတံ မမ, နေသောဟမသ္မိ, န မေသော အတ္တာ။
ဝိညာဏံ နေတံ မမ, နေသောဟမသ္မိ, န မေသော အတ္တာ။

တေံ ရူပံ၊ ဤ ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ မျက်စိ နား နှာ အင်္ဂါ ခြေလက် စသော ရုပ်သည်။ န မမ သန္တကံ၊ ငါ၏ ဥစ္စာမဟုတ်။ ဧသော၊ ဤရုပ်သည်။ န ဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ မအို မနာ မသေအောင် အစိုးရခြင်း အလိုသို့ လိုက်စေနိုင်ခြင်း ရှိသော အတ္တသည်။ န၊ မဟုတ်။

တေံ ဝေဒနာ၊ ဤ သုခ-ဒုက္ခ-ဥပေက္ခာ ဝေဒနာသည်။ တနည်း၊ တေံ ဝေဒနာ၊ ဤ အဆင်း၌ ခံစားသော ဝေဒနာ, အသံ၌ ခံစားသော ဝေဒနာ, အနံ့၌ ခံစားသော ဝေဒနာ, အရသာ၌ ခံစားသော ဝေဒနာ, အတွေ့အထိ၌ ခံစားသော ဝေဒနာ, ဓမ္မာရုံကို အာရုံပြု၍ဖြစ်သော မနောသမ္ဖဿဇာ ဝေဒနာသည်။ န မမ၊ ငါပိုင်-ငါ့ဟာ ငါ့ဥစ္စာ မဟုတ်။ ဧသော၊ ဤ ဝေဒနာအပေါင်းသည်။ န ဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤ ဝေဒနာအပေါင်းသည်။ တနည်း၊ ဤ သုခ-ဒုက္ခ-ဥပေက္ခာဝေဒနာသည်။ မေ၊ ငါ၏။ အတ္တာ၊ အစိုးရခြင်း အလိုသို့ လိုက်စေနိုင်ခြင်းရှိသော အတ္တသည်။ န၊ မဟုတ်။ တနည်း၊ ဒုက္ခဝေဒနာမလာနှင့် မဖြစ်နှင့်၊ သုခ ဝေဒနာသာ ဖြစ်စေသတည်း၊ ထို သုခ ဝေဒနာလည်း မပျက်ပဲ မြဲစေသတည်း စသည်ဖြင့် အစိုးရသော အလိုသို့ လိုက်စေနိုင်သော အတ္တသည်။ န၊ မဟုတ်။ သညာ သင်္ခါရ ဝိညာဏ်တို့၌လည်း ၎င်းနည်းတူ သိပါကုန်။

ထို ဝိပဿနာကို အကျဉ်းအားဖြင့် ပွါးနည်းကား ခန္ဓာ ၅-ပါးကို တပေါင်းတည်း ပြု၍—

၁။ တေံ၊ဤရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ် ခန္ဓာ ၅-ပါးသည်။ န မမ၊ ငါ၏ဥစ္စာ မဟုတ်ဟု ရှုလျှင် အနိစ္စလက္ခဏာ ထင်နိုင်ရကား ခင်တွယ်မှု တဏှာ ချုပ်ရ၏။

၂။ ဧသော၊ ဤ ခန္ဓာ ၅-ပါးသည်။ န ဟမသ္မိ၊ ငါမဟုတ်ဟု ရှုလျှင် ဒုက္ခ လက္ခဏာ ထင်သောကြောင့် မာန ချုပ်၏။

၃။ သော၊ ဤ ခန္ဓာ ၅-ပါးသည်။ မေ၊ ငါ၏ အတ္တာ၊ အစိုးရခြင်း အလိုသို့လိုက်စေနိုင်ခြင်းရှိသောအတ္တာသည်။ န၊ မဟုတ်ဟုရှုလျှင် အနတ္တလက္ခဏာ ထင်နိုင်သောကြောင့် အတ္တဒိဋ္ဌိ ချုပ်၏။

အထက်ပါအတိုင်း ရှုပါလျှင် အတ္တဒိဋ္ဌိချုပ်ရုံမျှမက တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရား ၃-ပါးလုံး ချုပ်နိုင်ခွင့် ရှိပေ၏၊ ထို့ကြောင့် ထို ဝိပဿနာသည် သောတာပတ္တိမဂ်မျှမက အထက်မဂ်များသို့သော်လည်း ရနိုင်ခွင့်ရှိ၏၊ ထို့ကြောင့် အထူးပွါးများကြပါကုန်။

အကယ်၍ ခန္ဓာ ၅-ပါးကို တပေါင်းတည်း မရှုနိုင်ခဲ့သော် ခန္ဓာ ၅-ပါးအနက် မိမိစိတ်၌ အလွန်ထင်မြင်သော ခန္ဓာတပါးပါးကို ရှု၍ လက္ခဏာ ထင်မြင်လျှင် ကျန် ခန္ဓာတို့လည်း ၎င်းနည်း အနိစ္စ ဒုက္ခ အနတ္တတရားတို့သာ တည်းဟု သိနိုင်၏၊ လိုရင်းကိစ္စ ပြီးနိုင်၏ဟူလို။

ဥပမာ—သမုဒ္ဒရာ ရေတစက်ကို လျက်၍ ကြည့်သောအခါ ငန်သောအရသာ ရှိမှုကို သိသော ယောကျ်ားသည် သမုဒ္ဒရာရေအားလုံးလည်း ၎င်းနည်း ငန်သော အရသာရှိ၏ဟု သိနိုင်သကဲ့သို့ ထို့အတူ ရုပ်နာမ်တပါးပါး၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာထင်လျှင် ကျန်သော ရုပ်နာမ် ခန္ဓာ တို့သည်လည်း ၎င်းနည်းပင်ဟု သိသဖြင့် ခင်တွယ်မှုတဏှာ ချုပ်ရ၏ ဟူလို။

---

## အနတ္တလက္ခဏသုတ်အရ ဝိပဿနာရှုပုံ

ခန္ဓဝဂ်သံယုတ်ပါဠိ၊ နှာ-၅၉၊ ဝိနည်းမဟာဝါပါဠိ၊ နှာ ၂၀-ရှိ အနတ္တလက္ခဏ သုတ်အရ ဆက်၍ပြဦးအံ့ —

> ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိတိ။

ဘိက္ခဝေ၊ သံသရာဘေးကို ပြေး၍ပင်မကြည့်သော်လဲ မိမိကိုယ်တွင် ပါကပဲ ဟု လိပ်ခဲတည်းလည်း ဟုတ်မှန်းတိတိ သိမြင်နိုင်ကြပေသော သူတော်ကောင်း အပေါင်းတို့၊ ဧဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ ခန္ဓာငါးပါး၌ အနိစ္စ ဒုက္ခ အနတ္တ

အားဖြင့်မြင်သော။ သုတဝါ၊ သုတရှိသော။ အရိယသာဝကော၊ မြတ်စွာဘုရား တပည့်သည်။ ရူပသ္မိံပိ၊ ဆံပင်စသော မျက်စိ နား နှာ အင်္ဂါခြေလက်စသော ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ ဝါ၊ မနှစ်သက်။ ဝေဒနာယပိ၊ ဝေဒနာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ သညာယပိ၊ သညာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ သင်္ခါရေသုပိ၊ သင်္ခါရက္ခန္ဓာတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ ဝိညာဏသ္မိံပိ၊ အာရုံကိုသိတတ်သော ဝိညာဏ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ၏။ ဧဝံ၊ ဤသို့။ နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ငြီးငွေသော။ အရိယသာဝကော၊ အရိယာသာဝကသည်။ ဝိရဇ္ဇတိ၊ ခန္ဓာသင်္ခါရတို့၌ တပ်ခြင်းကင်း၏။ ဝိရာဂံ-ဝိရာဂန္တော၊ တပ်ခြင်းကင်းသောသူသည်။ ဝိမုစ္စတိ၊ ခန္ဓာအာရုံ၌ခင်တွယ်သော တဏှာမှလွတ်၏။ ဝိမုတ္တသ္မိံ၊ လွတ်ပြီးသည်၌။ ဝိမုတ္တမိတိ၊ လွတ်ပြီဟူ၍။ ဉာဏံ၊ သိသော ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်မှာ-ဝိရဇ္ဇတိ-ကား မဂ်စိတ်ပင်တည်း၊ ဝိမုစ္စတိ-ကား ဖိုလ်စိတ်ပင်တည်း။ဒိဋ္ဌိ ဝိစိကိစ္ဆာစသော ကိလေသာမှ လွတ်သည်ကို လွတ်ပြီဟုသိမှုကား ပစ္စဝေက္ခဏာဉာဏ်တည်း။ ဤသို့ ပစ္စဝေက္ခဏာနှင့် ပြည့်စုံလျှင် သောတာပန်မျှမက အထက်မဂ်များကိုသော်လည်း ရောက်နိုင်၏ ဟူလို။

ရုပ်နာမ်ခန္ဓာတို့၌ ဝိပဿနာရှုပုံ ပြီးပြီ။

---

## ဝိပဿနာရှုသည့်အခါ လက္ခဏာထင်ပုံ

ခန္ဓာကို ရှုသည့်အခါ ဥပါဒ် ဌီ ဘင် ဇာတိ ဇရာ ဗျာဓိ မရဏစသော အိုနာသေမှုတို့ကို တွေ့မြင်လေတော့၏။

ဤ၌ ရုပ်နာမ်ခန္ဓာတို့ ပျက်စီးမှုကား မမြဲသောကြောင့်ဟု အနိစ္စလက္ခဏာ ထင်ရှားလတ္တံ့။ ဥပမာ-ထိုင်စကောင်းစွာ နောက်မှာပူညောင်း ထုံကျင်လောင်း ရှုပ်ဖောင်း အနိစ္စ-ဟူသော ဂါထာအရ ထိုင်စအခါ ညောင်းညာခြင်း မရှိသေးပေ၊ အတော်ကြာတော့ ညောင်းလာ၏၊ ဤ၌ ထိုင်စက ရုပ် ပျက်သော အနိစ္စ ထင်ရှားလတ္တံ့၊ ထိုညောင်းညာမှုကို မဖြစ်စေလိုသော်လည်း အစိုးမရ အလို မလိုက် အနတ္တ ထင်ရှားလတ္တံ့။

တနည်း-အကြောင်းရှိနေလျှင် အကျိုးဖြစ်ရတော့၏၊ အကြောင်းရှိသော်လည်း အကျိုးမဖြစ်ရဟု အစိုးမရ အနတ္တ၊ ဥပမာ-ဇာတိဟူသော အကြောင်း

ရှိနေလျှင် အို နာ သေမှုဟူသော အကျိုးတရားဖြစ်တော့၏၊ မဖြစ်ရအောင် အစိုးမရ အနတ္တ။

တနည်း–ဖဿဟူသော အကြောင်းရှိနေလျှင် ဝေဒနာဟူသော အကျိုး ဖြစ်ရ၏၊ ဤသို့ ဖဿချုပ်လျှင် ဝေဒနာချုပ်ရ၏၊ မချုပ်စေရန် အစိုးမရ အနတ္တ။ ဤသို့အားဖြင့် ရုပ်နာမ်ခန္ဓာတို့၌ မမြဲသော ဆင်းရဲသော အစိုးမရ အလိုမလိုက် သော ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တတရားတို့သာတည်း ဟု ရှု၍ အတ္တဒိဋ္ဌိကို ခွါအပ်၏ဟူလို။

## အတ္တ သက္ကာယဒိဋ္ဌိခွါပုံ

ထို့ပြင် နာမ်ရုပ် ၂-ပါး ခွဲခြားခြင်းဖြင့် သက္ကာယဒိဋ္ဌိခွါနည်းကို ပြဦးအံ့—

**မေး-ဖြေ။** ။သင်သည် အတ္တဒိဋ္ဌိကို စွန့်ခွါလိုသလော။ ။စွန့်ခွါလိုပါသည်။ စွန့်ခွါလိုလျှင် နာမ်နှင့်ရုပ်ကို ခွဲခြား၍သိအောင် အားထုတ်ပါ။

**မေး။** ။ထို နာမ်ရုပ်ခွဲခြားနည်းကို သိလိုပါသည်၊ အဘယ်သို့ ခွဲခြားရပါ မည်နည်း။

## ကောဋ္ဌာသ ၄၂-ပါး

**ဖြေ။** ။ဤကာယ၌—

ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ၊
အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့၊
နှလုံး အသဲ အမြှေး အဖျဉ်း အဆုတ်၊
အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်။
ဤကား ခက်မာခြင်း လက္ခဏာရှိသော ပထဝီ-၂၀။

သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊
မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်။
ဤကား ဖွဲ့စေးခြင်း လက္ခဏာရှိသော အာပေါဓာတ်-၁၂။

ရက်ဆက် ရက်ချန် ဖျားနာတတ်သော သန္တပ္ပနတေဇော၊
အရွယ်ကို အိုစေ ရင့်စေတတ်သော ဇီရဏတေဇော၊
ပေါက်နာ ကျောက်နာ စသည်ကို ဖြစ်စေတတ်သော ဒါဟတေဇော၊
စားသောက်သော အစာအာဟာရတို့ကို ကျက်စေ ကြေစေတတ်သော ပါစကတေဇော၊
ဤကား သီတ ဥဏှ လက္ခဏာရှိသော တေဇောဓာတ် ၄-ပါး။

အထက်ဆန်သော လေ၊
အောက်စုန်သော လေ၊
ဝမ်းတွင်း၌ တည်သောလေ၊
ကောဋ္ဌာသ အစု၌ တည်သောလေ၊
အင်္ဂါကြီးငယ်သို့ လျှောက်သောလေ၊
ထွက်သက် ဝင်သက်လေ၊
ဤကား ထောက်ကန်လှုပ်ရှားခြင်း လက္ခဏာရှိသော ဝါယောဓာတ် ၆-ပါး။

ဤသို့ ပထဝီ ၂၀၊ အာပေါ ၁၂၊ တေဇော ၄၊ ဝါယော ၆-တို့၌ သိတတ်သော သဘောမရှိ၊ ခက်မာ, ဖွဲ့စေး, ပူအေး, ထောက်ကန် ဟူသော ဓာတ်သဘာဝ လက္ခဏာ ၄-ချက်သာ ရှိ၏၊ ပုဂ္ဂိုလ် သတ္တဝါ သဘောမရှိ။

ထို့ပြင် ထိုဓာတ် ၄-ပါးကို မှီ၍ဖြစ်သော မျက်စိ နား နှာ လျှာ ကာယ ဘာဝ ဟဒယရုပ်တို့သည်ရင်း အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ အာရုံတို့သည်ရင်း သိတတ်သော သဘောမရှိသော ရုပ်မည်၏။

ထို့ပြင် အဆင်းကို သိတတ်သော စက္ခုဝိညာဏ်စိတ် အသံကို သိတတ်သော သောတဝိညာဏ်စိတ် အနံ့ကို သိတတ်သော ဃာနဝိညာဏ်စိတ် အရသာကို သိတတ်သော ဇိဝှါဝိညာဏ်စိတ် အတွေ့အထိကို သိတတ်သော ကာယဝိညာဏ်စိတ် ဓမ္မာရုံကို သိတတ်သော မနောဝိညာဏ်စိတ်တို့သည် အာရုံကို ညွတ်တတ် သိတတ်သောကြောင့် နာမ်မည်၏။

ဤသို့ မသိတတ်သော ရုပ်သဘောနှင့် သိတတ်သော စိတ်သဘောမျှသာ ရှိ၏ဟု ရှုပြီးလျှင် အတ္တ သတ္တ သက္ကာယဒိဋ္ဌိကို ခွါအပ်၏။

## သက္ကာယ ခွါပုံ ကိုယ်တွေ့ရှုနည်း

**မေး။** ။ယခုထိုင်နေတာ အဘယ်တရားပါလဲ။

**ဖြေ။** ။ဆံပင်စသော ပထဝီ ၂၀၊ သည်းခြေစသော အာပေါ ၁၂၊ သန္တပ္ပန စသော တေဇော ၄၊ ဥဒ္ဓင်္ဂမ စသော ဝါယောဓာတ် ၆-ထိုင်နေပါသည်။

**မေး။** ။ယခု ထိုင်နေသော နေရာသို့ ရောက်အောင် အဘယ်တရားပို့ပါသလဲ။

**ဖြေ။** ။စိတ်က စိတ္တဇဝါယောဓာတ်ကို ဖြစ်စေပြီးလျှင် ရူပကာယတခုလုံးကို ထိုင်နေသော နေရာသို့ ပို့ပါသည်။

**မေး။** ။ကိစ္စကြီးငယ်တို့ကို အဘယ်တရားတို့ လုပ်ပါသလဲ။

**ဖြေ။** ။နာမ်နှင့်ရုပ်တို့ အချင်းချင်းကျေးဇူးပြု၍ လုပ်ကြပါသည်။

**မေး။** ။ရုပ်ကလည်း သိတတ်သော သဘောမရှိ၊ သွားလာလုပ်ကိုင်လိုသော ဗျာပါရမရှိ၊ နာမ်ကသွားလာလုပ်ကိုင်လိုသော ဆန္ဒရှိသော်လည်း သူ့မှာ သွားလာရန် ကိရိယာမရှိပဲ အဘယ်သို့အားဖြင့် သွားလာလုပ်ကိုင်ခြင်း ကိစ္စကို ပြီးစေပါသနည်း။

**ဖြေ။** ။နာမ်နှင့် ရုပ်တို့ အညမည=အချင်းချင်း ကျေးဇူးပြုကြလျှင် ကိစ္စကြီးငယ်ကို ပြီးစေနိုင်ပါသည်။

**အကန်းအကျိုး ဥပမာ။** ။ဥပမာ-ရုပ်သည် အကန်းနှင့်တူ၏၊ ၎င်းမှာသွားနိုင်သောအားရှိ၏၊ သို့ရာတွင် ကန်းနေ၍မသွားတတ်၊ နာမ်သည်အကျိုးနှင့်တူ၏၊ ၎င်းမှာ မျက်စိမြင်သော်လည်း ကျိုးနေ၍မသွားနိုင်၊ ၎င်းတို့ ၂-ဦး တိုင်ပင်ပြီးလျှင် အကန်းက အကျိုးကို ပခုံးမှာထမ်း၍ သွားလာ ထမင်းတောင်းစားကြရာ စားသောက်ခြင်းကိစ္စပြီးစေသကဲ့သို့ ထို့အတူ နာမ်နှင့်ရုပ်တို့အချင်းချင်း ကျေးဇူးပြုကြလျှင် ကိစ္စကြီးငယ်တို့ ပြီးစီးနိုင်ပါသည်။

**လှည်း၊ နွား၊ လှည်းမောင်းသူ ဥပမာ။** ။ဥပမာ တနည်း ပြဦးအံ့–လှည်း၊ နွား၊ လှည်းသမား ၃-ဌာနရှိရာ

လှည်းသည် ဒွတ္တိံသာကာရနှင့်တူ၏၊ နွားသည် ဝါယောဓာတ်နှင့်တူ၏၊ လှည်းသမားသည် စိတ်နှင့်တူ၏၊ ဤ၌ လှည်း၌ နွားကိုတပ်ထားသော်လည်း နွားသည် လှည်းသမားမပါပဲ လိုရာခရီး မသွားတတ်၊ လှည်းသမားပါမှသာ လိုရာခရီးသို့ ရောက်အောင်သွားတတ်သကဲ့သို့ ထို့အတူလှည်းသမားနှင့်တူသော စိတ်ပါမှသာ လိုရာကိစ္စ ပြီးနိုင်၏။ ဤသို့လျှင် ကိစ္စကြီးငယ်တို့ကို ပုဂ္ဂိုလ် သတ္တဝါတို့ ပြုလုပ်မှုမဟုတ်၊ နာမ်ရုပ်တို့ ပြုလုပ်၏ဟူလို။

**မေး။** ။ယင်းသို့ဖြစ်ခဲ့လျှင် ပုဂ္ဂိုလ် သတ္တဝါတို့ သွားလာလုပ်ကိုင်ကြ၏ဟု ပြောဆိုကြသောစကားဟာ မှန်သလော မှားသလော။

**ဖြေ။** ။လောကဝေါဟာရအားဖြင့် မှန်ပါသည်၊ ပရမတ္ထအားဖြင့် နာမ် ရုပ် ၂-ပါးတို့ အချင်းချင်း ကျေးဇူးပြု၍ ပြုလုပ်၏ဟု ရှုမှမှန်ပါသည်။

ကျက်မှတ်၍ သတိပဋ္ဌာန်အနေနှင့် ပွါးများလိုမှု—

၁။ ခိုင်းတတ် လုပ်တတ်၊ ဤနှစ်ရပ်၊ မှတ်ကြ နာမ်နှင့်ရုပ်။

၂။ စားတတ် သောက်တတ်၊ ပြောတတ် ဆိုတတ်၊ အရပ်ရပ်၊ မှတ်ကြ နာမ်နှင့်ရုပ်။

ဤသို့ နာမ်နှင့်ရုပ်ကို ခွဲခြားခြင်းဖြင့်လည်း သက္ကာယဒိဋ္ဌိကို ခွါအပ်၏၊ အတ္တဒိဋ္ဌိကို စွန့်အပ်၏။

## သတိပဋ္ဌာန်နှင့် ဝိပဿနာရှုပုံ

တနည်း—ဒွါရ ၆-ပါး အာရုံ ၆-ပါး ဝိညာဏ် ၆-ပါး ဖဿ ၆-ပါး ဝေဒနာ ၆-ပါးတို့၌ အခိုက်အတန့်အားလျော်စွာ သတိပဋ္ဌာန်နှင့်တကွ ဝိပဿနာ ရှုနည်းကား—

၁။ မျက်စိနှင့် ရူပါရုံသည် ရုပ်၊ အဆင်းသိမှုကား စိတ်နာမ်။

၂။ နားနှင့် အသံတို့သည် ရုပ်၊ အသံသိမှုကား စိတ်နာမ်။

၃။ နှာခေါင်းနှင့်အနံ့ကား ရုပ်၊ အနံ့သိမှုကား စိတ် နာမ်။

၄။ လျှာနှင့်အရသာတို့ကား ရုပ်၊ အရသာသိမှုကား စိတ် နာမ်။

၅။ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံတို့ကား ရုပ်၊ အတွေ့ အထိ သိမှုကား စိတ်နာမ်။
၆။ မနသည် နာမ်၊ ဓမ္မာရုံသည် ရုပ် နာမ် ပညတ်၊ သိမှုကား နာမ်။
ဤသို့ ဗဟုသုတအနေဖြင့် စိတ်က ရှေးဦးစွာ မှတ်ထားပါ။

## အကြောင်းအားလျော်စွာ ရှုပုံ

၁။ မြင်သည့်အခါ မြင် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၂။ ကြားသည့်အခါ ကြား သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၃။ နံသည့်အခါ နံ သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၄။ စားသည့်အခါ စား သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၅။ ကာယသို့ ထိသည့်အခါ ထိ သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၆။ စိတ်ဖြင့် ထွေထွေရာရာ စဉ်းစားဆင်ခြင်သောအခါ ကြံ သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

ဤသို့ သူ့ဒွါရနှင့် သူ့အာရုံ ကြုံတွေ့တိုင်း သတိပဋ္ဌာန်အနေဖြင့် ရှုပါကုန်။ ဤသို့ အားဖြင့်လည်း သက္ကာယ ကွာနိုင်၏။

## အာနာပါနဖြင့် ရှုပုံ

တနည်း – ထွက်သက်ဝင်သက်တို့၌ ပွါးနည်းကား –
နှာခေါင်းဖြင့်ဝင်သက်ရှူသောအခါ ဝင် သိ ဖြစ် ပျက်၊နာမ်ရုပ်ဒုက္ခသစ္စာ။
ထွက်သည့်အခါ ထွက် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

ဤသို့လည်း ရှုအပ်၏။ ဤ၌ ထွက်တိုင်း ဝင်တိုင်း မရှုသော်လည်း ဝင်သက် လေတခု၌သာ ရှုရှုနေကလည်း ကိစ္စပြီး၏၊ ထွက်သက်လည်း ၎င်းနည်းဟု သိနိုင်၏။

## တနည်း ဣရိယာပုထ် ၄ ပါးဖြင့် ရှုပုံ

၁။ သွား သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၂။ ရပ် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၃။ ထိုင် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။
၄။ အိပ် သိ ဖြစ် ပျက်၊ နာမ်ရုပ် ဒုက္ခသစ္စာ။

ဤသို့ ရှုကလည်း ပုဂ္ဂိုလ် သတ္တဝါ သွားလာ လုပ်ကိုင်၏ဟု ယူသော ဒိဋ္ဌိ ချုပ်၏၊ သက္ကာယဒိဋ္ဌိ ကွာ၏၊ ဤသို့ ဣရိယာပထဖြင့် အဖန်ဖန် ပြုပြင် ဖြစ်ပျက် ရခြင်းကား ဒုက္ခသစ္စာသာတည်းဟု ရှု၍ သံဝေဂ ယူအပ်၏ ဟူလို။

ဤသို့ သတိပြု၍ ဒုက္ခသစ္စာသာတည်းဟု ရှုလျှင်လည်း သက္ကာယဒိဋ္ဌိ ကွာကြောင်းကို ဝိသုဒ္ဓိမဂ် ဒု တွဲ၊ နှာ ၁၄၂-နှင့် ၎င်းဋီကာဒု တွဲ၊ နှာ ၂၁၇-တို့၌ မိန့်တော်မူ၏။

ဒုက္ခဉာဏံ ပရိယုဋ္ဌာနာဘိဘဝဝသေန ပဝတ္တမာနံ သက္ကာယဒိဋ္ဌိံ နိဝတ္တေတိ၊ ကသ္မာ၊ သုဒ္ဓသင်္ခါရပုဉ္ဇမတ္တဒဿနတော။

ဒုက္ခဉာဏံ၊ ဒုက္ခသစ္စာကို သိသော ဉာဏ်သည်။ ပရိယုဋ္ဌာနာဘိဘဝဝသေန၊ ဒိဋ္ဌိစသော ကိလေသာတို့ ထိုးကျင့် နှိပ်စက်သည်၏ အစွမ်းဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ သက္ကာယဒိဋ္ဌိံ၊ ငါ့ကိုယ်ရှိ၏ဟု ယူသော သက္ကာယဒိဋ္ဌိကို။ နိဝတ္တေတိ၊ နစ်စေ၏။ ဝါ၊ ချုပ်ငြိမ်းစေ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သုဒ္ဓသင်္ခါရပုဉ္ဇမတ္တဒဿနတော၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရှိသော သင်္ခါရ·ဒုက္ခ အစုအပုံမျှ၏ အဖြစ်ကို မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

ယခု ဖြစ်ပျက်နေမှုကား ပုဂ္ဂိုလ် သတ္တဝါတို့ ဖြစ်ပျက်နေမှု မဟုတ်၊ သစ္စာ အားဖြင့် နာမ်ရုပ် ဒုက္ခသစ္စာသာ ဖြစ်ပျက်နေ၏ ဟူလို။

သတိ ပြုတော်မူကြစေလိုသည်မှာ သက္ကာယဒိဋ္ဌိသည် သောတာပတ္တိမဂ်ကို တားမြစ်၏၊ ၎င်းကို မခွါနိုင်လျှင်မဂ်ကို မရနိုင်၊ အပါယ်ဘေး သံသရာဘေးတို့မှ မလွတ်နိုင်၊ ထို့ကြောင့် တခြား ထွေထွေရာရာတွေကို ရှေးဦးမလုပ်ပဲ သက္ကာယ ကွာဖို့ကိုသာ ပြဆိုခဲ့သည့်အတိုင်း အားထုတ်ကြပါကုန်။

သောတာပတ္တိမဂ်ကို ရလျှင် အထက် မဂ်များကို ရရန်ကိစ္စ အဋ္ဌောဂတ ဖြစ်၏၊ ဤပဌမ သောတာပတ္တိမဂ်ကို ရရန်သာလျှင် အရေးကြီး၏ ဟူလို။

တနည်း ဣရိယာပုထ် ၄-ပါးဖြင့်ရှုပုံ ပြီးပြီ။

---

## နာမ်ရုပ်မှတပါး ပုဂ္ဂိုလ်သတ္တဝါမရှိပုံ

နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ[၁]။

---

၁။ ဝိသုဒ္ဓိမဂ် ဒု-ဘဲ၊ နှာ-၂၂ ။

နာမရူပမတ္တတော၊ နာမ်ရုပ် ၂-ပါးမျှထက်။ တနည်း နာမရူပမတ္တတော၊ သိတတ်သော နာမ်နှင့် မသိတတ်သော ရုပ်မျှထက်။ ဥဒ္ဓံ၊ အလွန်။ အညော၊ တပါးသော။ သတ္တော ဝါ၊ သတ္တဝါသည်ငှင်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ် ယောကျ်ား မိန်းမသည်ငှင်း။ ဒေဝေါ ဝါ၊ နတ်သည်ငှင်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်ငှင်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ မှတ်အပ်၏။

**ထို နာမ်နှင့်ရုပ်ကို သတ္တ ဇီဝ ပုဂ္ဂလဟု အထင်မှားပုံ**

မိမိတို့အလိုရှိရာ သွားလာ လုပ်ကိုင် ပြောဆိုနိုင်မှုတို့ကြောင့် မိမိတို့ကိုယ်ကို မိမိတို့ အစိုးရ၏၊သုခ ဒုက္ခတို့ကိုလည်း ခံစားတတ်၏၊ ကိစ္စကြီးငယ်တို့ကို ပြုလုပ်တတ်သော ကာရကပုဂ္ဂိုလ် ဝေဒကပုဂ္ဂိုလ် ဟုတ်၏ဟု ထင်မှား ကြလေသည်။

ဤ၌ အစိုးရ၍ ပြုလုပ်နိုင်ခြင်း မဟုတ်ပေ၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် ထပ်ကာထပ်ကာ ပြုပြင်မှုတို့ကြောင့် သွားလာလုပ်ကိုင်နိုင်၏ ဟူလို။

သတိပြုရန်မှာ—သက္ကာယဒိဋ္ဌိ မကွာလျှင် မဂ်ကို မရနိုင်၊ ထို့ကြောင့် ကောင်းစွာ မြင်သိအောင် အားထုတ်ကြပါကုန်။

တနည်း —

၁။ နာမ်ရုပ်မှတပါး၊ ယောကျ်ား မိန်းမ၊ သတ္တ ဇီဝ၊ ဘာမျှ မရှိ၊
ဉာဏ်နှင့်ကြည့်က၊ ခေတ်အတိမျှ၊ သခါရ၊ မုချရှိချေသည်။
၂။ နာမ်ရုပ် ၂-တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ ငါထိုင်၊
ငါကိုင် ငါသွား၊ ငါမြင်ကြား၊ ထင်မှားကြလေသည်။
၃။ ဒိဋ္ဌိသက္ကာ၊ မကွာသမျှ၊ ပါယ်လေးဝ၊ မုချရောက်ဦးမည်။
၄။ ရုပ်နာမ် ဓမ္မ၊ အနိစ္စ၊ ဒိဋ္ဌ မြင်သင့်သည်။
၅။ ဤသို့ မြင်မှ၊ အနတ္တ၊ မုချ ထင်ပေမည်။
၆။ ဤသို့ ထင်မှ၊ သက္ကာယ၊ မုချကွာချေမည်။
၇။ ဤသို့ ကွာမှ၊ မဂ်ဖလ၊ မုချရချေမည်။
၈။ မဂ်ဖိုလ်ရမှ၊ ဝဋ္ဋဒုက္ခ၊ မုချ ကျွတ်လွတ်မည်။

နာမ်ရုပ် ခွဲနည်း သက္ကာယခွါနည်း အမျိုးမျိုး ဤတွင်ပြီးပြီ။

## မဂ်ဖိုလ်ရခြင်း မရခြင်းအကြောင်းကို အထူး သတိပြုတော်မူကြရန်

၁။ အတ္တအယူ မစွန့်လျှင် ရသေ့ ရဟန်းပင် ပြုလုပ်ဦးတော့၊ မဂ်ဖိုလ်ရမှု လွန်ဝေးလံ၊ ဒိဋ္ဌိဝိစိကိစ္ဆာ ရှိနေသောကြောင့်။

၂။ အတ္တအယူ ပယ်စွန့်လျှင် ကာမဂုဏ် ခံစား၍နေသော လူဥပါသကာ ဥပါသိကာပင် ဖြစ်စေဦးတော့၊ မဂ်ဖိုလ်ရမှု လွန်ထိုက်တန်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ငြိမ်းသောကြောင့်။

၃။ သစ္စာ ၄-ရပ် ဉာဏ်မြင်သန်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်မှုစိတ်ချ။

၄။ ယင်းသို့အားဖြင့် ချုပ်ခဲ့လျှင်၊ သောတာပန်လျှင် တည်မှုစိတ်ချ။

၅။ ယင်းသို့အားဖြင့် တည်ခဲ့လျှင်၊ မေ့မေ့လျော့လျော့ပင် နေစေဦးတော့ ခုနစ်ဘဝဖြင့် အရဟတ္တ၊ အသင်္ခတနိဗ္ဗာန် ရောက်မှု စိတ်ချ။

အထူး သတိပေးလိုသည်မှာ—ရဟန်း ရှင်လူတို့မှာ ပရိယတ် ပဋိပတ်လောက်နှင့် တင်းတိမ် မနေကြပဲ သစ္စာသိမှု သောတာပန်တည်မှုဟူသော ပဋိဝေဓသို့ ရောက်အောင် အားထုတ်ကြပါ ဟူလို။

သတိပြုရန် ပြီးပြီ။

---

## သစ္စာ ၄-ပါး အမေး အဖြေ

သစ္စာ ၄-ပါးကို အမေး အဖြေဖြင့် ပြဦးအံ့—

### ဒုက္ခသစ္စာ

**အမေး။** ။ရုပ်နာမ်ခန္ဓာရှိနေမှုသည် သုခရှိနေမှုလော၊ သို့မဟုတ် ဒုက္ခ ရှိနေမှုလော။

**အဖြေ။** ။ထို ခန္ဓာ နာမ်ရုပ်တို့၌ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ ဇရာ ဗျာဓိ စသော ဘေးတို့ ကပ်လျက် ပါရှိနေမှုတို့ကြောင့် သုခ ရှိနေမှု မဟုတ်ပါ၊ ဒုက္ခသစ္စာ ရှိနေမှုသာ မှန်ပါသည်။

**အမေး**။ ။ပါဠိတော်၌ ဘယ်လို ဟောပါသလဲ။

**အဖြေ**။ ။ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော [၁] ဟု ဟောပါသည်။

ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ အဖြစ်အပျက်တို့ဖြင့် မပြတ် နှိပ်စက်တတ် နှိပ်စက်အပ်သော သဘောလည်း တပါး။ သင်္ခတဋ္ဌော၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် မပြတ် ပြုပြင်အပ် ပြုပြင်တတ်သော သဘောလည်း တပါး။ သန္တာပဋ္ဌော၊ အဖန်ဖန် ပူပန်အပ် ပူပန်တတ်သော သဘောလည်း တပါး။ ဝိပရိဏာမဋ္ဌော၊ ဖျားမှု နာမှု အို နာ သေမှု စသည်ဖြင့် ဖောက်ပြန်တတ်သော သဘောလည်း တပါး။ ဤ အနက် ၄-ချက် ရှိနေသောကြောင့် ခန္ဓာ ငါးပါး၌ ဒုက္ခသစ္စာရှိမှု မှန်ပါသည်။

**မေး**။ ။သင်သည် ထို ဒုက္ခသစ္စာ အနက်ကို စာတွေ့မျှပင်လော၊ သို့မဟုတ် ကိုယ်တိုင် တွေ့ဘူးပါ၏လော။

**ဖြေ**။ ။ကိုယ်တိုင် တွေ့ဘူးပါသည်။

**မေး**။ ။အဘယ်သို့သော အခြင်းအရာအားဖြင့် တွေ့ကြုံဘူးပါသလဲ။

**ဖြေ**။ ။**သွားကျိုး ဆံဖြူ၊ မေ့လျော့ထူ၊ ယဲမှုပျောက်ခဲ့ပြီ။ လုပ ရုပ်ဆင်း၊ နုပျိုခြင်း၊ အိုမင်းနောက်ဆုံးရှိခဲ့ပြီ** ဟူသော ထွဋ်ခေါင် ဆရာတော် ကမ္မဋ္ဌာန်းကဲ့သို့ရင်း၊ သွားကျိုး ဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်း ကုန်းကွ ဟူသော ဇရာဒုက္ခ၊ ခေါင်းခဲ ဝမ်းနာ ဖျားနာ စသော ဗျာဓိ-ဒုက္ခ၊ မချစ်မနှစ်သက်သောသူနှင့်တကွ အနိဋ္ဌာရုံတို့နှင့် တွေ့ရမှု ဒုက္ခ၊ ချစ်နှစ်သက်သောသူနှင့်တကွ ဣဋ္ဌာရုံတို့နှင့် ကွေကွင်းရမှု ဒုက္ခ၊ ဇာတိ-တဖန် မဖြစ်လိုပါ ပူပန်ကြောင့်ကြ မရှိလိုပါဟု တောင့်တသော်လည်း မရမှုတို့ကြောင့် ဒုက္ခသစ္စာသာ ရှိ၏၊ သုခ မရှိဟု ဖြေဆိုပါသည် ဟူလို။

ဒုက္ခသစ္စာရှုပုံ ပြီးပြီ။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၂၉၃-၆။

## သမုဒယသစ္စာ

**မေး။** ။ထိုဒုက္ခသစ္စာ ခန္ဓာ နာမ်ရုပ်တို့ကို မည်သူလုပ်သလဲ၊ မိမိ လုပ်သလော၊ သူတပါး လုပ်သလော။

**ဖြေ။** ။ဓမ္မာဓိဋ္ဌာန်အားဖြင့် သမုဒယသစ္စာ တဏှာ လုပ်ပါသည်။ ပုဂ္ဂလာ-ဓိဋ္ဌာန်အားဖြင့် မိမိတို့၏ လိုချင်မှုတဏှာ လုပ်ပါသည်။

**မေး။** ။ပါဠိတော်၌ ဘယ်ကဲ့သို့ ဟောပါသလဲ။

**ဖြေ။** ။သမုဒယဿ အာယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌော[၁]-ဟု ဟောပါသည်။

သမုဒယဿ၊ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌော၊ ဒုက္ခဝဋ္ဋ ဒုက္ခအစုတို့ကို မပြတ် စုဆောင်း ဆည်းပူးခြင်းသဘောလည်း တပါး။ နိဒါနဋ္ဌော၊ ဒုက္ခဝဋ္ဋ ဒုက္ခအစုတို့ကို မပြတ်ပေးအပ် ဆောင်နှင်းခြင်းသဘောလည်း တပါး။ သံယော-ဂဋ္ဌော၊ ဒုက္ခဝဋ္ဋ ဒုက္ခမှုတို့နှင့် မပြတ်ယှဉ်စေခြင်း သဘောလည်း တပါး။ ပလိဗောဓဋ္ဌော၊ သံသရာဝဋ်မှ မလွတ် မကျွတ်နိုင်အောင် ဟားမြစ်နှောင့်ယှက် တတ်သော သဘောလည်း တပါး။ ဤလေးပါးပင်တည်း။

**မေး။** ။သင်သည် ထိုသမုဒယ အနက် ၄-ချက်နှင့် ဘယ်သို့သော အခြင်း အရာအားဖြင့် တွေ့ကြုံသောကြောင့် ဤသို့ ဖြေဆိုပါသနည်း။

**ဖြေ။** ။မိမိတို့ သန္တာန်မှာရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ ရှုပကာယ စသည်တို့၌ အလွန် ခင်တွယ်နှစ်သက်လေ့ ရှိတတ်ကြပေသည်၊ ငါ့ကိုယ် ငါ့ဟာဟု စွဲယူသော ဥပါဒါန် ရှိတတ်ကြပေသည်၊ နာမ်၌လည်း သုခဝေဒနာတို့၌ အဘိနန္ဒန စသည်ဖြင့် အလွန် နှစ်သက်လေ့ရှိကြပေသည်။ ထိုကြောင့်ပင်လျှင် သားရေး သမီးရေး စားရေး သောက်ရေး နေရေး ထိုင်ရေး ပစ္စည်း ဥစ္စာ ရှာရန် အားထုတ် ရှာမှီးရေးတို့နှင့်တကွ ပူပင် ကြောင့်ကြရမှု ဒုက္ခအနန္တတို့နှင့် တနေ့မပြတ် တွေ့ကြုံနေရပါသည်။ ယခု ပစ္စုပ္ပန်မှာကဲ့သို့ ပင် ရှေးရှေး ဘဝတို့ကလည်း တဏှာကြောင့် ဒုက္ခ ဖြစ်၏၊ တဏှာ

---

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိ၊ နှာ-၂၉၃၆။

မချုပ်သေးလျှင် အနာဂတ်မှာလည်း ဤနည်း ဒုက္ခ ဖြစ်လတ္တံ့ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ဤသို့ ဖြေဆိုပါသည်။

**သတိပြုရန်။** ။ပရမတ္ထအားဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ ဒုက္ခသစ္စာ သမုဒယသစ္စာ ၂-ပါးတို့သာလျှင် အကြောင်း အကျိုးပြု၍ ဖြစ်ပျက်နေ၏ဟု ရှုလျှင် ငါကောင် သတ္တဝါကောင် ရှိလေသလော၊ မရှိသလော၊ ငါကောင် သတ္တဝါကောင်သည် ဟိုဘဝမှ သည်ဘဝသို့ ရောက်လေသလော၊ နောင်အခါ ဘယ်ကို သွားမည်နည်း စသော ယုံမှားခြင်း ၁၆-ပါး ချုပ်ငြိမ်းရ၏ ဟူလို။

သမုဒယသစ္စာ ပြီးပြီ။

## နိရောဓသစ္စာ

မေး။ ။လိုချင်မှု တဏှာကြောင့်ဖြစ်သော ဇာတိ စသော ဒုက္ခသည် ထို လိုချင်မှုကို မဂ်ဉာဏ်ဖြင့် ပယ်လျှင် တဖန် ဇာတိဖြစ်နိုင်ဦးမည်လော။

ဖြေ ။ ။ဇာတိ တဖန် ဖြစ်နိုင်ခွင့် မရှိတော့ပါ။

အလောဘေန ဇာတိဒုက္ခံ န ဟောတိ။ ကသ္မာ၊ အလောဘဿ တဏှာယ ပဋိပက္ခတော[၁]။

အလောဘေန၊ လိုချင်မှုကိုစွန့်သော အလောဘကြောင့်။ ဇာတိဒုက္ခံ၊ ဇာတိ ဒုက္ခသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အလောဘဿ၊ လိုချင်မှုကို ပယ်သော အလောဘ၏။ တဏှာယ၊ လိုချင်မှု ဘဝ တဏှာနှင့်။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။

ထို လိုချင်မှုကြောင့်ဖြစ်သော အကျိုးတရားသည် ထို လိုချင်မှု ချုပ်က မဖြစ်နိုင် ဟူလို။

တနည်း—

ဟေတုံ ပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ[၂]—

---

၁။ အဋ္ဌသာလိနီ၊ နှာ ၁၇၁။ ၂။ သဂါထာဝဂ္ဂသံယုတ် ႒ကထာ၊ နှာ-၁၃၆။

ဟူသော ကထာအရ အကြောင်းကြောင့်ဖြစ်သော တရားသည် အကြောင်း ချုပ်က အကျိုးချုပ်ရမြဲပေတည်း။

ယောတို၊ သမုဒယသစ္စာတဏှာကို။ ပဋိစ္စ၊ စွဲ၍။ သမ္ဘူတာ၊ ဇာတိစသောဒုက္ခတို ဖြစ်ပွါး စည်ပင်၍ နေကုန်၏။ ယောတုဘင်္ဂါ၊ အကြောင်း သမုဒယ တဏှာ၏ ချုပ်ခြင်းကြောင့်။ နိရုဇ္ဈရေ၊ အကျိုး ဒုက္ခသစ္စာတရားတို့လည်း ချုပ်ရကုန်၏။

အဓိပ္ပါယ်မှာ – ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဟူသော အကျိုး ဖြစ်၏၊ ဖဿချုပ်လျှင် ဝေဒနာဟူသော အကျိုးလည်း ချုပ်ရသကဲ့သို့ပင် ဟူလို။

တနည်း – တဏှာကြောင့်ဖြစ်သော ဇာတိ၌ တဏှာချုပ်လျှင် ဇာတိ ဒုက္ခလည်း ချုပ်ရ၏ဟု မြင်သိက နိရောဓသစ္စာ နိဗ္ဗာန်ရှိမှု၌ ယုံမှားမှု မရှိ ဟူလို။

တနည်း – အကြောင်းကြောင့် ဖြစ်သော တရား၌ အကြောင်းကုန်လျှင် အကျိုး မဖြစ်နိုင်ဟု မြင်သိက နိရောဓသစ္စာ နိဗ္ဗာန်ရှိမှု၌ ယုံမှားမှု မရှိ ဟူလို။

## သံသရာဝဋ်ဒုက္ခ မပြတ် လည်ပုံ ချုပ်ပုံ ဥပမာ

**သံသရာစက်လည်ပုံ။** ။သမုဒယသစ္စာတဏှာကြောင့် ဒုက္ခသစ္စာ ခန္ဓာ ၅-ပါး ဖြစ်၏၊ ထို ခန္ဓာကိုပင်လျှင် တဏှာဖြင့် ခင်တွယ်ခဲ့သော် တဏှာ တဖန် ဖြစ်ပြန်ဟော့၏၊ ထို တဏှာကြောင့် တဖန် ခန္ဓာ ၅-ပါး အသစ် ဖြစ်ပြန်တော့၏။

ဤသို့ အကြောင်းကြောင့် အကျိုး၊ အကျိုးကြောင့် အကြောင်း၊တနည်း– သမုဒယကြောင့် ဒုက္ခ၊ ဒုက္ခကြောင့် သမုဒယဖြစ်နေလျှင် သံသရာဝဋ်ဒုက္ခ မချုပ် မပြတ်နိုင်၊ ဝဋ်မှ မထွက်နိုင်၊ ဥပမာ–မျိုးစေ့ကြောင့် အပင်၊ အပင်ကြောင့် မျိုးစေ့ ဆိုသကဲ့သို့ပေတည်း။

## ဤကား သံသရာစက် လည်ပုံတည်း။

**သံသရာစက်ပြတ်ပုံ။** ။သံသရာစက် ပြက်နည်းကား – သမုဒယ တဏှာကြောင့် အကျိုး ခန္ဓာ ၅-ပါး ဖြစ်၏၊ ထို အကျိုးခန္ဓာ ၅-ပါး၌ ဝါယခုရှိနေသော ခန္ဓာ ၅-ပါး၌ တဏှာ ဒိဋ္ဌိဖြင့် ငါ့ ငါ့ဥစ္စာဟု စွဲယူမှုကို ဝိပဿနာဖြင့် ပယ်ခဲ့သော် တဏှာခင်တွယ်မှု ချုပ်၏။

ဤသို့ချုပ်လျှင် တဏှာ တဖန် မဖြစ်သောကြောင့် ဇာတိ ဒုက္ခစသော ဝိပါက ဝဋ္ဋဒုက္ခလည်း ချုပ်ရလေတော့၏။

ဥပမာ – အပင်မှ တဖန် မျိုးစေ့ မဖြစ်နိုင်အောင် အပင်ကို သတ်သဖြင့် မျိုးပြတ်သောကြောင့် အပင် တဖန် မဖြစ်နိုင်သကဲ့သို့ ထို့အတူ ဇာတိ စသော သံသရာဝဋ္ဋဒုက္ခ ချုပ်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တော့၏ ဟူလို။

နိရောဓသစ္စာ ပြဆိုပုံ ပြီးပြီ။

---

## မဂ္ဂသစ္စာ

**မေး။** ။ဒုက္ခသစ္စာ၌ ပြဆိုခဲ့သည့်အတိုင်း ခန္ဓာ ၅-ပါးတို့ကို ဒုက္ခသစ္စာဟု သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် အမှန်မြင်သိလျှင် လိုချင်မှု ဘဝတဏှာ ဖြစ်နိုင်ဦးမည်လော။

**ဖြေ။** ။ဥပ-ဘုံကို သံသရာနှောင်အိမ်ဟု မြင်သိလျှင် ထို နှောင်အိမ်မှ လွတ်ထွက်လိုသကဲ့သို့ ထောင်ကျနေသူသည် ထောင်မှ လွတ်လိုသကဲ့သို့ ထို့အတူ ရုပ် နာမ် ခန္ဓာတို့၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ပါရှိနေမှု, အို နာ သေမှုတို့ ကပ်လျက် ပါရှိနေမှုတို့ကို မြင်သိလျှင် ဒုက္ခမြင်သိ, တဏှာကွာ၊ နိရောဓသို့သာ ညွတ်သည် မဂ်စိတ်ဟူသော ကထာအရ ဘဝတဏှာ ဖြစ်နိုင်ခွင့် မရှိတော့ပါ။

ဥပမာ – နတ်သမီးတင်၍ အချစ်ပုံ၊ ဘီလူးမဟု မြင်သိရုံဖြင့် ချစ်စိတ်ကုန်ခန်းသကဲ့သို့ ရုပ်နာမ်ခန္ဓာတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု မြင်သိလျှင် အဘယ်မှာလျှင် လိုချင်မှုတဏှာ ဖြစ်နိုင်တော့မလဲ၊ တဏှာမှ မရှိလျှင် အဘယ်မှာလျှင် ဇာတိ ဖြစ်နိုင်တော့မလဲ၊ အဇာတနိဗ္ဗာန် ဟူသည်တွင် ယင်းသို့ ဇာတိချုပ်မှုကိုပင် မှတ်ဖို့ပါပဲ။

နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပဟာနရသံ၊ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ[၁]။

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၂၆။

မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာသည်။ နိယျာနလက္ခဏာ၊ ဝဋ္ဋဒုက္ခတို့မှ ကျွတ်လွတ်အောင် ထုတ်ဆောင်ခြင်း လက္ခဏာရှိ၏။ ကိလေသပဟာနရသံ၊ ရာဂစသော ကိလေသာ ကို ပယ်သတ်ခြင်းကိစ္စ ရှိ၏။ ဝုဋ္ဌာန ပစ္စုပဋ္ဌာနံ၊ ဝဋ္ဋဒုက္ခမှ ထမြောက်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

## မဂ်သည် ကိလေသာကို ပယ်ပုံ

**မေး။** ။မဂ်သည် ကိလေသာကို ပယ်သတ်၏ ဟူသည် အဘယ်သို့ ပယ်ပါ သနည်း။

**ဖြေ။** ။မဂ်သည် ကိလေသာကို ပယ်သတ်၏ ဟူသည် ဖြစ်ခြင်းကင်းသော အနုပ္ပါဒနိဗ္ဗာန်ကို မဂ်စိတ်ဖြင့် အာရုံပြုမှုပင်တည်း၊ ဤသို့ အာရုံ ပြုလျှင် သစ္စာကို မသိတတ်သော အဝိဇ္ဇာ ချုပ်၏၊ လိုချင်မှု ဘဝ တဏှာ ချုပ်၏၊ မှားသောမြင်ခြင်း ဟူသော မိစ္ဆာဒိဋ္ဌိ ချုပ်၏၊ သို့ လော သို့လောဟူသော ဝိစိကိစ္ဆာလည်း ချုပ်၏၊ ဤသို့ချုပ်လျှင် မဂ်ကိစ္စပြီးသဖြင့် သောတာပန် အဖြစ်သို့ ရောက်ရကား ပုထုဇဉ် ခန္ဓာ မရှိတော့ပြီ၊ ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ကိလေသာတို့ကား ပုထုဇဉ် ခန္ဓာ၌သာ တည်၏၊ အရိယာ ခန္ဓာ၌ ထိုကိလေသာတို့ မတည်နိုင်၊ အဓိပ္ပါယ်အထူးမှုကား ပုထုဇဉ်ခန္ဓာမှ အရိယာခန္ဓာသို့ရောက်မှုပင်လျှင် မဂ်သည် ကိလေသာကို ပယ်သတ်သည်မည်၏။

ဥပမာ—အရှေ့ကို မျက်နှာပြုကာမျှဖြင့် အနောက်ကို ကျောခိုင်းမှု ပြီးသကဲ့သို့ ထိုအတူ ဖြစ်မှုကင်းသော နိဗ္ဗာန်ကို နှစ်သက်သော မဂ် စိတ် ဖြစ်ခြင်းမျှပင်လျှင် ဖြစ်လိုသော ဘဝတဏှာစသော ကိလေသာ ပယ်မှုကိစ္စ ပြီး၏ ဟူလို။

## သမ္မာဒိဋ္ဌိ ၅-မျိုးနှင့် အဓိပ္ပါယ်

သမ္မာဒိဋ္ဌိဟူသည် အကျဉ်းအားဖြင့် သစ္စာ ၄-ပါး မြင်သိမှုပင်တည်း။

ထိုသမ္မာဒိဋ္ဌိသည် ကမ္မဿကသမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိအားဖြင့် ၅-မျိုးပြား၏။ (ဥပရိပဏ္ဏာသဋ္ဌ၊ နှာ-၉၅)

၁။ ကမ္မဿကာ သမ္မာဒိဋ္ဌိ ဟူသည် ကောင်းမှုကံကို ပြုလျှင် သုဂတိ စသော ကောင်းကျိုးကို ရ၏။ မကောင်းမှု အကုသိုလ်ကံကို ပြုလျှင် အပါယ် စသော မကောင်းကျိုးကို ရ၏။ ဤသို့ ကမ္မဥ္စ ကမ္မဖလဉ္စ သဒ္ဒဟိတွာ ဟူသော ပါဠိအရ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းသည် **ကမ္မဿက သမ္မာဒိဋ္ဌိ** မည်၏။

၂။ ဈာန်ရခြင်းငါ ကမ္မဋ္ဌာန်းအားထုတ်မှု၌ ကျွမ်းကျင် သိမ္မာ မြင်သိမှုသည် **ဈာနသမ္မာဒိဋ္ဌိ** မည်၏။

၃။ စိတ် စေတသိက် ရုပ်တို့၏ ဝါ-ခန္ဓာ ၅-ပါးတို့၏ သဘာဝလက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ စသော သာမညလက္ခဏာတို့ကို သိမြင် ရှုမြင်နိုင်ခြင်းသည် **ဝိပဿနာသမ္မာဒိဋ္ဌိ** မည်၏။

၄။ နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိသည် **မဂ္ဂသမ္မာဒိဋ္ဌိ** မည်၏။

၅။ ထိုမဂ်စိတ်နှင့် တခါက်တည်းဖြစ်သော နိဗ္ဗာန်အာရုံ၌တည်၍ ဖိုလ်စိတ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိသည် ဖလသမ္မာဒိဋ္ဌိ မည်၏။

ဤ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ ဖလသမ္မာဒိဋ္ဌိတို့နှင့် ပြည့်စုံက မဂ်ကို ရပြီ၊ သောတာပန် စသည် ကည်ပြီဟု ဆုံးဖြတ်အပ်၏ ဟူလို။

မဂ္ဂသစ္စာ ပြီးပြီ။

---

## သစ္စာ ၄-ပါးကို ဆင်ခြင်ပုံ

ပြဆိုခဲ့ပြီးသော ဒုက္ခ သမုဒယ နိရောဓ မဂ္ဂဟူသော သစ္စာ ၄-ပါးတို့ကို အကျဉ်းအားဖြင့် ဆင်ခြင်သုံးသပ်နည်း အမျိုးမျိုးတို့ကို ပြဦးအံ့ —

၁။ ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှုတို့ဒုက္ခ။

အဓိပ္ပါယ်ကား — 'ဖြစ်လိုမှု' ဟူသည် ဘဝတဏှာပင်တည်း၊ 'ဖြစ်မှု ဇာတိဒုက္ခ' ဟူသည် ၃၁-ဘုံ၌ ဇာတိ ဖြစ်မှုပင်တည်း၊ 'ဖြစ်ချင်လိုမှု ပယ်စွန့်ပြု' ဟူသည် ခန္ဓာ

၅-ပါးတို့၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ ဇာတိ ဇရာ ဗျာဓိ မရဏဘေးတို့ကို မြင်သိသောကြောင့် တဖန် မဖြစ်လိုတော့ပါဟု ပယ်စွန့်သော မဂ်စိတ်ပင်တည်း၊ 'ချုပ်မှု ထိုဒုက္ခံ'ဟူသည် ဘဝဇာတိ ချုပ်သော အနုပ္ပါဒ နိရောဓနိဗ္ဗာန်ပင်တည်း။

ဤသို့အဖန်ဖန်ဆင်ခြင်သဖြင့် သစ္စာကိုသိသည်ဖြစ်၍ ဘဝတဏှာကိုပယ်သည်ဖြစ်အံ့၊ သောတာပန် စသည် တည်နိုင်လေတော့၏ ဟူလို။

၂။ တနည်း—ဖြစ်လိုမှုကြောင့် ဖြစ်သည်သာ၊ ဖြစ်လိုမှုအား စွန့်ပါလျှင် အဘယ်မှာလျှင် ဇာတိဖြစ်နိုင်တော့မလဲ။

၃။ တနည်း–အဖြစ်ရှိ၍ အပျက်လာ၊ မဖြစ်ပါလျှင် အဘယ်မှာလျှင် ပျက်တော့မလဲ၊ နိရောဓသစ္စာ နိဗ္ဗာန်ဟု ဆိုသည်တွင် ယင်းသို့ ဖြစ်မှုချုပ်သော သဘောကိုပင် မှတ်ဖို့ပါပဲ။

အကျဉ်းအားဖြင့် သစ္စာ ၄-ပါး ဆင်ခြင်နည်း ပြီးပြီ။

---

## မဂ် ၄-ပါးသို့ တက်ပုံ

မေး။ ။ထိုသစ္စာလေးပါးတို့ကို သုတ အားဖြင့် သိပြီးနောက် မဂ်သို့ တက်လိုသော် အဘယ်သို့ တက်ရပါမည်နည်း။

ဖြေ။ ။၁-ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ[၁]။

ဥပ္ပါဒေ၊ ခန္ဓာဇာတိဖြစ်ခြင်း၌။ အာဒီနဝံ၊ အနိစ္စ ဒုက္ခ အနတ္တ ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဘေးတို့ကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဝါ၊ မြင်သောကြောင့်။ တနည်း—ဒိသွာ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပရိကံ ဥပစာ အနုလုံ ဝိပဿနာဇောတို့ဖြင့် မြင်သည်ဖြစ်၍။ ဝါ၊ မြင်သောကြောင့်။ အနုပ္ပါဒေ၊ ဖြစ်ခြင်းမရှိသော အနုပ္ပါဒ နိဗ္ဗာန်အာရုံသို့။ စိတ္တံ၊ အာရမ္မဏိက မဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ဖြစ်လိုမှု တဏှာကိုစွန့်၍ ဖြစ်မှုချုပ်ခြင်းကို နှစ်သက်သောအားဖြင့် ပြေးဝင်၏။ ဝါ၊ ဘယ်ဘုံ ဘယ်ဘဝကိုမျှ အလိုမရှိတော့ပါဟု သမ္မာသမာဓိဖြင့် အတည်ပြုလိုက်၏။ ဤသို့အားဖြင့် မဂ်ကိစ္စ ပြီးနိုင်၏ ဟူလို။

၂။ တနည်း–ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သာ ညွတ်သည် မဂ်စိတ်။ ဤသို့အားဖြင့်လည်း ဒုက္ခသစ္စာသိမှု သမုဒယတဏှာပယ်မှု နိဗ္ဗာန်မျက်မှောက်

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၃၂၈၊ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၃၉၅။

ပြုမှု မဂ္ဂသစ္စာပွါးမှုဟူသော မဂ်ကိစ္စ၄-ပါးပြီးသဖြင့် မဂ်သို့ရောက်၍ သောတာပန် တည်နိုင်၏။

၃။ တနည်း—ဖြစ်လျှင် ဒုက္ခ ချုပ်မှ သုခ နိဗ္ဗာန်။
ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှုမဂ်ကိစ္စ။

အဓိပ္ပါယ်မှာ – 'ဖြစ်လျှင်ဒုက္ခ'ကား အပျက်ကိုရှုသော ဝိပဿနာဇောတို့ပင် တည်း၊ 'ချုပ်မှ သုခနိဗ္ဗာန်'ကား နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူပင်တည်း၊ 'ချုပ်ခြင်းအမှု'ကား ဖြစ်မှုချုပ်သော အနုပ္ပါဒ နိရောဓနိဗ္ဗာန်တည်း၊ထိုချုပ်ခြင်း သဘောကို ဝါ-နိဗ္ဗာန်ကို နှစ်သက်မှုကား မဂ်စိတ်တည်း။

ဤသို့ မဂ်စိတ်ဖြစ်လျှင် ဒုက္ခသစ္စာသိခြင်းကိစ္စ သမုဒယဘဏှာပယ်ခြင်းကိစ္စ ဒုက္ခနိရောဓ နိဗ္ဗာန်ကို မျက်မှောက်ပြုမှုကိစ္စ မဂ္ဂသစ္စာပွါးမှုကိစ္စတို့ ပြီးစီးရကား သောတာပတ္တိမဂ် စသည်ရောက်၍ သောတာပန် စသည်တည်နိုင်၏ ဟူလို။

ထင်သိ မြင်သိ မြန်မာစကား ရိုးရိုးဖြင့် မဂ်သို့တက်လိုသော်—

၁။ ခန္ဓာဇာတိ ဖြစ်မှုရှိတာ မကောင်းပါဘူး။

၂။ ဇာတိ ဖြစ်ချင်တာလဲ မကောင်းပါဘူး။

၃။ ခန္ဓာဇာတိချုပ်မှ ကောင်းပါသည်။

၄။ ခန္ဓာဇာတိ ချုပ်လိုတာမှ ကောင်းပါသည်။

၁။ ခန္ဓာဇာတိ ဖြစ်မှုရှိတာ မကောင်းပါဘူး-ဟူသည် ခန္ဓာ၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ ဇာတိ ဇရာ ဗျာဓိ မရဏ-စသော ဒုက္ခသစ္စာကို မြင်သိမှုပင်တည်း။

၂။ ဇာတိဖြစ်ချင်တာလဲ မကောင်းပါဘူး-ဟူသည် ဘဝဇာတိဒုက္ခစသည်ကို အလိုရှိသော တဏှာဟာ မကောင်းပါဘူး၊ ထိုတဏှာကြောင့် ဇာတိဒုက္ခအမျိုး မျိုးတို့နှင့် တွေ့ကြုံနေရ၏-ဟု တဏှာ၏ အပြစ်ကို မြင်သိမှုပင်တည်း။

၃။ ဇာတိချုပ်မှုကား ဖြစ်ခြင်းမရှိသော အနုပ္ပါဒနိဗ္ဗာန်ပင်တည်း။

၄။ ကောင်းပါသည်—အဓိပ္ပါယ်မှာ ဖြစ်မှုမရှိသော ဇာတိချုပ်သောအနုပ္ပါဒ နိဗ္ဗာန်ကို နှစ်သက်သော မဂ်စိတ်ပင်တည်း။

ဤသို့ နှလုံးသွင်းကလည်း ယထာဘူတ ဉာဏ်အမြင်ဖြစ်သောကြောင့် မဂ်သို့ ရောက်၍ သောတာပန်စသည် တည်နိုင်ပေသည်။

သတိပြုရန်—ယခု ပြဆိုခဲ့သော နည်းများသည် သစ္စာသိမှု၌ မှတ်ယူလွယ်၍ အမြင်ကျယ်သော နည်းများ ဖြစ်ပေသည်၊ ပါဠိတော် အဋ္ဌကထာများနှင့်လည်း ညီလျော်ပေသည်။ဤနည်းမျိုးကို စီစဉ်ရေးသားမှုကား မလွယ်ကူလှပေ၊အလွန် ခက်ခဲ၏၊ ထို့ကြောင့် စာကြည့်သူတို့မှာ ငါတို့သည် ရှေးကံပါရမီ အလွန်ကောင်း သောကြောင့် လွယ်လင့်တကူ ဤနည်းမျိုးကို ရပေသည်ဟု ဝမ်းမြောက်အပ်၏ ဟူလို။

## မဂ်ရသည်ကို သိနိုင်ကြောင်း အဆုံးအဖြတ်

မေး။ ။သောတာပတ္တိမဂ်ကို ရလျှင် ရပြီဟု အဘယ်ကဲ့သို့ သိနိုင်ပါသနည်း။

ဖြေ။ ။၁-ရုပ်နာမ်ခန္ဓာ ၅-ပါး ရှိနေမှုကို ဒုက္ခသစ္စာ ရှိနေမှုဟု သိသည်ဖြစ်၍, ၂-ထိုခန္ဓာသည်လည်း မိမိ ဘဝတဏှာလောဘကြောင့် ဖြစ်၏ဟု သိသည်ဖြစ်၍,

၃-တဏှာချုပ်လျှင် ခန္ဓာဇာတိ ချုပ်ရတော့၏ဟု သိသည်ဖြစ်၍, ၄-ထိုဖြစ်မှုချုပ်သော နိဗ္ဗာန်ကို မဂ်စိတ်ဖြင့် အာရုံပြုသည်ဖြစ်အံ့၊ ဝါ-ဖြစ်မှုချုပ်ခြင်းကို နှစ်သက်သည်ဖြစ်အံ့၊ ဝါ-လိုချင်မှု ဘဝတဏှာကို ပယ်သည်ဖြစ်အံ့၊ ဤသို့သော အင်္ဂါတို့နှင့် ပြည့်စုံလျှင် မိမိသည် သောတာပန် တည်ပြီဟု သန္နိဋ္ဌာန်ကျ ဆုံးဖြတ်နိုင်ပေသည်၊ ဝါ-သိနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ဓမ္မ ကခ်တိ အရ မဂ်ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာ တရားတို့၌ ယုံမှားတတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ အကြွင်းမဲ့ချုပ်သောကြောင့်တည်း။

ထို့ပြင် သောတာပန် ဖြစ်ခဲ့လျှင် ငါးပါးသီလကို မကျိုးလွန်ဝံ့တော့ပြီ၊ မိစ္ဆာအာဇီဝဖြင့် အသက်မမွေးဝံ့တော့ပြီ၊ ကုသိုလ်ကောင်းမှု၌ ဘဝဇာတိကို အလိုရှိသောအားဖြင့် မပြုဝံ့တော့ပြီ၊ အနန္တရိယ ကံငါးပါးနှင့် ဤဘုရားမှတပါး တခြား၌ ဆရာရှာမှုဟူသော အညသတ္ထာရ ဥဒ္ဒိဿမှုတို့ကို မပြုတော့ပြီ၊ မိမိစိတ်၌

ဤသို့ သမာဓိတည်မှုကို မြင်သိသောအားဖြင့်လည်း မိမိသည် မဂ်ကို ရပြီဟု ဆုံးဖြတ်နိုင်၏ ဟူလို။

## သောတာပန် ဖြစ်ရကျိုး

**မေး။** ။သောတာပန်တည်လျှင် အဘယ်ကဲ့သို့သော အကျိုးများ ရပါသနည်း။

**ဖြေ။** ။အပိစ ခေါ အနမတဂ္ဂ သံသာရ ဝဋ္ဋဒုက္ခသမုဒ္ဒံ သောသေတိ၊ သဗ္ဗ-အပါယ ဒွါရာနိ ပိဒဟတိ၊ သတ္တန္နံ အရိယ ဓနာနံ သမ္မုခီဘာဝံ ကရောတိ၊အဋ္ဌင်္ဂိကံ မိစ္ဆာမဂ္ဂံ ပဇဟတိ၊သဗ္ဗဝေရဘယာနိ ဝူပသမေတိ၊ သမ္မာသမ္ဗုဒ္ဓဿ ဩရသပုတ္တဘာဝံ ဥပနေတိ၊ အညေသဥ္စ အနေက-သတာနံ အာနိသံသာနံ ပဋိလာဘာယ သံဝတ္တတီတိ ဧဝံ အနေကာ-နိသံသဒါယကေန သောတာပတ္တိမဂ္ဂေန သမ္ပယုတ္တံ ဉာဏံ သောတာ-ပတ္တိမဂ္ဂဉာဏန္တိ ဝုစ္စတိ၊[1] ။ပဌမမဂ္ဂဉာဏံ နိဋ္ဌိတံ။

အပိစ ခေါ၊ စင်စစ်သော်ကား။ အနမတဂ္ဂ သံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ၊ အစမထင် သံသရာဝဋ်ဒုက္ခဟူသော သမုဒ္ဒရာကို။ သောသေတိ၊ ခန်းခြောက်စေ၏။

သဗ္ဗအပါယဒွါရာနိ၊အလုံးစုံသောအပါယ်တံခါးတို့ကို။ ပိဒဟတိ၊ပိတ်ဆို့၏။

သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ အရိယဓနာနံ၊ အရိယာတို့၏ ဥစ္စာဖြစ်သော သဒ္ဓါ သီလ ဟိရိ ဩတ္တပ္ပ ဗာဟုသစ္စ ဝီရိယ ပညာ ဟူသော အရိယာဥစ္စာ ခုနစ်ပါးတို့ကို။ သမ္မုခီဘာဝံ၊ မျက်မှောက်၏အဖြစ်ကို။ ကရောတိ၊ ပြု၏။

အဋ္ဌင်္ဂိကံ မိစ္ဆာမဂ္ဂံ၊ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာ-အာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိဟူသော မိစ္ဆာမဂ္ဂင်ကို။ပဇဟတိ၊ စွန့်၏။

သဗ္ဗဝေရဘယာနိ၊ အလုံးစုံသော ဘေးရန်တို့ကို။ ဝူပသမေတိ၊ငြိမ်းစေ၏။

သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဩရသပုတ္တဘာဝံ၊ ရင်၌ဖြစ်သော သားအဖြစ်သို့။ ဥပနေတိ၊ ဆောင်၏။

---

[1] ဝိသုဒ္ဓိမဂ်၊ ဒု-ဘွဲ့၊ နှာ [illegible]

အညေသဥ္စ၊ ထိုမှတပါးလည်း ဖြစ်ကုန်သော။ အနေကသတာနံ၊ အရာမက များလှစွာကုန်သော။ အာနိသံသာနံ၊ အကျိုးအာနိသင်တို့ကို။ ပဋိလာဘာယ၊ ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဝေ၊ ဤသို့။ အနေကာနိသံသဒါယကေန၊ များသော အကျိုးပေးခြင်း ရှိသော။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်စိတ်နှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ ဉာဏံ၊ ဉာဏ်ကို။ သောတာပတ္တိမဂ္ဂဉာဏန္တိ၊ သောတာပတ္တိမဂ်ဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ပဌမမဂ္ဂဉာဏံ၊ မဂ် ၄-ပါးရှိသည့်အနက် ပဌမသောတာပတ္တိမဂ်ဉာဏ် သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

## သောတာပန် ပယ်သောတရားများ

အကယ်၍ သတ္တက္ခတ္တုပရမ သောတာပန်ပင် ဖြစ်ဦးတော့၊ ခုနစ်ဘဝအတွင်း ဖြစ်ရာ ဖြစ်ရာ ဘဝတို့၌ သစ္စာသိသောဉာဏ် အမြဲပါသွားသောကြောင့် သစ္စာ သိမှု၌ ဆရာရှာရန် မလိုတော့ပြီ၊ မိမိဉာဏ်ဖြင့် အရဟတ္တမဂ်သို့ တက်နိုင်၏။

သောတာပန်တည်လျှင် ဒုစရိုက် ၁၀-ပါးတို့တွင် ကာယကံ သုံးပါး, မုသာ ဝါဒ, သက္ကာယဒိဋ္ဌိ၊ ဤငါးပါးတို့ အကြွင်းမဲ့ချုပ်၏။

၁။ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အားဖြင့် အာသဝေါ ၄-ပါးရှိ၏၊ တရားကိုယ်အားဖြင့်ကား တဏှာ ဒိဋ္ဌိ အဝိဇ္ဇာ၊ ဤ ၃-ပါးပင်တည်း၊ အနက်အဓိပ္ပါယ်ကို အစဉ်လိုက် သိပါကုန်။ ယိုစီးတတ်, ထုံစွဲတတ် မူးယစ်စေ သောကြောင့် **အာသဝ** မည်၏၊ ဤတွင် သောတာပတ္တိမဂ်သည် **ဒိဋ္ဌာသဝ** ကို ပယ်၏။

၂။ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ အားဖြင့် ဩဃ ၄-ပါး ရှိ၏၊ တရားကိုယ်အားဖြင့် လောဘ ဒိဋ္ဌိ မောဟပင်တည်း၊ အသေနှစ်တတ်, နစ်မွန်းစေတတ်, မျောပါးစေတတ်သောကြောင့် ဩဃ မည်၏၊ သောတာပတ္တိ မဂ်သည် ဒိဋ္ဌောဃ ကို ပယ်၏။

၃။ ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂ အားဖြင့် ယောဂ ၄-ပါး ရှိ၏၊ တရားကိုယ်အားဖြင့် လောဘ ဒိဋ္ဌိ မောဟပင်တည်း၊မလွတ် ရအောင် တုပ်နှောင်ဖွဲ့ချည်ခြင်း, မပြေမပြတ်ရအောင် အထပ်ထပ် ရစ်ပတ်ခြင်း,

ပူးဝင်တွယ်ကပ်ခြင်းကြောင့် **ယောဂ** မည်၏၊ သောတာပတ္တိမဂ်သည် **ဒိဋ္ဌိယောဂ** ကို ပယ်၏။

၄။ အဘိဇ္ဈာ ကာယဂန္ထ ဗျာပါဒကာယဂန္ထ သီလဗ္ဗတပရာမာသကာယ-ဂန္ထ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထအားဖြင့် ဂန္ထ ၄-ပါးတည်း၊ တရားကိုယ်အားဖြင့် လောဘ ဒေါသ ဒိဋ္ဌိတည်း။ အဖုအဆစ်, အထုံးအဖွဲ့, အငြိအတွယ်ရှိခြင်းကြောင့် ဂန္ထ မည်၏။ သောတာပတ္တိမဂ်သည် နွား ခွေးတို့၏ အကျင့်ဖြင့်သံသရာမှ စင်ကြယ်၏ဟု ယူသော **သီလဗ္ဗတပရာမာသကာယဂန္ထ**, ဤသာ မှန်သည် ဤမှ တပါး အကုန်မှား၏ဟု ယူသော **ဣဒံသစ္စာဘိနိဝေသကာယဂန္ထ**ကို ပယ်၏။

၅။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟူ၍ ဥပါဒါန် ၄-ပါးရှိ၏၊ တရားကိုယ်အားဖြင့် လောဘ ဒိဋ္ဌိ ဤ ၂-ပါးပင်တည်း၊ ကာမအာရုံ၌ စွဲလမ်းခြင်း, ဒိဋ္ဌိအယူမျိုး၌ စွဲလမ်းခြင်း, နွားခွေးတို့၏ အကျင့်မျိုးဖြင့် သံသရာမှစင်ကြယ်၏ဟု စွဲယူခြင်း, ကိုယ်ရှိ၏ဟု စွဲယူခြင်း၊ ဤ ၄-ပါးပင်တည်း၊ သောတာပတ္တိမဂ်သည် ဒိဋ္ဌုပါဒါန် **သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်** ဤ ၃ ပါးကို ပယ်၏။

၆။ ကာမစ္ဆန္ဒနီဝရဏ တရားကိုယ် လောဘ၊ ဗျာပါဒနီဝရဏ တရားကိုယ် ဒေါသ၊ ထိနမိဒ္ဓနီဝရဏ တရားကိုယ် ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ တရားကိုယ်လည်း ၎င်း ၂-ပါးပင်၊ ဝိစိကိစ္ဆာနီဝရဏ တရားကိုယ်လည်း ဝိစိကိစ္ဆာပင်တည်း၊ အဝိဇ္ဇာနီဝရဏကား တရားကိုယ် မောဟ၊ ဤသို့ တရားကိုယ်ပေါင်း လောဘ ဒေါသ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ မောဟ အားဖြင့် ရှစ်ပါး ရ၏၊ ကောင်းသော တရားတို့ကို တားဆီးခြင်း, ကန့်ကွက်ခြင်း, ပိတ်ပင်ခြင်း, ဖျက်ဆီးတတ်ခြင်းတို့ကြောင့် **နီဝရဏ** မည်၏၊ သောတာပတ္တိမဂ်သည် **ဝိစိကိစ္ဆာ-နီဝရဏ**ကို ပယ်၏။

၇။ ကာမရာဂါနုသယ တရားကိုယ် လောဘ၊ ဘဝရာဂါနုသယ လောဘ၊ ပဋိဃာနုသယ-ဒေါသ၊ မာနာနုသယ-မာန၊ ဒိဋ္ဌာနုသယ-ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနုသယ-ဝိစိကိစ္ဆာ၊ အဝိဇ္ဇာနုသယ-မောဟ၊ ဤ၌ တရားကိုယ် ၆-ပါးရ၏၊ စိတ်သန္တာန်တွင် အစဉ်စွဲကပ် ပါရှိနေသော ငုပ်ဓာတ်မျိုး ကိန်းဓာတ်မျိုး ဝပ်ဓာတ်မျိုးကို

**အနုသယ** ဆို၏၊ ထိုအနုသယ ခုနစ်ပါးတို့တွင် သောတာပတ္တိမဂ်သည် **ဒိဋ္ဌိ ဝိစိကိစ္ဆာအနုသယ** ၂-ပါးကို ပယ်၏၊ သစ္စာ ၄-ပါးတို့၌ ယုံမှားမရှိတော့ပြီ။

၇။ ကာမရာဂသံယောဇဉ် ရူပရာဂသံယောဇဉ် အရူပရာဂသံယောဇဉ် ထို ၃-ခုတို့၏ တရားကိုယ် လောဘတခုပင်တည်း၊ ပဋိဃသံယောဇဉ်-ဒေါသ၊ မာနသံယောဇဉ်-မာန၊ ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသသံယောဇဉ် ဤ ၂-ပါး၌ တရားကိုယ်မှာ ဒိဋ္ဌိပင်တည်း၊ ဝိစိကိစ္ဆာသံယောဇဉ်မှာ ဝိစိကိစ္ဆာပင်တည်း၊ ဥဒ္ဓစ္စသံယောဇဉ်မှာ ဥဒ္ဓစ္စပင်တည်း၊ အဝိဇ္ဇာသံယောဇဉ်မှာ မောဟပင်တည်း၊ ဤ၌ တရားကိုယ်မှာ လောဘ ဒေါသ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ မောဟ ခုနစ်ပါးရ၏။ ဤကား သုတ္တန် နည်းတည်း။ ထိတ် ထောင် နှောင်ကြိုးကဲ့သို့ ဖွဲ့ကားတတ်သောကြောင့် **သံယောဇဉ်** မည်၏၊ သောတာပတ္တိမဂ်သည် **ဒိဋ္ဌိ ဝိစိကိစ္ဆာ** ၂-ပါးကို ပယ်၏။

၈။ လောဘကိလေသာ ဒေါသကိလေသာ မောဟကိလေသာ မာနကိလေသာ ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာကိလေသာ ထိနကိလေသာ ဥဒ္ဓစ္စကိလေသာ အဟိရိကကိလေသာ အနောတ္တပ္ပကိလေသာအားဖြင့် ကိလေသာ ဆယ်ပါးရ၏၊ တရားကိုယ်အားဖြင့်လည်း ၎င်းဆယ်ပါးပင် ဟူလို။ ပူပန်စေတတ်သောကြောင့်၎င်း နှိပ်စက်တတ်သောကြောင့်၎င်း ညစ်ကျုကြောင်းဖြစ်သောကြောင့်၎င်း **ကိလေသာ** မည်၏၊ ထိုကိလေသာ ဆယ်ပါးတို့တွင် သောတာပတ္တိမဂ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးကို ပယ်၏။

လောဘတဏှာ၏ နယ်ကျယ်ပုံကား–ပြခဲ့သော ၈-ဌာန၌ လောဘကိစ္စတပ်၏၊ ဒိဋ္ဌိသည် ထို ၈-ဌာန အနက် နီဝရဏကို နုတ်၍ ကျန်ရှစ်ဌာန၌ ဒိဋ္ဌိကိစ္စတပ်၏၊ မောဟအဝိဇ္ဇာသည် ဂန္ထနှင့် နီဝရဏ ၂-ပါးကို နုတ်၍ ကျန်ခုနစ်ဌာန၌ အဝိဇ္ဇာကိစ္စ တပ်၏ ဟူလို။

ဝိပလ္လာသတို့တွင် သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသအားဖြင့် ဝိပလ္လာသ ၃-ပါးပင်တည်း၊ မှားသောမှတ်ခြင်း, သိခြင်း,အယူရှိခြင်းပင်တည်း။ အဘယ်ဌာန၌မှားသနည်း၊ ခန္ဓာ ၅-ပါး၌ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ အသုဘလက္ခဏာဟူ၍ သာမညလက္ခဏာ ၄-ချက်၌ မှား၏၊ ၎င်းကို ဝိပလ္လာသ ၃-ပါးနှင့် မြှောက်သော် ဝိပလ္လာသ ၁၂-ပါး ဖြစ်၏။ ထို ၁၂-ပါးတွင် သောတာပန်၌ အနိစ္စကို နိစ္စ, အနတ္တကို အတ္တ၊ ဤ၂-ချက်၌ မှားသော

**သညာ စိတ္တ ဒိဋ္ဌိ ဝိပလ္လာသ** ၃-ပါးလုံးချုပ်၏၊ ၂-တည် ၃-နှင့်မြှောက် ၆-ပါးရ၏။ ထိုပြင် အသုဘကို သုဘ, ဒုက္ခကို သုခ၊ ဤ ၂-ပါး၌မူကား **ဒိဋ္ဌိဝိပလ္လာသ**ကိုသာ ပယ်နိုင်၏၊ ယခင် ၆-ပါးနှင့် ပေါင်းသော် သောတာပတ္တိမဂ်၌ ဝိပလ္လာသ ရှစ်ပါး ချုပ်၏။

အသုဘကို သုဘဟု မှားသော သညာ စိတ္တ ဝိပလ္လာသကို အနာဂါမ်မှာပယ်၏၊ ဒုက္ခကို သုခဟု မှားမှုကို အရဟတ္တမဂ်ကမှ ပယ်နိုင်၏။

လောကဓမ် ရှစ်ပါးကို သောတာပန် သကဒါဂါမ်တို့ မပယ်နိုင်၊ လာဘော အလာဘော ယသော အယသော နိန္ဒာ ပသံသာ သုခံ ဒုက္ခံ ဟူသော လောကဓမ် ရှစ်ပါးအနက် အလာဘော အယသော နိန္ဒာ ဒုက္ခံ ဤ ၄-ပါးကို အနာဂါမ်မှာ ပယ်၏။ လာဘော ယသော ပသံသာ သုခံ ဤ ၄-ပါးကို အရဟတ္တမဂ်ကမှ ပယ်၏။ ထို့ကြောင့် ရဟန္တာများမှာ လောကဓမ်ကြောင့် တုန်လှုပ်ခြင်းမရှိ ဟူလို။

အကုသိုလ်စိတ် ၁၂-အနက် သောတာပတ္တိမဂ်၌ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄-ခုနှင့် ဝိစိကိစ္ဆာစိတ် ၁၊ ပေါင်း စိတ် ၅-ခု ချုပ်၏။

လောဘမူ ရှစ်ခုအနက် သမ္ပယုတ်စိတ် ၄-ခု ချုပ်သော်လည်း ဝိပ္ပယုတ်စိတ် ၄-ခု ကျန်၏။ ထိုဝိပ္ပယုတ်စိတ်နှင့် ယှဉ်သော တဏှာဖြင့် သုခဝေဒနာတို့ကို ဝိသာခါ အနာထပိဏ် သူဌေးကြီးများကဲ့သို့ သာယာသော်လည်း ဒိဋ္ဌိပယ်ပြီး ဖြစ်သောကြောင့် ဥပါဒါန် မဖြစ်နိုင်၊ ဥပါဒါန်ဟူသည် တဏှာဒိဋ္ဌိ ၂-ခု ရောမှ ဖြစ်သည်၊ ဥပါဒါန် မဖြစ်လျှင် ဘဝမဖြစ်နိုင်၊ ဘဝမဖြစ်လျှင် ဇာတိမဖြစ်နိုင်၊ ထိုဝိပ္ပယုတ်လောဘ တဏှာကား အရဟတ္တမဂ်ကျမှ ချုပ်၏။ ထို့ကြောင့် သေက္ခ အရိယာတို့မှာ ဝေဒနာနောက် တဏှာဖြစ်သော်လည်း ဩဃ ယောဂ ဂန္ထ ကိစ္စ မတပ်နိုင်၊ ထို့ကြောင့် အာသဝသံသရာစက် မလည်နိုင်ဟူလို။

## သောတာပန် ၃ မျိုး ၇ မျိုး

သောတာပန် သုံးမျိုး ခုနစ်မျိုးတို့၏ အဓိပ္ပါယ်ကို ပြဦးအံ့—

ကောဗိဋသောတာပန် ကောလံကောလသောတာပန် သတ္တက္ခတ္တုပရမသောတာပန်၊ ဤကား သောတာပန် ၃-မျိုး ရေတွက်ရန်တည်း။

ကေဗိဇသောတာပန် ဟူသည် ယခုဘဝမှာ သောတာပန် ဖြစ်၍ ယခုဘဝမှာပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သော သောတာပန်ကို ကေဗိဇသော-တာပန်ဟု ဆို၏။

ကောလံကောလသောတာပန် ဖြစ်ခဲ့မူ ၂-ဘဝနှင့်လည်း ရဟန္တာဖြစ်၏၊ ၃-ဘဝနှင့်လည်း ရဟန္တာဖြစ်၏၊ ၄-ဘဝနှင့်လည်း ရဟန္တာဖြစ်၏၊ ၅-ဘဝနှင့်လည်း ရဟန္တာဖြစ်၏၊ ၆-ဘဝနှင့်လည်း ရဟန္တာဖြစ်၏၊ ၎င်း ၂-မှ ၆-ထိ ပုဂ္ဂိုလ်များသည် ကောလံကောလသောတာပန်မည်၏။

၇-ဘဝမှ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမသောတာပန်မည်၏။ သောတာပန် အပြားကို ဤသို့ သိအပ်၏ ဟူလို။

ထိုသောတာပန် ခုနစ်မျိုးတို့တွင် ဤဘဝမှာပင် ဧကဗိဇသောတာပန်အဖြစ်နှင့် အရဟတ္တဖိုလ်သို့ တက်လိုလျှင် ရသေ့ ရဟန်း ပြုခြင်း ခေါင်းပါးစွာကျင့်မှုကိစ္စတို့ကို အားထုတ်အပ်ပေသည်၊ ဤမှ တပါးသော သောတာပန်များအတွက်မူကား ပြဆိုထားသော ဝိပဿနာများ ပွါးများလျှင် သကဒါဂါမ် အနာဂါမ် စသည်သို့ ရောက်နိုင်၏ဟူလို။

## သောတာပန်တို့ ရအပ်သောအကျိုး

သောတာပန်တို့ ရအပ်သောအကျိုးကို ပြဦးအံ့—

ချစ်သား ရဟန်းတို့ မြင်းမိုရ်တောင်မှ ပဲစေ့ခန့်ရှိသောကျောက်ခဲကိုဖဲ့၍ယူအံ့၊ ဖဲ့၍ယူသော ကျောက်ခဲနှင့် အကျန်မြေ ဘယ်သင်းက များသနည်းဟုမေး၏၊ ကျန်သော မြေက များပါသည်ဘုရားဟု သာဝကတို့က လျှောက်ကြ၏။ ဤအခါ မြတ်စွာဘုရားက ထိုအတူ သောတာပန်တို့၏ ကျွတ်လွတ်ပြီးဒုက္ခကား မြင်းမိုရ်တောင်မျှရှိပြီး ကျန်သောဝဋ်ဒုက္ခကား ယခင်ဖဲ့၍ယူသော ကျောက်ခဲလောက်သာ ရှိတော့၏ဟု မိန့်တော်မူ၏။

ထို့ပြင် ချစ်သားတို့ ငါမေးဦးအံ့၊ သမုဒ္ဒရာလေးစင်းထဲက ရေကို သမန်းမြက်ဖျားဖြင့်နှစ်၍ ကပ်ပါလာသောရေနှင့် ကြွင်းကျန်သောရေ ဘယ်က များမည်နည်းဟု မေး၏၊ ထိုအခါ ရဟန်းများက သမန်းမြက်ဖျားမှာ ကပ်၍ပါသော ရေကား မပြောပလောက်ပါ၊ ကျန်သောရေက အလွန်များပါသည်ဟု လျှောက်ကြ၏၊ မြတ်စွာဘုရားက ဤအတူ သောတာပန်တို့ ကျွတ်လွတ်ပြီး

ဝဋ္ဋဒုက္ခကား သမုဒ္ဒရာလေးစင်းရေလောက်ရှိပြီး ကျန်သောဒုက္ခကား သမန်းမြက်ဖျားတွင်ပါသော ရေလောက်သာ ကျန်တော့သည်၊ ထို့ကြောင့် သောတာပတ္တိမဂ်စသော မဂ်ဖိုလ်နိဗ္ဗာန်သည် အလွန်ကျေးဇူးများသည်၊ ထို့ကြောင့် သစ္စာသိအောင် အားထုတ်ကြဟု မိန့်တော်မူ၏။

## ပုထုဇဉ်ခန္ဓာ၌ အားထားစရာ မရှိပုံ

အကယ်၍ သောတာပတ္တိမဂ်လောက်မျှ မရသေးသော ပုထုဇဉ်ဖြစ်ခဲ့လျှင် ယခင်က ဖွဲ့၍ယူသော ကျောက်ခဲလောက်သာ သုဂတိဘဝကို ရနိုင်၏၊ ဒုဂ္ဂတိဘဝရမှုကား မြင်းမိုရ်တောင်လောက်ဟု ဆိုအပ်၏။ တနည်း–သမန်းမြက်ဖျား၌ ကပ်၍ပါလာသော ရေလောက်သာ သုဂတိဘဝကို ရနိုင်၏၊ ဒုဂ္ဂတိဘဝကား သမုဒ္ဒရာရေလောက်ပင် ရခွင့်ရှိ၏ဟူလို။ ထို့ကြောင့် သံသရာ၌ ကျင်လည်ရသည့်အခါ အပါယ်ဘေးသည် အလွန်ကြောက်စရာ ကောင်းသည်၊ ထိုဘေးတို့မှ ကင်းလွတ်ခြင်းငှါ သစ္စာသိ၍ သောတာပန်ဘည်အောင် အားထုတ်သင့်ကြပေသည် ဟူလို။

**မေး။** ။ခန္ဓာ၌ အားထားစရာများ ရှိပါသလား။

**ဖြေ။** ။ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-ဟု ဟောတော်မူသောကြောင့် ပုထုဇဉ်ခန္ဓာ၌ အားထားစရာမရှိပါ၊ အပါယ်ဘေး သံသရာဘေးတို့မှ ကင်းလွတ်အောင် မစွမ်းနိုင်ပါ၊ သောတာပန်စသော အရိယာခန္ဓာကို ရမှသာ အပါယ်ဘေး သံသရာဘေးတို့မှ ကင်းလွတ်နိုင်ပေမည်။ ထို့ကြောင့် ပုထုဇဉ်ခန္ဓာမှာ အားထားစရာ မရှိပါ ဟူလို။

## ဘဝတိုင်း ကောင်းမှုမပြုနိုင်ပုံ

**မေး။** ။မဂ်ဖိုလ်ကိုမရသေးသော်လည်း ဘဝတိုင်း ဘဝတိုင်း ကောင်းမှုပြုလျှင် အပါယ်မှ မလွတ်နိုင်ဘူးလား။

**ဖြေ။** ။ပုထုဇဉ်မှန်သမျှ ဘဝတိုင်း ဘဝတိုင်း ဆက်ကာ ဆက်ကာ ကောင်းမှုပြုနိုင်ခွင့်မရှိသောကြောင့် အပါယ်မှ မလွတ်နိုင်ပေ၊ အကြောင်းမှာ သံသရာ၌ ကျင်လည်ရသည့်အခါ သမ္ပတ္တိခေတ် ဝိပတ္တိခေတ် ဆုတ်ကပ်ကက်ကပ် ရှိမြဲပင်တည်း၊ ဝိပတ္တိခေတ်မှာ သတ္တဝါတို့ သန္တာန်၌

လောဘ ဒေါသ မောဟ အဘိဇ္ဈာ ဗျာပါဒ စသော အကုသိုလ် တရားတို့ အားကြီးလွှမ်းမိုးနေပေသည်။

**ဘဝဂတိ မမြဲပုံ**

ထိုလွှမ်းမိုးပုံကို သုတ်ပါထေယျပါဠိတော် နှာ ၅၄-စသည်၌ ပြဆိုသည်မှာ အသက်ရှစ်သောင်းတမ်းမှာသူ့အသက်ကိုသတ်ခြင်း ပါဏာတိပါတကံနှင့် အရှင် မပေးသော သူ့ပစ္စည်းကို ခိုးယူခြင်း အဒိန္နာဒါနကံဖြစ်ပေါ်ကြောင်း၊ လေး သောင်းတမ်းမှာ မဟုတ်မမှန် ချွတ်ယွင်းစွာပြောဆိုခြင်း မုသာဝါဒကံ ဖြစ်ပေါ် လာကြောင်း၊ နှစ်သောင်းတမ်းမှာ ကုန်းတိုက်ကုန်းချော၍ သူနှစ်ဦးတို့ကို အချစ်ပျက်အောင် ပြုခြင်း ပိသုဏာဝါစာဖြစ်ပေါ်လာကြောင်း၊ တသောင်း တမ်းမှာ ကာမေသုမိစ္ဆာစာရကံ ဖြစ်ပေါ်လာကြောင်း၊ ငါးထောင်တမ်းမှာ ကြမ်းတမ်းသောစကားဆိုခြင်း ဟူသော ဖရုသဝါစာနှင့် ပြိန်ဖျင်းသောစကား ကို ပြောခြင်း သမ္ဖပ္ပလာပတို့ ဖြစ်ပေါ်လာကြောင်း၊ နှစ်ထောင့်ငါးရာတမ်းတွင် အဘိဇ္ဈာ ဗျာပါဒ မနောကံ နှစ်ပါး ဖြစ်ပေါ်လာကြောင်း၊ တထောင်တမ်းမှာ မိစ္ဆာဒိဋ္ဌိ ဒုစရိုက် ဖြစ်ပေါ်လာကြောင်း။

ထို့ကြောင့် ဆုတ်ကပ် အခါမှာ ဒုစရိုက် ၁၀-ပါး စုံရကား ပုထုဇဉ်တို့မှာ ထိုမကောင်းမှုတို့ကို ထိုက်သည်အားလျော်စွာ ပြုမိကြတော့၏၊ ထို့ကြောင့် အပါယ်မှ မလွတ်နိုင်၊ တနည်းအားဖြင့်လည်း မိမိတို့ ယခုပစ္စုပ္ပန်၌ ဖြစ်နေသော စိတ်ကိုပင် ဆင်ခြင်ကြည့်ပါလျှင် မကောင်းသော ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက် အကြံကများ၏၊ တနည်း-ကုသိုလ်စိတ်က နည်း၍ အကုသိုလ် စိတ်က များတတ်၏၊ ထို့ကြောင့်လည်း သုဂတိဘဝ မမြဲနိုင် ဟူလို။

**ကျက်မှတ်ထားရန်လင်္ကာ**

၁။ ရှစ်သောင်း ဒိန်, ပါ၊ မုသာ စတု၊ ပိသု ဒွယ၊ ကေ မိစ္ဆာ၊ ငါးထောင် သမ္ဖ၊ ဖရုသ၊ ကြမ်းလှ ထိုဝါစာ။

၂။ နှစ်ထောင့် ငါးရာမျှ၊ ခေတ်သမယ၌၊ ဖြစ်ထ ဘိဇ်-ဗျာ၊ တထောင် ခါ ရှိ၊ မှား ဒိဋ္ဌိ၊ များဘိ လူတို့မှာ။

၃။ သုတ်ပါထေယျ၊ ကျမ်းဝမ္မ၊ ဟောပြ ညှိသိုသာ။

ပုထုဇဉ်မှန်သမျှ ဘဝဂတိ မမြဲပုံ ပြဆိုချက် ပြီး၏။

## အပါယ်သို့ ကျလျှင် အမျိုးမျိုး ဖြစ်ရပုံ

သုဂတိမမြဲ၍ အပါယ်သို့ကျရာ၌ အပါယ်သတ္တဝါအမျိုးမျိုးဖြစ်ရပုံကို သံဝေဂယူရန် နိဒါနဝဂ္ဂ အနမတဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၇၇-၃၉၈ အရ ညောင်ပင်သာဆရာတော် စီကုံးထားသောလင်္ကာဖြင့် ပြဦးအံ့။ ဤ၌ ကျယ်မည်စိုး၍ လိုရင်းလောက်ကိုသာ ပြပေအံ့—

ဇာတိမင်း စိုးခြုံ၍၊ ဘုံ ၃၁၊ ဘဝခေတ်တွင်၊ နစ်သူ တမ္ဗားမ္ဗား၊ ပေါ်သူတကြွားကြွား၊ မေ်ာသူတဟားဟား၊ တရားနှင့် စစ်လိုက်တော့၊ ဖြစ်သူဖြစ် ပျက်သူပျက်၊ တက်သူတက် ဆင်းသူဆင်း၊ လောကဓမ် မကင်း၍၊ ဗြဟ္မာမင်းဖြစ်တုန်းက၊ လျှပ်စစ်လိုကိုယ်ရောင်၊ တပြောင်ပြောင် တလက်လက်၊ ဝက်ဖြစ်တော့ တအွတ်အွတ်၊ မြင်းမိုရ်ထွတ်ထိပ်ဖျား၌၊ သိကြားမင်းဖြစ်တုန်းက နတ်ဘုရင်၊ လူ့ပြည်တွင် လွှတိုက်၊ မောဟိုက်၍ တရှုရှူ၊ ခုနစ်ဆူ ရတနာနှင့်၊ စကြာမင်း ဖြစ်တုန်းက၊ ဘုန်းတေဇာ ကံမိုး၊ လေးကျွန်းလုံး အုပ်စိုး၊ တန်းခိုး ကြီးမား၊ ဒွန်းစဏ္ဍားဘဝမှာတော့၊ တနပ်စာမျှ စားစရာ၊ တရွာလုံး တောင်းမရ၊ သုခနှင့် ဒုက္ခ၊ တွေ့ကြုံမြဲ မုချ၊ ဘဝက အလွန်များ၊ နွားဖြစ်၍ ဝန်ရုန်း၊ ဟကုန်းကုန်း ဆင်းရဲနက်၊ ဝက်ဖြစ်၍ လုံ့နှင့်သေ၊ အကုသိုလ် မွေသော ကြောင့်၊ ရေမှာဖြစ် မြေမှာဖြစ်၊ အညှိဖြစ် အညဖြစ်၊ ကိုယ်တွင်းဖြစ် ဝမ်းတွင်းအောင်း၊ ကောင်းသည်ကား တဘဝ၊ မကောင်းသည်ကား အနန္တ၊ ဒုက္ခကဲပို၊ ဦးချိုနှင့် တမောက်မောက်၊ အတောင်ရောက် အမြီးပေါက်၊ ၂-ချောင်းထောက် ၄-ချောင်းထောက်၊ မှောက်လျက်သွား ဖိလာသွား၊ ခြေများ ခြေနည်း၊ ခြေမရှိ အချည်းနှီး၊ ရုပ်ပုံလည်း မတူ၊ ဖြူတခါ ညိုတခါ၊ အဝါ အမှောင်၊ အကြောင် အကျား၊ အထွေထွေ ဆန်းပြား၊ စကား ပြောနိုင်တဲ့ ဘာပြော၊ တုဏှိဘောဖြင့် မပြောနိုင်တဲ့ ဘဝ မပြော၊ ချောတဲ့ဘဝ ချော၊ ကြမ်းတဲ့ဘဝ ကြမ်း၊ ဘရမ်း ဘတာ၊ ကြောက်စရ သံသရာ၊ ရေမှာ ကျက်စား၊ မြေမှာ ကျက်စား၊ ကောင်းကင်မှာ ကျက်စား၊ ငါးဖြစ်တုံ ဖားဖြစ်တုံ၊ ကြုံရသည် အကြိမ်ကြိမ်၊ ငြိမ်တခါ မှိန်တခါ၊ တောက်တခါ မှေးတခါ၊ အောက်မှာ နရက်၊ အထက်မှာ ဘဝဂ်၊ ကြွက်ကြွက်ဆူးလဘော့၊ နှပ်၍သာနေရော့၊ သေလှိုလည်းမဆုံး၊

နာလိုလည်းမဆုံး၊ ဝဲလှည့်သည့် သစ်တုံးကဲ့သို့၊ဆုံးမမြင် စမမြင်၊ စက်ရှင်ယန္တရား၊ ချာလည်ပတ်တဲ့ ရဟတ်ချား၊ ဆုံလည်သည့် နွားကဲ့သို့ ငါးပါးသော ဂတိဖြင့်၊တရိရိပင်ပန်း၊ နွမ်းတယ်လို့လည်း မကြောက်၊ ပန်းတယ်လို့လည်း မကြောက်၊ ၆-အာရုံ နှောက်သောကြောင့်၊ အကောက်ကို အဖြောင့်မှတ်၊ အမြတ်ကို အယုတ်ထင်၊ ကာမဂုဏ်ဝင်သဖြင့်၊ အထင်မှား အမြင်မှား၊ ထက်လှသည့် သင်ဓုန်းသွားဝယ်၊ တင်ထားသည့် ပျားရည်စက်၊ လျက်မိလျှင် တခါထဲ၊ လျှာထက်ခြမ်း ဗျမ်းဗျမ်းကြီး ကွဲသကဲ့သို့၊ လွဲသူသာ များချေသည်။ အသိဉာဏ် ယွင်းယို၊ ငါ့ကိုယ်ဟု မှတ်မှား၊ မာနက တကြွားကြွား၊ သီလက ခေါင်းပါး၊ ဘာဝနာက တက်တက်ရှား၊ ငါ့မယား ငါ့သားဟု၊ စွဲလမ်းချက် ကြီးမားရှ်၊ လေးပါးသော ဥပါဒါန်၊ ဟုတ်ရာကို မကြံပဲ၊ ဖောက်ပြန်သူသာ များချေသည်။ အရှည်တွင်လည်း သံသရာ၊ အချည်တွင်လည်း တဏှာ၊ သံသရာတိုအောင်၊ တဏှာကိုရှောင်၊ တောင်တွင်လည်း မြင်းမိုရ်၊ မြင်းတွင်လည်း အသည်တိုရ်၊ ဂုဏ်ရှိရာ ဆိုခဲ့မည်၊ မြင်းမိုရ်ကို ပုံပြု၍၊ ကုသိုလ်ကို များအောင်ပြု၊ ကောင်းမှုကို များအောင်ကြံ၊ သတ္တဝါ ကောင်း မကောင်း၊ အကြောင်းသာ စီမံသည်၊ ကံလျှင် အမိ ကံလျှင် အဖ၊ သည်တရား ဧကန္တ၊ ကံမြင့်မှ မြင့်သတဲ့၊ ကံဆင်မှ ယဉ်သတဲ့၊ ကံပေးမှ ဧေးသတဲ့၊ ကံညွှန်းမှ ထွန်းသတဲ့၊ ကံပေါ်မှ ကျော်သတဲ့၊ မော်လို့များ ငါတကားဟု၊ ဝါကြွားကာ မယောင်ကြနှင့်၊ ကံပြောင်အောင် ကုသိုလ်မျိုးကို၊ ကြိုးစား၍ ပြုကြရမည်။ သို့ဖြစ်သည်ကြောင့် –

ပုညံ ဘိက္ခဝေ မာ ဘာယိတ္ထ၊ပုညံ ဘာယန္တော သုခံ ဘာယတိ နာမ[၁]။

ဘိက္ခဝေ၊ သူတော်ကောင်းတို့။ ဝါ၊ သံသရာဘေးကို ပြေး၍ပင် မကြည့်သော်လဲ မိမိကိုယ်တွင် ငါကပဲ ဟု လိပ်ခဲတန်းလမ်း ဟုတ်မှန်းတိတိ မြင်သိလေ့ရှိကြပေကုန်သော သူတော်ကောင်း အပေါင်းတို့။ ပုညံ၊ ကောင်းမှုပြုရန်ကိစ္စကို။ တုမ္ဟေ၊ သင်တို့သည်။ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ပုညံ၊ ကောင်းမှုပြုရန် ကိစ္စကို။ ဘာယန္တော၊ ကြောက်သော သူသည်။ သုခံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ ဘာယတိ နာမ၊ ကြောက်သည် မည်၏။

---

၁။ အင်္ဂုတ္တရပါဠိ ဒု-ဘွဲ့၊ နှာ-၃၆၅ ကြည့်ရန်၊

ပြခဲ့ပြီးသည့်အတိုင်း မည်သည့်ပုထုဇဉ်မဆို အပါယ်၌ ကျခဲ့ဘူးလှပြီ၊ အဝိဇ္ဇာဖုံးသောကြောင့် မသိမမြင် ရှိကြ၏၊ ထိုအဖြစ်မျိုးတို့သည် ငါတို့နှင့် မဆိုင်ဟု မထင်ကြနှင့်၊ သာမညပုထုဇဉ်ကို ထားဘိဦး၊ ဘုရားအလောင်းတော်သော်မှလည်း ငါးရံ့ မင်း ငုံးမင်းစသည် ဖြစ်ရသေး၏။ ထို့ကြောင့် သောတာပတ္တိမဂ်စသည်ကိုရအောင် အားထုတ်သင့်ကြပေသည် ဟူလို။ ။သံဝေဂယူပုံ ပြီးပြီ။

## သံဝေဂ လျှင်စွာရခြင်းငှါ
## ကျက်မှတ်၍ဆင်ခြင်ပွါးများနည်း

ဖြစ်ရ ပျက်ရ ပြုပြင်ရကြောင့် မုချ သင်္ခါရဒုက္ခံ။
ဇာတိဇရာ ဗျာဓိမရဏ သောကစသည့် ကာယိကဒုက္ခံ စေတသိက-ဒုက္ခံ။
အပ္ပိယသမ္ပယောဂနှင့် ပိယဝိပ္ပယောဂံ။
ယမ္ပိစ္ဆံ န လဘတိနှင့် တည်ရှိ ခန္ဓာပဉ္စကံ။
ထိုထို တေဘုမ္မက ဝဋ္ဋဒုက္ခ မုချ ကြီးငွေ့ရန်။
သုဂတိဘဝ အဖြစ်မမြဲသဖြင့် ဝေရဲတိရစ္ဆာန်။
အသုရကာယ်စ ပြိတ္တာဘဝ၌ ဖြစ်ရတန်တန်။
လက်သည်းပေါ်တီ မြေမှုန့်ရှိမျှ သုဂတိသုခံ။
မဟာပထဝီ မြေမှုန့်အမျှ ဒုဂ္ဂတိဘဝ ရကြ ဒုက္ခကံ၊ ဤကား သံဝေဂယူရန်။
ဖြစ်လျှင် ပျက်ရ ချုပ်မှ သုခနိဗ္ဗာန်။
သံဝေဂမှု ဉာဏ်ဖြင့်ရှု၍ ပယ်မှု ဘဝတဏှာ။
ဇာတိချုပ်မှု နှစ်သက်ပြု၍ ကျင့်မှု သမ္မာဒိဋ္ဌိမဂ္ဂံ။
ဤသို့ သမ္မာဒိဋ္ဌိမှု ဉာဏ်မြင်ရှုက မဂ္ဂဖလ ရအပ်နိဗ္ဗာန်။

ဤလင်္ကာများ ကျက်မှတ်၍ သံဝေဂယူပြီးလျှင် ခန္ဓာ အာယတနတို့၌ ခင်တွယ်သောတဏှာ ဥပါဒါန်တို့ကို ပယ်၍ သောတာပန်တည်အောင် အားထုတ်ကြပါ ဟူလို။

## လောကအရှုပ်အထွေးကိုဆုံးဖြတ်ပုံ

မြတ်စွာဘုရားသည် လောကအရှုပ်အထွေးကို သစ္စာ ၄-ပါး စကား ၂-ခွန်း ဖြင့် ဆုံးဖြတ်တော်မူ၏၊ ဓမ္မစကြာအရ ဆုံးဖြတ်တော်မူပုံ—

၁။ ဇာတိစသော ဒုက္ခတို့သည် လိုချင် ခင်တွယ်မှု တဏှာကြောင့် ဖြစ်၏။ ဤသို့ စကားတခွန်း၊

၂။ ထို တဏှာကို မဂ်ဖြင့်ပယ်က ဇာတိချုပ်၏။ ဤသို့ စကားတခွန်း ဤစကား ၂-ခွန်းပင်တည်း။

## ကျက်မှတ်ရန်လင်္ကာ

တဏှာသမုဒယကြောင့် ဖြစ်ထ ဇာတိဒုက္ခံ။
တဏှာပယ်မှ အကြောင်းပြု ချုပ်မှုထိုဒုက္ခံ။

ဤသို့ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဟူသော သစ္စာ ၄-ပါး အဓိပ္ပါယ်ပင်ဟူလို။

ထိုသစ္စာ ၄-ပါး စကား ၂-ခွန်းဖြင့်ပင်လျှင် အဟံ နုခေါ် အသို့၊ နော နုခေါ် အသို့ စသည်ဖြင့် ရှေးက ငါဖြစ်ခဲ့ဘူးသလော၊ ရှေးက မဖြစ်ခဲ့ဘူးပဲ ယခုမှ ဖြစ်ပေါ်လာလေသလော၊ ဤသို့ စသည်ဖြင့် အတိတ် ၅-ပါး အနာဂတ် ၅-ပါး ပစ္စုပ္ပန် ၆-ပါး၊ ဤ ၁၆-ပါးသော ယုံမှားခြင်းနှင့်တကွ သက္ကာယ ၂၀၊ အဟေတုက, နတ္ထိက, အကြိယ-စသော အလုံးစုံသော ဒိဋ္ဌိတို့ကို နှစ်စေ၏၊ ဝါ-ချုပ်စေ၏။ ဝါ-ယုံမှားကင်းစေ၏ ဟူလို။

**မှတ်ရန်အထူးမှုကား**—ရှေးရှေးအတိတ်ကာလတို့ကလည်း တဏှာ သမုဒယ ကြောင့် ဇာတိစသော ဒုက္ခဖြစ်၏၊ ယခုလည်း သမုဒယကြောင့် ဒုက္ခဖြစ်နေဆဲ ပင်တည်း၊ အကယ်၍ နိဗ္ဗာန်မရသေးလျှင် ထိုအတူ တဏှာကြောင့် ဒုက္ခဖြစ်ဦး-မည်ပင်ဟူလို။

ဤသို့ ပရမတ္ထသစ္စာအားဖြင့် ပုဂ္ဂိုလ် သတ္တဝါဖြစ်နေမှု မဟုတ်၊ သမုဒယ ကြောင့် ဒုက္ခဖြစ်နေမှုဟု ရှုအပ်၏ ဟူလို။

ဘုရားစသော သူတော်ကောင်းတို့သည် မဂ်အကျင့်ဖြင့် ဘဝ တဏှာ ဇာတိ ဒုက္ခတို့ကို ချုပ်စေ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူကြ၏။ ဤသို့လည်း ဒုက္ခချုပ်မှုပင် ဟူလို။

လောကအရှုပ်အထွေး ဆုံးဖြတ်ပုံ ပြီးပြီ။

## တဏှာမှ နိဗ္ဗာန်သို့ ထွက်ပုံ

တဏှာမှ နိဗ္ဗာန်သို့ ထွက်၏ ဟူသည်တွင် ဘယ်ဘုံ ဘယ်ဘဝကိုမျှ အလိုမရှိတော့ပါဟု အာလယပြတ်ကင်းသော မဂ်စိတ်ကိုပင် မှတ်ဖို့ပါပဲ။

တနည်း – တဏှာမှ နိဗ္ဗာန်သို့ ထွက်၏ဟူသည်တွင် ခန္ဓာ၌ရှိသော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို မြင်သိသဖြင့် ထိုခန္ဓာ ၅-ပါး၌ လိုချင်ခင်တွယ်မှုကို ပယ်သော မဂ်စိတ်ကိုပင် မှတ်ဖို့ပါပဲ။

## သတ္တဝါများ သံသရာမှ မလွတ်နိုင်ပုံ

**မေး။** ။၃၁-ဘုံမှ မလွတ်နိုင်အောင် အဘယ်တရားက ဖွဲ့ချည်ထားပါသလဲ။

**ဖြေ။** ။ခန္ဓာအာယတနတို့၌ လိုချင်ခင်တွယ်သော တဏှာသံယောဇဉ်က ဖွဲ့ချည်ထားပါသည်။

## ဖွဲ့ချည်ပုံ

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ[၁]။

တဏှာဒုတိယော၊ လိုချင်ခင်တွင်မှု သံယောဇဉ်ဟူသော အဖော်သဟဲရှိသော။ ပုရိသော၊ သတ္တဝါသည်။ ဒီဃမဒ္ဓါနံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ သံသရံ-သံသရန္တော၊ ကျင်လည်သည်ရှိသော်။ ဣတ္ထဘာဝညထာဘာဝံ၊ ဤသို့သော အခြင်းအရာအားဖြင့် လူ နတ် ဗြဟ္မာဖြစ်ခြင်း, တပါးသော အခြင်းအရာအားဖြင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ် ၄-ဘုံတို့၌ ဖြစ်ခြင်းဟု ဆိုအပ်သော။ သံသာရံ၊ ဇာတိ ဇရာ ဗျာဓိ မရဏ သံသရာရဟတ်ချားဆိုလည်နွားကဲ့သို့ တဲလည်လည် ကျင်လည်၍နေရသော သံသရာကို။ နာတိဝတ္တတိ-န အတိဝတ္တတိ၊ မလွန်မြောက်နိုင်။

ဥပမာ – နွားကို ကြိုးဖြင့် တိုင်မှာချည်ထားလျှင် တိုင်မှနွား မရွေ့နိုင်သကဲ့သို့ ထိုအတူ ခန္ဓာ၌ စိတ်ကို တဏှာဖြင့် ဖွဲ့ချည်ထားလေတော့၏၊ ဥပမေယျသော်ကား

၁။ ဣတိဝုတ်ပါဠိ၊ နှာ-၂၀၁၊ ၂၆၈။

တိုင်သည် ခန္ဓာနှင့် တူ၏၊ ခင်တွယ်သောတဏှာသည် ကြိုးနှင့်တူ၏၊ နွားသည် တိုင်၌သာ တည်နေရသကဲ့သို့ စိတ်သည် ခန္ဓာ၌ ငါ-ငါ၏ဥစ္စာ ဟူသော သက္ကာယဒိဋ္ဌိဖြင့် ခင်တွယ်လျက်သာ တည်နေလေတော့၏။ ထို့ကြောင့် တဏှာ သံယောဇဉ်သည် သံသရာမှ မထွက်နိုင်အောင် ဖွဲ့ချည်ထား၏ ဟူလို။

သံသရာ၌ ဖွဲ့ချည်ထားသော လက်သည်ပြပုံ ပြီးပြီ။

---

## သူတော်ကောင်းတို့ နိဗ္ဗာန်သို့ ထွက်ပုံ

ဥပါဒါနေ ဘယံ ဒိသွာ၊ ဇာတိမရဏသမ္ဘဝေ။
အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏသင်္ခယေ[၁]။

တေ သပ္ပုရိသာ၊ ထိုဘုရားစသော သူတော်ကောင်းတို့သည်။ ဇာတိမရဏ-သမ္ဘဝေ၊ ဇာတိမရဏ၏ အကြောင်းဖြစ်သော။ ဥပါဒါနေ၊ တဏှာ ဒိဋ္ဌိဖြင့် ငါ-ငါ၏ ဥစ္စာဟု စွဲယူသော ဥပါဒါန်တရား၌။ ဘယံ၊ သံသရာကို ရှည်စေခြင်း အပါယ်သို့ ချဟတ်ခြင်း ဟူသော ဘေးကို။ ဒိသွာ၊ မြင်သည် ဖြစ်၍။ ဝါ၊ မြင်သောကြောင့်။ အနုပါဒါ၊ တစုံတရာ မစွဲလမ်းကုန်မူ၍။ ဇာတိမရဏ-သင်္ခယေ၊ ပဋိသန္ဓေ နေရခြင်း သေရခြင်း ဒုက္ခတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌။ ဝိမုစ္စန္တိ၊ လွတ်လွတ်ကျွတ်ကျွတ် ဝင်ကုန်၏။

ဇာတိ၏ အကြောင်းဖြစ်သော တဏှာ ဥပါဒါန်ကို ပယ်သောကြောင့် ဇာတိ ကုန်ရာ နိဗ္ဗာန်သို့ ရောက်၏ ဟူလို၊ အကြင်ယောဂီပုဂ္ဂိုလ်တို့မှာ မိမိတို့သန္တာန်၌ တဏှာဒိဋ္ဌိဖြင့် စွဲယူမှု ရှိ-မရှိကို ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်၍ တဏှာဒိဋ္ဌိ အစွဲ မရှိက နိဗ္ဗာန်ကို ရပြီဟု ဆုံးဖြတ်အပ်၏ ဟူလို။

## သစ္စာသိက နိဗ္ဗာန်ရမှု အနန္တရဂတဖြစ်ပုံ

တေသမေဝ အဝိဇ္ဇာတဏှာသင်္ခါတာနံ ဝဋ္ဋမူလာနံ နိရောဓေန အနုပ္ပါဒဓမ္မတာပတ္တိယာ သစ္စပဋိဝေဓေတော သိဒ္ဓါယ အပ္ပဝတ္တိယာ ဝဋ္ဋံ နိရုဇ္ဈတိ[၂]။

---

၁။ ဥပရိပဏ္ဏာသပါဠိ၊ နှာ-၂၂၅။ ၂။ ဋီကာကျော်၊ နှာ-၂၄၀။

အဝိဇ္ဇာတဏှာသင်္ခါတာနံ၊ အမှန် မသိမှု အဝိဇ္ဇာ, လိုချင်မှု တဏှာဟု ဆိုအပ်ကုန်သော။ တေသမေဝ ဝဋ္ဋမူလာနံ၊ ထိုဝဋ်မြစ် နှစ်ပါးတို့၏ သာလျှင်။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ အနုပ္ပါဒဓမ္မတာပတ္တိယာ၊ တဖန်မဖြစ်ခြင်း သဘောရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်။ သစ္စပဋိဝေဓတော၊ အရဟတ္တ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိခြင်းဖြင့်။ သိဒ္ဓါယ၊ ပြီးသော။ အပ္ပဝတ္တိယာ၊ တဖန်မဖြစ်ခြင်းကြောင့်။ ဝဋ္ဋံ၊ ဝဋ်သည်။ နိရုဇ္ဈတိ၊ ချုပ်၏။

သစ္စာသိလျှင် မသိမှုနှင့်လိုချင်မှု အဝိဇ္ဇာ တဏှာ မူလ ၂-ပါးချုပ်သောကြောင့် တဖန် မဖြစ်မူ၍ ချုပ်သော အနုပ္ပါဒနိရောဓ နိဗ္ဗာန်ရမှုကိစ္စ အန္တောဂတ ဖြစ်၏ ဟူလို။

## နိဗ္ဗာန်နှင့် မဂ်စိတ် တွေ့ထိပုံ

ဒုက္ခာ သင်္ခါရာ သုခေါ၊ နိရောဓော ဣတိ ဒဿနံ။
ဒုဘတော ဝုဋ္ဌိတာ ပညာ၊ ဖဿေတိ အမတံ ပဒံ[၁]။

သင်္ခါရာ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲ ဒုက္ခတို့ သာတည်း။ နိရောဓော၊ တဖန် မဖြစ်မူ၍ ချုပ်ခြင်းသည်။ သုခေါ၊ ချမ်းသာ အစစ်တည်း။ ဣတိ ဒဿနံ၊ ဤသို့သော ဉာဏ်အမြင်သည်။ ဒုဘတော ဝုဋ္ဌိတာ၊ သုခနှင့် ဒုက္ခကို ခွဲခြား၍ မသိအောင် ဖုံးထားသော အဝိဇ္ဇာမှ ထသော။ ပညာ၊ ပညာသည်။ အမတံ၊ သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဖဿေတိ- ဖုသတိ၊ တွေ့ထိသည် မည်၏။ ဝိန္ဒတိ၊ ရသည် ရောက်သည် မည်၏ ဟူလို။

## ပဉ္စမမဂ်မှ အထက်မဂ်သို့ တက်ရန် ဝိပဿနာ ပွါးနည်း

ပြဆိုခဲ့ပြီးသော ကထာများကို သောတာပတ္တိမဂ်အတွက် အထူးပြု၍ ရေးခဲ့၏၊ အကယ်၍ အထက်မဂ်ကို တက်လိုသော် အဘယ်ကဲ့သို့ အားထုတ်ရ မည်နည်းဟု သိလိုကြ၏။ ထို့ကြောင့် ပြဦးအံ့။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၆၈။

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာများကို သောတာပတ္တိမဂ်ကို ပွါးစဉ်ကပင် မြင်သိသဖြင့် ဘဝတဏှာကို ပယ်ပြီးဖြစ်၏၊ သကဒါဂါမ် အနာဂါမ်များ အတွက်မှာ ကာမရာဂ ဗျာပါဒကိုပယ်ရန် ကိစ္စရှိ၏၊ ထိုကိစ္စ၌ ရှေးပညာရှိကြီးတို့ အားထုတ်လေ့ရှိသော ကရားမူကား ဒွတ္တိံသာကာရ ပင်တည်း၊ ထို့ပြင် အရဟတ္တမဂ်အတွက် မာနကိုလည်း ထိုဒွတ္တိံသာကာရဖြင့်ပင်လျှင် ပယ်တော်မူကြ၏။ ထို့ကြောင့် ထိုဒွတ္တိံသာကာရ ရှုနည်းများကို မန်လည်ဆရာတော်ဘုရား ရေးသားထားသော ကထာအရ ပြပေတော့အံ့—

သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတွင် အလှဘယ်မှာ မရရှာပဲ အဝိဇ္ဇာနှင့် တဏှာပိတ်ဖုံး တကိုယ်လုံး၌ အသုံးမကျ ဤကာယတွင် အူမ အူသိမ် နှလုံးအိမ်နှင့် အတွင်းလိမ်ရှုပ် အဆုတ်အသဲ အဆီခဲနှင့် သွေးခဲသည်းခြေ သလိပ်ပြေတည်း တထွေဦးနှောက် မျက်ရည်ပေါက်တို့ ချွေးနောက် ဆီကြည် တံတွေးရည်နှင့် နှပ်ရည်ရွှဲရွှဲ အစေးတွဲလျက် မြွေးခဲသဏ္ဍာန် အညှီတံဟု တဖန်တွက်ဆ အဖျဉ်းမှလျှင် အောက်ကကျင်ကြီး ကျင်ငယ် စီးလျက် ဖိဆီးတဖန် ပြင်ရံအပ ကိုးဒွါရက နေ့ညမစဲ တရွှဲရွှဲနှင့် ဖောက်လဲခေါတ်ရပ် အကောင်ပုပ်ကို စက်ဆုပ်ရှုရှာ ရွံစရာနှင့် မုန်းစရာပ ဤကာယကို နေ့ညဖန်ခါ ရှုခဲ့ပါလျှင် ဘယ်မှာ ကာမရာဂ ဖြစ်မည်နည်း။

ဤသို့ပွါးလျှင် အသုဘကို သုဘဟု ယူမှားသော သညာ-စိတ္တ ဟူသော ဝိပလ္လာသ ၂-ပါး ချုပ်သဖြင့် အနာဂါမ်သို့ ရောက်နိုင်၏ ဟူလို။

တလံခန့်ာ ဤကိုယ်မှာလျှင် ကေသာအစ ဒွတ္တိံသဟု စိတ်က ညွှတ်ကာ ကြည့်ရှုပါလျှင် ခေါင်းမှာဆံထွေး ကိုယ်အမွေးနှင့် ရောထွေး ပေါင်းစည်း ခြေ, လက်သည်းတည်း သွားလည်းထွေထွေ ဉာဏ်၌မွေ့ လော့ အရေအသား အကြောများနှင့် ရိုးများခြင်ဆီ အလီလီကို ငါသည်ထင်လင်း ငါဘယ်သင်းဟု ငါသွင်းရှုရှာ မရသာပဲ ကေသာ အစ ဒွတ္တိံသကို စိတ်ကငါထင် မိုက်မှောင်ဝင်၍ ငါပင် ငါပဲ ငါ့ကိုယ်ပဲ ဟု စွဲမြဲသက္ကာ ဝိပလ္လာနှင့် တဏှာနယ်တွင်း တာတွယ်ခြင်း၌ အဆင်းကိုပြ တသ, သ နှင့် ငါလှငါချော ငါတကောဟု ငါကော ကောကာ မလျှော့သာပဲ မော်ကာ မောက်မောက် ခြေဖျားထောက်၍ ငါမောက် ငါမော် လူတို့ပေါ်မှ မာန်တက်ကြွလည်း ဤကိုယ်ကာယ သာမည၌ အနိစ္စပင် မမြဲအင်ကို ရှုဆင်ခြင်ငြား ချိုကျိုးနွားသို့ ချ‌ေ၊းမာန

မတက်ကြွမူ ရအပ်ထက်မက် နောက်ဆုံးတည်း။ အရဟတ္တမဂ်သို့ ရောက်နိုင်၏ ဟူလို။

## ရာဂနှင့် မာန ပယ်ပုံ

ရာဇာ စေဝ စဏ္ဍာလော စ၊ ပေါသော ဠတ္ထိ စ ကေဝလာ။
သဗ္ဗေ တေ သဒိသာ ဟောန္တိ၊ အဂ္ဂိမှာ အဂ္ဂိဂူထကော။

ကဏ္ဏမှာ ကဏ္ဏဂူထကော၊ ဃာနမှာ ဃာနမလာနိ။
မုခမှာ သဝန္တိ သေမှံ၊ ကာယမှာ သေဒဇလ္လိကာ[၁]။

ရာဇာ စေဝ၊ စကြာမင်း၏ ကာယသည်ရင်း။ စဏ္ဍာလော စ၊ ကယ်ပါ သူတောင်းစား၏ ကာယသည်ရင်း။ ပေါသော စ၊ ယောကျာ်း၏ ကာယသည်ရင်း။ ဠတ္ထိ စ၊ မိန်းမ၏ ကာယသည်ရင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ထို ကာယတို့သည်။ ကေဝလာ၊ သက်သက်။ သဒိသာ၊ အသုဘအားဖြင့်။ ဝါ၊ အပုပ်အသိုးအားဖြင့် တူကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဂ္ဂိမှာ မျက်စိမှ။ အဂ္ဂိဂူထကော၊ မျက်ချေး ဟူသော အညစ်အကြေးသည်။ ကဏ္ဏမှာ၊ နားမှ။ ကဏ္ဏဂူထကော၊ နဖာချေးဟူသော အညစ်အကြေးသည်။ ဃာနမှာ၊ နှာခေါင်းမှ။ ဃာနမလာနိ၊ နှပ်ချေးဟူသော အညစ်အကြေးတို့သည်။ မုခမှာ၊ ခံတွင်းမှ။ သေမှံ၊ ချွဲခန်း သလိပ် ဟူသော အညစ်အကြေးသည်။ ကာယမှာ၊ ကာယမှ။ သေဒဇလ္လိကာ၊ ချွေး ဆီကြည်ဟူသော အညစ်အကြေးတို့သည်။ သဝန္တိ၊ နေ့ညမပြတ် ယိုစီးကုန်၏။

ဤသို့အားဖြင့် ရှုလျှင် မိမိ မိမိတို့၌ မာနထောင်လွှားခွင့်မရှိမှုကို မြင်သိလေတော့၏၊ ငါကား စကြာမင်း ငါကား သူဌေးမင်း စသည်ဖြင့် တက်ကြွထောင်လွှားမရှိမူ၍ မာနကျလေတော့၏၊ ဤသို့ မာနကျလျှင် အရဟတ္တမဂ်ဖြင့် ပယ်အပ်သော မာနချုပ်သဖြင့် အရဟတ္တဖိုလ်သို့သော်လည်း ရောက်နိုင်၏ ဟူလို။

ပုထုဇဉ် ပြဟ္မာကြီးများသည် အဝိဇ္ဇာဖုံးသောကြောင့် ဒုက္ခနှင့် သုခကို စင်ကြယ်စွာမသိမှုကြောင့် ပြဟ္မာဘဝကို နိဗ္ဗာန်ဟုထင်ကြ၏၊ သို့ရာတွင် ရူပရာဂ

၁။ သုတ္တနိပါတ်ပါဠိ၊ နှာ ၃၀၈ ကို မှီးသည်။

အရှုပရာဂ ရှိမှုတို့ကြောင့် စုတိနေ၁င် ပဋိသန္ဓေဆက်၍ ထိုက်သည်အားလျော်စွာ သံသရာမှာ ကျင်လည်ရ၏၊ အပါယ်ဘေးတို့မှလည်း လွတ်ခွင့်မရပေ။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသည့်အတိုင်း ဒုက္ခနှင့် သုခကို မြင်သိအောင်ပြု၍ မဂ်သို့ရောက်အောင် ပွါးများအားထုတ်သင့်ကြပေသည်။

## ဒုက္ခနှင့် သုခကို ခွဲခြား မြင်သိအောင် ပုတီးစိပ်နည်း

ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ[၁]။

ဥပ္ပါဒေါ၊ ခန္ဓာဇာတိဖြစ်ရခြင်းသည်။ ဒုက္ခံ၊ဇရာမရဏဖြင့် ပျက်သောကြောင့် ဝါ-အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ ကပ်လျက် ပါရှိနေမှုတို့ကြောင့် ဆင်းရဲသော ဒုက္ခသစ္စာသာတည်း။ အနုပ္ပါဒေါ၊ ခန္ဓာဇာတိ မဖြစ်ရခြင်းသည်။ သုခံ၊ ပျက်မှု မရှိသောကြောင့် နိဗ္ဗာန်ချမ်းသာ အစစ်ပေတည်း။ ဤသို့ ပုတီးစိပ်ပါ၊ ပွါးများကြပါ။

ဤ ဝိပဿနာသည် ဒုက္ခသစ္စာနှင့် နိရောဓသစ္စာ နိဗ္ဗာန်ကို စပ်၍ ပြထားသောကြောင့် အလွန်မြင်နိုင်ခဲသော အလွန်သိမ်မွေ့သော နိဗ္ဗာန်ကို မြင်နိုင်၏။ ထို့ကြောင့် မဂ်စိတ်ဖြင့်အာရုံပြု၍ သောတာပတ္တိမဂ်စသည်သို့လျင်စွာရောက်နိုင်၏။ ဤဝိပဿနာသည် သုခနှင့်ဒုက္ခကို စင်ကြယ်စွာ မသိနိုင်အောင်ဖုံးထားသော အဝိဇ္ဇာကို ချုပ်စေ၏၊ တဏှာကိုလည်း ချုပ်စေ၏၊ အထူးပွါးများကြပါကုန်။

## သဠာယတနသံယုတ်အရ ဝိပဿနာပွါးနည်း

ယေ ဓမ္မာ အနတ္တနိယဓမ္မာ၊တတြ ဆန္ဒော ပဟာတဗ္ဗော။ ကတမော နုခေါ အနတ္တနိယဓမ္မော။ ရူပံ အနတ္တနိယဓမ္မော၊ ဝေဒနာ အနတ္တနိယဓမ္မော၊ သညာ အနတ္တနိယဓမ္မော၊ သင်္ခါရာ အနတ္တနိယဓမ္မော၊ ဝိညာဏံ အနတ္တနိယဓမ္မော[၂]။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အနတ္တနိယဓမ္မာ၊ မိမိဥစ္စာမဟုတ်ကုန်။ တတြ၊ ထို မိမိဥစ္စာ မဟုတ်သောတရားတို့၌။ ဆေ-တဏှာ၊ သင်ချစ်သားသည်။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃-၅၃။

၂။ သဠာယတနသံယုတ်၊ သဠ္ဌပေယျာလ ဝဂ်ပါဠိ၊ နှာ ၁၆၀ စသည်၌။

ဆန္ဒော၊ လိုချင်တပ်မက်မှု တဏှာဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ အနတ္တ-နိယဓမ္မော၊မိမိဥစ္စာ ငါမဟုတ်သောတရားသည်။ကတမော နုခေါ၊အဘယ်နည်း။

ရူပံ၊ ဆံပင် မွေးညင်း စသော, မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ်သည်။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာမဟုတ်။ ဝါ၊ ကိုယ်ပိုင်မဟုတ်။

ဝေဒနာ၊ သုခ ဒုက္ခ ဥပေက္ခာ သောမနဿ ဒေါမနဿအားဖြင့် ခံစားတတ်သော ဝေဒနာသည်။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာ မဟုတ်။

သညာ၊ အမှတ်ပြု၍ သိတတ်သော သညာသည်။ အနတ္တနိယဓမ္မော၊ မိမိဥစ္စာမဟုတ်။

သင်္ခါရာ၊ ကုသိုလ်ကံ အကုသိုလ်ကံအားဖြင့် ပြုပြင်တတ်သော စေတနာစသော သင်္ခါရက္ခန္ဓာတို့သည်။ အနတ္တနိယဓမ္မော၊ မိမိပိုင်မဟုတ်။ ဝါ၊ မိမိပစ္စည်းမဟုတ်။

ဝိညာဏံ၊ အာရုံကို သိတတ်သော စက္ခုဝိညာဏ်စိတ် သောတဝိညာဏ်စိတ် ဃာနဝိညာဏ်စိတ် ဇိဝှါဝိညာဏ်စိတ် ကာယဝိညာဏ်စိတ် မနောဝိညာဏ်စိတ်သည်။ အနတ္တနိယဓမ္မော၊ အစိုးရခြင်း အလိုသို့ လိုက်စေနိုင်ခြင်းရှိသော အတ္တသတ္တ မဟုတ်။

တတြ၊ထိုကိုယ်ပိုင်မဟုတ်သော တရားတို့၌။တေ-တယာ၊သင်ချစ်သားသည်။ ဆန္ဒော၊ လိုချင်ခင်တွယ်သော တဏှာဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။

ဤသို့ပွါးက တဏှာပယ်မှုကိစ္စပြီးရကား လျင်စွာ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်နိုင်၏၊ တဏှာကုန်ရာဖြစ်သော တဏှာက္ခယနိဗ္ဗာန်ကို ရနိုင်၏ဟူလို။

ယေ ဓမ္မာ မာရဓမ္မာ။ တတြ တေ ဆန္ဒော ပဟာတဗ္ဗော၊ ကတမော နုခေါ မာရဓမ္မော၊ ရူပံ မာရဓမ္မော၊ ဝေဒနာ မာရဓမ္မော၊ သညာ မာရဓမ္မော၊ သင်္ခါရာ မာရဓမ္မော၊ ဝိညာဏံ မာရဓမ္မော[၁]။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ မာရဓမ္မာ၊ သူသတ်မည်ကုန်၏။ တတြ၊ ထိုသူသတ်မည်သော တရား၌။ တေ-တယာ၊ သင်ချစ်သားသည်။ ဆန္ဒော၊

၁။ သဠာယတနသံယုတ်ပါဠိ၊ နှာ-၃၅၆-၇၊ ၃၆၀-စသည်ကို မှီးသည်။

တဏှာဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။ မာရစမ္မော၊ သူသတ်တရားမည်သည်။ ကတမော နုခေါ၊ အဘယ်နည်း။

ရူပံ၊ ရုပ်သည်။ မာရစမ္မော၊ ရေမြှုပ်ကဲ့သို့ အရှည်မတည် ချက်ခြင်း ချုပ်ပျောက်တတ်သောကြောင့် သူသတ်မည်၏။

ဝေဒနာ၊ သုခ ဒုက္ခ ဥပေက္ခာအားဖြင့် ခံစားတတ်သော ဝေဒနာသည်။ မာရစမ္မော၊ ရေပွက်ကဲ့သို့ ချက်ခြင်းချုပ်ပျောက်တတ်သောကြောင့် သူသတ်မည်၏။

သညာ၊ အမှတ်ပြု သိတတ်သော သညာသည်။ မာရစမ္မော၊ တံလှပ်ကဲ့သို့ အရှည်မတည် ချက်ခြင်းချုပ်ပျောက်တတ်သောကြောင့် သူသတ်မည်၏။

သင်္ခါရာ၊ ပြုပြင်တတ်သော စေတနာသင်္ခါရက္ခန္ဓာတို့သည်။ မာရစမ္မော၊ ငှက်ပျောတုံးကဲ့သို့ အရှည်မတည် လျင်စွာ ပျက်စီးတတ်သောကြောင့် သူသတ်မည်၏။

ဝိညာဏံ၊ အာရုံကို သိတတ်သော ဝိညာဏ်စိတ်သည်။ မာရစမ္မော၊ မျက်စိတမှိတ် လျှပ်တပြက်ခန့်အတွင်း၌ ကုဋေတသိန်းမျှလောက် ဖြစ်ပျက်ခြင်းရှိသောကြောင့် သူသတ်မည်၏။

တတြ၊ ထိုသူသတ်မည်သော ခန္ဓာ ၅-ပါး၌။ တေ-တယာ၊ သင်ချစ်သားသည်။ ဆန္ဒော၊ လိုချင်သော ဆန္ဒကို။ ပဟာတဗ္ဗော၊ ပယ်အပ်၏။

အဓိပ္ပါယ် — တဏှာသည် သမုဒယသစ္စာပင်တည်း၊ ထို သမုဒယကို ပယ်အပ်သော ကိစ္စရှိသည့်အတိုင်း မပယ်လျှင် ဇာတိ စသော ဒုက္ခ မပြတ်ဖြစ်တော့၏၊ ပယ်လျှင် ဇာတိ စသော ဒုက္ခချုပ်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ ဟူလို။

ဤကား သုတ္တန်ဒေသနာအရ ဝိပဿနာပင်တည်း၊ သံဝေဂရ၍ တဏှာချုပ်လျှင် ဝိပဿနာ၏ လိုရင်းကိစ္စ ပြီးနိုင်၏ ဟူလို။

### သစ္စာလေးပါး မြင်သိပုံ

၁။ ဇာတိ စသည်တို့ကား မိမိ၏ ဒုက္ခသစ္စာ၊

၂။ ဘဝတဏှာ စသည်ကား မိမိ၏ သမုဒယသစ္စာ၊

၃။ အနိစ္စ ဒုက္ခ အနတ္တတို့ကို ရှု၍ ဘဝတဏှာပယ်မှုကား မိမိ၏ မဂ္ဂသစ္စာ၊

၄။ ဇာတိစသော ဒုက္ခချုပ်မှုကား မိမိ၏ နိရောဓသစ္စာနိဗ္ဗာန်။ သူကိစ္စသူ့အခါ စသည်တို့၌ သတိပြု၍ အခါခပ်သိမ်း ဆင်ခြင်နေမှုသည် သစ္စဘာဝနာ မည်၏၊ စိတ်တည်ကြည်ခြင်းသည် သမာဓိမည်၏၊ ထိုသို့ နှလုံးသွင်းသဖြင့် တဏှာချုပ်သောအခါ သမ္မာသမာဓိမည်၏။

သစ္စာလေးပါးကို ဆင်ခြင်၍တည်သော သမာဓိအရ မဂ်ကိစ္စလေးပါး ပြီးနိုင်ရကား အထူးသတိပြု၍ ဆင်ခြင်ကြပါကုန်။

## ရဟန်းများသို့ မြတ်စွာဘုရား သတိပေးတော်မူခဲ့ပုံ

ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော[၁]။

မယှံ၊ ငါဘုရား၏။ ဝယော၊ အရွယ်တော်သည်။ ပရိပက္ကော၊ ရင့်ရော်လှပြီ။ မမ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ ပရိတ္တံ၊ နည်းလှပြီ။ ဝေါ၊ တုပ္မာကံ၊ သင်ချစ်သားတို့ကို။ ပဟာယ၊ ပယ်၍။ ဂမိဿာမိ၊ သွားရပေတော့အံ့။ ဝါ၊ ပရိနိဗ္ဗာန်ပြုရပေတော့အံ့။ မေ-မယာ၊ ငါဘုရားသည်။ အတ္တနော၊ မိမိ၏။ သရဏံ၊ မင်ဖိုလ်နိဗ္ဗာန်ဟူသော ကိုးကွယ်ရာကို။ ကတံ၊ ပြုအပ်ပြီ။

## အကြံကောင်းရှိကြရန် သတိပေးပုံ

အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တမနုရက္ခထ[၁]။

ဘိက္ခဝေါ၊ ရဟန်းတို့။ အပ္ပမတ္တာ၊ မမေ့မလျော့ကုန်သည်ဖြစ်၍။ သတိမန္တော၊ မြဲမြံသော အောက်မေ့ခြင်းသတိ ရှိကြကုန်သည်ဖြစ်၍။ သုသီလာ၊ ကောင်းသော အကျင့်သီလရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သုသမာဟိတသင်္ကပ္ပါ၊ ကောင်းသောအကြံရှိကြကုန်သည်ဖြစ်၍။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခထ၊ ဆုံးမစောင့်ရှောက်၍ နေရစ်ခဲ့ကြကုန်လော့။

---

၁။ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် ပါဠိ၊ နှာ-၁၀၁။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ[၁]။

ဘိက္ခဝေ၊ သံသရာဘေးကို လေးသောဝန်ဟု ရှုလေ့ရှိကြပေကုန်သော ရဟန်းတို့။ ယော၊ အကြင်သူသည်။ ဝါ၊ မည်သူမဆို။ ဣမသ္မိံ ဓမ္မဝိနယေ၊ သစ္စာကိုသိအောင် အားထုတ်ကြဟု ငါဘုရားဆုံးမဟောကြားတော်မူသော ဤဓမ္မဝိနယခေါ် ပဋိဝေဓသာသနာတော်ကြီး၌။ အပ္ပမတ္တော၊ မမေ့မလျော့သည် ဖြစ်၍။ ဝိဟဿတိ၊ နေလတ္တံ့။ သော၊ ထိုသူသည်။ ဇာတိသံသာရံ၊ ဇာတိသံသရာကို။ ပဟာယ၊ ပယ်၍။ ဒုက္ခဿန္တံ၊ ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿတိ၊ မျက်မှောက်ပြုနိုင်လတ္တံ့ သတည်း။

ရဟန်းများသို့ သတိပေးပုံ ဤတွင်ပြီးပြီ။

---

## ပဟာန် ၅-ပါး

ဗဟုသုတရှိစေခြင်းငှါ အချုပ်အခြာ ဝိပဿနာပညာဖြစ်သော ပဟာန်ငါးပါးကို ဝိသုဒ္ဓိမဂ် အဋ္ဌသာလိနီအဋ္ဌကထာအရ ပြဦးအံ့။ ပဟာန်ငါးပါးဟူသည် တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန် ပဋိပ္ပဿဒ္ဓိပဟာန် နိဿရဏပဟာန်၊ ဤငါးပါးပင်တည်း။

**၁။ တဒင်္ဂပဟာန်။** ။ကိလေသာပယ်ရာ၌—

ဒီပါလောကေနေဝ တမဿ, တေန တေန တဿ တဿ အနတ္ထဿ ပဟာနံ[၂] ဟူရကား—

တမဿ၊ အမိုက်မှောင်အား။ ဒီပါလောကေန၊ အရောင်အလင်းဖြင့်။ ပဟာနံ ဣဝ၊ ပယ်ခြင်းကဲ့သို့။ ဧဝမေဝ၊ ဤအတူ။ တဿ တဿ အနတ္ထဿ၊ ထိုထို အကျိုးမဲ့ ကိလေသာအား။ တေန တေန၊ ထိုထိုနှင့် ဆန့်ကျင်ဘက်ဉာဏ်ဖြင့်။ ပဟာနံ၊ ပယ်ခြင်းတည်း။

ပယ်ရန် မာတိကာအကျဉ်း— နာ-ပစ်-က-မင်-ဉ-ဝ-ဘ်-အာ-နိဗ်-မု-ပ-ဉ-အနု ဂေါ်ကိုရှု ဟူ၏။

---

၁။ သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ် ပါဠိ၊ နှာ-၁၀၁။
၂။ အဋ္ဌသာလိနီ၊ နှာ-၃၇၆။

၁-(က) နာမရူပဝဝတ္ထာနေန သင်္ခါယဒိဋ္ဌိယာ ပဟာနံ[၁]။

သက္ကာယဒိဋ္ဌိယာ၊ ခန္ဓာငါးပါး၌ အတ္တဟု ယူသော အယူကို။ နာမရူပဝဝတ္ထာနေန၊ နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်းဖြင့်။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(ခ) ပစ္စယပရိဂ္ဂဟေန အဟေတုဝိသမဟေတုဒိဋ္ဌီနံ၊ အပရဘာဂေ တဗ္ဗိပရိယာယေန ကထံကထိဘာဝဿ[၁]။

ပစ္စယပရိဂ္ဂဟေန၊ ဒုက္ခသစ္စာ နာမ်ရုပ်ဖြစ်ကြောင်း သမုဒယကို သိမြင်ဆင်ခြင် သိမ်းဆည်းခြင်းဖြင့်။ အဟေတုဝိသမဟေတုဒိဋ္ဌီနံ၊ သတ္တဝါဖြစ်ခြင်း၌ အကြောင်းမရှိပဲ ဖြစ်၏ဟု ရှုသော အဟေတုကဒိဋ္ဌိ, အကြောင်းရှိ၏ဟု ရှုပြန်သော်လည်း ပြဟ္မာ ဗိဿနိုး စသော နတ်တို့ ဖန်ဆင်း၏ဟု မဟုတ်မမှန်သော အကြောင်းကို စွဲ၍ယူသော ဝိသမဟေတုဒိဋ္ဌိတို့ကို။ ပဟာနံ၊ ပယ်ခြင်းတည်း။ တဗ္ဗိပရိယာယေန၊ ထို ဒိဋ္ဌိတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ အကြောင်း မရှိပဲ ဖြစ်သည်မဟုတ် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတို့ကြောင့် ဖြစ်၏ ဟူသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်။ အပရဘာဂေ၊ နောက်အဘို့၌။ ကထံကထိဘာဝဿ၊ သို့လော သို့လော ယုံမှားမှုကို။ ဝါ၊ အကြောင်းနှင့်ဖြစ်လေသလော အကြောင်း မရှိပဲ ဖြစ်လေသလော ဟူသော ယုံမှားခြင်းကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(ဂ) ကလာပသမ္မသနေန "အဟံ မမာ"တိ ဂါဟဿ ပဟာနံ[၁]။

ကလာပသမ္မသနေန၊ ရုပ်ကလာပ် နာမ်ကလာပ်အပေါင်းတို့ကို ရှုခြင်းဖြင့်။ ဝါ၊ ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဟူသော ရုပ်အဋ္ဌကလာပ်, ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ စသော နာမ်ကလာပ်တို့ကို ရှုခြင်းဖြင့်။ အဟံ မမာတိ ဂါဟဿ၊ ငါ ငါ၏ဥစ္စာဟု ယူသော တဏှာဒိဋ္ဌိဂါဟကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(ဃ) မဂ္ဂါမဂ္ဂဝဝတ္ထာနေန အမဂ္ဂေ မဂ္ဂသညာယ ပဟာနံ[၁]။

မဂ္ဂါမဂ္ဂဝဝတ္ထာနေန၊ မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား မှတ်သားခြင်းဖြင့်။ အမဂ္ဂေ၊ အရောင် ပီတိ ပဿဒ္ဓိ စသော တရားတို့ကို မဂ်ဟု ရှု၍ မဂ်ကို

---

၁။ ဝိသုဒ္ဓိမဂ် ဒုတိ၊ နှာ-၃၃၅။ အဋ္ဌသာလိနီ၊ နှာ-၃၈၆။

ငါရပြီဟု ရှုသော မှားသော အမဂ္ဂသညာ၌။ မဂ္ဂသညာယ၊ ဤအရောင် ပီတိစသည်တို့ကား မဂ်သာတည်းဟု ရှုသော မဂ္ဂသညာကို။ပဟာနံ၊ပယ်ခြင်းတည်း။

၁-(င) ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ ပဟာနံ[၁]။

ဥစ္ဆေဒဒိဋ္ဌိယာ၊ သတ္တဝါသေလျှင် ပြတ်၏ဟု ယူသော အယူကို။ ဥဒယဒဿနေန၊ နာမ်ရုပ်တို့ အကြောင်းအကျိုးစပ်၍ မပြတ်ဖြစ်နေမှုကို ရှုသောဉာဏ်ဖြင့်။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(စ) ဝယဒဿနေန သဿတဒိဋ္ဌိယာ ပဟာနံ[၁]။

သဿတဒိဋ္ဌိယာ၊ သတ္တဝါရှိ၏ မြဲ၏ဟု ယူသော အယူကို။ ဝယဒဿနေန၊ နာမ်ရုပ်တို့၏ ခဏ ခဏ ပျက်၍နေမှု မမြဲမှုကို ရှုခြင်းဖြင့်။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(ဆ) ဘယဒဿနေန သဘယေ အဘယသညာယ ပဟာနံ[၁]။

ဘယဒဿနေန၊ အိုနာသေမှု ဖောက်ပြန်မှုတို့ကို ရှုမြင်ခြင်းဖြင့်။ သဘယေ၊ ဘေးနှင့်တကွ ဖြစ်သည်၌။ အဘယသညာယ၊ ဘေးမရှိဟု ရှုသော သညာကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(ဇ) အာဒီနဝဒဿနေန အာလယာဘိနိဝေသဿ ပဟာနံ[၁]။

အာဒီနဝဒဿနေန၊ ဥပ္ပါဒေါ ဒုက္ခံ၊ ပဝတ္တံ ဒုက္ခံ၊ နိမိတ္တံ ဒုက္ခံ၊ အာယူဟနံ ဒုက္ခံ၊ ပဋိသန္ဓိ ဒုက္ခံ ဟူသော ဖြစ်ခြင်း ရှိသမျှ ဒုက္ခသာတည်းဟု အပြစ်ကို ရှုသော အာဒီနဝ ဉာဏ် ၅-ပါးဖြင့်။ အာလယာဘိနိဝေသဿ၊ လိုချင် ခင်မင် တွယ်တာသော တဏှာအာလယကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(ဈ) နိဗ္ဗိဒါဉာဏေန နန္ဒိယာ ပဟာနံ[၁]။

နိဗ္ဗိဒါဉာဏေန၊ ခန္ဓာ ၅-ပါး၌ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်ဖြင့်။ နန္ဒိယာ၊ အလွန်နှစ်သက်ဘွယ်ဟု ရှုသော နန္ဒီရာဂကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁-(ည) မုဉ္စိတုကမျတာဉာဏေန အမုဉ္စိတုကာမတာယ ပဟာနံ[၁]။

---

၁။ ဝိသုဒ္ဓိမဂ် ဒုတိ၊ နှာ-၃၃၅၊ အဋ္ဌသာလိနီ၊ နှာ-၃၀၆။

မုဉ္စိတုကမျတာဉာဏေန၊ သံသရာဝဋ်မှ လွတ်လိုသော မုဉ္စိတုကမျတာဉာဏ်ဖြင့်။ အမုဉ္စိတုကာမတာယ၊ သံသရာ၌ မွေ့လျော်သဖြင့်မလွတ်လိုမှုကို။ပဟာနံ၊ ပယ်ခြင်းတည်း။

၁·(၄) ပဋိသင်္ခါဉာဏေန အပ္ပဋိသင်္ခါနာယ ပဟာနံ[၁]။

ပဋိသင်္ခါဉာဏေန၊ တော ၄၀-ကို အဖန်ဖန်ပွါးသော ပဋိသင်္ခါဉာဏ်ဖြင့် အပ္ပဋိသင်္ခါနာယ၊ တဖန်မဆင်ခြင်လိုမှုကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁·(၅) ဥပေက္ခာဉာဏေန အနုပေက္ခာယ ပဟာနံ[၁]။

ဥပေက္ခာဉာဏေန၊ သင်္ခါရတရားတို့၌ ချစ်ခြင်းမုန်းခြင်းကိုပယ်၍ လျစ်လျူရှုသောဉာဏ်ဖြင့်။ အနုပေက္ခာယ၊ လျစ်လျူ မရှုလိုမှုကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁·(၃) အနုလောမေန ဓမ္မဋ္ဌိတိယံ, နိဗ္ဗာနေ စ ပဋိလောမဘာဝဿ ပဟာနံ[၁]။

အနုလောမေန၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော အနုလောမ ဉာဏ်ဖြင့်။ ဓမ္မဋ္ဌိတိယံ၊ အကြောင်းအကျိုးစပ်၍ မပြတ်တည်နေမှုဟူသော ပဋိစ္စသမုပ္ပါဒ်၌။ ပဋိလောမဘာဝဿ၊ ဆန့်ကျင်သော သဿတအယူ ဥစ္ဆေဒအယူကို။ ဝါ၊ ပဋိစ္စသမုပ္ပါဒ်၌ မသိသော မောဟကို။ နိဗ္ဗာနေ စ၊ နိဗ္ဗာန်၌လည်း။ ပဋိလောမဘာဝဿ၊ ဆန့်ကျင်သော သင်္ခါရတို့၌ မွေ့လျော်မှုကို။ ဝါ၊ နိဗ္ဗာန်၌ မသိသော မောဟကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

၁·(၈) ဂေါတြဘုဉာဏေန သင်္ခါရနိမိတ္တဿ ပဟာနံ[၁]။

သင်္ခါရနိမိတ္တဿ၊ ခန္ဓာ သင်္ခါရ နိမိတ်ကို။ ဂေါတြဘုဉာဏေန၊ အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘုဉာဏ်ဖြင့်။ ပဟာနံ၊ ပယ်ခြင်းတည်း။ တော်၊ ဤသို့ ပယ်ခြင်းသည်။ တဒင်္ဂပဟာနံ နာမ၊ ကိလေသာကို တဒင်္ဂအားဖြင့် ပယ်ခြင်း မည်၏။

တဒင်္ဂပဟာန် ပြီးပြီ။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဒုတိ၊ နှာ-၃၃၅။ အဋ္ဌသာလိနီ၊ နှာ-၃၇၆။

၂။ **ဝိက္ခမ္ဘနပဟာန်**။ ။ဝိက္ခမ္ဘနပဟာန်ကို အကျယ်မပြတော့ပြီ၊ ဥပမာကိုသာ ပြပေတော့အံ့၊ ဥပမာ–မှော်ပြည့်နေသော ရေကန်၌ ရေခပ်သော ယောကျ်ားသည် အိုးဖြင့်မှော်တို့ကိုဖယ်၍ အိုးဖြင့်နှစ်၍ ရေခပ်ပြီး နောက် အိုးကိုမ၍ ယူလိုက်လျှင် ယခင်ကဖယ်ထားသော မှော်တို့သည် ပြန်၍ ဖုံးမြဲဖုံး၏။ ထို့အတူ ကာမစ္ဆန္ဒ ဗျာပါဒ ထိန မိဒ္ဓ စသော ကိလေသာတို့ကို ခွါသောအားဖြင့် ဝါ–ထိုအာရုံတို့သို့ စိတ်မကျမရောက်သော အားဖြင့် ပယ် ခြင်းသည်ပင် ဝိက္ခမ္ဘနပဟာန်မည်၏။ နောင်အခါ မှော်ပြန်ဖုံးသကဲ့သို့ကိလေသာ တို့ တဖန် ဖုံးပြန်တော့၏ ဟူလို။ ဤ၌ တဒင်္ဂပဟာန်ထက် ကိလေသာ ပယ်မှုကာလ ကြာကြာတည်၏ ဟူလို။

ဝိက္ခမ္ဘနပဟာန် ပြီးပြီ။

---

၃။ **သမုစ္ဆေဒပဟာန်**။ ။သမုစ္ဆေဒပဟာန် ကို ပြတော့အံ့—

> စတုန္နံ အရိယမဂ္ဂါနံ ဘာဝိတတ္တာ တံတံမဂ္ဂဝတော အတ္တနော အတ္တနော သန္တာနေ 'ဒိဋ္ဌိဂတာနံ ပဟာနာယာ' တိ အာဒိနာ နယေန ဒသုတ္တအနုပ္ပါဒပဟာနံ၊ ဣဒံ သမုစ္ဆေဒပဟာနံ နာမ[၁]။

စတုန္နံ၊ လေးပါးကုန်သော။ အရိယမဂ္ဂါနံ၊ အရိယမဂ်တို့ကို။ ဘာဝိတတ္တာ၊ ပွါးသည်၏အဖြစ်ကြောင့်။ ဝါ၊ ဤကား ဒုက္ခတည်း ဤကား သမုဒယတည်း ဤကား နိရောဓနိဗ္ဗာန်တည်းဟု အဖန်ဖန် ပွါးများသည်၏ အဖြစ်ကြောင့်။ တံတံမဂ္ဂဝတော၊ ထိုထိုမဂ်တို့နှင့် အကျွမ်းဝင်သော။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ သန္တာနေ၊ သန္တာန်၌။ ဒိဋ္ဌိဂတာနံ ပဟာနာယာတိအာဒိနာ နယေန၊ ဒိဋ္ဌိဂတာနံ ပဟာနာယ ဤသို့အစရှိသောနည်းဖြင့်။ ဝုတ္တဿ၊ ဟောအပ်သော ကိလေသာအပေါင်းကို။ အစ္စန္တအနုပ္ပါဒပဟာနံ၊ စင်စစ်မဖြစ်စေသောအားဖြင့် ပယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ ပဟာနံ၊ ဤပယ်ခြင်းသည်။ သမုစ္ဆေဒပဟာနံ နာမ၊ အပြီးအပြတ် ပယ်ခြင်းမည်၏။

သမုစ္ဆေဒပဟာန် ပြီးပြီ။

---

၁။ အဋ္ဌသာလိနီ၊ နှာ-၃၀၆-၇။

**၄။ ပဋိပ္ပဿဒ္ဓိပဟာန်။** ။စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိ၊ သာမည ဖိုလ်လေးပါးတို့သည်။ ပဋိပ္ပဿဒ္ဓိပဟာနံ နာမ၊ မဂ်ဖြင့် ပယ်ပြီး ကိလေသာကို တဖန် မဖြစ်စေရန် အငြိမ်းပယ်ခြင်းမည်၏။

ပဋိပ္ပဿဒ္ဓိပဟာန် ပြီးပြီ။

**၅။ နိဿရဏပဟာန်။** ။ယံ သဗ္ဗသင်္ခတနိဿဋတ္တာယ ပဟီနသဗ္ဗသင်္ခတံ နိဗ္ဗာနံ၊ ဧတံ နိဿရဏပဟာနံ နာမ[၁]။

သဗ္ဗသင်္ခတနိဿဋတ္တာယ၊ အလုံးစုံသော သင်္ခတတို့မှ လွတ်သည်၏ အဖြစ်ကြောင့်။ ပဟီနသဗ္ဗသင်္ခတံ၊ ပယ်အပ်ပြီးသော အလုံးစုံသော သင်္ခတရှိသော။ ယံ နိဗ္ဗာနံ၊ အကြင်ငြိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ နိဗ္ဗာနံ၊ ထိုငြိမ်းခြင်းသည်။ နိဿရဏပဟာနံ နာမ၊ အငြိမ်းပယ်သော ပဟာန်မည်၏။ အဓိပ္ပါယ်ကား တဖန်ဖြစ်မှု မရှိမူ၍ ချုပ်ငြိမ်းခြင်းသည်ပင်လျှင် နိဿရဏ ပဟာန်မည်၏ ဟူလို။

နိဿရဏပဟာန် ပြီးပြီ။

## တချက်ခုတ် ၁၂-ချက်ပြတ်သောတရား

တချက်ခုတ် ၁၂-ချက် ပြတ်သော တရားနှင့် အချက်များစွာပင် ခုတ်ဖြတ်သော်လည်း တချက်မှ မပြတ်သော တရားများကို ဗဟုသုတ ရှိကြစေရန် ပြဦးအံ့—

ဤ သောတာပတ္တိမဂ္ဂကထာကျမ်းသည် သောတာပတ္တိမဂ်စိတ် တချက်ကို ရရန် ဝန်မလေးစေပဲ လျင်မြန်စွာပင် ဉာဏ်အမြင် ပေါက်ရောက်နိုင်စေခြင်းငှါ မေတ္တာ ကရုဏာဖြင့် အထူးပြု၍ ရေးသောကျမ်း ဖြစ်ပေသည်။ အဘယ့်ကြောင့် အထူးပြု၍ ရေးပါသနည်းဟူမူ ထို သောတာပတ္တိမဂ်စိတ်တချက်သည် အကုသိုလ်စိတ် ၁၂-ခုကို ချုပ်စေ၍ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရောက်စေနိုင်သော ကြောင့်တည်း။ အဘယ်သို့ ချုပ်ပြတ်စေသနည်းဟူမူ ထို သောတာပတ္တိမဂ်စိတ် တချက်၌ အကုသိုလ်စိတ် ၁၂-ပါးအနက် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာ မောဟစိတ်တခု၊ ပေါင်း ၅-ခုသော စိတ်တို့ကို သမုစ္ဆေဒအားဖြင့် ချုပ်စေ၍

---

၁။ အဋ္ဌသာလိနီ၊ နှာ-၃၇၇။

ကျန်ဒေါသမူ-၂၊ ဝိပ္ပယုတ် လောဘစိတ်-၄၊ ဥဒ္ဓစ္စစိတ်-၁၊ ပေါင်း ၇-ပါးသော စိတ်တို့ကိုလည်း အလုံးစုံ ခုနစ်ဘဝ အတွင်းမှာ ချုပ်စေလေတော့၏၊ ယင်းသို့ ဖြစ်ရကား ထို သောတာပတ္တိမဂ်စိတ် တချက်သည် တချက်ခုတ် ၁၂-ချက် ပြတ်သော တရားမည်၏။

## အချက်များစွာ ခုတ်သော်လည်း တချက်မှ မပြတ်သော တရား

ထို သောတာပတ္တိမဂ်စိတ် တချက်လောက်ကိုမျှ မရပါလျှင် သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော လောကီစျာန်စိတ်တို့ပင် ဖြစ်ဦးတော့၊ တချက်မက အချက်တရာပင် ခုတ်ဦးတော့၊ ဝါ-ပွါးဦးတော့၊ အကုသိုလ်စိတ် ၁၂-ခုအနက် တခုသောစိတ်ကိုမျှ သမုစ္ဆေဒအားဖြင့် မဖြတ်နိုင်၊ ထို့ကြောင့် ထိုစိတ်တို့သည် အချက်များစွာ ခုတ်ဖြတ်သော်လည်း တချက်မျှ မပြတ်သော တရားတို့ မည်ကုန်၏။

ဤ သောတာပတ္တိမဂ်စိတ် တချက်မူကား တချက်ခုတ်ဖြင့် ၁၂-ချက်ပြတ်၏၊ ထို့ကြောင့် ထိုစိတ်သည် တချက်ခုတ် ၁၂-ချက်ပြတ်သော တရားမည်၏ ဟူလို။

သိမြင်မှု အားထုတ်မှု၌ ဝန်မလေးစေပဲ ကြီးမြတ်သောအကျိုးကို ရစေနိုင်သော ဤကျမ်းကို အထူး ဂရုပြုကြပါကုန်လော့။

တချက်ခုတ် ၁၂-ချက်ပြတ်, အချက်များစွာ ခုတ်သော်လည်း
တချက်မျှ မပြတ်သော တရားတို့ကို ပြဆိုပုံ ပြီး၏။

ဤ၌ သီလ သမာဓိလောက်နှင့် တနည်း – ပရိယတ် ပဋိပတ်လောက်နှင့် တင်းတိမ် မနေကြဘဲ သောတာပတ္တိမဂ်သို့ ရောက်အောင် အားထုတ်ကြပါဟု သတိပေးလိုရင်းပင် ဟူလို။

## ကျမ်းပြု ပုဂ္ဂိုလ်၏ နိဂုံးဝကား

သစ္စဒီပကကထာ သောတာပတ္တိမဂ္ဂကထာ ကျမ်းပြု ပုဂ္ဂိုလ်၏ ဟောလိုရင်း ဆန္ဒမူကား ဓမ္မစကြာအရ သစ္စာ ၄-ပါး ပါဠိအနက်ကိုကျက်၍ သုတဖြစ်အောင် ပြုကြရမည်။

ထို သစ္စာ ၄-ပါးတို့၌ ယုံမှားကင်းအောင် ကိုယ်တိုင်သိဖြစ်အောင် အပန်ဖန် ဆင်ခြင်ရမည်၊ ပွါးများရမည်၊ ထိုပွါးများပုံကိုလည်း နည်း အမျိုးမျိုးတို့ဖြင့်

ပြထားသည်၊ ပြထားသည့် အတိုင်း ပွါးများသဖြင့် ယုံမှားကင်းလျှင် မဟာသောတာပန် ဖြစ်နိုင်၏ဟု ပြဆိုလိုရင်းပင်တည်း။

**အဓိပ္ပါယ်အထူး**

၁။ ဓမ္မစကြာ၌လာသော သစ္စာ ၄-ပါး ပါဠိအနက်ကို ကျက်မှတ် ခြင်းသည် ပရိယတ်မည်၏။

၂။ သမုဒယကြောင့် ဒုက္ခ ဖြစ် မဖြစ်, သမုဒယချုပ်က ဒုက္ခချုပ် မချုပ် စသည်ကို အဖန်ဖန် ဆင်ခြင်ပွါးများခြင်းသည် ပဋိပတ်မည်၏။

၃။ ထို သစ္စာ ၄-ပါး တို့ကို ပွါးများသဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်၍ ယုံမှားကင်းခြင်းသည် ပဋိဝေဓသာသနာ မည်၏။

ဤ ပဋိဝေဓ သာသနာသို့ရောက်က လိုရင်းကိစ္စများ ပြီး၏ဟု စာကြည့်သူတို့အား သိစေလိုသော ဆန္ဒပင် ဟူလို။

ဣတိ ဘဒ္ဒန္တရေဝတနာမတ္ထေရေန ရစိတောယံ
သောတာပတ္တိမဂ္ဂကထာနာမော နိဋ္ဌိတော။

ဣတိ၊ ဤသည်လျှင်။ ဘဒ္ဒန္တရေဝတနာမတ္ထေရေန၊ **ဘဒ္ဒန္တရေဝတ** အမည်ရှိသော **သစ္စာဒီပက** မထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ သောတာပတ္တိမဂ္ဂကထာနာမော၊ **သောတာပတ္တိမဂ္ဂကထာ** မည်သော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၃၁၃-ခု၊ တန်ခူးလဆန်း ၁၄-ရက် သောကြာနေ့တွင် ဤကျမ်းပြီးစီးသည်။
ဤအခါ ကျမ်းပြုပုဂ္ဂိုလ်၏ အသက်မှာ ၇၂-နှစ်မှ ၇၃-နှစ်သို့
ငင်းတန်ခူးလဆန်း ၁၄-ရက်မှာပင် ရောက်၏ဟူလို။

# ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာ

# အဘိယာစကနိဒါန်းနှင့် ဥဇေယျာဇဦ

၁၃၁၄-ခုနှစ်၊ ရန်ကုန်မြို့ ပြည်ထဲရေးနှင့် သာသနာရေးဌာန အတွင်းဝန် သရေစည်သူ ဦးချမ်းသာနှင့် မင်းကတော် ဒေါ်သစ်သစ်တို့က သံသရာမှ နိဗ္ဗာန်သို့ ထွက်ရန် အလိုရှိကြသော ယောဂီပုဂ္ဂိုလ်တို့အား ထို ထွက်ရပ်ကို တားမြစ်တတ်သော တနည်း-သောဟာပတ္တိမဂ်ကို တားမြစ်တတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ဖျောက်မှု၌ ဝန်မလေးစေပဲ လျင်မြန်စွာ ဉာဏ်အမြင် ပေါက်ရောက်နိုင်ကြောင်းလည်းဖြစ် တပည့်တော် တပည့်တော်မတို့အားလည်း ပဋိဝေဓ သာသနာပြု ဒါယကာအဖြစ်သို့ ရောက်စေနိုင်သော ကထာကို ရေးသားချီးမြှင့်ပါမည့်အကြောင်း လျှောက်ထားတောင်းပန်ချက်အရ မူလနေရင်း မင်းဘူးမြို့ ခတ်တော်ကုန်းရိပ်သာ၌ သီတင်းသုံး၍ ယခု ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း အမှတ် ၃၃-၌ သီတင်းသုံးလျက်ရှိသော စတုသစ္စဒီပကမ္မကထာ သစ္စဒီပကကထာ သောတာပတ္တိမဂ္ဂကထာများကို ရေးသားပုံနှိပ် ထုတ်ဝေခဲ့ပြီးသော ဘဒ္ဒန္တရေဝတ အမည်ရှိသော ပဋိဝေဓ သာသနာပြု **သစ္စဒီပက** ဆရာတော်သည် လာဘ သက္ကာရစသော မသင့်သော နှလုံးသွင်းမှုတို့ကို နှစ်စေလျက် မြတ်စွာဘုရား အလိုတော်အရ မေတ္တာပုဗ္ဗင်္ဂမဖြင့် ဤကျမ်းကို ရေးသားရပေသတည်း။

မြတ်စွာဘုရားအလိုတော်ကား—

သနာထာ ဘိက္ခဝေ ဝိဟရထ မာ အနာထာ[၁]။

ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းတို့။ ဝါ၊ သူတော်ကောင်းအပေါင်းတို့။ သနာထာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသော ကိုးကွယ်ရာ မှီရာ တည်ရာ သက်သာရာ လွတ်လပ်ခွင့်ရကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့။ အနာထာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသော ကိုးကွယ်ရာမဲ့ကြကုန်သည်။ ဝါ၊ မရှိကြကုန်သည်ဖြစ်၍။ မာ ဝိဟရထ၊ မနေကြကုန်လင့်။

ဤသို့ မြတ်စွာဘုရားအလိုတော်အရ သစ္စာမြင်သိမှု ဟူသော အားထားရာကို ရကြစေခြင်းငှါ ဤ ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာကို ရေးသားရပေသတည်း။

---

၁။ အင်္ဂုတ္တိုရ်ပါဠိ တ-တွဲ၊ နှာ-၂၇၅။

ထိုသို့ ရေးသားပြုစုသည့်အတိုင်း ကြည့်ရှုမှတ်သား အသင့် နှလုံးသွင်းသော အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သော်။

အဘိယာစကနိဒါန်း ဥယျောဇဉ်များ ပြီးပြီ။

---

## မူလစေတနာ

ဤကျမ်းကိုပြုစုအောင်မြင်ကြောင်း မူလစေတနာနိဒါန်းကိုလည်း ပြဦးအံ့– ပြုစုထုတ်ဝေခဲ့ပြီးသော စတုသစ္စဒဋ္ဌိကမ္မကထာ သစ္စဒီပကကထာ သောတာ-ပတ္တိမဂ္ဂကထာကျမ်းများကို နိဗ္ဗာန်ဟူသော ထွက်ရပ်ကို အလိုရှိသောယောဂီ ပုဂ္ဂိုလ်တို့အား သစ္စာမြင်သိခြင်းဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာကို ချုပ်စေ၍ သောတာ ပတ္တိမဂ်ကို ရှေးဦး ပဌမ ရကြစေရန် ရည်သန်၍ ရေးသည်။

ယခု ဤ ကျမ်းကိုလည်း ရင်းနည်းပင် ပဌမမဂ်ကို လျင်စွာ ရစေလိုသော ဆန္ဒဖြင့်ပင် ရေးသားသည်၊ အဘယ့်ကြောင့် ဤကဲ့သို့ ပဌမမဂ်ကို ရခြင်းငှါသာ နည်းအမျိုးမျိုးတို့ဖြင့် ထပ်ကာ ထပ်ကာ ပြသနည်းဟူမူ ထိုပဌမ မဂ်ဉာဏ်ကို ရမှသာလျှင် သံသရာဘေး အပါယ်ဘေးတို့မှ ကင်းလွတ်နိုင်မည်၊ အထက် မဂ်ကိစ္စကိုလည်း ပြီးစီးနိုင်မည် ဖြစ်သောကြောင့်ရင်း, ထိုပြင် ထို ပဌမမဂ်ရရန် ကိစ္စမှာ လူဉပါသကာ ဥပါသိကာမများ၌ အထက်မဂ်ရရန် ကိစ္စများကဲ့သို့ ဝန်မလေးစေပဲ လျင်စွာ မဂ်ရောက် ဖိုလ်ရောက် နိဗ္ဗာန်ပေါက် အကျိုး မဟာပ္ပလများကို ရနိုင်မည် ဖြစ်သောကြောင့်ရင်း ဤသို့ ထပ်ကာ ထပ်ကာ ရေးသားရပေသတည်း။

## မဂ်သို့ဆိုက်ရောက်နည်း အကျင့်ဝါဒ အမျိုးမျိုး

မဂ်သို့ဆိုက်ရောက်နည်း အကျင့်ဝါဒအမျိုးမျိုးရှိပုံကိုလည်း ဗဟုသုတအလို့ငှါ ပြဦးအံ့ —

၁။ မေ့စကြာတရားတော်အရ သစ္စာကို သိအောင်ပြု၍ မဂ်သို့တက်နည်း၊

၂။ သတိပဋ္ဌာန်တရားတော်အရ အားထုတ်၍ မဂ်သို့ တက်နည်း၊

၃။ ပဋိစ္စသမုပ္ပါဒ်ကို သစ္စာ ၄-ပါးဖွဲ့၍ မဂ်သို့ တက်နည်း၊

၄။ သီလ သမာဓိ ပညာ သိက္ခာ အစဉ်ဖြင့် သစ္စာသိအောင် ပြု၍ မဂ်သို့ တက်နည်း၊

၅။ ဝိပဿနာဉာဏ်အစဉ်ဖြင့် သစ္စာသိအောင်ပြု၍ မဂ်သို့ တက်နည်း၊

ဤသို့စသည်ဖြင့် နည်းအမျိုးမျိုး ရှိပေသည်၊ သို့ရာတွင် မိမိတို့ စရိုက်အား လျော်စွာ အားထုတ်၍ မဂ်သို့ဆိုက်ရောက်က လိုရင်းကိစ္စ ပြီးစီးနိုင်ပေသည်။

**ဓမ္မစကြာနည်းဖြင့် မဂ်သို့တက်ပုံ** ပဓာနကား–မဂ်သို့ရောက်ရန်သာလျှင် ပဓာနဖြစ်ပေသည်၊ ယခု ဤကျမ်းပြု သစ္စဒီပကဆရာ၏ ဝါဒမှာမူကား မဂ္ဂင်ရှစ်ပါးတို့တွင် အချုပ်အခြာဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကို အမှူးပြု၍ ဓမ္မစကြာတရားတော်အရ သစ္စာသိ၍ မဂ်သို့ ဆိုက်ရောက်နည်းကို ရေးသား ပြောဟောလေ့ ဝါဒရှိပါသည်။

အဘယ့်ကြောင့် ဤနည်းကို အမှီပြုပါသနည်း ဟူမူ ဓမ္မစကြာသည် 'ဒုက္ခ ဟူသမျှသည် သမုဒယကြောင့်ဖြစ်၏၊ သမုဒယကို မဂ်ဖြင့်ပယ်လျှင် ဒုက္ခချုပ်၏' ဟူ၍ သွယ်ဝိုက်ခြင်းမရှိပဲ သစ္စာ ၄-ပါးကို စကား ၂-ခွန်းဖြင့် တည့်တည့်မတ်မတ် ဘွင်းဘွင်းကြီး ဟောတော်မူအပ်သော ဒေသနာတော်ဖြစ်ပေသည်။

ထို့ကြောင့် ပဉ္စဝဂ္ဂီ ၅-ဦးနှင့်တကွ ၁၈-ကုဋေသော နတ် ဗြဟ္မာတို့ ဓမ္မာဘိ-သမယ ဖြစ်ကြပါသည်၊ ထို့ပြင် ထိုဓမ္မစကြာနည်းအတိုင်း အကျဉ်းဟောကာ မျှဖြင့် ပေါက္ခရသာတိပုဏ္ဏားကြီးလည်း သောတာပတ္တိမဂ်ကို ရပါသည်။

အကယ်၍ ထို ပုဂ္ဂိုလ်များကဲ့သို့ တခါကြားရုံဖြင့် မဂ်သို့ မရောက်စေကာမူ ထိုဓမ္မစကြာ သစ္စာ ၄-ပါးကို တိတိပိုင်ပိုင် ကျက်မှတ်၍ မသိသော အနက် အဓိပ္ပါယ်များကို သိသော ပညာရှိများထံ မေးမြန်း၍ အဖန်ဖန်ဆင်ခြင်ပါလျှင် ဝါ-နေ့ရက်နှစ်လများစွာ ရှုဆင်ခြင်သုံးသပ်ပါလျှင် အဘယ်မှာလျှင် သောတာပန် မတည်ဘဲ ရှိနိုင်တော့အံ့နည်းဟု ယုံကြည်ပါသည်။

ထို့ကြောင့် ဓမ္မစကြာအရ သစ္စာဟောနည်းကို အလွန်နှစ်သက်သည့်အတွက် ထိုဓမ္မစကြာနည်းအရ သစ္စာ ၄-ပါးကို ပြောဟောရေးသားလေ့ဝါဒရှိပါ၏ ဟူလို။

**နိဗ္ဗာန ၈—ပ-မ-သ-စ**

## ပေါက္ခရသာတိပုဏ္ဏားဝတ္ထု

ပေါက္ခရသာတိပုဏ္ဏားကြီး၏ဝတ္ထု[၁]ကို အမြွက်မျှ ပြဦးအံ့—မြတ်စွာဘုရား၏ ကိုယ်ကာယတော်၌ လက္ခဏာတော်များကို အစုံအလင် မမြင်ရမီက ဘုရား ဟုတ်-မဟုတ် ယုံမှားသော ပေါက္ခရသာတိ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကိုယ်ကာယတော်၌ ရှိသော လက္ခဏာတော်အစုံကို မြင်ရသည့်အခါ ဘုရား အမှန်ဟု ဆုံးဖြတ်သဖြင့် ဝိစိကိစ္ဆာ တဒင်္ဂချုပ်သောအခါ မြတ်စွာဘုရားက ဓမ္မစကြာနည်းအတိုင်း သွယ်ဝိုက်ခြင်းမရှိပဲ တေဘုမ္မိကတရား ဟူသမျှသည် ဒုက္ခသစ္စာသာတည်း၊ တဏှာသည် သမုဒယသစ္စာတည်း၊ တဏှာအကြွင်းမဲ့ ချုပ်ခြင်းသည် ဝါ-ချုပ်ရာသည် ဒုက္ခနိရောဓနိဗ္ဗာန်တည်း၊ သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ၈-ပါးသည် မဂ္ဂသစ္စာတည်းဟု ဟောတော်မူရာ တရားအဆုံး၌ သောတာ-ပတ္တိမဂ်သို့ ဆိုက်ရောက်လေတော့၏။

ထို့ကြောင့် ပဉ္စဝဂ္ဂီအရှင် ၅-ဦးတို့ကိုရင်း ပေါက္ခရသာတိပုဏ္ဏားကြီး၏ မဂ်သို့ ဆိုက်ရောက်ပုံကိုရင်း အကြောင်းပြု၍ ဤ ကျမ်းပြုဆရာသည်လည်း ဓမ္မစကြာ နည်းဖြင့် ရေးသားပြောဟောလေ့ ဝါဒ ရှိပါ၏ ဟူလို။

မဂ်သို့တက်နည်း ဝါဒအမျိုးမျိုးရှိပုံ ပြဆိုချက် ပြီးပြီ။

---

၁။ သီလက္ခန္ဓ အဋ္ဌကထာ ပါဠိ၊ နှာ-၁၀၀-၁၀၂။

# ဒိဋ္ဌိဝိစိကိစ္ဆာပဟာသတမ္ဘကထာ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ပ ဌ မ

ရတနတ္တယံ အဟံ ဝန္ဒာမိ။

ရတနတ္တယံ၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး အပေါင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

ဤကျမ်း၏ အဓိပ္ပါယ်အကျဉ်းကား–ဒိဋ္ဌိဝိစိကိစ္ဆာပဟာသတမ္ဘကထာ ဟူသည် သစ္စာလေးပါးကို သိမြင်မှု, ယုံမှားကို ပယ်မှုပင်တည်း၊ ထို့ကြောင့် ထိုကထာကို မပြမီ သစ္စာလေးပါး ရေတွက်နည်းကိုငှင်း မဂ္ဂသစ္စာပွါးများမှု အဓိပ္ပါယ်ကိုရင်း ရှေးဦးစွာ ပြသင့်၏။ ထို့ကြောင့် ပြဦးအံ့–

## သစ္စာလေးပါးရေတွက်နည်း

သစ္စာလေးပါး ရေတွက်နည်း–ဒုက္ခအရိယသစ္စာ ဒုက္ခသမုဒယအရိယသစ္စာ ဒုက္ခနိရောဓအရိယသစ္စာ ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ၊ ဤသို့ ပါဠိတော် အရ အက္ခရာပြည့်စုံစွာ ရေတွက်သင်ခြင်းအပ်၏။ အက္ခရာမစုံလျှင် အနက်ကို မဆုံးဖြတ်နိုင်၊ ထိုသို့ မဆုံးဖြတ်နိုင်ကလည်း မဂ်ကို မရနိုင်။

ဤ၌ အထူးသတိပြုရန်မှာ သစ္စာလေးပါး၏အစအစ၌ ဒုက္ခကို ထည့်၍ထည့်၍ ရေတွက်အပ်၏၊ သို့မှသာ နိဗ္ဗာန်ဟူသည် ဇာတိချုပ်သော ဒုက္ခနိရောဓသာတည်း ဟု နိဗ္ဗာန်ကို လျင်စွာ မြင်သိနိုင်လတ္တံ့ဟူလို။

ထို သစ္စာလေးပါးတို့၏ ကိစ္စအသီးသီးကိုလည်း **သိ ပယ် ဆိုက် ပွါး** ဟူသော ကထာအရ ဒုက္ခသစ္စာ၌ သိခြင်းကိစ္စ သမုဒယသစ္စာ၌ ပယ်ခြင်းကိစ္စ နိရောဓ

သစ္စာ၌ မျက်မှောက်ပြုခြင်းကိစ္စ မဂ္ဂသစ္စာ၌ ပွါးခြင်းကိစ္စ၊ ဤသို့ ကိစ္စ လေးပါးကိုလည်း သိအပ်၏။

## မဂ္ဂသစ္စာပွါးနည်း

ထို ကိစ္စ ၄-ပါးတို့တွင် မဂ္ဂသစ္စာ၌ ပွါးမှုကို ပြဦးအံ့–သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဓမ္မစကြာအရ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ တို့ကို ဆင်ခြင်၍ နေမှု တရပ် ကာမတဏှာ ဘဝတဏှာ စသည်တို့ကြောင့် ဒုက္ခဖြစ်ပုံကို ဆင်ခြင်၍ နေမှု တရပ် တဏှာချုပ်လျှင် ဒုက္ခချုပ်၏ဟု ဆင်ခြင်၍ နေမှုတရပ် ထို ၃-ပါးတို့၌ ဟုတ်မှန်စွာ မြင်သိဆုံးဖြတ်ခြင်းငှါ အဖန်ဖန် ဆင်ခြင်၍နေမှုတရပ်၊ဤ ၄-ဌာန၌ ပွါးမှုသည် လောကီမဂ္ဂင် ပွါးမှု မည်၏၊ အဘယ့်ကြောင့်ဆိုသော် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် ပွါးရသောကြောင့်တည်း။

ထို့ပြင် သောတာပန်ဖြစ်ရန် ကျင့်သည်ဖြစ်စေ သောတာပန် တည်ပြီးနောက် ဖြစ်စေ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဟူသော သီလက္ခန္ဓမဂ္ဂင်နှင့် ပြည့်စုံခြင်းငှါ ကာယဒုစရိုက် ၃-ပါး ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်၍ ရသော ပစ္စည်းဖြင့် အသက်မွေးခြင်းသည်လည်း မဂ္ဂင်ပွါးမှုတွင် ပါဝင်၏။

အကျဉ်းအားဖြင့် သောတာပန်တို့မှာ ဒုစရိုက် ၁၀-ပါးတို့တွင် ကာယကံ ၃-ပါး, မုသာဝါဒ, အတ္တဒိဋ္ဌိ ဤ ၅-ပါးတို့ ပယ်မှုနှင့် ပြည့်စုံရမည်၊ သေအရက် မသောက်ရ ဟူလို။ ရဟန်းဖြစ်ခဲ့လျှင် စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံရမည်။

ထို ဒုက္ခ သမုဒယ နိရောဓ ၃-ပါးတို့ကား မဂ်ဉာဏ်ဖြင့် ဒုက္ခ အမှန်ပဲ သမုဒယအမှန်ပဲ နိရောဓ အမှန်ပဲဟု ဆုံးဖြတ်အပ်သော တရားတို့ မည်ကုန်၏၊ ဝါ-ဆုံးဖြတ်ခံရသော တရားတို့ မည်ကုန်၏၊ မဂ်ဉာဏ်ကား ဟုတ်မှန်စွာ ဆုံးဖြတ် တတ်သော တရားမည်ပေ၏။ ဤသို့ ဆုံးဖြတ်အပ်သော တရားကို ဆုံးဖြတ် တတ်သော မဂ်စိတ်ဖြင့် ဆုံးဖြတ်လျှင် ဝါ-နိဗ္ဗာန်အာရုံပြုသော မဂ်စိတ် ဖြစ်လျှင် ဒုက္ခသစ္စာကို သိခြင်းကိစ္စ,သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ,နိရောဓသစ္စာကို မျက် မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွါးခြင်းကိစ္စဟူသော မဂ်ကိစ္စ ၄-ပါးနှင့်တကွ လောကုတ္တရာမဂ်ပွါးခြင်းကိစ္စလည်း ပြီးလေတော့၏။

မဂ္ဂသစ္စာပွါးပုံ အခန်းပိုင်း ပြီးပြီ။

## မဂ်မရခြင်း၏ အကြောင်းရင်း

ထို့ပြင် သတိပြုရန် အရေးကြီးသော အချက်ကိုလည်း အမေး အဖြေနှင့်တကွ ပြဦးအံ့—

**မေး။** ။ပုထုဇဉ်တို့ အဘယ့်ကြောင့် မဂ်ကို မရကြပါသနည်း။

**ဖြေ။** ။ခန္ဓာ ၅-ပါးကို ငါပဲ ငါ့ဥစ္စာပဲဟု ယူသော သက္ကာယဒိဋ္ဌိကို မပယ်နိုင်သောကြောင့် မဂ်ကို မရကြပါ။

**မေး။** ။ထိုဒိဋ္ဌိကိုပယ်နိုင်ရန် အဘယ်သို့ အားထုတ်ရပါမည်နည်း။

**ဖြေ။** ။ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာကို ကြည့်ရှု၍ အားထုတ်ပါ၊ သို့မဟုတ် ဒိဋ္ဌိဝိစိကိစ္ဆာချုပ်အောင် ဟောတတ်သော ပညာရှိများထံ ဆည်းကပ်ပါ။

## ကိလေသာပယ်ပုံ

ထို ဒိဋ္ဌိဝိစိကိစ္ဆာပယ်ရန် အမေးအဖြေဖြင့် ပြဦးအံ့—

**မေး။** ။သောတာပတ္တိမဂ်ကို အဘယ်တရားက တားပါသနည်း။

**ဖြေ။** ။သောတာပတ္တိမဂ်ကို ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ ၂-ပါးက တားပါသည်။

**မေး။** ။ထိုကိလေသာကို အဘယ်သို့ ပယ်သတ်ရပါမည်နည်း။

**ဖြေ။** ။ထိုကိလေသာ ၂-ပါးအနက် ဒိဋ္ဌိကို ရှေးဦးစွာ ပယ်သင့်ပါသည်။

အဋ္ဌကထာ၌ကား—

စတုန္နံ အရိယမဂ္ဂါနံ ဘာဝိတတ္တာ တံတံမဂ္ဂဝတော အတ္တနော
အတ္တနော သန္တာနေ 'ဒိဋ္ဌိဂတာနံ ပဟာနာယာတိ' အာဒိနာ နယေန-

ဟူသော အဋ္ဌသာလိနီအဋ္ဌကထာ နှာ ၃၈၆-အရ မဂ်ပယ်စဉ်တွင် သောတာပတ္တိမဂ်၌ ဒိဋ္ဌိကို ရှေးဦးစွာပယ်မှု ကိစ္စရှိ၏၊ ထို့ကြောင့် ထိုဒိဋ္ဌိချုပ်ခြင်းငှါ ကျင့်နည်းကို ပြပေတော့အံ့—

## ဒိဋ္ဌိပဟာတဗ္ဗကထာ

**မာတိကာအကျဉ်း။** ။ထိုဒိဋ္ဌိပဟာတဗ္ဗကို မပြမီ ဥဒ္ဒေသမာတိကာအကျဉ်းကို ပြသင့်၏။ ထိုကြောင့် ပြဦးအံ့—

၁။ ခန္ဓာ၌ အိုနာသေမှု မမြဲမှု ရှိ၏၊ သတ္တဝါဟူသမျှတို့သည် ထို အိုနာသေမှုတို့ကို အလိုမရှိကြပေ၊ မအို မနာ မသေမှုကို အလိုရှိကြ၏၊ မည်သို့ပင် အလိုရှိကြသော်လည်း တောင့်တ၍ မရမှုတို့ကြောင့် ခန္ဓာ၌ အတ္တလက္ခဏာမရှိ၊ အနတ္တလက္ခဏာသာရှိ၏ဟု ယထာဘူတအတိုင်း ရှုသောအားဖြင့် ဒိဋ္ဌိကို ခွါအပ်၏။ ဤကား အနတ္တဖြင့် သက္ကာယ ခွါနည်းတည်း။

၂။ တနည်း—ဒွတ္တိံသာကာရ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယဟူသော သိတတ်သော သဘောမရှိသော ရုပ်နှင့် သိကျတ် မှတ်တတ် ခံစားတတ်သော နာမ်၊ ဤနာမ် ရုပ် သဘောသာရှိ၏၊ ပုဂ္ဂိုလ်သတ္တဝါသဘောမရှိဟု ယထာဘူတအားဖြင့် ရှု၍လည်း သက္ကာယ ဒိဋ္ဌိကို ခွါအပ်၏၊ ဤကား နာမ်ရုပ်ဖြင့် သက္ကာယခွါနည်းတည်း။

၃။ တနည်း—ကိစ္စကြီးငယ်ပြုလုပ်ရာ၌ ပုဂ္ဂိုလ်သတ္တဝါတို့ ပြုလုပ်မှုမဟုတ်၊ နာမ်ရုပ်တို့ အချင်းချင်း ကျေးဇူးပြု၍ ပြုလုပ်မှုသာတည်းဟု ကာရက ဒိဋ္ဌိ, ဝေဒကဒိဋ္ဌိကို ခွါအပ်၏၊ ဤကား ကိစ္စကြီးငယ်ကို နာမ်ရုပ် အချင်းချင်း ကျေးဇူးပြု၍ လုပ်၏ဟု ပရမတ္ထလက်သည် ရှုနည်းတည်း။

၄။ တနည်း—ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဟူသော ရုပ်အဋ္ဌကလာပ် အပေါင်းအစု၊ ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ဟူသော နာမ်အပေါင်း အစု၊ ဤသို့ ရူပကာယ နာမကာယ အပေါင်းအစုသာ ရှိ၏၊ အတ္တ သတ္တသဘောမရှိဟု ယထာဘူတအရ ရှုခြင်းဖြင့်လည်း အတ္တဒိဋ္ဌိကို ခွါအပ်၏။ ဤကား ရုပ်ကလာပ် နာမ်ကလာပ်ဖြင့် သက္ကာယခွါနည်း တည်း။

၅။ တနည်း—ပရမတ္ထသစ္စာအားဖြင့် တကျာကြောင့်ဖြစ်သော ဒုက္ခသစ္စာ နာမ်ရုပ်မျှသာ ရှိ၏၊ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤသို့အားဖြင့်လည်း

သက္ကာယဒိဋ္ဌိကို ခွါအပ်၏။ ဤကား ဒုက္ခသစ္စာဖြင့် သက္ကာယ¯ခွါနည်းတည်း။

၆။ တနည်း–ဝိညာဏ် ၆-ပါး ဖြစ်ပေါ်ရန် အစိုးမရမှု အနတ္တကို ရှု၍လည်း ပညာရှိ မိတ်ဆွေ နှစ်ဦးတို့၏ အမေးအဖြေဖြင့် အတ္တဒိဋ္ဌိကို ခွါအပ်၏၊ ဤကား ဝိညာဏ် ၆-ပါး ဖြစ်ရန် အစိုးမရ အနတ္တဟု အတ္တဒိဋ္ဌိ ခွါနည်းတည်း။

## အတ္တဒိဋ္ဌိခွါပုံ အမေးအဖြေ

**မေး။** ။မိတ်ဆွေမှာ မျက်စိလည်း ရှိ၏၊ နားလည်းရှိ၏၊ သို့ရာတွင် မြင်သိခြင်း ကြားသိခြင်းကို အစိုးရပါ၏လော။

**ဖြေ။** ။မြင်သိခြင်း ကြားသိခြင်းကို အစိုးမရပါ၊ မြင်သိလိုသော်—

"စက္ခုလောက၊ ရူပထင်ပြီ၊ မနသိ၊ ၄-လီ စက္ခုဘို့။
သောတာကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ ၄-လီ သောတဘို့"[၁]

စသည်ဖြင့် လယ်တီဆရာတော်ဘုရား ရေးသားသော ကထာ အရ–အကြောင်းပြည့်စုံမှသာ မြင်သိခြင်း ကြားသိခြင်းကို ဖြစ်စေပါသည်၊ အကြောင်းမစုံလျှင် မြင်သိလိုသော်လည်း မမြင် မသိနိုင်ပါ။

ဤ၌ အဓိပ္ပါယ်မှာ မျက်စိကလည်း ကောင်းဦးမှ အရောင် အလင်းကလည်း ရှိဦးမှ မိမိမြင်သိလိုသော ရူပါရုံအဆင်းကလည်း အကွယ်အကာ မရှိပဲ ရှေ့ရှုတည်ပါမှ နှလုံးသွင်းမနသိကာရလည်း ရှိပါမှ အဆင်းကို သိသော စက္ခုဝိညာဏ်စိတ် ဖြစ်နိုင်ပါသည်။

ထို့ကြောင့် အဇ္ဈတ္တ၌ မျက်စိဟူသော ကမ္မဇရုပ်ရှိသော်လည်း မြင်သိခြင်းကို အစိုးမရပါ အနတ္တသာ မှန်ပါသည်၊ ထို့ပြင်လည်း မျက်စိမှုန်ခြင်း မျက်စိနာခြင်း မျက်စိပျက်ခြင်းစသည့် ဖောက်ပြန်ခြင်းတို့ကို မဖြစ်စေလိုသော်လည်း မဖြစ်စေရန် အစိုးမရပါ။

---

၁။ ပရမတ္ထသံခိပ်ကျမ်း၊ နှာ-၁၇။

**မေး-ဖြေ။** ။ယင်းသို့ဖြစ်ခဲ့လျှင် မျက်စိကို ငါပိုင် ငါ့ဟာ ငါ့ဥစ္စာဟု သက္ကာယဒိဋ္ဌိဖြင့် ရှုခြင်းငှါ သင့်ပါမည်လော။ ။ထိုသို့ရှုခြင်းငှါ မသင့်ပါ။

**မေး-ဖြေ။** ။ယင်းသို့ ကိုယ်ပိုင်မဟုတ်သော မမြဲသော ဆင်းရဲသော အစိုးမရသော အနိစ္စ ဒုက္ခ အနတ္တတရားကို ထပ်ကာ ထပ်ကာ အလိုရှိသင့်သေးသလော။ ။အလိုမရှိသင့်တော့ပါ၊ လိုချင်မှုကို ပယ်ခြင်းငှါသာ သင့်ပါတော့သည်။ ထို့ပြင်—

"သောတာကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ ၄-လီ သောတဘို့" အရ နားလည်း မပင်းမှ အပေါက်ဟင်းလင်းလည်း ရှိဦးမှ သဒ္ဒါရုံလည်း ထင်ဦးမှ နှလုံးသွင်းလည်း ရှိဦးမှ အသံကိုသိသောစိတ် ဖြစ်နိုင်၏၊ ထို့ကြောင့် အသံကို သိလိုတိုင်း သိခြင်းကို အစိုးမရပါ အနတ္တသာ မှန်ပါသည်။

ကျန်သော ဃာန ဇိဝှါ ကာယ မနတို့၌လည်း ၎င်းတို့အကြောင်းစုံမှသာ သိခြင်းဖြစ်နိုင်၏ဟူလို။ ယင်းသို့ ဖြစ်ခဲ့လျှင် မြင်သိခြင်း ကြားသိခြင်း အနံ့သိခြင်း အရသာသိခြင်း အတွေ့အထိသိခြင်း အကြံသိခြင်းတို့ကား အစိုးမရ အနတ္တဖြစ်သောကြောင့် လိုချင်မှုကို ပယ်အပ်၏ ဟူလို။

**တနည်း**—ပုဂ္ဂိုလ် သတ္တဝါသဘော မရှိ၊ ဒွတ္တိံသာကာရစသော နာမ် ရုပ် အပေါင်းအစုမျှသာ ရှိပုံကို မိတ်ဆွေ ၂-ဦးတို့ အမေးအဖြေဖြင့် ပြဦးအံ့—

မိတ်ဆွေ သင်သည် လူကို ပြနိုင်ပါမည်လောဟု မေးသောအခါ ကျွန်တော် လူပါပဲဟု ပြော၏၊ ထိုအခါ သေသေချာချာ မေးစမ်းပါရစေဟု ဆို၏၊ ထိုအခါ အလိုရှိရာ မေးပါဟု ဆို၏၊ ထိုအခါ မိတ်ဆွေ ခေါင်းပေါ်မှာ ဘာတွေရှိသလဲဟု မေးသောအခါ ၂-ကုဋေ ငါးသန်းသော ဆံပင်တို့ကို ပြ၏၊ ကာယမှာ ဘာတွေလဲ မေးသောအခါ ၉-သိန်း ၆-သောင်းသော အမွေးတို့ကို ပြ၏၊ လက်ဖျား ခြေဖျားမှာ ဘာတွေလဲ မေးသောအခါ ခြေသည်းလက်သည်းနှစ်ဆယ်ကို ပြ၏၊ ပါးစပ်ထဲမှာ ဘာတွေလဲ မေးသောအခါ ၃၂-ချောင်းသော သွားတို့ကို ပြ၏၊ ဤသို့ စသည်ဖြင့် ပြသောအခါ အသင်က ကျွန်တော် လူပါပဲဟု ဆို၏၊ ပြသောအခါ လူကိုမပြနိုင် ပထဝီ ၂၀၊ အာပေါ ၁၂၊ ဒွတ္တိံသာကာရကောတ်ကိုသာ ပြ၏၊ ယင်းသို့ ဖြစ်ရကား လူဟူသည် ဝေါဟာရ ပညတ်မျှသာတည်း၊ တကယ်

ရှိမူကား နာမ်ရုပ်မျှသာရှိ၏ဟု ပြောသောအခါ ဤသို့သော သဒ္ဓမ္မသဝနကို မကြား မနာရဘူးသဖြင့် အမှန်မသိမှုကြောင့် ကျွန်တော်ဟာ လူပါဟု ပြောမိပါသည်၊ ယနေ့ကစ၍ ပုဂ္ဂိုလ် သတ္တဝါ လူစသည် မရှိ၊ နာမ်ရုပ်မျှသာဟု ရှု၍ အတ္တ-ဒိဋ္ဌိကို ပယ်ပါတော့မည်ဟု ဝန်ခံလေတော့၏ ဟူလို။ ။မာတိကာ ပြီးပြီ။

## မိစ္ဆာဒိဋ္ဌိ ရှေးဦးပယ်

မိစ္ဆာဒိဋ္ဌိ ဒသမိပ္ပါယ်ကို အမေးအဖြေနှင့်တကွ ပြဦးအံ့—

မေး။ ။မိစ္ဆာဒိဋ္ဌိ ဟူသည် အဘယ်သို့ပါနည်း။

ဖြေ။ ။မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ။

မိစ္ဆာ၊ အမှားမှား အယွင်းယွင်း။ ပဿတိ၊ အနိစ္စကို နိစ္စ, ဒုက္ခကို သုခ, အနတ္တကို အတ္တ, အသုဘကို သုဘဟု ရှုတတ်၏။ တနည်း– မိစ္ဆာ၊ နာမ်ရုပ် အပေါင်းအစုမျှ ရှိသည်ကို ယထာဘူတ အားဖြင့် ဟုတ်မှန်သည်အတိုင်း မရှုပဲ သတ္တ အတ္တဟု။ ပဿတိ၊ အမှားမှား အယွင်းယွင်း ရှုတတ်၏။ ဣတိ တသ္မာ၊ထို့ကြောင့်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ မည်၏။

ဗြဟ္မဇာလသုတ်၌ အခြင်းအရာ အာကာရတို့သို့ လိုက်၍ ၆၂-ပါးသော ဒိဋ္ဌိတို့ကို ဟောတော်မူ၏။

ပရမတ္ထကို ဟောရာ၌မူကား ဒိဋ္ဌိစေတသိက် တခုတည်းပင်တည်း၊ ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော ပုဂ္ဂိုလ်တို့အား အထူးသတိ ပြုစေလိုသည်မှာ သောတာပတ္တိမဂ်ကို ပိတ်ပင်သော မှားသောမြင်ခြင်း အယူရှိခြင်း ကျင့်ခြင်းဟူသော ဒိဋ္ဌိကို ရှေးဦးစွာ ပယ်ရပေမည် အကယ်၍ ထို မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိဖြင့် ရှေးဦးစွာ မပယ်ပဲ ကျင့်ခဲ့သော် ကမ်းစပ်၌ ကြိုးဖြင့် ချည်ထားသော လှေကို ကြိုးမဖြုတ်ပဲ လှော်က တဘက်ကမ်းသို့ မရောက်နိုင်သကဲ့သို့ ထို့အတူ ဒိဋ္ဌိဟူသော သံယောဇဉ်ကြိုးကို သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်ဖြင့် ရှေးဦးစွာ မပယ်မဖြတ်လျှင် သောတာပတ္တိမဂ်သို့ ရောက်မည် မဟုတ်ပေ၊ ထို့ကြောင့် ထွက်ရပ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိကို ရှေးဦးစွာ ပယ်အပ်ပေသည် ဟူလို။

## ဒိဋ္ဌိအရာကျယ်ပုံ

ဒိဋ္ဌိ၏ အရာကျယ်ပုံကိုလည်း ပြဦးအံ့—

ထိုဒိဋ္ဌိသည် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် တခုတည်းပင်ဖြစ်၏၊ ထိုသို့ တခုတည်းပင် ဖြစ်သော်လည်း ကိစ္စအားဖြင့်ကား အာသဝကိစ္စ ဩဃကိစ္စ ယောဂကိစ္စ ဂန္ထကိစ္စ ကိလေသကိစ္စ သံယောဇဉ်ကိစ္စ အနုသယကိစ္စ ဥပါဒါန်ကိစ္စအားဖြင့် ရှစ်ဌာန၌ ဒိဋ္ဌိ ပါဝင်လေတော့၏။

ဥပမာ–လောက၌ လူဆိုးအမျိုးမျိုးနှင့် ပေါင်းသင်းလေ့ရှိသော သူကဲ့သို့ ထိုအတူ အကုသိုလ်ဘက်၌ အကုန် ပေါင်းယှဉ်၏၊ ထို့ကြောင့် ထိုဒိဋ္ဌိကို ရှေးဦးစွာ မပယ်နိုင်လျှင် သံသရာဘေး အပါယ်ဘေးတို့မှ မလွတ်နိုင်၊ အကုသိုလ်ဘက်၌ ထိုဒိဋ္ဌိကို ပယ်သတ်ခဲ့လျှင် သံသရာစက် ပလည်နိုင်။ ဥပမာ–၃-ချောင်းထောက် ရေအိုးစင်၌ ခြေတချောင်းမရှိလျှင် ထောက်၍ မရသကဲ့သို့ ထိုအတူ ဒိဋ္ဌိမပါမရှိလျှင် အာသဝ ဩဃ ယောဂ ဂန္ထ ကိလေသာ သံယောဇဉ် ဥပါဒါန် အနုသယ ဟူသော ရှစ်ဌာန၌ ဖရိုဖရဲဖြစ်ရကား ဗိုလ်ကျဆုံးလျှင် တပ်ပျက်ရသကဲ့သို့ ထိုအတူ ဒိဋ္ဌိမရှိလျှင် ဇာတိမဖြစ်နိုင်၊ သံသရာစက် မလည်နိုင် ဟူလို။

## ဒိဋ္ဌိဖြစ်ပေါ်ခြင်း မူလအကြောင်း

ဗဟုသုတအလို့ငှါ ဒိဋ္ဌိဖြစ်ပေါ်ခြင်း အရင်းမူလကိုလည်း ပြဦးအံ့ —

ဗြဟ္မဇာလသုတ်၌ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို မြတ်စွာဘုရားဟောပါသည်၊ ထို ဒိဋ္ဌိဖြစ်ခြင်း၏ အရင်းမူလကား အဘယ်သို့ပါနည်းဟု စိတ္တသုကြွယ်က အရှင် ဣသိဒတ္တသို့ လျှောက်သည့်အခါ အတ္တဒိဋ္ဌိမူလကာ သဿတုစ္ဆေဒါဒယော ဟု ဖြေတော်မူ၏။

သဿတုစ္ဆေဒါဒယော၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ စသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်။ အတ္တဒိဋ္ဌိမူလကာ ခန္ဓာ ၅-ပါးကို ငါပိုင် ငါဟာ ငါ့ဥစ္စာဟု ယူသော အတ္တဒိဋ္ဌိလျှင် အကြောင်းရင်းရှိကုန်၏။ (အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ အတူတူဟု သိပါကုန်) ထို အတ္တဒိဋ္ဌိ ချုပ်ငြိမ်းခဲ့လျှင် ကံကိလေသာသည် ဇာတိ စသော ဒုက္ခကို မဖြစ်စေနိုင်ဟု အဋ္ဌကထာ ဆရာက ဖွင့်ပြ၏။ ပြပုံကား—

---

၁။ သဠာယတနသံယုတ်ပါဠိ၊ နှာ-၄၇၈၊ ဋ္ဌကာ။

ကိလေသာဘာဝေ ကမ္မံ အပစ္စယသန္တိကံ[၁]ဟု မိန့်ဆိုတော်မူ၏။ ကိလေသာ-ဘာဝေ-ကိလေသအဘာဝေ၊ ဒိဋ္ဌိကိလေသာ မရှိသည် ရှိသော်။ တနည်း၊ ဒိဋ္ဌိကိလေသာ ချုပ်ငြိမ်းခဲ့သည်ရှိသော်။ ကမ္မံ၊ ကံသည်။ အပစ္စယသန္တိကံ၊ နောင်တဖန် ပဋိသန္ဓေအကျိုးကို မဖြစ်စေနိုင်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်အထူးကား–ကမ္ဘာ သင်္ချေသင်္ချာက ပြုခဲ့သော ကံသည် အကျိုးပေးခွင့် မရသေးသဖြင့် ကျန်ရှိနေသော အပရာပရိယ ဝေဒနာ ကံတို့သည် ဒိဋ္ဌိရှိမှသာ ပဋိသန္ဓေအကျိုးကို ပေးနိုင်ကုန်၏၊ ဒိဋ္ဌိမရှိလျှင် အဟောသိကံဖြစ်ရတော့၏။ ဥပမာ–သောတာပန်တည်လျှင် ရှေးရှေး ကံဟောင်းတို့သည် အကျိုးပေးခွင့်မရပဲ အဟောသိကံ အဖြစ်သို့ ရောက်ကြလေတော့၏ ဟူလို။

ထို့ကြောင့် စာကြည့်သူတို့အား သတိပေးလိုသည်မှာ အခြား အထူးထူး အထွေထွေကို မလုပ်ပဲ ဓမ္မစကြာသစ္စာ ၄ ပါးကိုကျက်မှတ်၍ မသိသော အနက် အဓိပ္ပါယ်များကို သိသောပညာရှိထံ မေးမြန်း၍ အဖန်ဖန်ဆင်ခြင်ပါ၊ထိုသို့သဲသဲ မဲမဲ စွဲစွဲမြဲမြဲနှင့် အားထုတ်ပါလျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်သည်ဖြစ်၍ သစ္စာ ၄-ပါး၌ ယုံမှား ကင်းသည်ဖြစ်၍ သောတာပတ္တိမဂ်ကို ရနိုင်ပါသည်၊ ထိုပဌမ မဂ်ကို ရရှိကလည်း အပါယ်ဘေး အမြဲလွတ်၍ ခုနစ်ဘဝအတွင်း အထက်မဂ်များကို ရခြင်းကိစ္စ ပြီးနိုင်ပါသည်၊ ထို သောတာပတ္တိမဂ် ရမှသာလျှင် ရှေးရှေးက ပြုခဲ့သော မကောင်းမှုတို့၏ အကျိုးပေးခွင့်ကို တားမြစ်နိုင်ပါမည်၊ ထို့ကြောင့် ထို ပဌမမဂ် ရရန်ကိုသာ အထူးအားထုတ်ကြပါ ဟူလို။

## ဒိဋ္ဌိပယ်နည်း အမေး အဖြေ

မေး။ ။ဒိဋ္ဌိကို ပယ်လိုပါသည်၊ အဘယ်သို့ ပယ်ရပါမည်နည်း။

ဖြေ။ ။ရုပ် နာမ် ခန္ဓာ တို့၌ ကပ်လျက် ပါရှိနေသော သာမညလက္ခဏာ ဟူသော မမြဲပုံ ဆင်းရဲပုံ အစိုးမရ အလိုသို့ မလိုက်ပုံ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာများကို ဉာဏ်တွေ့ ကိုယ်တွေ့ဖြစ်အောင် ရှုပါ။

မေး။ ။လက္ခဏာ ထင်မြင်လွယ်အောင် အဘယ်ဌာန၌ ရှုရပါမည်နည်း။

---

၁။ သီလက္ခန်အဋ္ဌကထာ၊ နှာ-၂၀၁။ (ဓိဏာ ဇာဘိအဖွင့်)

ဖြေ။ ။မိမိတို့သန္တာန်၌ရှိသော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ စသော ဒွတ္တိံသာကာရ၌ အိုနာ သေမှု ဖောက်ပြန်မှုတို့ကို ရှုပါ၊ ထိုသို့ရှုလျှင် ခေါင်းခဲ ဝမ်းနာ ဖျားနာမှု စသော ဒုက္ခဝေဒနာ၊ သွားကျိုး ဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်း ကုန်းကွ ထကြွ ယိမ်းယိုင် မခိုင်မခံ့ ဇရာစသော ဒုက္ခတို့ကို မိမိ၌ရင်း သူတပါး၌ရင်း ဒိဋ္ဌ တွေ့မြင်လေတော့၏၊ ဤသို့ ဖြစ်ရခြင်းကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဆင်ခြင်သောအခါ မမြဲသောကြောင့်ဟု အနိစ္စ လက္ခဏာကို တွေ့လေတော့၏။

ထို့ပြင် အိုမင်း ရင့်ရော်မှုတို့ကို အလိုမရှိပဲ လှပနုပျို နဂိုမူလ ရုပ်ရှုပနှင့် သုခဝေဒနာ အဖြာဖြာတို့ကို ဘယ်အခါမှမပျက်စေပဲ မြဲစေလိုသော ဆန္ဒရှိကြ၏၊ ထိုသို့ပင် ရှိကြသော်လည်း တောင့်တ၍မရသော အစိုးမရ အလိုသို့မလိုက်သော အနတ္တလက္ခဏာကိုလည်း ဒိဋ္ဌ တွေ့မြင်ရလေတော့၏။

ဤသည်လျှင် ဒွတ္တိံသာကာရစသော ရုပ်နာမ် ခန္ဓာတို့၌ အတ္တ သတ္တ သဘောမရှိ၊ အနတ္တ သာတည်းဟု ဆုံးဖြတ်နိုင်ရကား ဒိဋ္ဌိ ကိလေသာ ချုပ်ရတော့၏။

မေး။ ။သင်သည် မိမိခန္ဓာကိုယ်ကို ဘယ်လိုများ နှလုံးသွင်းထားပါသလဲ။

ဖြေ။ ။ရှေးအခါက ကိုယ့်မှာရှိသော ဆံပင်, မွေးညှင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ်နှင့် စိတ်တို့ကို မည်သူမျှ မပိုင်သင့်၊ မိမိကိုယ်မှာရှိသောကြောင့် မိမိသာလျှင် ပိုင်၏၊ အစိုးရ၏ဟု ထင်မှားမိ၏၊ ယခု ပရမတ္ထ သဒ္ဓမ္မတရား ကြားနာရမှုပဲ ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တသာတည်းဟု ယုံမှားကင်းလေတော့၏။ ဥပမာ-မှောင်ထဲမှာ မီးထွန်းလိုက်သကဲ့သို့ ဖုံးထားသောဝတ္ထုကို ဖွင့်ပြသကဲ့သို့ အတ္တဘွဲ့လည်း လွတ်မြောက် ဝိစိကိစ္ဆာလည်း ချုပ်ပျောက် မဂ်ဖိုလ်သို့လည်း ရောက်နိုင်မှုကား အလွန်ဝမ်းမြောက်ပါ၏ ဟုလို။

## အနတ္တအင်္ဂါ ၄-ပါး

ထိုပြင် အတ္တဒိဋ္ဌိပယ်မှု၌ ဒဋ္ဌီကမ္မဖြစ်စေခြင်းငှါ အနတ္တလက္ခဏသုတ် အရ အနတ္တကိုယ်တွေ့ ဖြစ်ကြစေခြင်းငှါ အနတ္တလက္ခဏာအင်္ဂါ ၄-ပါးနှင့်တကွ ဝိသုဒ္ဓိမဂ်၌ ပြထားသည်ကို ပြဦးအံ့—

ယသ္မာ စ ဥပ္ပန္နာ သင်္ခါရာ ဌိတိံ မာ ပါပုဏန္တု၊ ဌာနပတ္တာ မာ ဇီရန္တု၊ ဇရပတ္တာ မာ ဘိဇ္ဇန္တုုတိ ဣမေသု တီသု ဌာနေသု ကဿစိ ဝသဝတ္တိဘာဝေါ နတ္ထိ၊ တေန ဝသဝတ္တနာကာရေန သုညာ၊ တသ္မာ သုညတော စ အသာမိကတော စ အသာရကတော စ အတ္တပဋိက္ခေပတော စ အနတ္တာ[၁]။

ဤ၌ ပါဠိဘာသာကို ရိုသေသောအားဖြင့် ထည့်ထားပါသည်၊ ပါဠိကို မဘတ်ပဲ အနက်ကို ဘတ်နိုင်ပါ၏ ဟူလို။

**အနက်။** ။ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ် နာမ် ခန္ဓာ သင်္ခါရတရားတို့သည်။ ဌိတိံ၊ ဌီခဏသို့။ မာ ပါပုဏန္တု၊ မရောက်ကြပါစေကုန်သတည်း။ ဌာနပတ္တာ၊ ဌီသို့ရောက်ကုန်ပြီးသော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ မာ ဇီရန္တု၊ မဆွေးမမြည့်ကြပါစေကုန်သတည်း။ ဝါ၊ အိုခြင်း နာခြင်း သွားကျိုး ဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်း ကုန်းကွခြင်းသို့ မရောက်ကြပါစေကုန်သတည်း။ ဇရပတ္တာ၊ အိုမင်း ရင့်ရော်ခြင်းသို့ ရောက်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ မာ ဘိဇ္ဇန္တု၊ ဘင်ခဏဖြင့် မပျက်မစီးပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ ဣမေသု တီသု ဌာနေသု၊ ဤဥပါဒ်, ဌီ, ဘင်=ဇာတိ, ဇရာ, မရဏ သုံးပါးတို့၌။ ကဿစိ၊ တစုံတယောက်သောသူ၏။ ဝသဝတ္တိဘာဝေါ၊ အလိုသို့ လိုက်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ တေန ဝသဝတ္တနာကာရေန၊ ထိုသို့ အလိုသို့ လိုက်ခြင်းမှ။ သုညာ၊ ဆိတ်သည်သာတည်း။

တသ္မာ သုညတော စ၊ ထိုသို့ အလိုသို့ လိုက်ခြင်းမှ ဆိတ်သောကြောင့်၎င်း။ အသာမိကတော စ၊ မအို မနာ မသေစေရန် စောင့်ရှောက်နိုင်သူ အရှင်မရှိသောကြောင့်၎င်း။ အသာရကတော စ၊ နိစ္စ သုခ အတ္တ ဟူသော အနှစ်အသား မရှိသောကြောင့်၎င်း။ အတ္တပဋိက္ခေပတော စ၊ အတ္တ၏ ဆန့်ကျင်ဘက်

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၂၅၃-၄။ သမ္မောဟဝိနောဒနီ ဋ္ဌ၊ နှာ-၄၅။

ဖြစ်သောကြောင့်၎င်း။ ဝါ၊ ပုထုဇဉ်တို့၏ မိမိတို့ကိုယ်ကို မိမိတို့က အစိုးရသော အတ္တဟု စွဲယူမှုနှင့် ဆန့်ကျင်သောကြောင့်၎င်း။ အနတ္တာ၊ အနတ္တ မည်ကုန်၏။ ဝါ၊ အစိုးမရ အလိုသို့ မလိုက်သော ရုပ် နာမ် ခန္ဓာတို့ မည်ကုန်၏။

ဤသည်လျှင် ခန္ဓာ၌ အတ္တ သတ္တသဘောမရှိ၊ အနတ္တသာလျှင် မှန်၏ဟု မြင်သိရကား ဝါ-ဆုံးဖြတ်နိုင်ရကား ဒိဋ္ဌိကိလေသာ ချုပ်ရလေတော့၏။

ထို့ပြင် အတ္တဒိဋ္ဌိ ကာရကဒိဋ္ဌိ ဝေဒကဒိဋ္ဌိ များကို ချုပ်စေရန် ကိစ္စကြီးငယ်ကို ပြုလုပ်သော လက်သည်ကို ပြဦးအံ့—

**အတ္တဒိဋ္ဌိ** ဟူသည်ကား—အလိုသို့ လိုက်ပါသည်ဟု ထင်မှတ် စွဲလမ်းသော အယူတည်း၊ အတွင်းအကျဆုံး အနေဖြင့် စွဲလမ်းမှုကြီးသည် အတ္တဒိဋ္ဌိပင်တည်း။

ပုထုဇဉ်တို့သည် ကိစ္စ ကြီး ငယ်တို့ကို ပြုလုပ်ရာ၌ ငါသည် ကိစ္စ ကြီး ငယ်ကို ပြုလုပ်နိုင်၏၊ ထို့ကြောင့် ငါသည် ကိစ္စကြီးငယ် ပြုလုပ်ခြင်းကို အစိုးရသော **ကာရက** ပုဂ္ဂိုလ်တည်း၊ သုခ ဒုက္ခ စသော ဝေဒနာ ခံစားမှု၌လည်း အစိုးရ၏၊ ထို့ကြောင့် ငါသည် **ဝေဒက** ပုဂ္ဂိုလ်တည်း၊ ဤသို့လျှင် အတ္တဒိဋ္ဌိ ကာရကဒိဋ္ဌိ ဝေဒကဒိဋ္ဌိ တို့ဖြင့် ယူမှား, သိမှား, မှတ်မှား, ကျင့်မှား ဒိဋ္ဌိ ဖြစ်ကြကုန်၏၊ ထို့ကြောင့် ထို ဒိဋ္ဌိတို့ကို ပယ်ဖျောက်ရာ၌ ကိစ္စကြီးငယ်ကို ပြုလုပ်သော ပရမတ္ထ လက်သည်ကို သိသင့်ကြပေသည်။

## ပရမတ္ထလက်သည်

ထို့ကြောင့် ထို လက်သည်ကို ပြဦးအံ့—

မေး။ ။ကိစ္စကြီးငယ်ကို ပြုလုပ်သော လက်သည်ကို သိလိုပါသည်၊ အဘယ်သို့ သိရပါမည်နည်း။

ဖြေ။ ။ဒွတ္တိံသာကာရ၌ ခက်မာခြင်း လက္ခဏာရှိသော ပထဝီဓာတ်—၂၀၊ ဖွဲ့စေးခြင်း လက္ခဏာရှိသော အာပေါဓာတ်—၁၂၊ ပူအေးခြင်း လက္ခဏာရှိသော တေဇောဓာတ်—၄၊ ထောက်ကန် လှုပ်ရှားခြင်း လက္ခဏာရှိသော ဝါယောဓာတ် ၆-ပါးတို့ကား သိတတ်သော သဘောမရှိသော အစေတနာ အဗျာကတ ရုပ်များတည်းဟု ရှုပါ။

စေတသိက် ၅၂-တို့၏ ရှေ့ဆောင် ရှေ့သွားဖြစ်သော အာရုံကို ယူတတ် သိတတ်သော စိတ်နှင့် စေတသိက်များကို နာမ်ဟု ရှုပါ၊ ဥပမာ-အကြင် အခါ၌ သွားလာလုပ်ကိုင်လိုသော စိတ်အကြံ ဖြစ်၏၊ ထိုစိတ်သည် စိတ္တဇ ဝါယောဓာတ်ကို ပွါးစေလျက် ဒွတ္တိံသာကာရကို အလိုရှိရာ သွားလာစေ၏၊ အလိုရှိရာ ဌာနသို့ ရောက်သည့်အခါ ရပ်စေ၏၊ ထိုင်စေ၏၊ စကားပြောစေ၏၊ ဤသို့အားဖြင့် ကိစ္စကြီးငယ်ကို ပြီးစေ၏။

ဥပမာ – သံဃာတော်များ၏ အထံသို့ ဆည်းကပ်ရန် သွားလိုသော အခါ—

သံဃဂုဏံ အာရဗ္ဘ သဒ္ဓါစိတ္တံ ဥပ္ပဇ္ဇတိ။
သဒ္ဓါစိတ္တံ အာရဗ္ဘ ဂမနစိတ္တံ ဥပ္ပဇ္ဇတိ။
ဂမနစိတ္တံ အာရဗ္ဘ စိတ္တဇဝါယော ဥပ္ပဇ္ဇတိ။
တတော ဂစ္ဆတိ၊ တတော သံဃဝိဟာရံ အာဂစ္ဆတိ။
တတော တိဋ္ဌတိ၊ တတော နိသီဒတိ။
တတော ကာယဒွါရေန ကာယကမ္မံ ကရောတိ။
တတော ဝစီဒွါရေန 'ယာပနီယံ ဘန္တေ ခမနီယံ ဘန္တေတိ' ဝစီကမ္မံ ကရောတိ။ ဣတိ ပရမတ္ထကာရကော ပညာယတိ။

သံဃဂုဏံ သံဃာ့ဂုဏ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဝါ၊ အာရုံပြု၍။ သဒ္ဓါစိတ္တံ၊ ကြည်ညိုသော မဟာကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဒ္ဓါစိတ္တံ၊ ကြည်ညိုသောစိတ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဂမနစိတ္တံ၊ သွားရောက်ဖူးမြင်လိုသောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဂမနစိတ္တံ၊ သွားလိုသောစိတ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ စိတ္တဇဝါယော၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တတော၊ ထိုနောက်မှ။ ဂစ္ဆတိ၊ သံဃာရှိရာ ကျောင်းသို့ ရှေးရှု ခြေလှမ်းများစွာ လှမ်းသွား၏။ တတော၊ ထိုနောက်မှ၊ သံဃဝိဟာရံ၊ သံဃာရှိရာ ကျောင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ တတော၊ ထိုနောက်မှ။ ကာယော၊ ရုပ်ကာယသည်။တိဋ္ဌတိ၊ ရပ်၏။တတော၊ ထိုနောက်မှ။

နိသီဒတိ၊ ထိုင်၏၊ တတော၊ ထိုနောက်မှ။ ကာယဒ္ဒါရေန၊ ကာယဒ္ဒါရဖြင့်။ ကာယကမ္မံ၊ ဦးချခြင်း ရှိခိုးခြင်း ကာယကံကို။ ကရောတိ၊ ပြု၏။ တတော၊ ထိုနောက်မှ။ ဘန္တေ၊ အရှင်ဘုရား။ ယာပနီယံ၊ ကိုယ်၏ မျှတခြင်းနှင့် ပြည့်စုံပါ၏လော။ ခမနီယံ၊ ခံ့ကျန်းခြင်းနှင့်ပြည့်စုံပါ၏လော။ ဣတိ၊ ဤသို့။ ဝစီဒွါရေန၊ နှုတ်ဖြင့်။ ဝစီကမ္မံ၊ သဒ္ဓါ မေတ္တာ ရှေးရှုသော ဝစီကံကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ ကာရကော၊ ကိစ္စကြီးငယ်ကို ပြုလုပ်သော စိတ်,ဝါယော,ဒ္ဓတ္တိ သာကာရ ပရမတ္ထ လက်သည်အစစ်သည်။ ပညာယတိ၊ ထင်၏။

ထိုပြင် ကိစ္စကြီးငယ်ကို ပြုလုပ်ပြီးစီးရာ၌ ဥပမာတနည်း ပြဦးအံ့–ဒ္ဓတ္တိ-သာကာရသည် လှည်းနှင့်တူ၏၊ နွားသည် ဝါယောဓာတ်နှင့် တူ၏၊ စိတ်သည် လှည်းသမားနှင့်တူ၏။ ၎င်းတို့ ပေါင်းဆုံကျေးဇူးပြုကြလျှင် ကုန်စည် ဝန်ထုပ်နှင့် တကွ လိုရာဌာနသို့ ရောက်လေတော့၏။

ထိုအတူ အဇ္ဈတ္တသန္တာန်၌ သိတတ်သော သဘောမရှိသော ဒ္ဓတ္တိ သာကာရ နှင့် ဝါယောဓာတ်, သိတတ်သောစိတ် ဤတရား ၃-ခု ပေါင်းဆုံ၍ ကျေးဇူးပြုကြလျှင် ဝီရိယ အားလျော်စွာ လိုရာကိစ္စ ပြီး၏၊ ဤ၌လည်း ကိစ္စကြီးငယ်ကို ပြုလုပ်သော ကာရကပုဂ္ဂိုလ်မရှိ၊ နာမ်ရုပ်တို့ အကြောင်းညီညွတ်၍ ကိစ္စကြီးငယ် ပြီးစီးမှုမျှသာ ရှိ၏ဟူလို။

သတိပဋ္ဌာန်အနေအားဖြင့် သွားလာလုပ်ကိုင်ရင်းပင် သက္ကာယဒိဋ္ဌိလိုသော် ကိစ္စကြီးငယ်တို့ကို နာမ်ကခိုင်း၍ ရုပ်က လုပ်ရ၏။ ထို့ကြောင့်—-

ခိုင်းတတ် လုပ်တတ်၊ ဤနှစ်ရပ်၊ မှတ်ကြ နာမ်နှင့်ရုပ်။

သွားတတ် လာတတ်၊ ပြောတတ် ဆိုတတ်၊ စားတတ် သောက်တတ်၊ အရပ်ရပ်၊ မှတ်ကြ နာမ်နှင့်ရုပ်။

ဤသို့ သတိရှိခဲ့သော် ငါသည် ကိစ္စကြီးငယ်ကို လုပ်၏ဟူသော ကာရကဒိဋ္ဌိ ချုပ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ထိုဝေဒနာကို ခံစားတတ်သော ပုဂ္ဂိုလ်မရှိ၊ တဏှာမှတပါး သာယာခင်တွယ်တတ်သော ပုဂ္ဂိုလ်မရှိ၊ ဝါ-အတ္တ သတ္တသဘော မရှိ။

ဤသို့ ပရမတ္ထအားဖြင့် ကိစ္စကြီးငယ်ကို ပြုလုပ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ နာမ်နှင့် ရုပ်တို့သာ အကြောင်းအားလျော်စွာ ပြုလုပ်၏။ ဤသို့ရှု၍ ကာရကဒိဋ္ဌိ ဝေဒကဒိဋ္ဌိတို့ကို ခွါအပ်၏ဟူလို။

**သင်္ခါရ ၄-မျိုး။** ။ဤသို့ ကိစ္စကြီးငယ် ပြုလုပ်ရခြင်းသည်လည်း သင်္ခါရ တရားပင်တည်း၊ ယင်းသို့ဖြစ်ရကား သင်္ခါရ ၄-မျိုးရှိပုံ အစိပ္ပါယ်ကို ခွဲခြား၍ သိသင့်၏[၁]၊ ထို့ကြောင့် ပြဦးအံ့—

ပဋိစ္စသမုပ္ပါဒ်အဖွင့်၌ သင်္ခတသင်္ခါရ အဘိသင်္ခတသင်္ခါရ အဘိသင်္ခရဏက သင်္ခါရ ပယောဂါဘိသင်္ခါရ ဟူ၍ သင်္ခါရ ၄-မျိုးရှိ၏။

ထို ၄-မျိုးတို့တွင် သက်ရှိသက်မဲ့ သဝိညာဏက အဝိညာဏက တော တောင် ရေ မြေ အားလုံးတို့သည် ဥပါဒ် ဋ္ဌီ ဘင်ဖြင့် ဖြစ်တတ် ပျက်တတ်သော သဘော ကြောင့် **သင်္ခတ သင်္ခါရ** မည်၏။

ခန္ဓာ ၅-ပါးသည် ကံပြုပြင်မှုဖြင့် ဖြစ်သောကြောင့် **အဘိသင်္ခတ သင်္ခါရ** မည်၏။

ထိုခန္ဓာကို အမှီပြု၍ ပစ္စုပ္ပန်၌ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခြင်းသည် **အဘိသင်္ခရဏက သင်္ခါရ**မည်၏။

ဒုစရိုက်ဆယ်ပါးဟူသောကံမျိုးလည်းမဟုတ် သုစရိုက်ဆယ်ပါး ပုညကိရိယာ ဆယ်ပါးဟူသော ကံမျိုးလည်းမဟုတ်သော တရားသဖြင့် စားရေး သောက်ရေး နေရေးထိုင်ရေး ပစ္စည်းရှာမှီးရေးစသည်တို့ကိုပြုလုပ်မှုသည် **ပယောဂါဘိသင်္ခါရ** မည်၏။ တရားကိုယ်မှာ ဝီရိယ စေတသိက်ပင်တည်း။

ဤ၌ ဒွတ္တိံသာကာရ ဝါယောဓာတ်နှင့် စိတ်တို့ဖြင့် ပြုလုပ်ခြင်းသည် **ပယော ဂါဘိသင်္ခါရ**မည်၏ ဟူလို။

**သင်္ခါရ။** ။သင်္ခါရဟူသည်ကား စေတနာ စေတသိက်ပင်တည်း၊ ထိုစေတနာ စေတသိက်သည် စိတ် ဖြစ်တိုင်းဖြစ်တိုင်း ပါ၏၊ ထိုစေတနာသည် သဟဇာတကမ္မ စေတနာမျှသာ ဖြစ်ရကား ခန္ဓာဇာတိကို မဖြစ်စေနိုင်၊ ဒုစရိုက် သုစရိုက်တို့၌ ကမ္မပထမြောက်သော နာနာက္ခဏိကကမ္မ စေတနာကသာလျှင် ဇာတိပဋိသန္ဓေအကျိုးကို ပေးနိုင်၏၊ ဤသို့ သဟဇာတကမ္မစေတနာ နာနာက္ခ- ဏိကကမ္မ စေတနာကိုလည်း ခွဲခြား၍ မှတ်အပ်၏ ဟူလို။

သင်္ခါရ ၄-မျိုး အစိပ္ပါယ်ပြပုံ ပြီးပြီ။

---

၁။ သမ္မောအဋ္ဌကထာ၊ နှာ-၁၂၇-ဂ။ ဝိသုဒ္ဓိမဂ် ၃ု တွဲ၊ နှာ-၁၅ဂ။

## မဂ်သို့ လျင်စွာရောက်ခြင်းငှါ သင့်လျော်သော ကမ္မဋ္ဌာန်းရွေးချယ်ပုံ

**မေး။** ။မဂ်သို့ လျင်စွာ ရောက်ခြင်းငှါ အဘယ် ကမ္မဋ္ဌာန်းနှင့် သင့်လျော်ပါသနည်း။

**ဖြေ။** ။'အလျင်လို လမ်းအိုလိုက်'ဆိုဘိသကဲ့သို့ မဂ်သို့တက်ရာ၌ သင့်လျော်သော ကမ္မဋ္ဌာန်းကို စိစစ်သောအခါ **သတိပဋ္ဌာန်တွင် ပါဝင်သော ဒွတ္တိံသာကာရ**ကို တွေ့ရ၏၊ ရှေးပညာရှိကြီး အများလည်း ထိုကမ္မဋ္ဌာန်းကို အားထုတ်ကြသောကြောင့် မဂ်သို့ ဆိုက်ရောက်ဘူးကြလေ့လေပြီ။ ထို့ကြောင့် ထင်ရှားစိမ့်သောငှါ ဝင်္ဂီသပုဏ္ဏားကြီး၏ ဝတ္ထု[၁]ကို အမြွက်မျှ ပြဦးအံ့–

သေသောသူ၏ အရိုးကို မန္တန်စိပ်၍ခေါ်သော် အရိုးရှင်လာ၍ မေးသမျှကို ပြောစေနိုင်သော လောကီပညာရှိ ဝင်္ဂီသပုဏ္ဏားကြီးအား မြတ်စွာဘုရားက ရဟန္တာ၏ အရိုးကို ပေး၍ ယခင်နည်းအတိုင်း မန္တန်စိပ်၍ ခေါ်သော် အရိုးရှင် မလာသဖြင့် ဤအရိုးရှင်ကို လာစေနိုင်သော နည်းများရှိပါသလောဟု မြတ်စွာဘုရားအား လျှောက်သည့်အခါ မန္တန်ရှိကြောင်းပြော၏၊ ဤမန္တန်ကိုသင်ပေးပါမည့် အကြောင်းကို လျှောက်ထားရာ ရဟန်းပြုမှ ဤမန္တန်ကို သင်ပေးမည်၊ သင်ရဟန်းပြုနိုင်မူ သင်ပေးအံ့ဟု မိန့်တော်မူသည့်အတိုင်း ရဟန်းပြု၏။

ထို့နောက် မန္တန်ကို မသင်မီ မန္တန်၏ ပရိကံ အဖြစ်ဖြင့် ဒွတ္တိံသာကာရကို သင်ပေး၏၊ သင်ပေးသည့်အတိုင်း ပွါးများရကား မကြာမီပင်လျှင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ အချို့သော ရဟန်းများက ငါ့ရှင် မန္တန်သင်ရပါပြီလောဟု မေးသောအခါ မန္တန်သင်ရန် မလိုတော့ပါဟု ပြော၏၊ ဤအခါ ရဟန်းများက မြတ်စွာဘုရားသို့ လျှောက်ကြ၏၊ မြတ်စွာဘုရားကထိုပုဂ္ဂိုလ် အာသဝေါကုန်ပြီဟု အမိန့်ရှိတော်မူ၏။

အထူးမှတ်သားစေလိုသည်မှာ ဤ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ပရိကံပြုကာမျှဖြင့်သော်လည်း မဂ်ဖိုလ်သို့ ရောက်နိုင် ရနိုင်၏ ဟု သိတော်မူကြစေလိုရင်းပင်တည်း။

---

၁။ ဓမ္မပဒ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၄၅၁-၂။

ထို့ပြင် သာဝတ္ထိပြည် မဟာဝုန်တော၌ သီတင်းသုံးသော အရှင်သောဏ မထေရ်သည် မိမိ၏ တပည့် ၁၅၀၀-တို့အား ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်စေရာ ၅၀၀-သော ရဟန်းတို့အား အသုဘနှင့် အနိစ္စကို အားထုတ်စေ၏၊ ထို့ပြင် ၅၀၀-ကို ဝိပရိဏာမနှင့် ဒုက္ခတရားကို အားထုတ်စေ၏၊ ထို့ပြင် ၅၀၀-ကို အသာရနှင့် အနတ္တကို အားထုတ်စေ၍ မဂ်တရား ဖိုလ်တရား များကို ရစေ၏။

**ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း။** ။ထို့ကြောင့် မဂ်သို့တက်ရန် ထင်မြင်လွယ်သော ကမ္မဋ္ဌာန်းကို စိစစ်သော် ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို တွေ့ရ၏၊ ထို့ကြောင့် ထိုကမ္မဋ္ဌာန်းဖြင့်ပင်လျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်အောင် ကျင့်နည်းကို ပြပေတော့အံ့—

### ပထဝီဓာတ်-၂၀

ကူမသိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ[၁]။

မြန်မာလိုကား–ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ၊ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှိ၊ နှလုံး အသဲ အမြှေး အဖျဉ်း အဆုတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်။ ။ခက်မာခြင်း လက္ခဏာရှိသော ပထဝီဓာတ်-၂၀။

### အာပေါဓာတ်-၁၂

ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ[၁]။

မြန်မာလိုကား–သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်။ ။ဖွဲ့စေးခြင်း လက္ခဏာရှိသော အာပေါဓာတ်-၁၂။

---

၁။ ဥပရိပဏ္ဏာသပါဠိ၊ နှာ-၁၃၂။

ဤသို့ ခက်မာခြင်းလက္ခဏာရှိသော ပထဝီဓာတ်-၂၀၊ ဖွဲ့စေးခြင်းလက္ခဏာရှိသော အာပေါဓာတ်-၁၂၊ ပေါင်း ၃၂-ကို ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းဟု ဟော၏၊ ၎င်းကမ္မဋ္ဌာန်းသည် ဝိပဿနာရှုမှု၌ အနိစ္စ ဒုက္ခ အနတ္တ အသုဘ လက္ခဏာများ ထင်မြင်လွယ်၏၊ ထို့ကြောင့် ပွါးများသော ပုဂ္ဂိုလ်တို့၏စိတ်၌ များစွာထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို ဖြစ်စေတတ်၏၊ ထို့ကြောင့် အထူး ပွါးများကြပါကုန်။

ထိုပြင် ဒွတ္တိံသာကာရ၌ သတ္တ ဇီဝသဘော မရှိခြင်းကြောင့် ယုံမှားကင်းစေရန် ထိုကမ္မဋ္ဌာန်းကိုပင် အကျယ်ချဲ့၍ ရှုပုံကို ဝိသုဒ္ဓိမဂ်အရ[၁] ပြဦးအံ့။

**ပထဝီဓာတ် ၂၀-ကို ပွါးများပုံ**

၁။ ကေသာ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီဓာတု။

၂။ လောမာ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၃။ နခါ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၄။ ဒန္တာ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၅။ တစော နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၆။ မံသံ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၇။ နှာရု နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၈။ အဋ္ဌိ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၉။ အဋ္ဌိမိဉ္ဇ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၀။ ဝက္ကံ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၁။ ဟဒယံ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၂။ ယကနံ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၃။ ကိလောမကံ နာမ ဣမသ္မိံ သရီရေ ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

---

၁။ ဝိသုဒ္ဓိမဂ် ပ တွဲ၊ နှာ-၃၄၈-၃၅၈။

၁၄။ ပိဟကံ နာမ ဣမသ္မိံ သရီရေ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၅။ ပပ္ဖါသံ နာမ ဣမသ္မိံ သရီရေ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၆။ အန္တံ နာမ ဣမသ္မိံ သရီရေ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၇။ အန္တဂုဏံ နာမ ဣမသ္မိံ သရီရေ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၈။ ဥဒရိယံ နာမ ဣမသ္မိံ သရီရေ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၁၉။ ကရီသံ နာမ ဣမသ္မိံ သရီရေ။ပ။ ထဒ္ဓေါ ပထဝီဓာတု။

၂၀။ မတ္ထလုင်္ဂံ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီဓာတု။

အနက်ကား–ဣမသ္မိံ သရီရေ၊ဤကိုယ်၌။ကေသာ နာမ၊ဆံပင်တို့မည်သည် ကား။ ပါဋိယေက္ကော၊အသီးအခြားဖြစ်သော။ ကောဋ္ဌာသော၊ အစုသာတည်း။ အယံ၊ ဤဆံပင်ဟူသော နှစ်ကုဋေ ငါးသန်းသောအစုသည်။ အစေတနော၊ သိတတ် မှတ်တတ် စေ့ဆော်တတ်သော သဘောမရှိ။ အဗျာကတော၊ ရုပ် အဗျာကတသာတည်း။ သုညော၊ မအို မနာ မသေရန် အစိုးရခြင်း အလိုသို့ လိုက်ခြင်းမှ ဆိတ်၏။ ဝါ၊ အတ္တသဘောမရှိ။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသက်မဟုတ်။ ထဒ္ဓေါ၊ ထဒ္ဓလက္ခဏာရှိသော။ ဝါ၊ နူးညံ့ခက်မာခြင်း သဘာဝလက္ခဏာရှိသော။ ပထဝီဓာတု၊ ပထဝီဓာတ်အစုမျှသာတည်း။

ကျန်သော ကောဋ္ဌာသတို့၌ မတ္ထလုင်္ဂံအထိ ဤနည်းအတိုင်း ပွါးပါ။

ပထဝီ ၂၀-ပွါးပုံ ပြီးပြီ။

---

### အာပေါ ၁၂–ကို ပွါးပုံ

၁။ ပိတ္တံ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ အာဗန္ဓနာကာရော အာပေါဓာတု။

၂။ သေမှံ နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါဓာတု။

၃။ ပုဗ္ဗော နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါ-ဓာတု။

၄။ လောဟိတံ နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါ-ဓာတု။

၅။ သေဒေါ နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါ-ဓာတု။

၆။ မေဒေါ နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါ-ဓာတု။

၇။ အဿု နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါဓာတု။

၈။ ဝသာ နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါဓာတု။

၉။ ခေဠော နာမ ဣမသ္မိံ သရီရေ။ပ။ အာဗန္ဓနာကာရော အာပေါ-ဓာတု။

၁၀။ သိင်္ဃာဏိကာ နာမ ဣမသ္မိံ သရီရေ။ပ။အာဗန္ဓနာကာရော အာပေါ-ဓာတု။

၁၁။ လသိကာ နာမ ဣမသ္မိံ သရီရေ။ပ။အာဗန္ဓနာကာရော အာပေါဓာတု။

မုတ္တံ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ အာဗန္ဓနာကာရော အာပေါဓာတု။

ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ပိတ္တံ နာမ၊ သည်းခြေမည်သည်ကား။ ပါဋိ-ယေက္ကော၊ အသီးအခြားဖြစ်သော။ ကောဋ္ဌာသော၊ အစုသာတည်း။ အယံ၊ ဤသည်းခြေဟူသော အာပေါဓာတ်အစုသည်ကား။ အစေတနော၊ သိတတ် မှတ်တတ် စေ့ဆော်တတ်သော သဘောမရှိ။ အဗျာကတော၊ ရုပ် အဗျာကတသာတည်း။ သုညော၊ အစိုးရခြင်း အလိုသို့လိုက်ခြင်းမှ ဆိတ်၏။ နိဿတ္တော ၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသက်မဟုတ်။ အာဗန္ဓနာကာရော၊ ဖွဲ့စေး ယိုစီးခြင်း သဘောလက္ခဏာရှိသော။ အာပေါဓာတု၊ အာပေါဓာတ် အစုသာတည်း။

ကျန်ကောဋ္ဌာသကို၌ ဤနည်းရှုပါကုန်၊ ပြဆိုခဲ့ပြီးသည့်အတိုင်း ပွါးပါလျှင် ကာယ၌ အတ္တ သတ္တ ဇီဝသဘောရှိ၏ဟု ယူမှားသော ဒိဋ္ဌိချုပ်ရ၏ ဟူလို။

## သတ္တ ဇီဝဟု ယူခြင်း၏ အကြောင်း

ပုထုဇဉ်တို့ သတ္တ ဇီဝဟု ယူခြင်း၏ အကြောင်းကို ပြဦးအံ့ —

မေး။ ။မြတ်စွာဘုရားက ပရမတ္ထအားဖြင့် သတ္တ ဇီဝသဘော မရှိ၊ နိဿတ္တ နိဇ္ဇီဝဟု ဟောပါလျက် ပုထုဇဉ်တို့က အဘယ့်ကြောင့် သတ္တ ဇီဝဟု ရှုကြပါကုန်သနည်း။

ဖြေ။ ။၁–ပုထုဇဉ်တို့မှာ အဝိဇ္ဇာ မောဟ ဖုံးမှုကြောင့် ရုပ် နာမ် ခန္ဓာ၌ ရှိသော မမြဲမှု အနိစ္စလက္ခဏာကို မရှု မမြင်နိုင်သည့်အတွက် အသက် ရှိ၏ဟု ယူကြပါသည်။

၂–ခန္ဓာ၌ မအို မနာ မသေရန် အစိုးမရမှု အလိုမလိုက်မှု အနတ္တ လက္ခဏာကို မရှု မမြင်နိုင်သည့်အတွက် အတ္တ သတ္တဟု ယူကြပါသည်။

ခန္ဓာ ၅-ပါး၌ သတ္တ ဇီဝသဘော မရှိ၊ နိဿတ္တ နိဇ္ဇီဝဟု
မှတ်ယူနည်း ဤတွင် ပြီးပြီ။

---

## သတ္တဇီဝကင်းပုံ

ထိုပြင် ခန္ဓာ ငါးပါး၌ သတ္တ ဇီဝ သဘော မရှိပုံကို ဒဠှီကမ္မ ဖြစ်စေခြင်းငှါ အဋ္ဌကထာနှင့်တကွ ပြဦးအံ့ –

ယာဝ ဗျာမိ နိမ္မိဿတိ၊ ကောဋ္ဌိလက္ခာ ဟဟိံ ခဏေ။
ခန္ဓာ ဘိဇ္ဇန္တိ ဟုတွာန၊ အနိစ္စာ နာမ တေ တတော။
ဘယပိဋ္ဌိတာတော ဒုက္ခာ၊ အနတ္တာ အဝိဓေယျတော။
ခန္ဓာဘူတာဝ တေ ဟောန္တိ၊ နတ္ထညော ကောစိ န လဗ္ဘတိ။

ယာဝ ယတ္တကေ ခဏေ၊ အကြင်မျှလောက်သော ခဏ၌။ ဗျာမိ၊ လူမမာ သည်။ နိမ္မိဿတိ၊ မျက်စိမှိတ်၏။ တဟိံ ခဏေ၊ ထိုခဏ၌။ ကောဋ္ဌိလက္ခာ၊ သချာတွက်ရေ ကုဋေတသိန်း အတိုင်းအရှည် ရှိကုန်သော။ ယေ ခန္ဓာ၊ အကြင် ဝိညာဏက္ခန္ဓာ စသော နာမ်ရုပ်တရားတို့သည်။ ဟုတွာန၊ ဖြစ်၍ ဖြစ်၍။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ တတော၊ ထိုကြောင့်။ တေ၊ ထို ခန္ဓာတို့သည်။ အနိစ္စာ နာမ၊ အမြဲ မရှိကုန်။

ယေ၊ အကြင် ခန္ဓာတို့သည်။ ဘယပီဠိတတော၊ ဘေးနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အဝိဓေယျတော၊ သို့ဖြစ်စေချင် ဤသို့လျှင်ဟု စီရင်၍ မရအပ်သောကြောင့်။. အနတ္တာ၊ အတ္တ မဟုတ်ကုန်။ ဝါ၊ အစိုးရခြင်း အလိုသို့ လိုက်ခြင်းရှိသော တရားမဟုတ်ကုန်။ တေ၊ ထိုခန္ဓာတရားတို့သည်။ ခန္ဓဘူတာဝ၊ ရုပ် နာမ် ခန္ဓာ သခါရ တရားတို့သည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညော၊ ခန္ဓာ ငါးပါးမှ တပါးသော တရားသည်။ နတ္ထိ၊ မရှိပြီ။ ကောစိ၊ တစုံတရာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ သတ္တ ဇီဝသဘောကို။ န လဗ္ဘတိ၊ ရှာ၍ မရအပ်ပြီ။

အဓိပ္ပါယ် အထူးမူကား–ရှိသောတရားကား ခန္ဓာ ၅-ပါးသာတည်း။ ထိုခန္ဓာကလည်း မျက်စိ တမှိတ် လျှပ်တပြက်ခန့်မျှ ကာလမှာပင် ကုဋေတသိန်းမျှ ဖြစ်ပျက်၍ နေသော် လောကဌ် ပြောကြသော အသက် ၅၀-ရှိပြီ ၆၀-ရှိပြီ စသည့် အသက်မျိုး အဘယ်မှာလျှင် ရှိနိုင်တော့မလဲ၊ ထိုဝေါဟာရ အသက်မျိုး မရှိလျှင် အဘယ်မှာလျှင် သတ္တဝါကောင် ရှိနိုင်တော့မလဲ ဟူလို၊

ထိုကြောင့် သတ္တ ဇီဝရှိ၏ ဟူသည် သမ္မုတိသစ္စာ ပညတ်မျှသာတည်း။ ပရမတ္ထအားဖြင့် နိဿတ္တ နိဇ္ဇီဝပင် ဟူလို။

ဒိဋ္ဌိပဟာတဗ္ဗကထာ ဤတွင် ပြီးပြီ။

---

### ဝိစိကိစ္ဆာပဟာတဗ္ဗကထာ

ဝိစိကိစ္ဆာပဟာတဗ္ဗကထာကို ရေးပေတော့အံ့–

**မေး။** ။ဝိစိကိစ္ဆာဟူသည် အဘယ်သို့ပါနည်း။

**ဖြေ။** ။ဝိဂတာ စိကိစ္ဆာတိ ဝိစိကိစ္ဆာ။

စိကိစ္ဆာ၊ မင်္ဂညာဏ် ဟူသော ဆေးဖြင့် ကုစားခြင်းမှ။ ဝိဂတာ၊ ကင်းသည်တည်း။ ဣတိ တသ္မာ၊ ထိုသို့ မင်္ဂညာဏ်ဟူသောဆေးဖြင့် ကုစားခြင်းမှ ကင်းသဖြင့် အာရုံကို မဆုံးဖြတ်နိုင်ပဲ သို့လော သို့လော နှစ်ခွဖြစ်နေသည်၏ အဖြစ်ကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။

တနည်း–အာရမ္မဏံ နိစ္ဆေတုံ အသက္ကောန္တော ဝိရမတိ ကိလမတီတိ ဝိစိကိစ္ဆာ။

အာရမ္မဏံ၊ အာရုံကို။ နိစ္ဆေတုံ၊ ဆုံးဖြတ်ခြင်းငှါ။ ဝါ၊ နိစ္စ သုခ အတ္တ သတ္တ-လော, အနိစ္စ ဒုက္ခ အနတ္တ နိဿတ္တ နိဇ္ဇီဝ-လော စသည်ဖြင့် ဆုံးဖြတ်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ဝိရမတိ ကိလမတိ၊ ငြိုငြင်ပင်ပန်းဆင်းရဲတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။

ဥပမာ—ခရီးသွားသောသူသည် လမ်းနှစ်ခွ တွေ့သောအခါ မိမိလိုရာဌာနသို့ ရောက်ရန် ဘယ်လမ်းက မှန်သည်ဟု မဆုံးဖြတ်နိုင်သဖြင့် စိတ်ပင်ပန်းသော သူကဲ့သို့တည်း။

## သုတ္တန်နည်း ဝိစိကိစ္ဆာပယ်ပုံ ယုံမှားခြင်း ၁၆-ပါး

၁၆-ပါးသော ယုံမှားခြင်း၊ ၈-ပါးသော ဝိစိကိစ္ဆာရှိသည့်အနက် သုတ္တန်နည်း ယုံမှားခြင်း ၁၆-ပါးကို ပဌမ ပြဦးအံ့—

ယုံမှားခြင်း ဟူသည်ကား သတ္တဝါရှိ၏ဟု ယူသော အယူမှ ဖြစ်ပေါ်လာမှုပင်တည်း၊ ပရမတ္ထအားဖြင့် သတ္တဝါပင် မရှိဟု မြင်သိလျှင် ယုံမှားမှု မရှိတော့ပြီ။

## အတိတ်၌ ယုံမှားခြင်း ၅-ပါး

၁။ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ။

၂။ န နုခေါ အဟောသိံ အတီတမဒ္ဓါနံ။

၃။ ကိံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ။

၄။ ကထံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ။

၅။ ကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနန္တိ ပဉ္စဝိဓာ ဝိစိကိစ္ဆာ ဝုတ္တာ။ (ဝိသုဒ္ဓိမဂ်၊ ဒု-တွဲ၊ နှာ-၂၃၄)

၁။ အတိတ်အခွန့်၌ ငါဖြစ်ဘူးသလော။

၂။ ငါမဖြစ်ဘူးသလော။

၃။ အဘယ်သို့သောသူ ဖြစ်ဘူးသနည်း။

အဓိပ္ပါယ် – မင်းမျိုး၌ ဖြစ်ဘူးသလော၊ ပုဏ္ဏားမျိုး၌ ဖြစ်ဘူးသလော၊ သူဌေးမျိုး၌ ဖြစ်ဘူးသလော၊ ကုန်သည် လယ်လုပ် စသည်၌ ဖြစ်ဘူးသလော။

၄။ အတိတ်အဓွန့်၌ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ဘူးသနည်း။

အဓိပ္ပါယ်—အရပ်ပုပုလော၊ အရပ်မြင့်မြင့်လော၊ပိန်ပိန်လော၊ ဝဝလော၊ ဖြူဖြူလော၊ ညိုညိုလော စသည်ဖြင့် ယုံမှားသည်။

၅။ အဘယ်သို့သောသူ ဖြစ်ဘူး၍ အဘယ်သို့သောသူ ဖြစ်ပြန်မည်နည်း။

အဓိပ္ပါယ် - ဆိုခဲ့ပြီးသော အဖြစ်အမျိုးမျိုးတို့တွင် ဘယ်သူဖြစ်ပြီး တဖန် ဘယ်သူ ဖြစ်ကြဦးမည်နည်း။

အတိတ် အဓွန့်၌ ယုံမှားခြင်း ၅-ပါး ပြီးပြီ။

---

### အနာဂတ်၌ ယုံမှားခြင်း ၅-ပါး

၁။ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ။

၂။ န နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။

၃။ ကိံ နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။

၄။ ကထံ နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။

၅။ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနန္တိ ပဋ္ဌဝိဓာ ဝိစိကိစ္ဆာ ဝုတ္တာ။ (ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၂၃၄)

၁။ အနာဂတ်၌ ငါဖြစ်လတ္တံ့လော။

၂။ မဖြစ်လတ္တံ့လော။

၃။ အနာဂတ်၌ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။ ။အဓိပ္ပါယ်ကို အထက်နည်း သိပါ။

၄။ အနာဂတ် အခွန့်၌ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်လတ္တံ့နည်း။

၅။ အနာဂတ်အခွန့်၌ အသို့ဖြစ်၍ အသို့ဖြစ်လတ္တံ့နည်း။ ။အဓိပ္ပါယ်များကို အတိတ်မှာကဲ့သို့ သိပါကုန်။

အနာဂတ်၌ ယုံမှားခြင်း ၅-ပါး ပြီးပြီ။

---

## ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆ ပါး

၁။ အဟံ နုခေါသ္မိ။

၂။ နော နုခေါသ္မိ။

၃။ ကိံ နုခေါသ္မိ။

၄။ ကထံ နုခေါသ္မိ။

၅။ အယံ နုခေါ သတ္တော ကုတော အာဂတော။

၆။ သော ကုဟိံ ဂါမီ ဘဝိဿတီတိ ဆဗ္ဗိဓာ ဝိစိကိစ္ဆာ ဝုတ္တာ။ (ဝိသုဒ္ဓိမဂ် ဒု-တွဲ နှာ၊ ၂၇၄)

၁။ ငါဖြစ်သလော။

၂။ ငါမဖြစ်သလော။

၃။ အဘယ်သို့သောသူ ဖြစ်သနည်း။ ။အဓိပ္ပါယ်ကို အတိတ်မှာကဲ့သို့ ရှုပါ။

၄။ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သနည်း။ ။အဓိပ္ပါယ်ကို အတိတ်မှာကဲ့သို့ ရှုပါ။

၅။ ဤ သတ္တဝါသည် အဘယ်အရပ်မှ လာသနည်း။

၆။ ထို သတ္တဝါသည် အဘယ်၌ ဖြစ်လတ္တံ့နည်း။

ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး ပြီးပြီ။

**ကျက်မှတ်ရန်လင်္ကာ**

၁-အတိတ်ကာလ၊ ငါဖြစ်ရပြီ၊ ၂-မဖြစ်ပြီနှင့်၊ ၃-တာလီမျိုးဇာတ်
၄-လုံးရပ်ခြင်းရာ၊ ၅-ဆင့်ဆင့်ဖြာ ဖြစ်လာခဲ့လေသနည်း။

၁-နာဂတ်ကာလ၊ ငါဖြစ်ရမည်၊ ၂-မဖြစ်မည်နှင့်၊ ၃-တာလီမျိုးဇာတ်၊
၄-လုံးရပ်ခြင်းရာ၊ ၅-ဆင့်ဆင့်ဖြာ ဖြစ်လာဦးမည်နည်း။

၁-ယခုငါဟာ၊ ငါသာဟုတ်လား၊ ၂-မဟုတ်လားနှင့်၊ ၃-မျိုးခြား
ဇာတိ၊ ၄-ဆင်းရှိသဏ္ဌာန်၊ ၅-တိတ်ဘဝ၊ ၆-နာဂတမှာ၊ ဘယ်ဟာ
ဖြစ်ငြား၊ ဤ ၆-ပါးသည် ယုံမှားသံသယ ပစ္စုပ်တည်း။

အတိတ်-၅၊ အနာဂတ်-၅၊ ပစ္စုပ္ပန် ၆၊ ပေါင်း
ယုံမှားခြင်း ၁၆-ပါး အဓိပ္ပါယ် ပြီးပြီ။

---

ဤယုံမှားခြင်းတို့ကား သတ္တဝါ ငါရှိ၏ဟုယူသော ပုထုဇဉ်များ၌ ဖြစ်၏၊ အရိယာတို့မှာ ယုံမှားခြင်းကို ပယ်ပြီး ဖြစ်သောကြောင့် နောက်ထပ် မဖြစ်နိုင်တော့ပြီ။

ဤ၌ ဓမ္မစကြာ သစ္စာလေးပါးနည်းဖြင့် ယုံမှားမှုကို ပယ်လိုသော် အတိတ်ကလည်း ပုဂ္ဂိုလ် သတ္တဝါ ဖြစ်မှုမဟုတ်၊ တဏှာသမုဒယကြောင့် ဇာတိစသော ဒုက္ခဖြစ်ခဲ့၏၊ ယခုလည်း သမုဒယကြောင့် ဒုက္ခဖြစ်ဆဲ၊ အနာဂတ်မှာလည်း နိဗ္ဗာန်မရမီ အကြောင်း သမုဒယကြောင့် ဇာတိစသော ဒုက္ခဖြစ်လတ္တံ့ ဟု နှလုံးသွင်းအပ်၏ ဟူလို။

သုတ္တန်နည်း ဝိစိကိစ္ဆာဖြစ်ပုံ ပယ်ပုံ ပြီးပြီ။

---

**အဘိဓမ္မာနည်း ဝိစိကိစ္ဆာပယ်ပုံ**

အဘိဓမ္မာနည်း ဝိစိကိစ္ဆာ ပယ်ပုံကို ပြဦးအံ့—

ဓမ္မသင်္ဂဏီ ပါဠိတော်၊ နှာ ၂၂၅-အရ ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ သိက္ခာယ ကင်္ခတိ၊ ပုဗ္ဗန္တေ ကင်္ခတိ၊ အပရန္တေ ကင်္ခတိ၊ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ၊ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိဟူ၍ ရှစ်ပါးရှိ၏။

ထို ရှစ်ပါးတို့တွင် ဓမ္မေ ကင်္ခတိ၌ အဋ္ဌကထာ ဆရာပြသည်ကား–

ကိလေသေ ပဇဟန္တာ စတ္တာရော အရိယမဂ္ဂါ ပဋိပဿဒ္ဓကိလေသာနိ စတ္တာရိ သာမညဖလာနိ မဂ္ဂဖလာနံ အာရမ္မဏပစ္စယဘူတံ အမတံ မဟာနိဗ္ဗာနံ နာမ အတ္ထိ နုခေါ နတ္ထီတိ ကင်္ခန္တောပိ, အယံ ဓမ္မော နိယျာနိကော နုခေါ အနိယျာနိကောတိ ကင်္ခန္တောပိ ဓမ္မေ ကင်္ခတိ နာမ[၁]။

အဓိပ္ပါယ်ကား—သောတာပတ္တိမဂ် စသော မဂ်လေးပါးတို့သည် လောဘ စသော ကိလေသာကို ပယ်စွန့်တတ်ကုန်၏ ဟူသည် ဟုတ်မှ ဟုတ်ပါမည်လော။

ဖိုလ်လေးပါးသည် မဂ်ဖြင့် ပယ်ပြီး ကိလေသာကို အခိုးအငွေ့မျှ မကျန်ရအောင် ထပ်၍ ငြိမ်းစေ၏ ဟူသည် ဟုတ်မှ ဟုတ်ပါမည်လော။

ထို မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော သေခြင်းကင်းသော မဟာနိဗ္ဗာန် ရှိ၏ဟူသည် ဟုတ်လေသလော၊ မဟုတ်လေသလော။

မဂ္ဂင်ရှစ်ပါးသည် ဝဋ်မှ ထုတ်ဆောင်၏ ဟူသည် ဟုတ်လေသလော၊ မဟုတ်လေသလော။ ဤသို့ ယုံမှား၏။

ဤ၌ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါး ရှိ၏ ဟူသည် အမှန်ပင်ဟု ဆုံးဖြတ်အပ်၏၊ ဤသို့ ဆုံးဖြတ်နိုင်လျှင် ဓမ္မေ ကင်္ခတိ အရ ဝိစိကိစ္ဆာ ပယ်မှုကိစ္စ ပြီးစီးလေတော့၏။

ထို ဓမ္မေ ကင်္ခတိကို စင်ကြယ်စွာ ဆုံးဖြတ်နိုင်ခြင်းငှါ သစ္စာလေးပါးကို အာရုံ အာရမ္မဏိကအားဖြင့် ဝေဘန်၍ ရှုသင့်၏၊ ထို့ကြောင့် ပြဦးအံ့–

၁။ မြတ်စွာဘုရားက ဓမ္မစကြာ၌ ဇာတိစသော ဒုက္ခတို့သည် တဏှာ သမုဒယကြောင့် ဖြစ်ကုန်၏ဟု လောကီသစ္စာ၌ စကားတခွန်း၊ သမုဒယ သစ္စာကို မဂ်ဖြင့် ချုပ်စေလျှင် ဇာတိစသော ဒုက္ခချုပ်၏ဟု လောကုတ္တရာသစ္စာ၌ စကားတခွန်း၊ ဤသို့လျှင် သစ္စာလေးပါးကို စကား နှစ်ခွန်းအဓိပ္ပါယ်ဖြင့် ဆုံးဖြတ်တော်မူ၏။

---

၁။ အဋ္ဌသာလိနီ၊ နှာ-၃၈၈။

၂။ ထိုစကား ၂-ခွန်းကို အာရုံ အာရမ္မဏိကအားဖြင့် ခွဲခြား၍ ရှုလျှင် ဓမ္မေ ကခ်တိ ချုပ်ရလေတော့၏။

၃။ ဥပမာ–ဆံပင် မွေးညှင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက်စသော ရူပကာယကို ခင်တွယ်သော လောဘစိတ် ဖြစ်၏၊ ဤ၌ မျက်စိ စသော ရူပကာယကား အာရုံတည်း၊ ခင်တွယ်တတ်သော လောဘ စိတ်ကား အာရမ္မဏိကတည်း၊ ဤ၌ လောကီသစ္စာ အာရုံ အာရမ္မဏိက တတွဲ ဖြစ်၏။

၄။ ဖြစ်မှုချုပ်သော အနုပ္ပါဒသဘောကား နိဗ္ဗာန်အာရုံတည်း၊ ချုပ်ခြင်းကို နှစ်သက်တတ်သော စိတ်ကား အာရမ္မဏိက မဂ်စိတ်တည်း၊ ဤ၌ သောကုတ္တရာသစ္စာတတွဲဖြစ်၏။

၅။ ဒုက္ခ သမုဒယ လောကီသစ္စာ ၂-ပါး လွှမ်းမိုးနေလျှင် သံသရာစက် မပြတ် လည်လေတော့၏၊ နိရောဓ မဂ္ဂ လောကုတ္တရာသစ္စာ ၂-ပါး လွှမ်း မိုးနိုင်လျှင် ဇာတိစသော သံသရာစက် ချုပ်ရလေတော့၏။

၆။ ထို ဒုက္ခ သမုဒယ အတွဲအား ချုပ်စေလိုလျှင် 'ဥပ္ပါဒေါ ဒုက္ခံ'–ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃၊၅၇-အရ–

ဒုက္ခသစ္စာကို နာနာရှုမှ။

နာနာရှုသဖြင့် ဉာဏ်မြင်သန် သမုဒယ ဘဝတဏှာ ချုပ်မှုစိတ်ချ။

ဘဝတဏှာမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဇာတိဖြစ်နိုင်တော့မလဲ။

ရေမြေမျိုးစေ့မှ မရှိလျှင် အဘယ်မှာလျှင် အပင်ပေါက်နိုင်တော့မလဲ။

မဂ္ဂင်ပွါးမှုဟူသည် ဤသို့ အမှန်မြင်သိမှုကိုပင် မှတ်ဖို့ပါပဲ။

ဤသို့အားဖြင့်လည်း ဓမ္မေ ကခ်တိကို ပယ်အပ်၏။

**ဗဟုသုတပစ္စာန**။ ။သောတာပတ္တိမဂ်ဟူသော ဤပဌမမဂ်အတွက်မှာ ဗဟုသုတ လိုရင်းဖြစ်၏၊ ထို့ကြောင့် သစ္စာလေးပါးတို့၌ ယုံမှား ခြင်း ဝိစိကိစ္ဆာကို ပယ်နိုင်ခြင်းငှါ သစ္စာကို ဟောတတ်သော ပညာရှိတို့ထံ ဆည်းကပ်ကြားနာ၍ဖြစ်စေ တနည်း-ဓမ္မစကြာ သစ္စာလေးပါးကို ကျက်မှတ် ၍ မသိသော အနက်အဓိပ္ပါယ်များကို သိသော ပညာရှိများထံ မေးမြန်းပြီး အဖန်ဖန် ဆင်ခြင်၍ ဖြစ်စေ စတုသစ္စဒဋ္ဌိကမ္မကထာ သစ္စဒီပကကထာ သော- တာပတ္တိမဂ္ဂကထာများကို ကြည့်ရှုမှတ်သား၍ ဖြစ်စေ သစ္စာကို မြင်သိလွယ်

စေခြင်း၌ ရေးထားသော ကထာများကို ကျက်မှတ်၍ဖြစ်စေ အကြိမ်ကြိမ် အဖန်ဖန် ကျင့်ကြံအားထုတ်ပါလျှင် သစ္စာလေးပါးတို့၌ ယုံမှားကင်း၍ မဂ်သို့ ရောက်နိုင်ပေမည်၊ ထို့ကြောင့် ပြဦးအံ့—

သမုဒယကြောင့် ဖြစ်ထ ဒုက္ခသစ္စံ။

သမုဒယပယ်က ထိုဒုက္ခ မုချ ချုပ်မည်မှန်။

လေးရပ် ဤမျှ မြင်သိက ဖြစ်ထ သောတာပန်။

ဤကား ဓမ္မာဓိဋ္ဌာန်။

ထိုဓမ္မာဓိဋ္ဌာန်မှ ပုဂ္ဂလာဓိဋ္ဌာန်တို့သို့ ဖောက်စေရန် ကထာကား—

ဖြစ်လိုမှုကြောင့် ဖြစ်မှု ဇာတိဒုက္ခံ။

ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခံ။

အဓိပ္ပါယ်ကား—

၁။ ဖြစ်လိုမှု-ဟူသည် မိမိတို့၏ ကာမတဏှာ ဘဝတဏှာ စသည်တို့ပင်တည်း။

၂။ ဖြစ်မှုဇာတိဒုက္ခံ-ဟူသည် မိမိတို့၏ဇာတိစသော ဒုက္ခတို့ဖြစ်မှုပင်တည်း။

၃။ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု-ဟူသည် ဇာတိဖြစ်ခြင်း၌ ဇရာ ဗျာဓိ မရဏ အပါယစသော ဒုက္ခတို့ကို ရှုမြင်သော သမ္မာဒိဋ္ဌိစသော မဂ်ပင်တည်း။

၄။ ချုပ်မှု ထိုဒုက္ခံ-ဟူသည် ဖြစ်မှုချုပ်သော အဇာတ အပဝတ္တ အနုပ္ပါဒ နိဗ္ဗာန်ပင်တည်း။

သစ္စာ ၄-ပါးတို့၌ ဤသို့ ဆုံးဖြတ်နိုင်လျှင် ဓမ္မေ ကင်္ခတိအရ တရား၌ ယုံမှားခြင်း ဝိစိကိစ္ဆာပယ်မှုပြီးရကား သောတာပတ္တိမဂ်စသည်ကို ရနိုင် ရောက်နိုင်၏ ဟူလို။

အဓိပ္ပါယ်အထူးမှုကား— ဓမ္မာဓိဋ္ဌာန်၌ မည်သူ့ဒုက္ခ မည်သူ့တဏှာ မည်သူ့ နိဗ္ဗာန် မည်သူ့မဂ်ဟု ခွဲခြားမှု မရှိပေ။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-ဟူသောပါဌ်အရ ဝိညူဟိ၊ ပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီးအသီး။ ဝေဒိတဗ္ဗော၊ ဉာဏ်ထိုးထွင်း၍ ချွတ်ယွင်းမရှိ မြဲသတိဖြင့် သိအပ်၏။

ထိုအမိပ္ပါယ်အရ ပုဂ္ဂလာဓိဋ္ဌာန်အနေအားဖြင့် မိမိတို့ အဇ္ဈတ္တသို့ သွင်း၍ နှလုံးသွင်းမှသာ မိမိ၏ ယုံမှားမှုကို ပယ်နိုင်ပေမည်။

ထိုဓမ္မာဓိဋ္ဌာန်မှ ပုဂ္ဂလာဓိဋ္ဌာန်သို့သွင်း၍ ဆင်ခြင်ပါလျှင် သစ္စာ ၄-ပါးအနက် မိမိသည် မည်သည့် သစ္စာ၌ ယုံမှားခြင်း ရှိသေး၏၊ မည်သည့် သစ္စာ၌မူကား ယုံမှားခြင်း မရှိပြီ။ အကယ်၍ သစ္စာတပါးပါး၌ ယုံမှားရှိခဲ့လျှင် ထိုယုံမှားခြင်းကို ပယ်ဖျောက်နိုင်သော ဆရာများထံ ဆည်းကပ် ကြားနာ၍ ပယ်အပ်ရပေမည်။

ထို သစ္စာ ၄-ပါးတို့၌ အလုံးစုံ ယုံမှားကင်းလျှင် မိမိသည် သောတာပတ္တိမဂ်သို့ ရောက်ပြီ ရပြီဟု ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နိုင်ပေမည်။

ဤသို့ ဆုံးဖြတ်ခြင်းသည်ပင်လျှင် ပစ္စဝေက္ခဏာလည်း မည်၏။

ထို့ပြင် ဒုက္ခသစ္စာကို သိအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီ၊ သမုဒယသစ္စာ တဏှာကို ပယ်အပ်သော ကိစ္စရှိသည့်အတိုင်း ပယ်ပြီးပြီ၊ နိရောဓသစ္စာကို မျက်မှောက်ပြုအပ်သော ကိစ္စရှိသည့်အတိုင်း မျက်မှောက်ပြုပြီးပြီ၊ မဂ္ဂသစ္စာကို ပွါးအပ်သော ကိစ္စရှိသည့်အတိုင်း ပွါးပြီးပြီဟူ၍ သိသော သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်နှင့်လည်း ပြည့်စုံလေတော့၏ ဟူလို။

ဓမ္မေ ကင်္ခတိ-အရ ဝိစိကိစ္ဆာပယ်ပုံ ပြီးပြီ။

---

## အထူးသတိပေးချက်

ဝဋ်မှ လျှင်မြန်စွာ ထွက်မြောက်လိုသော ပုဂ္ဂိုလ်တို့ အထူးသတိပြုရန် အရေးအကြီးဆုံးအချက်ကို သတိပေးပါအံ့ —

ဝဋ်မှ ထွက်မြောက်ရန် မြတ်စွာဘုရားက ပရိယတ် ပဋိပတ် ပဋိဝေဓ-ဟူ၍ အဆုံးအမ သာသနာသုံးရပ် ထားခဲ့သည့်အတိုင်း ရှေးဦးစွာ ပရိယတ်အနေဖြင့် ဗဟုသုတ ရှိထားရပေမည်။

၁။ မိမိတို့သန္တာန်မှာ အဘယ် တရား ရှိသနည်း၊ ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာ ရှိ၏ဟု ဗဟုသုတအနေဖြင့် သိထားရမည်။

၂။ ထို့နောက် ထို ရုပ် နာမ် ခန္ဓာ ဘာ့ကြောင့် ဖြစ်သနည်း၊ မိမိ လိုချင်မှု တဏှာကြောင့် ဖြစ်၏ဟု ဗဟုသုတ ရှိထားရမည်။

၃။ ထိုတဏှာချုပ်လျှင် ဇာတိချုပ်၏၊ နိဗ္ဗာန်ရ၏ဟု ဗဟုသုတရှိထားရမည်။

၄။ ထိုတဏှာကို ချုပ်စေလိုက မိမိသန္တာန်၌ရှိသော ဒွတ္တိံသာကာရ မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ် စိတ် စေတသိက်တို့၏ မမြဲမှု ဆင်းရဲမှု အစိုးမရ အလိုမလိုက်မှုတို့ကို ဆင်ခြင်လျှင် တဏှာချုပ်၏ဟု သိထားရမည်။

၅။ ထို့ပြင် ပရိယတ်အလို့ငှါ ဓမ္မစကြာ သစ္စာ ၄-ပါးတို့ကို ကျက်မှတ် ထား ရမည်၊ အကယ်၍ ဤမျှလောက်မှ မကျက်မမှတ်နိုင်လျှင် ထို ဓမ္မစကြာ ကို အကျဉ်းချုံး၍ ရေးထားသော "ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခ၊ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခ" ဟူသော ကထာကို ကျက်မှတ် ထားရမည်။

၆။ ဤသို့ ကျက်မှတ်ထားခြင်းသည် ပရိယတ် မည်၏၊ ထို ပရိယတ်ကို အမှီ ပြု၍ အဖန်ဖန် ဆင်ခြင်ခြင်းသည် ပဋိပတ် မည်၏၊ အဖန်ဖန် ဆင်ခြင် သဖြင့် ပရိယတ် ပဋိပတ်၌ စာည်သော ဉာဏ်အမြင် သက်ရောက်လျှင် မိမိသည် သစ္စာ မြင်သိဟူသော ပဋိဝေဓသာသနာ၌ တည်ပြီဟု ဆုံးဖြတ်ရမည်။

ဤသို့ ပရိယတ်ကို အခြေ မူလ မပြုပဲ အားထုတ်ခဲ့သော် ပဋိပတ်လမ်းမှန် ကျခဲသည်၊ လမ်းမှန် မကျကလည်း မဂ်သို့ရောက်ရန် ခဲယဉ်းသည်။

ထို့ပြင် မိမိသည် မဂ်ကိုရပြီဟု ဆုံးဖြတ်ရန် ခဲယဉ်းသည်၊ မဆုံးဖြတ်နိုင်က လည်း ဝိစိကိစ္ဆာမကင်းသောကြောင့် မဂ်ကို မရနိုင် ဟူလို။

အထူး သတိပေးချက် ပြီးပြီ။

---

**တဒင် သမုစ္ဆေဒချုပ်ပုံ**

ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်ရာ၌ တဒင်ချုပ်ပုံ သမုစ္ဆေဒအားဖြင့် အပြီးအပြတ် ချုပ်ပုံ ကို ခွဲခြား၍ သိအပ်၏။ ထို့ကြောင့် ပြဦးအံ့—

မဂ်စိတ်မဖြစ်မီ ရှေးအခါက သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဝိပဿနာကိုပွါးသောကြောင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်၏၊ ဤချုပ်ခြင်းကား လောကီ မဟာကုသိုလ်စိတ်ဖြင့် ချုပ်ရခြင်းကြောင့် တဒင်မျှသာတည်း။

မဂ်စိတ်ဖြစ်မှုသာ အပြီးအပြတ် သမုစ္ဆေဒအားဖြင့် ချုပ်၏၊ ပါဠိတော်ကား—

သဟာဝဿ ဒဿနသမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊ ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု[၁]။

အဿ၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ဒဿနသမ္ပဒါယ၊ သောတာပတ္တိမဂ်၏ ပြည့်စုံခြင်းနှင့်။ သဟာဝ၊ တပြိုင်နက်သာလျှင်။ ဇဟိတာ၊ စွန့်အပ်ကုန်သော။ ဓမ္မာ၊ ကိလေသာ တရားတို့သည်။ သက္ကာယဒိဋ္ဌိ စ၊ သက္ကာယ အယူရင်း။ ဝိစိကိစ္ဆိတဉ္စ၊ ရှစ်ပါးသောအရာ, ၁၆-ပါးသော အရာတို့၌ ယုံမှားခြင်းရင်း။ သီလဗ္ဗတံ ဝါပိ၊ နွား ခွေး စသည်တို့၏ အလေ့အကျင့်ဖြင့် သံသရာမှ ထွက်မြောက်၏ ဟူသောအယူရင်း။ ဣတိ၊ ဤသို့။ တယော၊သုံးပါးတို့သည်။ဘဝန္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိ၊ အနည်းငယ် စိုးစဉ်းမျှသော ကိလေသာသည်။ ယဒိ အတ္ထိ၊ အကယ်၍ကား ရှိသေး၏။ တထာပိ၊ ထိုသို့ပင် ရှိသေးသော်လည်း။ သော၊ ထို သောတာပန်ပုဂ္ဂိုလ်သည်။ စတူဟိ၊ လေးပါးကုန်သော။ အပါယေဟိ၊ အပါယ်တို့မှ။ ဝိပ္ပမုတ္တော၊ လွတ်ပြီ။ ဆ၊ ခြောက်ပါးကုန်သော။ အဘိဌာနာနိ စ၊ ရှန့်ရင်းသော အနန္တရိယ ကံငါးပါးနှင့် အညသတ္ထာရုဒ္ဒေသ ဟူသော ဤ မြတ်စွာဘုရားမှတပါး တခြား၌ ဆရာရှာမှီးခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ သံဃေ၊ သံဃာတော်၏။ ဣဒမ္ပိ ရတနံ၊ ဤ ရတနာသည်လည်း။ ပဏီတံ၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသစ္စာ စကားကြောင့်။ ဣမေသံ၊ ဤ သတ္တဝါ တို့အား။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဤ၌ သောတာပန်စသော အရိယာသံဃာတော်တို့အား ကြည်ညိုကြစေရန် ပါဠိအနက် အပြည့်အစုံ ထည့်လိုက်ပေသည်။ (ထိုအနက်သည်လည်း အပြစ်ကင်းသော ရှေးရိုးအနက်ကျသော နှစ်ကျိပ်ရှစ်ဆူ ဆရာတော်၏ နိဿယအနက်ပေတည်း)။

---

၁- ခုဒ္ဒကပါဌပါဠိ၊ နှာ-၆၊

ဤဂါထာပါဋ္ဌ်အနက်တို့တွင် အထူး သိစေလိုမှုကား—သမ္မာဒိဋ္ဌိ မဂ္ဂင်ကို ပွါးသဖြင့် ဝါ-ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှုသဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်ခြင်းကား တဒင်္ဂမျှသာ ရှိသေး၏ဟု မှတ်အပ်၏။ အဘယ့်ကြောင့်ဆိုသော် လောကီ မဟာ ကုသိုလ်နှင့် ယှဉ်၍ ပယ်ရသောကြောင့်တည်း၊ မဂ်စိတ် ဖြစ်၍ မဂ္ဂဝီထိကျမှ သာလျှင် သမုစ္ဆေဒချုပ်၏ ဟူလို။

**မဂ္ဂဝီထိ။** ။ထို့ကြောင့် မဂ္ဂဝီထိကျပုံကို ပြဦးအံ့—

ဖြစ်လျှင်ဒုက္ခ ချုပ်မှ သုခနိဗ္ဗာန်။
ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှု မဂ်ကိစ္စ။

ဟူသော ကထာအရ အဓိပ္ပါယ်မှာ–ဖြစ်လျှင် ဒုက္ခ-ကား ဖြစ်ခြင်းရှိသော သင်္ခါရတရား၌ရှိသော အနိစ္စ စသော လက္ခဏာကိုရှုသော ပရိကံ ဥပစာ အနုလုံ ဇောတို့ပင်တည်း။ ချုပ်မှ သုခနိဗ္ဗာန်ဟု နိဗ္ဗာန်ကို အာရုံပြုသော ဇောကား ပုထုဇဉ်အနွယ်ကို ဖြတ်သော ဂေါတြဘူဇောပင်တည်း၊ ဇာတိ ဖြစ်မှုဒုက္ခ ချုပ်သော သဘောကား နိဗ္ဗာန်တည်း၊ ထို ချုပ်ငြိမ်းမှုကို နှစ်သက်ခြင်းကား မဂ်ဇောတည်း၊ ဤသို့ နိဗ္ဗာန်အာရုံနှင့် အာရမ္မဏိက မဂ်ဇောကျလျှင် မဂ်ကိစ္စ လေးပါး ပြီးရကား သောတာပတ္တိမဂ်ဖိုလ်၌ တည်၏ ဟူလို။

## သစ္စာ ၄-ပါး မြင်သိပုံ

သစ္စာ ၄-ပါးကို လျှင်စွာ ထင်မြင်လွယ်စေခြင်းငှါ အမေး အဖြေနှင့်တကွ ပြဦးအံ့—

**မေး။** ။မိမိတို့ သန္တာန်မှာ ယခုရှိနေသော ဆံပင် မွေးညှင်း စသော ခက်မာခြင်း လက္ခဏာရှိသော ပထဝီဓာတ်-၂၀၊ သည်းခြေ သလိပ်စသော ဖွဲ့စေးခြင်း လက္ခဏာရှိသော အာပေါဓာတ်-၁၂၊ သန္တပ္ပန ဇီရဏ စသော ပူအေးခြင်း လက္ခဏာရှိသော တေဇောဓာတ်-၄၊ အထက်ဆန်သောလေ အောက်စုန်သောလေ စသော ထောက်ကန်ခြင်း လက္ခဏာရှိသော ဝါယောဓာတ်-၆၊ မျက်စိ နား နှာ အင်္ဂါခြေလက်စသော မသိတတ်သော ရုပ်နှင့် အာရုံကို သိတတ် မှတ်တတ် ခံစားတတ်သော နာမ်တရားတို့ ရှိနေခြင်းသည် သုခရှိနေခြင်းလော၊ ဒုက္ခရှိနေခြင်းလော။

ဖြေ။ ။ထို တရားတို့သည် အို နာ သေမှုစသော မမြဲမှု အနိစ္စ၊ဆင်းရဲမှုဒုက္ခ၊အစိုး မရ အလိုသို့ မလိုက်သော အနတ္တတရားများဖြစ်သောကြောင့် သုခ ရှိနေမှု မဟုတ်ပါ၊ ဒုက္ခရှိနေမှု မှန်ပါသည်။

မေး။ ။အဘယ်သို့ ကိုယ်တိုင် တွေ့ရှိသောကြောင့် ဤကဲ့သို့ ဖြေဆိုပါသနည်း။

ဖြေ။ ။သွားကျိုး ဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်း ကုန်းကွ စသော ဇရာ ဒုက္ခ၊ ခေါင်းခဲ ဝမ်းနာ ဖျားနာခြင်း စသော ဗျာဓိဒုက္ခ၊ မအို မနာ မသေပဲ မြဲလိုသော ဆန္ဒ ရှိသော်လည်း ထိုဆန္ဒအတိုင်း ဖြစ်စေရန် အစိုးမရ အလိုသို့ မလိုက်သော, ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင် မဟုတ် သော အနတ္တနှင့် တွေ့ကြုံနေရသောကြောင့် သုခ မရှိ၊ ဒုက္ခသစ္စာသာ တည်းဟု ဖြေဆိုပါသည်။

ဒုက္ခသစ္စာ မြင်သိပုံ ပြီးပြီ။

---

မေး။ ။ထို ဒုက္ခတို့ကို မည်သူ လုပ်သလဲ၊ ဘာ့ကြောင့် ဖြစ်ပေါ်လာသလဲ။

ဖြေ။ ။ထို ဒုက္ခတို့ကို မည်သူမျှ မလုပ်ပါ၊ မိမိတို့ လိုချင်မှု တဏှာ၊ ထို တဏှာ ကြောင့် ပြုလုပ်သော ကံ၊ ထိုကံကြောင့် ဇာတိစသော ဒုက္ခဖြစ်ပါသည်။

မေး။ ။အဘယ်သို့ တွေ့ကြုံရသောကြောင့် ဤကဲ့သို့ ဖြေဆိုရပါသလဲ။

ဖြေ။ ။မိမိတို့ သန္တာန်မှာ ရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသည်တို့၌ရင်း သုခ သောမနဿ ဝေဒနာတို့၌ရင်း အလွန် ခင်တွယ်သော တဏှာသံယောဇဉ် ရှိနေကြပါသည်၊ ထို့ကြောင့်ပင်လျှင် သွားရေး သမီးရေး စားရေး သောက်ရေး နေရေး ထိုင်ရေး ပစ္စည်း ရှာမှီးရေးတို့နှင့်တကွ ပူပန်ကြောင့်ကြမှုတို့ကို ဒိဋ္ဌကြုံတွေ့နေရပါသည်၊ ထို့ကြောင့် ဒုက္ခဖြစ်၏ဟု ဖြေဆိုပါသည်။

သမုဒယသစ္စာ မြင်သိပုံ ပြီးပြီ။

---

မေး။ ။တဏှာကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိလျှင် တဖန် ဘဝတဏှာ ဖြစ်ဦး မည်လော။

ဖြေ။ ။ရှေးအခါ သဒ္ဓမ္မဟူသော သူတော်ကောင်း တရားကို မကြားမနာရ၍ မမြင်မသိမှုကြောင့် လိုချင်မှု ဖြစ်မိပါသည်၊ ယခုမှာ လူတို့ကမ္မပထ ဆယ်ပါးထက် လွန်မြတ်သော ဥတ္တရိမနုဿဓမ္မ ဟူသော သူတော်ကောင်းတရား ကြားနာရသဖြင့် အကျိုး အပြစ်ကို ကောင်းစွာ မြင်သိရပေသည်။ ထို့ကြောင့် ဘဝဇာတိကို လိုချင်မှု မရှိတော့ပါ။

မဂ္ဂသစ္စာ အခိပ္ပါယ် ပြီးပြီ။

---

မေး။ ။မိမိလိုချင်မှုကြောင့် ဖြစ်သော ခန္ဓာဇာတိသည် မိမိပင်လျှင် ပယ်စွန့်က တဖန် ဇာတိဖြစ်နိုင်ဦးမည်လော။

ဖြေ။ ။ဖြစ်ကြောင်းမရှိလျှင် ဖြစ်မှုချုပ်ရမြဲဖြစ်သောကြောင့် တဏှာမရှိက ဇာတိဖြစ်နိုင်ခွင့် မရှိပါ။ ဥပမာ – ဖယောင်းတိုင်ကို အမှီပြု၍ ဖြစ်သော မီးတောက်သည် ဖယောင်းတိုင် ကုန်က ငြိမ်းရဘိသကဲ့သို့ အပင်ကိုမှီ၍ ဖြစ်သော အသီးသည် အပင် မရှိက အသီးမဖြစ်နိုင်သကဲ့သို့ ထို့အတူ တဏှာမရှိလျှင် ဇာတိမဖြစ်နိုင်ပါ။ ထို့ကြောင့်–

အလောဘေန ဇာတိဒုက္ခံ န ဟောတိ၊ ကသ္မာ၊ အလောဘဿ တဏှာယ ပဋိပက္ခတော—

ဟူသော အဋ္ဌသာလိနီ ပါဠိ နှာ-၁၇၀ အရ အလောဘေန၊ မလိုချင်မှုဟူသော အလောဘကြောင့်။ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အလောဘဿ၊ မလိုချင်မှု၏။ တဏှာယ၊ လိုချင်မှုနှင့်။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။ တဏှာ ချုပ်လျှင် ဇာတိတဖန် မဖြစ်နိုင် ဟူလို။

မေး။ ။ဇာတိဖြစ်မှုချုပ်ခြင်းသည် ဝါ-ချုပ်ရာသည် အဘယ် နိဗ္ဗာန်မည်ပါသနည်း။

ဖြေ။ ။အဇာတိ သုခံ ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ ၁၃-အရ အဇာတ နိဗ္ဗာန်မည်ပါသည်။

နိရောဓသစ္စာ ပြီးပြီ။

သစ္စာလေးပါး အမေး အဖြေ ပြီးပြီ။

---

## သတိပေးစကား

အထူးသတိပေးလိုသည်မှာ ကျမ်းပြုပုဂ္ဂိုလ်၏တာဝန်အရ မဂ်ဖိုလ်ကို ရကြရန် နည်းအမျိုးမျိုးတို့ဖြင့်စရိုက်အားလျော်စွာအားထုတ်ကြရန်ရေးသားရပေသည်။

သို့ရာတွင် သောတာပတ္တိမဂ် အတွက်လောက်ကိုမူကား ဤ သစ္စာလေးပါး အမေး အဖြေကို အဖန်ဖန် ရှုဆင်ခြင်ကြပါလျှင် ဒိဋ္ဌိဝိစိကိစ္ဆာချုပ်၍ မဂ်သို့ ရောက်နိုင်ခွင့် ရှိပေသည်။

ထို့ကြောင့် ဤကျမ်းစာအုပ်မှ ထုတ်နုတ်ပြီးလျှင် စာရွက်ပေါ် အသီးအခြား ပုံနှိပ်၍ ဓမ္မဒါနပြုကြပါလျှင် သစ္စာ မြင်သိမှု ဟူသော ပဋိဝေဓ သာသနာပြု ဒါယကာ အဖြစ်သို့သော်လည်း ရောက်နိုင်သည်ဖြစ်၍ ဓမ္မဒါန ဒါယကာတို့မှာ လည်း သောတာပန် စသည် တည်နိုင်ခွင့် ရှိပေ၏ ဟူလို။

သတိပေးစကား ပြီးပြီ။

---

## သစ္စာမြင်သိ လင်္ကာ

အမေး အဖြေဖြင့် အကျယ်ပြခဲ့ပြီးသော သစ္စာမြင်သိနည်းကို အကျဉ်း အားဖြင့် ကျက်မှတ်၍ ဆင်ခြင်နည်းကား —

ဖြစ်လိုမှုကြောင့် ဖြစ်မှု ဇာတိဒုက္ခံ။

ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခံ။

လေးရပ် ဤမျှ မြင်သိက ဖြစ်ထ သောတာပန်။

"ဖြစ်လိုမှု"ဟူသည် ဘဝတဏှာ သမုဒယ သစ္စာပင်တည်း။

"ဖြစ်မှု ဇာတိဒုက္ခံ"ဟူသည် ဇာတိစသော ဒုက္ခဖြစ်မှုပင်တည်း။

"ဖြစ်ချင်လိုမှု ပယ်စွန့်ပြု"ဟူသည် ဇာတိဖြစ်မှု၌ အိုနာ သေမှု မမြဲမှု ဆင်းရဲမှု အစိုးမရ အလိုသို့ မလိုက်မှုတို့ကို မြင်သိသော သမ္မာဒိဋ္ဌိ ဝိပဿနာမဂ် ပင်တည်း။

"ချုပ်မှု ထိုဒုက္ခံ"ဟူသည် ဇာတိ စသော ဒုက္ခတို့ ချုပ်ငြိမ်းသော နိရောဓ သစ္စာ နိဗ္ဗာန်ပင်တည်း။ ဤကထာအရ သစ္စာလေးပါးတို့၌ ယုံမှားကင်းလျှင် သောတာပတ္တိမဂ်သို့ ရောက်၏ ဟူလို။

## ဝိပဿနာပုတီးစိပ်နည်း

ထိုပြင် စင်္ကြံ သောတ ဃာန ဇိဝှါ ကာယ မနစသည်တို့၌ ခင်တွယ်သော တဏှာကို ချုပ်ငြိမ်းစေ၍ မဂ်အဆင့်ဆင့်သို့ ရောက်နိုင်ကြောင်းဖြစ်သော ဝိပဿနာကို၊ ဝါ-ပုတီးစိပ်နည်းကို ပြဦးအံ့—

ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ[၁]။

ဥပ္ပါဒေါ၊ ခန္ဓာဇာတိ ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ အိုနာသေမှု မမြဲမှုတို့ကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ ခန္ဓာဇာတိ ချုပ်ရခြင်းသည်။ သုခံ၊ ထိုပြဆိုခဲ့သော ဒုက္ခတို့မှ ကင်းလွတ်သော နိဗ္ဗာန်ချမ်းသာပေတည်း။

ဤသို့ ပုတီးစိပ်ခြင်း ဆင်ခြင် သုံးသပ်ခြင်း အဖန်ဖန် ပြုခဲ့လျှင် ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကို ကောင်းစွာ မြင်သိနိုင်ရကား တနည်း-သုခနှင့် ဒုက္ခကို ခွဲခြား၍ မြင်သိရကား ရှေးရှေးက မသိမမြင်သော အဝိဇ္ဇာ ချုပ်၏၊ အဝိဇ္ဇာ ချုပ်သဖြင့် ဘဝတဏှာလည်း ချုပ်နိုင်ရကား အလွန် အစွမ်းသတ္တိရှိသော ဝိပဿနာ ဖြစ်ပေသည်။

ထိုဝိပဿနာ ဉာဏ်အမြင် ပေါက်ရောက်ခဲ့လျှင် ဇာတိ ဖြစ်လိုမှုဘက်က တနည်း-လူနတ်ဗြဟ္မာ ချမ်းသာဘက်က ဘယ်လိုပင် စိတ်ကို ဆွဲဦးတော့၊

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃၊၅၇။

ဝါ-ဖြားယောင်းကြဦးတော့၊ မရနိုင်တော့ပြီ၊ ဇာတိချုပ်မှု၌သာ စိတ်သည် စွဲမြဲလေတော့၏။

ဥပမာ—အောက်သို့ စီးဆင်းနေသော မြစ်ရေအယဉ်ကို အထက်သို့ ဆန်တက်အောင်ပြုခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သို့ စီးဝင်သော သောတာပတ္တိမဂ်အယဉ်ကို ဝါ- ဖြစ်မှု ချုပ်ငြိမ်းလိုသော မဂ်စိတ် ဖိုလ်စိတ် အယဉ်ကို ဖြစ်မှုဘက်က ဆွဲ၍ မရနိုင်တော့ပြီ။

## ပယ်နည်း ပွါးနည်း

တရားအားထုတ်သော ပုဂ္ဂိုလ်အား ပယ်အပ်သော ပဟာတဗ္ဗ, ပွါးအပ်သော ဘာဝေတဗ္ဗတို့ကို သတိရှိကြစေခြင်းငှါ အကျဉ်းအားဖြင့် ပြဦးအံ့—

၁။ သောတာပတ္တိမဂ်ကို ရလိုလျှင် သောတာပတ္တိမဂ်ကို တားမြစ်တတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်ပါ။

၂။ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်လိုလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်နည်းကို ပြထားသော ကျမ်းများကို ကြည့်ရှု လေ့လာပါ၊ တနည်း–ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်ငြိမ်းအောင် ပြောဟောတတ်သော ပညာရှိများထံ ဆည်းကပ် ကြားနာမှတ်သား၍ အားထုတ်ပါ။

၃။ ဇာတိချုပ်သော နိဗ္ဗာန်ကို ရလိုလျှင် ဇာတိကို အလိုရှိသော ဘဝတဏှာစသည်ကို ပယ်ပါ။

၄။ ထိုတဏှာကို ပယ်လိုလျှင် ထိုတဏှာကြောင့်ဖြစ်သော ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ-ဟူ၍ ဟောတော်မူသော ဒုက္ခသစ္စာကို နာနာရှုပါ။

၅။ ရုပ်ခေတ်ကြီး ၄-ပါး၌ ပုဂ္ဂိုလ် သတ္တဝါ ငါ-ငါ၏ ဥစ္စာ-ဟု ရှုသော သက္ကာယဒိဋ္ဌိကို ပယ်လိုလျှင် ရုပကာယ၌ရှိသော ဓာတ်ကြီး ၄-ပါးတို့၏ သဘာဝလက္ခဏာနှင့် သာမညလက္ခဏာတို့ကို ရှုပါ၊ ဤသို့ ရှုလျှင် ပုဂ္ဂိုလ် သတ္တဝါ သဘောမရှိ၊ ဓာတ်ကြီး ၄-ပါး၏ သဘောမျှသာရှိ၏ဟု မြင်သိသဖြင့် အတ္တဒိဋ္ဌိ ချုပ်ပါလိမ့်မည်။

၆။ အပ္ပိယသမ္ပယောဂကို ပယ်လိုလျှင် မုန်းသောသူဟု သဘောမထားပဲ ဥပေက္ခာ ပြုပါ။

၇။ ပိယဝိပ္ပယောဂကို ပယ်လိုလျှင် ချစ်သောသူဟု မရှုပဲ ဥပေက္ခာပြုပါ။ အကျယ်ကို သောတာပတ္တိမဂ္ဂကထာမှာ ကြည့်ပါ။

သဲလွန်စ အနေဖြင့်ပြသော ပဟာတဗ္ဗ ဘာဝေတဗ္ဗကထာ ပြီးပြီ။

---

## နိဗ္ဗာန်ရှိပုံကို ပြဆိုခြင်း

**သင်္ဂြိုဟ်။** ။နိဗ္ဗာန်ရှိပုံ နိဗ္ဗာန်သို့ ရောက်ပုံတို့၌ ယုံမှားခြင်းများ ရှိတတ်ကြ၏၊ ထိုယုံမှားခြင်းများ ကင်းကြစေရန် ပါဠိတော် အဋ္ဌကထာများနှင့်တကွ ပြဦးအံ့–

ပဒမစ္စုတမစ္စန္တံ၊ အသင်္ခတမနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော[၁]—

ဟူ၍ သင်္ဂြိုဟ်ဆရာ အရှင်အနုရုဒ္ဓါက ပြ၏။

အစ္စုတံ၊ ရွေ့လျော့ခြင်း မရှိထသော။ အစ္စန္တံ၊ စုတိအဆုံးကို လွန်ထသော။ အသင်္ခတံ၊ သင်္ခတမဟုတ်သော။ ဝါ၊ သင်္ခါရတရားတို့ကဲ့သို့ ဖြစ်ခြင်း ပျက်ခြင်း ဥပါဒ် ဌီ ဘင် မရှိသော။ အနုတ္တရံ၊ တုဘက်ကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဝါနမုတ္တာ၊ ဝါနတဏှာမှ လွတ်ကုန်ပြီးသော။ မဟေသယော၊ ကြီးမြတ်သော ပညာရှိသော ဘုရားစသော သူတော်ကောင်းတို့သည်။ နိဗ္ဗာနမိတိ-နိဗ္ဗာနံ ဣတိ၊ နိဗ္ဗာန်ဟူ၍။ ဘာသန္တိ၊ ဆိုတော်မူကြကုန်၏။

အဓိပ္ပါယ် အထူးမှုကား—ပရိနိဗ္ဗာနစုတိနောင် ခန္ဓာအသစ် မဖြစ်ပဲ အနုပ္ပါဒ နိရောဓသဘောရှိမှုပင် ဟူလို။ ။သင်္ဂြိုဟ်ဆရာ ပြဆိုသော နိဗ္ဗာန်ပြီးပြီ။

**မဟာဋီကာ။** ။မဟာဋီကာဆရာ ပြတော်မူသော နိဗ္ဗာန်ကား—

နိဗ္ဗာနဥ္စ ဥပ္ပါဒါဒိနံ အဘာဝေန အသင်္ခတန္တိ ပညာယတိ။

ဟိ၊ နိဗ္ဗာန်၏ အသင်္ခတအဖြစ်ကို ထင်စွာ ပြဦးအံ့။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဥပ္ပါဒါဒိနံ၊ ဥပ္ပါဒ ပဝတ္တ စသည်တို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ တနည်း-

---

၁။ သင်္ဂြိုဟ်ပါဠိ၊ နှာ-၁၁၃။

အဘာဝေန၊ ဖြစ်မှုရှိခြင်း မဟုတ်သောကြောင့်။ အသင်္ခတန္တိ၊ အကြောင်းတရားတို့ မပြုပြင်အပ်သော အသင်္ခတတရားဟူ၍။ ပညာယတိ၊ ထင်ရှား၏။ ။မဟာဋီကာဆရာနည်း ပြီးပြီ။

**ဥဒါန်း။** ။ဥဒါန်းပါဠိတော်အရ ပြဦးအံ့–

အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ နိဗ္ဗာနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ ဝေဒနာက္ခန္ဓာကဲ့သို့ ဖဿ ဟူသော အကြောင်းကိုစွဲ၍ ဖြစ်ခြင်းမရှိသော။ အဘူတံ၊ အကြောင်းမရှိပဲလည်း ဖြစ်ခြင်းမရှိသော။ အကတံ၊ စုံတခုသော အကြောင်းမျှ မပြုပြင်အပ်သော။ အသင်္ခတံ၊ ဥပါဒ် ဌီ ဘင်ဟူသော သင်္ခတလက္ခဏာ မရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ သဘောအားဖြင့် ရှိ၏။ အဓိပ္ပါယ် ထင်ရှားပါ၏။

ထိုဥဒါန်းပါဠိတော် နှာ-၁၇၀၊ ၂၂၀-အရ အဋ္ဌကထာ၌ အနိဗ္ဗတ္တိသဘာဝတ္တာ အဇာတံ၊ တတော ဧဝ အဘူတံ စသည်ဖွင့်၏။

အနိဗ္ဗတ္တိသဘာဝတ္တာ၊ မဖြစ်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဇာတံ၊ အဇာတမည်၏။ တတော ဧဝ၊ ထိုသို့ဖြစ်ခြင်းမရှိပဲ သဘောအားဖြင့် တည်သည်၏အဖြစ်ကြောင့်သာလျှင်။ အဘူတံ၊ အဘူတမည်၏။ ။ဥဒါန်းပါဠိတော်အဋ္ဌကထာနည်း ပြီးပြီ။

**ဝိမာနဝတ္ထု။** ။ထို့ပြင် ဆတ္တမာဏဝလုလင်အား သရဏဂုံပေးရာ၌ နိဗ္ဗာန်ကို မြတ်စွာဘုရား ဟောတော်မူပုံ ပြဦးအံ့–

ဓမ္မံ မသင်္ခတ မပ္ပဋိကူလံ[၁]။

အသင်္ခတံ၊ ဥပါဒ် ဌီ ဘင်အားဖြင့် ဖြစ်ခြင်း ပျက်ခြင်းမရှိသော။ အပ္ပဋိကူလံ၊ တစုံတရာ စက်ဆုပ်ဖွယ်မရှိသော။ ဓမ္မံ၊ နိဗ္ဗာန်တရားရင်း။

အဓိပ္ပါယ်မှာ သင်္ခါရတရားတို့၌ ဖြစ်ခြင်း ပျက်ခြင်းရှိသောကြောင့် စက်ဆုပ်ဖွယ် ရှိ၏၊ နိဗ္ဗာန်မူကား ဖြစ်ခြင်း ပျက်ခြင်း သင်္ခတလက္ခဏာ မရှိသောကြောင့် စက်ဆုပ်ဖွယ်မရှိ၊ အလွန်စင်ကြယ်သော တရားဟု သိစေမူပင်တည်း။

နိဗ္ဗာန်ရှိပုံကို ယုံမှားကင်းစေရန် ပြဆိုချက်များ ပြီးပြီ။

---

၁။ ဝိမာနဝတ္ထုပါဠိ၊ နှာ-၇၆။

## နိဗ္ဗာန်သို့ ရောက်ပုံ

နိဗ္ဗာန်သို့ ရောက်ပုံကို ပြဦးအံ့–

တောယ ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏဝသေန[၁]ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာ ဖွင့်ပြ၏။

တောယ၊ ဤ အဋ္ဌင်္ဂိကမဂ်ဖြင့်။ ဒုက္ခနိရောဓံ၊ ဒုက္ခနိရောဓ နိဗ္ဗာန်သို့။ အာရမ္မဏဝသေန၊ အာရုံပြုသောအစွမ်းအားဖြင့်။ ဂစ္ဆတိ၊ ရောက်တတ်၏။

အဓိပ္ပါယ်ကား—

နိဗ္ဗာန်သို့ ရောက်၏ဟူသည် ပုဂ္ဂိုလ်ကိုယ်တိုင် မရောက်၊ မဂ်စိတ် ဖိုလ်စိတ်တို့သာလျှင် အာရုံပြုသောအားဖြင့် ရောက်၏ ဟူလို။

သဒ္ဒါနည်းဖြင့် ဥပမာပြသော် မရတိ၊ သေ၏။ မရဏံ နိဂစ္ဆတိ၊ သေခြင်းသို့ ရောက်၏။ဤသို့ သဒ္ဒါပြားသော်လည်း အနက်မှာ သေ၏ဟူသော မရဏအနက် တပါးသာတည်း၊ ထို့အတူ နိဗ္ဗာန်သို့ ရောက်၏ဟူသည် ဇာတိစသော ဒုက္ခတို့ တဖန်မဖြစ်မူ၍ ချုပ်သော အနုပ္ပါဒ နိရောဓပင် ဟူလို။

နိဗ္ဗာန်သို့ရောက်ပုံ မျက်မှောက်ပြုပုံကို အကျဉ်းအားဖြင့် ကျက်မှတ်ရန် ကထာကား—

ဟေတုံ ပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ[၂]။

ဟေတုံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ တနည်း–ဟေတုံ၊ အမှန်ကိုမသိမမြင်, လိုချင် စွဲယူမှု, ကံ-အစုဟူသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ကို၊ ပဋိစ္စ၊ စွဲ၍။ သမ္ဘူတာ၊ ဇာတိ ဇရာ ဗျာဓိ မရဏ စသော အကျိုးတရားတို့သည် ပွါးစီး၍ နေကုန်၏။ ဟေတုဘင်္ဂါ၊ အကြောင်း၏ ချုပ်ခြင်းကြောင့်။ တနည်း–ဟေတုဘင်္ဂါ၊ အမှန်သိမြင်, လိုချင်ပယ်မှု, ကံ မပြုမှုကြောင့်။ နိရုဇ္ဈရေ၊ ဇာတိစသော အကျိုးတရားတို့လည်း ချုပ်ရကုန်၏။

အဓိပ္ပါယ်ကား-ဖြစ်ကြောင်းရှိနေလျှင်ဖြစ်၏၊ဖြစ်ကြောင်းကုန်လျှင်ချုပ်ငြိမ်း၏။ ဥပမာ–ဖယောင်းတိုင်ကိုအမှီပြု၍ဖြစ်သော မီးတောက်သည်ဖယောင်းတိုင်

---

၁။ ဝိသုဒ္ဓိမဂ်၊ ဒု-တွဲ-၊နှာ-၁၂၆။ ၂။ သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၁၃၆။

ကုန်လျှင် ငြိမ်းရဘိသကဲ့သို့ တနည်း–အပင်ကို အမှီပြု၍ဖြစ်သော အသီးသည် အပင်သေလျှင် တနည်း–အပင်ကို သတ်ဖြတ် ဖျက်ဆီးပစ်လျှင် တဖန် အသီး မဖြစ်နိုင်သကဲ့သို့ ထို့အတူ ဇာတိဒုက္ခ ဖြစ်ကြောင်းကုန်လျှင် ဇာတိစသော ဒုက္ခတို့ ချုပ်ငြိမ်းခြင်းသို့ရောက်ရကုန်၏။ ဤသည်လျှင် မဂ်အကျင့်ကိုကျင့်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်သို့ ရောက်သည်မည်၏ ဟူလို။

နိဗ္ဗာန်သို့ရောက်ပုံ ပြီးပြီ။

---

## ဖြစ်ပုံ ချုပ်ပုံ

ထို့ပြင် အကြောင်းရှိက အကျိုးဖြစ်ပုံ အကြောင်းကုန်က အကျိုးချုပ်ရပုံကို ဒဋ္ဌိကမ္မ ဖြစ်စေခြင်းငှါလည်း ပဋိစ္စသမုပ္ပါဒ် ကိုယ်တွေ့ဖြစ်ခြင်းငှါလည်း ပြဦးအံ့—

ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ န ဟောတိ[၁]။ ကသ္မာ၊ အဇာတတ္တာ။

ဇာတိယာ၊ ဇာတိသည်။ သတိ၊ ရှိသော်။ ဇရာမရဏံ၊ အို နာ သေမှု ဟူသော အကျိုးတရားသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိယာ၊ ဇာတိသည်။ အသတိ၊ မရှိသည်ရှိသော်။ ဇရာမရဏံ၊ အို နာ သေမှုသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ အဇာတတ္တာ၊ ဖြစ်ခြင်းပင် မရှိသောကြောင့်တည်း။

အဓိပ္ပါယ် အထူးမူကား—

ဇာတိရှိလျှင် ဇရာမရဏဖြင့် ပျက်၏၊ ပုထုဇဉ်ဟူသမျှ အို နာ သေမှုကို အလိုမရှိကြ၊ မအို မနာ မသေမှုကို အလိုဆန္ဒ ရှိကြ၏၊ ယင်းသို့ ဆန္ဒ ရှိကြသော်လည်း မရအပ်၊ အဘယ့်ကြောင့် မရသနည်း ဟူမူ ခန္ဓာဇာတိ ရှိခဲ့လျှင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာများ ကပ်လျက် ပါရှိနေသောကြောင့်တည်း။ အကယ်၍ ခန္ဓာဇာတိဖြစ်ကြောင်းကုန်ခဲ့လျှင် ဇာတိပင် မဖြစ်တော့ပြီ၊ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာနှင့် သေမင်းလည်း မလိုက်နိုင်တော့ပြီ၊ သေမင်း၏ မျက်ကွယ် နိဗ္ဗာန်ဟူသည် ဇာတိချုပ်မှုပင် ဟူလို။

---

၁။ နိဒါနဝဂ္ဂသံယုတ် ပါဠိ၊ နှာ ၃၀၅-၃၀၇။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၅၂။ သုတ္တမဟာဝါ ဒု-တွဲ၊ နှာ-၂၁၀-ကို မှီးသည်။

ဘဝေ သတိ ဇာတိ ဟောတိ၊
ဘဝေ အသတိ ဇာတိ န ဟောတိ[၁]။

ဘဝေ၊ ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော ကမ္မဘဝသည်။ သတိ၊ ရှိသော်။ ဇာတိ၊ ဘဝသစ်၌ ရှေးဦးဖြစ်ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝေ၊ ကုသိုလ်ကံ အကုသိုလ်ကံသည်။ အသတိ၊ မရှိသော်။ ဇာတိ၊ ဇာတိသည်။ န ဟောတိ၊ မဖြစ်။

ဥပါဒါနေ သတိ ဘဝေါ ဟောတိ၊
ဥပါဒါနေ အသတိ ဘဝေါ န ဟောတိ[၁]။

ဥပါဒါနေ၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန် ၄-ပါးသည်။ သတိ၊ ရှိသော်။ ဘဝေါ၊ ကမ္မဘဝ ဥပပတ္တိဘဝ သည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနေ၊ ဥပါဒါန် ၄-ပါးသည်။ အသတိ၊ မရှိသော်။ ဘဝေါ၊ ဘဝသည်။ န ဟောတိ၊ မဖြစ်။

တဏှာယ သတိ ဥပါဒါနံ ဟောတိ၊
တဏှာယ အသတိ ဥပါဒါနံ န ဟောတိ[၁]။

တဏှာယ၊ တဏှာသည်။ သတိ၊ ရှိသော်။ ဥပါဒါနံ၊ ကြွက်ကို ကြောင် ကိုက်ခဲထားသကဲ့သို့ အပြင်းအထန် စွဲယူတတ်သော တဏှာ ဒိဋ္ဌိ ဥပါဒါန်သည်။ ဟောတိ၊ ဖြစ်၏။ တဏှာယ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသည်။ အသတိ၊ မရှိသော်။ ဥပါဒါနံ၊ ဥပါဒါန် ၄-ပါးသည်။ န ဟောတိ၊ မဖြစ်။

ဝေဒနာယ သတိ တဏှာ ဟောတိ၊
ဝေဒနာယ အသတိ တဏှာ န ဟောတိ[၁]။

ဝေဒနာယ၊ သုခ ဒုက္ခ ဥပေက္ခာ သောမနဿ ဒေါမနဿ ဝေဒနာသည်။ သတိ၊ ရှိသော်။ တဏှာ၊ တဏှာသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာယ၊ သုခ ဒုက္ခ ဥပေက္ခာ သောမနဿ ဒေါမနဿ ဝေဒနာသည်။ အသတိ၊ မရှိသော်။ တဏှာ၊ တဏှာသည်။ န ဟောတိ၊ မဖြစ်။

ဤ၌ သုခဝေဒနာ သောမနဿဝေဒနာတို့ကြောင့် တဏှာ တိုက်ရိုက်ဖြစ်၏၊ ဒုက္ခဝေဒနာကြောင့် တဏှာ တိုက်ရိုက်မဖြစ်သော်လည်း ထို ဒုက္ခဝေဒနာမှ လွတ်လိုသော ဆန္ဒ တဏှာ ဖြစ်၏ ဟူလို။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၀၅-၇။

ဖဿေ သတိ ဝေဒနာ ဟောတိ၊
ဖဿေ အသတိ ဝေဒနာ န ဟောတိ[၁]။

ဖဿေ၊ ဒွါရ, အာရုံ, ဝိညာဏ် ပေါင်းဆုံခြင်း ဟူသော ဖဿသည်။ သတိ၊ ရှိသော်။ ဝေဒနာ၊ ခံစားမှုဟူသော ဝေဒနာသည်။ ဟောတိ၊ ဖြစ်၏။

ဥပမာ-အဂ္ဂိနာ ဖုဋ္ဌဿ ဖဿော၊ ဒါဟော ဝိယ ဒုက္ခဝေဒနာ။ အဂ္ဂိနာ၊ မီးနှင့်။ ဖုဋ္ဌဿ၊ ထိခြင်းကဲ့သို့။ ဖဿော၊ ဖဿ စေတသိက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဒါဟော ဝိယ၊ ပူလောင်ခြင်းကဲ့သို့။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာ စေတသိက်ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ ဥပမာ—မီးခဲကလေးကို တနေရာ၌ ချထားပါ၊ လက်နှင့် မထိသော် မပူနိုင်ပါ၊ လက်နှင့် ထိမှသာ ပူသည်ကို သိသောစိတ် ဖြစ်နိုင်သည်။ ထို့ကြောင့် ဖဿသည် ဝေဒနာဖြစ်ကြောင်းတရား ထင်ရှား၏။

ဖဿေ၊ ဖဿသည်။ အသတိ၊ မရှိသော်။ ဝေဒနာ၊ ဝေဒနာသည်။ န ဟောတိ၊ မဖြစ်။ မီးနှင့် ထိ၍သာ ပူ၏၊ မထိလျှင် မပူနိုင်။

ဤသို့အားဖြင့် အကြောင်းရှိလျှင် အကျိုးဖြစ်ရတော့၏၊ အကြောင်းမရှိလျှင် အကျိုး မဖြစ်နိုင်။ ဤကား ပဋိစ္စသမုပ္ပါဒ်အရ ပစ္စုပ္ပန်အကြောင်း ပစ္စုပ္ပန်အကျိုး ဖြစ်ပုံတည်း။

ထို့အတူ သမုဒယသစ္စာ တဏှာမူလ အကြောင်းရှိခဲ့လျှင် ဇာတိ စသော မူလ အကျိုး ဒုက္ခဖြစ်နိုင်၏၊ ထိုတဏှာဟူသော ဟေတုအကြောင်းမရှိခဲ့လျှင် ဝါ-တဏှာချုပ်ငြိမ်းစေလျှင် ဇာတိဟူသော အကျိုးမဖြစ်နိုင်၊ အဇာတိ နိဗ္ဗာန်ကို ရလေတော့၏ ဟူလို။ ဤသို့အားဖြင့်လည်း သမုဒယကြောင့် ဒုက္ခသစ္စာ ဖြစ်၍ သမုဒယချုပ်လျှင် ဇာတိ စသော ဒုက္ခချုပ်သော နိဗ္ဗာန်ရှိပုံကို ဉာဏစက္ခုဖြင့် သိအပ်၏ ဟူလို၊ ဤကား စကားချုပ်တည်း။

သဠာယတနေ သတိ ဖဿော ဟောတိ၊
သဠာယတနေ အသတိ ဖဿော န ဟောတိ[၁]။

သဠာယတနေ၊ စက္ခု စသော အဇ္ဈတ္တိကာယတန ၆-ပါး ရူပါရုံ စသော ဗာဟိရာယတန ၆-ပါးသည်။ သတိ၊ ရှိသော်။ ဖဿော၊ စက္ခု သမ္ဖဿ စသော

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၀၅-၇။

ဖဿ ၆-ပါးသည်။ ဟောတိ၊ဖြစ်၏။ သဠာယတနေ၊သဠာယတနသည်။ အသတိ၊ မရှိသော်။ ဖဿော၊ ဖဿသည်။ န ဟောတိ၊ မဖြစ်။

ဤ၌ ရူပကာယလည်းမရှိ ဖောဋ္ဌဗ္ဗာရုံလည်း မရှိလျှင် ဖဿ မဖြစ်နိုင်၊ အကယ်၍ ကာယပသာဒ် ရှိဦးတော့၊ ဖောဋ္ဌဗ္ဗမရှိလျှင် ကာယဝိညာဏ်စိတ် မဖြစ်နိုင်၊ ဥပမာ–မီးခြစ်ဆံပင် ရှိဦးတော့၊ ကော်ဖတ်နှင့် မထိလျှင် မီးတောက်မဖြစ်နိုင် သကဲ့သို့တည်း။

နာမရူပေ သတိ သဠာယတနံ ဟောတိ၊
နာမရူပေ အသတိ သဠာယတနံ န ဟောတိ[၁]။

နာမရူပေ၊ နာမ်ရုပ်သည်။ သတိ၊ ရှိသော်။ သဠာယတနံ၊ သဠာယတနသည်။ ဟောတိ၊ ဖြစ်၏။ (နာမ်ရုပ်၏ သရုပ်သချ်ာ ရေတွက် နည်းကား စိတ် ၈၉-ခုကို အာရုံသိခြင်း ဝိဇာနနလက္ခဏာ တပါးတည်း ပြု၍ စေတသိက် ၅၂-နှင့် ပေါင်းသော် နာမ် ၅၃-ဖြစ်၏၊ ထိုနာမ် ၅၃ နှင့် ရုပ် ၂၈-တို့သည် နာမ်ရုပ်မည်ကုန်၏)။ နာမရူပေ၊ နာမ် ရုပ်သည်။ အသတိ၊ မရှိသော်။ သဠာယတနံ၊ သဠာယ-တနသည်။ န ဟောတိ၊ မဖြစ်။

ဝိညာဏေ သတိ နာမရူပံ ဟောတိ၊
ဝိညာဏေ အသတိ နာမရူပံ န ဟောတိ[၁]။

ဝိညာဏေ၊ ဘဝနှစ်ပါးကို တစပ်တည်းကဲ့သို့ စပ်တတ်သည်၏ အဖြစ်ကြောင့် ပဋိသန္ဓေ မည်သော ဝိညာဏ်စိတ်သည်။ သတိ၊ ရှိသော်။ နာမရူပံ၊ သိတတ် သော နာမ် ၅၃-ခုနှင့် မသိတတ်သော ရုပ် ၂၈-ခုသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏေ၊ ပဋိသန္ဓေဝိညာဏ်စိတ်သည်။ အသတိ၊ မရှိသော်။ နာမရူပံ၊ နာမ်ရုပ် ၂-ပါးသည်။ န ဟောတိ၊ မဖြစ်။

သင်္ခါရေ သတိ ဝိညာဏံ ဟောတိ၊
သင်္ခါရေ အသတိ ဝိညာဏံ န ဟောတိ[၁]။

သင်္ခါရေ၊ ကုသိုလ် အကုသိုလ် စေတနာကံသည်။ သတိ၊ ရှိသော်။ ဝိညာဏံ၊ ပဋိသန္ဓေ ဝိညာဏ်သည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရေ၊ သင်္ခါရသည်။ အသတိ၊ မရှိသော်။ ဝိညာဏံ၊ ပဋိသန္ဓေ ဝိညာဏ်သည်။ န ဟောတိ၊ မဖြစ်။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၀၅-၇။

အဝိဇ္ဇာယ သတိ သင်္ခါရာ ဟောန္တိ၊
အဝိဇ္ဇာယ အသတိ သင်္ခါရာ န ဟောန္တိ[၁]။

အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ တနည်း - အဝိဇ္ဇာယ၊ သစ္စာ ၄-ပါး ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ဟုတ်မှန်စွာ မမြင်မသိတတ်သော မောဟ အဝိဇ္ဇာသည်။ သတိ၊ ရှိသော်။ သင်္ခါရာ၊ သင်္ခါရ ဟူသော အကျိုးတရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ အသတိ၊ မရှိသော်။ သင်္ခါရာ၊ စေတနာ ကံ သင်္ခါရ တရားတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

အဘယ့်ကြောင့် သင်္ခါရတရားကို မပြုမလုပ်သနည်း ဟူမူ ဒုက္ခ ဖြစ်ကြောင်း တရားဟု သိသောကြောင့်တည်း။ ဥပမာ–မီးဟုသိလျှင် လက်ဖြင့် မထိဝံ့သကဲ့သို့ အဆိပ်သီးဟု သိလျှင် မစားဝံ့သကဲ့သို့ ထို့အတူ ဒုက္ခ ဖြစ်မည်ကို သိသဖြင့် ကြောက်သောကြောင့် ဟူလို။

ထို့ကြောင့် "ဒုက္ခမြင်သိ တဏှာကင်း၊ နိရောဓသို့သာ ညွတ်သည်မဂ်စိတ်" ဟူသော ကထာအရ ယထာဘူတအတိုင်း မြင်သိသောသူသည် နိဗ္ဗာန်သို့သာ ညွတ်လေတော့၏၊ မဂ် ဖိုလ် နိဗ္ဗာန်တို့၌လည်း ယုံမှားကင်းလေတော့၏။

ဤတွင် ဓမ္မေ ကင်္ခါ-အရ မဂ်ဖိုလ်နိဗ္ဗာန်တို့၌ ယုံမှားပယ်မှု ပြီးပြီ။

အဘိဓမ္မာနည်း ဝိစိကိစ္ဆာပယ်ပုံ ပြီးပြီ။

---

## ဝဋ် ၃ ပါး ဖြစ်ပုံ ချုပ်ပုံ

ဝဋ် ၃-ပါး ဖြစ်ပုံ ချုပ်ပုံ ဗဟုသုတ ရှိကြစေရန် ပြဦးအံ့–ဒိဋ္ဌိဝိစိကိစ္ဆာကို ကိလေသာ သံယောဇဉ်အမည်ဖြင့် အသုံးမပြုပဲ ဝဋ်အမည်ဖြင့် သောတာပတ္တိမဂ်၌ ဝဋ်ချုပ်ပုံကို ပြဦးအံ့–

သောတာပတ္တိမဂ်၌ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဟူသော ကိလေသာဝဋ် ၂-ပါး ချုပ်၏၊ ထို ၂-ပါးတို့ ချုပ်လျှင် ခုနစ်ဘဝထက် သံသရာစက် မလည်နိုင်၊ သံသရာစက် ချုပ်ပြတ်ရတော့၏။

**ဝဋ်မည်ပုံ။** ။ဝဋ်ဟူသော အခိပ္ပါယ်ကား အနမတဂ္ဂ သံသရာမှစ၍ နိဗ္ဗာန် မရမီအကြား ထပ်ကာထပ်ကာမပြတ် တဲလည်လည် ဖြစ်ပျက်နေမှုကို ဆို၏။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ·၃၀၅-၇။

ဥပမာ—မျိုးစေ့ကြောင့် အပင်၊ အပင်ကြောင့် မျိုးစေ့ ဆိုဘိသကဲ့သို့ ကိလေသဝဋ်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံဟူသော ကမ္မဝဋ် ဖြစ်၏၊ ထိုကမ္မဝဋ်ကြောင့် ၃၁-ဘုံ၌ ပဋိသန္ဓေဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဝိပါကဝဋ် ၅-ပါး ဖြစ်၏။

ထို ဝိပါကဝဋ်၌ ပါရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေလက် စသည်တို့ကို တဏှာဒိဋ္ဌိတို့ဖြင့် ငါ-ငါ၏ဥစ္စာ ဟူသော ကိလေသဝဋ် တဖန်ဖြစ်ပြန်တော့၏၊ ယင်းသို့အားဖြင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်,ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဇာတိ ဇရာ ဗျာဓိ မရဏ အပါယ စသော ဒုက္ခတို့သည် သံသရာရဟတ်ချား ဆိုလည်နွားကဲ့သို့ အိုမှုလည်းမဆုံး နာမှုလည်းမဆုံး သေမှုလည်းမဆုံး တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ် ကျမှုလည်း မဆုံး ဝဲလှည့်သည့် သစ်တုံးကဲ့သို့ ဆုံးမမြင် စမမြင် ဝဋ်ဒုက္ခတို့ဖြစ်၍ နေရတော့၏ ဟူလို။

### နှုတ်ရဆောင်ထားရန် လင်္ကာ

ဖြစ်လို့မှု ဘဝတဏှာကြောင့် ပြုမှုကမ္မံ။
ထိုထို ကိလေသဝဋ် ကမ္မဝဋ် ပြည့်စုံက ဖြစ်ထ ဝိပါက ဇာတိတဖန်။
ချုပ်လို့မှုကြောင့် ပွါးမှု သမ္မာဒိဋ္ဌိဘာဝနာမဂ္ဂံ။
ဤသို့ ဘာဝနာမဂ္ဂ ပြည့်စုံက ချုပ်ရ ဝိပါကဒုက္ခံ။

ထို ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်သုံးပါးတို့တွင် ကိလေသဝဋ် မချုပ်လျှင် ကျန်သော ကမ္မဝဋ် ဝိပါကဝဋ်တို့ မချုပ်နိုင်ပုံကို ပြလိုသော အဋ္ဌကထာ ဆရာသည် ယာဝ ကိလေသဝဋ္ဋံ စသည်ကို မိန့်ဆိုတော်မူပေ၏။

**မိန့်ဆိုပုံ။** ။ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ၊ တာဝ အနုပစ္ဆိန္နပစ္စယတ္တာ အနဝဋ္ဌိတံ ပုနပ္ပုနံ ပရိဝတ္တနတော ဘမတိယေဝ[၁]။

ယာဝ၊ အကြင်မျှလောက်။ ကိလေသဝဋ္ဋံ၊ အမှန်မသိမှု အဝိဇ္ဇာ လိုချင်မှု တဏှာ အမှန်ကို မမြင် စွဲယူမှု ကျင့်မှု ဒိဋ္ဌိ ကိလေသဝဋ်သည်။ န ဥပစ္ဆိဇ္ဇတိ၊ မချုပ် မပြတ်သေး။ တာဝ၊ ထို ကိလေသဝဋ် မချုပ် မပြတ်သေးသမျှ ကာလပတ်လုံး။ အနုပစ္ဆိန္နပစ္စယတ္တာ၊ မပြတ်သေးသော အကြောင်းအမြစ် ရှိသည်၏

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၂၁၆။

အဖြစ်ကြောင့်။ အနဝင္ဂိတံ၊မပြတ်မလပ်။ ပုနပ္ပုနံ၊အဖန်တလဲလဲ။ ပရိဝတ္တနတော၊ လှည့်ပတ်နေခြင်းကြောင့်။ ဘမတိယေဝ၊ လည်သည်သာတည်း။

ထိုဝဋ်ရှိနေလျှင် သံသရာမှ မလွတ်နိုင်ဟု ဆိုလျှင် ထိုဝဋ်ချုပ်မှသာ သံသရာဝဋ်မှ လွတ်နိုင်မည် ဟူသော အဓိပ္ပါယ်ကို သိအပ်၏ ဟူလို။

## ကိလေသဝဋ် အမျိုးမျိုး

ဝဋ်သုံးပါးတို့တွင် ကိလေသဝဋ်၏ အဓိပ္ပါယ်ကို ပြဦးအံ့---

၁။ အမှန် မသိမှု၊ တနည်း–သစ္စာ မသိမှု ထပ်ကာ ထပ်ကာ ဖြစ်နေမှုသည် အဝိဇ္ဇာ မောဟ ကိလေသဝဋ် မည်၏။

၂။ ကာမတဏှာ ဘဝတဏှာ စသည်ဖြင့် အာရုံ ၆-ပါးကို ကပ်ငြိ မက်မောမှု ထပ်ကာ ထပ်ကာ ဖြစ်၍နေခြင်းသည် တဏှာ လောဘ-ဟူသော ကိလေသဝဋ် မည်၏။

၃။ ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် ဖဿ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် ငါတည်း၊ ထိုငါသည် ခန္ဓာကို အစိုးရ၏၊ အလိုသို့ လိုက်စေနိုင်၏ဟု ယူသော အတ္တဒိဋ္ဌိ၊ တနည်း–သက္ကာယဒိဋ္ဌိ တဝဲလည်လည် ဖြစ်နေမှုသည် ဒိဋ္ဌိကိလေသဝဋ် မည်၏။

ထိုဝဋ် ၃-ပါးတို့တွင် သောတာပတ္တိမဂ်၌ ဒိဋ္ဌိ ဝိစိကိစ္ဆာ-ဟူသော ကိလေသဝဋ်သည် အကြွင်းမဲ့ ချုပ်၏၊ ဥဒ္ဓစ္စ ဝိစိကိစ္ဆာ-ဟူသော မောဟမူ ၂-ခုအနက် စိတ်ပျံ့လွင့်တတ်သော ဥဒ္ဓစ္စ ကျန်၏၊ လောဘ၌ ဒိဋ္ဌိနှင့် မယှဉ်သော ဝိပ္ပယုတ် လောဘ ၄-ခု ကျန်၏၊ ယင်းသို့ပင် ကျန်သော်လည်း ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါး ချုပ်လျှင် အလွန်ဆုံး ခုနစ်ဘဝထက် သံသရာစက် မလည်နိုင်၊ ချုပ်ငြိမ်းရလေ တော့၏။

ဤတွင် ဝဋ်သုံးပါး လည်ပုံ ချုပ်ပုံ ပြဆိုပုံ ပြီးပြီ။

---

## တရားဟော တရားနာသူတို့ တာဝန်

တရားဟောပုဂ္ဂိုလ်နှင့် တရားနာပုဂ္ဂိုလ်တို့ တာဝန်ကို ပြဦးအံ့–

အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ် သုံးပါးတို့တွင် သစ္စာ ၄-ပါးကို မမြင် မသိအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာသည် အလွန် ငြိးငွေ့ဖွယ်

ကောင်း၏၊ အဘယ့်ကြောင့်ဆိုသော် သူ့ကို မပယ်လျှင် သံသရာဘေး အပါယ်ဘေးတို့မှ မလွတ်နိုင်သောကြောင့်တည်း။

**တရားဟောသူတာဝန်။** ။ထို့ကြောင့် ထိုအဝိဇ္ဇာကို ငြိမ်းငွေ့ခြင်းငှါ ကင်းခြင်းငှါ ချုပ်ခြင်းငှါ ဟောမှ ဓမ္မကထိက မည်ကြောင်း နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုဒေသနာတော်ကို ပြဦးအံ့—

အဝိဇ္ဇာယ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ "ဓမ္မကထိကော ဘိက္ခူ"တိ အလံ ဝစနာယ[၁]။

ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာမောဟကို။ တနည်း—အဝိဇ္ဇာယ၊ ဉပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ-ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသော ပါဠိအရ "ဖြစ်မှုရှိက ပျက်ရဒုက္ခံ၊ ဖြစ်မှုချုပ်မှ ချုပ်မှုဒုက္ခံ၊ ဒုက္ခချုပ်မှ သုခနိဗ္ဗာန်၊ ဖြစ်လိုဆန္ဒ ကျင့်သမျှကား တဏှာ သမုဒယသစ္စံ၊ ချုပ်လိုဆန္ဒ ကျင့်သမျှကား သမ္မာဒိဋ္ဌိ မဂ္ဂသစ္စံ" ဟူသော သစ္စာလေးပါးကို မသိမမြင်အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကို။ နိဗ္ဗိဒါယ၊ ငြိမ်းငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ကင်းခြင်းငှါ။ နိရောဓာယ၊ ချုပ်ခြင်းငှါ။ ဓမ္မံ၊ တရားကို။ ဒေသေတိ စေ၊ အကယ်၍ ဟောငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မကထိကောတိ၊ ဓမ္မကထိက မည်၏ဟူ၍။ အယံ၊ ငါဘုရားသည်။ ဝစနာယ၊ ပြောဆိုခြင်းငှါ။ အလံ၊ ထိုက်၏။ ။ဤကား တရားဟောပုဂ္ဂိုလ်၏ တာဝန်တည်း။

**တရားနာသူတာဝန်။** ။အဝိဇ္ဇာယ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ၊ "ဓမ္မာနုဓမ္မပ္ပဋိပန္နော ဘိက္ခူ"တိ အလံ ဝစနာယ[၁]။

ယော ဘိက္ခု၊ အကြင်သံသရာဘေးကို ရှုလေ့ရှိသော သူသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ဝါ၊ သစ္စာမသိမှုကို။ နိဗ္ဗိဒါယ၊ ငြိမ်းငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ကင်းခြင်းငှါ။ ဝါ၊ မြင်သိအောင်ပြုခြင်းငှါ။ နိရောဓာယ၊ မြင်သိအောင်ပြု၍ မသိမှုချုပ်ခြင်းငှါ။ ပဋိပန္နော၊ ကျင့်သည်။ ဝါ၊ သစ္စာကို သိအောင် အားထုတ်သည်။ ဟောတိ စေ၊ အကယ်၍ဖြစ်အံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဝါ၊ ထိုပုဂ္ဂိုလ်ကို။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၂၅၈။ ခန္ဓဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၁၃၃။

ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ၊ လောကုတ္တရာ တရားနှင့် လျော်အောင် ကျင့်သောရဟန်း ဟူ၍။ ဝစနာသယ၊ ပြောဆိုခြင်းငှါ။ အလံ၊ ထိုက်၏။ ။ဤကား တရားနာသော ပုဂ္ဂိုလ်၏ တာဝန်တည်း။

**တရားတာဝန်**။ ။အဝိဇ္ဇာယ စေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါ- ဝိမုတ္တော ဟောတိ၊ "ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တော ဘိက္ခူ"တိ အလံ ဝစနာယ[၁]။

ယော ဘိက္ခု၊ အကြင် ရဟန်းသည်။ အဝိဇ္ဇာယ၊ သစ္စာမသိမှု၌။ နိဗ္ဗိဒါ၊ ငြီးငွေ့သည်။ ဝိရာဂါ၊ မသိမှုမှကင်းသည်။ နိရောဓာ၊ မသိမှုချုပ်ငြိမ်းသည်။ အနုပါဒါဝိမုတ္တော၊ တဏှာဒိဋ္ဌိဖြင့် တစုံတရာ စွဲယူခြင် မရှိသည်။ ဟောတိ စေ၊ အကယ်၍ ဖြစ်ငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဝါ၊ ထိုပုဂ္ဂိုလ်ကို။ ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တောတိ၊ ဒိဋ္ဌဓမ္မ ပစ္စုပ္ပန်ဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ဝါ-ရောက်သော ရဟန်းဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝစနာယ၊ ပြောဆိုခြင်းငှါ။ အလံ၊ ထိုက်၏။ ။ဤကား တရား၏တာဝန်တည်း။

**တာဝန် ၃-ရပ်**။ ။ဤဒေသနာတော်၏ အဓိပ္ပါယ်မှာ တရားဟောပုဂ္ဂိုလ်၏ တာဝန် တရားနာပုဂ္ဂိုလ်၏တာဝန် ကျင့်သောပုဂ္ဂိုလ်သို့ အကျိုးပေးရန် တရားတာဝန်ဟု တာဝန် ၃-ပါးကို ပြဆို၏။

ထိုတာဝန်အရ မြတ်စွာဘုရားက မိမိတာဝန် သာဝကတာဝန် တရားတာဝန် ဟု သန္နိဋ္ဌာန်ကျ ဟောတော်မူလိုရကား—

> ပရိယတ္တိကထနံ မယှံ ဘာရော၊ ပဋိပတ္တိပူရဏံ သာဝကာနံ ဘာရော၊ အာနိသံသဒါနံ ဓမ္မာနံ ဘာရော—

ဟု ဟောတော်မူ၏။

ပရိယတ္တိကထနံ၊ သင် ချစ်သားတို့ တတ်သိ လိမ္မာ ဗဟုသုတ ရှိအောင် ပြောဟောခြင်းကား။ မယှံ၊ ငါဘုရား၏။ ဘာရော၊ တာဝန်တည်း။

ပဋိပတ္တိပူရဏံ၊ ငါဘုရား ဆုံးမ ဟောကြားတော်မူသည့်အတိုင်း ကောင်းစွာ ကျင့်ကြံ အားထုတ်မှုကား။ သာဝကာနံ၊ တပည့်သာဝကတို့၏။ ဘာရော၊ တာဝန်တည်း။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၂၅၇၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၁၃၃။

အာနိသံသဒါနံ၊ ကျင့်သောသူတို့ကို အကျိုးရစေမှုကား။ဓမ္မာနံ၊တရားတို့၏။ ဘာရော၊ တာဝန်တည်း။

အချို့သော ပုဂ္ဂိုလ်တို့သည် ဤ တရားကို ကျင့်သာကျင့်ရသည်၊ ထိုကျင့်သောတရားသည် အကျိုးရမှ ရပါမည်လားဟု ယုံမှားတတ်၏၊ မြတ်စွာဘုရားက ယုံမှားမရှိကြနှင့်၊ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ" အရမှာ ပစ္စုပ္ပန် ဒိဋ္ဌဓမ္မ ရမှုနှင့် ဒုတိယဘဝစသည်၌ အကျိုးရမည်အမှန်ဟု ဟောတော်မူ၏ ဟူလို။ ဤ ဒေသနာတော်အရ အကယ်၍ ကျင့်ကြ အားထုတ်ကြလျှင် တရားက သက်သေခံပါလိမ့်မည် ဟူလို။

**အားကိုးရာ သစ္စာတရား။** ။ယခုအခါ ရတနာသုံးပါးအား ဆည်းကပ်မှု, သစ္စာကို သိမှုသည် သာလျှင် အားကိုးရာ ဘေးကင်းရာ အစစ်ဟု အဂ္ဂိဒတ္တ ရသေ့ကြီးအား ဟောတော်မူကြောင်း၊ ထိုသို့ ဟောတော်မူရာမှာလဲ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်မှုဖြင့် သစ္စာလေးပါး ပြီးစီး ထမြောက် သွားရန် အဂ္ဂိဒတ္တ ရသေ့ကြီးအား ဟောပုံ ဂါထာတို့ကို ဆောင်၍ ပြဦးအံ့—

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ[၁]။

ယော စ၊ အကြင် သူသည်ကား။ ဗုဒ္ဓဉ္စ၊ ဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ၊ တရားကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာကိုလည်းကောင်း။ သရဏံ၊ ဆင်းရဲကို ပယ်ဖျောက်၍ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်သော ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာရင်း။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာရင်း။ ဒုက္ခဿ၊

---

၁။ ဓမ္မပဒပါဠိ နှာ-၄၂။

ဒုက္ခ၏လည်း။အတိက္ကမံ စ၊ လွန်မြောက်ရာဖြစ်သော နိရောဓနိဗ္ဗာန်ရင်း။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။မဂ္ဂံ၊ သမ္မာဒိဋ္ဌိစသော မဂ်ရင်း။ဣတိ၊ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယ သစ္စာတို့ကို။ သမ္မပ္ပညာယ၊ မဂ်ပညာဖြင့်။ ပဿတိ၊ မြင်သိ၏။ တေံ၊ ဤသို့မြင်ခြင်းသည်။ ခေါ၊ စင်စစ်။ ဝါ၊ အဟုတ်ကေန်။ ခေမံ၊ ဘေးမရှိသော။ သရဏံ၊ ကိုးကွယ်ရာ မည်၏။ တေံ၊ ဤသို့မြင်ခြင်းသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာ မည်၏။ တေံ သရဏံ၊ ဤသို့ မြတ်သောကိုးကွယ်ခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဇာတိ ဇရာ မရဏ စသော သံသရာဘေး အပါယ်ဘေးမှ။ ပမုစ္စတိ၊ လွတ်၏။

အဓိပ္ပါယ်ကား—ဘုရားကို ဆည်းကပ်လျှင် ဘုရားက သစ္စာ ၄-ပါးကို သိမြင်ပြီးဖြစ်၍ သိတော်မူတိုင်း လမ်းညွှန် ပြတော်မူ၏၊ ဘုရားညွှန်ပြချက်အတိုင်း ကျင့်လျှင် တရားကို ဆည်းကပ်သည် မည်တော့၏၊ ထိုသို့ ဆည်းကပ်လျှင် သစ္စာတရားကို သိလေတော့၏၊ သံဃာအရိယာသူမြတ်တို့လဲ သစ္စာလေးပါးကို သိပြီးဖြစ်၍ မိမိသို့ ဆည်းကပ်လာသူကို ဟုတ်မှန်စွာ သိတိုင်း ညွှန်ပြ၏၊ ညွှန်ပြတိုင်း ကျင့်၏၊ သစ္စာ ၄-ပါးကိုသိ၏။ ဤသို့ ဆက်သွယ်သည်ကို နှလုံးသွင်း၍ အဂ္ဂိဒတ္တ ရသေ့ကြီးအား ဘုရားရှင် ဟောတော်မူသတည်း။

## အဂ္ဂိဒတ္တ ရသေ့ဝတ္ထု[၁]

ဝတ္ထုသက်သေကား—

တပည့် ၁၅၀၀-တို့အား တောကို ကိုးကွယ်ကြ၊ တောင်ကို ကိုးကွယ်ကြ၊ သစ်ပင်ကို ကိုးကွယ်ကြ၊ မီးကို ကိုးကွယ်ကြဟု ဟောခြင်း ကျင့်ခြင်းကို ပြုလုပ်နေသော အဂ္ဂိဒတ္တ ရသေ့ကြီးကို အကြောင်းပြု၍ မြတ်စွာဘုရားက ဤ ကိုးကွယ်ခြင်းတို့ကား ဘေးကင်းသော ကိုးကွယ်ရာမဟုတ်၊ ဘုရား တရား သံဃာ သစ္စာ သိမှုတို့သာလျှင် သံသရာဘေး အပါယ်ဘေးတို့မှ ကင်းသော ကိုးကွယ်ရာအစစ်ဟု ဟောတော်မူရာ ဆရာနှင့်တကွ တပည့် ၁၅၀၀-တို့ပါ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ

---

၁။ ဓမ္မပဒ-ဋ္ဌ ဒု-တွဲ၊ နှာ-၁၅၆-၁၆၁။

အဖြစ်သို့ ရောက်ကြကုန်၏၊ ဤ၌လည်း တခြား ထွေထွေရာရာကို မဟောပဲ သစ္စာကို ဟောတော်မူ၏၊ ဟောသည့်အတိုင်း ကောင်းစွာမြင်သိ၍ အလုံးစုံသော ဒုက္ခတို့မှကင်းသော နိဗ္ဗာန်ကို ရတော်မူကြပေသည် ဟူလို။

ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာ ပြီးပြီ။

---

## ရာဟုလောဝါဒကထာနိဒါန်း

သားတော် ရာဟုလာအား နိဒါနဝဂ္ဂသံယုတ်၌ ဟောတော်မူသော ဝိပဿနာတရားကို တရားဟောပုဂ္ဂိုလ်တို့သည်၎င်း တရားနာပုဂ္ဂိုလ်တို့သည်၎င်း အတုလိုက်၍ ကျင့်ကြံ အားထုတ်သင့်ကြ၏၊ ထို့ကြောင့် ထိုတရား၏ နိဒါန်းကို ရှေးဦးစွာ ပြဦးအံ့—

မြတ်စွာဘုရားသည် အခါတပါးသောနေ့ သာဝတ္ထိမြို့၌ ဆွမ်းခံ၍ ဆွမ်းကိစ္စပြီးသည်နောက် တခြားတပါးသော ရဟန်းတို့မပါစေပဲ အန္ဓမည်သော တောအုပ်သို့ သားတော်ရာဟုလာကိုခေါ်၍ ကြွသွားပြီးလျှင် တခုသော သစ်ပင်ကြီးရင်း၌ နိသီဒိုင်ကိုခင်းစေ၍ ထိုင်တော်မူ၏၊ ရာဟုလာလည်း အနီး၌ ရှိသေစွာ ထိုင်၍ ရှိခိုးလျက် နေ၏၊ ဤအခါ သားတော်ရာဟုလာအား အာသဝေါကုန်စေခြင်းငှါ စက္ခုစသော ဒွါရ ၆-ပါး ရူပါရုံစသော အာရုံ ၆-ပါး စက္ခုဝိညာဏ် စသော ဝိညာဏ် ၆-ပါး စက္ခုသမ္ဖဿ စသော ဖဿ ၆-ပါး စက္ခုသမ္ဖဿဇာဝေဒနာ စသော ဝေဒနာ ၆-ပါးနှင့်တကွဖြစ်သော ဖဿ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော ဖဿပဉ္စမက, ထိုတရားတို့၌ ကပ်လျက်ပါရှိနေသော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာများ ကောင်းစွာထင်မြင်စေရန် အမေး အဖြေနှင့်တကွ ဝေယျာကရဏနည်းဖြင့် ဟောတော်မူ၏၊ ထိုဒေသနာတော်အဆုံး၌ သားတော် ရာဟုလာသည် အာသဝေါကုန်လေတော့၏၊ သားတော်ရာဟုလာအား မြတ်စွာဘုရားက တရားဟောမည်ကို သိသဖြင့် လိုက်ပါလာကြသော ထောင်ပေါင်းများစွာသော ရုက္ခစိုး ဘုမ္မစိုး နတ်တို့သည်လည်း သစ္စာကိုသိ၍ သောတာပန်စသည် တည်ကြကုန်၏။

ထို့ကြောင့် ထိုဒေသနာတော်သည် တရားနာသော ပုဂ္ဂိုလ်တို့အား မိမိတို့သန္တာန်၌ နာမ်ရုပ် ဒုက္ခသစ္စာမျှသာ ရှိသည်၏ အဖြစ်ကို၎င်း ထိုနာမ် ရုပ်တို့၌

ကပ်လျက်ပါသော အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမဓမ္မတို့ကိုရှင်း ကောင်းစွာ မြင်သိစေ၍ ခန္ဓာ နာမ်ရုပ်၌ အတ္တတည်း သတ္တတည်း ဇီဝတည်းဟု မှားသော မိစ္ဆာဒိဋ္ဌိအယူနှင့်တကွ ရှစ်ပါးသော ဝိစိကိစ္ဆာ, ၁၆-ပါးသော ယုံမှားခြင်းကို ချုပ်စေ၍ သောတာပန်စသည် မတည်သေးသော ပုဂ္ဂိုလ်တို့အား သောတာပန် စသည် တည်စေနိုင်သော, သောတာပန်တည်ပြီး ပုဂ္ဂိုလ်အား အထက်မဂ်များကို ရစေနိုင်သော သတ္တိရှိသော အလွန် ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးဝိသေသ ရှိသော တရားဖြစ်ပေသည်၊ ထို့ကြောင့် မတွန့်မဆုတ် မယုတ်သော ဝီရိယဖြင့် ပွါးများအားထုတ်ကြပါကုန်လော့။

ရာဟုလာအား ဟောသော တရား၏

ဂုဏ်ကို ချီးကျူးသော တရားအမှာမ်းများ ပြီးပြီ။

---

## နမက္ကာရ ပဏာမ ဘုရားရှိခိုး

ထို ရာဟုလာသုတ် မရေးမီ ကျမ်းပြုပုဂ္ဂိုလ်သည် အရှင်မဟာဗုဒ္ဓဃောသ ဆရာ၏ နမက္ကာရ ဘုရားရှိခိုးဖြင့် နမော တဿ အစား ရှိခိုးဦးအံ့—

ယော ဇိနော၊ အကြင် မြတ်စွာဘုရားသည်။ ဗောဓိယံ၊ သဗ္ဗညုတဉာဏ်ကို။ ပေမတော၊ ချစ်မြတ်နိုးခြင်းကြောင့်။ အလဂ္ဂမာနသော၊ ကပ်ငြိခြင်း ကင်းသော စိတ်ရှိသည်ဖြစ်၍။ အနေကဇာတိယံ၊ ဘဝများစွာသော ကိုယ်၏အဖြစ်၌။ သပုတ္တဒါရံ၊ သားမယားနှင့် တကွသော။ အင်္ဂဇီဝိတမ္ပိ၊ ကိုယ်အင်္ဂါ အသက်ကို သော်လည်း။ အတ္ထိကဿ၊ အလိုရှိသော အလှူခံ ပုဂ္ဂိုလ်အား။ အဒါသိ၊ ပေး လှူတော်မူပြီ။ တံ မုနိန္ဒံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ၊ ရှိခိုးပါ၏ဘုရား။ ။မည်သူမဆို ကျက်မှတ်၍ ရှိခိုးနိုင်၏။

ပဏာမ ပြီးပြီ။

---

## ရာဟုလောဝါဒကထာ

သားတော်ရာဟုလာကို ဟောသောသုတ် ၁၁-သုတ်ရှိ၏၊ ယခု ရေးသား သောသုတ်ကိုကား နိဒါနသံယုတ်ပါဠိရှင်းအတိုင်း ရေးသားပါအံ့—

**စက္ခာယတန**။ ။တံ ကိံ မညသိ ရာဟုလ၊ စက္ခုံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

အနက်ကား – ရာဟုလ၊ ချစ်သားရာဟုလာ။ တံ၊ ထိုငါဟောလတ္တံ့သော စကားကို။ တွံ၊ သင်ချစ်သားရာဟုလာသည်။ ကိံ မညသိ၊ အဘယ်သို့ အောက်မေ့ပါသနည်း။ ဝါ၊ အဘယ်သို့ သဘောပေါက်ရောက်ပါသနည်း။

စက္ခုံ၊ စက္ခာယတနသည်။ ဝါ၊ မျက်စိ ဟူသော ရုပ်သည်။ နိစ္စံ ဝါ၊ မြဲသလော။ အနိစ္စံ ဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤ စက္ခုသည်။ အနိစ္စံ၊ မမြဲပါဘုရား။ ။စက္ခု၌ အနိစ္စလက္ခဏာ ပြီးပြီ။

ယံ၊ အကြင် စက္ခုသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသော စက္ခုသည်။ ဒုက္ခံ ဝါ၊ ဆင်းရဲလေသလော။ သုခံ ဝါ၊ ချမ်းသာလေသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤစက္ခုသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခမှန်ပါသည် ဘုရား။ ။စက္ခု၌ ဒုက္ခလက္ခဏာ ပြီးပြီ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အကြင် မမြဲ ဆင်းရဲ ဖောက်လဲဖောက်ပြန်သော စက္ခုကို။ ဧတံ၊ ဤစက္ခုသည်။ မေ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဧသော၊ ဤ စက္ခုသည်။ အဟမသ္မိ၊ ငါဖြစ်၏။ ဧသော၊ ဤစက္ခုသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ သုံးသပ်ခြင်းငှါ။ ဝါ၊ နှလုံးသွင်းခြင်းငှါ။ ကလ္လံ နု၊ သင့်ပါမည်လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤသို့ နှလုံးသွင်းခြင်းငှါ။ နော ဟိ၊ မသင့်ပါဘုရား။ ။စက္ခု၌ အနတ္တလက္ခဏာ ပြီးပြီ။

သာဓု-သာဓု-ကောင်း၏ ကောင်း၏ဟု အနုမောဒနာ ပြုတော်မူ၏။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၃၉။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၂၄-၅။

**ရူပါရုံ။** ။တံ ကိံ မညသိ ရာဟုလ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ။ နော ဟေတံ ဘန္တေ[၁]။ ။အနက်ကို စက္ခုမှာကဲ့သို့ နှလုံးသွင်းပါ။

ရူပါရုံအတွက် ပြီးပြီ။

**စက္ခုဝိညာဏ်။** ။တံ ကိံ မညသိ ရာဟုလ၊ စက္ခုဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။ အနက်ကို စက္ခုမှာကဲ့သို့ နှလုံးသွင်းပါ။

စက္ခုဝိညာဏ်အတွက် ပြီးပြီ။

**စက္ခုသမ္ဖဿ။** ။တံ ကိံ မညသိ ရာဟုလ၊ စက္ခုသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။ ။အနက်ကို စက္ခုမှာကဲ့သို့ ရှုပါ။

စက္ခုသမ္ဖဿအတွက် ပြီးပြီ။

**စက္ခုသမ္ဖဿဇာဝေဒနာ။** ။တံ ကိံ မညသိ ရာဟုလ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။ ။အနက်ကို စက္ခုမှာကဲ့သို့ ရှုပါ။

စက္ခုသမ္ဖဿဇာဝေဒနာအတွက် ပြီးပြီ။

စက္ခု,ရူပါရုံ,စက္ခုဝိညာဏ်, စက္ခုသမ္ဖဿ, စက္ခုသမ္ဖဿဇာ ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်များအတွက် ဤတွင် ပြီးပြီ။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၄၀။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၂၄-၅။

**သောတာယတန။** ။တံ ကိံ မညသိ ရာဟုလ၊ သောတံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ[1]။

သောတအတွက် ပြီးပြီ။

**သဒ္ဒါရုံ။** ။တံ ကိံ မညသိ ရာဟုလ၊ သဒ္ဒေါ နိစ္စော ဝါ အနိစ္စော ဝါတိ။အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာ-နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ[1]။

သဒ္ဒအတွက် ပြီးပြီ။

**သောတဝိညာဏ်။** ။တံ ကိံ မညသိ ရာဟုလ၊ သောတဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ[1]။

သောတဝိညာဏ်အတွက် ပြီးပြီ။

**သောတသမ္ဖဿ။** ။တံ ကိံ မညသိ ရာဟုလ၊ သောတသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ[1]။

သောတသမ္ဖဿအတွက် ပြီးပြီ။

**သောတသမ္ဖဿဇာဝေဒနာ။** ။တံ ကိံ မညသိ ရာဟုလ၊ သောတသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၃၉-၄၄၀။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၂၄-၅။

**ယံ** ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ **ယံ** ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။ ။အနက်ကို စက္ခုမှာကဲ့သို့ ရှုပါ။

သောတာယတနအတွက် အားလုံးပြီးပြီ။

**ဃာနာယတန**။ ။တံ ကိံ မညသိ ရာဟုလ၊ ဃာနံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဃာနအတွက် ပြီးပြီ။

**ဂန္ဓာရုံ**။ ။တံ ကိံ မညသိ ရာဟုလ၊ ဂန္ဓော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဂန္ဓာရုံအတွက် ပြီးပြီ။

**ဃာနဝိညာဏ်**။ ။တံ ကိံ မညသိ ရာဟုလ၊ ဃာနဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဃာနဝိညာဏ်အတွက် ပြီးပြီ။

**ဃာနသမ္ဖဿ**။ ။တံ ကိံ မညသိ ရာဟုလ၊ ဃာနသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဃာနသမ္ဖဿအတွက် ပြီးပြီ။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၃၉-၄၄၀။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၂၄-၅။

**ဃာနသမ္ဖဿဇာဝေဒနာ**။ ။တံ ကိံ မညသိ ရာဟုလ၊ ဃာနသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[1]။

ဃာနသမ္ဖဿဇာဝေဒနာ အတွက်ပြီးပြီ။
ဃာနာယတနအတွက် အားလုံးပြီးပြီ။

**ဇိဝှါယတန**။ ။တံ ကိံ မညသိ ရာဟုလ၊ ဇိဝှါ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[1]။

ဇိဝှါအတွက် ပြီးပြီ။

**ရသာရုံ**။ ။တံ ကိံ မညသိ ရာဟုလ၊ ရသော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[1]။

ရသအတွက် ပြီးပြီ။

**ဇိဝှါဝိညာဏ်**။ ။တံ ကိံ မညသိ ရာဟုလ၊ ဇိဝှါဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[1]။

ဇိဝှါဝိညာဏ်အတွက် ပြီးပြီ။

**ဇိဝှါသမ္ဖဿ**။ ။တံ ကိံ မညသိ ရာဟုလ၊ ဇိဝှါသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၃၉-၄၄၀။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၂၄-၅။

ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဇိဝှါသမ္ဖဿအတွက် ပြီးပြီ။

**ဇိဝှါသမ္ဖဿဇာဝေဒနာ။** ။တံ ကိံ မညသိ ရာဟုလ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဇိဝှါသမ္ဖဿဇာဝေဒနာအတွက် ပြီးပြီ။

ဇိဝှါယတနအတွက် အားလုံး ပြီးပြီ။

**ကာယာယတန။** ။တံ ကိံ မညသိ ရာဟုလ၊ ကာယော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ကာယအတွက် ပြီးပြီ။

**ဖောဋ္ဌဗ္ဗာရုံ။** ။တံ ကိံ မညသိ ရာဟုလ၊ ဖောဋ္ဌဗ္ဗော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဖောဋ္ဌဗ္ဗာယတနအတွက် ပြီးပြီ။

**ကာယဝိညာဏ်။** ။တံ ကိံ မညသိ ရာဟုလ၊ ကာဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ကာယဝိညာဏ်အတွက် ပြီးပြီ။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၇၉၊ ၄၄၀။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊နှာ-၃၂၄-၅။

**ကာယသမ္ဖဿ**။ ။တံ ကိံ မညသိ ရာဟုလ၊ ကာယသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[1]။

ကာယသမ္ဖဿအတွက် ပြီးပြီ။

**ကာယသမ္ဖဿဇာဝေဒနာ**။ ။တံ ကိံ မညသိ ရာဟုလ၊ ကာယသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[1]။

ကာယသမ္ဖဿဇာဝေဒနာအတွက် ပြီးပြီ။

ကာယာယတနအတွက် အားလုံး ပြီးပြီ။

**မနာယတန**။ ။တံ ကိံ မညသိ ရာဟုလ၊ မနော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[1]။

မနအတွက် ပြီးပြီ။

---

## မနအဓိပ္ပါယ်

**မေး**။ ။မန ဟူသည် စိတ် ၈၉-ခုတို့တွင် အဘယ်စိတ်ပါနည်း။

**ဖြေ**။ ။ဘဝင် စိတ် ၁၉-ခုပင်တည်း၊ ဘဝင် စိတ် ၁၉-ခု ဟူသည် ဒုဂ္ဂတိအဟိတ် သန္တီရဏစိတ် ၁-ခု သုဂတိအဟိတ် သန္တီရဏစိတ် ၁-ခု မဟာဝိပါက်စိတ် ၈-ခု မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ခု၊ ပေါင်း ၁၉-ခု ဖြစ်၏။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၃၉ ၄၄၀။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၁၉၈-၉။

ထိုစိတ်တို့သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စစသော ကိစ္စများရှိ၏၊ ဇောဝီထိ အကြား အကြား၌ ဟဒယဝတ္ထုကို မှီ၍ ဘဝင်မနောဒွါရဖြစ်၏ဟူလို။

မန အဓိပ္ပါယ် ပြီးပြီ။

---

## ဓမ္မာရုံ

**မေး။** ။ဓမ္မာရုံ ဟူသည် အဘယ်တို့ပါနည်း။

**ဖြေ။** ။ဓမ္မာရုံဟူသည် ရုပ် ၂၈-ခုတို့တွင် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဤ ၅-ခုကို နုတ်သော် ကျန်ရုပ် ၂၃-ခုသည် ဓမ္မာရုံ မည်၏၊ ထို့ပြင် စိတ် စေတသိက် နိဗ္ဗာန် ပညတ်တို့သည် ဓမ္မာရုံ မည်၏၊ ထို ဓမ္မာရုံသည် မနောဒွါရ၌ ထိသောအခါ ထိုဓမ္မာရုံကို သိသော မနောဝိညာဏ်ဇောစိတ် ဖြစ်၏။

ဓမ္မအဓိပ္ပါယ် ပြီးပြီ။

တံ ကိံ မညသိ ရာဟုလ၊ ဓမ္မော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

ဓမ္မအတွက် ပြီးပြီ။

**မနောဝိညာဏ်။** ။တံ ကိံ မညသိ ရာဟုလ၊ မနောဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

မနောဝိညာဏ်အတွက် ပြီးပြီ။

---

၁။ နိဒါနဝဂ္ဂသံယုတ် ပါဠိ၊ နှာ-၄၃၉၊၄၄၀။ သဠာယတနဝဂ္ဂသံယုတ် ပါဠိ၊ နှာ-၃၂၄-၅။

**မနောသမ္ဖဿ။** ။တံ ကိံ မညသိ ရာဟုလ၊ မနောသမ္ဖဿော နိစ္စော ဝါ အနိစ္စော ဝါတိ။ အနိစ္စော ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

မနောသမ္ဖဿအတွက် ပြီးပြီ။

**မနောသမ္ဖဿဇာဝေဒနာ။** ။တံ ကိံ မညသိ ရာဟုလ၊ မနောသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ[၁]။

မနောသမ္ဖဿဇာ ဝေဒနာအတွက် ပြီးပြီ။
မနာယတနအတွက် အားလုံးပြီးပြီ။

အနက်အဓိပ္ပါယ်ကို စက္ခာယတနဌ ပြဆိုခဲ့ပြီးသည့်အတိုင်း နှလုံးသွင်းပါကုန်။

ဧဝံ ပဿံ ရာဟုလ စသော ပုဒ်အများ ကျန်ရှိသေး၏၊ သို့ရာတွင် ပွါးများ အားထုတ်မှုကိစ္စ၌ မထူးသောကြောင့် အချို့ ချန်ထားခဲ့ပါသည်၊ လိုရင်းနိဂုံး ကိုသာ ပြပါအံ့—

ဧဝံ ဘဂဝတာ ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မာ ရာဟုလော အာသဝေဟိ ဝိမုစ္စိ[၂]။

ဧဝံ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝေယျာကရဏသ္မိံ၊ ဂါထာ မဘက် သက်သက်သော ဗျာကရဏ်းကို။ ဘညမာနေ၊ ဟောတော်မူအပ်သည် ရှိသော်။ အာယသ္မာ ရာဟုလော၊ အရှင်ရာဟုလာသည်။ အာသဝေဟိ၊ အာသ ဝေါတို့မှ။ ဝိမုစ္စိ၊ လွတ်ပြီ။ ခီဏာသဝ ရဟန္တာ ပုဂ္ဂိုလ် အဖြစ်သို့ ရောက်လေ တော့၏ ဟူလို။

ရာဟုလောဝါဒကထာ ပြီးပြီ။

---

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၄၃၉-၄၄၀။
၂။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၂၅။(အနည်းငယ်မတူ)

ဤသုတ်သည် တဏှာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော သုတ်ဖြစ်ပါသည်၊ အဘယ်သို့ ဆန့်ကျင်ပါသနည်း ဟူမူ တဏှာသည် စက္ခုစသော ဒွါရ ၆-ပါး ရူပါရုံစသော အာရုံ ၆-ပါး စက္ခုဝိညာဏ်စသော ဝိညာဏ် ၆-ပါး စက္ခုသမ္ဖဿစသော ဖဿ ၆-ပါး စက္ခုသမ္ဖဿဇာ စသော ဝေဒနာ ၆-ပါး သညာ ၆-ပါး သဉ္စေတနာ ၆-ပါး တဏှာ ၆-ပါး ဓာတ် ၆-ပါး ခန္ဓာ ငါးပါးတို့၌ တဏှာသည် ခင်တွယ်မှု မပြတ်ဖြစ်တတ်၏။ ထိုတဏှာ ခင်တွယ်သော တရားတို့၌ရှိသော မမြဲ ဆင်းရဲ အစိုးမရသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို မြင်သိရကား ဒုက္ခသစ္စာဟု မသိသော အဝိဇ္ဇာချုပ်ရ၏။ ဥပမာ–နတ်သမီးယောင်ဆောင်နေသော ဘီလူးမကို ဤသူမကား နတ်သမီး မဟုတ်၊ ဘီလူးမသာတည်းဟု အမှန်ကိုသိသောအခါ ထိုဘီလူးမ၌ ချစ်စိတ် ကုန်ခန်းသကဲ့သို့ ထို့အတူ ခန္ဓာ အာယတန တို့ကား အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာသာတည်းဟု အမှန်ကို မြင်လျှင် တဏှာချုပ်ငြိမ်းရလေတော့၏။

**ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သာ ညွှတ်သည် မဂ်စိတ်**–ဟူသောကထာ အရ ဒုက္ခကို ဒုက္ခသစ္စာဟု မြင်သိခြင်း တဏှာကိုပယ်ခြင်း နိရောဓနိဗ္ဗာန်ကို ညွှတ်သော မဂ်စိတ်ကို ဖြစ်စေနိုင်ခြင်း တို့ကြောင့် ဝိပဿနာသည် အထူးသတ္တိ ရှိသော ဝိပဿနာဖြစ်ပါသည်၊ ထို့ကြောင့် အထူးပွါးများကြပါကုန်။

အကယ်၍ ထိုသုတ်ကို အကျယ် မပွါးနိုင်ခဲ့သော် သတိပဋ္ဌာန် အနေဖြင့် ရူပါရုံကို မြင်သည့်အခါ "မြင်,သိ,ဖြစ်,ပျက် နာမ်ရုပ် ဒုက္ခသစ္စာ။"

သဒ္ဒါရုံကို ကြားသည့်အခါ "ကြား,သိ,ဖြစ်,ပျက် နာမ်ရုပ် ဒုက္ခသစ္စာ။"

အနံ့ ဂန္ဓာရုံနှင့် ကြုံသည့်အခါ "နံ့,သိ,ဖြစ်,ပျက် နာမ်ရုပ် ဒုက္ခသစ္စာ။"

ခဲဖွယ်ဘောဇဉ်တို့ကို စားသောက်သည့်အခါ "စား, သိ, ဖြစ်,ပျက် နာမ်ရုပ် ဒုက္ခသစ္စာ။"

ကာယ၌ အပူထိသည်၊ အအေးထိသည်၊ ခလုတ်ထိသည်၊ ဆူးငြိသည်၊ မှက်ကိုက်သည်၊ ခြင်ကိုက်သည်၊ ကြမ်းပိုးကိုက်သည်၊ နူးညံ့သော ဖောဋ္ဌဗ္ဗာရုံ စသည်တို့ ထိသောအခါ သိသော ကာယဝိညာဏ်စိတ် ဖြစ်၍ ပျက်၏၊ ဤဖြစ်ပျက်ခြင်း၏ တရားကိုယ်ကား နာမ်ရုပ် ဒုက္ခသစ္စာသာတည်း ဟူ၍ ရှုအပ်၏။

ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက် ဖြစ်သော်ငင်း ဝဋ္ဋမှထွက်မြောက်ရန် နေက္ခမ္မသက်ပွအကြံ အဝိဟိံသသက်ပွအကြံ အဗျာပါဒသက်ပွအကြံတို့ ဖြစ်သည့်အခါသော်ငင်း "ကြံ,သိ,ဖြစ်,ပျက် နာမ်ရုပ် ဒုက္ခသစ္စာ။"

ဤကဲ့သို့စသည် နှလုံးသွင်း၍ ရှုပါလျှင် ယခင် ရာဟုလာသုတ်မှ လာသော ဝိပဿနာများ အတွင်းဝင်သဖြင့် တကျောချုပ်ခွင့် ရှိပါ၏။

ထို့ပြင် ထွက်သက် ဝင်သက် ရှုသည့်အခါ၌လည်း"ထွက်, သိ, ဖြစ်, ပျက် နာမ်ရုပ် ဒုက္ခသစ္စာ"။ "ဝင်, သိ, ဖြစ်, ပျက် နာမ်ရုပ် ဒုက္ခသစ္စာ" ဤသို့အားဖြင့်လည်း နာမ်ရုပ် ဒုက္ခသစ္စာ ထင်ရှားနိုင်၏ ဟူလို။

ပရိသတ်များသို့ တရားဟောသည့်အခါ "တံ ကိံ မညသိ ရာဟုလ"အစား တံ ကိံ မညထ ဥပါသကာ ဥပါသိကာယော၊ စက္ခုံ နိစ္စံ ဝါ အနိစ္စံ ဝါ စသည် အမေးအဖြေပြု၍ ဟောလျှင် တနည်း – တကာတဦးကို တရားနာခံထား၍ တရားဟောဆရာ၏ အမေးကို ဖြေစေလျှင် ပရိသတ်များ နားလည်နိုင်ပါသည်၊ အထူးလေ့လာခြင်းများကို ပြုတော်မူကြပါကုန်။

သာတိပေးနိဒါန်း ပြီးပြီ။

---

**သောတာပန်တို့၏ သမာဓိခိုင်မြဲပုံ ပါဠိတော်**

ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု[၁]။

ပထဝိဿိတော၊ မြေ၌ မြှုပ်ထားအပ်သော။ ဣန္ဒခီလော၊ ကျောက်စာတိုင်သည်။ စတုဗ္ဘိ၊ အရပ်လေးမျက်နှာမှ လာကုန်သော။ ဝါတေဟိ၊ လေတို့

---

၁။ ခုဒ္ဒကပါဌပါဠိ၊ နှာ-၆။

ကြောင့်။ အသမ္ပကမ္ပိယော၊ မတုန်မလှုပ်နိုင်သည်။ သိယာ ယထာ၊ ဖြစ်ရာ၏ သို့။ ဧဝံ တထာ၊ ထိုအတူ။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ၊ အရိယ သစ္စာတို့ကို။ အဝေစ္စ၊ သောတာပတ္တိမဂ်ဖြင့် သက်ဝင်၍။ ပဿတိ၊ သိမြင်၏။ တံ သပ္ပုရိသံ၊ ထိုသူတော်ကောင်းကို။ တထူပမံ၊ ထိုကျောက်စာတိုင်နှင့် တူ၏ ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

## သမာဓိခိုင်မြဲပုံ ဝတ္ထုသက်သေများ

ဝိဋ္ဋုဍ္ဍဘက သာကီဝင်မျိုးကိုသာ သတ်လို၏၊ သာကီဝင်မျိုး မဟုတ်သူကို မသတ်လို၊ သို့ရာတွင် မြို့ပေါ်မှာ သာကီဝင် ဟုတ်သူ မဟုတ်သူတို့ ရောနှောနေ သောကြောင့် သင်သည် သာကီဝင်မျိုးလောဟု မေး၍ သာကီဝင် ဟုတ်ပါ သည်ဟု ဝန်ခံမှ သတ်၏၊ ဤဒွ သာကီဝင် ဟုတ်ပါသည်ဟု ပြောလျှင် သတ်မည် ဟု သိသော်လည်း မေးသောအခါ အသက်ကို ငဲ့ကွက်ခြင်း မရှိပဲ မုသား မပြောပဲ သာကီဝင် ဟုတ်ပါသည်ဟု ပြော၏[၁]။ ဤကား အရိယာတို့၏ သမာဓိ ခိုင်မြဲပုံတည်း။

ထို့ပြင် အရိယာအဖြစ်သို့ ရောက်ပြီးပုဂ္ဂိုလ်ကို လောကီစည်းစိမ်ဖြင့် ဖြား ယောင်းသော်လည်း မရနိုင်ပုံမှာ သောတာပန် သုပ္ပဗုဒ္ဓဥပါသကာကို သူဌေး စည်းစိမ်မျိုးကို ပေးပါမည်၊ အနူရောဂါကိုလည်း ပျောက်စေပါမည်၊ ဘုရား မဟုတ် တရားမဟုတ် သံဃာမဟုတ်ဟု ဆိုရန် သိကြားမင်းက ဖြားယောင်း သော်လည်း လောကီစည်းစိမ်ကို မငဲ့မူ၍ မဟုတ်မမှန်သည်ကို မဆိုပဲ သိကြား မင်းကိုသာ တယ်မိုက်သည့် သိကြား ငါ လူဆင်းရဲမဟုတ်၊ ငါ့မှာ သူတော် ကောင်းဥစ္စာ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပ ဟူသော ပစ္စည်းရှိသည် ဟု ပြန်ပြောသောအခါ သိကြားမင်းလည်း ကွယ်လေတော့၏[၂]။

ဤသို့စသည်ဖြင့် သောတာပန်တို့၏ သမာဓိခိုင်မြဲပုံ

ဝတ္ထုသက်သေ ပြဆိုချက် ပြီးပြီ။

**လူသောတာပန်ကျင့်ဝတ်။** ။လူသောတာပန် ကျင့်ဝတ်ကား—ဒုစရိုက်ဆယ်ပါး တို့တွင် ပါဏာတိပါတ အဒိန္နာဒါန ကာမေသု

---

၁။ ဓမ္မပဒအဋ္ဌကထာ ပ-တွဲ၊ နှာ-၂၂၇။ ၂။ ဓမ္မပဒအဋ္ဌကထာ ပ-တွဲ၊ နှာ-၃၀၂

မိစ္ဆာစာရ မုသာဝါဒ မိစ္ဆာဒိဋ္ဌိ၊ ဤ ၅-ပါးကို ပယ်ရမည်[၁]၊ အရက်သည် ကာမေသု မိစ္ဆာစာရ ကာယဒုစရိုက်တွင် ပါဝင်သောကြောင့် မသောက် မစားရ။

အသက်မွေးကြောင်း ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာကို မပြောရ၊ ပြောဆိုသော် မဂ်အကျင့်ပျက်၏၊ အသက်မွေးကြောင်းမဟုတ်လျှင် သောတာပန်မှာ မဂ်အကျင့် မပျက်ပါ ဟူလို—

## ပုထုဇဉ်ခန္ဓာ၌ အားထားစရာ မရှိပုံ

သစ္စာသိသော အရိယာခန္ဓာ ရမှသာလျှင် ပျက်ခြင်း မရှိသောကြောင့် အားထားရပုံ ကောသလ မင်းကြီးကို အကြောင်းပြု၍ ဓမ္မပဒ၌ ဟောတော်မူပုံကို ပြဦးအံ့။

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ[၂]။

သုစိတ္တာ၊ ကောင်းစွာ စီချယ်အပ်သဖြင့် အဘိုးအနဂ္ဃ ထိုက်ကုန်သော။ ရာဇရထာ၊မင်းစီးရထားတို့သည်။ဇီရန္တိ၊ဆွေးမြည့်ပျက်စီးခြင်းသို့ ရောက်ကုန်၏။ အထော၊ ထိုမှ။ သရီရမ္ပိ၊ ကိုယ်ကာယသည်လည်း။ ဇရံ၊ အိုမင်းခြင်းသို့။ ဥပေတိ၊ ရောက်၏။

သတံ၊ ဘုရားစသော သူတော်ကောင်းတို့၏။ ဓမ္မော စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဟူသော လောကုတ္တရာတရားသည်မူကား။ ဇရံ၊ ဆွေးမြည့် ပျက်စီးခြင်းသို့။ န ဥပေတိ၊ မရောက်။ ဣတိ၊ ဤသို့။ သန္တော၊ သူတော်ကောင်းတို့သည်။ သဗ္ဘိ၊ သူတော်ကောင်း အချင်းချင်း။ ဟဝေ၊ စင်စစ်။ ပဝေဒယန္တိ၊ ပြောကြား ကြကုန်၏။

ထို့ကြောင့် မိမိတို့မှာ မပျက်မစီးနိုင်သော တကယ် ကိုးကွယ်ရာ အစစ်ကို ရအောင် အားထုတ်သင့်ပေသည် ဟူလို။

အားထားရာ တရားအစစ်ကို ပြပုံ ပြီးပြီ။

---

၁၊ မဟာဝဂ္ဂသံယုတ် ပါဠိ၊ နှာ-၃၄၅။ ၂။ ဓမ္မပဒပါဠိ၊ နှာ-၃၆။

ထိုအားထားရာ အစစ်ဖြစ်သော အဝိဇ္ဇာ တဏှာ မူလ ၂-ပါးကို ချုပ်စေ၍ မပျက် မစီးနိုင်သော သူတော်ကောင်းတို့၏ သဒ္ဓမ္မကို ရခြင်းငှါ အက္ခရာ ၉-လုံးဖြင့် ပဋ္ဌိသမ္ဘိဒါမဂ်၌ ဟောသည့်အတိုင်း ပုတီးစိပ်ခြင်း နှလုံးသွင်းခြင်းကို အဖန်ဖန်ပြုပါလျှင် ထို မပျက်မစီးနိုင်သော မဂ် ဖိုလ် နိဗ္ဗာန်ဟူသော ကိုးကွယ်ရာကို ရနိုင်ခွင့်ရှိ၏။

## ကျက်မှတ် ပွါးများကြရန်

ဇာတိ ဒုက္ခံ၊ အဇာတိ သုခံ။ (ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိ၊ နှာ-၁၃၊ ၅၇)။

ဤပါဠိ၌ အက္ခရာ ၉-လုံးမျှသာရှိ၏၊ သို့ရာတွင်အမှတ်အသားလွယ်၍ အလွန် ခရီးရောက်သော တရားဖြစ်ပေသည်။

ဇာတိ၊ သံသရာ၌ ဇာတိအဖန်ဖန် ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဇရာမရဏဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အဇာတိ၊ ဇာတိတဖန် မဖြစ်ရမူ၍ အနုပ္ပါဒ နိရောဓအားဖြင့် ချုပ်ရခြင်းသည်။ သုခံ၊ အို နာ သေမှုတို့မှ ကင်းသောကြောင့် ချမ်းသာ၏။ ဝါ၊ နိဗ္ဗာန်မည်၏။

ထိုဉာဏ်သည် အဝိဇ္ဇာ တဏှာ မူလ ၂-ပါးကို ချုပ်စေနိုင်၏။ အဘယ်သို့ ချုပ်သနည်းဟူမူ ရှေးအခါက ဇာတိစသည်ကို ဒုက္ခဟုမသိ၊ ယခုမှ ခန္ဓာဇာတိ ရှိလျှင် ဒုက္ခဟု သိ၏။ ထို့ကြောင့် ရှေးရှေးက မသိမှုအဝိဇ္ဇာ ချုပ်၏၊ ခန္ဓာဇာတိ ဖြစ်မှုကို ဒုက္ခဟု သိသောကြောင့် ဘဝတဏှာလည်း တဒင်္ဂအားဖြင့် ချုပ်ရလေတော့၏၊ သမုစ္ဆေဒအားဖြင့် ချုပ်ခြင်းငှါ ဖြစ်ခြင်းကင်းသော, ဖြစ်ခြင်း မရှိသော, ချုပ်သော, ငြိမ်းသော နိဗ္ဗာန်ကို မဂ်စိတ်ဖြင့် အာရုံပြုက သောတာပတ္တိမဂ်သို့ ရောက်နိုင်၏။ ထို့ကြောင့် နှုတ်တက်ရအောင် ကျက်မှတ်၍ အဖန်ဖန် ပွါးများကြပါကုန်။

မိမိတို့၌ အားထားရာတရား မရသေးသော ပုဂ္ဂိုလ်များအတွက်
အားထားရာ ရစေသောနည်း ပြဆိုပုံ ဤတွင် ပြီးပြီ။

---

## နိဂုံးချုပ်အခိပ္ပါယ်

ဤကျမ်း၏ နိဂုံးချုပ် အခိပ္ပါယ်ကား—သောတာပတ္တိမဂ်၏ ကိစ္စမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်မှုပင်တည်း၊ ထိုဒိဋ္ဌိဝိကိစ္ဆာပယ်မှုဟူသည်လည်း သမုဒယကြောင့်

ဇာတိစသော ဒုက္ခဖြစ်မှု အမှန်ပါပဲ၊ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ ဖြစ်မှု မဟုတ်ပါဘူး။

ထို သမုဒယ တဏှာကို မဂ်အကျင့်ဖြင့် ချုပ်စေခြင်းကြောင့် ဒုက္ခချုပ်မှု နိဗ္ဗာန် အမှန်ပါပဲ၊ ပုဂ္ဂိုလ် သတ္တဝါ ချုပ်မှုမဟုတ်ပါဘူး။

တနည်း ဆုံးဖြတ်၍ ဝိစိကိစ္ဆာပယ်ပုံ – ခန္ဓာဇာတိ ဖြစ်မှုရှိတာ မကောင်းပါဘူး၊ ခန္ဓာဇာတိဖြစ်လိုသော ဘဝတဏှာလည်း မကောင်းပါဘူး။

ခန္ဓာဇာတိချုပ်မှုမှ ကောင်းပါသည်၊ ခန္ဓာဇာတိချုပ်လိုသော မဂ်အကျင့်မှ ကောင်းပါသည်။ ဤသို့ ဆုံးဖြတ်ခြင်းသည်လည်း ယထာဘူတ သမ္မာဒဿန ဖြစ်သောကြောင့် မဂ်သို့ ရောက်နိုင်ခွင့် ရှိပေ၏ ဟူလို။

ကိလေသာ ပယ်သတ်ရာ၌ –

ဒီပါလောကေန တမဿ တဿ တဿ အနတ္ထဿ ပဟာနံ ဣဝ –[၁]

ဟူ၍ အဋ္ဌကထာဆရာ၏ ပြဆိုချက်အရကား တမဿ၊ အမိုက်မှောင်ကို။ ဒီပါလောကေန၊ ဆီမီးရောင်ဖြင့်။ ပဟာနံ ဣဝ၊ ပယ်၏သို့။ ဧဝမေဝ၊ ဤအတူ။ တဿ တဿ အနတ္ထဿ၊ ထိုထို အကျိုးမဲ့ဖြစ်သော ကိလေသာကို။ ပဟာနံ၊ ပယ်ခြင်းတည်း။

**ပယ်ပုံ။** ။သစ္စာမသိမှု အဝိဇ္ဇာကြောင့် သံသရာမှ မလွတ်မှုကို ပယ်လိုလျှင် သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သစ္စာမြင်သိအောင် ပြုမှုဖြင့် ပယ်ရမည်။

လိုချင်မှု ဘဝတဏှာကြောင့် ဖြစ်သော ဇာတိစသော ဝဋ္ဋဒုက္ခ ဖြစ်နေမှုကို ပယ်လိုလျှင် ခန္ဓာ၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို သမ္မာဒိဋ္ဌိ ဝိပဿနာရှုမှုဖြင့် ပယ်ရမည်။

ဇာတိကြောင့်ဖြစ်သော ဇရာမရဏဒုက္ခကို ပယ်လိုလျှင် ဇာတိ ဖြစ်လိုသော ဆန္ဒဖြင့် ကုသိုလ်ကံကို မပြုပဲ ဇာတိချုပ်လိုသော ဆန္ဒဖြင့် ဝိဝဋ္ဋကုသိုလ်ကို ပြုခြင်းဖြင့် ပယ်ရမည်။

---

၁။ ဝိသုဒ္ဓိမဂ် ဒုတိ၊ နှာ ၃၃၅။

## နှုတ်ရဆောင်ထားရန်ကထာ

သစ္စာ မမြင် မသိမှုကြောင့် ဖြစ်မှု သံသာရ ဝဋ် ဒုက္ခာ။
သစ္စာကို မြင်သိအောင် အားထုတ်ပါလျှင် အဘယ်မှာလျှင် သံသရာဝဋ်မှ မကျွတ်မလွတ်ပဲ ရှိနိုင်တော့မလဲ။
လိုချင်မှု ဘဝတဏှာကြောင့်ဖြစ်သည့် ဇာတိဇရာ မရဏဝဋ်ဒုက္ခာ။
ထို ဘဝတဏှာအား ပယ်ပါလျှင် အဘယ်မှာလျှင် ဇာတိစသော ဝဋ်ဒုက္ခ ဖြစ်နိုင်တော့မလဲ။

နိဂုံးအဓိပ္ပါယ် ပြီးပြီ။

---

## ဗဟုသုတ အမေး အဖြေ

**မေး။** ။အကြောင်းတရားတို့ အဖန်ဖန် ပြုပြင်အပ်သော တရားနှင့် အကြောင်းတရားတို့ မပြုပြင် အပ်သော တရားတို့ ခြားနားပုံကို သိလိုပါသည်၊ သိနိုင်ပုံကို အကျဉ်းအားဖြင့် ပြစေလိုပါသည်။

**ဖြေ။** ။'ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ'[၁] ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိအရ ဥပ္ပါဒေါ၊ ခန္ဓာ ဇာတိ ဖြစ်ရခြင်းသည်။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရ တို့ဖြင့် မပြတ်ပြုပြင်အပ်သော သင်္ခါရ ဒုက္ခ သစ္စာ တရားတို့သာတည်း။

အနုပ္ပါဒေါ၊ခန္ဓာဇာတိ မဖြစ်မှု၍ သမုစ္ဆေဒအားဖြင့် ချုပ်ငြိမ်းရခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာပေတည်း။

အဓိပ္ပါယ်ကား—ဖြစ်ခြင်းရှိသော တရား၌ ပျက်သောကြောင့် ထိုပျက်ခြင်းရှိသောရုပ်နာမ်ခန္ဓာ အဆက်မပြတ်စေခြင်းငှါ ထပ်ကာထပ်ကာ မပြတ် ကံ စိတ် ဥတု အာဟာရတို့ဖြင့် ပြုပြင်ရမှု ဒုက္ခရှိ၏။

ဖြစ်ခြင်းမရှိသော အသင်္ခတ နိဗ္ဗာန်မူကား ပျက်ခြင်းမရှိသောကြောင့် ပြုပြင်မှု ဒုက္ခမှစ၍ မည်သည့်ဒုက္ခမျှ မရှိသော အသင်္ခတ နိဗ္ဗာန် ချမ်းသာမည်၏ ဟူလို။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၁၃၊၅၃။

### သံဝေဂ လင်္ကာ

၁။ သမ္ဘဝသတ္တာ ဝေနေယျာ သံသာရှည်လှပြီ။

၂။ အတည်ကျကျ ဘယ်ဘဝ ရကြဲ မရှိပြီ။

၃။ ရအံ့နိုးနိုး လောဘမျိုး အကျိုးယုတ်လှပြီ။

၄။ လော ဒေါ မောဟ သုံးဝညီးညီး လောင်မီးကြီး ဖိစီးလှလေပြီ။

၅။ လောင်မှန်းမသိ မောဟဖိ မိမိမိုက်လှပြီ။

၆။ ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနဲလှပြီ။

၇။ မနုဿတ္တ ဒုလ္လဘ မရမျှားလှပြီ။

၈။ အရတော်လှ ဤဘဝ လှလှကျင့်ထိုက်ပြီ။

၉။ သတိရရ မဂ်ဖလ ရအောင်ပြုသင့်ပြီ။

၁၀။ တနေ့တနေ့ နက်ဖန်ခွေ့ မမေ့ကောင်းသင့်ပြီ။

### မိမိသည် နိဗ္ဗာန်ရပြီဟု သိနိုင်ပုံ

သစ္စာမသိမှု အဝိဇ္ဇာ၊

လိုချင်မှု ဘဝတဏှာ၊

ခန္ဓာ ၅-ပါးကို ငါ-ငါ၏ ဥစ္စာဟု စွဲယူသော ဥပါဒါန်၊

ထို ဥပါဒါန်ကြောင့်ပြုသော ကံ၊

ထို အကြောင်း ၄-ပါးတို့သည် ဇာတိဒုက္ခကို ဖြစ်စေတတ်သော အကြောင်းကရားတို့ မည်ကုန်၏။

### ဆင်ခြင်ရန်

၁။ မိမိမှာ သစ္စာသိပြီးဖြစ်သောကြောင့် မသိတတ်သော အဝိဇ္ဇာ-မရှိတော့ပြီ။

၂။ ဇာတိစသည်ကို ဒုက္ခဟု သိသဖြင့် လိုချင်မှု ဘဝတဏှာကိုလည်း ပယ်ပြီးပြီ။

၃။ ခန္ဓာ ၅-ပါးကို ငါ့ကိုယ် ငါ့ဟာဟု စွဲယူမှု အတ္တဝါဒုပါဒါန်ကိုလည်း ပယ်ပြီးပြီ။

၄။ ဇာတိဖြစ်လိုမှုဖြင့် ကံကိုလည်း မပြုတော့ပြီ။

၅။ ထို့ကြောင့် မိမိမှာ တဖန် ဇာတိ ဖြစ်စေတတ်သော အကြောင်းတရား ၄-ပါးတို့ ကုန်နေပြီ ဖြစ်သောကြောင့် ဇာတိချုပ်သော နိဗ္ဗာန်ကို မိမိ ရပြီဟု သိအပ်၏ ဆုံးဖြတ်အပ်၏ ဟူလို။

## မိမိရသော မဂ်ကို ပစ္စဝေက္ခဏာဖြင့် ပိုင်းခြားနည်း

ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ[၁]-အရ နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ်ဖြစ်သည့်အခါ သတိပြုမိသည်လည်းရှိ၏၊ မပြုမိသည်လည်းရှိ၏။ ထို့ကြောင့် မိမိရသော မဂ်ကို ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ပိုင်းခြားရမည်။

### ပိုင်းခြားပုံ

၁။ ဥပမာ-သောတာပတ္တိ မဂ်အတွက် ပစ္စဝေက္ခဏာ ဆင်ခြင်သည့်အခါ ဒိဋ္ဌိ ဝိစိကိစ္ဆာ အကြွင်းမဲ့ ပယ်ပြီးပြီ၊ ထို့ကြောင့် သောတာပတ္တိမဂ်ကို ရပြီဟု သိအပ်၏။

၂။ သကဒါဂါမိ မဂ်အတွက် ဆင်ခြင်သည့်အခါ ကြမ်းတမ်းသော ဩဠာရိက ကာမရာဂ ဗျာပါဒ ငါ့မှာ မရှိတော့ပြီ၊ ထို့ကြောင့် သကဒါဂါမိ မဂ်ကို ရပြီဟု သိအပ်၏။

၃။ အနာဂါမိမဂ် အတွက် ဆင်ခြင်သည့်အခါ သိမ်မွေ့သော ကာမရာဂ ဗျာပါဒ ငါ့မှာ မရှိတော့ပြီ၊ ထို့ကြောင့် အနာဂါမိမဂ်ကို ရပြီဟု သိအပ်၏။

၄။ အရဟတ္တမဂ်အတွက် ဆင်ခြင်သည့်အခါ အလုံးစုံသော ကိလေသာ ငါ့မှာ မရှိတော့ပြီ၊ ထို့ကြောင့် အရဟတ္တဖိုလ်သို့ ရောက်ပြီဟု သိအပ်၏ ဟူလို။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၃၉၅။

## မေတ္တာကထာ

ကျမ်းပြီးသည့်အခါ ကျမ်းပြုဆရာသည် မေတ္တာပို့မြဲပေတည်း၊ အရှင်မဟာဗုဒ္ဓဃောသ ဆရာသည် ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော- စသည်ဖြင့် မေတ္တာပို့၏။

ဤကျမ်းပြုဆရာသည်လည်း မေတ္တာကရုဏာနှင့် စပ်သော ဓမ္မပဒပါဠိတော်ဖြင့်ပင် မေတ္တာပို့ပေတော့အံ့—

၁။ အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာ စာယံ ဣတရာ ပဇာ။
အတ္တဒန္တဿ ပေါသဿ၊ နိစ္စံ သညတစာရိနော။

၂။ နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော[၁]။

အတ္တာ၊ ကိုယ်တွင်း လောဘ ဒေါသ မောဟကိလေသာကို။ ဇိတံ၊ အောင်ခြင်းသည်။ ဝေ၊ ချုပ်ငြိမ်းစေခြင်းသည်။ သေယျော၊ မြတ်၏။ ဣတရာ၊ ဤ မိမိ လောဘ ဒေါသ မောဟကို အောင်သူမှတပါးသော။ ယာ ပဇာ၊ အကြင် သတ္တဝါ အပေါင်းသည်။ ပရံ၊ သူတပါးကို။ ဇိနာတိ၊ အောင်၏။ တဿာ ပဇာယ၊ ထိုသူတပါးကို အောင်သောသူ၏။ အယံ ဇယော၊ ဤ အောင်ခြင်းသည်။ န သေယျော၊ မမြတ်။ အတ္တဒန္တဿ၊ မိမိကိုယ်ကို ဆုံးမပြီးထသော။ နိစ္စံ သညတ- စာရိနော၊ မကောင်းမှုတို့၌ မကျူးမလွန်ပဲ အမြဲရှောင်ကြဉ်လေ့ရှိသော။ တထာရူပဿ၊ ထိုသို့သဘောရှိသော။ ဇန္တုနော၊ သတ္တဝါဟုဆိုအပ်သော။ ပေါသဿ၊ ယောကျ်ား၏။ ဇိတံ၊ အောင်ခြင်းကို။ အပဇိတံ၊ ရှုံးခြင်းဖြစ်အောင်။ ဒေဝေါ ဝါ၊ နတ်သည်လည်း။ နေဝ ကယိရာ၊ မပြုနိုင်ရာ။ ဂန္ဓဗ္ဗော ဝါ၊ ဂန္ဓဗ္ဗနတ်သည်လည်း။ န ကယိရာ၊ မပြုနိုင်ရာ။ ဗြဟ္မုနာ၊ ဗြဟ္မာနှင့်။ သဟ၊ တကွ။ မာရော၊ မာရ်မင်းသည်။ န ကယိရာ၊ မပြုနိုင်ရာ။

ဤသို့ ကိုယ်တွင်းကိလေသာကို အောင်မြင်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြစေရန် မေတ္တာပို့၏-ဟူလို။

---

[၁] ၁။ ဓမ္မပဒပါဠိ၊ နှာ-၂၈။

ထို့ပြင် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ ကောင်းစွာ တည်တံ့နိုင်စေရန်အတွက် ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်ကြသော ဒါယကာ ဒါယိကာမတို့အား 'အရောဂါ သုခိတာ ဟောန္တု' ဟူသော ပါဠ်အရ အရောဂါ၊အနာရောဂါ ကင်းကြကုန်သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ထိုမှတပါး အထူးမေတ္တာကား ထိုထိုပစ္စယဒါန တရားအလှူစသော ဓမ္မဒါန ဒါယကာတို့မှာ သစ္စာ ၄-ပါးကို သိမြင်ကြသည်ဖြစ်၍ သောတာပန်စသည် တည်နိုင်ကြပါစေကုန်သော်။

မေတ္တာကထာ ပြီးပြီ။

ဣတိ ဘဒ္ဒန္တ ရေဝတနာမတ္ထေရေန ရစိတောယံ
ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာနာမော ဂန္ထော နိဋ္ဌိတော။

ဣတိ၊ ဤသည်လျှင်။ ဘဒ္ဒန္တရေဝတနာမတ္ထေရေန၊ အရှင် **ရေဝတ** အမည်ရှိသော **သစ္စာဒီပက** ဆရာတော်သည်။ ရစိတော၊ စီရင်ရေးသား ပြုစုအပ်သော။ ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာနာမော၊ **ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာ** အမည်ရှိသော။ အယံ ဂန္ထော၊ ဤ ကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

ဤ ကျမ်းစာ ကြည့်ရှုလေ့လာကုန်သော ပုဂ္ဂိုလ်တို့သည် သစ္စာသိ၍ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြပါစေကုန်သော်။

၁၃၁၃-ခု၊ တန်ခူးလအတွင်းမှာ ပုံနှိပ်၍ ပြီးစီးသည်။

ဤအခါ ကျမ်းပြုပုဂ္ဂိုလ်၏ အသက် ၈၄-နှစ်ထဲသို့ဝင်ပြီ။

# နိယျာနိကမဂ္ဂကထာ

## တရားအားထုတ်သော ပုဂ္ဂိုလ်တို့ သတိပြုရန်

၁။ အကြင်သူသည် တစုံတရာသော ကောင်းမှုကို ပြုတော့အံ့ဟု စိတ်အကြံဖြစ်သည့်အခါ ထိုကောင်းမှု၌ အဝိဇ္ဇာတဏှာဒိဋ္ဌိဟူသော ကိလေသဝဋ္ဋ်သင်္ခါရ ကမ္မဘဝဟူသော ကမ္မဝဋ္ဋ်တို့မှ ကင်း၍ ဝိမောက္ခသို့ရောက်နိုင်ရန် ထိုကောင်းမှုတရား အားမထုတ်မီ ရှေးဦးစွာ မိမိစိတ်ကို သုတ်သင်အပ်၏၊ ဥပမာ – ဘာဝနာ ပွါးတော့အံ့ဟု စိတ်အကြံဖြစ်သည့်အခါ အဘယ့်ကြောင့် ဘာဝနာပွါးလိုသနည်းဟု မိမိစိတ်ကို မေးအပ်၏။

၂။ ထိုအခါ ဘဝတဏှာကြောင့် မပြတ် ဖြစ်၍နေသော ဇာတိ စသော ဒုက္ခတို့ ချုပ်ငြိမ်းလိုသောကြောင့်ဟု ဖြေဆိုအပ်၏။

၃။ ခန္ဓာ ဇာတိရှိလျှင် အဘယ်သို့သော အပြစ်ကို မြင်ပါသနည်း၊ ဇာတိချုပ်လျှင် အဘယ်သို့သော အကျိုးရှိပါသနည်းဟု တဖန် မေးအပ်၏။

၄။ **ဖြစ်လျှင်ဒုက္ခ ချုပ်မှသုခနိဗ္ဗာန်၊ ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှုမဂ်ကိစ္စ** ဟူသော ကထာအရ ခန္ဓာဇာတိ ဖြစ်ခြင်းရှိက အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ, အိုခြင်း နာခြင်း သေခြင်း စိုးရိမ်ပူပန်ရခြင်း အပါယ်သို့ ကျတတ်ခြင်းစသော ဘေးတို့နှင့် ရောစပ်သော ဒုက္ခသစ္စာသာတည်းဟု မြင်သိပါသည်၊ ဇာတိချုပ်က အလုံးစုံသော ဒုက္ခတို့မှ ကင်းလွတ်သော သုခနိဗ္ဗာန်ဟု မြင်သိပါသည်။ ထိုသို့ မြင်သိသောကြောင့် ဇာတိချုပ်ခြင်းကိုသာ နှစ်သက်ပါ၏ဟု ဖြေဆိုပါသည်။

၅။ **ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သာ ညွှတ်သည် မဂ်စိတ်**-ဟူသော ကထာအရ နိဗ္ဗာန်သို့ညွှတ်၍ ဇာတိချုပ်ခြင်း၌ အလောဘ ပြဋ္ဌာန်းသော စိတ်ဖြင့် ကျင့်ခြင်းသည် မဂ်အကျင့်လည်း မည်၏၊ မဂ္ဂသစ္စာလည်း မည်၏။

၆။ ထို့ကြောင့် ထိုကောင်းမှု၌ သစ္စာလေးပါးကို မသိသော မောဟ အဝိဇ္ဇာချုပ်၏၊ အမှန်မမြင် အမှားကို မြင်တတ်သော မိစ္ဆာဒိဋ္ဌိ ချုပ်၏၊ ဘဝဇာတိကို အလိုရှိသော ဘဝတဏှာ ချုပ်၏၊ ထိုကောင်းမှုသည်

ဇာတိချုပ်ငြိမ်းလိုသော အလောဘပြဋ္ဌာန်းသော ကောင်းမှုဖြစ်သော ကြောင့် ကမ္မဝဋ်လည်း ချုပ်၏၊ ထို့ပြင် အလောဘေန ဇာတိဒုက္ခံ န ဟောတိ-ဟူသော အဋ္ဌသာလိနီပါဠ် နှာ ၁၇၁-အရ ဝိပါကဇာတိ လည်း ချုပ်ရလေတော့၏။

၇။ ထိုကြောင့် ထိုကောင်းမှုသည် မဂ်အကျင့် မည်၏။ ဝါ-မဂ်ကိစ္စ ၄-ပါး ကို ပြီးစေနိုင်သော မဂ်စိတ္တုပ္ပါဒ်သို့ ရောက်နိုင်သော ဝိမောက္ခလည်း မည်၏။

၈။ ထို ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ-ဟူသော သစ္စာ ၄-ပါးတို့ မြင်သိခြင်း သည် **သစ္စဉာဏ်** မည်၏။ ဒုက္ခသစ္စာကို သိခြင်းကိစ္စ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ မဂ္ဂသစ္စာကို ပွါးခြင်းကိစ္စ၊ ဤသို့ ကိစ္စ ၄-ပါးကို သိခြင်းသည် **ကိစ္စဉာဏ်** မည်၏။ ထို ကိစ္စ ၄-ပါး ပြီးစီးခဲ့လျှင် ပြီးပြီဟု သိခြင်းသည် **ကတဉာဏ်** မည်၏။

၉။ ဤသို့ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်နှင့် ပြည့်စုံက မိမိသည် သောတာပန် စသည် တည်ပြီဟု ဆုံးဖြတ်အပ်၏ ဟူလို။

၁၀။ ဤသို့ ပရိကံ မပြုပဲ အမှတ်မဲ့ တရားအားထုတ်ခဲ့သော် ဒိဋ္ဌမမ္မအားဖြင့် မဂ်ကိစ္စပြီးစီးရန် ခဲယဉ်း၏ ဟူလို။

## စာကြည့်သူတို့သို့ သတိပေးချက်

စာကြည့်သူတို့သို့ သတိပေးပါအံ့—

ဤ ကျမ်းအကျယ်ကို မကြည့်မီ အကျဉ်းအားဖြင့် ပြထားသည်ကိုရှေးဦးစွာ ကြည့်ရှုကြစေလိုပါသည်၊ အကယ်၍ သဘောပေါက်ရောက်ခဲ့လျှင် ဤ မာတိကာ အကျဉ်းမျှဖြင့်ပင် မဂ်သို့ ဆိုက်ရောက်နိုင်ခွင့် ရှိပါသည်။

၁။ မိမိသန္တာန်၌ရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော မသိတတ်သော ရုပ်နှင့် သိတတ်, မှတ်တတ်, ခံစားတတ် ပြုပြင်တတ်သော နာမ်၊ ဤ ရုပ် နာမ် ခန္ဓာရှိနေခြင်းသည် သုခရှိနေမှု မဟုတ်၊ မမြဲ ဆင်းရဲ အစိုးမရ အလိုသို့မလိုက်သော အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာ တရားတို့ ရှိနေမှုသာတည်းဟု မှတ်ထားပါ။ ဤသို့မှတ်

ထားလျှင် မိမိ၌ ဒုက္ခသစ္စာသာ ရှိသည်ကို သုခသစ္စာ ရှိနေသကဲ့သို့ မိမိတို့ ကိုယ်ကို မိမိတို့ အတင်ကြီးတတ်သော သက္ကာယဒိဋ္ဌိနှင့် တကွ တဏှာ မာန ဟူသော ပပဉ္စတရား ၃-ပါးကို ချုပ်စေနိုင်၏။

၂။ ထို ဒုက္ခသစ္စာ တရားတို့သည်လည်း မိမိတို့လိုချင်မှု သမုဒယသစ္စာ ကာမတဏှာ ဘဝတဏှာ စသည်တို့ကြောင့် ဖြစ်၏ဟု မှတ်ထားပါ၊ ဤသို့ မှတ်ထားလျှင် ဝိစိကိစ္ဆာချုပ်၏။

၃။ မိမိလိုချင်မှု တဏှာကို မိမိပယ်က မိမိ၏ ဇာတိချုပ်သော ဒုက္ခနိရောဓ နိဗ္ဗာန်ကို ရနိုင်၏ဟု မှတ်ထားပါ၊ ဤသို့ မှတ်ထားလျှင် သဿတဒိဋ္ဌိ ချုပ်၏။

၄။ ထို ဒုက္ခ သမုဒယ နိရောဓသစ္စာတို့ကို အမှန်မြင်သိ ဆုံးဖြတ်နိုင်ရန် အားထုတ်မှု အမှန်မြင်သိမှုကို မိမိ၏ မဂ္ဂသစ္စာဟု မှတ်ထားပါ၊ ဤသို့ မှတ်ထားလျှင် မဂ္ဂသစ္စာသည် ဝဋ္ဋဒုက္ခမှ ထုတ်ဆောင်နိုင်သော နိယျာ-နိကဓမ္မ ဟုတ်မှဟုတ်ပါလေ၏လော ဟူသော ဓမ္မေ ကင်္ခါကို ပယ်နိုင်၏။

၅။ ထို ဗဟုသုတအရ အဖန်ဖန်ဆင်ခြင်သဖြင့် ဉာဏ်အမြင် ပေါက်ရောက်သည့်အခါ ဥပ္ပါဒေါ ဒုက္ခံ[၁] အရ ဖြစ်ခြင်း၌ အပြစ်ကို မြင်သည်ဖြစ်၍ အနုပ္ပါဒေါ နိဗ္ဗာနံ[၁] ဟူသော ပါဠိအရ ဖြစ်မှုချုပ်သော အနုပ္ပါဒ နိဗ္ဗာန်ကို နှစ်သက်သော ဝါ-အာရုံပြုသော မဂ်စိတ် ဖြစ်လတ္တံ့၊ ဤသို့ မဂ်စိတ်ဖြစ်လျှင် ဒုက္ခသစ္စာကိုသိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကိုပွါးခြင်းဟူသော မဂ်ကိစ္စ ၄-ပါး ပြီးစီးရကား သောတာပတ္တိမဂ် စသည်သို့ ရောက်လေတော့၏ ဟူလို။

စာကြည့်သူတို့သို့ သတိပေးချက်ပြီးပြီ။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ ၁၃၊၅၇။

## ဓမ္မကထိကပုဂ္ဂိုလ်နှင့် ယောဂီပုဂ္ဂိုလ်တို့ လိုက်နာကျင့်ဆောင်နိုင်ရန် သစ္စဒီပက ဆရာတော်၏ ညွှန်ပြချက်များ

ဓမ္မကထိက ပုဂ္ဂိုလ်က မိမိထံဆည်းကပ်လာသော ယောဂီတို့အား ပရိယတ် ပဋိပတ် ပဋိဝေဓ ဟူသော သာသနာ ၃-ရပ် တည်စေခြင်းငှါ ရှေးဦးစွာ ညွှန်ပြရန်မှာ —

၁။ ဓမ္မစကြာ တသုတ်လုံးမဟုတ်၊ သစ္စာ ၄-ပါးတိတိ ပါ၌ အနက်ကို ကျက်မှတ်ခိုင်းပါ။

၂။ ဤမျှလောက်ကို မကျက်မှတ်နိုင်လျှင် သစ္စာ ၄-ပါး အနက်ပါသော

> ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကံ။
> ဆန္ဒရာဂနိရောဓေန၊ နတ္ထိ ဒုက္ခသ သမ္ဘဝေါ[၁]။

ဎင်းဂါထာကို အနက်နှင့်တကွ အကျက်ခိုင်းပါ၊ အနက်မှာ ဤစာအုပ် စာမျက်နှာ ၅၀-နှင့် ၂၀၃-တို့၌ ပါရှိသည်။

၃။ ဤမျှလောက်ကိုမျှ မကျက်နိုင်လျှင် ဓမ္မစကြာ သစ္စာ ၄-ပါးကို အကျဉ်းချုံး၍ ရေးသားထားသော **ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခံ။ ဖြစ်ချင်လိုမှု ပယ်စွန့်ပြူ ချုပ်မှု ထိုဒုက္ခံ။ သစ္စ-ကိစ္စ-ကတ ပြည့်စုံက ဖြစ်ထသောတာပန်**-ကို ကျက်မှတ်ခိုင်းပါ၊အကျယ် ဤစာအုပ် စာမျက်နှာ-၁၇၊ ၄၀၊ ၁၄၃-နှင့် ၂၂၀-မှာ ရှိပါသည်။

၄။ ထိုပြင် ကေသာ လောမာ စသော ဒွတ္တိံသာကာရကို ကျက်မှတ်ခိုင်းပါ၊ ထိုသို့ ကျက်မှတ်ထားလျှင် ထိုသူမှာ ပရိယတ္တိသာသနာတည်သူ မည်၏။

၅။ ထိုသို့ ကျက်မှတ် စေပြီးနောက် ဓမ္မကထိက ပုဂ္ဂိုလ်က သစ္စဒီပက ဆရာ၏ ကျမ်းများအရ သစ္စာ ၄-ပါး အနက် အဓိပ္ပါယ်များကို အကျယ် ဟောပြပါ။

---

၁။ သုတ္တနိပါတ်ပါဠိ၊ နှာ-၃၉၄။

၆။ ထိုနောက် ယောဂီပုဂ္ဂိုလ်က ဆရာဟောပြောသော အနက်အဓိပ္ပါယ် များကို ကောင်းစွာမှတ်ယူပြီးလျှင် သုတသိမှ ဒိဋ္ဌကိုယ်တွေ့သိဖြစ်အောင် အဖန်ဖန် ဆင်ခြင်နေပါ။ ဤသို့ ဆင်ခြင်ခြင်းသည်ပင်လျှင် ကမ္မဋ္ဌာန်း ထိုင်သည် ဝိပဿနာပွါးသည် ဥဒ္ဒစ္စကိုပယ်သည် မဂ္ဂသစ္စာ ဘာဝနာကို ပွါးနေသည်မည်၏။ ထိုသူမှာ ပဋိပတ္တိသာသနာတည်သူ မည်၏။

၇။ ဤသို့ ဆင်ခြင်ဖန် များသောအခါ ယောဂီပုဂ္ဂိုလ်မှာ သစ္စာဉာဏ် ထင်မြင်လာပေလိမ့်မည်။

၈။ ထိုအခါ ထိုပုဂ္ဂိုလ်၌ သစ္စာဉာဏ် ထင် မထင်ကို ဆရာက စုံစမ်းပါ၊ စုံစမ်း သဖြင့် ကောင်းစွာဖြေဆိုနိုင်လျှင် သစ္စာသိမှု ပဋိဝေဓသာသနာတည်သူ မည်၏ဟု ဆရာက ယောဂီပုဂ္ဂိုလ်အား ပြောခြင်းငှါ သင့်လျော်၏ဟူလို။

၉။ လူ–ဥပါသကာ ဖြစ်ခဲ့လျှင် သရဏဂုံနှင့်တကွ ငါးပါးသီလ ရှိရမည်၊ အတ္တဒိဋ္ဌိကို စွန့်ရမည်၊ ကာယဒုစရိုက် ၃-ပါး ဝစီဒုစရိုက် ၄-ပါးတို့မှ ကင်း၍ ရသောပစ္စည်းဖြင့် အသက်မွေးရမည်ဟု ဆရာက ယောဂီ ပုဂ္ဂိုလ်ကို ဟောပြောပါ။

၁၀။ ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ နိဗ္ဗာနံ-ကို စာအုပ်မှာ ပါသည့်အတိုင်း ကျက်မှတ်ခိုင်းပါ၊ ပုတီးစိပ်ခိုင်းပါ။

၁၁။ ဓမ္မကထိကဆရာနှင့် ယောဂီပုဂ္ဂိုလ်တို့မှာ ပြဆိုခဲ့သည့်အတိုင်း ပရိယတ် ပဋိပတ် သစ္စာသိမှု ပဋိဝေဓ ဟူသော သာသနာ ၃-ရပ်နှင့် ပြည့်စုံ အောင် အထူးအားထုတ်ကြပါကုန်၊ သို့မှသာလျှင် အပါယ်ဘေး သံသရာဘေးတို့မှ ကင်းလွတ်နိုင်မည်ဟု သတိရှိကြပါကုန် ဟူလို။

## ထွက်ရပ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့ အလုပ်လုပ်ရန်

နာမ်ရုပ်နှင့် နာမ်ရုပ်ဖြစ်ကြောင်း သိအောင် ရှေးဦးစွာ အားထုတ်ရမည်၊ ၎င်းမှာ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိပင်တည်း။

သစ္စာအားဖြင့်ဆိုရလျှင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို ရှေးဦးစွာသိအောင် ပြုရမည်၊ ထိုနောက်မှ သမုစ္ဆေဒအားဖြင့် သမုဒယချုပ်ခြင်းငှါ လက္ခဏာကို ပွါးရမည်။

ထို့ကြောင့် ဝိနည်းငယ် လေးစောင်ဝင် ခုဒ္ဒသိက္ခာကျမ်းအဆုံး နှာ-၅၆-၌–

နာမရူပံ ပရိဂ္ဂယှ၊ တတော တဿ စ ပစ္စယံ။
ဟုတွာ အဘာဝတော’နိစ္စာ၊ ဥဒယဗ္ဗယပီဠနာ။
ဒုက္ခာ အဝသဝတ္တိတ္တာ၊ အနတ္တာတိ တိလက္ခဏံ—

ဟု လက္ခဏာသုံးပါးကို ပွါးများရန် ညွှန်ပြထား၏ ဟူလို။

# နိယျာဒိကာမဂ္ဂကထာ

**ပဏာမ**

ရတနတ္တယံ အဟံ ဝန္ဒာမိ။

ရတနတ္တယံ၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး အပေါင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

တနည်း—သောတာပန် သိကြားမင်းကြီး၏ ဘုရားရှိခိုးဂါထာဖြင့် ရှိခိုးဦးအံ့။

တဏှာသလ္လဿ ဟန္တာရံ၊ ဗုဒ္ဓံ အပ္ပဋိပုဂ္ဂလံ။
အဟံ ဝန္ဒေ မဟာဝီရံ၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ[၁]။

တဏှာသလ္လဿ ဟန္တာရံ၊ တဏှာတည်းဟူသော ငြောင့်တံသင်းကိုလည်း ပယ်ရှင်းတော်မူပြီးထသော။ အပ္ပဋိပုဂ္ဂလံ၊ အတုမရှိ အသဒိသပုဂ္ဂိုလ် ဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ် သစ္စဒီပက ဆရာသည်။ ဝန္ဒေ၊ ရှိခိုးပါ၏ဘုရား။

မဟာဝီရံ၊ကြီးမြတ်သော လုံ့လရှိတော်မူထသော။ အာဒိစ္စဗန္ဓုနံ၊ နေမင်း၏ အဆွေဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ် သစ္စဒီပကဆရာသည်။ ဝန္ဒေ၊ ရှိခိုးပါ၏ဘုရား။

ပဏာမ ပြီးပြီ။

**အဘိယာစက နိဒါန်းနှင့် ကျမ်းအမည်ဥယျောဇဉ်များ**

သက္ကရာဇ် ၁၃၁၄-ခု၊ ရှမ်းပြည်နယ်ကောင်စီ သဘာပတိ စကား စော်ဘွားကြီး စပ်ခွန်ကြည်က တပည့်တော်များ ရှမ်းပြည် ကမ္ဘောဇတိုင်းမှာ သံသရာ

---

၁။ သုတ်မဟာဝါပါဠိ နှာ-၂၂၉။

ဘေးကို ငြီးငွေ့သော စိတ်မကောင်း သဘောကောင်း ရှိကြသော ပုဂ္ဂိုလ်အများ ရှိကြပါသည်၊ သို့ရာတွင် ၎င်းတို့မှာ သံသရာမှ လျင်စွာ ထွက်မြောက်နိုင်ကြောင်း နိဿယကောင်းများ မရှိကြသေးသောကြောင့် သံသရာကို ငြီးငွေ့လျက်ပင် မလွတ် မလျက်နိုင်ပဲ ရှိနေကြပါသည်။

ထို့ကြောင့် နည်းနိဿယကောင်း ကျမ်းတကျမ်း ရေးသား ချီးမြှင့်တော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်ပါသည် အရှင်ဘုရား။

ထိုကျမ်းကို ပုံနှိပ်ပြီးသည့်နောက် ရှမ်းဘာသာဖြင့် ပြန်ဆိုပြီးလျှင် သစ္စာ မြင်သိမှုဟူသော ပဋိဝေဓသာသနာကို ပြုလိုပါကြောင်း လျှောက်ထား တောင်းပန်ချက်များအရ စတုသစ္စဒဋ္ဌိကမ္မကထာ သစ္စဒီပကကထာ သောတာပတ္တိမဂ္ဂကထာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနတမ္ဗကထာများကို ရေးသား ပုံနှိပ် ထုတ်ဝေခဲ့ပြီးသော ပဋိဝေဓ သာသနာပြု ဘဒ္ဒန္တရေဝတ အမည်ရှိသော သစ္စဒီပက မထေရ်သည် မြတ်စွာဘုရားအလိုတော်အရ မေတ္တာပုဗ္ဗင်္ဂမဖြင့် လာဘ သက္ကာရစသော မသင့်သော နှလုံးသွင်းမှုကို နှစ်စေလျက် ဤနိယျာနိကမဂ္ဂကထာကို ရေးသား ရပေသတည်း၊ အသင့်နှလုံးသွင်းသောအားဖြင့် လိုက်နာ ကျင့်ဆောင်၍ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြပါစေကုန်သောဝ်။

ဤကျမ်းကို မရေးမီ သစ္စာ ၄-ပါးကို လျင်စွာ မြင်သိနိုင်ကြောင်း တရားကို ရှာသော် ပိဋကတ်သုံးပုံတွင် ဓမ္မစကြာတရားတော်ကိုသာ တွေ့ရှိ၏၊ ထို့ကြောင့် ထိုပါဠိတော်ကို အမှီပြု၍ သိလွယ်တင်ရှားစေသော နည်းတို့ဖြင့် တန်းဆာဆင်၍ ရေးသားပေတော့အံ့—

မြတ်စွာဘုရားသည် ဓမ္မစကြာ သစ္စာ ၄-ပါး တရားကို ရှေးဦး ဟော၍ သောတာပန် တည်ပြီးနောက်မှ ဝိပဿနာ အနတ္တလက္ခဏာ သုတ်ကို ဟောတော်မူ၏၊ ထိုဥပနိဿယများကို အမှီပြု၍ သစ္စာ ၄-ပါးကိုပင်- ရှေးဦးပြပေအံ့—

ထို့ပြင် ထိုပါဠိတော်ကို အမှီပြုလိုသော ဆန္ဒရှိခြင်းမှာလည်း မြတ်စွာဘုရားသည် သုတ် ဝိနည်း အဘိဓမ္မာ တရားတော်တို့ကို စိတ်ဖြင့်၎င်း နှုတ်ဖြင့်၎င်း သုံးသပ်တော်မူသည့်အခါ ဓမ္မစကြာကိုဟောတော်မူသောအခါကဲ့သို့ တသောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာတို့ ပွဲတင်ထပ်မျှ ကောင်းချီးပေးကြသော တရားမရှိပေ။

ထို ဓမ္မစကြာ သစ္စာ ၄-ပါး တရားဟောရာမှာလည်း မြတ်စွာဘုရားသည် ဒုက္ခသစ္စာနှင့် တဏှာ သမုဒယသစ္စာကို အကျိုးအကြောင်း တစုံစပ်၍ လောကီသစ္စာ ၂-ပါးကို ဟောတော်မူ၏၊ နိရောဓသစ္စာနိဗ္ဗာန်နှင့် မဂ္ဂသစ္စာ အကျိုးအကြောင်း တစုံစပ်၍ လောကုတ္တရာသစ္စာ ၂-ပါးကို ဟောတော်မူ၏။

ဤသို့ သဗ္ဗညုတဉာဏ်တော်ဖြင့် အနက်အဓိပ္ပါယ် ကွယ်ဝှက်ခြင်းမရှိစေပဲ ဒုက္ခသည် သမုဒယတဏှာကြောင့် ဖြစ်၏၊ သမုဒယကို မဂ်ဖြင့်ပယ်က ဒုက္ခချုပ်၏ဟု ဟောတော်မူရာ ကြားနာရသော လူနတ်ဗြဟ္မာ ပရိသတ်တို့မှာ ဥပမာ–မှောင်ထဲ၌ မီးထွန်းလိုက်သကဲ့သို့, ဖုံးအုပ်၍ ထားသော ဝတ္ထုကို ဖွင့်၍ ပြလိုက်ဘိသကဲ့သို့ ကွယ်ဝှက်ခြင်းမရှိပဲ ကောင်းစွာထင်မြင်နိုင်သဖြင့် သစ္စာကို မသိအောင် ဖုံးထားသော အဝိဇ္ဇာကို ချုပ်စေ၍ သစ္စာမြင်သိမှုကို ပေးသောတရားတော် ဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် ဓမ္မစကြာတရားတော်သည် ပဥ္စဝဂ္ဂီ၅-ဦးနှင့်တကွ ကြားနာကြရသော ၁၈-ကုဋေသော နတ်ဗြဟ္မာတို့သည် သစ္စာမြင်သိမှု ဓမ္မာဘိသမယဖြစ်ကြ၍ သန္ဒိဋ္ဌိက အကာလိက မဂ်ဖိုလ်အကျိုးကို ထိုင်ရာမထ ရစေနိုင်သော အလွန်တန်ခိုးကြီးသော တရားတော် ဖြစ်ပေသည်၊ ထို့ကြောင့် ထိုပါဠိတော်ကို အမှီပြု၍ ဤ နိယျာနိကမဂ္ဂကထာကို ရေးသားရပေသတည်း။

ဤတွင် ကျမ်းပြုပုဂ္ဂိုလ်၏ အားကိုး အားထားပြုသော ပါဠိတော် **ညွှန်ပြ** ချက်များ ပြီးပြီ။

---

## ယောဂီပုဂ္ဂိုလ်တို့ကို သတိပေးခြင်း

သစ္စာသိလိုသော ယောဂီပုဂ္ဂိုလ်တို့မှာ စိတ်ဝိတက်မပျံ့ကြပဲ တနည်း–ထွေထွေရာရာတွေကို ကြံမနေကြပဲ ဤဓမ္မစကြ ၌ ဒုက္ခသည် သမုဒယကြောင့် ဖြစ်၏ဟု ဟောတော်မူသည့် အတိုင်း မိမိသန္တာန်မှာ ရှိသော ခန္ဓာသည် မိမိ တဏှာကြောင့် ဖြစ်-မဖြစ်, မိမိတဏှာကို မိမိပယ်က မိမိ၏ ဇာတိစသော ဒုက္ခ ချုပ်-မချုပ်ကိုသာလျှင် ကိုယ်တွေ့ ဉာဏ်တွေ့ ဒိဋ္ဌသိ ဖြစ်လိုသော ဆန္ဒာဓိပတိ ဝီရိယာဓိပတိတို့ဖြင့် လိုရင်းကိစ္စ၌သာ စွဲစွဲမြဲမြဲ အားထုတ်သင့်ကြပေသည်။

ဤသို့လိုရင်းကိစ္စ၌ ဝါ-လိုရင်းအချက်၌ စွဲစွဲမြဲမြဲအားထုတ်ပါလျှင် အဘယ်မှာလျှင် မဂ်ဖိုလ်ကို မရပဲ ရှိနိုင်အံ့နည်း၊ ဤသုတ္တန်ဒေသနာဖြင့်ပင် သစ္စာမြင်သိ၍ သောတာပတ္တိမဂ် စသည်ကို ရကြသည်မှာ အသင်္ချေ အနန္တပင် ရှိ၏ ဟူလို။

## သာဝကများကို မြတ်စွာဘုရားက သတိပေးပုံ

ချစ်သားတို့ရော့ ငါဘုရားရော ရှေးအခါက သစ္စာမသိမှုကြောင့် သံသရာစက်မှာ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရ၏၊ ထို့ကြောင့် သစ္စာသိအောင် အားထုတ်ကြကုန်လော့-ဟု မဟာပရိနိဗ္ဗာန သုတ်၌ ဟောတော်မူ၏။

**ဟောပုံ။** ။စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
သံသရိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတိသု^၁^။

ဘိက္ခဝေ၊ ရဟန်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယာသစ္စာတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ အဒဿနာ၊ မမြင်မသိခြင်း ဟူသော အဝိဇ္ဇာကြောင့်။ ဒီဃမဒ္ဓါနံ၊ ရှည်မြင့်စွာသော အနမတဂ္ဂ သံသရာကာလပတ်လုံး။ တာသု တာသွေဝ ဇာတိသု၊ ထိုထို ယုတ်သောဘဝ မြတ်သောဘဝ ဒုက္ခသစ္စာတို့၌ သာလျှင်။ သံသရိတံ၊ အိုမှုလည်းမဆုံး နာမှုလည်းမဆုံး သေမှုလည်းမဆုံး အပါယ်ကျမှုလည်းမဆုံး ဆုံလည်သည့်နွား ရဟတ်ချားကဲ့သို့ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း မချမ်းမသာ ဘရမ်းဘတာ ကျင်လည်ပြေးသွားခဲ့ကြရ၏။

အဓိပ္ပါယ်အထူးမှုကား-သစ္စာကို မသိလျှင် မဂ်ကိုမရသေးလျှင် လူမင်းကြီး နတ်မင်းကြီး ဗြဟ္မာမင်းကြီး တိပိဋကဓရ ဆရာတော်ကြီးများပင် ဖြစ်ဦးတော့၊ သံသရာဘေး အပါယ်ဘေးတို့မှ မလွတ်နိုင်၊ သစ္စာသိ၍ သောတာပတ္တိမဂ် စသည်ကို ရမှသာလျှင် ထိုထိုဘေးတို့မှ လွတ်နိုင်မည်၊ ထို့ကြောင့် မိမိ၏ အကျိုးစီးပွါး၌ လိမ္မာကြသည်ဖြစ်၍ သစ္စာကို သိအောင် မဂ်ကို ရအောင် အားထုတ်ကြပါကုန် ဟူလို။

## ယောဂီပုဂ္ဂိုလ်တို့ ဝမ်းမြောက်စွာ အားထုတ်သင့်ကြပုံ

လေးသင်္ချေနှင့်ကမ္ဘာတသိန်းပါရမီဖြည့်မှ ဆင်းရဲခံ၍ကျင့်မှ သစ္စာလေးပါးကို မိမိပါရမီဉာဏ်ဖြင့် သိနိုင်၏၊ သိပြီးသော တရားကိုလည်းမြင်သိလွယ်စေခြင်းငှါ

၁။ သုတ်မဟာဝါပါဠိ၊ နှာ-၇၇။ မဟာဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၇၀။

မဟာကရုဏာတော်ဖြင့် သစ္စာလေးပါးကို ကေား ၂-ခွန်းဖြင့် သိစေတော်မူ၏။ ထို့ကြောင့် ယခုအခါ မိမိတို့ ပါရမီကံအားလျော်စွာ လွယ်လင့်တကူ ခူးပြီးသား ထမင်းပွဲ၌ အသာထိုင်၍ စားရဘိသကဲ့သို့ ကြားနာရသော တရားတော်ကို ရိုသေစွာ မအိပ်မနေ စွဲစွဲမြဲမြဲ အားထုတ်သင့်ပေသည် ဟူလို။

သတိပေးပုံ ပြီးပြီ။

---

## အမေး အဖြေ

**မေး။** ။သစ္စာလေးပါးကို မြင်သိရန် အဘယ်သို့ အားထုတ်ရပါမည်နည်း။

**ဖြေ။** ။ယခု စာအုပ်တွင် ပါရှိသော သစ္စာလေးပါးကို ပါဠိအနက် ရအောင် ကျက်မှတ်ပါ၊ အကျယ်ဝေဘန်ချက်များကို သုံးသပ် ဆင်ခြင်စဉ်းစားပါ။ အကယ်၍ အနက်အဓိပ္ပါယ် မသိလျှင် သိသော ပညာရှိများထံ မေးမြန်း၍ အဖန်ဖန် ဆင်ခြင် ပွါးများပါလျှင် သစ္စာလေးပါးကို ယထာဘူတအတိုင်း သိ၍ သောတာပတ္တိမဂ် စသည်ကို ရနိုင်ပါသည်။

## ကျက်မှတ်ရန်

### ဓမ္မစကြာ သစ္စာလေးပါး တရားတော်

၁။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ[၁]။ ။ဒုက္ခသစ္စာပါဠ် ပြီးပြီ။

၂။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ[၁]။ သမုဒယသစ္စာပါဠ် ပြီးပြီ။

---

၁-မဟာဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၆၉။

၃။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော^၁။ ။နိရောဓသစ္စာပါဠိ ပြီးပြီ။

၄။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ^၁။ ။မဂ္ဂသစ္စာပါဠိ ပြီးပြီ။

## သစ္စာလေးပါးကို အကျဉ်းပြခြင်း

သစ္စာ ၄-ပါးအကျယ်ကို မပြမီ အကျဉ်းအားဖြင့် မြင်သိနည်းကို ဝိသုဒ္ဓိမဂ်ဒု-တွဲ၊ နှာ-၁၂၆-အရ ပြဦးအံ့–

ပဝတ္တိ-ပဝတ္တန၊ နိဝတ္တိ-နိဝတ္တန၊ ဤ ၄-ပါးပင်တည်း။ ပဝတ္တိ၊ ရုပ် နာမ် ခန္ဓာ ဇာတိဖြစ်ခြင်း ဒုက္ခသစ္စာ။ ပဝတ္တန၊ ရုပ် နာမ် ခန္ဓာ ဇာတိကို ဖြစ်စေခြင်း တဏှာ သမုဒယသစ္စာ။ နိဝတ္တိ၊ ရုပ် နာမ် ခန္ဓာ ဇာတိ ချုပ်ခြင်း နိရောဓသစ္စာ နိဗ္ဗာန်။ နိဝတ္တန၊ ရုပ် နာမ် ခန္ဓာ ဇာတိကို ချုပ်စေသော မဂ္ဂသစ္စာ။ ဤ ၄-ပါးကို ပါဠိမပါပဲ သိမှတ်လိုသော် ဒုက္ခ ဖြစ်ခြင်း ဒုက္ခကို ဖြစ်စေခြင်း ဒုက္ခချုပ်ခြင်း ဒုက္ခကို ချုပ်စေခြင်း ပင်တည်း။ ဤ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသော် ဇာတိကို ပြုလုပ်တတ်သော ပဝတ္တန ဟူသော မိမိဘဝတဏှာကို မိမိပယ်က ဇာတိချုပ်သဖြင့် နိဗ္ဗာန် ရလေတော့၏ ဟူလို။

**ကျက်မှတ်ရန်။** ။အောက်ပါ ကထာကို ကျက်မှတ်၍ အဖန်ဖန် ဆင်ခြင်ပါ။

၁။ ဒုက္ခဟူသမျှအဖြာဖြာ လိုချင်ခင်တွယ်မှုတဏှာကြောင့်သာ ဖြစ်မှုမုချ။

၂။ ယင်းတဏှာအား ပယ်လိုလျှင် ယင်းတဏှာကြောင့် ဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယ ဘေးကို နာနာရှုမှု။

၃။ နာနာရှုသဖြင့် ဉာဏ်မြင်သန် ဘဝတဏှာ ချုပ်မှုစိတ်ချ။

၄။ ဘဝတဏှာမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဇာတိ ဖြစ်နိုင်တော့မလဲ။

---

၁။ မဟာဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၃၆၉။

၅။ ဇာတိဒုက္ခမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဇရာမရဏ ဖြစ်နိုင်တော့မလဲ။
၆။ နိဗ္ဗာန်ချမ်းသာဟု ဆိုသည်တွင် ယင်းသို့ ဇာတိ ဇရာ ဗျာဓိ မရဏ ကင်းသော တရားကိုပင် မှတ်ဘို့ပါပဲ။

တဏှာချုပ်အောင် ရှုနည်းပြီးပြီ။

---

## သစ္စာလေးပါးကို တဂါထာဖြင့် မြင်သိနည်း

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကံ။
ဆန္ဒရာဂနိရောဓေန၊ နတ္ထိ ဒုက္ခသ သမ္ဘဝေါ[၁]။

ယံကိဉ္စိ၊ အလုံးစုံ အမှတ်မရှိသော။ ဒုက္ခံ၊ ဆင်းရဲဟူသမျှသည်။ သမ္ဘောတိ၊ ဖြစ်၏။ တံ သဗ္ဗံ၊ ထို ဖြစ်ခြင်းရှိသော ဇာတိ စသော ဆင်းရဲ ဟူသမျှသည်။ ဆန္ဒရာဂမူလကံ၊ ဆန္ဒရာဂ သမုဒယသစ္စာလျှင် အကြောင်းအရင်းခံ ရှိ၏။ ဆန္ဒရာဂနိရောဓေန၊ ဆန္ဒရာဂ တဏှာ၏ ချုပ်ခြင်းကြောင့်။ တနည်း–ဆန္ဒရာဂနိရောဓေန၊ ခန္ဓာ၌ရှိသော အနိစ္စစသော အပြစ်ကိုရှုသော သမ္မာဒိဋ္ဌိမဂ် အကျင့်ဖြင့် ချုပ်စေခြင်းကြောင့်၊ ဒုက္ခသ၊ အလုံးစုံသော ဇာတိစသော ဆင်းရဲဒုက္ခ၏။ သမ္ဘဝေါ၊ ပွါးစီးခြင်းသည်။ ဝါ၊ခန္ဓာဇာတိ အသစ်တဖန် ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိနိုင်တော့ပြီ။ ခန္ဓာအကြွင်းမဲ့ ချုပ်သော ဝါ-ချုပ်ရာ နိဗ္ဗာန်ကို ရလေ ရောက်လေတော့၏ဟူလို။

သစ္စာ ၄-ပါးကို တဂါထာဖြင့် မြင်သိနည်းပြပုံ ပြီးပြီ။

---

## ဒုက္ခဓမ္မသုတ်လာ သစ္စာ ၄-ပါးပြခြင်း

တနည်း–နိဒါနဝဂ္ဂသံယုတ် ဒုက္ခဓမ္မသုတ် နှာ-၃၀၀ အရ ရဟန်းများကိုဟော သော သစ္စာ ၄-ပါးကို အကျဉ်းအားဖြင့် ပြဦးအံ့—

---

၁။ သုတ္တနိပါတ်ပါဠိ၊ နှာ ၃၉၄။

ခန္ဓာမြင်သိ ဖြစ်ကြောင်းသိ ချုပ်သိ မဂ်သစ္စာ။
ဤသို့ သိမှု အကြောင်းပြု ရမှု မဂ်ဖလ်။

ခန္ဓာကို သိရမည်၊ ခန္ဓာဖြစ်ကြောင်းကို သိရမည်၊ ခန္ဓာဇာတိ ချုပ်မှုကို သိရမည်၊ မဂ်အကျင့်ကို သိရမည် ဟူလို။

အထူးကား—

၁။ မိမိသန္တာန်၌ရှိသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခန္ဓာ ၅-ပါးကို ခန္ဓာဟု သိ၍၊ ဤသို့သိလျှင် ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာဟူသော ပါဠိအရ ဒုက္ခသစ္စာသာ ရှိ၍ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု မြင်သိရကား သက္ကာယဒိဋ္ဌိ ချုပ်လေတော့၏။

၂။ မိမိ၏ ကာမတဏှာ ဘဝတဏှာစသည့် သမုဒယကြောင့် ထို ခန္ဓာဖြစ်၏၊ ဤသို့ ဒုက္ခကို ပြုလုပ်သော သမုဒယသစ္စာလက်သည် ရန်သူကို မြင်သိလျှင် ဗြဟ္မာ ဗိဿနိုး ထာဝရတို့ ဖန်ဆင်းမှု မဟုတ်၊ အကြောင်း သမုဒယကြောင့် အကျိုးဇာတိ ဖြစ်၏ဟု မြင်သိရကား ဝိစိကိစ္ဆာ ချုပ်လေတော့၏။

၃။ ထို သမုဒယ တဏှာ၏ ခင်တွယ်ရာ ဒွတ္တိံသာကာရ မျက်စိ နား နှာ အင်္ဂါ ခြေ လက် တို့၌ ရုပ္ပန စသော,အို နာ သေမှု ပူပန်မှု အနိစ္စစသော အပြစ်တို့ကို သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် ရှုမြင်ခြင်းကြောင့် ခန္ဓာ၌ ခင်တွယ်သော တဏှာချုပ်သဖြင့် ဇာတိစသော ဒုက္ခတို့ ချုပ်ခြင်းသည် ဝါ- ချုပ်ရာသည် နိရောဓသစ္စာ မည်၏။

၄။ ထို ဒုက္ခ သမုဒယ နိရောဓတို့ကို မြင်သိ ဆုံးဖြတ်နိုင်ရန် အားထုတ်မှု ကောင်းစွာ မြင်သိမှုသည် မဂ္ဂသစ္စာ မည်၏။

ဤသို့ မြင်သိက သောတာပတ္တိမဂ် အယဉ်သို့ ရောက်ရကား နိဗ္ဗာန်သို့သာ စီးဝင်လေတော့၏၊ ဥပမာ-အောက်သို့ စီးနေသော မြစ်ရေအယဉ်သည် အထက်သို့ မဆန်နိုင်သကဲ့သို့ လောကီဘက်က ၃၁-ဘုံ အကုန်ပေးတော့ မယူတော့ပြီဟု ဟောတော်မူ၏ ဟူလို။

## ပါဠိတော်၏ အနက်

သစ္စာလေးပါး ပါဠိတော်၏ အကျယ် အနက်အဓိပ္ပါယ်ကို ပြပေတော့အံ့—

**ဒုက္ခသစ္စာအနက်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်းသည်လည်း။ ဒုက္ခာ၊ဆင်းရဲ၏။ တနည်း – ဇာတိပိ၊အမိ၏ဝမ်းတွင်း၌ အမိ၏အစာသစ်အိမ်ကို ခေါင်းဖြင့်ရွက်၍အစာဟောင်းအိမ်ပေါ်၌ ထိုင်လျက် အမိဝမ်းရေကို ကျောပေး၍ အမိ၏ကျောက်ဆူးမြီးသို့မျက်နှာမူလျက် အူမ အူသိမ်တို့ဖြင့် ခြံရံလျက် စက်ဆုပ်ဖွယ် ဌာန၌ ၉-လ ၁၀-လ ကြာနေရခြင်း ဖွားမြင်သောအခါမှာလည်း ကျဉ်းမြောင်းသော အပေါက်ဝမှ ထိုးထွက်ရသဖြင့် အလွန်ဆင်းရဲစွာ မွေးဖွားခြင်း ဇာတိ ဖြစ်ရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။

ဇရာပိ၊ ဆိုးရွား ဟောင်းမြင်း အိုမင်း ရင့်ရော်ရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ အပ္ပိယေဟိ၊ မချစ် မနှစ်သက်လိုအပ်သော ဝေရီ သတ္တဝါ သင်္ခါရ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ အနိဋ္ဌာရုံတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွပေါင်းဖော်တွေ့ဆုံရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါ သင်္ခါရ ပိယ ပုဂ္ဂိုလ်တို့နှင့်။ ဝိပ္ပယော-ဂေါ၊ ကွေကွင်းရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။

ယမ္ပိစ္ဆံ၊ အကြင်ပဋိသန္ဓေနေရခြင်း အိုခြင်း နာခြင်း သေခြင်း ပူပန်ကြောင့်ကြခြင်းစသော သဘောတရားတို့သည် ငါ့အား မဖြစ်ပါမူကား ကောင်းလေစွစသည်ဖြင့် တောင့်တအပ်သည်ကို။ န လဘတိ၊ မရပေ။ တမ္ပိ၊ ထိုသို့ တောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ ၅-ပါး ရှိနေခြင်းတို့သည်။ဒုက္ခာ၊ ဆင်းရဲကုန်၏။

ဣဒံ ခေါ ပန မဗ္ဗဇာတံ၊ ဤ ဇာတိဒုက္ခစသော တရားသဘောသည်သာလျှင်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သောသစ္စာမည်၏။

**အထူးမှတ်ထားချက်။** ။ဤ ဒုက္ခသစ္စာ၌ အဘိဓမ္မာနည်းဖြင့် မျက်စိတမိုတ်လျှပ်တပြက်ခန့်အတွင်း ရုပ်နာမ်ခန္ဓာတို့ ကုဋေတသိန်း ဖြစ်ပျက်နေမှုတို့ကို ရှုမြင်နိုင်မှသာ မဟုတ်ပါ၊ ဤ ဓမ္မစကြာ သုတ္တန်နည်းဖြင့်

ဇာတိ ဇရာ စသော ဒုက္ခတို့ကို မြင်သိ၍ သံဝေဂရလျှင် ကိစ္စပြီးပါ၏၊ ဤ ဒုက္ခသစ္စာ ပါဠိအနက်လောက်ကို ပရိယတ္တိ သာသနာအဖြစ်ဖြင့် နှုတ်ရဆောင်၍ ပဋိပတ်အဖြစ်ဖြင့် အဖန်ဖန် ဆင်ခြင်က ဒုက္ခသစ္စာ ထင်မြင်ပါလိမ့်မည်။ ထိုသို့ထင်မြင်လျှင် ပုဂ္ဂိုလ်သတ္တဝါ သဘောမရှိ၊ သစ္စာအားဖြင့် ဒုက္ခသစ္စာသာ ရှိ၏ဟု မြင်သိရကား သက္ကာယဒိဋ္ဌိနှင့် ခင်တွယ်မှု တဏှာလည်း ချုပ်လေတော့၏။

အထူးမှာထားချက် ပြီးပြီ။

---

## ဒုက္ခသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တာပနရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ[၁]။

ဒုက္ခသစ္စံ၊ဒုက္ခသစ္စာသည်။ ဗာဓနလက္ခဏံ၊ အိုနာ သေမှု စသည်ဖြင့် ညှဉ်းဆဲခြင်း လက္ခဏာရှိ၏။ သန္တာပနရသံ၊ ပူပန်ခြင်းကိစ္စ၏။ ပဝတ္တိပစ္စုပဋ္ဌာနံ၊ ဇာတိ စသည် ဖြစ်ခြင်းရှိသောကြောင့်ဟု ဉာဏ်အား ရှေးရှုထင်၏။

ဤ၌ ဇရာ ဗျာဓိ မရဏအစ ဖြစ်ခြင်းက-ဟု ပြ၏၊ဇာတိ ဖြစ်ခြင်းမရှိလျှင် အိုနာ သေမှု မရှိနိုင်။ အနုပ္ပါဒေ၊ သုခံ ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိအရ ဖြစ်မှုမရှိက ပျက်စရာ ဝဋ္ဋုပင် မရှိသောကြောင့် ဒုက္ခမှ ကင်းလွတ်တော့၏ ဟူလို။

ထို ဒုက္ခသစ္စာ၌ ဇာတိစသော ဒုက္ခတို့ကို သစ္စဉာဏ် ကိုယ်တွေ့ ထင်မြင်အောင် ရှုလိုသော် မိမိသန္တာန်မှာရှိသော ကေသာ လောမာ ဆံပင် မွေးညင်း စသောပထဝီဓာတ်၂၀၊ သည်းခြေစသောအာပေါဓာတ် ၁၂၊ ရက်ဆက်ရက်ချန် ဖျားခြင်းစသော တေဇောဓာတ် ၄၊ အထက်ဆန်သောလေ စသော ဝါယောဓာတ် ၆-တို့နှင့်တကွ မျက်စိ နား နှာ အင်္ဂါ ခြေ လက် တို့ကိုရှုပါ။ ဤသို့ရှုလျှင် မွေးခါစ သူငယ်တို့၏ ဇာတိဒုက္ခ, သွားကျိုး ဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်းကုန်းကွစသော ဇရာဒုက္ခ, ခေါင်းခဲ ဝမ်းနာ ဖျားနာခြင်းစသော ဗျာဓိစသော ကာယိကဒုက္ခတို့နှင့် တွေ့လေတော့၏၊ ထို ကာယိကဒုက္ခကို အကြောင်းပြု၍ ပူပန်ခြင်းစသော စေတသိက ဒုက္ခတို့နှင့်လည်း တွေ့ရကား မမှာမိဋ္ဌာန်အားဖြင့် ဟောတော်မူသော ဒုက္ခသစ္စာသည် မိမိအဇ္ဈတ္တသို့ ရောက်လေတော့၏။ ထိုကြောင့် ဆံပင် မွေးညင်း စသော ဒွတ္တိံသာကာရကို ကျက်မှတ်ကားကြပါ၊

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၂၆။ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ နှာ-၇၉။

အလှန်ခရီးရောက်ပါသည်၊ ဒုက္ခသစ္စာ ဒိဋ္ဌကိုယ်တွေ့ မြင်သိသဖြင့် တဖန်ဖြစ်လိုမှု ဘဝတဏှာကို ချုပ်စေနိုင်ပါသည်။

## ခန္ဓာ ၅-ပါး၌ ဒုက္ခသစ္စာဖြစ်ပုံ

ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ဟူသောပါဠိအရ ခန္ဓာငါးပါးကိုသိသင့်၏၊ထို့ကြောင့် ပြဦးအံ့——

ခက်မာခြင်း လက္ခဏာရှိသော ဆံပင်စသော ပထဝီဓာတ် ၂၀၊ ဖွဲ့စေး ယိုစီးခြင်း လက္ခဏာရှိသော သည်းခြေစသော အာပေါဓာတ် ၁၂၊ ပူအေးရင့် ကျက်ခြင်း လက္ခဏာရှိသော သန္တပ္ပနစသော တေဇောဓာတ် ၄၊ထောက်ကန်ပွ လှုပ်ရှားခြင်းလက္ခဏာရှိသော အထက်ဆန်သောလေ စသော ဝါယောဓာတ် ၆၊ ပေါင်း ဓာတ်အားဖြင့် ခက်မာ, ဖွဲ့စေး,ပူအေး, ထောက်ကန် ဟူသော လက္ခဏာ ၄-ချက် စသော ရုပ်ဓာတ်ကြီး ၄-ပါး၊ ၎င်းဓာတ်ကြီး ၄ ပါးကို အမှီပြု၍ ဖြစ်သော မျက်စိ နား နှာ အင်္ဂါ ခြေ လက် ဘာဝ ဟဒယ ဇီဝိတ စသော ၂၄-ပါးသောရုပ်၊ ထိုရုပ် ၂၈-တို့သည် 'ရုပ္ပနလက္ခဏံ ရူပံ' ဟူသောပါဠိအရ အချမ်း အပူစသည်ဖြင့် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏၊ ရုပ်၌ သိတတ်သော သဘောမရှိ၊ စက္ခုစသော ဒွါရ ရူပစသော အာရုံတို့ကား သိတတ်သောစိတ် ဖြစ်ပေါ်ခြင်း အကြောင်းမျှသာ ဟူလို။

'နမနလက္ခဏံ နာမံ' ဟူသောပါဠိအရရူပါရုံစသော အာရုံ ၆-ပါးကို သိတတ် ညွတ်တတ်သောကြောင့် နာမ်မည်၏၊ အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာက္ခန္ဓာ၊ အာရုံကို အမှတ်ပြု၍ သိတတ်သော သညာက္ခန္ဓာ၊ ကုသိုလ် အကုသိုလ် အားဖြင့် ပြုပြင်တတ်သော သင်္ခါရက္ခန္ဓာ စေတသိက် ၅၀၊ အာရုံ ၆-ပါးကို သိတတ်သောစိတ်၊ ဤသို့ နာမ်ခန္ဓာ ၄-ပါး ရုပ်ခန္ဓာ တပါး ပေါင်း ခန္ဓာ ၅-ပါးဖြစ်၏။ထိုခန္ဓာ၌သူခရှိ၏ဟု အသိအမှတ်မပြုအပ်၊ဒုက္ခသစ္စာသာရှိ၏။ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့၏ တည်ရာဖြစ်သောကြောင့် ဒုက္ခသစ္စာဟု ဟော တော်မူ၏ ဟူလို။

သက္ကာယဒိဋ္ဌိကို ခွါနိုင်မှသာ မဂ်ကိုရနိုင်မည်၊ ထိုသက္ကာယဒိဋ္ဌိကို ခွါလိုသော် မိမိသန္တာန်၌ရှိသော ခန္ဓာသည် ဒုက္ခသစ္စာသာတည်းဟု မြင်သိအောင် ရှုပါ၊ ဒုက္ခသစ္စာဟု အမှန်မြင်သိလျှင် သက္ကာယဒိဋ္ဌိ ကွာလေတော့၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ ဒုက္ခဉာဏံ ပရိယုဋ္ဌာနာဘိဘဝဝသေန ပဝတ္တမာနံ သင္ကာယဒိဋ္ဌိံ နိဝတ္တေတိ[၁]၊ ကသ္မာ၊ သုဒ္ဓသင်္ခါရပုဉ္ဇမတ္တဒဿနတော[၂]ဟု ပြ၏။

ဒုက္ခဉာဏံ၊ ဒုက္ခသစ္စာကိုသိသော ဉာဏ်သည်။ ပရိယုဋ္ဌာနာဘိဘဝဝသေန၊ ဒိဋ္ဌိကိလေသာ၏ ထိုးကျင့်နှိပ်စက်သည်၏အစွမ်းဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ သက္ကာယဒိဋ္ဌိံ၊ ခန္ဓာကို အစိုးရသော အလိုသို့လိုက်စေနိုင်သော ငါဟုယုံမှားသော ဒိဋ္ဌိကို။ နိဝတ္တေတိ၊ နစ်စေ၏။ ဝါ၊ ချုပ်စေ၏။ ကသ္မာ၊ ကား။ သုဒ္ဓသင်္ခါရပုဉ္ဇမတ္တဒဿနတော၊ အစိုးရခြင်း အလိုသို့လိုက်ခြင်း အတ္တသတ္တသဘောမှ ကင်းသော သက်သက်သော သင်္ခါရဒုက္ခ အစုအပုံမျှ၏အဖြစ်ကို မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

## တနည်းပြခြင်း

ဣဒဉ္စ ပဌမသစ္စံ ကုဿိတံ၊ ကသ္မာ၊ အနေကဥပဒ္ဒဝါဓိဋ္ဌာနတော။ တုစ္ဆံ ဗာလဇနပရိကပ္ပိတဓုဝသုဘသုခတ္တဘာဝဝိရဟိတတ္တာ။ တသ္မာ ကုဿိတတ္တာ တုစ္ဆတ္တာ စ ဒုက္ခန္တိ ဝုစ္စတိ[၃]။

ဣဒဉ္စ ပဌမသစ္စံ၊ ဤ ပဌမသစ္စာသည်လည်း။ ဝါ၊ ဒုက္ခသစ္စာသည်။ ကုဿိတံ၊ စက်ဆုပ်အပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အနေကဥပဒ္ဒဝါဓိဋ္ဌာနတော၊ ခပ်သိမ်းသော ဘေးဥပဒ္ဒဝေါတို့၏ တည်ရာ၏အဖြစ်ကြောင့်တည်း။ တနည်း—အနေကဥပဒ္ဒဝါဓိဋ္ဌာနတော၊ ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေး အပါယဘေး အတီတေဝဋ္ဋမူလကဘေး အနာဂတေဝဋ္ဋမူလကဘေး ပစ္စုပ္ပန်ဝယ် စားသောက်ရန်ပစ္စည်း ရှာမှီးရသောဘေးတို့၏ တည်ရာ၏အဖြစ်ကြောင့်တည်း။

ဗာလဇနပရိကပ္ပိတဓုဝသုဘသုခတ္တဘာဝရဟိတတ္တာ၊ သူမိုက်တို့သည် ကြံဆအပ်သော မြဲသည်၏အဖြစ် တင့်တယ်သည်၏အဖြစ် ချမ်းသာသည်၏အဖြစ် အစိုးရခြင်း အလိုသို့လိုက်ခြင်းစသော အတ္တသတ္တသဘောတို့မှ ကင်းသည်၏ အဖြစ်ကြောင့်။ ဝါ၊ မရှိသည်၏အဖြစ်ကြောင့်။ တုစ္ဆံ၊ အချည်းနှီးလည်း ဟုတ်၏။ တသ္မာ ကုဿိတတ္တာ စ၊ ထိုသို့ စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဝါ၊ ခင်တွယ်နှစ်သက်မှုကို ပယ်အပ်သည်၏အဖြစ်ကြောင့်ရင်း။ တသ္မာ

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၄၂။ ၂။ မဟာဋီကာ ဒု တွဲ၊ နှာ-၂၁၇။
၃။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၂၅ ။

တုစ္ဆတ္တာ စ၊ ထိုသို့ အချည်းနှီးဖြစ်သောကြောင့်ရင်း။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အမိပ္ပါယ်အထူးမှုကား—ခန္ဓာ ၅-ပါး၌ ကုစ္ဆိတ, တုစ္ဆတု မြင်သိခြင်းဖြင့် ပင်လျှင် အတ္တသဘောမရှိ၊ အစိုးမရ အလိုသို့မလိုက်သော ဒုက္ခသစ္စာသာတည်းဟု ဆုံးဖြတ်နိုင်ရကား ဒုက္ခသစ္စာ၌ ဖုံးသော အဝိဇ္ဇာချုပ်၏၊ ဒုက္ခဟုသိသောကြောင့်ပင် လိုချင်ခင်တွယ်မှု တဏှာလည်း ချုပ်၏၊ အတ္တဒိဋ္ဌိလည်း ချုပ်၏၊ ကောင်းစွာမြင်သိ ဆုံးဖြတ်နိုင်မှုကြောင့် ဓမ္မသင်္ကေတကျမ်းအရ ဓမ္မေ ကခ်တိလည်း ချုပ်၏။ ထို့ကြောင့် **ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သာ ညွတ်သည် မဂ်စိတ်**-ဟူသော ကထာအရ မဂ်ကိစ္စ ၄-ပါး ပြီးနိုင်ရကား သောတာပတ္တိမဂ်သို့ ရောက်နိုင်၏ဟူလို။

## သစ္စာ ၄-ပါး မြင်သိနည်း အမေးအဖြေ

သစ္စာ ၄-ပါးတို့၌ ကောင်းစွာ သိမြင်ဆုံးဖြတ်နိုင်ရန် အမေး အဖြေဖြင့် ပြဦးအံ့—

**မေး-ဖြေ။** ။သင်သည် မိမိသန္တာန်၌ရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက်စသော ရုပ်နှင့် သိ,မှတ်, ခံစား,ပြုပြင်တတ်သော နာမ်တရားတို့ ရှိနေခြင်းသည် ဒုက္ခသစ္စာရှိနေခြင်းဟု သိပါ၏လော။ ။သိပါသည်။

**မေး-ဖြေ။** ။တဖန်မဖြစ်ပဲ အမြဲ ချုပ်လိုသလား။ ။ချုပ်လိုပါသည်။ ။ချုပ်ငြိမ်းလိုလျှင် ဇာတိစသော ဒုက္ခတို့ကို ဖြစ်စေတတ်သော တဏှာ ဥပါဒါန် ကံ တို့ကို မပြုမလုပ်နှင့်၊ ပယ်ရမည်။ ။ပယ်ပါတော့မည်။

**မေး။** ။ထို တဏှာ ဥပါဒါန် ကံ ချုပ်အောင် အဘယ်သို့ ရှုရပါမည်နည်း။

**ဖြေ။** ။မိမိ သန္တာန်မှာ ရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် တို့၌ ရှိသော အိုမှု ဇရာ ဒုက္ခ၊ ခေါင်းခဲ ဝမ်းနာ ဖျားနာခြင်းစသော ဗျာဓိဒုက္ခ၊ သေကြေ ပျက်စီးခြင်း မရဏ ဒုက္ခ၊ မအိုမနာ မသေရန် တောင့်တ၍မရသော အနတ္တ စသော ဒုက္ခသစ္စာကို နာနာရှုပါ၊ ဤသို့ ရှုလျှင် တဏှာ ဒိဋ္ဌိ ဥပါဒါန် ကံတို့ ချုပ်ရလေတော့၏၊

ထိုသို့ ရှုပြီးနောက် သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် အောက်ပါအတိုင်း ဆုံးဖြတ်ပါ။

၁။ မိမိသန္တာန်မှာ ရှိသော နာမ်ရုပ် ခန္ဓာတို့ကား ဒုက္ခသစ္စာ အမှန်ပါပဲ။

၂။ ထို ဒုက္ခတို့သည်လည်း မိမိ၏ လိုချင်မှု ဘဝတဏှာ ကံတို့ကြောင့် ဖြစ်ထာ အမှန်ပါပဲ။

၃။ ယခု အတိဒုလ္လဘဖြစ်သော သဒ္ဓမ္မသဝန ကြားနာရသဖြင့် ဘဝဇာတိစသည်ကို လိုချင်မှု မရှိတော့ပြီ၊ ဤသို့ ဒုက္ခကို ဖြစ်စေတတ်သော တဏှာကို ပယ်စွန့်ပြီ ဖြစ်သောကြောင့် ဒုက္ခနိရောဓ အဇာတနိဗ္ဗာန်ကို ရပြီဟု ဆုံးဖြတ်ပါ။

၄။ ဤသို့ သမာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် ကောင်းစွာ မြင်သိ ဆုံးဖြတ်နိုင်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်သဖြင့် သောတာပတ္တိမဂ် စသည်ကို ရနိုင်၏ ဟူလို။

ဒုက္ခသစ္စာ၏ အနက်အဓိပ္ပါယ်များ ပြီးပြီ။

---

**သမုဒယသစ္စာအနက်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ယာယံ တဏှာ၊ အကြင် လိုချင်ခင်တွယ်တတ်သော လောဘသည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝသစ်၌ ဖြစ်သည်ဖြစ်၍ ဖြစ်လေ့ရှိ၏။ နန္ဒိရာဂသဟဂတာ၊ တပ်ခြင်း နှစ်သက်ခြင်းနှင့်တကွ ဖြစ်သည်ဖြစ်၍ ဖြစ်လေ့ရှိ၏။ တတြ တတြ၊ ထိုထို ကိုယ်၏ အဖြစ် ထိုထို အာရုံတို့၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်ခြင်းနှင့် တပ်ခြင်း ဖြစ်၍ ဖြစ်၏။ ဇ္ဇေဒံ-သော တဏှာ၊ ဤတဏှာသည်။ သေယျထာ-ကတမာ၊အဘယ်နည်း ဟူမူကား။ ကာမတဏှာ၊ ကာမဘုံ၌ ရူပါရုံစသော ဝတ္ထုတို့ကို တပ်တတ်သော တဏှာသည်ဧင်း။ ဘဝတဏှာ၊ သတ္တဝါရှိ၏ မြဲ၏ဟု ယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာသည်ဧင်း။ ဝိဘဝတဏှာ၊ သတ္တဝါ သေလျှင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာသည်ဧင်း။ အတ္ထိ၊ ရှိ၏။ ဇ္ဇဒံ ခေါ ပန ဓမ္မဇာတံ၊ ဤ တဏှာဟူသော လောဘ တရားသဘောသည်သာလျှင်။ ဒုက္ခသမုဒယံ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## သမုဒယသစ္စာ၏ ဝိဂ္ဂဟ် ဝစနတ္ထ

ဒုက္ခံ သမုဒေတိ ဥပ္ပါဒေတီတိ သမုဒယော၊

ဒုက္ခံ၊ ဇာတိစသော ဒုက္ခကို။ သမုဒေတိ ဥပ္ပါဒေတိ၊ ဖြစ်ပွါးစေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဒုက္ခ ဖြစ်ပွါးစေတတ်သော တရားဖြစ်သောကြောင့်။ သမုဒယော၊ သမုဒယသစ္စာ မည်၏။

## သမုဒယသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

ပဘဝလက္ခဏံ သမုဒယသစ္စံ၊ ဒုက္ခအနုပစ္ဆေဒနရသံ၊ အတိတ္ထိပစ္စုပဋ္ဌာနံ[၁]။

သမုဒယသစ္စံ၊ ဒုက္ခဖြစ်ကြောင်း လောဘသည်။ ပဘဝလက္ခဏံ၊ ဇာတိ စသော ဒုက္ခတို့၏ အမွန်အစ ဟူသောလက္ခဏာရှိ၏။ ဒုက္ခအနုပစ္ဆေဒနရသံ၊ ဒုက္ခကို အစဉ်ဖွဲ့စပ်ခြင်းကိစ္စရှိ၏။ ဝါ၊ အနမတဂ္ဂ သံသရာမှစ၍ သည်ဒုက္ခပြီး ဟိုဒုက္ခ, ဟိုဒုက္ခပြီး သည်ဒုက္ခ စသည်ဖြင့် မပြတ်ရအောင် ဖွဲ့စပ်ခြင်း ကိစ္စရှိ၏။ အတိတ္ထိပစ္စုပဋ္ဌာနံ၊ မရောင့်ရဲနိုင်သော တရားဟူ၍ ဉာဏ်အား ရှေးရှုသင်၏။

တဏှာကြောင့် ဒုက္ခဖြစ် မဖြစ်ကို ဒိဋ္ဌ မြင်သိနည်းကား ဥပမာ–အိမ်ရာ ထောင်သော လူနှင့် အိမ်ရာ မထောင်သော ရသေ့ ရဟန်းကို နှိုင်းယှဉ် ကြည့်လျှင် သိနိုင်ခွင့် ရှိ၏ ဟူလို။

## တဏှာကို မြင်တွေ့ရန် ခဲယဉ်းပုံ

အထူးသတိပြုကြစေလိုသည်မှာ– သစ္စာ မြင် သိမှုတို့တွင် ဇာတိ ဒုက္ခ၏ အကြောင်းဖြစ်သော တဏှာကို တွေ့ရန် အလွန်သိမ်မွေ့ နက်နဲခက်ခဲ၏။

ခက်ခဲပုံကား–သိဒ္ဓတ်မင်းသား ဖြစ်စဉ်အခါ ဥယျာဉ်သို့ ထွက်တော်မူရာ၌ သူအို သူနာ သူသေ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်သဖြင့် အလွန် ထိတ်လန့် သံဝေဂရပြီးလျှင် ထီးနန်း စည်းစိမ်ကို စွန့်၍ တောထွက်၍ ဒုက္ကရစရိယာ ၆-နှစ်ကျင့်မှ ဇာတိဖြစ်စေတတ်သော သမုဒယ သစ္စာတဏှာကို

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၂၆။

မြင်သိနိုင်၏။ ထိုသို့ မြင်သိသည့်အတိုင်း ထိုတဏှာကို ပယ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်၍ သဗ္ဗညုတဉာဏ်ကို ရတော်မူလေသတည်း။

အဓိပ္ပါယ် အထူးမှုကား—သမုဒယသစ္စာ တဏှာကိုမမြင်လျှင် ဘုရားအဖြစ်သို့သော်လည်း မရောက်နိုင်၊ သဗ္ဗညုတဉာဏ်ကိုသော်လည်း မရနိုင်ဟူလို။

ဤသို့မြင်သိရန် အလွန်နက်နဲခက်ခဲသော တဏှာကို တွေ့ရသဖြင့် အလွန်ဝမ်းမြောက်လှသောကြောင့် ဘုရားဖြစ်တော်မူသောအခါ စိတ်ထဲတွင်မထားနိုင်ပဲ နှုတ်ဖြင့် အနေကဇာတိသံသာရံ–စသောဥဒါန်းကိုကျူးရင့်တော်မူလေသည်။

**ထိုဥဒါန်းအနက်။** ။ဇရာဗျာဓိမရဏမိဿိတာယ ဇရာဗျာဓိမရဏတို့နှင့် ရောစပ်သည်၏အဖြစ်ကြောင့်။ သော ဇာတိ၊ ထိုဇာတိသည်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဥပဂန္တုံ၊ ကပ်ခြင်းငှါ။ ယသ္မာ၊ အကြင်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲ၏။ တသ္မာ စ၊ ထိုကြောင့်ရင်း။ တဿ ၊ ထိုဇာတိ၏ အကြောင်းတရားကို။ အဒိဋ္ဌေ၊ မမြင်အပ်သည်ရှိသော်။ သော ဇာတိ၊ ထိုဇာတိသည်။ န နိဝတ္တတိ၊ မနစ်ခဲ့။ တသ္မာ စ၊ ထိုကြောင့်ရင်း။ ဧဝံ ဥဘယာကာရေန၊ ထို ၂-ပါးသော အကြောင်းကြောင့်။ ဂဟကာရံ၊ ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်လာသော တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော၊ ဉာဏ်ဖြင့်မှေ့၍ရှာဖွေသော ငါသည်။ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော-အဝိန္ဒန္တော။ သင့်ကို မြင်နိုင်ဉာဏ်မဏ္ဍိုင်ကို မပိုင်သေးသောကြောင့် သာလျှင်။ အနေကဇာတိသံသာရံ၊ ဘဝများစွာ သံသရာကာလပတ်လုံး။ သံသရိတံ၊ ကျင်လည် ပြေးသွားရ၏။

ဂဟကာရက၊ ဟယ်တဏှာယောကျ်ားလက်သမား။ တံ၊ သင်သည်။ ဒိဋ္ဌော၊ ပညာစက္ခု သဗ္ဗညုဖြင့် ယခု ငါမြင်အပ်ပြီးသော သူသည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တဖန်။ ဂေဟံ၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို။ န ကာဟသိ၊ သင်မပြုရလတ္တံ့ ။

တေ၊ သင်၏။ ဖာသုကာ၊ ကိလေသာဟူသောအခြင်တို့ကို။ ဘဂ္ဂါ၊ ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာဟူသော အိမ်အထွတ်ကို။ ဝိသင်္ခတံ၊ ဖျက်ဆီးအပ်ပြီ။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိသင်္ခါရံ၊ ပြုပြင်ခြင်း ကင်းသော အသင်္ခတနိဗ္ဗာန်သို့။ ဂတံ၊ အာရုံပြုသော အားဖြင့် ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ၊ ရောက်ပြီ။

**ဥဒါန်းဟူသောအစိပ္ပါယ်။** ။ဂမ္ဘီရံ နိပုဏံ သုဒုဒ္ဒသံ ဟူသောပါဠိအရ အလွန်နက်နဲသော အလွန် သိမ်မွေ့သော အလွန်မြင်နိုင်ခဲသော လေးသချေင်္ နှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်မှ ရအပ် သိအပ်သော တရားကို တွေ့သိရသဖြင့် အလွန်ဝမ်းမြောက်ခြင်း အားကြီးသောကြောင့် စိတ်ထဲတွင် မထားနိုင်ပဲ နှုတ်ဖြင့် မြွက်ဆိုတော်မူ၏၊ ထို့ပြင် ဇာတိဖြစ်ကြောင်း တဏှာသမုဒယသစ္စာကို တွေ့မြင်ရန် အလွန်ခက်ခဲ နက်နဲသိမ်မွေ့ကြောင်းကို ဥဒါန်းတခု တွင်ရစ်စေလိုသောကြောင့် လည်းကောင်း ဘုရားဖြစ်ပြီးနောက် နှုတ်ဖြင့် မည်သည့်စကားကိုမျှ မြွက်ဆိုတော်မမူမီ ရှေးဦးမြွက်ဆိုသောစကား ဖြစ်သောကြောင့်လည်းကောင်းသင်္ဂါယနာတင်ဆရာတော်များကပဌမဗုဒ္ဓဝစန ဟု သတ်မှတ်တော်မူ၏။

သမုဒယသစ္စာအနက် အစိပ္ပါယ်များ ပြီးပြီ။

---

## တဏှာမှထွက်၍ ဘဝအဆုံးသို့ရောက်အောင် ကျင့်နည်း

မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊ မဇ္ဈေမေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊ န ပုန ဇာတိဇရံ ဥပေဟိသိ[၁]။

ထိုဂါထာအဆုံးမှာပင်လျှင် ဥဂ္ဂသေနဂျမ်းသမားသည် ဧဟိဘိက္ခုရဟန်း ဖြစ်တော်မူ၍ ဤသာသနာတော်မှာ ဥဂ္ဂသေနမထေရ်ဟု ကျော်စောတော်မူ၏။

ပုရေ၊ အတိတ်ဖြစ်သော ခန္ဓာ၌။ တဏှံ၊ တဏှာကို။ မုဉ္စ၊ လွှတ်လော့။ ပစ္ဆတော၊ လာလတ္တံ့ သောခန္ဓာ၌။ တဏှံ၊ တဏှာကို။ မုဉ္စ၊ လွှတ်လော့။ မဇ္ဈေမေ၊ အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌။ တဏှံ၊ တဏှာကို။ မုဉ္စ၊ လွှတ်လော့။ သဗ္ဗတ္ထ၊ အလုံးစုံ အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့၌။ ဝိမုတ္တမာနသော၊ တဏှာမှ လွှတ်သောစိတ်ရှိသည်ဖြစ်၍။ ဘဝဿ၊ ဘဝ၏။ ပါရဂူ၊ အဆုံးသို့ ရောက်သည်။ ဝါ၊ တဖန်အသစ်မဖြစ်သော အနုပ္ပါဒနိဗ္ဗာန်သို့ ရောက်သည်။ ဟောဟိ၊ ဖြစ်လော့။ ပုန၊ တဖန်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်းသို့။ န ဥပေဟိသိ၊ မကပ်လေလင့်။

---

၁။ ဓမ္မပဒပါဠိ၊ နှာ-၆၃။

ယခုအခါ ယောဂီပုဂ္ဂိုလ်တို့သည်လည်း ခန္ဓာ၌ ခင်တွယ်မှုကို ဝါ- လောကီ စည်းစိမ်ကို စွန့်၍ ဘဝအဆုံးသို့ရောက်အောင် အားထုတ်သင့်ကြပေသည်ဟူလို။

## ဘဝတဏှာမှထွက်ပုံ

ဘဝတဏှာအား ချုပ်စေလိုလျှင် ဓမ္မစကြာပါဠိတော်၌ ဟောတော်မူသော ထိုဘဝတဏှာကြောင့်ဖြစ်သော ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံစသော ဒုက္ခသစ္စာကို နာနာရှုကြ။

ဤသို့ ရှုသဖြင့် ဉာဏ်မြင်သန် ဘဝတဏှံ ချုပ်မှုစိတ်ချ။

ဘဝတဏှာမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဇာတိတဖန် ဖြစ်နိုင်တော့မလဲ။

၃၁-ဘုံ နှောင်အိမ်မှ ဝါ- အကျယ်ချုပ် နှောင်အိမ်မှ လွတ်ထွက်၏ ဟူသည်တွင် တဏှာချုပ်ငြိမ်းမှုကိုပင် မှတ်ဖို့ပါပဲ။

ဘဝတဏှာမှထွက်ပုံ ပြီးပြီ။

---

## သောတာပတ္တိမဂ်သို့ ရောက်နည်း မိတ်ဆွေနှစ်ဦးတို့ အမေး အဖြေ

မေး-ဖြေ။ ။မိတ်ဆွေ တဏှာကြောင့် ဇာတိဒုက္ခစသည်ဖြစ်မှုကို သိပါရဲ့လား။ သိပါသည်။

မေး-ဖြေ။ ။ဇာတိစသော ဒုက္ခချုပ်စေလိုလျှင် ဘယ်လိုလုပ်ရပါမလဲ။ ။ဇာတိ ချုပ်စေလိုသော် ဇာတိကို ဖြစ်စေတတ်သော တဏှာကို ပယ်ပါ။

မေး-ဖြေ။ ။ယခုလက်ငင်း သားမယား ခင်တွယ်မှုတို့ကို မပယ်နိုင်သေးပါ။ ဘယ်လို လုပ်ရမည်နည်း။ ။မစွန့်နိုင်သေးလျှင် ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ပါ။

မေး-ဖြေ။ ။ဒိဋ္ဌိဝိစိကိစ္ဆာကို ဘယ်လို ပယ်ရပါမည်နည်း။ ။ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာတဗ္ဗကထာတွင် ပြဆိုခဲ့သည်အတိုင်း ဓမ္မစကြာသစ္စာတရားတော်အရ—

၁။ ဇာတိစသော တရားတို့ကား ဒုက္ခသစ္စာအမှန်ပါပဲ။

၂။ ထို ဒုက္ခတို့သည်လည်း မိမိ၏ ကာမတဏှာ စသည်တို့ကြောင့် ဖြစ်ထာ အမှန်ပါပဲ။

၃။ ထို တဏှာချုပ်လျှင် ဇာတိစသော ဒုက္ခချုပ်သော နိဗ္ဗာန် အမှန်ပါပဲဟု သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် ဆုံးဖြတ်လိုက်ပါ၊ ဤသို့ ဆုံးဖြတ်လျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်သောကြောင့် သောတာပန် အဖြစ်သို့ ရောက်နိုင်ပါသည်၊ ခုနစ်ဘဝအတွင်းမှာ တဏှာ အကြွင်းမဲ့ ချုပ်သဖြင့် အနုပ္ပါဒနိရောဓနိဗ္ဗာန်သို့ရောက်နိုင်ပါသည်။

သာဓု သာဓု မိတ်ဆွေ၊ သားမယား အိုးအိမ် မစွန့်နိုင်သေးသော်လည်း သက်သက်သာသာ ချောင်ချောင်ချိချိနှင့် သောတာပန်ဖြစ်နိုင်ကြောင်းကို ယခုမှ သိရသဖြင့် အလွန် ကျေးဇူးတင်ပါသည် မိတ်ဆွေ။

**နိရောဓသစ္စာအနက်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထို ကာမတဏှာစသည်ဖြင့် ဝေဘန်အပ်သော လောဘ၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော စာဂေါ၊ အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင် ဝေးစွာစွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယာ မုတ္တိ၊ အကြွင်လွတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြွင် ကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤနိဗ္ဗာန်ဟူသော တရားသဘောသည်သာလျှင်။ ဒုက္ခနိရောဓံ၊ ဒုက္ခချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ဒုက္ခနိရောဓ၏ ဝစနတ္ထ

ဒုက္ခဿ အနုပ္ပါဒနိရောဓော ဧတ္ထ ဧတေနာတိ ဝါ ဒုက္ခနိရောဓော[၁]။

ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဝါ၊ တနည်းကား။ ဧတေန၊ ဤ နိဗ္ဗာန်ဖြင့်။ ဒုက္ခဿ၊ ဇာတိစသော ဒုက္ခ၏။ အနုပ္ပါဒနိရောဓော၊ တဖန်မဖြစ်သော အားဖြင့် ချုပ်

---

၁။ ဋီကာကျော်၊ နှာ-၂၃၁။

ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုသို့ တဖန်မဖြစ်မူ၍ ချုပ်ခြင်းရှိသော သတ္တိကြောင့်။ ဧတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ ဒုက္ခနိရောဓော၊ ဒုက္ခနိရောဓမည်၏။

## နိရောဓသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်

သန္တိလက္ခဏံ နိဗ္ဗာနံ နိဝတ္တိလက္ခဏံ ဝါ အသင်္ခတလက္ခဏံ ဝါ၊
အစ္စုတိရသံ အဿာသကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ[၁]။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်သက်ခြင်းလက္ခဏာရှိ၏။ ဝါ၊ တနည်းကား။နိဝတ္တိလက္ခဏံ၊ ဇာတိစသောဒုက္ခဝဋ်တို့ ဆုတ်နစ်ငြိမ်းစဲခြင်းလက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အသင်္ခတလက္ခဏံ၊ ဥပါဒ် ဌီ ဘင်ဖြင့် ဖြစ်ခြင်း ပျက်ခြင်း မရှိသော အသင်္ခတလက္ခဏာ ရှိ၏။ အစ္စုတိရသံ၊ မရွေ့ခြင်းကိစ္စရှိ၏၊ ဝါ၊ တနည်းကား။ အဿာသကရဏရသံ၊ သံသရာဘေးကို ထိတ်လန့်သော သူတို့၏ စိတ်ကို အားထားရာ ကိုးကွယ်ရာနိဗ္ဗာန်ကို မြင်သဖြင့် သက်သာရာကို ရစေခြင်း ကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ ခန္ဓာနိမိတ်ကင်းသော တရားဟူ၍ ဝါ-ခန္ဓာမရှိသော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

တဏှာဟူသည် ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက်စသော ခန္ဓာအာရုံ၌ ခင်တွယ်မှုဖြစ်၏၊ ထိုခန္ဓာ အာယတနတို့ ဖြစ်ခြင်းမရှိသော အနုပ္ပါဒ အပဝတ္တ အနိမိတ္တနိဗ္ဗာန်တို့၌ တဏှာသည် အာရုံမပြု ခင်တွယ်မှုမဖြစ်၊ထို့ကြောင့် နိဗ္ဗာန်သည် တဏှာ၏ အကြွင်းမဲ့ ကပ်ငြိခြင်း ကင်းရာလည်း ဟုတ်၏၊ ချုပ်ရာလည်း ဟုတ်၏၊ စွန့်ရာလည်းဟုတ်၏၊ ဝေးစွာ စွန့်ရာလည်း ဟုတ်၏၊ အာလယ ကင်းပြတ်ရာလည်း ဟုတ်၏ ဟူလို။

နိဗ္ဗာန်ဟူသည် ဥပါဒ် ဌီ ဘင်အားဖြင့် ဖြစ်ပျက်ခြင်းမရှိသော အသင်္ခတ ဟု မဟာဋီကာဆရာတော်ကလည်း ပါဠိတော်အရ ဖွင့်ပြ၏။ ပြပုံကား—

နိဗ္ဗာနဥ္စ ဥပ္ပါဒါဒီနံ အဘာဝေန အသင်္ခတန္တိ ပညာယတိ။

ဟိ၊ နိဗ္ဗာန်၏ အသင်္ခတအဖြစ်ကို ထင်စွာ ပြဦးအံ့။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဥပ္ပါဒါဒီနံ၊ ဥပ္ပါဒ ပဝတ္တစသည်တို့၏။ အဘာဝေန၊ မဟုတ်ခြင်းကြောင့်။ ဝါ၊ ဖြစ်ခြင်းမရှိသောကြောင့်။ အသင်္ခတန္တိ၊ ဥပါဒ် ဌီ ဘင် မရှိသော အသင်္ခတ တရားဟူ၍။ ပညာယတိ၊ ထင်၏။

---

၁။ ဝိသုဒ္ဓိမဂ် ဒု-တွဲ၊ နှာ-၁၂၆-၁၂၉။ သမ္မောဟဝိနောဒနီ-အဋ္ဌကထာ၊ နှာ-၇၉။

တနည်း-သင်္ဂြိုဟ်ဆရာကလည်း ဘောဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋ္ဌံ ဟု ပြ၏။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဘေဒါဘာဝေန၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး အပြားမရှိသည်၏ အဖြစ်ကြောင့်။ ခန္ဓသင်္ဂဟနိဿဋ္ဌံ၊ ခန္ဓာ အရေအတွက်မှ လွတ်၏။

ဖြစ်ခြင်းရှိက ကာလသုံးပါး အပြားရှိ၏၊ ဖြစ်ခြင်းမရှိက ကာလသုံးပါး အပြားမရှိ။ ဤ၌လည်း အသင်္ခတပင် ဟူလို။

နိရောဓဟူသောပါဠ်အရ သဒ္ဒါနည်းဖြင့် အရှင်မဟာဗုဒ္ဓဃောသဆရာ ဖွင့်ပြပုံကိုလည်း ပြဦးအံ့။ ပြပုံကား—

> နိသဒ္ဒေါ အဘာဝံ၊ ရောဓသဒ္ဒေါ စ စာရကံ ဒီပေတိ။ တသ္မာ အဘာဝေါ ဧတ္ထ သံသာရစာရကသင်္ခါတဿ ဒုက္ခရောဓဿ သဗ္ဗဂတိ-သုညတ္တာ[၁]။

နိသဒ္ဒေါ၊ နိသဒ္ဒါသည်။ အဘာဝံ၊ မရှိခြင်းအနက်ကို။ ဒီပေတိ၊ ပြ၏။ ရောဓ-သဒ္ဒေါ စ၊ ရောဓသဒ္ဒါသည်ကား။ စာရကံ၊ သံသရာနှောင်ချိုင့်ဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ တသ္မာ၊ ထိုသို့ နိသဒ္ဒါ၏အဘာဝအနက်, ရောဓသဒ္ဒါ၏ စာရက အနက်ကိုပြခြင်းကြောင့်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။သံသာရစာရကသင်္ခါတဿ၊ သံသရာနှောင်ချိုင့်ဟု ဆိုအပ်သော။ ဒုက္ခရောဓဿ၊ ဇာတိစသော ဒုက္ခရောဓ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သဗ္ဗဂတိသုညတ္တာ၊ ခပ်သိမ်းသော ဂတိတို့မှ ဆိတ်သည်၏အဖြစ်ကြောင့်တည်း။

နိဗ္ဗာန်ဟူသည် နိရယဂတိ ပေတဂတိ တိရစ္ဆာနဂတိ မနုဿဂတိ ဒေဝ-ဂတိဟူသော ဂတိ ၅-ပါးမှ ဆိတ်၏၊ လားရောက်မှုမရှိခြင်းသည်ပင် ဆိတ်သုဉ်းသည်မည်၏ ဟူလို။ ဤတွင် ဒေဝဂတိ၌ ဗြဟ္မာများ ပါဝင်၏ ဟူလို။

---

၁။ ဝိသုဒ္ဓိမဂ် ဒု·တွဲ၊ နှာ-၁၂၆။ သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ နှာ-၇၉။

အထူးမှတ်ရန်မှာ—ဓမ္မစကြာအရ နိဗ္ဗာန်ကား ဒုက္ခနိရောဓပင်တည်း၊ ဒုက္ခ-နိရောဓဟူသည်လည်း ဇာတိနိရောဓပင်တည်း။ ထို့ကြောင့် နိဗ္ဗာန်ကို မြင်သိလိုသော် ဒုက္ခနိရောဓော နိဗ္ဗာနံ၊ အဇာတော နိဗ္ဗာနံ၊ ဤသို့ ရှုက ကွယ်ဝှက်ခြင်း မရှိသဖြင့် ကောင်းစွာ မြင်သိနိုင်၏ ဟူလို။

နိရောဓသစ္စာ၏ အနက် အဓိပ္ပါယ်များ ပြီးပြီ။

---

**မဂ္ဂသစ္စာအနက်။** ။ဘိက္ခဝေ၊ ရဟန်းတို့။ အရိယော၊ မြတ်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်ပင်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဧတံ မဂ္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သစ္စာလေးပါးကို ကောင်းစွာ မြင်သိခြင်း။ သမ္မာသင်္ကပ္ပေါ၊ နေက္ခမ္မ အဝိဟိံသ အဗျာပါဒဖြင့် ကြံခြင်း။ သမ္မာဝါစာ၊ ကောင်းစွာ ဆိုခြင်း။ ဝါ၊ ဝစီဒုစရိုက်လေးပါးကို ကြဉ်ခြင်း။ သမ္မာကမ္မန္တော၊ ကောင်းသော အမှုကို ပြုခြင်း။ ဝါ၊ ကာယဒုစရိုက်သုံးပါးကို ကြဉ်ခြင်း။ သမ္မာအာဇီဝေါ၊ ကောင်းသော အသက်မွေးခြင်း။ ဝါ၊ ကာယကံသုံးပါး ဝစီကံလေးပါးတို့မှ ကင်း၍ ရသော ပစ္စည်းဖြင့် အသက်မွေးခြင်း။ သမ္မာဝါယာမော သမ္မပ္ပဓာန် လေးပါးဖြင့် ကောင်းစွာ အားထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းသော သတိပဋ္ဌာန် လေးပါးရှိခြင်း။ သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။ ဝါ၊ သမ္မာဒိဋ္ဌိ စသော အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော သမာဓိရှိခြင်းတည်း။ ဣဒံ ခေါပန ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး တရားသဘော သည်သာလျှင်။ ဒုက္ခနိရောဓဂါမိနီ-ပဋိပဒါ၊ ဒုက္ခချုပ်ရာ ဝါ–ဇာတိချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သောသစ္စာမည်၏။

**မဂ္ဂသစ္စာ၏ ဝစနတ္ထ**

သဗ္ဗဒုက္ခဥပသမဂါမိနံ နိဗ္ဗာနံ ဂစ္ဆတိ တေနာယာတိ မဂ္ဂေါ။

တေနာယ၊ ဤအင်္ဂါကမဂ်ဖြင့်။ သဗ္ဗဒုက္ခဥပသမဂါမိနံ နိဗ္ဗာနံ၊ အလုံးစုံသော ဒုက္ခတို့၏ ငြိမ်းရာနိဗ္ဗာန်သို့။ ဂစ္ဆတိ၊ အာရုံပြု၍ အကျင့်ဖြင့် သွားတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

## မဂ္ဂသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်

နိယျာနလက္ခဏံ_မဂ္ဂသစ္စံ၊ ကိလေသပ္ပဟာနရသံ၊ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ[၁]။

မဂ္ဂသစ္စံ၊ သည်။ နိယျာနလက္ခဏံ၊ သံသရာဝဋ်မှ ထုတ်ဆောင်ခြင်းလက္ခဏာ ရှိ၏။ ကိလေသပ္ပဟာနရသံ၊ ရာဂ ဒေါသ မောဟ စသော ကိလေသာတို့ကို ပယ်သတ်ခြင်း ကိစ္စရှိ၏။ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ၊ ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဝဋ်မှ ထမြောက်တက်သော တရားဟူ၍ ဝါ-ချုပ်ငြိမ်းစေတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

### မဂ်က ကိလေသာပယ်ပုံ

**မေး။** ။ကိလေသပ္ပဟာနရသံ ဟူသောပါဠ်အရ မဂ်သည် ကိလေသာကို အဘယ်သို့ ပယ်သတ်ပါသနည်း။

**ဖြေ။** ။ဇာတိစသော ဒုက္ခတို့သည် သမုဒယသစ္စာ တဏှာကြောင့် ဖြစ်ကုန်၏ဟု သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် မြင်သိမှုပင်တည်း၊ ဤသို့ မြင်သိလျှင် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ် တဒင်္ဂ ချုပ်၏၊ အဖန်ဖန် ပွါးက သမုစ္ဆေဒချုပ်၏၊ ဤသို့ ချုပ်ခြင်းသည်ပင်လျှင် မဂ်သည် ကိလေသာကို ပယ်သတ်သည် မည်၏ ဟူလို။

မဂ်က ကိလေသာပယ်ပုံ အခပ်ပိုင်းပြီးပြီ။

---

### မဂ္ဂဘာဝနာပွါးနည်း

မဂ္ဂဘာဝနာပွါးနည်း အခပ်ပိုင်းကို ပြဦးအံ့ –

၁။ ဓမ္မစကြာ သုတ္တန်နည်းအရ ဇာတိစသော ဒုက္ခတို့ကို ဆင်ခြင်သဖြင့် ဒုက္ခသစ္စာ မိမိအဇ္ဈတ္တသို့ ရောက်အောင် အားထုတ်မှုတရပ်။

၂။ ထိုဒုက္ခသည်လည်း မိမိ၏ ဘဝတဏှာ စသည်ကြောင့် ဖြစ်၏ဟု မြင်သိ အောင် အားထုတ်မှု တရပ်။

---

၁။ ဝိသုဒ္ဓိမဂ် ဒုတွဲ၊ နှာ-၁၂၆။ သမ္မောဟဝိနောဒနီ၊ နှာ-၈၀။

၃။ မိမိဘဝတဏှာ စသည်ကို မိမိပယ်စွန့်သဖြင့် တဏှာပယ်မှု ကိစ္စပြီးသော ကြောင့် မိမိ နိဗ္ဗာန်ရပြီဟု မြင်သိအောင် အားထုတ်မှုတရပ်။

၄။ သမ္မာဒိဋ္ဌိစသော မဂ်အကျင့်သည် ဒုက္ခ သမုဒယတို့ ချုပ်ငြိမ်းကြောင်း အကျင့်အမှန်ဟု မြင်သိမှု တရပ်။

၅။ ဤသို့ ယထာဘူတအတိုင်း ဉာဏ်အမြင် ပေါက်ရောက်ခဲ့သော် ဒဿန ပဟာတဗ္ဗ ကိစ္စ ပြီးသဖြင့် သောတာပတ္တိမဂ်သို့ ရောက်နိုင်ရကား မဂ္ဂ- ဘာဝနာပွါးမှုကိစ္စ ပြီးလေတော့၏။

၆။ ထို့ကြောင့် အဘိဓမ္မာနည်း ဝိပဿနာမဂ္ဂ ဘာဝနာပွါးနိုင်မှသာ မဂ်သို့ ရောက်နိုင်မည်၊ အဘိဓမ္မာနည်း မပွါးနိုင်ကမဂ်သို့ မရောက်နိုင်ဟု ယုံမှား မရှိကြပါနှင့်၊ အဘိဓမ္မာနည်းဖြစ်စေ ဓမ္မစကြာ သုတ္တန်နည်းဖြစ်စေ ယထာဘူတအရ မြင်သိက မဂ်ကိစ္စ ပြီးနိုင်၏ဟု နှလုံးသွင်းကြပါကုန် ဟူလို။

မဂ္ဂဘာဝနာပွါးမှု အဓိပ္ပါယ် ပြီးပြီ။

---

## မိမိသည် မဂ်ဖိုလ်နိဗ္ဗာန်ရပြီး ဟုတ်မဟုတ် မြင်သိနည်း

၁။ ဒွတ္တိံသာကာရ မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ်နှင့် သိတတ်သော နာမ်တို့၌ အို နာ သေမှု ပူပန်ကြောင့်ကြရမှု ဒုက္ခတို့ကို မြင်သိသဖြင့် ဇာတိတဖန် မဖြစ်လိုသောစိတ် ရှိသော်လည်း မိမိတဏှာ ကြောင့် ထို ဒုက္ခတို့ဖြစ်၏ဟု မသိလျှင် မဂ်ကို မရနိုင်။

၂။ အကြင် သူသည် မိမိ၏ ဘဝတဏှာ စသည်ကြောင့် မိမိ၌ ဇာတိစသော ဒုက္ခဖြစ်၏ဟုသိ၏၊ ဇာတိဖြစ်စေလိုသော မိမိဘဝတဏှာကိုလည်းပယ်၏၊ ယင်းသို့ ဖြစ်ရကား မိမိ၌ ဇာတိဖြစ်စေတတ်သော အကြောင်းတရားတို့ ကုန်သွားသောကြောင့် တဖန် ဇာတိမဖြစ်နိုင်ဟု မြင်သိလေတော့၏။

ဤသည်လျှင် မိမိ နိဗ္ဗာန်ရမှု၌ ယုံမှားခြင်း မရှိတော့ပြီ၊ ထို့ကြောင့် သောတာပတ္တိမဂ် စသော မဂ်ဖိုလ်နိဗ္ဗာန် ရပြီဟု မြင်သိနိုင်၏ ဟူလို။

မိမိသည် မဂ်ဖိုလ်နိဗ္ဗာန်ရပြီး ဟုတ် မဟုတ် မြင်သိပုံပြီးပြီ။

## သစ္စဉာဏ် ၄-ပါးစသည်

သစ္စဉာဏ် ၄-ပါး ကိစ္စဉာဏ် ၄-ပါး ကတဉာဏ် ၄-ပါးတို့ကို အက္ခရာ တလုံးစီဖြင့် မြင်သိနည်းကို ပြဦးအံ့—

ဒု-သ-နိ-မဂ် ၄-ချက်သစ္စံ။
သိ-ပယ်-ဆိုက်-ပွါး ၄-ပါးကိစ္စံ။
သစ္စ-ကိစ္စ-ကတ ပြည့်စုံက ဖြစ်ထသောတာပန်။

အဓိပ္ပါယ်ကား—ဒု ကား ဒုက္ခသစ္စာ။ သ-ကား သမုဒယသစ္စာ။ နိ-ကား နိရောဓသစ္စာ။ မဂ်-ကား မဂ္ဂသစ္စာ။ ဤသည်လျှင် သစ္စာ ၄-ပါး ပြီး၏။

ကိစ္စ ၄-ပါးကား ဒုက္ခ၌ သိခြင်းကိစ္စ သမုဒယ၌ ပယ်ခြင်းကိစ္စ နိရောဓ၌ မျက်မှောက်ပြုခြင်းကိစ္စ မဂ္ဂ၌ ပွါးခြင်းကိစ္စ၊ ဤသို့အားဖြင့် ကိစ္စ ၄ ပါး ပြီး၏။

### သစ္စ-ကိစ္စ-ကတ-ဉာဏ် ၁၂-ပါး

၁။ ဒုက္ခ သစ္စာ၌ ဒုက္ခသစ္စာကို ဒုက္ခသစ္စာဟု သိသော သစ္စဉာဏ်။

၂။ သိအပ်သောကိစ္စ ရှိ၏ဟု ကိစ္စကိုသိသော ကိစ္စဉာဏ်။

၃။ သိအပ်သော ကိစ္စရှိသည့်အတိုင်း သိပြီးပြီဟု သိသော ကတဉာဏ်။

၁။ **သမုဒယ** သစ္စာ၌လည်း တဏှာကို သမုဒယသစ္စာဟု သိသော သစ္စဉာဏ်။

၂။ ပယ်အပ်သော ကိစ္စရှိ၏ဟု သိသော ကိစ္စဉာဏ်။

၃။ ပယ်အပ်သော ကိစ္စရှိသည့်အတိုင်း ပယ်ပြီးပြီဟု သိသော ကတဉာဏ်။

၁။ **နိရောဓ** သစ္စာ၌လည်း နိရောဓ သစ္စာကို နိရောဓ သစ္စာဟု သိသော သစ္စဉာဏ်။

၂။ မျက်မှောက်ပြုအပ်သော ကိစ္စရှိ၏ဟု ကိစ္စကိုသိသော ကိစ္စဉာဏ်။

၃။ မျက်မှောက်ပြုအပ်သော ကိစ္စရှိသည့်အတိုင်း မျက်မှောက် ပြုပြီးပြီဟု သိသော ကတဉာဏ်။

၁။ မဂ္ဂ သစ္စာ၌လည်း သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာဟု သိသော သစ္စဉာဏ်။

၂။ ထို မဂ္ဂင် ၈-ပါးကို ပွါးအပ်သော ကိစ္စရှိ၏ဟု ကိစ္စကိုသိသော ကိစ္စဉာဏ်။

၃။ ပွါးအပ်သော ကိစ္စရှိသည့်အတိုင်း ပွါးပြီးပြီဟု သိသော ကတဉာဏ်။

ဤသည်လျှင် ဒုက္ခသစ္စာ၌ ၃-ပါး သမုဒယသစ္စာ၌ ၃-ပါး နိရောဓသစ္စာ၌ ၃ ပါး မဂ္ဂသစ္စာ၌ ၃-ပါး ပေါင်း သစ္စ-ကိစ္စ-ကတဉာဏ် ၁၂-ပါး ရ၏။

သစ္စ-ကိစ္စ ကတဉာဏ်များ ပြပုံ ပြီးပြီ။

---

## သစ္စာမြင်သိမှု၌ ကျက်မှတ်ရန်ဆောင်ပုဒ်

သစ္စာ ၄-ပါးတို့၌ အကြောင်းအကျိုးနှင့်တကွ ဉာဏ်အမြင် စွဲမြဲစေခြင်းငှါ ကျက်မှတ် ဆင်ခြင်ရန် ပြဦးအံ့—

ဟေတုံ ပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ^၁။

ဤကထာသည် အကျဉ်းမျှပင် ဖြစ်သော်လည်း ပဋ္ဌာန်းနည်း ပဋိစ္စသမုပ္ပါဒ်နည်း ဓမ္မစကြာ သစ္စာ ၄ ပါး နည်းတို့ ပါဝင်ရကား အလွန် ခရီးရောက်သော ကထာဖြစ်ပေသည်၊ သစ္စာမြင်သိမှု မြဲမြံရန် ကျက်မှတ်၍ အကျဉ်းအားဖြင့် ဆင်ခြင် သုံးသပ်ကြပါကုန်။

ဟေတုံ၊အကြောင်းကို။ဝါ၊တဏှာကို။ပဋိစ္စ၊စွဲ၍။သမ္ဘူတာ၊ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဒုက္ခသစ္စာတရားတို့ ဖြစ်ပွါး၍နေကုန်၏။ ဟေတုဘင်္ဂါ၊ တဏှာဟူသော အကြောင်းတရားတို့ မဂ်အကျင့်ဖြင့် ချုပ်ခြင်းကြောင့်။ နိရုဇ္ဈရေ၊ အကျိုး ဇာတိ ဇရာ ဗျာဓိ မရဏ တရားတို့လည်း ချုပ်ရကုန်၏။ နိဗ္ဗာန် ရလေ တော့၏ ဟူလို။

ဤကထာဖြင့်ပင်လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌ ယုံမှားခြင်း ၁၆-ပါး ကိုလည်း ပယ်နိုင်၏၊ အဘယ်သို့ ပယ်နိုင်သနည်းဟူမူကား အတိတ်ကလည်း သမုဒယကြောင့် ဇာတိစသော ဒုက္ခသစ္စာ ဖြစ်၍နေ၏၊ ပုဂ္ဂိုလ် သတ္တဝါဖြစ်နေမှု

---

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၁၃၆။

မဟုတ်။ ပစ္စုပ္ပန်မှာလည်း ၎င်းနည်း တဏှာကြောင့် ဒုက္ခအနန္တ ဖြစ်နေ၏၊ အနာဂတ်မှာလည်း နိဗ္ဗာန်မရမီအကြား ၎င်းနည်းပင်ဟု မြင်သိ၏၊ ထို့ပြင် တဏှာချုပ်လျှင် ဒုက္ခချုပ်၏ဟု နိဗ္ဗာန်ကိုမြင်သိရကား ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်သဖြင့် သောတာပတ္တိမဂ်သို့သော်လည်း ရောက်နိုင်ခွင့်ရှိ၏ ဟူလို။

သစ္စာမြင်သိမှု မြဲမြံစေရန် ကထာ ပြဆိုပုံ ပြီးပြီ။

---

## အမေး အဖြေဖြင့် ပြခြင်း

နည်းအမျိုးမျိုးတို့ဖြင့် ပြဆိုခဲ့ပြီးသော သစ္စာ ၄-ပါးကိုပင် ဉာဏ်အမြင် ပွင့်လင်းစေခြင်းငှါ အမေး အဖြေဖြင့် ပြဦးအံ့—ပြပုံကား –

**မေး။** ။မိမိတို့သန္တာန်မှာရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော မသိတတ်သောရုပ်နှင့် သိတတ် မှတ်တတ် ခံစားတတ် ပြုပြင်တတ်သော နာမ်တရားတို့ ရှိနေခြင်းသည် သုခရှိနေခြင်းလော၊ သို့မဟုတ် ဒုက္ခ ရှိနေခြင်းလော။

**ဖြေ။** ။ထိုတရားတို့သည် အို နာ သေမှု ဖောက်ပြန်မှု စသော မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အစိုးမရ အလိုသို့ မလိုက်သော အနတ္တတရားများ ဖြစ်နေသောကြောင့် သုခရှိနေမှု မဟုတ်၊ ဒုက္ခရှိနေမှု မှန်ပါသည်။

**မေး။** ။အဘယ်သို့ ကိုယ်တွေ့မြင်သိသောကြောင့် ဤကဲ့သို့ ဖြေဆိုပါသနည်း။

**ဖြေ။** ။ဆံပင် စသော ဒွတ္တိံသာကာရ၌ သွားကျိုး ဆံဖြူ မျက်စိမှုန် နားထိုင်း ခါးကိုင်း ကုန်းကွ စသော ဇရာဒုက္ခ၊ ခေါင်းခဲ ဝမ်းနာ ဖျားနာခြင်း စသော ဗျာဓိဒုက္ခ၊ မအို မနာ မသေပဲ မြဲလိုသော ဆန္ဒရှိသော်လည်း သန္ဒအရ ဖြစ်စေရန် အစိုးမရ အနတ္တတို့သာ ဖြစ်နေသောကြောင့် သုခ ရှိနေမှုမဟုတ်၊ ဒုက္ခသစ္စာသာ ရှိနေမှုဟု ဖြေဆိုပါသည်။

ဒုက္ခသစ္စာ မြင်သိပုံ ပြီးပြီ။

**မေး။** ။ထိုဒုက္ခတို့ကို မည်သူလုပ်သလဲ၊ ဘာ့ကြောင့်ဖြစ်သလဲ။

**ဖြေ။** ။ထိုဒုက္ခတို့ကို မည်သူမျှ မလုပ်ပါ၊ မိမိ၏ ဘဝတဏှာ စသည်ကြောင့် ဖြစ်ပါသည်။

**မေး။** ။အဘယ်ကဲ့သို့ တွေ့ကြုံရသောကြောင့် ဤကဲ့သို့ ဖြေဆိုပါသလဲ။

**မေး။** ။သတ္တဝါ ဟူသမျှသည် မိမိတို့မှာရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေလက် စသည်တို့၌ရှင်း သောမနဿ သုခဝေဒနာ တို့၌ရှင်း အလွန်ခင်တွယ်သော တဏှာသံယောဇဉ် ရှိနေကြပါသည်၊ ထိုကြောင့်ပင်လျှင် သွားရေး မယားရေး စားရေး သောက်ရေး နေရေး ထိုင်ရေး ပစ္စည်းရှာမှီးရေးနှင့် ပူပန်ကြောင့်ကြရေးတို့နှင့် တကွ ဒုက္ခ အနန္တတို့နှင့် တွေ့ကြုံနေလေသောကြောင့် ဤကဲ့သို့ ဖြေဆိုပါ သည်။

သမုဒယသစ္စာ မြင်သိပုံ ပြီးပြီ။

---

**မေး။** ။တဏှာကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိလျှင် ဘဝတဏှာ တဖန်ဖြစ်ဦးမည် လော။

**ဖြေ။** ။ရှေးအခါက အတိဒုလ္လဘဖြစ်သော သဒ္ဓမ္မကို မကြားမနာရ၍ မသိမမြင်မှု ကြောင့် လိုချင်မှုဘဝတဏှာ ဖြစ်ပါသည်၊ ယခုမှာ လူတို့ ကမ္မပထတရား ဆယ်ပါးထက် လွန်သော ဥတ္တရိမနုဿဓမ္မဟူသော သစ္စာလေးပါး သူတော်ကောင်းတရားကြားနာရသဖြင့် အကျိုးအကြောင်း ကောင်းစွာ သိရပေပြီ၊ ထိုကြောင့် တဖန် ဘဝဇာတိကို အလိုမရှိတော့ပါ။

မဂ္ဂသစ္စာ ပြဆိုပုံ ပြီးပြီ။

---

**မေး။** ။မိမိလိုချင်မှု ဘဝတဏှာကြောင့်ဖြစ်သော ခန္ဓာဇာတိသည် မိမိပင်လျှင် ပယ်စွန့်က တဖန် ဇာတိဖြစ်နိုင်ဦးမည်လော။

**ဖြေ။** ။အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲ ဖြစ်သောကြောင့် ဇာတိတဖန် ဖြစ်နိုင်ခွင့် မရှိပါ။

## သုတ္တနိပါတ် ပါဠိတော်နည်း

တဏှာကုန်လျှင် ဇာတိ မဖြစ်နိုင်ကြောင်း သုတ္တနိပါတ် ပါဠိတော်အရ ပြဦးအံ့—

ဥစ္ဆိန္နဘဝတဏှဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
ဝိက္ခီဏော ဇာတိသံသာရော၊ နတ္ထိ တဿ ပုနဗ္ဘဝေါ[၁]။

ဥစ္ဆိန္နဘဝတဏှဿ၊ ကင်းပြတ်ပြီးသော ဘဝတဏှာရှိသော။ သန္တစိတ္တဿ၊ ငြိမ်သက်သောစိတ်ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ဇာတိသံသာရော၊ ဇာတိသံသရာသည်။ ဝိက္ခီဏော၊ ကုန်ပြီ။ တဿ၊ ထိုရဟန်းအား။ ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ်သည်။ နတ္ထိ၊ မရှိ။ ဘဝဇာတိချုပ်သောနိဗ္ဗာန်ကို ရလေတော့၏ ဟူလို။

နိရောဓသစ္စာ ပြဆိုပုံ ပြီးပြီ။

သစ္စာလေးပါး ပဉ္စမ အမေး အဖြေ ပြီးပြီ။

---

### တနည်း သစ္စာ ၄-ပါး အမေး အဖြေ

ဒဋ္ဌိကမ္မ ဖြစ်စေခြင်းငှါ အမေး အဖြေတနည်း ပြဦးအံ့–

**မေး။** ။သုံးဆဲ့တဘုံရှိ သတ္တဝါတို့၌ အဖန်ဖန် ပဋိသန္ဓေနေရခြင်းဟူသော ဘဝဇာတိ စသော ဒုက္ခသစ္စာ အဘယ့်ကြောင့် ဖြစ်ပါသနည်း။

**ဖြေ။** ။မိမိတို့ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတဏှာတို့ကြောင့် ဒုက္ခသစ္စာ ဖြစ်နေပါသည်။

**မေး။** ။ထိုတဏှာ ဘာ့ကြောင့် ဖြစ်သလဲ၊ ဘယ်က လာသလဲ။

**ဖြေ။** ။သစ္စာကို မသိသော မိမိတို့၏ မောဟအဝိဇ္ဇာကြောင့်ဖြစ်၍ ၎င်းမောဟ အဝိဇ္ဇာမှ လာပါသည်။

**မေး။** ။ထို မောဟ အဝိဇ္ဇာက အဘယ်ကဲ့သို့ ဖုံးထားပါသလဲ။

---

၁။ သုတ္တနိပါတ်ပါဠိ၊ နှာ-၁၃၂၊ ၃၉၄။

ဖြေ။ ။မည်သည့် လူနတ် ဗြဟ္မာ သန္တာန်မှာမဆို ဖြစ်ခြင်းရှိသော ရုပ်နာမ်ခန္ဓာ ဟူသမျှသည် ၄ှိ ဘင် ဇရာ မရဏဖြင့် ပျက်၏၊ ထိုသို့ပျက်ခြင်းကား မမြဲမှု အနိစ္စပင်တည်း၊ ထိုမမြဲမှုကို မြဲစေရန် ဝါ- အိုနာ သေမှုကို မအိုမနာ မသေရန် အလိုရှိကြသော်လည်း ထိုအလိုဆန္ဒ အရ ဖြစ်စေရန် အစိုးမရမှုသည် အနတ္တပင်တည်း၊ ထိုသို့ အနတ္တလက္ခဏာ ပါရှိနေသော်လည်း "သတိမမူ ဂူမမြင်" ဆိုဘိသကဲ့သို့ ကိုယ့်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော, အနတ္တဟု မသိသော, မိမိတို့၏ မောဟ အဝိဇ္ဇာဖုံးသော ကြောင့် လိုချင် ခင်တွယ်မှု တဏှာ ဖြစ်ပေါ်လာပါသည်၊ **ပိုးဖလံမျိုးမီးကိုတိုး ကိုယ်ကျိုးနည်းလှပြီ**-ဟူသော ထွန်းခေါင်ဆရာတော် ကမ္ဗဋ္ဌာန်းကဲ့သို့ အနမတဂ္ဂသံသရာမှာ ကိုယ်ကျိုးနည်းခဲ့လှပြီဟူလို။

မေး။ ။ဘို သိမှား မှတ်မှား အယူမှားတို့ကို သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် အမှန်ကို သိမြင်က တနည်း–အတ္တ သတ္တ ဇီဝ သဘောမရှိသော ဒုက္ခသစ္စာသာ ကည်းဟု သိမြင်က ဘဝတဏှာ ဖြစ်နိုင်ဦးမည်လော။

ဖြေ။ ။အမှန်ကို မမြင် မသိမှုကြောင့်ဖြစ်သော လိုချင်မှုသည် အမှန်မြင်သိက လိုချင်မှုဖြစ်နိုင်ခွင့်မရှိတော့ပါ၊ ဥပမာ–နတ်သမီးယောင်ဆောင်၍ နေသော ဘီလူးမကို ဘီလူးမဟု မသိမီက ချစ်ခင်ခဲ့သော စိတ်ရှိသော်လည်း ဘီလူးမဟု ဒိဋ္ဌမြင်သိသည့်အခါ ချစ်စိတ်ကုန်ခန်းသည့်ပြင် ထိုဘီလူးမ၏ ဘေးကင်းရာသို့ လျင်စွာထွက်ပြေးဘိသကဲ့သို့ ထိုအတူ ခန္ဓာ ၅-ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာပါရှိနေမှုကို မသိမမြင်မီက လိုချင် ချစ်ခင် သောစိတ်ရှိခဲ့သော်လည်း ယခုအခါ သာသနာတွင် သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် ဒုက္ခသစ္စာသာတည်းဟု အမှန် မြင်သိရကား မည်သည့်ဘဝကိုမျှ အလိုမရှိတော့ပါ၊ ထို့ကြောင့် ဇာတိကိုဖြစ်စေတတ်သော ကံကိုလည်း မပြုတော့ပါ။

မေး။ ။ထိုဇာတိကို ဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံမရှိခဲ့လျှင် တဖန် ဇာတိဖြစ်နိုင်ခွင့် ရှိဦးမည်လော။

ဖြေ။ ။အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲ ဖြစ်သောကြောင့် ဇာတိတဖန် ဖြစ်နိုင်ခွင့် မရှိတော့ပါ၊ ဥပမာ–ဖယောင်းတိုင်ကို အမှီပြု၍ ဖြစ်သော မီးတောက်အရောင်အလင်းသည် ဖယောင်းတိုင်ကုန်ကငြိမ်းရဘိသကဲ့သို့

တပင်ကို အမှီပြု၍ဖြစ်သော မျိုးစေ့သည် အပင်မရှိသော် မျိုးစေ့ တဖန် မဖြစ်နိုင်သကဲ့သို့ ထိုအတူ မိမိလိုချင်မှုကြောင့်ဖြစ်သော ဇာတိဒုက္ခသည် မိမိပယ်စွန့်က တဖန် ဇာတိမဖြစ်နိုင်တော့ပါ၊ ဇာတိချုပ်သော အနုပ္ပါဒ နိဗ္ဗာန်ကို ရလေတော့၏ ဟူလို။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ နှာ ၁၇၁-၌—

အလောဘေန ဇာတိဒုက္ခံ န ဟောတိ။ ကသ္မာ၊ အလောဘဿ တဏှာယ ပဋိပက္ခတော—ဟု ဟိတ်ခတ်၍ ပြတော်မူ၏။

အလောဘေန၊ မလိုချင်မှုဟူသော အလောဘကြောင့်။ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ အလောဘဿ၊ မလိုချင်မှု၏။ တဏှာယ၊ လိုချင်မှုနှင့်။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း။

**ဝမေး။** ။ခန္ဓာဇာတိ ချုပ်ငြိမ်းခြင်းသည် အဘယ်နိဗ္ဗာန် မည်ပါသနည်း။

**ဖြေ။** ။အဇာတိ နိဗ္ဗာန်-ဟူသော ပါဠိအရ အဇာတ အပဝတ္တနိဗ္ဗာန် မည်ပါသည်။

ဒုတိယသစ္စာလေးပါး အမေးအဖြေ ပြီးပြီ။

---

**သစ္စာ ၄-ပါး ဆောင်ပုဒ်နှင့် အစိပ္ပါယ်**

ပါဠိတော်အရ အကျယ်ဝေဘန်ပြခဲ့ပြီးသော သစ္စာ ၄-ပါးကို အကျဉ်းအားဖြင့် နှုတ်ရဆောင်၍ သင်ခြင်ပွါးများရန် ပြဦးအံ့—ပြသည့်အတိုင်း ဝမ်းမြောက်စွာ ပွါးများကြပါကုန်။

သမုဒယကြောင့် ဖြစ်ထ ဒုက္ခံ။

**သမုချုပ်က ထိုဒုက္ခ မုချ ချုပ်မည်မှန်။**

**ဤကား ဓမ္မာစိဋ္ဌာန်တည်း။**

ပုဂ္ဂလာဓိဋ္ဌာန်ဖြင့်ကား–

ဖြစ်လိုမှုတဏှာကြောင့် ဖြစ်ထ ဇာတိဒုက္ခံ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခံ။
၄-ရပ်ဤမျှ မြင်သိက ဖြစ်ထ သောတာပန်။

၁။ အဓိပ္ပါယ်ကား–"ဖြစ်လိုမှု"ဟူသည် မိမိ မိမိတို့၏ လိုချင်မှု ဘဝတဏှာ ပင်တည်း။

၂။ "ဖြစ်ထ ဇာတိဒုက္ခံ"ဟူသည် အသီးအသီး မိမိ မိမိတို့၏ ဇာတိစသော ဒုက္ခပင်တည်း။

၃။ "ဖြစ်ချင်လိုမှု ပယ်စွန့်ပြု"ဟူသည် ထိုခန္ဓာ၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာများ ရှုသဖြင့် ဇာတိဖြစ်လိုမှု စိတ်ပျက်၍ ဘဝတဏှာစသည်ကို စွန့်ပယ်ခြင်းကား မဂ္ဂသစ္စာတည်း။

၄။ တဏှာချုပ်သဖြင့် တဖန် ဇာတိမဖြစ်မှု၍ အနုပ္ပါဒ နိရောဓ အားဖြင့် ချုပ်ငြိမ်းခြင်းကား နိရောဓသစ္စာ နိဗ္ဗာန်ပင်တည်း။

၅။ ဤသို့ ဆင်ခြင်သဖြင့် ဉာဏ်အမြင် ပေါက်ရောက်သည့်အခါ ဇာတိ ဖြစ်ခြင်းကား "ဥပ္ပါဒေါ ဒုက္ခံ"ဟူသော ပဋိသမ္ဘိဒါ မဂ်ပါဠိအရ ဒုက္ခ သစ္စာ အမှန်ပါပဲ၊ "ပဟာနာရက"ဟူသော ပါဠိအရ သမုဒယ တဏှာ သည် ဘဝဇာတိကို ပြုလုပ်သော လက်သည်အမှန်ပါပဲ။

၆။ တဏှာကို မဂ်ဉာဏ်ဖြင့် ချုပ်စေခြင်းကြောင့် ဇာတိစသည် ချုပ်ငြိမ်း သော "အနုပ္ပါဒေါ နိဗ္ဗာနံ" ဟူသော ပါဠိအရ နိရောဓသစ္စာ နိဗ္ဗာန် အမှန်ပါပဲ။

၇။ သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးသည် ဘဝဇာတိစသော ဒုက္ခတို့ကို ချုပ်ငြိမ်းစေတတ်သော မဂ္ဂသစ္စာအမှန်ပါပဲ။ ဤသို့ ဆုံးဖြတ်ပါ။ ဤသို့ ဆုံးဖြတ်ခြင်းသည် ဓမ္မေ ကင်္ခါ အရ တရား၌ ယုံမှားခြင်းကို ပယ်သည်မည်၏၊ ဤသို့ ပယ်သောကြောင့် ဒိဋ္ဌိ ဝိစိကိစ္ဆာကိလေသာ ၂-ပါး သမုစ္ဆေဒ အားဖြင့် ချုပ်၏။ ထို့ကြောင့် မိမိသည် သောတာ ပတ္တိမဂ်ကိုရပြီ ပုထုဇဉ်အနွယ် ပြတ်သွားပြီ အရိယာသေက္ခပုဂ္ဂိုလ် အဖြစ်သို့ ရောက်ပြီဟုသိအပ် မှတ်အပ်၏ ဟူလို။

## သာသနာ ၃-ရပ် အဓိပ္ပါယ်

**ပိဋကတ်ကို** သင်ကြား လေ့ကျက်ခြင်း ဟူသော ပရိယတ္တိ သာသနာ ကျင့်ခြင်းဟူသော ပဋိပတ္တိသာသနာ သစ္စာသိခြင်းဟူသော ပဋိဝေဓသာသနာ ဟူ၍ လိုက်နာကြရန် အဆုံးအမ သာသနာ သုံးပါးထားတော်မူခဲ့၏။

မြတ်စွာဘုရားအလိုတော်ကား ပဌမ ပရိယတ်ကို အားထုတ်ကြဟုဆုံးမတော်မူ၏၊ ဒုတိယ၌ ပဋိပတ်ကို အားထုတ်ကြဟု ဆုံးမတော်မူ၏။ ဤ၌ ပရိယတ်ကို ရှေးဦး အားမထုတ်ဘဲ ပဋိပတ်ကို ရှေးဦး အားထုတ်က ပဋိပတ် လမ်းမှန် ရောက်မည် မဟုတ်သည်ကို မြင်သိတော်မူသောကြောင့် ပရိယတ်ကို ရှေးဦးစွာ အားထုတ်ကြဟု ဆုံးမတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် ပရိယတ် ပဋိပတ် လမ်းမှန် မရလျှင် ပဋိဝေဓသို့ ရောက်မည်မဟုတ်ဟု သိတော်မူသောကြောင့်တည်း။ ထို့ကြောင့် ပရိယတ္တိသာသနာကို ပဌမ, ပဋိပတ္တိသာသနာကို ဒုတိယ, ပဋိဝေဓသာသနာကို တတိယ ဟောတော်မူ၏ ဟူလို။

## သာသနာတည်သူမည်ပုံ

သာသနာတည်သူမည်ပုံ အဓိပ္ပါယ်ကို ပြဦးအံ့—

၁။ ပိဋကတ်သုံးပုံကို သင်ကြားလေ့ကျက်ခြင်းသည် ပရိယတ္တိ သာသနာ မည်၏။ ပိဋကတ် သုံးပုံကို မသင်မကြားနိုင်သော်လည်း ဓမ္မစကြာ သစ္စာ ၄-ပါးကို ကျက်မှတ်သူသည်၎င်း 'ဧကံ အတ္တပဒံ သေယျော' ဟူသော ပါဠ်အရ သစ္စာအနက်ပါသော တဂါထာဖြစ်စေ ဂါထာဝက် ဖြစ်စေ ကျက်မှတ်ထားသူသည်၎င်း **ပရိယတ္တိသာသနာတည်သူ** မည်၏။

၂။ စတုပါရိသုဒ္ဓိသီလ သမထဝိပဿနာများ ပွါးများနေမှုသည် ပဋိပတ္တိ မည်၏၊ ဤမျှလောက် ကြီးကျယ်စွာ မပွါးနိုင်သော်လည်း သစ္စာအနက်ပါသောတဂါထာဖြစ်စေ ဂါထာဝက်မျှဖြစ်စေ ကျက်မှတ်၍အဓိပ္ပါယ်များ မြင်သိရန် အားထုတ်နေသူသည်လည်း **ပဋိပတ္တိသာသနာတည်သူမည်၏**။

၃။ ထိုသို့ အားထုတ်သဖြင့် သစ္စာ ၄-ပါးကို ယထာဘူတ သမ္မာဒဿနဖြင့် ကောင်းစွာ မြင်သိ၍ သောတာပတ္တိမဂ် စသည်သို့ ရောက်လျှင် ထိုပုဂ္ဂိုလ်သည် **ပဋိဝေဓသာသနာတည်သူ** မည်၏။

၁။ တနည်းကား–ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ အက္ခရာ ၁၁-လုံး ရှိသော ပဋိသမ္ဘိဒါမဂ်ပါဠိကို ကျက်မှတ်ထားလျှင်လည်း ထိုပုဂ္ဂိုလ်မှာ ပရိယတ္တိသာသနာတည်သူ မည်၏။

အနက်ကား–ဥပ္ပါဒေါ၊ ခန္ဓာဇာတိဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ၅ ဘင် ဇရာ မရဏတို့ဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ ဘုရား ရဟန္တာတို့ကဲ့သို့ ပရိနိဗ္ဗာနစုတိ၌ အနုပ္ပါဒ နိရောဓအားဖြင့် တဖန်မဖြစ်မူ၍ ချုပ်ခြင်းသည်။ သုခံ၊ နိဗ္ဗာန်ချမ်းသာပေတည်း။ ဤသို့ ကျက်မှတ်ထားခြင်းသည်လည်း ပရိယတ်မည်၏။

ပဋိပတ္တိပဋိဝေဓသာသနဿ ပကာသကော ပရိယတ္တိဓမ္မော[၁]။

ပဋိပတ္တိပဋိဝေဓသာသနဿ၊ ပဋိပတ် ပဋိဝေဓသာသနာအား။ ဝါ၊ သာသနာကို။ ပကာသကော၊ ထင်စွာပြခြင်းသည်။ ပရိယတ္တိဓမ္မော၊ ပရိယတ်တရား မည်၏။

၂။ ဥပ္ပါဒေါ ဒုက္ခံ-အရ ဖြစ်မှုရှိက ပျက်မှုဒုက္ခရှိပုံကိုရင်း ဖြစ်မှုချုပ်က ဒုက္ခချုပ်ပုံကိုရင်း ဆင်ခြင်နေခြင်းသည် ပဋိပတ်မည်၏။

၃။ ဤသို့ ဆင်ခြင်သဖြင့် ဖြစ်မှုရှိတာ ဒုက္ခအမှန်ပါတဲ့၊ ဖြစ်မှုချုပ်တာ သုခအမှန်ပါတဲ့ဟု သစ္စာအနက် ထင်မြင်သဖြင့် မဂ်သို့ ရောက်ခြင်းသည် ပဋိဝေဓသာသနာမည်၏ ဟူလို။

ကျင့်ကြသော ပုဂ္ဂိုလ်တို့သည် သာသနာသုံးရပ်အစဉ်ကို အလေးပြု၍ အစဉ်အတိုင်း အားထုတ်သင့်ကြပေသည်။

ပြဆိုခဲ့သော **ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ** ဟူသော ဝိပဿနာသည် အက္ခရာ(၁၁)လုံးမျှပင် ဖြစ်သော်လည်း ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကို အကြွင်းမဲ့ မြင်သိဆုံးဖြတ်နိုင်သဖြင့် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ်ကို ချုပ်စေနိုင်၏၊ ဝိပဿနာတို့တွင် ဤဝိပဿနာသည် ဝိပဿနာယ မုဒ္ဒဘူတံဟူသော ပါဠိအရ အထွတ်အထိပ်ဖြစ်သော ဝိပဿနာမည်၏။ အဘယ့်ကြောင့်ဆိုသော် အလွန်သိမြင်နိုင်ခဲသော နိဗ္ဗာန်ကို မှောင်ထဲမှာ မီးထွန်းလိုက်သကဲ့သို့ ကွယ်ဝှက်

---

၁။ ဝိမတိ၊ ပ-တွဲ၊ နှာ-၆၄။

ခြင်းမရှိဘဲ ကောင်းစွာထင်မြင်နိုင်သဖြင့် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသ ဝဋ်ကို ချုပ်စေနိုင်သောကြောင့်တည်း၊ ထို့ကြောင့် ထိုဝိပဿနာကို မပြတ် ပုတီးစိပ် နှလုံးသွင်းကြပါကုန်။

ပရိယတ် ပဋိပတ် ပဋိဝေဓသောသနာတည်သူမည်ပုံ
အဓိပ္ပါယ်များ ဤတွင်ပြီးပြီ။

---

## မဂ်သို့ တက်နည်း

တရားအားထုတ်သဖြင့် သံဝေဂရမှုငြီးငွေ့မှုတို့ကြောင့် ရုပ် နာမ် ခန္ဓာ သင်္ခါရ တရားတို့၌ စိတ်ပျက်သည့်အခါ ထိုသင်္ခါရချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂဝီထိကျနည်းကို ပဋိသမ္ဘိဒါမဂ်အရ ပြဦးအံ့။ ပြပုံကား—

ဥပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ[၁]။

ဥပ္ပါဒေ၊ ခန္ဓာဇာတိဖြစ်ခြင်း၌။ အာဒီနဝံ၊ မမြဲမှု အနိစ္စ ဆင်းရဲမှု ဒုက္ခ အစိုးမရ အလိုသို့ မလိုက်မှု အနတ္တကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဝါ၊ မြင်သော ကြောင့်။ အနုပ္ပါဒေ၊ ဖြစ်ခြင်းမရှိသော။ ဝါ၊ ဖြစ်မှုချုပ်ငြိမ်းသော အနုပ္ပါဒ နိဗ္ဗာန်၌။ စိတ္တံ၊ မဂ်စိတ်လည်း။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ဝါ၊ နိဗ္ဗာန်အာရုံကို နှစ်သက်သော မဂ်စိတ်ဖြစ်၏။ ဤသို့ နိဗ္ဗာန်အာရုံပြုသော မဂ်စိတ်ဖြစ်လျှင် ဒုက္ခသစ္စာကို သိခြင်းကိစ္စ သမုဒယသစ္စာတဏှာကို ပယ်ခြင်းကိစ္စ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စ မဂ္ဂသစ္စာ ပွါးခြင်းကိစ္စဟူသော မဂ်ကိစ္စ ၄-ပါး ပြီးရကား သောတာပတ္တိမဂ် စသည်သို့ ရောက်လေတော့၏ ဟူလို။

### တနည်း မဂ်သို့တက်ပုံ

တနည်းအားဖြင့် ပါဠိမပါဘဲ မဂ်သို့တက်ပုံကို ပြဦးအံ့။ ပြပုံကား–

ဖြစ်မှုရှိက ပျက်ရဒုက္ခံ။
ဖြစ်မှုချုပ်မှ ချုပ်မှုဒုက္ခံ။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ ၃၉၅။

ဒုက္ခချုပ်မှု သုခနိဗ္ဗာန်။
ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှုမဂ်ကိစ္စ။

ဤ၌ ချုပ်ခြင်းကား နိဗ္ဗာန်တည်း၊ နှစ်သက်ခြင်းကား မဂ်စိတ်တည်း၊ ဤသို့ ဖြစ်မှုချုပ်သောနိဗ္ဗာန်ကို နှစ်သက်သောမဂ်စိတ်ဖြစ်လျှင် မဂ်ကိစ္စ ၄-ပါး ပြီးရကား သောတာပတ္တိမဂ်သို့ ရောက်လေတော့၏ဟူလို။

**မေး။** ။ဇာတိချုပ်သော သဘောကို ဝါ-နိဗ္ဗာန်ကို နှစ်သက်လျှင် အဘယ့်ကြောင့် မဂ်ကိစ္စ ၄-ပါး ပြီးစီးပါသနည်း။

**ဖြေ။** ။၁။ ဇာတိချုပ်ခြင်းကို နှစ်သက်လျှင် ဖြစ်ခြင်းရှိသမျှ ပျက်သောကြောင့် ဒုက္ခသာတည်းဟု သိခြင်းကိစ္စပြီး၏။

၂။ ဖြစ်မှုချုပ်ခြင်းကို နှစ်သက်လျှင် ဘယ်ဘုံ ဘယ်ဘဝကိုမျှ မရလိုပါဟု တဏှာစွန့်ပယ်ခြင်းကိစ္စပြီး၏၊ ဘဝတဏှာချုပ်၏။

၃။ ထို ဘဝတဏှာချုပ်ခြင်းသည်ပင်လျှင် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စပြီး၏။ အဘယ့်ကြောင့်ဆိုသော် လိုချင်မှုချုပ်က ဇာတိတဖန် ဖြစ်နိုင်ခွင့်မရှိသောကြောင့်တည်း။

၄။ ချုပ်ငြိမ်းသောသဘောကား နိဗ္ဗာန်ပင်တည်း၊ ဤဖြစ်မှုချုပ်ငြိမ်းသော သဘောသာလျှင် ဒုက္ခမှလွတ်သော ချမ်းသာအစစ်ဟု နှလုံးသွင်း၍ မည်သည့်ဘဝဇာတိကိုမျှ အလိုမရှိတော့ပါဟု အာလယပြတ်ကင်းသော မဂ်စိတ်တူပွါးဒ်သည် မဂ္ဂသစ္စာမည်၏။ ဤသို့အားဖြင့်လည်း မဂ်သို့ရောက်နိုင်၏ဟူလို။

ထို့ပြင် မိမိစိတ်အား ထက်သန်သော စကားမျိုးဖြင့် နှလုံးသွင်းကလည်း မဂ်သို့ ရောက်နိုင်၏၊ နှလုံးသွင်းပုံ—

နှလုံးသွင်းပုံ

၁။ ခန္ဓာဇာတိ ဖြစ်မှုရှိတာ မကောင်းပါဘူး။

၂။ ခန္ဓာဇာတိချုပ်မှု ကောင်းပါသည်။

၃။ ထို့ကြောင့် ဘယ်ဘုံ ဘယ်ဘဝကိုမျှ အလိုမရှိတော့ပါဟု ဘဝဇာတိစသည်၌ ငြိတွယ်မှု အာလယပြတ်ကင်းခြင်းသည်လည်း ယထာဘူတ

သမ္မာဒဿနဖြစ်သောကြောင့် တဏှာပယ်မှုပြီး၏၊ ထိုကြောင့်မဂ်သို့ ရောက်နိုင်၏၊ မဂ်ကိစ္စ ၄-ပါး ပြီးနိုင်၏ ဟူလို။

## မဂ်လေးပါး ကိလေသာပယ်စဉ်

၁။ ဒိဋ္ဌိ, သံ, ဝိစိ ကြွင်တုံဘိ အာဒိမဂ်သောတာ။
သောတာပတ္တိမဂ်၌ ဒိဋ္ဌိဝိစိကိစ္ဆာအနုသယချုပ်၏။

၂။ ကာ-ဗျာ ၂-ထွေ ခေါင်းပါးချွေ ရောက်လေ သကဒါဂါ။
သကဒါဂါမိမဂ်၌ ကာမရာဂ ဗျာပါဒ ကိလေသာများ ခေါင်းပါး၏။

၃။ ကာ-ဗျာ ၂-ထွေ အကုန်ချွေ ရောက်လေ အနာဂါ။
အနာဂါမိမဂ်၌ ကာမ ရာဂ ဗျာပါဒ အကြွင်းမဲ့ချုပ်၏။

၄။ သဗ္ဗကိလေ အကုန်ချွေ ရောက်လေ အရဟတ္တာ။
အရဟတ္တမဂ်၌ အလုံးစုံသော ကိလေသာ အကြွင်းမရှိချုပ်၏။

## အာသဝေါကုန်အောင်ရှုနည်း

ဝိပလ္လာသ ၁၂-ပါးတို့တွင် အရဟတ္တမဂ်၌ သုခ ရှိ၏ဟုယူသော သညာ စိတ္တ ၂-ပါးကို ပယ်ရန်ကိစ္စရှိ၏၊ ပယ်လိုသော် ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံကို ဤစာအုပ်နှာ-၂၂ စသည်မှာ ပြခဲ့ပြီးအတိုင်း အနက်ပါကျက်မှတ်ပါ၊ပုတီးစိပ်ပါ၊ စိတ်ဖြင့် ဆင်ခြင်ပါ။

ထို ဥပ္ပါဒေါ ဒုက္ခံ အရ မြန်မာစကားရိုးရိုးဖြင့် ပွါးလိုသော် ခန္ဓာ၌ သုခဟု အသိအမှတ်ပြုစရာမရှိ၊ သစ္စာအားဖြင့် ဒုက္ခသာရှိ၏။

တနည်း–ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ ဟူသော ဓမ္မစကြာပါဠိအရ ဒွတ္တိံသာ ကာရ မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ်နှင့် သိတတ် မှတ်တတ် ခံစားတတ် ပြုပြင်တတ်သော နာမ်ခန္ဓာတို့၌ သုခဟု အသိအမှတ်ပြုစရာမရှိ၊ ဒုက္ခသာရှိ၏၊ ဤသို့ အဖန်ဖန်ရှုပါ။ ဤသို့ရှုဖန်များလျှင် သုခ ရှိ၏ဟု ယူသော သညာ စိတ္တ ဝိပလ္လာသချုပ်၍ ဒုက္ခသာရှိ၏ ဟူသော သညာ စိတ္တ အမှန်သို့ ရောက်ရကား အရဟတ္တမဂ်သို့ ရောက်လေတော့၏၊ အာသဝေါ ကုန်လေတော့၏ ဟူလို။

## အကျဉ်းဆုံးနည်းဖြင့်ရှုပုံ

အကျဉ်းဆုံး နည်းဖြင့် ရှုရန်ကား—ခန္ဓာ၌ သုခမရှိ၊ ဒုက္ခသာရှိ၏၊ ခန္ဓာ၌ သုခမရှိ၊ ဒုက္ခသာရှိ၏။ ဤသို့ ဒါဖန်ဖန်နှလုံးသွင်းပါ၊ ဤသို့ နှလုံးသွင်းဖန်များသော် သုခရှိ၏ဟုယူသောသညာ စိတ္တတို့အကြွင်းမဲ့ချုပ်ရကား အရဟတ္တဖိုလ်သို့ ရောက်သဖြင့် အာသဝေါကုန်လေတော့၏ဟူလို။

အာသဝေါကုန်အောင် ရှုနည်း ပြီးပြီ။

---

## မဂ် ၄ ပါး ကိစ္စ ခြားနားပုံ

သောတာပတ္တိမဂ်ကိစ္စနှင့် အထက်မဂ်များ ကိစ္စမတူပုံမှာ—သောတာပတ္တိမဂ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာကို ဉာဏ်အမြင်ဖြင့် ပယ်အပ်သော ဒဿနပဟာတဗ္ဗကိစ္စ ရှိ၏၊ သစ္စာ ၄-ပါးတို့၌ ယုံမှားကင်း၍လျှင် ပြီး၏။

အထက်မဂ်များမှာကား ကာမ ရာဂ ဗျာပါဒတို့ကို ဘာဝနာဖြင့် ပယ်အပ်သော ကိစ္စရှိသောကြောင့် သောတာပတ္တိမဂ်ကဲ့သို့ သစ္စာသိရုံမျှဖြင့် ကိစ္စမပြီးနိုင်၊ ခေါင်းပါးစွာ အိပ်စားနေထိုင်၍ ဝိပဿနာကို မပြတ်ပွါးခြင်းကိုပြုရန် ကိစ္စရှိ၏၊ ထို့ကြောင့် လူဥပါသကာများမှာ ငါတို့သည် သားမယားအိုးအိမ်ကို မစွန့်နိုင်၊ ခေါင်းပါးစွာ ကျင့်ခြင်း ကမ္မဋ္ဌာန်းထိုင်ခြင်း မပြုနိုင်၊ ထို့ကြောင့်ငါတို့သည် ဤဘဝမှာ သောတာပန်စသည် ဖြစ်နိုင်တော့မည်မဟုတ်ဟု အားမလျှော့ကြပါနှင့်၊ သောတာပတ္တိမဂ်အတွက်မှာ ပညာရှိထံ ဆည်းကပ်ခြင်း တရားနာခြင်း အသင့်နှလုံးသွင်းခြင်း လောကုတ္တရာတရားနှင့် လျော်သောကျင့်ခြင်းရှိက ကိစ္စပြီးပါ၏၊ သားမယား အိုးအိမ်စွန့်မှု ခေါင်းပါးစွာကျင့်မှုတို့ကို မပြုနိုင်သေးသော်လည်း သစ္စာမြင်သိက ကိစ္စပြီး၏ ဟူလို။

## မူလတရား ၂-ပါးချုပ်ပုံ

၁။ လောဘ မောဟ ဟူသော ကိလေသာ ၂-ပါးသည် သံသရာရှည်ကြောင်း အမြစ်မူလတရားမည်၏၊ ထို ၂-ပါးသည် သောတာပတ္တိမဂ်၌ ထက်ဝက်စီ ချုပ်ရကား ခုနစ်ဘဝထက် သံသရာစက်မလည်နိုင်။

၂။ ထိုမူလတရား ၂-ပါး တခြမ်းစီချုပ်ပုံ ပြတ်ပုံကိုလည်း သိသင့်၏၊ ထို့ကြောင့် ပြဦးအံ့။ ပြပုံကား—

၃။ သမုဒယသစ္စာ တဏှာ ဟူသော လောဘစေတသိက်သည်ကား တခု တည်းပင်တည်း။ ၎င်းတဏှာလောဘနှင့် ယှဉ်သောစိတ်ကား ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဒိဋ္ဌိနှင့် မယှဉ်သော ဝိပ္ပယုတ်စိတ် ၄-ခုအားဖြင့် ရှစ်ခုရှိ၏၊ ၎င်းအနက် သောတာပတ္တိမဂ်၌ သက္ကာယဒိဋ္ဌိ ချုပ်သောကြောင့် ထိုဒိဋ္ဌိနှင့် ယှဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု ချုပ်၏။ ထို့ကြောင့် သမုဒယတဏှာ တဝက်ချုပ်ရကား အားမရှိတော့ပြီ။

၄။ ထို့ပြင် ဥဒ္ဓစ္စ ဝိစိကိစ္ဆာဟူသော မောဟစိတ် စေတသိက် ၂ ခု ရှိ၏၊ ၎င်းအနက် သောတာပတ္တိမဂ်၌ ဝိစိကိစ္ဆာချုပ်၏၊ ထို့ကြောင့် မောဟလည်း အား မရှိတော့ပြီ။

၅။ ထို ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ ၂-ပါး ချုပ်သဖြင့် သောတာပတ္တိမဂ်သို့ ရောက်သော ပုဂ္ဂိုလ်တို့မှာ ခုနစ်ဘဝထက် ပဋိသန္ဓေ မနေရတော့ပြီ၊ နိဗ္ဗာန်ရမှုကိစ္စပြီး၏ ဟူလို။

ဤတွင် နိယျာနိကမဂ္ဂကထာ ပြီးပြီ။

# ဆဓါထုမဂ္ဂကထာ

# ဆဓာတုမဂ္ဂကထာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ပဏာမ**

ရတနတ္တယံ အဟံ ဝန္ဒာမိ။

ရတနတ္တယံ၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး အပေါင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

**ဓာတ်၏ အဓိပ္ပါယ်**

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု[၁]။

အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။

ပထဝီ အာပေါ တေဇော ဝါယော = မြေ ရေ လေ မီး အာကာသ ဝိညာဏ-ဤ ၆-ပါးတို့သည် မိမိတို့သဘောကို မိမိတို့ ဆောင်၏။ ဆောင်ပုံမှာ ထိုဓာတ်ကြီး ၄-ပါးနှင့် တကွ ဝဏ္ဏ ဂန္ဓ ရသ ဩဇာဟူသော အဋ္ဌကလာပ် တို့သည် တပေါင်းတည်းဖြစ်နေသော်လည်း ဓာတ်သဘောမှာ အသီးသီးရှိ၏၊ ဒွါရ အာရုံတို့အားဖြင့် ခွဲခြားရှုမှသာ ထင်ရှားနိုင်၏။

ဝိညာဏ်စိတ် ဖြစ်သောအခါမှာလည်း ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ဟူသော နာမ်ဓာတ်တို့ တပေါင်းတည်း ဖြစ်၏၊ ကိစ္စ သဘာဝအားဖြင့် ခွဲခြားသော် ဓာတ်အသီးသီးပင် ဟူလို။

**သတ္တဝါ အသက်လိပ်ပြာ မရှိပုံ**

ထိုရုပ်ဓာတ် နာမ်ဓာတ်သဘောမှတပါး သတ္တ ဇီဝ သဘောမရှိဟု ဟော တော်မူ၏။ ဟောတော်မူပုံ–

---

၁။ ဋီကာကျော်၊ နှာ-၂၃၀။

ဓာတူတိ ဧတံ နိဇ္ဇီဝမတ္တာယေတံ အဓိဝစနံ[၁]။

ဓာတူတိ ဧတံ၊ ဓာတ်ဟူသော ဤအမည်သည်။ နိဇ္ဇီဝမတ္တာယ၊ ဇီဝမဟုတ်သော ဓာတ်သဘောမျှ၏သာလျှင်။ အဓိဝစနံ၊ အမည်တည်း။

တသ္မာ ဟိ တသ္မာ ဝေ၊ ထို့ကြောင့်သာလျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခု၊ ရဟန်း။ လောကေ၊ လောက၌။ ယော မမ္မသမုဒါယော၊ အကြင်တရားအပေါင်းအစုကို။ ပုရိသောတိ၊ ပုရိသဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုကြ၏။ သော မမ္မသမုဒါယော၊ ထိုယောကျ်ားဟု ခေါ်ဆိုကြသော တရားအပေါင်းအစုသည်။ ဆဓာတုယော၊ ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဝိညာဏ ဟူသော ဓာတ် ၆-ပါးအစုတို့သာတည်း။ တတ္ထ၊ ဤဓာတ် ၆-ပါးအစု၌။ သတ္တော ဝါ၊ သတ္တဝါသည်ရင်း။ ဇီဝေါ ဝါ၊ အသက်သည်ရင်း။ နတ္ထိ၊ မရှိ[၂]။

ဤသို့ မြင်သိလျှင် သတ္တ ဇီဝရှိ၏ဟူသော အတ္တဒိဋ္ဌိချုပ်၏၊ ထို့ပြင် ဓာတ် ၆-ပါး အပေါ်မှာ ဧဝံ မေ ဟောတု၊ ဤသို့ဖြစ်စေသတည်း။ ဧဝံ မေ မာ အဟောသီတိ၊ ဤသို့ မဖြစ်စေလင့်ဟူသော အရှင်အစိုးရမရှိ။ ဤသို့သိလျှင် ဓာတ် ၆ ပါးအပေါ်မှာ စီမံချယ်လှယ်တတ်သော အရှင်ရှိလေသလော မရှိလေသလောဟု စိတ် ၂-ခွ မရှိတော့သဖြင့် ဝိစိကိစ္ဆာ ချုပ်၏။

ထို ဓာတ် ၆-ပါးအနက် အာကာသဟူသည် နား ၂ ပေါက် နှာခေါင်း ၂-ပေါက် ပါးစပ်ပေါက်တို့အတွင်း၌ အပေါက်ဟင်းလင်းရှိမှုကို ဆိုလို၏။

၁။ ဓာတ်ကြီး ၄-ပါးတို့၌ ကောဋ္ဌာသအားဖြင့်ကား ပထဝီ ၂၀၊ အာပေါ ၁၂၊ တေဇော-၄၊ ဝါယော-၆၊ ပေါင်း ၄၂-ကောဋ္ဌာသ ရှိ၏။ လက္ခဏာအားဖြင့် ခက်မာ ဖွဲ့စေး ပူအေး ထောက်ကန်ဟူသော လက္ခဏာ ၄-ချက်သာ ရှိ၏။

ထိုဓာတ်ကြီး ၄-ပါးတွင် ပထဝီဓာတ်၌ သတ္တ ဇီဝသဘောမရှိ၊ ခက်မာခြင်း လက္ခဏာတပါးသာ ရှိ၏ဟူလို။

ပထဝီ ၂၀-၌ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ၊ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့၊ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်

---

၁။ သမ္မောအဋ္ဌကထာ၊ နှာ-၇၂။ ၂။ ဥပရိပဏ္ဏာသပါဠိ၊ နှာ-၂၂၂။

အနူမ အနူသိမ် အစာသစ် အစာဟောင်း ဦးနှောက် ပထဝီအစု ၂၀-ဖြစ်၏၊ မျက်စိ နား နှာ အင်္ဂါ ခြေ လက်တို့ ၎င်းပထဝီ၌ အကျုံးဝင်၏။

၂။ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်၊ အာပေါအစု ၁၂-ပါးရှိသော်လည်း လက္ခဏာမှာ ဖွဲ့စေး ခြင်းတပါးပင် ဟူလို။

၃။ ရက်ဆက် ရက်ချန် ဖျားတတ်သော သန္တပ္ပနတေဇော၊ အရွယ်ကိုအိုမင်း ရင့်ရော်စေခြင်း ဇီရဏတေဇော၊ ပေါက်နာ ကျောက်နာကို ဖြစ်စေတတ်သော ဒဟတေဇော၊ အစာ အာဟာရကို ကြေကျက်စေတတ်သော ပါစကတေဇော အားဖြင့် တေဇောဓာတ် အစု ၄-ပါးရှိသော်လည်း လက္ခဏာမူကား သိတုဏှ ၂ ပါးပင်။

၄။ အထက်ဆန်သော ဥဒ္ဒင်္ဂမလေ၊ အောက်သို့စုန်သော အဓောဂမလေ၊ ဝမ်းတွင်း၌တည်သော ကုစ္ဆိသယလေ၊ ကောဋ္ဌာသ အသီးသီးတို့၌ တည်သော ကောဋ္ဌာသယလေ၊ အင်္ဂါကြီးငယ်တို့သို့လျှောက်သော အင်္ဂမင်္ဂါနုသာရီလေ၊ ထွက်သက် ဝင်သက် အဿာသပဿာသ လေအားဖြင့် ဝါယောဓာတ်အစု ၆-ပါးရှိသော်လည်း လက္ခဏာအားဖြင့်ကား ထောက်ကန်လှုပ်ရှားခြင်း သက္ခ ဏာတပါးသာ ဟူလို။

ဤဓာတ် ၄-ပါးတို့၌ ပညတ်အားဖြင့်သာ အတိုအရှည် အနိမ့်အမြင့်ပုံသဏ္ဌာန် များရှိ၏၊ ပရမတ္ထမူကား ခက်မာ ဖွဲ့စေး ပူအေး ထောက်ကန် ဤလက္ခဏာမျှ သာ ရှိ၏၊ ပုဂ္ဂလ သတ္တ ဇီဝ သဘောမရှိ ဟူလို။

ထိုဓာတ်ကြီး ၄ ပါးကို လူ တိရစ္ဆာန်တို့၌ မိမိကံအားလျော်စွာ ဩဋ္ဌာရိက သုခုမ အကြမ်း အနု အလှ အချော မတူကြသော်လည်း 'ရူပ္ပနလက္ခဏံ ရူပံ' ဟူသော ပါဠ်အရ အချမ်း အပူ ခေါင်းခဲ ဝမ်းနာ ထမင်းဆာ ရေငတ် အို နာ သေမှုစသော မမြဲ ဆင်းရဲ အစိုးမရ အလိုမလိုက်ဟူသော အနိစ္စ ဒုက္ခ အနတ္တ အသဘာအားဖြင့် တူကြ၏။

ယင်းသို့ဖြစ်ရကား ဤကား တိရစ္ဆာန်, ဤကား လူဆင်းရဲသား, သူဌေး, ပဒေသရာဇ်,ကေရာဇ်, စကြာမန္ဒာတ်ဟု တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရား

ဖြင့် နှလုံးမသွင်းတဲ့ ဒုက္ခသစ္စာ သမားချင်းပင်ဟု အသင့်နှလုံးသွင်းကြပြီးလျှင် တဦးကိုတဦး မထေမဲ့မြင် မပြုပဲ မိမိတို့ကိုယ်ကို ဆုံးမခြင်း သံဝေဂယူခြင်း တို့ကို ပြုကြပြီးလျှင် မေတ္တာ ကရုဏာ မုဒိတာအားဖြင့် အသင့်နှလုံးသွင်းအပ်၏ဟူလို။

## မြေကြီး ၄-စင်း ဓာတ်မင်း ၄-ဖြာ

ဓာတ်ကြီး ၄-ပါး တနည်း–ဓာတ် ၆-ပါးကို ရကြသော သတ္တဝါ တို့မှာ မိမိတို့အဇ္ဈတ္တ၌ အဆိပ်ထန်သောရန်သူမြွေကြီး ၄-စင်းကို ခါးပိုက်၌ဆောင်ထားခြင်းနှင့်တူ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ဟောတော်မူပုံ—

အာသီဝိသာ ဃောရဝိသာတိ ခေါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ အာသီဝိသာ ဃောရဝိသာတိ ဧတံ နာမံ၊ ဤအဆိပ်ထန် ကြမ်းတမ်းသောမြွေဟူသော အမည်သည်။ခေါ၊စင်စစ်။ စတုန္နံ၊ ၄-ပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်ဓာတ်ကြီး ၄-ပါးတို့၏။ အဓိဝစနံ၊ အမည်တည်း။

လောက၌ ကဋ္ဌမုခမြွေခဲလျှင် တောင့်တင်း၍ သေ၏၊ ပူတိမုခ မြွေခဲလျှင် ပုပ်ပျက်ဆွေးမြေ့၍ သေ၏၊ အဂ္ဂိမုခမြွေခဲလျှင် လောင်ကျွမ်းပြာဖြစ်၍ သေ၏၊ သတ္ထမုခမြွေခဲလျှင် ယားယံပေါက်ပြဲ၍ သေ၏။ ထို့အတူ အဇ္ဈတ္တဓာတ် ၄-ပါး ဖောက်ပြန်လျှင် လူဖြစ်စေ တိရစ္ဆာန် ဖြစ်စေ တနည်းနည်းဖြင့် သေရ၏။ ထို့ကြောင့် မိမိတို့သန္တာန်၌ရှိသော ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရုပ်တို့ ရှိနေခြင်းကား ရန်သူရှိနေမှုဟု ရှု၍ ခင်တွယ်မှုတို့ကို စွန့်ပယ်အပ်၏ ဟူလို။

## သစ္စာ၄-ပါး မြင်သိပုံ

အကယ်၍ မပယ်ခဲ့လျှင် ဒုက္ခမှမလွတ်နိုင်ပုံ လိုချင်ခင်တွယ်မှုကို ပယ်ခဲ့လျှင် ဒုက္ခမှလွတ်ပုံကို ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌ ဟောတော်မူ၏၊ဟောတော်မူပုံ—

---

၁။ သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊နှာ-၃၇၂။

## ဒုက္ခသမုဒယ မြင်သိပုံ

ယော ဘိက္ခဝေ ကာယံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ။
ယော ဒုက္ခံ အဘိနန္ဒတိ၊ "အပရိမုတ္တော သော ဒုက္ခသ္မာ"တိ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ကာယံ၊ ရူပကာယကို။ ဝါ၊ ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါ ခြေ လက် စသော ရူပကာယကို။ အဘိနန္ဒတိ၊ ငါ ငါ့ဥစ္စာဟူ၍ တဏှာ ဒိဋ္ဌိအားဖြင့် အလွန်နှစ်သက်၏။ သော၊ ထိုသူသည်၊ ဒုက္ခံ၊ ဒုက္ခကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်သူ မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခကို။ ဝါ၊ ရူပကာယကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခမှ။ အပရိမုတ္တော၊ မလွတ်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ။ဤ၌ ရူပကာယကား ဒုက္ခသစ္စာ, ခင်တွယ်မှုကား သမုဒယသစ္စာ အားဖြင့်။ သစ္စာ ၂-ပါး ဖြစ်၏ ဟူလို။

ဒုက္ခသမုဒယ မြင်သိနည်း ပြီးပြီ။

---

## နိရောဓမဂ္ဂ မြင်သိပုံ

ယော ဘိက္ခဝေ ကာယံ နာဘိနန္ဒတိ၊ ဒုက္ခံသော နာဘိနန္ဒတိ။
ယော ဒုက္ခံ နာဘိနန္ဒတိ၊ "ပရိမုတ္တော သော ဒုက္ခသ္မာ"တိ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ကာယံ၊ ရူပကာယတို့။ န အဘိနန္ဒတိ၊ အနိစ္စ ဒုက္ခ အနတ္တတရားဟု သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် မြင်သိသဖြင့် မနှစ်သက်။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဒုက္ခကို။ န အဘိနန္ဒတိ၊ အလွန် မနှစ်သက်သူမည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဒုက္ခကို။ န အဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဇာတိ စသော ဒုက္ခမှ။ ပရိမုတ္တော၊ လွတ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

အဓိပ္ပါယ်အထူးမှုကား—ရူပကာယကို ငါအစိုးရသော အတ္တ ငါ၏ ဥစ္စာဟု တဏှာ မာန ဒိဋ္ဌိအားဖြင့် ခင်တွယ်မှုကို မပြုလျှင် ထိုသူသည် ဒုက္ခကို ချစ်ခင်သူ မဟုတ်သောကြောင့် ဒုက္ခမှ လွတ်လေတော့၏ ဟူလို။

---

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၂၆။

ဤ၌ ပဌမဝါကျကား ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ၂-ပါး ရ၏၊ ဒုတိယဝါကျ၌ နိရောဓသစ္စာ မဂ္ဂသစ္စာ ၂-ပါး ရ၏။ ထို ၂-ဝါကျ၏ အဓိပ္ပါယ်ကို သိလျှင် သစ္စာကို သိသူ မည်၏၊ သောတာပန်စသည် တည်နိုင်၏ ဟူလို။

သစ္စာလေးပါးကို မြင်သိလွယ်ခြင်းငှါ ဓမ္မစကြာအရ အကျဉ်းချုံး၍ ရေးထားသော ကထာကို ကျက်မှတ်၍ အဖန်ဖန် ဆင်ခြင်ပါလျှင် သစ္စာ ၄-ပါးကို မြင်သိ၍ သောတာပန်စသည် တည်နိုင်ပါသည်။

## ကျက်မှတ်ဆင်ခြင်ရန် ကထာ

ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခံ။

ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှုထိုဒုက္ခံ။

အဓိပ္ပါယ်ကား—

၁။ ဖြစ်လိုမှု–ဟူသည် မိမိတို့၏ ဘဝတဏှာ ကာမတဏှာ ရူပ သဒ္ဒ စသည်၌ ခင်တွယ် လိုချင်မှုတဏှာ သမုဒယသစ္စာပင်တည်း။

၂။ ဖြစ်မှု ဇာတိဒုက္ခံ–ဟူသည် ယခုရရှိနေသော ရုပ် နာမ် ခန္ဓာပင်တည်း။

၃။ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု–ဟူသည် ခန္ဓာ၌ အနိစ္စ ဒုက္ခ အနတ္တ အို နာ သေမှု စသည်ကို သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် မြင်သိသောကြောင့် ဇာတိ တဖန် မဖြစ်လိုဟုပယ်သော မဂ္ဂသစ္စာပင်တည်း။

၄။ ချုပ်မှု ထိုဒုက္ခံ–ဟူသည် ဇာတိချုပ်သော တဖန်ဖြစ်မှု မရှိသော ဇာတိ-နိရောဓနိဗ္ဗာန်ပင်တည်း၊ ဤကထာအရ ကောင်းစွာ မြင်သိလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်သဖြင့် သောတာပန်စသည် တည်၏ ဟူလို။

သစ္စာလေးပါးကို မြင်သိရန် အကျဉ်းအားဖြင့် ဆင်ခြင်နည်း ပြီးပြီ။

---

## သံဝေဂရလျက် မဂ်သို့တက်၍ နိဗ္ဗာန်ရပြီဟု သိနည်း

မိမိသည် သောတာပတ္တိမဂ်သို့ ရောက်ပြီဟု သိနိုင်ရန် အောက်ပါအတိုင်း ကျက်မှတ်၍ ဆင်ခြင်ကြပါကုန်။

ဉပ္ပါဒေ အာဒီနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ[၁]။

ဥပ္ပါဒေ၊ ခန္ဓာဇာတိဖြစ်ခြင်း၌။ အာဒီနဝံ၊ အနိစ္စ စသော အိုနာ သေမှု စသော အပြစ်ကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဝါ၊ မြင်သောကြောင့်။ အနုပ္ပါဒေ ဖြစ်ခြင်းမရှိသော အနုပ္ပါဒနိဗ္ဗာန်သို့။ စိတ္တံ၊ မဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏၊

## ဆောင်ပုဒ်နှင့် အဓိပ္ပါယ်

ထိုပါဠိအရ မြင်သိလွယ်ခြင်းငှါ ကျက်မှတ်ဆင်ခြင်ရန် ကထာကား—

ဖြစ်လျှင် ဒုက္ခ ချုပ်မှ သုခနိဗ္ဗာန်။

ချုပ်ခြင်းအမှု နှစ်သက်ပြု ပြီးမှုမဂ်ကိစ္စ။

အဓိပ္ပါယ်ကား — အကြင်အခါ မိမိခန္ဓာ၌ရှိသော အိုနာ သေမှု အနိစ္စ စသော လက္ခဏာများကို အဖန်ဖန် ရှုသည်ရှိသော် ခန္ဓာ၌ ငြီးငွေ့သောစိတ် ဖြစ်ပေါ်လေတော့၏၊ ထိုအခါ မဂ္ဂဝီထိကျလိုသော်—

၁။ ခန္ဓာဇာတိ ဖြစ်မှုရှိတာ မကောင်းပါဘူး။

၂။ ခန္ဓာဇာတိ ချုပ်ငြိမ်းမှုရှိမှ ကောင်းပါသည်။

၃။ ဤသို့ နှလုံးသွင်းခြင်းဖြင့် နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ်ဖြစ်ရကား တဏှာပယ်မှု ကိစ္စပြီးသဖြင့် သောတာပတ္တိမဂ်စသည်သို့ ရောက်လေတော့၏ ဟူလို။

မဂ်သို့ ရောက်ပြီဟု သိနည်း ပြီးပြီ။

---

## မိမိသည် နိဗ္ဗာန်ကို ရပြီဟု ဆုံးဖြတ်နည်း

၁။ အကြင်သူသည် သမထဝိပဿနာကို ပွါးသဖြင့် ဥပ္ပါဒေ၊ ဒုက္ခအရ ဖြစ်မှုရှိက ပျက်မှုဒုက္ခရှိ၏ဟု အပြစ်ကို မြင်သောကြောင့် ဇာတိတဖန် ဖြစ်လိုသောစိတ် မရှိသော်လည်း မိမိ၏ ကာမတဏှာ ဘဝတဏှာ စသော

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိ၊ နှာ-၃၉၂။

သမုဒယသစ္စာကြောင့် ဇာတိဒုက္ခဖြစ်၏ဟု ဒုက္ခကို ပြုလုပ်သော လက်သည်ကို မသိလျှင် ထိုသူသည် မဂ်ကို မရနိုင်၊ အဘယ့်ကြောင့် ဆိုသော် သမုဒယသစ္စာကို မသိသဖြင့် နိဗ္ဗာန်ကို အာရုံမပြုနိုင် မပြု တတ်သောကြောင့်တည်း။

၂။ အကြင်သူသည် မိမိ၏ ဘဝတဏှာ စသည်ကြောင့် ဇာတိစသောဒုက္ခ ဖြစ်၏ဟု သိ၏၊ ဝိပဿနာပွါးသဖြင့် အပြစ်ကို မြင်သောကြောင့် တဖန် ဇာတိဖြစ်လိုမှု တဏှာကိုလည်း ပယ်၏။

ယင်းသို့ဖြစ်ရကား ဇာတိကို ဖြစ်စေတတ်သော အကြောင်းကုန်လျှင် တဖန် ဇာတိမဖြစ်နိုင်ဟု နိဗ္ဗာန်ကို မြင်သိလေတော့၏၊ ထို့ကြောင့် မိမိသည် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီဟု ဆုံးဖြတ်နိုင်လေတော့၏၊ ဝိစိကိစ္ဆာချုပ်သဖြင့် သောတာပန် စသည် တည်ပြီ၊ နိဗ္ဗာန် ရပြီဟု သိနိုင်၏ ဟူလို။

မိမိသည် နိဗ္ဗာန်ကို ရပြီဟု ဆုံးဖြတ်နည်း ပြီးပြီ။

---

## နိဗ္ဗာန်သို့ သွားနည်း ဝတ္ထု

ကမ္မဋ္ဌာန်း အားထုတ်နေသော ရဟန်း တပါးသည် ရေမြှုပ်, တံလှပ်တို့ ဖြစ်ပျက်သည်ကို မြင်သဖြင့် မိမိ သန္တာန်မှာ ရှိသော နာမ်ရုပ် သည်လည်း ထို ရေမြှုပ်, တံလှပ်ကဲ့သို့ တဏေခြင်း ဖြစ်ပျက်၏ဟု နှလုံး သွင်းနေစဉ် မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်မှနေ၍ ရောင်ခြည်တော်ကို လွှတ်၍ ထို ရဟန်းရှေ့၌ ရပ်သကဲ့သို့ဖြစ်ပြီးလျှင် နိဗ္ဗာန်သို့သွားနည်းကို ဟောတော်မူ၏။ ဟောတော်မူပုံ—

ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊
မရီစိဓမ္မံ အဘိသမ္ဗုဓာနော။
ဆေတွာန မာရဿ သပုပ္ဖကာနိ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ[၁]။

ထို ရဟန်းသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တော်မူ၏။

---

၁။ ဓမ္မပဒပါဠိ၊ နှာ-၂၀။

**ဣမံ** ကာယံ၊ ဤကာယကို။ ဖေဏူပမံ၊ ရေမြှုပ်အမျိုး အကျိုးမဖြစ် အနှစ်မရ ကာလမရှည် ပျက်တတ်သည်ဟု။ ဝိဒိတွာ၊ သိ၍။ မရီစိဓမ္မံ၊ တံလျှပ်အတူ ယူ၍မရ အထင်မျှသာ ဖြစ်၏ဟု။ အဘိသမ္ဗုဓာနော၊ ကောင်းစွာ သိသည်ဖြစ်၍။ မာရဿ၊ မာရ်မင်း၏။ သပုပ္ဖကာနိ၊ ပန်းမာလ် နှင့် တကွ ဖြစ်ကုန်သော တေဘူမကဝဋ္ဋတို့ကို။ ဝါ၊ လူခန္ဓာ နတ်ခန္ဓာတို့၌ ခင်တွယ်သော တဏှာတို့ကို။ ဆေတွာန၊ ဖြတ်တောက်၍။ ဝါ။ ပယ်စွန့်၍။ မစ္စုရာဇဿ၊ သေမင်း၏။ အဒဿနံ၊ မျက်ကွယ်ဖြစ်သော ဖြစ်ခြင်းကင်းသော အနုပ္ပါဒ နိဗ္ဗာန်သို့၊ ဂစ္ဆေ၊ သွားရာ၏။

အဓိပ္ပါယ်ကား–မိမိတို့ခန္ဓာသည် ရေမြှုပ်, တံလျှပ် အတူ ယူ၍မရ အထင် မျှသာဖြစ်၏၊ စင်စစ်ကား ဒုက္ခသစ္စာသာတည်း၊ ထို့ကြောင့် ခန္ဓာ၌ ခင်တွယ် မှုကို ပယ်စွန့်၍ သေမင်း၏ မျက်ကွယ် ဖြစ်သော နိဗ္ဗာန်သို့ သွားရမည်ဟု ဟောတော်မူ၏။

ဤတွင် ဆဓာတုမဂ္ဂကထာ ပြီးပြီ။

---

## ကျမ်း၏ နိဂုံး

ဣတိ ဘဒ္ဒန္တရေဝတနာမတ္ထေရေန ရစိတောယံ
နိယျာနိကမဂ္ဂကထာဆဓာတုမဂ္ဂကထာနာမော ဂန္ထော နိဋ္ဌိတော။

ဣတိ၊ ဤသည်လျှင်။ ဘဒ္ဒန္တရေဝတနာမတ္ထေရေန၊ အရှင်ရေဝတ အမည် ရှိသော **သစ္စဒီပက** ဆရာသည်။ ရစိတော၊ စီရင်အပ်သော။ နိယျာနိက-မဂ္ဂကထာ ဆဓာတုမဂ္ဂကထာ နာမော၊ ဝဋ်မှ ထုတ်ဆောင်ကြောင်း ဖြစ်သော **နိယျာနိကမဂ္ဂကထာ**, ဓာတ် ၆-ပါးဖြင့် မဂ်သို့ ဆိုက်ရောက်နည်း ဖြစ်သော **ဆဓာတုမဂ္ဂကထာ**မည်သော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

၁၃၁၄-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၂-ရက်၊ ကြာသပတေးနေ့မှာ
ရေးသားပြီး၏၊ ဤအခါ ကျမ်းပြုပုဂ္ဂိုလ်၏ အသက် ၈၄-နှစ် ရှိပြီ။

အမေရယကဂလ

ဒိုဗ္ဗၢဒုဖဂ္ဂပဒိုဖတ္တိကျဓိး

"အမောဃကာလနိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း"

## အမှာစကား

လွန်ခဲ့သောနှစ်ပေါင်း ၇၄-နှစ်က အသက်(၄၀)ဆယ်ခန့်အရွယ်၌ အဘဖြစ်သူ ဦးရွှေလှိုင်သည် ရွှေအိုးတလုံးကို မြေတွင် မြှုပ်ထားခဲ့သည်ဟု ဆိုသည်၊ ၎င်းရွှေအိုးသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပျောက်ဆုံးသွားသည်ဟုလည်း သိရသည်၊ နှစ်ပေါင်းများစွာ ရူးရမ်းရှာဖွေသော်လည်း သတင်းအစအနပင် မရ၊ မျှော်လင့်ချက် ကုန်သောကြောင့် စာရေးသူ လက်လျှော့ထားခဲ့ရပါသည်၊ ရွှေအိုးဟု တင်စား၍ ဆိုသော အရာဝတ္ထုမှာ အခြားမဟုတ်ပါ၊ စာရေးသူ၏ဘခင် ဥပါသကာအနေဖြင့် သက္ကရာဇ် ၁၂၇၀ ခုနှစ်က ရေးဦးဆုံးရေးသားပြုစုသည့်"အမောဃကာလနိဗ္ဗာနမဂ္ဂပဋိပတ္တိ" ကျမ်းဖြစ်သည်၊ ဒုတိယမြောက် အခြားကျမ်းမှာ အသက် ၅၀-ပြည့်သော ၁၂၈၀-ခုနှစ်ကပြုစုသည့် လောကုတ္တရာလက်စွဲကျမ်းဖြစ်သည်၊ ၎င်းကျမ်းမှာ စစ်ကြီးအတွင်း မင်းဘူးမြို့ကို ဗုံးကြဲခံရစဉ် စက်သေနတ်နှင့် မီးလောင်ဗုံးများကြားမှ လွတ်မြောက်ကာ ကျန်ရစ်ခဲ့သည့် တအုပ်တည်းသောကျမ်း ဖြစ်ပါသည်၊ မူမွားမရှိတော့ပေ၊ လူ့ဘဝမှ ရဟန်းဘဝသို့ရောက်ပြီး မင်းဘူးမြို့ သစ္စဒီပကဆရာတော် ဘဒ္ဒန္တရေဝတဘွဲ့တော်နှင့် ရေးသားပြုစုသည့် စတုသစ္စဒ္ဒီကမ္မကတာကျမ်းနှင့် နိဗ္ဗာနသစ္ဆိကရဏီယကျမ်းများ၌ ဆရာတော်၏အတ္ထုပ္ပတ္တိတွင် "အမောဃကာလ နိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း" မှာ စာမူပင် မကျန်တော့ကြောင်း ဖော်ပြခဲ့ပါသည်။

ရွှေအိုးမက တန်ဖိုးကြီးသည့် ဤကျမ်းသည် ကမ္ဘာစစ်ကြီးအတွင်း ဗုံးဘေး မချားလှသည့် မကွေးတိုင်း နတ်မောက်မြို့မှ တဖြည်းဖြည်း နတ်မောက်နှင့်အဆက်အနွယ်ရှိသော မကွေးမြို့ ကျောင်းအုပ်ကြီးဦးဆုမြိုင် (တက္ကသိုလ်ဆုမြိုင်)၏ အလွတ်ပညာ တက္ကသိုလ်စာကြည့်တိုက်သို့ ရောက်လာတော့သည်၊ ထူးပေစွ၊ ဆရာကြီးဦးဆုမြိုင်၏ ကျေးဇူးပြုမှုဖြင့် ၁၃၄၄ ခု-ဝါခေါင်လဆန်း ၁-ရက်နေ့တွင် မင်းဘူးမြို့ မှန်ကင်းတိုက်ဆရာတော်

ဦးကဠုနက္ခြဲရောက်လာကာ ဝါးသပ် တုတ်ညှပ်ထားသည့် စာရွက်ပိုးပေါက်စက္ကူရွရွ အသက် ၇၄-နှစ်ကျော် အိုရင့်ပြီဖြစ်သည့် ယင်းကျမ်းကိုပြန်လည် ပုံနှိပ်ပါမည်ဆိုသော ဝန်ခံချက်ဖြင့် ပေးအပ်သည်၊ "ဥစ္စာရင်းမှန် ပြန်ရ" ဆိုသော ကိန်းမျိုးနှင့် ကြုံရခြင်းပင်၊ မျှော်လင့်ခြင်း လုံးဝမရှိ၊ နှစ်ပေါင်းများစွာ ရှာမရပဲ ပျောက်ဆုံးသော ရွှေအိုးကို ပြန်ရသော ဝမ်းသာခြင်းမျိုးဖြင့် လှိုက်လှဲစွာ လက်ခံလိုက်ပါသည်။

အဘယ်ကြောင့် ဤကျမ်းစာအုပ်ကို ရွှေအိုးနှင့်နှိုင်းယှဉ်ကာ တင်စား၍ ဆိုပါသနည်းဟုမေးသော် ဤကျမ်းတွင်ပါရှိသည့်တရားဓမ္မတို့မှာ ရွှေထက်ပင် တန်ဖိုးကြီးသည်ဟု ဆိုနိုင်ပါသည်၊ ကျမ်း၏ မာတိကာကို ကြည့်ရှုမှုဖြင့် ကျမ်း၏အတိမ်အနက်ကို ခန့်မှန်းတွက်ဆနိုင်ပါသည်၊ အထူးဖော်ပြရန် မလိုတော့ပါ၊ ဤကျမ်းသည် စကားပြေ များများဖြင့် ပြုစုရေးသားထားသော ကျမ်းဖြစ်ခြင်းကြောင့်တကြောင်း၊ လူသာမန်တို့ နားလည်သဘောပေါက်လွယ်အောင် ရှင်းလင်းသောနည်းဖြင့် ပြုစုထားခြင်းကြောင့်တကြောင်း အမှတ်အသားရ လွယ်ကူအောင် သံပေါက်များဖြင့် စာန်ဆာဆင်ထားခြင်းကြောင့် တကြောင်း ဖတ်ရှုသူများ သဘောပေါက်နားလည်ကာ ကျင့်ကြံအားထုတ်ရန် လွယ်ကူလိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

ပိုမိုကောင်းမွန်သပ်ရပ်အောင် ပြုပြင်ပြီး မူရင်းအတိုင်း ယခုပြန်လည်ပုံနှိပ်ထားခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသတည်း။

ဦးချမ်းသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁–နိဒါန်း

ရတနတ္တယံ အဟံ ဝန္ဒာမိ။ ယခုလောက၌အချို့သူတို့သည် ပရိယေ-သန စသော ကိစ္စ အလွန်များခြင်းကြောင့် ပိဋကတ်ကို ကောင်းစွာမသင်နိုင်ကြပေ၊ ထိုသို့ မသင်ကြားနိုင်သူတို့ပင် ဖြစ်သော်လည်း သပ္ပုရိသဥပနိဿယကိုရ၍ လိုရင်းကိစ္စ ဆိုရင်းဗဟုသုတတို့ကို သိရှိအားထုတ်နှလုံးသွင်းနိုင်က နိဗ္ဗာန်ကို ရလွယ်ခြင်းအကြောင်း၊ ကိစ္စနည်းပါးသောသူ ဗဟုသုတများသောသူတို့ပင် ဖြစ်သော်လည်း လိုရင်းကိစ္စလိုရင်းဗဟုသုတအချက်ကို ရွေးကောက်အားမထုတ်က ပင်ပန်းသလောက်အကျိုးမရ လိုရင်းကိစ္စ မပြီးစီးပဲ နေ့ရက်အချိန်ကုန်သွားသဖြင့် နိဗ္ဗာန်ကို ရခဲခြင်းအကြောင်း။

ကိစ္စ မအားမလပ်သော်လည်း ကုသိုလ်ရအောင်ပြုတတ်က ရနိုင်ခြင်းအကြောင်း၊ မဂ်ဖိုလ်နှင့်နီးစွာသောအကြောင်း ဖြစ်နိုင်ကြောင်း၊ ဤသို့သော အကြောင်းတို့အား ဥပနိဿယ ပြုလိုကြောင်းနှင့် နတ်မောက်မြို့မြေစာရင်းအင်စပိတ်တော် ဦးပန်းဘူး ဦးအောင်ဒွေး ရေနံချောင်းမြို့အမိန့်တော်ရရှေနေ ဦးသူတော်တို့နှင့် အခြား မိတ်ဆွေအပေါင်းတို့ကတောင်းဆိုကြသောကြောင့်–မုံရွာ လယ်တီဆရာတော်ဘုရား ရေးသားတော်မူသော ပရမတ္ထသံခိပ်ကျမ်းကို တပည့်များစွာတို့အား ဆရာပြုလုပ်သင်ကြားပြသခဲ့ဘူးသော မင်းဘူးမြို့ ဒုတိယတန်း အမိန့်တော်ရရှေနေ ဦးရွှေလှိုင်ဟု သမုတိပညတ် ခေါ်ဝေါ်အပ်သော အကျွန်ုပ်သည် ဘုရား တရား သံဃာ ဆရာ မိဘတို့အား ရှိခိုးပြီး၍ အရပ်ရပ်သော ကျမ်းဂန်တို့မှ မိမိဗဟုသုတရှိသမျှဖြင့် ဤ "အမောဃကာလ-နိဗ္ဗာနမဂ္ဂပဋိပတ္တိ" အမည်ရှိသောကျမ်းကို ရေးသားပြုစုပါအံ့– ထိုသို့ရေးသားပြုစုသည့်အတိုင်း ကြည့်ရှုမှတ်သား သဒ္ဓါတရား တိုးပွားကြပါစေသတည်း။

ဤကျမ်းကို၊ ဝါ၊ဤကျမ်းအား ရေးသားလိုသော ဆန္ဒဖြစ်ပေါ်ခြင်း အရင်းအမြစ်အကြောင်းကား အောက်ပါအတိုင်း ဖြင်၏—

အချို့သူတို့သည် ကုသိုလ်ပြုလိုသောဆန္ဒရှိလျက် ပရိယေသန စသော ကိစ္စ အလှန်များသဖြင့် ကုသိုလ်မပြုမလုပ်ရ မပြုမလုပ်နိုင်ဟု လျှော့ညံ့သောစိတ်ဖြင့် ဝမ်းနည်းခြင်းရှိနေသူတို့ကို တွေ့ကြုံရသောကြောင့်လည်း ကောင်း၊ သံသရာဒုက္ခမှ လွတ်မြောက်ရန် အားထုတ်လိုသော ဆန္ဒရှိပါလျက် ကိစ္စများသဖြင့် ပိဋကကို အလုံးစုံမသင်ကြားနိုင် ဗဟုသုတများစွာမရမရှိနိုင်သောကြောင့် သံသရာမှ ထွက်မြောက်ရန် အားထုတ်ခြင်းငှာ စွမ်းနိုင်မည်မဟုတ်ဟု လျှော့သောစိတ်ဖြင့် ဝမ်းနည်းခြင်းရှိနေသူတို့ကို တွေ့ကြုံရသောကြောင့်လည်းကောင်း၊ထိုထိုပုဂ္ဂိုလ်တို့၌ အချည်းနှီး အချိန်မကုန်ရအောင် အထူးသဖြင့် ယောက်ပုံချီးမြှင့်လိုသော ဆန္ဒဖြစ်ပေါ်ရှိသောကြောင့် ထိုဝမ်းနည်းခြင်းစသော စိတ်တို့အား ဆုတ်နစ်စေ၍ နှစ်သက်ဝမ်းမြောက်စွာ သဒ္ဓါတရား တိုးပွားထက်သန်သော စိတ်တို့ကိုသာ ဖြစ်စေလျက် အထူးသဖြင့် အားထုတ်ရွက်ဆောင်နိုင်ကြစေရန် ရည်သန်သဖြင့် ဤကျမ်းအား ရေးလိုသောစိတ် ဖြစ်ပေါ်သည့်အတိုင်း သိသာထင်ရှားလွယ်အောင် စကားပြေသက်သက်ဖြင့် ရေးသားပြုစုပါကြောင်း။

နိဒါန်းပြီး၏။

## ၂-သတ္တဝါတို့၏ ပကတိသဘောရင်းကို ပြခြင်းအကြောင်း

သတ္တဝါတို့မှာ ပကတိသဘောအားဖြင့် ချမ်းသာကို အလိုရှိကြ၏၊ သို့ရာတွင် အဝိဇ္ဇာ ရှိခြင်းကြောင့်၊ ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ကို မသိမမြင်နိုင်ကြကုန်၊ ထိုသို့ မသိမမြင်နိုင်ခြင်းကြောင့် ချမ်းသာအစစ်မဟုတ်သော လူနတ်ပြဟ္မာဘဝကို ချမ်းသာအစစ် ထင်မှတ်စွဲလမ်း ကပ်ငြိသောအားဖြင့် သံသရာမှာ တာရှည်စွာ ကျင်လည်ရခြင်းဒုက္ခကို ခံရကြကုန်၏။

ထို့ကြောင့် နိဗ္ဗာန်သည် ချမ်းသာအစစ်ဖြစ်ကြောင်း လူ နတ် ပြဟ္မာ ချမ်းသာသည် ပရမတ္ထသစ္စာအားဖြင့် ချမ်းသာအစစ် မဟုတ်ကြောင်း သမုတိသစ္စာ သဘာဝသစ္စာအားဖြင့်သာ ချမ်းသာဟု ခေါ်

အပ်ကြောင်းများကို ရှေးဦးစွာ သိမှတ်ရာ၏၊ ထိုသို့သိမှတ်ခြင်းရှိမှသာ ဒုက္ခဘုံဘဝကို ငြီးငွေ့၍ သုခအစစ်ဖြစ်သော နိဗ္ဗာန်ကို တောင့်တအားထုတ်လိုသော ဆန္ဒဖြစ်ပေါ်နိုင်ရာသတည်း၊ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကိုလည်းကောင်း သံသရာ၌ ကျင်လည်ရခြင်းဒုက္ခကိုလည်းကောင်း ဒေသနာတော်အတိုင်း အကျဉ်းရုံးသောအားဖြင့် ပြပါအံ့။

## ၃—နိဗ္ဗာန်ချမ်းသာတရားကို ပြခြင်းအကြောင်း

အဘယ်သို့သောတရားသည် နိဗ္ဗာန်ချမ်းသာတရား မည်ပါသနည်းဟူငြားအံ့— မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောတရားသည် နိဗ္ဗာန်မည်၏၊ ဥပါဒ်ဋ္ဌီဘင်ဟုဆိုအပ်သော ဇာတိ ဇရာ မရဏ ဒုက္ခ သင်္ခါရတရားတို့၏ တဖန်ဖြစ်ခြင်းမရှိ၊ ချုပ်ငြိမ်းခြင်း နိရောဓဟူသော အသင်္ခတ တရားသည် နိဗ္ဗာန်မည်၏၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ-ဟုဆိုအပ်သော တဏှာတို့မှ ထွက်မြောက်ခြင်းသည် နိဗ္ဗာန်မည်၏၊

တဏှာတို့၏ ရှိခြင်းကြောင့် ဘုံသုံးပါး၌ ကျင်လည်ရခြင်းဟူသော ဇာတိ အကြိမ်ကြိမ်ဖြစ်ရ၏၊ ဇာတိရှိခြင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဒုက္ခတို့ကို ခံရ၏၊ နိဗ္ဗာန်သည် ထိုကဲ့သို့ ဇာတိ၏မရှိခြင်းကြောင့် ထိုထိုသို့သောဒုက္ခတို့မရှိ၊ ချမ်းသာအစစ်သို့ ရောက်သတည်း။

## ၄—သံသရာ၌ကျင်လည်ရခြင်း ဒုက္ခအကြောင်းနှင့် သံသရာ၌ ကျင်လည်စေတတ်သော သမုဒယသစ္စာအကြောင်း

သံသရာ၌ ကျင်လည်ရခြင်း ဒုက္ခသည် အဘယ်နည်းဟူငြားအံ့— ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခ၊ အိုခြင်း ရင့်ခြင်း ဇရာဒုက္ခ၊ သေခြင်း မရဏဒုက္ခတို့သည် နိဗ္ဗာန်သို့မရောက်မီအကြား သံသရာ၌ ကျင်လည်သမျှ ကာလပတ်လုံး မုချအားဖြင့် ဖိစီးနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ဒုက္ခစင်စစ်ဟု အကျဉ်းရုံး မှတ်အပ်၏။

အလွန်အားဖြင့် ကမ္ဘာပေါင်း(၈၄၀၀၀)အသက်တမ်းရှိသော ဗြဟ္မာသော်လည်း ဇာတိ ဇရာ မရဏ ဒုက္ခနယ်မှ မလွတ်သေးသောကြောင့်

ပရမတ္ထသစ္စာအားဖြင့် ပုထုဇဉ် လူ နတ် ဗြဟ္မာ တိရစ္ဆာန် သတ္တဝါ ဟူသမျှသည် ဒုက္ခသစ္စာသမားချင်း အစာတူပင်ဖြစ်၏၊ မည်သည့် ပုထုဇဉ်သတ္တဝါမဆို သေခြင်းဟူသော မရဏဒုက္ခပြီးလျှင် တဏှာ ဟူသော သမုဒယရှေ့သွားရှိနေသေးခြင်းကြောင့် ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခ တဖန်ဖြစ်ပေါ်လာရပြန်၏။

ထိုဇာတိဟူသော ပဋိသန္ဓေနေရခြင်းဒုက္ခစု အမျိုးမျိုးတို့တွင် ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၌ အမိအဘတို့၏ သုက်သွေးကိုမှီ၍ ရုပ်နာမ်ဖြစ်ပေါ်ရ၏၊ အမိ၏ အစာဟောင်းပေါ်၌ နေလျက် အစာသစ်ကို ခေါင်းဖြင့်ရွက်ကာ အလွန်စက်ဆုပ်ရွံရှာဘွယ် ပဋိသန္ဓေနေရ၏၊ ဖွားမြင်လာသည့်အခါ မသွားမလာနိုင် စကားမပြောနိုင်သေးခြင်း စသော အကြောင်းတို့ကြောင့် အလွန်ပင် ဆင်းရဲဒုက္ခရှိ၏၊ ဖျားနာခြင်း စသော ရောဂါ ဝေဒနာနှိပ်စက်သည့်အခါ သည်းမခံနိုင်အောင် ဆင်းရဲ၏၊ အိုခြင်း ရင့်ခြင်း သွားကျိုးခြင်း ဆံဖြူခြင်း မစားနိုင်ခြင်း မသွားနိုင်ခြင်း စသော ဇရာဒုက္ခသည် အလွန်ပင် ဆင်းရဲ၏၊ အဆိပ်နှင့် မြွေ မီး ရေ လက်နက် စသည်တို့ကြောင့်လည်းကောင်း အမျိုးမျိုးသော ရောဂါအန္တရာယ်တို့ကြောင့်လည်းကောင်း အလိုမရှိပဲ သေရခြင်းဟုဆိုအပ်သော မရဏဒုက္ခ, မချစ်မနှစ်လိုသောသူနှင့် ပေါင်းဖော်ရခြင်းဒုက္ခ, ချစ်သောသူနှင့် ကွေကွင်းရခြင်းဒုက္ခ မိမိကိုယ်နှင့်တကွ သားမယားဆွေမျိုးတို့ကြောင့် စိုးရိမ်ကြောင့်ကြခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ အကုသလဝိပါက် ကာယဝိညာဏ်စိတ်နှင့် ယှဉ်သောဒုက္ခဝေဒနာ ဟူသော ဒုက္ခ၊ ဒေါသစိတ်၌ယှဉ်သော ဒေါမနဿ ဒုက္ခ၊ အူသည်းဖိုလှိုက် ခိုက်တုံရှိုက်ငင် ပင်ပန်းခြင်းဟု ဆိုအပ်သော ဉပါယာသ ဒုက္ခတို့သည် ဖြစ်ပေါ်မြဲ ဖြစ်ရာ၏၊ အပါယ်ဘုံသို့ ကျလျှင်ကား ဒုက္ခဒုက္ခံ အတိဒုက္ခံ ဟု ဟောတော်မူသောကြောင့် ဆင်းရဲသည်ထက်ပင် အလွန်ဆင်းရဲရာ၏။

ထို့ကြောင့် ပုထုဇဉ် လူ နတ် ဗြဟ္မာ ဆိုရှစ္ဆာန် သတ္တဝါ ဟူသမျှတို့သည် နိဗ္ဗာန်မရမီအကြား ထိုထိုသို့သော ဒုက္ခတို့ကို မုချခံရမည်ဟု ယုံကြည် စိတ်ချရာ၏၊ ထိုသံသရာ၌ ကျင်လည်ရခြင်း သံသရာမှ ထွက်မြောက်ခြင်းတရားတို့ကိုလည်း ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ

ဟူသော သစ္စာ ၃-ပါးဖြင့် ရှင်အဿဇိထေရ်သည် "ဥပတိဿ" ပရိဗိုဇ်အား ဟောတော်မူပေ၏။

ထိုသို့ ဟောတော်မူသောဂါထာကား—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

ယေ ဓမ္မာ၊ အကြင် ဇာတိ ဇရာ ဗျာဓိ မရဏ အစရှိသော ဒုက္ခသစ္စာ တရားတို့သည်။ ဟေတုပ္ပဘဝါ၊ တဏှာဟူသော သမုဒယသစ္စာလျှင် အမွန် ရှိကုန်၏။ တေသံ၊ ထိုဒုက္ခသစ္စာတရားတို့၏။ ဟေတုံ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသဉ္စ၊ ထိုအလုံးစုံသော ဒုက္ခသစ္စာ, သမုဒယသစ္စာ ၂-ပါးတို့၏လည်း။ နိရောဓော ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်တရားသည်။ အတ္ထိ၊ ရှိ၏။ မဟာသမဏော၊ ရဟန်းမြတ်စွာ ဖြစ်ရာသည်။ ဧဝံဝါဒီ၊ ဤသို့ အယူရှိ၏။ ဝါ၊ ဟောတော်မူ၏။

ထိုသို့ ဟောတော်မူရာ—သမုဒယသစ္စာသည် တရားကိုယ်အားဖြင့် လောဘမူစိတ်၌ယှဉ်သော လောဘစေတသိက်ပင် ဖြစ်၏၊ ထိုသို့ဆိုသော် လောဘဟူသော အကုသိုလ် စိတ်စေတသိက် မူလတို့ကြောင့် သံသရာ၌ ကျင်လည်ရကြောင်း အဓိပ္ပာယ်ရောက်ရှိရကား ပရမတ္ထသစ္စာအားဖြင့် ထိုအဓိပ္ပာယ်ရောက်ရှိသည့်အတိုင်း မှန်သည်ဟု ယူအပ်သတည်း။

အဘယ်ကြောင့်ဆိုသော်—

တေဘူမကံ ဝဋ္ဋံ ဒုက္ခံ တဏှာ သမုဒယော၊ ဟူ၍လည်းကောင်း၊ အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော၊ ဟူ၍လည်းကောင်း ဟောတော်မူသောကြောင့်တည်း။

ထိုသို့ဆိုသော်—ပုညာဘိသင်္ခါရဟူသောကုသိုလ်ကြောင့် လူနတ်ဖြဟ္မာ ဖြစ်၍ သံသရာ၌ကျင်လည်ရကြောင်း အာနဉ္ဇာဘိသင်္ခါရ ဟူသော ကုသိုလ်ကြောင့် အရူပဗြဟ္မာဖြစ်၍ သံသရာ၌ ကျင်လည်ရကြောင်း ဟောတော်မူသော ဒေသနာနှင့် ဆန့်ကျင်ရကား ထိုသို့ကား မဆန့်ကျင်

ကုန်၊ အဘယ့်ကြောင့်ဆိုသော် သဘာဝသစ္စာအားဖြင့် ကုသိုလ် သင်္ခါရတို့ကြောင့် လူနတ် ပြဟ္မာဖြစ်ကြောင်း မှန်သည်ဟူ၍ပင် ယူအပ် သတည်း၊ သို့ဖြစ်၍ ပရမတ္ထသစ္စာအားဖြင့် အကုသိုလ်မူလကြောင့် ဘုံ သုံးပါး၌ ကျင်လည်ရကြောင်း၊ သဘာဝသစ္စာအားဖြင့် ကုသိုလ် သင်္ခါရတို့ကြောင့် လူနတ်ပြဟ္မာဖြစ်၍ ကျင်လည်ရကြောင်း၊ အမှန် ၂-ချက်ကို ခွဲခြား၍ မှတ်အပ်သတည်း၊ သမုတိသစ္စာအားဖြင့်၊ ဝါ၊ ပညတ်အားဖြင့် လူနတ်ပြဟ္မာ သတ္တဝါဟု ခေါ်ဝေါ်ခြင်းလည်း မှန်သည် ပင် ဖြစ်သတည်း ထို့ကြောင့် သစ္စာ ၃ ပါးကိုလည်း အစိတ်အစိတ် အားဖြင့်၊ ခွဲခြားသိမှတ်ရသတည်း။

ထို လူနတ်ပြဟ္မာ ဘုံဘဝတို့သည် ဒုက္ခအမျိုးမျိုးတို့၏ တည်ရာ ဖြစ်ပွားရာ ဖြစ်သောကြောင့် ထိုထိုဘုံဘဝတို့အား ငြီးငွေ့သောစိတ် ဖြစ်စေရာ၏၊ ကပ်ငြိတပ်မက်ခြင်း ကင်းစေရာ၏၊ ထိုသို့ငြီးငွေ့မှုသာ အနာရှိသောသူသည် ထိုအနာကိုပျောက်လိုသော စိတ်ရှိသဖြင့် အနာ ပျောက်စေတတ်သော ဆေးများကို ရှာမှီးစားသောက်သကဲ့သို့ ထိုထို ဘုံဘဝဒုက္ခတို့အား ငြီးငွေ့သောသူသည် ထိုထိုဘုံဘဝဒုက္ခတို့မှ လွတ်လို သောစိတ်ရှိသဖြင့် လွတ်ကြောင်းဖြစ်သော ဝိပဿနာဆေးကို ရှာမှီးစား သောက်ရာသတည်း။

ထိုထိုဒုက္ခတို့အား မငြီးငွေ့မကြောက်မရွံ့သူသည် ထိုဒုက္ခတို့၏ လွတ် ကြောင်းတရားကို အားထုတ်လိုသောစိတ်မရှိရာ၊စိတ်မရှိကအားမထုတ်ရာ၊ အားမထုတ်သမျှ ကာလပတ်လုံး နိဗ္ဗာန်ကိုမရနိုင်ရာ၊ ထို့ကြောင့် ထိုထို ဒုက္ခတို့အား ကြောက်ရွံ့ ထိတ်လန့် ငြီးငွေ့သောစိတ်ကို ရှေးဦးစွာဖြစ်စေ ရာသတည်း။

### ၅-ကိလေသာတို့၏ ပူပန်နှိပ်စက်ခြင်းဟု ဆိုအပ်သော အဇ္ဈတ္တဘေးရန်သည် ဗဟိဒ္ဓရန်သူထက် ကြောက် လန့်ဖွယ်ရှိခြင်း အကြောင်း

ပူပန်နှိပ်စက်တတ်သောကြောင့် ကိလေသာမည်၏၊ လောဘ-ဒေါသ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တ-

ဟူ၍ အကျဉ်းအားဖြင့် ကိလေသာ ၁၀-ပါးရှိ၏၊ အကျယ်အားဖြင့် ၁၅၀၀-ရှိ၏၊ ထို ၁၅၀၀ ကိလေသာရန်သူတို့သည် မိမိတို့အဇ္ဈတ္တမှာ မပြတ် ဖျက်ဆီးနေ၏၊ ထို့ကြောင့် မိမိတို့သို့ နှိပ်စက်ဖျက်ဆီးသတ်ဖြတ်နေသော ၁၅၀၀-ကိလေသာ တပ်သားတို့အား ဓါးလှံ သေနတ်ဖြင့် မိမိသို့သတ်ဖြတ်ရန်လိုက်နေသော ရန်သူထက်ပင် သာ၍ကြောက်လန့်ဖွယ်ကောင်း၏၊ အဘယ့်ကြောင့်ဆိုသော် ထိုဗဟိဒ္ဓရန်သူကား အရှောင်ကောင်းလျှင်လွတ်နိုင်၏၊ ထိုဗဟိဒ္ဓရန်သူသည် အမြဲကပ်၍ ညှင်းဆဲတတ်သည်မဟုတ်သောကြောင့် ဗဟိဒ္ဓရန်သူထက်ပင် ကြောက်ဖွယ်ကောင်းသည်ဟု မှတ်အပ်၏။

## ၆-ကိလေသာတို့၏ ပူပန်ပုံ တိုက်ဖျက်နှိပ်စက်ပုံကို အမြွက်မျှပြပါအံ့

လောဘကိလေသာတခုတွင်ပင် မိမိတို့အဇ္ဈတ္တမှာပူပန်၍ မဆုံးမကုန်နိုင်၊ ညှင်းပန်းနှိပ်စက် ဖျက်ဆီး၍ မဆုံးမကုန်နိုင်အောင်ပင်ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ဤလူ့ပြည်၌ စကြာမန္ဓာတ်မင်းတို့သည် မောင်းမမိဿံခြွေရံသင်းပင်း ဆင် မြင်း ဗိုလ်ပါနှင့်တကွ ကောင်းကင်ခရီးဖြင့် သွားလာနိုင်သော တန်ခိုးဣဒ္ဓိပါဒ်ရှိ၏၊ လောကီ အသုံးအဆောင် ရွှေ ငွေ စိန် ကျောက်စသော ရတနာ၊ သားသမီး မောင်းမမိဿံခြွေရံသင်းပင်း ဆင်မြင်းဗိုလ်ပါစသော ရတနာတို့နှင့်လည်း ပြည့်စုံ၏၊ စတုမဟာရာဇ် တာဝတိံသာ နတ်ပြည်တဝက်နှင့်တကွ ၄-ကျွန်းလုံးကို အစိုးရ၏၊ လူတို့ရွာမှာ အနှစ် ၁၀၀-မှ တာဝတိံသာမှာတရက်၊ ရက် ၃၀ တလ၊ ၁၂-လတနှစ်၊ ဤကဲ့သို့ နှစ်ပေါင်း ၁၀၀၀ အသက်တမ်းရှိသော သိကြား သုံးကျိပ်ခြောက်ယောက်လဲအောင် မန္ဓာတ်မင်းအသက် ရှည်၏ ထိုမျှလောက်ကြီးကျယ်သော စည်းစိမ်ကို ခံစားရသော်လည်း ကျန်နတ်ပြည် စည်းစိမ်ကို ကပ်ငြိတပ်မက်သဖြင့် လူ့ပြည်သို့ လျောကျဘူး၏၊ လောဘကိလေသာ၏ သဘောသည် စကြာ မန္ဓာတ်မင်းကိုသော်လည်း ချမ်းသာမပေး၊ ပူပန် ပင်ပန်း ညှိုးနွမ်း နှိပ်စက်ခြင်းပြုသည်ပင် ဖြစ်၏၊ ဤမျှလောက် ပြည့်စုံသော မန္ဓာတ်မင်းမှသော်လည်း လောဘကိလေသာ တို့၏ ပူပန်နှိပ်စက်ခြင်းခံရလျှင် ထိုမျှလောက်မပြည့်စုံသော သူတို့ကိုကား

ဆိုဘွယ်ရာမရှိပြီ၊ ယခုလောက၌ ကိုယ်တွေ့ပင်ဖြစ်ကြကြောင်း အထူးသတိပြုကြရာသတည်း။

ဒေါသကိလေသာကို ဆိုသော်—နတ်တပါး၏ စည်းစိမ်ကို နတ်တပါးမြင်၍ အဘိဇ္ဈာ ဗျာပါဒနှင့်တကွ ဒေါသထွက်ကြသဖြင့် နတ်သား ၂-ဦးလုံးပင် စုတေစိတ်ကျဘူး၏။ ထို့ကြောင့် အဇ္ဈတ္တ၌ စွဲကပ်နေသောကိလေသာရန်သူသည် ဗဟိဒ္ဓရန်သူထက် အလွန်ကြောက် ထိတ်လန့်ဖွယ်ကောင်း၏၊ ထို့ကြောင့် ရန်သူ နောက်က လိုက်နေမှုန်းသိသူသည် ထိုရန်သူဘေးမှ လွတ်အောင် ထွက်ပြေးတိမ်းရှောင်လိုသကဲ့သို့ ကိလေသာရန်သူဘေးမှလွတ်အောင်နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့ တခဏမလပ်ကူးသန်းပြေးသွားရာ၏၊ ပြေးသွားလိုသောစိတ်ကို မပြတ်ဖြစ်စေရာသတည်း။

## ၇–လိုရင်းကိစ္စကို ရွေးချယ်အပ်ကြောင်း

ပုဂ္ဂိုလ် သတ္တဝါတို့မှာ အလွန် ကိစ္စများကြ၏၊ သို့ရာတွင် ကိလေသာဘေး သံသရာဘေးမှ လွတ်ကြောင်းကိစ္စသည် အလွန်အရေးကြီးသော လိုရင်းကိစ္စပင် ဖြစ်၏၊ အဘယ်မျှလောက် အရေးကြီးသနည်းဆိုသော် ခေါင်းပေါ်၌ကြီးစွာသော မီးတုတ်ကျရှိနေသူသည် ထိုမီးပူလောင်ခြင်း ဘေးမှ လွတ်အောင် လျင်စွာ ဖယ်ရှားရန်ကိစ္စ အရေးကြီးသည်ထက် ကိလေသာတို့၏ ပူပန်ခြင်းဘေး သံသရာဘေးတို့မှ လွတ်ရန်ကိစ္စသည် သာ၍ပင် အရေးကြီးကျယ်သတည်း၊ ထိုအရေးကိစ္စကို ပြီးစီးအောင် မပြုပဲ လိုရင်းကိစ္စမဟုတ်သည်ကို လိုရင်းကိစ္စ ထင်မှတ်အားထုတ်ခြင်းဖြင့် ဘဝကို အကျိုးမဲ့ လွန်စေတတ်၏၊ အချိန်ကို အကျိုးမဲ့ ကုန်စေတတ်၏–ထိုကဲ့သို့ မဖြစ်စေရအောင် ကိလေသာတို့အား ပယ်သတ်ရန် ကိစ္စကို အလွန်အရေးကြီးသောကိစ္စဟု အထူးသိမှတ်ကြရာ၏။

## ၈-လိုရင်းဗဟုသုတအကြောင်း

ကိလေသာဘေးရန်တို့မှ လွတ်ကြောင်းဖြစ်သော တရားတော်ဟူသော ဗဟုသုတသည်လည်း သဗ္ဗညုတဉာဏ်တော်ဖြင့် အလွန်နက်နဲကျယ်ဝန်းစွာ ဟောတော်မူခဲ့သောကြောင့် အရိယာပုဂ္ဂိုလ်တို့သာလျှင် အလုံးစုံ ဉာဏ်

ကျက်စားနိုင်ရန်ရှိ၏၊ အလွန်ကိစ္စများသော အန္ဓပုထုဇဉ် လူပုဂ္ဂိုလ်တို့မှာ ပိဋကတ်ကို အလုံးစုံသင်ကြားတတ်မြောက်ရန် အလွန် ခဲယဉ်း၏၊ သို့ရာတွင် ပိဋကတ်ကို အလုံးစုံ မတတ်သည့်အတွက်ကြောင့် ကိလေသာတရားတို့ကို မပယ် မသတ်နိုင်သည်မဟုတ်၊ ထိုကိလေသာတို့အား ပယ်သတ်နိုင်သော လိုရင်းဗဟုသုတကို တတ်မြောက်လျှင် ပယ်သတ်နိုင်သည်သာ ဖြစ်၏။

ထို့ကြောင့် လိုရင်းဗဟုသုတကို ရွေးချယ်သိမှတ်ရန် အလွန် လိုလှ၏၊ ထိုလိုရင်းကိစ္စ လိုရင်းဗဟုသုတ အချက် ၂-ပါးတို့အား မရွေးချယ်ပဲ အားထုတ်ပြုလုပ်က ပင်ပန်းသလောက် များစွာအကျိုးမကြီး၊ လိုရင်းကိစ္စ မပြီး ရှိတတ်ရာ၏၊ထိုအချက် ၂-ပါးကို ကောင်းစွာ သိမှတ်အားထုတ်က များစွာ မပင်ပန်းပဲနှင့်ပင် လိုရင်းကိစ္စ ပြီးစီးနိုင်ရ၏၊ ဥပမာဆိုသော် တသိန်းအားနှင့်ယူသော် မရ၊တယောက်အားနှင့် ယူသော် ရ၏၊ ဆိုသကဲ့သို့ အချက်ကို သိမှတ်အားထုတ်က ကိစ္စပြီးစီးနိုင်သည်သာ ဖြစ်ရာ၏။

လိုရင်းအချက်ကောင်းကို သိ၍ သတိကောင်းစွာ ပြုပါမူကား ထမင်းစားရာ၌ပင် ကုသိုလ်ရနိုင်၏၊ အချက်ကို မသိပဲထမင်းစားလျှင် ရသာတဏှာပင် ဖြစ်တတ်သေး၏၊ ထိုအချက် ၂-ရပ်၌ သတိပြု၍ စားခြင်းနှင့် အမှတ်မဲ့စားခြင်းသည် အချိန်တိုး၍ ကုန်သည် တိုး၍ပင်ပန်းသည် မဆိုသာ၊ အတူတူပင် ဖြစ်၏၊ ထမင်းစားနေရ၍ ကုသိုလ် မပြုနိုင်၊ ဝိပဿနာမပွားနိုင်ဟု မဆိုသာချေ၊ သမ္ပသတိဖြင့် ကောင်းစွာပြုတတ်ပါမူကား ကုသိုလ်ရသော အချိန်ချည်းပင်ဖြစ်ရာ၏။

## ၉။ ကုသိုလ်ပြုရာ အချိန်မရွေးသင့်ကြောင်း

ထို့ကြောင့် ကုသိုလ်ပြုရာ၌ ကာလကိုလည်းကောင်း ဌာနကိုလည်းကောင်း ဒါနအနည်း အများကိုလည်းကောင်း ရွေးချယ်သောအားဖြင့် အချိန်ကို မကုန်စေသင့်၊ အဘယ်ကြောင့်ဆိုသော် အကြင်ပုဂ္ဂိုလ်တို့ သတ်မှတ်သည့်အတိုင်း ပြည့်စုံသည့်တိုင်အောင် အသက်ရှည်ကြာနေရမည် မနေရမည် မသိနိုင်သဖြင့် အချည်းနှီးအချိန်ကုန်မည်ကို စိုးရိမ်ရန် ရှိသော

ကြောင့်တည်း၊ ထို့ကြောင့် မည်သည့်နေရာဌာန မည်သည့်အချိန် ကာလမဆို ကုသိုလ်ဖြစ်အောင် နှလုံးသွင်းရာသတည်း။

အချို့သူတို့သည် ကျောင်းကန် ဘုရားမှာသာ ကုသိုလ်ပြုရာဌာန ရှစ်ရက်သီတင်း လပြည့် လကွယ် အပို အကြို အခါနေ့ရက်ကြီးများမှသာ ကုသိုလ်ပြုရာကာလဟု ကာလကိုလည်းကောင်း ဌာနကိုလည်းကောင်း သတ်မှတ်ပြီးလျှင် ထိုကာလ , ဌာန မဟုတ်သည့်အခါတို့၌ မိမိတို့၏ စိတ်ကို မသိမ်းဆည်းပဲ ပေါက်လွှတ်ထားတတ်၏၊ စိတ်အလိုသို့လိုက်၍ မကောင်း မှုကိုပင် ကျူးလွန်တတ်သေး၏၊ သို့မဟုတ် အချိန်ကို အချည်းနှီး ကုန် စေ၏၊ ဤကဲ့သို့ အကျိုးမဲ့ အချိန်ကုန်စေခြင်းကို ပါဠိဘာသာ၌ မောဃ ကာလဟုခေါ်၏၊ ထိုကာလမျိုးကို မဖြစ်ရအောင် အထူး သတိပြုရာ၏၊ အဘယ်ကြောင့်ဆိုသော် အလွန်ရခဲသော ဗုဒ္ဓုပ္ပါဒခေတ် အခါကောင်း အခါမြတ်ကို ယခု ရကြသဖြင့် အချိန် အလွန် အဖိုးတန်သောကြောင့် တည်း။

အဘယ်သို့အချိန် အဖိုးတန်သနည်းဆိုသော်—တခဏမျှသော အချိန် သည်လည်း တရားကို နှလုံးသွင်းတတ်က စကြဝတေးမန္ဒာတ် နတ် သိကြားတို့၏ လောကီစည်းစိမ်မျိုးကို လည်းကောင်း မဂ်ဖိုလ်စသော လောကုတ္တရာဉာဏ်မျိုးကိုလည်းကောင်း တခဏခြင်းဖြင့် ရနိုင်ယူနိုင်ခွင့်ရှိ သောကြောင့် ယခုအခါ အချိန် အလွန်အဖိုးတန်သည်ဟု မှတ်ရာသတည်း။

## ၁၀·ကုသိုလ်ပြုခြင်း အခိပ္ပာယ်

မည်သို့ ပြုခြင်းကိုကုသိုလ်ပြုခြင်းမည်ပါသနည်းဟူငြားအံ့၊ ကိုယ်ဖြင့်ပြု ခြင်း နှုတ်ဖြင့်ပြုခြင်း စိတ်ဖြင့်ပြုခြင်းသည် ကုသိုလ်ပြုသည်ပင် မည်ရာ၏၊ ။ ကိုယ်ဖြင့် ပြုခြင်းသည် ကာယဒွါရ၌ ဖြစ်သော ကာယကံကုသိုလ်မည်၏၊ နှုတ်ဖြင့်ပြုခြင်းသည် ဝစီဒွါရ၌ဖြစ်သော ဝစီကံကုသိုလ်မည်၏၊ စိတ်ဖြင့် ပြုခြင်းသည် မနောဒွါရ၌ ဖြစ်သော မနောကံကုသိုလ် မည်၏၊ ကုသိုလ် ပြုခြင်း၌ တခုသော ဒွါရ မအားမလပ် တစုံတခု ပြုလုပ်နေရသော်လည်း ကျန်ဒွါရတို့ဖြင့် ကုသိုလ်ပြုနိုင်သည်ပင် ဖြစ်ကြောင်း အထူးမှတ်အပ်၏၊ မနောဒွါရဟူသော စိတ်ဖြင့် ကုသိုလ်ပြုခြင်းသည်လည်း ကုသိုလ်အရနည်း သည်မဟုတ် နှလုံးသွင်းတတ်က များစွာရနိုင်၏၊ ထို့ကြောင့် မနောပုဗ္ဗ-

ဂ်ံမာ ဓမ္မာ မနောမယာ, မနောသေဋ္ဌာ, ဆဒ္ဒါရာဓိပတိရာဇာ။ဟူ၍ ဟော
တော်မူ၏။

ယခင် ထမင်းစားသော ဥပမာ၌ ကာယဒွါရ, ဝစီဒွါရ မအားမလပ်
သောကြောင့် မနောဒွါရဖြင့် ကုသိုလ်ရအောင် မည်သို့နှလုံးသွင်း၍ စားရ
ပါမည်နည်း ဆိုသော်—ထမင်းဟင်းစသော ရုပ်တရားတို့သည်ပျက်စီး တတ်
သော အနိစ္စသဘောရှိ၏ဟူ၍လည်းကောင်း၊ ထိုထမင်းစားသောပုဂ္ဂိုလ်၏
ရုပ်နာမ် တရားတို့သည်လည်း ဥပါဒ်ဋီဘင်အားဖြင့် ဖြစ်ပျက်တတ်သော
အနိစ္စ ဒုက္ခ အနတ္တသဘောရှိ၏ဟူ၍လည်းကောင်း ထိုထမင်းဟင်းစသော
ရုပ်တရားတို့သည်မစားမီလုပလျက်၊ခံတွင်းသို့ကျလျှင်ရွံဖွယ်ရာ-ဟုအာဟာ
ရေ ပဋိက္ကူလသညာ စသည်တို့ကိုလည်းကောင်း ဆင်ခြင်၍ဝါ၊နှလုံးသွင်း၍၊
ဝါ၊ အာရုံပြု၍စားလျှင် မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဇော ဖြစ်၏။ ။
ထို မဟာကုသိုလ်ဇော ဖြစ်ခြင်းကိုပင် မနောဒွါရဖြင့် ကုသိုလ်ပြုသည်
ဝိပဿနာ ဘာဝနာပွားသည် မည်သတည်း၊ ထို့ကြောင့် အားလပ်ခြင်း,
မအားလပ်ခြင်းကား လိုရင်းမဟုတ်၊ သမ္မာသတိသာ လိုရင်းဖြစ်၏၊
သမ္မာသတိ မရှိက မည်မျှပင် အားလပ်သော်လည်း ကုသိုလ် မရသည့်ပြင်
အကုသိုလ်ပင် ဖြစ်တတ်သေး၏။

ထို့ကြောင့် ဤစံပြချက်ကို အမှီပြု၍ အခြားကိစ္စ တို့ကို ဆောင်ရွက်
သောအခါ ခပ်သိမ်းပင် အချိန်နာရီ မကြွင်းမကျန်ရအောင် ကုသိုလ်ကို
ကွက်စိပ်ရိုက်၍ အထူးသဖြင့် ယူနိုင်ရနိုင်ကြပါစေသတည်း။

လောကီစီးပွားရှာရာ၌လည်း ကုသိုလ်ရအောင်ပြုနည်းကား ရသေ့
ရဟန်းမဟုတ်သူတို့မှာ ဥစ္စာရှာရမြဲဖြစ်၏၊သို့ရာတွင် အမ္ဗသေစန ဂရုသိန္နာန
နည်းအားဖြင့် ဆရာကို ချီးရေတည်ခြင်း သရက်ပင်ကိုရေလောင်းခြင်း
ကိစ္စကို တချက်ထည်းပြီးစီးအောင် သရက်ပင်ရင်း၌ ချီးရေတည်ထား
သောတပည့်ကဲ့သို့ ဥစ္စာရှာဆဲမှာလည်း ကုသိုလ်ကိုရအောင် ယူနိုင်စေ
ရာ၏၊ ဥစ္စာရှာဆဲအခါ၌ အဘယ်သို့ရအောင် ယူနိုင်ပါအံ့နည်း ဟူငြား
အံ့၊ ဥပမာ ဆိုသော်—ရုံးအရာရှိတဦးသည် ရုံးသို့ သွားရ၏၊ ရုံးသို့ သွား
ခြင်းသည် ဥစ္စာရှာခြင်းပင် မည်ရာ၏၊ ထိုရုံးသို့ သွားဆဲလမ်းခရီး

အကြား၌ စိတ်ကို အလွတ်မထားပဲ ဘုရား တရား သံဃာ ဆရာ မိဘ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ ထိုထက် နှလုံးသွင်းနိုင်မှု ခရီးအစဉ်၌ တွေ့ရှိသမျှ အာရုံတို့သည် သင်္ခါရတရားပင်ဖြစ်၏၊ ကုန်ခန်းပျက်စီး တတ်သော အနိစ္စသဘောရှိ၏၊ဘေးနှိပ်စက်တတ်သော ဒုက္ခသဘောရှိ၏၊ အစိုးမရ အလိုသို့ မလိုက်တတ်သော အနတ္တသဘောရှိ၏ဟု နှလုံးသွင်း၍ သွားမှု အနုပဿနာဉာဏ်ကိုပွားသည် ကုသိုလ်ကို ပြုသည်မည်ရာ၏၊ အမှတ်မဲ့သွားလျှင်လည်း ရှုံးသို့ရောက်နိုင်၏၊ အမှတ်မဲ့သွားခြင်း,သတိပြု၍ ကုသိုလ်ရအောင်သွားခြင်း ၂-ရပ်၌ တို့၏ အချိန်ကုန်ခြင်း ပင်ပန်းခြင်း စသည် ခြားနားခြင်းမရှိသောကြောင့် ကုသိုလ်ရသဖြင့် ရှုံးသို့ရောက်ခြင်း ကို အလိုရှိအပ်၏၊ ထိုကဲ့သို့ သတိမပြုပဲ ရှုံးသို့သွားမှုကား အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာမှစ၍ မျက်စိဖြင့်မြင်ကောင်းသော အမျိုးမျိုးသော ရူပါရုံ, အသံအမျိုးမျိုးဟူသော သဒ္ဒါရုံ, အနံ့အမျိုးမျိုးဟူသော ဂန္ဓာရုံ, အချိုအချဉ်စသော အမျိုးမျိုးသော ရသာရုံ, အတွေ့အထိဟူသော အမျိုးမျိုးသော ဖောဋ္ဌဗ္ဗာရုံ စသည်တို့ကိုတွေ့ရှိ၍ သာယာကပ်ငြိ စွဲလမ်း သော လောဘတဏှာကိုဖြစ်စေခြင်း၊ မတင့်မတယ် သဘောမကြသော အနိဋ္ဌာရုံနှင့် ကြုံသည့်အခါ ဒေါသစိတ်ကိုဖြစ်စေခြင်း၊ ဤကဲ့သို့ လောဘ ဒေါသများ ရှိခဲ့သော် အကုသိုလ်ပင်ဖြစ်သေး၏။

ထို့ကြောင့် အပြစ်ကင်း၍ ကုသိုလ်ရအောင် စားတတ် သွားတတ် ရာ၏၊ ရှုံးသို့ရောက်သည့် အခါ၌လည်း ဉာဏ်ပညာဖြင့် အလွန်စဉ်းစား၍ လုပ်ရသော အလုပ်မျိုးမှတပါး ယခင်ပြဆိုသည့်အတိုင်း ကုသိုလ် ရအောင် နှလုံးသွင်းနိုင်ရာ၏၊ ဤကဲ့သို့ စသည်ဖြင့် စီးပွားရှာသည့်အခါ၌ ကိုယ်နှုတ် ၂-ပါး မအားလျှင် စိတ်ဖြင့် ကုသိုလ်ပြုရာ၏၊ ကုသိုလ်အရာ၌ လည်းကောင်း၊အကုသိုလ်အရာနိုက်လည်းကောင်း၊ ကာယဒွါရ ဝစီဒွါရသို့ မရောက်မီ မနောဒွါရ၌ ဦးစွာဖြစ်၏၊ ထိုမနောဒွါရက တင်ကူး၍ အကုသိုလ် မဖြစ်ရအောင် သတိပြုမှုကား ကာယကံ ဝစီကံဟူသော အကုသိုလ်တရား တို့သို့ မရောက်နိုင်ရာ၊ ထိုမနောဒွါရကပင်စ၍ ရှောင်ကြဉ်ခြင်းသည် ကောင်းမှုကို ဝေးစွာရှောင်သည်ပင် မည်ရာ၏။

ထို ကြောင့် မနော ဒွါရဖြင့် အကုသိုလ်ကို နစ်စေခြင်း, ကုသိုလ်ကိုပင် ဖြစ်စေခြင်းသည် ကုသိုလ်အရနည်းသည်မဟုတ်၊ အထူးသဖြင့် အကျိုးကြီးကျယ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောကိုပင် ရကြောင်းမှတ်အပ်၏။

## ၁၁–လိုရင်းကိစ္စကို ပြီးစီးအောင် အားမထုတ်သူတို့မှာ သံသရာဝဋ်ကျင်လည်ရသည့်အခါ အပါယ်ဘုံသို့ ကျမည်ကို အလွန်စိုးရိမ်ကြောင့်ကြဖွယ် ရှိသည်ကို ပြခြင်းအကြောင်း

အထက်ကပြဆိုခဲ့သော လိုယင်းကိစ္စဟူသည် အဘယ်နည်းဟုဆိုသော်—

ကိလေသာတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော၊ ဝါ၊ သံသရာမှ ထွက်ကြောင်းဖြစ်သော အနုပဿနာ ဉာဏ်ပွားများရန်ကိစ္စသည် အရေးအကြီးဆုံးသော လိုယင်းကိစ္စဟု မှတ်ရာ၏၊ အဘယ်ကြောင့်ဆိုသော် အနုပဿနာဉာဏ်ကို ပွားများခြင်းပြုမှသာလျှင် ကိလေသာတို့သည် အနုသယဟူသော ရေမသောက်မြစ်နှင့်တကွပြတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်ရှိသောကြောင့်တည်း၊ အချို့သူတို့သည် ထိုကိလေသာတရားတို့အား ပယ်သတ်ရန်မဟုတ်သော အခြား အပိုကိစ္စ အပိုဗဟုသုတတို့ကို အရေးကြီး ထင်မှတ် အားထုတ်နေတတ်ကြ၏၊ လောကီစီးပွားသက်သက်ကိုသာ အားထုတ်နေတတ်ကြ၏၊ ထိုသို့အပိုကိစ္စ အပိုဗဟုသုတတို့ကို အားထုတ်နေလျှင် ကိလေသာတို့၏ ပူပန်ခြင်းမှ မလွတ်နိုင် သံသရာမှ မထွက်နိုင်ရာ၊ ထိုသို့ မထွက်နိုင်သူဘို့မှာ ဇာတိ ဇရာ မရဏ ဒုက္ခဘေးတို့ကိုလည်းကောင်း၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟူသော အပါယ်ဒုက္ခဘေးတို့ကိုလည်းကောင်း မုချခံရမည်ပင်ဖြစ်၏၊ အဘယ်ကြောင့် ဆိုသော် သံသရာဝဋ်ကျင်လည်ရသည့်အခါ အနုပဿနာ ဉာဏ်ဝဋ် ကောင်းစွာ မလိမ်မာ မဆင်ခြင်မသုံးသပ် နိုင်သော အန္ဓပုထုဇဉ်တို့၏ စိတ်သည် အလွန်ပင် ဖောက်ဖောက်ပြန်ပြန် ရှိ၏။

ထို့ကြောင့် "ပုထုဇ္ဇနော ဥမ္မတ္တကော"ဟု ဆိုရ၏၊ ထိုသံသရာ၌ ကျင်လည်ရသည့်အခါ ကောင်းမှု မကောင်းမှုတို့ကို ပြုမိရာ၏၊ ကောင်းမှုကြောင့် လူနတ်ချမ်းသာရနိုင်၏၊ မကောင်းမှုကြောင့် အပါယ်သို့ ကျတတ်၏၊ သို့ရာတွင် ပုထုဇဉ်တို့သည် စိတ်ကို အစိုးမရသောကြောင့် မည်သည့်အရာ ပြုမိသည်မသိနိုင်ကြကုန်၊ အကယ်၍ ဒုစရိုက်ပြုမိသောကြောင့် အပါယ်ဘုံသို့ တလှည့်တပတ်ကျသွားလျှင် အလွန်နက်ကျယ်လှသော မဟာသမုဒ္ဒရာအလယ်၌ ကျောက်လုံးကျောက်ခဲကြီးများကို ချလိုက်ရာ တရွေ့တရွေ့ နစ်မြုပ်သကဲ့သို့ ဒုဂ္ဂတိဘုံ၌သာ တရွေ့တရွေ့ နစ်မြုပ်၍ နေတတ်ရာ၏၊ ကျောက်ခဲသည် တဖန် ပြန်ပေါ်ရန် ခဲယဉ်းသကဲ့သို့ သုဂတိဘုံသို့ ပြန်ရောက်နိုင်ရန် အလွန်ပင်ခဲယဉ်းလှ၏။ ။ ငရဲကြီးရှစ်ထပ်၌ ခံနေသော ငရဲသားတို့သည် ဒုက္ခဝေဒနာနှင့်ယှဉ်သော အကုသလဝိပါက်ကာယဝိညာဏ်စိတ်နှင့်သာ ခံနေရမည်ဖြစ်သောကြောင့် အကုသိုလ်ဇောတို့သာလျှင် အမြဲဖြစ်၍ နေရန်ရှိ၏၊ မဟာကုသိုလ်ဇော စောနိုင်ရန် ခဲယဉ်းလှ၏။

ယခုမျက်မြင်ဖြစ်သော တိရစ္ဆာန်အချင်းချင်းတို့သည်လည်း နိုင်ရာနိုင်ရာ သတ်ဖြတ်ညှင်းဆဲခြင်း စားသောက်ခြင်းကိုသာ ပြုသည်များလှ၏။

ထို့ကြောင့် ဒုဂ္ဂတိဘုံသို့ တလှည့်တပတ်ကျသွားလျှင် သုဂတိဘုံသို့ ပြန်ရောက်ရန် အလွန်ခဲယဉ်းလှသောကြောင့် အပါယ်သို့ကျမည်ကို အလွန်ပင် ကြောက်ရွံ့ထိတ်လန့်ရန်ကောင်းလှ၏၊ လူ့ဘုံသည်လည်း၊ ချမ်းသာအစစ်မဟုတ် ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အစရှိသော ဘေးရန်တို့သည် မုချနှိပ်စက်လျက်ရှိ၏၊ နတ်ပြည်ခြောက်ထပ်၌လည်း ထိုထိုဒုက္ခတို့သည် နှိပ်စက်အပ်သောကြောင့် ချမ်းသာအစစ်မဟုတ်။

ပုထုဇဉ်ဗြဟ္မာတို့သည်လည်း ဇာတိ ဇရာ မရဏ ဒုက္ခရှိ၏၊ ကိလေသာ အချို့ကို အခိုက်တန့်မျှသာ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်၏၊ စုတိနောင် ပဋိသန္ဓေဆက် ရမည်ဖြစ်သောကြောင့် ချမ်းသာအစစ်မဟုတ်ချေ။ ။

ပညာရှိတို့စပ်ဆိုသည်မှာ။ "ဖြူဟွပြည့်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုတ်ရှုတ်" ဟု စပ်ဆိုတော်မူသည့်အတိုင်း ဖြူဟွာပြည့်မှလာသော ဝက်မယ်ကို မြင်၍ မြတ်စွာဘုရား ပြုံးတော်မူဘူး၏၊ သို့ဖြစ်၍ သံသရာ၌ ကျင်လည်ရခြင်းဒုက္ခကို အလွန်ကြောက်ထိတ်လန့်ဖွယ် ကောင်း၏၊ ထို့ကြောင့် ကိလေသာတို့အား ဝိပဿနာဉာဏ်ဖြင့် ပယ်သတ်၍ သံသရာမှ ထွက်မြောက်ရန် ကိစ္စသည် အလွန် အထူး အရေးကြီးသည်ဟု မှတ်ရာ၏၊ ထိုသို့ ထင်မှတ်မှသာ ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ကို အလိုရှိရာ၏၊ အလိုရှိမှသာ အားထုတ်ခြင်းကိစ္စပြုရာ၏၊ အားထုတ်မှသာ ရောက်နိုင်ရာ၏။

မိမိတို့နေ့စဉ်ပြုလုပ်ကြသော လောကီကိစ္စတွင် ထိုအရေးကြီးသော ကိစ္စအတွက်လည်း ပါဝင်အောင်ပြုရာ၏၊ တတ်နိုင်သူတို့မှာ ထိုအရေးကြီးသောကိစ္စသက်သက်ကိုပင် အားထုတ်သင့်၏၊ မတတ်နိုင်သူတို့မှာ လောကီကိစ္စနှင့် တဝက်ဖြစ်စေ ၃-ပုံ ၂-ပုံ ဖြစ်စေ ပါဝင်အောင် ပြုလုပ်သင့်၏၊ စားသောက်နေထိုင်ရန်ကိစ္စ သို့မဟုတ် အနုပဿနာပွားရန်ကိစ္စ မဟုတ်သော အခြားကိစ္စတို့ကိုသာ အားထုတ်နေလျှင် ကိလေသာတို့ကို အားပေးသကဲ့သို့ ရှိတတ်ရာ၏၊ သံသရာမှ မထွက်မြောက်နိုင် ရှိတတ်ရာ၏။

## ၁၂—ကိလေသာကို ပယ်သတ်နိုင်ရန် လိုရင်း ဗဟုသုတအကြောင်း

ကိလေသာကို ပယ်သတ်ရန် လိုရင်းကိစ္စကို ပြီးစီးစေနိုင်သောလက်နက်သဖွယ်ဖြစ်သော ဗဟုသုတဟူသည် အဘယ်နည်းဟူငြားအံ့— အနိစ္စ, ဒုက္ခ,အနတ္တဟူသော အနုပဿနာဉာဏ်သုံးပါးဖြစ်၏၊ ထိုဉာဏ်သုံးပါးသာလျှင် ကိလေသာကို အနုသယနှင့်တကွ ပယ်သတ်နိုင်၏၊ သတ္တဝါတို့ကို တက်ကြွတုန်လှုပ်ခြင်း မရှိစေတဘဲ၊ ဇာမြေတည်ကြည်ငြိမ်သက်အောင် ဆုံးမပဲ့ပြင်၍ ပေးတတ်၏၊ အခြားသော ဗဟုသုတလက်နက်တို့ကား အသုံးမပြုတတ်လျှင် သတ္တဝါတို့ကို တုန်လှုပ်ချောက်ချားအောင် မြှောက်ပင့်၍ ပေးတတ်၏၊ ထို့ကြောင့် အနုပဿနာဉာဏ်လက်နက်ဖြင့် ကိလေသာတို့ကို ပယ်သတ်ရာ၏။

## ၁၃—သတ္တဝါတို့သန္တာန်၌ တဏှာမာနဒိဋ္ဌိတို့သည် အုပ်စိုးခြင်း ပယ်သတ်ခြင်းအကြောင်း

ကိလေသာ ၁၀-ပါးတို့တွင် ဒိဋ္ဌိကိလေသာသည် အဆိုးဆုံးဖြစ်၏၊ ထို၁၀-ပါးတို့တွင် တဏှာမာနဒိဋ္ဌိတို့သည် သံသရာကို ချဲ့တတ်သော တရားသုံးပါးဖြစ်၏၊ ထိုတရားသုံးပါးကို အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက်နက်သုံးပါးဖြင့် ပယ်သတ်ရာ၏၊ သတ္တဝါတို့ သန္တာန်၌ နိုင်ငံကြီးသုံးပါးရှိ၏၊ ထိုနိုင်ငံကြီးသုံးပါးကို အုပ်စိုးသော ဘုရင်လည်း သုံးပါးရှိ၏၊ ထိုဘုရင်ကို ပယ်သတ်ရန် လက်နက်လည်း သုံးပါးရှိ၏၊ ထို့ကြောင့် "သုံးပါးနိုင်ငံ၊ သုံးတန်ဘုရင်၊ သုံးအင်လက်နက်၊ ဖြိုကာဖျက်၊ လွတ်ထွက်ဝိမောက္ခ"။ ဟူ၍ စပ်ဆိုရာ၏၊ သုံးပါးနိုင်ငံဆိုသည်ကား နိမိတ္တနိုင်ငံ, ပဏိဟိတနိုင်ငံ, အတ္တဇီဝနိုင်ငံ ဟူ၍ သုံးပါးရှိသတည်း။

နိမိတ္တနိုင်ငံ၌ မာနအုပ်စိုး၏၊ အနိစ္စလက်နက်ဖြင့် ပယ်သတ်အပ်၏၊ ပဏိဟိတနိုင်ငံ၌ တဏှာအုပ်စိုး၏၊ ဒုက္ခလက်နက်ဖြင့် ပယ်သတ်အပ်၏၊ အတ္တဇီဝနိုင်ငံ၌ ဒိဋ္ဌိအုပ်စိုး၏၊ အနတ္တလက်နက်ဖြင့် ပယ်သတ်အပ်၏၊ ထို့ကြောင့် "အနိမိတ္တ၊ အနိစ္စ၊ ဒုက္ခ၊ ပဏိဟိတတာ။ အနတ္တမူ၊ သုညဟူ၊ သုံးဆူနုပဿနာ" ဟူ၍ မုံရွာလယ်တီဆရာတော်ဘုရား စပ်ဆိုတော်မူ၏။

နိမိတ်ဟူသည် အဘယ်နည်းဟူငြားအံ့—"ပုဂ္ဂိုလ်သတ္တဝါ၊ အင်္ဂါကြီးငယ်၊ ဆန်းတကျယ်၊ မှတ်ဘွယ်နိမိတ္တာ" ဟူ၍ စပ်ဆိုသည့်အတိုင်း မှတ်အပ်၏၊ ဒိဋ္ဌိအားဖြင့် ပုဂ္ဂိုလ်သတ္တဝါအင်္ဂါကြီးငယ်ရှိသည်၊ သက္ကာယဒိဋ္ဌိကြောင့် မိမိကိုယ်ဟုထင်မှတ်သည်၊ မိမိကိုယ်ဟုထင်မှတ်သောကြောင့် ငါငါဟူသော မာနအုပ်စိုးခြင်းကိုခံရသည်၊ ထိုသို့ အုပ်စိုးသောကြောင့် မခံချင်ခြင်း သူတထူးထက် ထင်ပေါ်ကျော်စောလိုခြင်း စသော မာနကိလေသာတို့သည် များစွာပွားစီးခြင်းသို့ ရောက်ကုန်၏၊ ထိုသို့ မာနကိလေသာ ပွားစီးခြင်းမရှိရအောင် အနိစ္စဟူသော အနုပဿနာဉာဏ် လက်နက်ဖြင့် ပယ်သတ်ရာ၏၊ နာမ်ရုပ်ဘာရုံတို့သည် ပရမတ္ထအားဖြင့် မျက်စိတမှိတ် လျှပ်တပြက်ခန့်မျှ မတည်လျှင် မြန်စွာပျက်ခြင်း အနိစ္စသဘောရှိ၏၊ ထိုသို့ပျက်ခြင်း အနိစ္စသဘောကို ဆင်ခြင် ထင်မြင်နိုင်လျှင် ပုဂ္ဂိုလ်သတ္တဝါ

အင်္ဂါကြီးငယ်ဟူသော နိမိတ်ပျောက်၏ နိမိတ်ပျောက်က သက္ကာယဒိဋ္ဌိလည်း ကင်းပျောက်၏ ထိုသို့ပျောက်က အနိမိတ္တမဂ်သို့ရောက်၏။

ထို့ကြောင့်။ ရာဟုလောဝါဒသုတ်၌—

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုစ္စဇ။
တတောမာနာဘိသမယာ၊ ဥပသန္တော စရိဿတိ။ (ပါဠိ)။

ရာဟုလာ၊ ချစ်သားရာဟုလာ။ အနိမိတ္တဉ္စ၊ အနိမိတ္တမဂ်ကိုလည်း။ ဘာဝေဟိ၊ ပွားစေလော့။ မာနာနုသယဉ္စ၊ ငါငါဟူသောမာန်မူတတ်သော မာနာနုသယကိုလည်း။ မုစ္စဇ၊ ပယ်စွန့်လော့။ တတောမာနာဘိသယာ၊ ထိုငါငါဟူသော မာန်မူတတ်သော မာနာနုသယကို ပယ်ရခြင်းကြောင့်။ ဥပသန္တော၊ ရာဂငြိမ်းသည်ဖြစ်၍။ နိစ္စံ၊ အမြဲ။ စရိဿတိ၊ နိဗ္ဗာန်သို့သွားလတ္တံ့သတည်း၊ ထို့ကြောင့် အကုန်နိမိတ်၊ ပျောက်အောင်ကြိတ်၊ အနိမိတ္တလာ။ ဟူ၍လည်းကောင်း၊ ဘေးပေါင်းတ.ရန်၊ မဆက်ဆံ၊ နိဗ္ဗာန်နိမိတ္တာ ဟူ၍လည်းကောင်း စပ်ဆိုတော်မူသတည်း။

ပဏိဟိတနိုင်ငံဆိုသည်ကား—အတင့်အတယ်၊ အဖွယ်အရာ၊ မင်္ဂလာသဘာ၊ သုခ၊ ဣဋ္ဌ ထင်သမျှ၊ မှတ်ကြပဏိဟိတာ။ ဟူ၍ စပ်ဆိုသည့်အတိုင်း မိမိကိုယ်၏ အတင့်အတယ်အဖွယ်အရာနှင့်တကွ လူတို့၏ အသုံးအဆောင် ပလိဗောဓအရပ်ရပ် နတ်တို့၏ဘုံဗိမာန် အတင့်အတယ်အဖွယ်အရာ ဗလိဗောဓအရပ်ရပ်၊ ဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါ ဈာန်အင်္ဂါအရပ်ရပ်တို့သည် ပဏိဟိတမည်၏၊ ထိုပဏိဟိတဟု ထင်မှတ်ကြသော အရပ်ရပ်တို့သည် တဏှာအုပ်စိုးခြင်းရှိသောကြောင့်သာ အမြတ်ဟုထင်မှတ်ကြ၏၊ စင်စစ်သော်ကား အမြတ်ပြုအပ်သည် မဟုတ်ပေ၊ အဘယ်ကြောင့် ဆိုသော် ဒုက္ခအမျိုးမျိုးတို့၏ တည်ရာဖြစ်သောကြောင့်တည်း။

ထိုကြောင့် တေဘုမ္မကံ ဝဋ္ဋံ ဒုက္ခံ၊ တဏှာ သမုဒယော။ဟု ဟောတော်မူ၏၊ ဘုံသုံးပါး၌ ရှိသော ခန္ဓာပဉ္စက ဗလိဗောဓ အရပ်ရပ်တို့သည်

တဏှာသမုဒယ ရှေ့သွားရှိသောကြောင့် ဖြစ်၏၊ ဖြစ်ခြင်း ရှိသော ကြောင့် ဒုက္ခအမျိုးမျိုးကို ခံရ၏၊ တဏှာမှထွက်မြောက်ပြီးသော ဘုရား ရဟန္တာပုဂ္ဂိုလ်တို့မှာ တဏှာ သမုဒယ မရှိခြင်းကြောင့် ခန္ဓာတို့၏ အသစ်ဖြစ်ခြင်းမရှိ၊ ခန္ဓာတို့၏ ဖြစ်ခြင်းမရှိသောကြောင့်၊ ဗလိဗဒ္ဒ အရပ်ရပ်တို့ကို တောင့်တပူပန်ခြင်း ဒုက္ခမရှိ၊ ဒုက္ခ ချုပ်ငြိမ်းခြင်းသို့ ရောက်လေ၏၊ ထို့ကြောင့် တောင့်တပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန်အပဏိ ဟိတ ဟူ၍လည်းကောင်း၊ အကုန်ပဏိဟိ၊ ပျောက်စေဘိ၊ အပဏိ ဟိတလာ။ ဟူ၍လည်းကောင်း စပ်ဆိုတော်မူသတည်း၊ ဤသို့အားဖြင့် ပဏိဟိတမဟုတ် အပဏိဟိတ ဒုက္ခသဘောမျှဖြစ်သည်ဟု ကောင်းစွာ ထင်မြင်မှု ပဏိဟိတနိုင်ငံ အုပ်စိုးသော တဏှာဘုရင်သည် ဖြိုပျက်၍ အပဏိဟိတမဂ်သို့ ရောက်လေ၏။

အတ္တဇီဝနိုင်ငံဆိုသည်ကား– နတ်လူပြဟ္မာ၊ ငါသူတပါး၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂလနှင့်၊ စိုးရပိုင်ပိုင်၊ ခိုင်မြဲရှည်၊ သက်ဆုံးတည်ဟု၊ အား စည်သမျှ၊ အနတ္တ၊ အတ္တဇီဝသာ။ဟူ၍စပ်ဆိုတော်မူသည့်အတိုင်း မှတ်အပ် ၏၊ အတ္တဇီဝနိုင်ငံကို ဒိဋ္ဌိအုပ်စိုးသည်၊ ထိုဒိဋ္ဌိ၏ အစွမ်းအားဖြင့် သမူ ဟပညတ် သန္တတိပညတ်ကို မိမိကိုယ် သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝဟု ထင်မှတ်ကြသည်၊ ပရမတ္ထသစ္စာ၌ ထိုထင်မှတ် သည့်အတိုင်း မရှိ၊ သုညသဘောမျှသာ ဖြစ်၏၊ သုညသဘောနှင့် အနတ္တ သဘောအတူတူပင် ဖြစ်၏၊ ထို့ကြောင့် အတ္တဇီဝေ၊ ပျောက်ကင်းစေ၊ မှတ်လေ သုညသာ။ ဟူ၍လည်းကောင်း ဗလိဗဒ္ဒ ကြောင့်ကြသဗ္ဗ၊ ကင်းဆိတ်ည၊ နိဗ္ဗာန်သုညသာဟူ၍လည်းကောင်း စပ်ဆိုတော်မူသတည်း။ ဤသို့လျှင် ပုဂ္ဂိုလ်သတ္တဝါ သူငါစသည် ခေါ်လောက်အောင် အနှစ်သာရ မရှိ၊ သုညတ သဘောမျှဖြစ်ကြောင်း ကောင်းစွာ ထင်မြင် သိမ်းဆည်းနိုင် လျှင် အတ္တဇီဝနိုင်ငံအုပ်စိုးသော ဒိဋ္ဌိဘုရင်ကို ဖြိုဖျက်၍ သုညတမဂ်သို့ ရောက်သတည်း၊ ဤကား ဂိလေသာတို့၏၊ တည်နေပုံ၊ အုပ်စိုးပုံ ဝယ်သတ်ပုံကိုပြသော အခန်းတည်း။

## ၁၄။ အနုပဿနာဉာဏ်ကို မပွားမီ ရှေးဦးစွာနှလုံး သွင်းရာသော အချက်များအကြောင်း

အဝိညာဏကဖြစ်သောစကြာဝဠာသည် အနန္တရှိ၏၊ ထိုစကြာဝဠာတခု တခုတွင်လည်း သတ္တဝါတို့၏တည်နေရာ ဩကာသလောကဟု ဆိုအပ်သော တောတောင်ရေမြေ သမုဒ္ဒရာမှစ၍ ငရဲဘုံလူ့ဘုံနတ်ဘုံ ဗြဟ္မာဘုံ အားဖြင့် ၃၁-ဘုံရှိ၏၊ စကြာဝဠာ တောတောင် ရေမြေမှစ၍ ကမ္ဘာပျက်သည့်အခါ အလွန်အားဖြင့် တတိယစျာန် သုံးဘုံတိုင်ပျက်၍ အနိစ္စ သဘောပင်ဖြစ်၏၊ ထိုဩကာသလောကသည် အဝိညာဏက၊ အသက်မရှိသော ရုပ်တရားသက်သက် ဖြစ်၏၊ ထိုဩကာသလောကဟူသမျှ၌ တည်နေသမျှ သတ္တဝါတို့မှာ အချို့နာမ်သက်သက် အချို့ရုပ်သက်သက် အချို့ ရုပ်နာမ် ၂-ပါးရှိ၏။

သဝိညာဏက အဝိညာဏက အလုံးစုံအကုန်ချုံးလျှင် နာမ်ရုပ် ၂-ပါးသာရှိ၏၊ ထိုထက်ချဲ့လျှင် ခန္ဓာငါးပါး၊ ထိုထက်ချဲ့လျှင်၊ အာယတန ၁၂-ပါး၊ ထိုထက်ချဲ့လျှင် ဓာတ် ၁၈-ပါး၊ ထိုထက်ချဲ့လျှင် စိတ် ၈၉-ခု၊ စေတသိက် ၅၂-ခု၊ ရုပ် ၂၈-ခု၊ ရ၏။ ထိုတွင် အကျဉ်းချုံးအားဖြင့် နာမ် ရုပ်တရား ၂-ပါးကိုသာယူ၍ သင်္ခါရဓမ္မကိုဆင်ခြင်ရာ၏။

ထိုနာမ်, ရုပ်တရား ၂-ပါးကို သုတ္တန်နည်းနှင့်ဖြစ်စေ အဘိဓမ္မာနည်းနှင့် ဖြစ်စေ သင်္ခါရဓမ္မကို ဆင်ခြင်သုံးသပ် ထင်မြင်နိုင်လျှင် ဝိပဿနာကိစ္စ ပြီးစီးနိုင်ရာသတည်း၊ နာမ် ရုပ် ၂-ပါးအနက် ရုပ်တရားကို ဝိပဿနာဖြင့် ဆင်ခြင်ရန်နည်းကား။ ရုပ် ၂၈-ခုကို တပေါင်းတည်းပြု၍ ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ ဟူ၍ အဖန်ဖန်စီးဖြန်းရာ၏၊ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဘေးနှိပ်စက်အပ်သောကြောင့် ဆင်းရဲ၏။ အနတ္တာ၊ အတ္တမဟုတ်။ ဝါ၊ ကိုယ်မဟုတ်။

## ၁၅။ ရုပ်၏အနိစ္စသဘောကို အမြွက်မျှပြခြင်းအကြောင်း

ရုပ်ဟူသည် ပညတ်အားဖြင့် အကြင်အကြင်ပုဂ္ဂိုလ်တို့၏ရုပ်ကိုပင် မှတ်ရာ၏၊ ထိုတွင်မိမိတို့၏ရုပ်တရားစုကို ရှေးဦးစွာ ဝိပဿနာထင်ခြင်းသည်

သာ၍သင့်လျော်၏၊ ရုပ်တရားဟူသမျှသည် လျင်မြန်စွာ ဖြစ်ပျက် ဖောက်ပြန်တတ်၏။

ထို့ကြောင့် ထိုင်စကောင်းစွာ၊ နောက်မှာပူညောင်း၊ ထုံကျင်လောင်း၊ ရုပ်ဟောင်း အနိစ္စ။ဟူ၍ စပ်ဆိုရာ၏။ အဓိပ္ပာယ်ကား ထိုင်စမှာ ဖြစ်သောရုပ်သည် ထိုင်စမှာပင်ပျက်၏၊ ထိုရုပ် ပျက်သောကြောင့် နောက်ပူသောရုပ် နောက်ညောင်းသောရုပ် နောက်ထုံသောရုပ် နောက်ကျင်သောရုပ် စသည့် အဆင့်ဆင့် ဖြစ်ပေါ်ရာ၏၊ ထို ရုပ်မပျက်ပဲ တည်နေက ညောင်းညာကိုက်ခဲခြင်းစသော အဆင့်ဆင့်သော ရုပ်တို့သည် မဖြစ်မပေါ်နိုင်ရာ၊ ပရမတ္ထအားဖြင့် ရုပ်သည် တသက်တဘဝ ခေါ်လောက်အောင် တည်နေခြင်းမရှိ၊ သို့ရာတွင်သန္တတိပညတ် သမူဟပညတ်ဖြင့် တည်ရှိသောရုပ်ကို သမုတိပညတ်အားဖြင့် ပုဂ္ဂိုလ် သတ္တဝါ တသက် တဘဝ ဟူ၍ ခေါ်ကြရသည်၊ ထိုသို့ခေါ်ကြသော်လည်း ရုပ်သည်ဖြစ်ပျက်ခြင်း မရှိပဲ တည်နေသည်မဟုတ်၊ ဥပမာဆိုသော် အတောင် ၁၀၀-ရှည်သော ကြိုးကို ကြိုးတချောင်းဟု ခေါ်ရသော်လည်း လျှော်တမျှင်နှင့် အတောင် ၁၀၀-ဖြစ်သည်မဟုတ်၊ များစွာသောလျှော်တို့ကို ဆက်၍ဆက်၍ ကျစ်မှ ဖြစ်နိုင်၏၊ လျှော်ဟောင်းမဆုံးမီ လျှော်သစ်မဆက်လျှင် ထို မဆက်သော နေရာမှာ ကြိုးသည် အဆုံးသတ်ဖြစ်ရသကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတို့မှာလည်း ပဋိသန္ဓေ ကမ္မဇရုပ်မှသည် ထိုပုဂ္ဂိုလ်၌ ထိုဘဝ၏ အဆုံးစွန်ဟုဆိုအပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် စိတ္တက္ခဏ ၁၇-ချက်တိုင် ဇီဝိတိန္ဒြေ စသော ကမ္မဇရုပ်တို့သည် အဟောင်းမချုပ်မီ အသစ် ထပ်ကာထပ်ကာ ဖြစ်ရ၏၊ ထိုသို့ အဟောင်းမပျက်မီ အသစ်အသစ် ဆက်၍ဆက်၍ ဖြစ်လာရာ စုတိမှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ္တက္ခဏ၏ ဌီက စ၍ ကမ္မဇရုပ် အသစ်အသစ်မဖြစ်လေ၊ ထိုသို့မဖြစ်သောကြောင့်စိတ္တက္ခဏ ၁၇-ချက်မြောက် စုတိရောက်လျှင် ပုဂ္ဂိုလ်သတ္တဝါ သေပြီဟူ၍ ခေါ်ဝေါ်ကြ၏၊ သမုတိမရဏအားဖြင့် ပြုသေပြီ မဲသေပြီဟူ၍ ခေါ်ကြ၏ လျှော်အသစ်မဆက်သောနေရာမှာ ကြိုးဆုံးသဖြင့် ကြိုးတချောင်းခေါ်သကဲ့သို့ ကမ္မဇရုပ်ဟောင်း မချုပ်မပျက်မီ အသစ်ကမ္မဇရုပ် ဆက်၍ မဖြစ်သော နေရာ၌ အသက်ဆုံးသဖြင့် တသက်တဘဝဟု ခေါ်ကြရသတည်း။ ထို

ဘဝရုပ်သည် ဇီဝိတိန္ဒြေ၏ ချုပ်ဆုံးခြင်းကြောင့် ပုပ်ဆွေးပျက်စီးသဖြင့် သင်္ချိုင်း၌ သင်္ဂြိုဟ်ပစ်ချရသတည်း။

ဤဘဝ ကမ္မဇရုပ်တို့သည် အနာဂါတ်ဘဝသို့လိုက်၍ မဖြစ်လေ၊ ဤဘဝမှာ ပင်ပြတ်လေ၏၊ အနာဂါတ်ဘဝမှာ ကံအားလျော်စွာ လူနတ်ဗြဟ္မာသတ္တဝါ တိရစ္ဆာန်စသည် တခုခုသော ရုပ်အသစ်ဖြစ်ပြန်သတည်း။ လူသည် နတ် နတ်သည် လူ တိရစ္ဆာန်ကလူ လူကတိရိစ္ဆာန် လူက ဗြဟ္မာ ဗြဟ္မာက လူ စသည် အမြဲမရှိ၊ မိမိကံအားလျော်စွာ ဘဝသစ်ဖြစ်ပြန်သတည်း၊ ဤသို့လျှင် ရူပက္ခန္ဓာဟူသော ရုပ်တရားတို့သည် အမြဲမရှိပဲ ဖြစ်ပျက် နေခြင်းကို သံသရာစက်ဝဲဂယက်၌ လည်၍နေသည်ဟု ဆိုကြရသတည်း။

မရမတ္တသဘောအားဖြင့် ထွက်သက်မှဖြစ်သောရုပ်သည် ဝင်သက်သို့မပါ ဝင်သက်မှ ဖြစ်သောရုပ်သည် ထွက်သက်သို့မပါ ကွေးသောလက်မှ ဖြစ်သောရုပ်သည် ဆန့်သောလက်သို့ မပါ ဆန့်သောလက်မှ ဖြစ်သောရုပ်သည် ကွေးသောလက်သို့မပါ၊ ပထမခြေလှမ်းမှ ဖြစ်သောရုပ်သည် ဒုတိယခြေလှမ်းသို့မပါ၊ စက္ကန့်မှ ဖြစ်သောရုပ်သည် မိနစ်သို့မပါ၊ မိနစ်မှဖြစ်သောရုပ်သည် နာရီသို့မပါ၊ ဤနာရီမှဖြစ်သောရုပ်သည် ထိုနာရီသို့မပါ၊ ဤရက်မှဖြစ်သောရုပ်သည် ထိုရက်သို့မပါ၊ ဤသီတင်းမှဖြစ်သောရုပ်သည် ထိုသီတင်းသို့မပါ၊ ဤလမှ ဖြစ်သောရုပ်သည် ထိုလသို့မပါ၊ ဤဥတုရာသီမှဖြစ်သောရုပ်သည် ထိုဥတုရာသီသို့မပါ၊ ဤနှစ်မှဖြစ်သောရုပ်သည် ထိုနှစ်သို့မပါ၊ ဤ ၅-နှစ်မှ ဖြစ်သောရုပ်သည် နောက် ၅-နှစ်သို့မပါ၊ ဤ ၁၀-နှစ်မှ ဖြစ်သောရုပ်သည် နောက် ၁၀- နှစ်သို့မပါ၊ ဤသို့ စသည် မန္ဒာ- ခိဍ္ဍာ၊ ဝဏ္ဏာ၊ ဗလာ၊ ပညာ၊ ဟာနိ၊ ပဗ္ဘာရ၊ ဝင်္က၊ မောမူဟ၊ သယန။ ဟူ၍ ၁၀-နှစ် ၁၀-နှစ်စီ ၁၀-ပိုင်းပိုင်းလျှင် အနှစ် ၁၀၀-ဖြစ်၏၊ ထိုအနှစ် ၁၀၀-အနက် ပထမ ၁၀-နှစ်က ရုပ်သည် ဒုတိယ ၁၀-နှစ်သို့မပါ၊ ဒုတိယ ၁၀-နှစ်မှဖြစ်သောရုပ်သည်၊ တတိယ ၁၀ နှစ်သို့မပါ၊ ဤသို့စသည်ဖြင့် ရုပ်၏ အနိစ္စသဘောကို အနုအားဖြင့်လည်းကောင်း၊ အကြမ်းအားဖြင့်လည်းကောင်း၊ မိမိဉာဏ် ထင်မြင်နိုင်သမျှကိုပင် နှလုံးသွင်းနိုင်က ဝိပဿနာကိစ္စဖြစ်နိုင်ရာသတည်း၊ ရုပ်သည် အကယ်၍ တည်နေမူကား ဆံဖြူခြင်း သွားကျိုးခြင်း အိုခြင်း ကုန်းကွ

ခြင်း မသွားနိုင်ခြင်း မစားနိုင်ခြင်း မထနိုင်ခြင်း သေပျက်ပုပ်ဆွေးခြင်းတို့ကို မဖြစ်နိုင်ရာ ထို့ကြောင့်ရုပ်သည်မမြဲသောအနိစ္စသဘောရှိ၏၊ ဘေးနှိပ်စက်သည်၏အဖြစ်ကြောင့် ဒုက္ခသဘောရှိ၏၊ ထိုအနိစ္စဒုက္ခသဘောတို့ကို မဖြစ်စေရန် အစိုးမရခြင်း အလိုသို့မလိုက်ခြင်းသည် အနတ္တမည်၏ဟု နှလုံးသွင်းရာသတည်း။ ဤကား ရုပ်၏အနိစ္စဒုက္ခအနတ္တသဘောကို သုတ္တန်နည်း အဘိဓမ္မာနည်း ရော၍ ပြခြင်း၏ အကြောင်းတည်း။

## ၁၆-နာမ်ကို ဝိပဿနာတင်ရန် ပြခြင်းအကြောင်း

စိတ် ၈၉-ခုကို အာရုံသိခြင်း လက္ခဏာတပါးတည်းယူ၍ နာမ်တပါး၊ စေတသိက်နာမ် ၅၂-နှင့်ပေါင်းလျှင် ၅၃- ဖြစ်၏၊ ထိုနာမ် ၅၃-ကို တပေါင်းတည်း နာမ်သာမညအမည်တခုကိုသာ ယူ၍ နာမံ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ။ ဟူ၍ စီးဖြန်းရာ၏၊ ။နာမံ၊ နာမ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အတ္တမဟုတ်။ ဝါ၊ အစိုးမရ။ ဝါ၊ အလိုသို့ မလိုက်ကုန်။

နာမ်ဟူသည် စိတ်လည်းနာမ်တရားပင် ဖြစ်၏၊ နာမ်တရားတို့တွင် စိတ်သည် ရှေ့သွား ဖြစ်၏ စေတသိက်နာမ် တို့သည် စိတ်ကိုမှီတွယ်၍ စိတ်နှင့် ဖြစ်ခြင်း ပျက်ခြင်း မှီရာဝတ္ထုတူခြင်း အာရုံတူခြင်း ရှိသောကြောင့် စိတ်၏ ဖောက်ပြန် ဖြစ်ပျက်ခြင်းကို သိလျှင် စေတသိက်နာမ်၏ ဖြစ်ခြင်း ပျက်ခြင်းလည်း အတူတူပင် ဖြစ်သောကြောင့် အထူးသိမှတ်ရန်မလိုပြီ၊ စိတ်သည် တခဏ အတွင်းမှာပင် အမျိုးမျိုး ဖြစ်ပေါ်ကြောင်း မိမိတို့ သိကြ၏၊ သို့ရာတွင် ပထမဖြစ်ပေါ်သော စိတ်သည် ချုပ်ဆုံး ပျက်စီး အနိစ္စ အဖြစ်သို့ ရောက်သောကြောင့် ဒုတိယစိတ် တမျိုး ဖြစ်ပေါ်သည်ဟု ပထမစိတ်၏ ဝါ၊ နာမ်၏ အနိစ္စသဘောကို သတိမထား မရှုတတ်ကြပေ၊ ထို့ကြောင့် ပထမစိတ် ချုပ်ပျက်၍သာ ဒုတိယစိတ် ဖြစ်ပေါ်ကြောင်း အထူးသဖြင့်ကောင်းစွာ မှတ်အပ်၏၊ ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်ခိုက်မှာ သဒ္ဒါရုံကိုစွဲ၍ သောတဝိညာဏ်စိတ် မဖြစ်မပေါ်နိုင်ရာ၊ သုခ သောမနဿစိတ်ဖြစ်ပေါ်ခိုက်မှာ ဒုက္ခ ဒေါမနဿစိတ် မဖြစ်ပေါ်နိုင်

ရာ၊ တခုပျက်မှသာ တခုဖြစ်ပေါ်၏၊ ထို သုခသောမနဿဟု ဆိုအပ်သော ဝမ်းမြောက်ကြည်ရွှင် ချမ်းမြေ့သောစိတ်ကို မပျက်မစီး တည်နေရန် ပုဂ္ဂိုလ်တို့မှာ များစွာအလိုရှိတတ်ကြ၏၊ သို့ရာတွင် ထိုစိတ်အမြဲ ဖြစ်ပေါ်အောင်သော်လည်းကောင်း၊ မပျက်မစီးအောင်သော်လည်းကောင်း၊ အစိုးမရကြပေ။

ရူပါရုံ၌ ပင်လျှင် ချစ်သောသူမြင်လျှင် သောမနဿစိတ်တမျိုး၊ မုန်းသောသူမြင်လျှင် ဒေါမနဿစိတ်တမျိုး၊ ဤသို့စသည်ဖြင့် အာရုံ ၆-ပါးတရားတို့သည် ပုဂ္ဂိုလ် သတ္တဝါတို့ သန္တာန်၌ အမျိုးမျိုးအားဖြင့် နေ့စဉ် တခဏမပြတ် တွေ့ထိဖြစ်ပေါ် လျက်ရှိနေကြ၏၊ ပုထုဇ္ဇဉ်တို့မှာ ထိုအာရုံပုံပြင်တိုင်းပင် ခံရတတ်၏၊ အဘယ်သို့ ခံရသနည်းဟူမူ မစင်ခွေးကောင်ပုပ်ကိုမြင်လျှင် ရွံရှာသောဒေါသဇောကို ဖြစ်စေတတ်၏၊ ထိုအခိုက်အတန့်မှ လှည့်၍ ရွှေနားကြလျှင် နတ်သမီး နတ်သားကဲ့သို့ တင့်တယ်သော ရူပါရုံကိုမြင်သော်လည်းကောင်း၊ နတ်တို့၏ဘုံဗိမာန်ကဲ့သို့ လှပတင့်တယ်သောဣဋ္ဌာရုံမျိုးကို မြင်သော်လည်းကောင်း၊ သုခသောမနဿစိတ်ကို ဖြစ်စေတတ်၏။ ဤသို့စသည် သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၏ ဖြားယောင်း သွေးဆောင်ရာသို့ လိုက်၍ စိတ်ကို ဖြစ်ပေါ်စေတတ်၏၊ ထို့ကြောင့် ပုထုဇ္ဇဉ်တို့၏ စိတ်သည် အာရုံပုံပြင်တိုင်းခံရ၏၊ ဖြစ်ပေါ်ရ၏၊ အာရုံကြိုးဆွဲတိုင်းကရ၏၊ ဤကဲ့သို့ အာရုံပုံပြင်ကြိုးဆွဲရာ လိုက်ပါသဖြင့် ပိုးဖလံတို့သည် မီးရောင်ကိုမမြင်မီ ဖြစ်နေသောစိတ်တို့မှ မီးရောင်ဟူသော ရူပါရုံသို့ ကပ်ငြိတပ်မက် နှစ်သက်သော စိတ်တမျိုးကိုဖြစ်ပေါ်စေသောကြောင့် မီးထဲသို့ ဆင်း၍သေကြရကြောင်း မျက်မြင်ပင်ဖြစ်ကြပေ၏။

ဤကဲ့သို့ အာရုံတခုမှ တခုသို့ ပြောင်းလဲ ဖြစ်စေခြင်းသည် ပဌမဖြစ်ပေါ်နေသောစိတ် ချုပ်ဆုံးပျက်စီးပြီးမှသာ ဒုတိယစိတ်ဖြစ်ပေါ်သတည်း။ ထိုသို့ချုပ်ဆုံး ပျက်စီးရသော စိတ်၏ ဘင်သဘောသည် မမြဲတတ်သော အနိစ္စသဘောသက်သက်ဖြစ်၏၊ ပျက်စီးရာ ပျက်စီးကြောင်းဟူသော ဘေး၏နှိပ်စက်ခြင်းသည် ဒုက္ခသဘောသက်သက်ဖြစ်၏၊ မပျက်မစီးစေရန် ဘေးမနှိပ်စက်စေရန် အစိုးမရခြင်းသည် အနတ္တသဘောသက်သက်ဖြစ်၏၊ ဤသို့လျှင် ရုပ်နာမ်တရားတို့သည် ကြာရှည်စွာ

တည်နေခြင်းမရှိ၊ အလွန် လျင်မြန်စွာဖြစ်ပျက် ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိ၏ဟု မနေ့ဘဒ္ဒါရှု အမြဲထင်မြင်စေရာ၏၊ ထိုသို့အမြဲထင်မြင်သည်ဖြစ်စေ တခဏ အခိုက်အတန့်ထင်မြင်သည်ဖြစ်စေ ထိုထင်မြင်နှလုံးသွင်းသော အခိုက်၌ မနေ့ဘဒ္ဒါရဖြင့် ဝိပဿနာကို ပွားသည်ပင်မည်၏၊ မဟာကုသို လ်ဉာဏသမ္ပယုတ်ဇောပင် ဖြစ်၏၊ အလွန်ကြီးကျယ်မြင့်မြတ်သော ကုသိုလ်ပင် ရရာ၏၊ ပုထုဇ္ဇဉ်တို့၏အနွယ်ကို ဖြတ်တတ်သော ဂေါတြဘူဉာဏ်သို့ ရောက်အောင် ပို့နိုင်၏၊ ဤကဲ့သို့ ရုပ်နာမ်တို့၏ အနိစ္စ ဒုက္ခ အနတ္တသဘောကို သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဥစ္စာရှာခြင်းစသော ကိုယ်နှုတ် မအားသောအခါများ၌ပင် ဖြစ်သော်လည်း ထိုသခါရမမှုကို နှလုံးသွင်းနိုင်ရန် ခဲယဉ်းသည်မဟုတ်၊ သမ္မာသတိသာ လိုရင်းဖြစ်ပေ၏၊ ထို သခါရမမှုကို ဆင်ခြင်သောစိတ်၊ မပြတ်ဖြစ်ပေါ်နေသည်ရှိသော် ကြမ်းတမ်းသော လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိအစရှိသော ကိလေသာတရားတို့သည် တရွေ့ရွေ့ အားနည်းသဖြင့် သောတာပတ္တိအစရှိသော မဂ်တို့သို့ရောက်နိုင်သတည်း၊ အထက်ပြဆိုခဲ့သော ရုပ် နာမ်တို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောများသည် သိသာ ထင်ရှားလွယ်စေခြင်းငှာ ပြဆိုခဲ့သော အချက်များဖြစ်၏။

ယခုပြဆိုလတ္တံ့သောနည်းဖြင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်ခြင်းကို စင်ကြယ်စွာ မှတ်အပ်၏ စိတ်၏ဖြစ်ဆဲခဏကို ဥပါဒ်ခေါ်၏၊ စိတ်ဖြစ်ပြီးနောက်မပျက်မီ၊ တည်နေဆဲခဏသည် စိတ်၏ဋ္ဌီမည်၏၊ စိတ်၏ချုပ်ဆဲခဏသည် ဘင်မည်၏၊ ထိုဥပါဒ်ဋ္ဌီဘင်ခဏငယ် ၃-ခုအပေါင်းသည် စိတ္တက္ခဏတချက်ဟုခေါ်၏၊ ၎င်းကို စိတ်၏တသက် ဟုလည်း ခေါ်အပ်၏၊ ထိုစိတ္တက္ခဏမျိုးကား မျက်စိတမှိတ်ခန့် သို့မဟုတ် လျှပ်တပြက်ခန့် အတွင်းမှာ ကုဋေတသိန်းဖြစ်ပျက်၏၊ ထို့ကြောင့် ဖြစ်တည် ချုပ်လပ်၊ ဤ ၃-ရပ်၊ဥပါဒ်ဋ္ဌီဘင်ယူ။ ခဏငယ်သုံးချက်၊အပေါင်းနက်၊စိတ္တက္ခဏဟူ။လျှပ်တပြက်တွင်၊ စိတ္တက္ခဏာ၊ အပေါင်းရေ၊ ကုဋေတသိန်းယူ။ ၁၇ ချက်၊ ထိုစိတ်သက်၊ ရုပ်သက်တခုယူ။ ဟူ၍ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား စပ်ဆိုတော်မူ၏။ ပါဠိတော်၌လည်း ပြဆိုလတ္တံ့သောနည်းဖြင့် ဟောတော်မူ၏။

ယာဝဗျာဓိနိမ္မိဿတိ၊ ကောဋိလက္ခာ တဟိံ ခဏေ။
ခန္ဓာ ဘိဇ္ဇန္တိ ဟုတွာန၊ အနိစ္စာနာမ တေ တတော။

ဘယပိဋ္ဌိတတော ဒုက္ခာ၊ အနတ္တာ အဝိဒေယတော။
ခန္ဓာဝ ဟောန္တိ အဘိဇ္ဇန္တိ၊ အညော ကောစိနလဗ္ဘတိ။

ယာဝယတ္တကေ ခဏေ၊ အကြင်မျှလောက်သော တခဏ၌။ ဗျာဓိ၊ မျက်စိမှိတ်၏၊ နိမ္မိဿတိ။ မျက်စိဖွင့်၏။ တဟိံ ခဏေ၊ ထိုခဏ၌။ ကောဋိလက္ခာ၊ သင်္ချာတွက်ရေ ကုဋေတသိန်း အတိုင်းအရှည်ရှိကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဟုတွာန၊ ဖြစ်၍ဖြစ်၍။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ တေန၊ ထိုမျက်စိတမှိတ် လျှပ်တပြက်၌၊ ရေတွက် သင်္ချေ တသိန်းနေလျက် ပျက်ကျေတတ်စွာ ကြောင်းခြင်းရာကြောင့်။ ခန္ဓာ၊ ခန္ဓာတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဘယပိဋ္ဌိတတော၊ ဘေးနှိပ်စက်သည်၏ အဖြစ်ကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အဝိဒေယတော၊ သို့ဖြစ်စေခြင် ဤသို့လျှင်ဟု စီရင်၍ မဖြစ်ခြင်းကြောင့်။ အနတ္တာ၊ အစိုးမရကုန်။ အညော၊ ခန္ဓာငါးပါးမှ တပါးသော။ ကောစိ။ တစုံတရာ သတ္တဝါပုဂ္ဂိုလ်ကို။ နလဗ္ဘတိ။ ရှာ၍ မရ။ ဤသို့ ဟောတော်မူသောကြောင့် လျှပ်တပြက်ခန့်မျှ အချိန်ကို ကုဋေတသိန်းပုံ၍ တပုံခန့်မျှသာ စိတ်၏ အသက်ရှိ၏၊ ရုပ်သက်ကား ကုဋေတသိန်းကို ၁၇-ပုံပုံ၍တပုံအတွက်ဖြစ်သော ကုဋေ ၅၈၈၂-ပုံကိုသာ ရုပ်၏အသက်ရှိ၏၊ ဤသို့လျှင် နာမ်ရုပ်တို့၏ ဖြစ်ပျက်ခြင်းသဘော စင်ကြယ်စွာ မှတ်အပ်သတည်း။

## ၁၇။ အထက်ပြဆိုခဲ့သော လိုရင်းကိစ္စကို ပြီးစေနိုင်သော လက်နက်သဖွယ်ဖြစ်သော လိုရင်းဗဟုသုတများကို ကျက်မှတ်ရန် ပြခြင်းအကြောင်း

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ ဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ကံစိတ်ဥတု အာဟာရ တည်း ဟူသော အကြောင်းတရား ၄-ပါးနှင့် တကွ ပြုပြင်တတ်ကုန်သော သင်္ခါရ တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင် အခါ၌။ ပညာယ၊ ဝိပဿနာပညာစက္ခုဖြင့်။ ပဿတိ၊ အနိစ္စဟု အဖန် တလဲလဲရှု၏။ အထ၊ ထိုသို့ရှုသည်ရှိသော်။ ဒုက္ခေ၊ လောကီခန္ဓာ တေဘူမက သင်္ခါရတရားတို့ကို။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသဧသော၊ ဤသို့ငြီးငွေ့ခြင်း သည်။ ဝိသုဒ္ဓိယာ၊ ကိလေသာမှစင်ကြယ်သော ဝါ၊ ကိလေသာမှဆိတ် သော နိဗ္ဗာန်ရောက်ခြင်း၏။မဂ္ဂေါ၊ အကြောင်းတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ကံစိတ်ဥတု အာဟာရတည်း ဟူသော အကြောင်းတရား ၄-ပါးနှင့်တကွ ပြုပြင်တတ်ကုန်သော။ သင်္ခါရ တရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ပညာစက္ခုဖြင့်။ ပဿတိ၊ ဒုက္ခဟုအဖန်တလဲလဲရှု၏။ အထ၊ထိုသို့ရှုသည်ရှိသော်။ ဒုက္ခေ၊ လောကီခန္ဓာ တေဘူမက သင်္ခါရတရား တို့ကို နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ဧသဧသော၊ ဤသို့ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာမှစင်ကြယ်သော ဝါ၊ ကိလေသာမှဆိတ်သော နိဗ္ဗာန်ရောက် ခြင်း၏။ မဂ္ဂေါ၊အကြောင်းတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အလုံးစုံ ဘုံသုံးပါး၌ ဖြစ်တတ်၊ ပျက်တတ်ကုန်သော သင်္ခါရတရားတို့သည်။ အနတ္တာ၊ အစိုးမရကုန်။ ဝါ၊ အလိုသို့မလိုက်ကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌၊ ပညာယ၊ ဝိပဿနာပညာစက္ခုဖြင့်။ ပဿတိ၊ အနတ္တဟု အဖန်တလဲလဲရှု၏။ အထ၊ ထိုသို့ရှုသည်ရှိသော်။ ဒုက္ခေ၊ လောကီခန္ဓာ တေဘူမကသင်္ခါရတရားတို့ကို၊ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသဧသော၊ ဤသို့ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ ကိလေသာမှ စင်ကြယ်သော ဝါ၊ ကိလေသာမှ ဆိတ်သော နိဗ္ဗာန်ရောက် ခြင်း၏။ မဂ္ဂေါ၊ အကြောင်းတည်း။ ဤကား အလုံးစုံသော သင်္ခါရဓမ္မတို့ အား ဝိပဿနာတင်ရန် ပြခြင်းအကြောင်းပြီး၏။

နာမ် ရုပ် ၂-ပါးတို့ကို ဝိပဿနာ ပွားများရန် အချက်များကား ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ဟူ၍ ရုပ်တရားကိုလည်းကောင်း နာမံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဟူ၍ နာမ်တရားကိုလည်းကောင်း ပွားများအပ်၏။ ရူပံ၊ ရုပ်သည်။ အနိစ္စံ။ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ ဒိဋ္ဌိအားဖြင့် ကြံဆအပ်သော အတ္တမဟုတ်။ ဝါ၊ ကိုယ်မဟုတ်။ နာမံ၊ နာမ်သည် အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ ဒိဋ္ဌိအားဖြင့် ကြံဆအပ်သော အတ္တမဟုတ်။ ဤကား သက်သက် အားဖြင့် ရုပ်,နာမ် ၂-ပါးတို့၌ ရှုအပ်သော သမ္မသနဉာဏ် ၆-ပါးတည်း။

ရူပံ အနိစ္စံ ခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာအသာရကဋ္ဌေန။ဟူ၍ ပွားများရာသတည်း။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ မြဲသောသဘောမရှိ။ ဘယဋ္ဌေန၊ ဇာတိစသော ဘေးကို ဖြစ်စေတတ်သောသဘော ကြောက်ခြင်းကို ဖြစ်စေတတ်သောသဘောကြောင့်။ ဒုက္ခံ၊ ဆင်းရဲ၏။ အသာရကဋ္ဌေန၊ ဒိဋ္ဌိအားဖြင့် ကြံဆအပ်သော ကိုယ်တည်းဟူသော အနှစ်မဟုတ်သောသဘော အနှစ်မရှိသောသဘောကြောင့်။ အနတ္တာ၊ အတ္တမဟုတ်။ ဝါ၊ ကိုယ်မဟုတ်။နာမံ အနိစ္စံ ခယဋ္ဌေန။ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။ နာမံ၊ နာမ်သည်။ ခယဋ္ဌေန၊ ကုန်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊အမြဲမရှိ။ဘယဋ္ဌေန၊ဇာတိစသော ဘေးကိုဖြစ်စေတတ်သော အနက်သဘော ကြောက်ခြင်းကို ဖြစ်စေတတ်သော အနက်သဘောကြောင့်။ ဒုက္ခံ။ ဆင်းရဲကုန်၏။ အသာရကဋ္ဌေန။ ဒိဋ္ဌိအားဖြင့်ကြံဆအပ်သော အတ္တဟူသော အနှစ်မဟုတ်သော သဘော အနှစ်မရှိသော သဘောကြောင့်။ အနတ္တာ၊ အတ္တမဟုတ်။ ဤကား အကြောင်းနှင့်တကွ ရှုအပ်သော သမ္မသနဉာဏ် ၆-ပါးတည်း။

ယံကိဉ္စိ ရူပ သပ္ပစ္စယံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ အနိစ္စံ ဒုက္ခံအနတ္တာ။ယံကိဉ္စိနာမံ သပ္ပစ္စယံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဟူ၍ ပွားများအပ်၏။ ယံကိဉ္စိ၊ အလုံးစုံသော။ ရူပံ၊ရုပ်သည်။ သပ္ပစ္စယံ၊ မိမိကို ပြီးစေတတ်သော အဝိဇ္ဇာစသော အကြောင်းနှင့်တကွဖြစ်၏။ သင်္ခတံ၊

အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရစသော အကြောင်းတို့သည် အညီ အညွတ်ပေါင်း၍ ပြုပြင်စီရင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ၊ အဝိဇ္ဇာစသော အကြောင်းကို အစွဲပြု၍ဖြစ်၏။ ခယဓမ္မံ၊ ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘောရှိ၏။ဝိရာဂဓမ္မံ၊သဏ္ဌာန်မှကင်းခြင်းသဘောရှိ၏။နိရောဓ-ဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ အနိစ္စံ၊မမြဲ။ ဒုက္ခံ၊ ရှိသောအခိုက်၌ ဆင်းရဲ၏။ အနတ္တာ၊ မိမိသည် အစိုးရသော အတ္တမဟုတ်၊ မိမိကို အစိုးရသူ အတ္တလည်းရှိသည်မဟုတ်၊ နာမ်၌ ၎င်းအနက်အတိုင်းယူလေ၊ ရုပ်နေရာတွင် နာမ်ဆိုရုံမျှသာဘူးတော့သတည်း၊ဤကား ပရိယာယ်နှင့်တကွလည်းကောင်း၊ သဘာဝနှင့်တကွလည်းကောင်း၊ ပွားများအပ်သော သမ္မသန ဉာဏ် ၆-ပါးတည်း။

ဤကား တရားစစ်သူကြီးဖြစ်သော အရှင်မဟာသာရိပုတ္တရာဟောတော်မူသော ပဋိသမ္ဘိဒါမဂ်၌ လာသောနည်းကိုမှီ၍ ပြဆိုသော စကားအစဉ်တည်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသောနာမ် ရုပ်တို့၏ အနိစ္စ ဒုက္ခ အနတ္တမည်ကြောင်း မိန့်အပ်သည်ကာ ဓွေန္တရေ၊ ဤဘဝ ၏ အတွင်း၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရ တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား ဥဒယဝယဝတ္တိတော စ၊ ဖြစ်ခြင်းပျက်ခြင်းအားဖြင့် ဖြစ်ခြင်းကြောင့်လည်းကောင်း။ ဝိပရိနာမတော စ၊ အိုခြင်း သေခြင်း ဟူသော ၂-ပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်တတ်သော ကြောင့်လည်းကောင်း၊ တာဝကာလိကတော စ၊ အခိုက်အတန့်မျှ တည်ခြင်းကြောင့်လည်းကောင်း။ နိစ္စပဋိက္ခေပတော စ၊ မြဲသောသဘော၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း။ အနိစ္စာ၊အမြဲမရှိကုန်။ ပန၊ အနိစ္စမှတပါး ဒုက္ခကိုဆိုအံ့၊ ယသ္မာ၊ အကြင်ကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ် နာမ်ခန္ဓာ သင်္ခါရ တရားတို့သည်။ ဌိတိံ၊ ဌီခဏသို့။ ပါပုဏန္တိ၊ ရောကုန်၏။ ဌိတိယံ၊ ဌီခဏ၌။ ဇရာယ၊ အိုခြင်းဖြင့်။ ကိလမန္တိ၊ ပင်ပန်းကုန်၏။ ဇရံ၊ အိုခြင်း သို့။ ပတွာ။ ရောက်၍။ အသော၊ မချွတ်။ ဝါ၊ အလိုမရှိပဲလျက်။ ဘိဇ္ဇန္တိ၊ ဘင်ခဏ၌ပျက်စီးကုန်၏။ တသ္မာ အဘိဏှသံပဋိပိဠနတော၊ ထိုသို့

ဥပါဒိန္ဒြိယဘင် ဇာတိဇရာ မရဏာတို့ဖြင့် မပြတ်နှိပ်စက်သောကြောင့်
လည်းကောင်း၊ ဒုက္ခမတော စ၊ သည်းခံနိုင်ခဲသောကြောင့်လည်းကောင်း။
ဝါ၊ ဆင်းရဲငြိုငြင်သဖြင့် သည်းခံအပ်သောကြောင့်လည်းကောင်း။ ဒုက္ခ-
ဝတ္ထုတော စ၊ ဇာတိစသော ဒုက္ခ၏တည်ရာအကြောင်းဖြစ်သောကြောင့်
လည်းကောင်း။ သုခပဋိက္ခေပတော စ၊ သုခ၏ ဆန့်ကျင်ဘက်ဖြစ်သော
ကြောင့်လည်းကောင်း။ဒုက္ခာ၊ ဆင်းရဲကုန်၏။စ၊ဒုက္ခမှတပါး အနတ္တဆိုအံ့။
ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ်, နာမ် ခန္ဓာသင်္ခါရတရားတို့သည်။
ဌိတိံ ၊ ဌိခဏသို့။ မာပါပုဏန္တု၊ မရောက်စေကုန်သတည်း။ ဌိတိပ္ပတ္တာပိ၊
ဌိသို့ရောက်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ မာဇရန္တု၊
မဆွေးမြည့်စေ ကုန်သတည်း။ ဇရပတ္တာပိ၊ အိုခြင်းသို့ရောက်ကုန်သော။
သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ မာဘိဇ္ဇန္တု၊ ဘင်သို့ရောက်၍ မပျက်စေ
ကုန်သတည်း။ ဣတိ။ ဤသို့။ ဝသဝတ္တိဘာဝေ၊ ဝသဝတ္တိဘာဝေ၊ ဥပါဒိန္ဒြိယဘင်ဇာတိ
ဇရာမရဏဟူသော ဤသုံးပါးသော ဌာနတို့၌။ ကတ္ထစိ၊ တစုံတယောက်
သောပုဂ္ဂိုလ်၏။ ဝသဝတ္တိဘာဝေါ၊ အလိုသို့လိုက်သည်၏ အဖြစ်သည်။
နတ္ထိ၊မရှိ။ တေနဝသဝတ္တနာကာရေန၊ ထိုသို့အလိုသို့လိုက်သော အခြင်း
အရာမှ။ သုညော၊ ဆိတ်သည်သာလျှင်တည်း။ တသ္မာ သုညတော စ၊
ထိုသို့အလိုသို့လိုက်သော အခြင်းအရာမှ ဆိတ်ခြင်းကြောင့်လည်းကောင်း။
အသာမိကတော စ၊ အစိုးရသောပုဂ္ဂိုလ်၏ မရှိခြင်းကြောင့်လည်းကောင်း။
ဝသဝတ္တိတော စ၊ တစုံတယောက်သောသူ၏ အလိုသို့ မလိုက်တတ်ခြင်း
ကြောင့်လည်းကောင်း။ အတ္တပဋိက္ခေပတော စ၊ ဒိဋ္ဌိအားဖြင့် ကြံဆအပ်
သော။ အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့်လည်းကောင်း။ အနတ္တာ၊
အနတ္တမည်ကုန်၏။ ဤကား အနိစ္စ၊ ဒုက္ခ၊ အနတ္တမည်ခြင်း၏အကြောင်း
၄-ပါးတို့တည်း။ ဤကား ယခု ပြဆိုခဲ့သော လိုရင်းဗဟုသုတများကို
အရကျက်မှတ်၍ ဝိပဿနာနှင့် ယှဉ်သောစိတ်ကို မပြတ်ဖြစ်စေရာ၏၊ ပွား
များအားထုတ်ရာ၏၊ ထိုတရားကိုမပြတ် အောက်မေ့ဆင်ခြင်သည်ရှိသော်
လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊
အနောတပ္ပဟူသော ကိလေသာဆယ်ပါးတို့ မပွားမစီး အားနည်းခြင်းသို့
ရောက်သဖြင့်ဤဘဝသော်လည်းကောင်း။ဒုတိယဘဝသော်လည်းကောင်း၊
ထိုထိုဘဝသော်လည်းကောင်း။ ဤသာသနာတော်အတွင်းမှာပင် သော

တာပတ္တိမဂ် စသည်သို့ ရောက်နိုင်ရာ၏၊ ထိုသောတာပတ္တိမဂ်သို့ ရောက်ကလည်း နောင်ဘုရားသာသနာတော် မျှော်လင့်ရန်မရှိပြီ၊ အလွန်အားဖြင့် ခုနစ်ဘဝထက် ပဋိသန္ဓေမနေရပြီ၊ နိဗ္ဗာန်သို့ရောက်နိုင်သတည်း။

## ၁၈—ကိလေသာတို့အား ပယ်သတ်ရန် အမြွက်မျှပြခြင်းအကြောင်း

**ကိလေသာ**တို့သည် အခိုက်အတန့်အားဖြင့် ၃-ပါး၊ ပယ်ခြင်း၃-ပါး၊ အကျင့်၃ပါးဟူ၍ ၉-ဌာနရှိ၏၊ ထို့ကြောင့် တခုက်လေ၊သုံးထွေခိုက်တန့်၊ သုံးတန့်ပဟာန်၊ သုံးတန်စရိယ၊ ကိုးဌာန၊ မုချသ်စေမြွက်။ ဟူ၍စပ်ဆိုသတည်း၊ အခိုက်အတန့်သုံးပါးကား အနုသယအခိုက်အတန့် ပရိယုဋ္ဌာနအခိုက်အတန့် ဝီတိက္ကမအခိုက်အတန့်ဟူ၍ သုံးပါးရှိ၏၊ ထိုသုံးပါးကို ဥပမာနှင့်တကွပြပေအံ့။ ဥပမာ (မီးခြစ်ဆံအတွင်း၌ရှိသော မီးဓာတ်နှင့် သတ္တဝါတို့၏ သန္တာန်အတွင်း၌ စွဲကပ်ရှိသော ကိလေသာနုသယဓာတ်သည်တူ၏)။ ၎င်းကို အနုသယ အခိုက်တန့်ဟုခေါ်၏၊ (မီးခြစ်ဆံနှင့် ကော်ပတ် တိုက်ခြစ်၍ မီးတောက် ပေါ်လာခြင်းနှင့်ကား သတ္တဝါတို့၏ စက္ခုစသော ပသာဒရုပ်တို့နှင့် ရူပါရုံစသော အာရုံတို့ ဖတွေ့ထိ၍ ဖြစ်ပေါ်လာသော စိတ်နှင့်တူ၏၊ ၎င်းကို ပရိယုဋ္ဌာနဟု ခေါ်၏၊ မီးခြစ်ဆံ မီးတောက်ကို အိမ်ယာ ဝင်းခြံ စသည်သို့ ပစ်ချသဖြင့် လောင်ကျွမ်းခြင်းနှင့်ကား ဖတွေ့ထိသော အာရုံကြောင့် လောဘ ဒေါသ တဏှာ မာန စသည် ဖြစ်ပေါ်လျက် ကာယဒွါရ ဝစီဒွါရ တို့သို့ ရောက်၍ ကျူးလွန်ခြင်းနှင့် တူ၏၊ ထိုအခိုက်အတန့်ကို ဝီတိက္ကမ အခိုက်အတန့်ဟု ခေါ်၏။

ပြဆိုခဲ့သော အခိုက်အတန့် သုံးပါးအနက် အနုသယအခိုက်အတန့်မှ ပရိယုဋ္ဌာနအခိုက်အတန့်သို့ ရောက်သော်လည်း သတိပြု၍သိမ်းဆည်းလျှင် ဖြစ်နိုင်ခြင်းအကြောင်း။ မီးတောက်ဖြစ်ပေါ်သော မီးခြစ်ဆံကို၊ တပါး မီးဝသို့ မကူးမပွားအောင်ထားမှုကား ၎င်းမီးသည် တပါးသောဝတ္ထုသို့ မလောင်မကျွမ်းနိုင်ပဲ ထိုနေရာတွင် ငြိမ်းဘိသကဲ့သို့ ထို့အတူ အာရုံနှင့် တွေ့ထိ၍ ဖြစ်ပေါ်လာသော စိတ်တို့ကို ယိုဖြစ်ပေါ်သော နေရာတွင်

ငြိမ်းစေရာသတည်း ထိုသို့ သိမ်းဆည်းက ကျူးလွန်ခြင်းဟု ဆိုအပ်သော ဝီတိက္ကမအခိုက်အတန့်သို့မရောက်နိုင်သဖြင့် ကိလေသာမီးတို့မပွားမစီးနိုင်၊ ထိုကဲ့သို့ သတိပြု၍ရှောင်ကြဉ်ခြင်းသည် "ပါပါ၊မကောင်းမှုမှ။ အာရတိစ၊ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း" ဟူ၍ဟောတော်မူသော မဟာမင်္ဂလသုတ် တရားတော်နှင့်အညီ မကောင်းမှုကို ဝေးစွာရှောင်ကြဉ် သည်ပင် မည်ရာသတည်း။

ကိလေသာတို့ ပယ်သတ်ခြင်းကား တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်။ သမုစ္ဆေဒပဟာန် ဟူ၍ သုံးမျိုးရှိ၏၊ အကြမ်း အလတ် အနု သုံးမျိုးဟူ၍ လည်း ခေါ်အပ်၏၊ ထိုသုံးမျိုးတို့တွင်၊ ကာယကံ ဝစီကံ ဟု ဆိုအပ်သော အကြမ်းမျိုး ဖြစ်သော ဝီတိက္ကမကိလေသာ တို့သည် သီလသာသနာ၏ ဆိုင်ရာပေတည်း၊ သို့ဖြစ်၍၊ သီလဖြင့်၊ ကြမ်းသော ကိလေသာတို့ကို ပယ် ခြင်းသည် တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်းမည်၏၊ ၎င်းသည် ဝီတိက္ကမကိလေ- သာကိုသာ ပယ်နိုင်၏၊ ထိုကဲ့သို့ ပယ်ခြင်းသည် သီလဝိသုဒ္ဓိ၏ ဆိုင်ရာ သာတည်း၊ ပရိယုဋ္ဌာန ကိလေသာမျိုး အနုသယ ကိလေသာမျိုးကို မပယ်နိုင်လေ။

မနောဒွါရဖြင့် ပြုံးသော မနောကံဟု ဆိုအပ်သော အလတ်ဖြစ်သော ပရိယုဋ္ဌာန ကိလေသာမျိုးကား ဥပစာရ ဈာန်နှင့် တကွသော သမာပတ် ရှစ်ပါး ဟူသော သမာဓိ၏ ဆိုင်ရာဖြစ်၏၊ ထို့ကြောင့် သမာဓိဖြင့် စိတ္တဝိသုဒ္ဓိဖြစ်အောင် မနောဒွါရက ပယ်နိုင်ခြင်းသည် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သည်မည်၏၊ ၎င်းကား အလတ်ဖြစ်သော ကိလေသာမှုကိုသာ ပယ် နိုင်၏၊ အနုဖြစ်သော အနုသယ ကိလေသာကိုကား မပယ်နိုင်လေ၊ ကိလေသာ မပွားစီးရုံမျှသာ ရှိသေးသတည်း၊ ၎င်းသည် စိတ္တဝိသုဒ္ဓိ၏ ဆိုင်ရာ ဖြစ်သတည်း၊အနုဖြစ်သော အနုသယကိလေသာကိုကား အရဟတ္တ မဂ်သို့ရောက်မှ အကုန်ပယ်နိုင်၏၊ သောတာပတ္တိမဂ်၌ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ နှစ်ပါးသာ ပယ်နိုင်သေး၏၊ ၎င်းပယ်သတ်မှုမျိုးကား၊ ပညာ ဝိသုဒ္ဓိ၏ ဆိုင်ရာဖြစ်သတည်း။

ထိုကြောင့် သီလဝိသုဒ္ဓိဟုဆိုအပ်သော အကြမ်းဖြစ်သော ကိလေသာတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်ခြင်း, စိတ္တဝိသုဒ္ဓိဟု ဆိုအပ်သော အလတ်ဖြစ်သော ကိလေလာတို့ကို လောကီ ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဥ္စမစျာန် သမာဓိ တို့နှင့်တကွ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခြင်း ပြုနိုင်သော်လည်း အနုဖြစ်သော အနုသယ ကိလေသာကို မပယ်နိုင်လေ၊ ထိုသို့ မပယ်နိုင်ခြင်းကြောင့် ကမ္ဘာပေါင်း ၈၄၀၀၀ အသက်တမ်းရှိသော နေဝသညာနာသညာယတန ဗြဟ္မာ့အဖြစ်သို့ ရောက်သော်လည်း ကိလေသာတို့၏ ပွားစီးခြင်း အတက် အခက် အရွက် စသည် ပေါက်ခြင်း ငြိမ်.သည်မဟုတ်၊ ထိုကြောင့် စိတ္တဝိသုဒ္ဓိဖြင့် ကိလေသာ ပယ်နိုင်ရုံမျှသည်လည်း စိုးရိမ်ကြောင့်ကြ မကင်းသေးကြောင်း မှတ်အပ်၏၊ ဝိပဿနာပညာဖြင့် အရဟတ္တမဂ်သို့ ရောက်မှ၊ ကိ.လေသာအတက်ပေါက် ငြိမ်း၍ ကင်းပြတ်လေသတည်း၊ အထူးမှတ်ရန်လင်္ကာနှင့်တကွပြဦးအံ့။ ကျက်ရန်လင်္ကာ။ ။သီလဝိသုဒ္ဓိ၊ ပမာရှိ၊ ရှင်းဘိသစ်ကိုင်းခက်။ စိတ္တဝိသုဒ္ဓိ၊ သမာဓိ၊ ရှင်းဘိမြေအတက်၊ မြေတွင်း မြစ်မ၊ တူးဆွပစ်မှ၊ ငါးခုခန္ဓာ၊ နုပဿနာ၊ ရှုရာ ဉာဏ်အချက်။ ငုပ်ခဓာတ်နုသယာ၊ တူစွာ ပင်မြစ်၊ မီးတိုက်ပစ်ဘာ၊ ပြာရေချလတ်၊ မျိုးစေ့ပြတ်၊ ပယ်သတ် အဒ္ဓဟတ်မဂ်။ ဟူ၍ စပ်ဆိုသတည်း။ စရိယသုံးပါးဟူသည် အကျင့်သိက္ခာသုံးပါးကိုဆိုင်း၊ သီလဝိသုဒ္ဓိဟု ဆိုအပ်သော တဒင်္ဂပဟာန်ဖြင့် ကိလေသာ ပယ်သတ်ခြင်း အကျင့်တမျိုး၊ သမထသမာဓိ စိတ္တဝိသုဒ္ဓိဟုဆိုအပ်သော ဝိက္ခမ္ဘနသတ္တိဖြင့် ကိလေသာ ပယ်သတ်ခြင်းတမျိုး၊ ဝိပဿနာ သမာဓိ ပညာ ဝိသုဒ္ဓိဟုဆိုအပ်သော သမုစ္ဆေဒပဟာန်ဖြင့် ကိလေသာအကြွင်းမဲ့ ပယ်သတ်ခြင်းအကျင့် တမျိုး၊ ဤသို့ အကျင့်သုံးမျိုးရ၏၊ ထို့ကြောင့် "အဓိသီလ၊ စိတ္တပညာ၊ သာသနာ၊ သိက္ခာသုံးပါးမှတ်" ဟူ၍ စပ်ဆိုတော်မူ၏၊ သီလဖြင့် အစ၏ကောင်းခြင်း, သမာဓိဖြင့် အလယ်၏ကောင်းခြင်း, ပညာဖြင့် အဆုံး၏ကောင်းခြင်းကို ပြတော်မူ၏။

သီလဖြင့်ဝိဇ္ဇာသုံးပါး၊ သမာဓိဖြင့် အဘိညာဉ် ခြောက်ပါး၊ ပညာဖြင့် ပဋိသမ္ဘိဒါ လေးပါးတို့၏ အားကြီးစွာသော အကြောင်းကို ပြတော်မူ၏၊ သီလဖြင့် ကာမသုခလ္လိကာနုယောဂ အယုတ်တရားကိုပယ်

ခြင်း၊ သမာဓိဖြင့် အတ္တကိလမထာနုယောဂ အယုတ်တရားကိုပယ်ခြင်း၊ သမာဓိဖြင့် အတ္တကိလမထာနုယောဂ အယုတ်တရားကိုပယ်ခြင်း၊ ပညာဖြင့် မဇ္ဈိမပဋိပဒါ အမြတ်တရားကို မှီဝဲခြင်းဖြင့် ပြတော်မူ၏။

သီလဖြင့် အပါယ်ဘုံမှလွတ်၏၊သမာဓိဖြင့် ကာမဘုံမှလွတ်၏၊ ပညာဖြင့် အလုံးစုံသော ဘုံမှလွတ်ကြောင်း ပြတော်မူ၏၊ သီလဖြင့် ကိလေသာကို တဒင်္ဂပဟာန် ပယ်ကြောင်းပြ၏၊ သမာဓိဖြင့် ကိလေသာကို ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်ကြောင်းပြ၏၊ ပညာဖြင့် သမုစ္ဆေဒပဟာန်ကိုပြတော်မူ၏။

သီလသည် လွန်ကျူး၍ကျင့်သော ကိလေသာ၏ဆန့်ကျင်ဘက်၊ သမာဓိဖြင့် ကိလေသာတို့၏ တိုးခြင်း နှိပ်စက်ခြင်း၏ ဆန့်ကျင်ဘက်၊ ပညာဖြင့် သန္တာန်၌ ကိလေသာတို့ အဖန်ဖန်ကိန်းသော အနုသယ၏ ဆန့်ကျင်ဘက်ကိုပြတော်မူ၏၊ သီလဖြင့် ဒုစရိုက် ကိလေသာကို သုတ်သင်ကြောင်း၊ သမာဓိဖြင့် တဏှာကိလေသာကို သုတ်သင်ကြောင်း၊ ပညာဖြင့် ဒိဋ္ဌိသံကိလေသာကို သုတ်သင်ကြောင်းပြတော်မူ၏၊ သီလဖြင့် သောတာပန် သကဒါဂါမ်၊ သမာဓိဖြင့် အနာဂါမ်၊ ပညာဖြင့် အရဟတ္တမဂ်ဟူ၍လည်း ပြဆိုအပ်၏၊ ကိလေသာတို့၏ အခိုက်အတန့်သုံးပါး၊ ပယ်ခြင်းသုံးပါး၊ အကျင့်သုံးပါး ပြကြောင်းကား ဤတွင်ပြီး၏။

## ၁၉။ သင်္ခါရသုံးပါးတို့၏ အကျိုးအပြစ်အကြောင်း

အပုညာဘိသင်္ခါရ၊ပုညာဘိသင်္ခါရ၊အာနေဉ္ဇာဘိသင်္ခါရဟူ၍သင်္ခါရသုံးပါး ရှိ၏၊ အဝိဇ္ဇာကြောင့် ထိုသင်္ခါရသုံးပါးဖြစ်၏၊ အကုသိုလ်စိတ် ၁၂-ခုနှင့် တကွ ရင်း၌ယှဉ်သော စေတသိက် ၂၇-တို့သည် အပုညာဘိသင်္ခါရ မည်၏၊ အပါယ်သို့ ရောက်စေတတ်၏၊ ဒါန သီလ ဘာဝနာ တို့ကို ပြုသော မဟာကုသိုလ်သိုလ်၈-ခု၊ ရူပကုသိုလ် ၅၊ ဤ ၁၃-ခုသည် ပုညာဘိ-သင်္ခါရမည်၏၊ ထိုသင်္ခါရတို့ကြောင့် လူ နတ် ဗြဟ္မာဖြစ်တတ်၏၊ အရူပ ကုသိုလ် ၄-ခုသည် အာနေဉ္ဇာဘိသင်္ခါရမည်၏၊အရူပဘုံသို့ ရောက်တတ်၏။

ပုညာဘိသင်္ခါရသည် သံသရာဝဋ္ဋဆင်းရဲမှ ထွက်မြောက်ရန် ပါရမီဖြစ် အောင်ပြုသော ပုညာဘိသင်္ခါရတမျိုး၊ တိုက်ရဲ့သို့ ထွက်မြောက်ရန်

မဟုတ်၊ သံသရာ၌ လူ နတ် ဗြဟ္မာ ချမ်းသာအထင်အပေါ် အကျော် အစောတို့ကို အလိုငှါပြုသော ပုညာဘိ သင်္ခါရတမျိုး ဤသို့ ၂-မျိုး ရှိသတည်း၊ သံသရာမှ ထွက်မြောက်ရန်ဖြစ်မူ အနည်းငယ်သောဒါန၊ အပါးအနည်းဆုံးဖြစ်သော ငါးပါးသီလ၊ အနည်းငယ်သော သမထဝိပဿ-နာ ဘာဝနာတို့ပင်ဖြစ်သော်လည်း အလွန်ကြီးကျယ်မြင့်မြတ်သော မဟာ ကုသိုလ် ဉာဏသမ္ပယုတ်ဇောဖြစ်သောကြောင့် ဂေါတြဘူသို့ရောက်နိုင်၏၊ သံသရာမှ ထွက်မြောက်နိုင်၏၊ ထိုကဲ့သို့သံသရာမှ ထွက်မြောက်နိုင်ရန် မဟုတ်မူ၍ အလွန်ကြီးကျယ်သော ဒါနအမျိုးမျိုး၊ငါးပါး၊ ရှစ်ပါး၊ ဆယ် ပါး၊ ၂၂၇-ပါး၊ စတုပါရိ သုဒ္ဓိစသော၊ အပါးများစွာသော သီလ အမျိုးမျိုး၊ ကိလေသာတို့အား ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်သော ပဌမဈာန်အစ ပဉ္စမဈာန်အဆုံးရှိသော စိတ္တဝိသုဒ္ဓိသမာဓိ အမျိုးမျိုး တို့ပင်ဖြစ်သော်လည်း ပင်ပန်းသလောက် အကျိုးကြီးကျယ်စွာ မရ ကြောင်း မှတ်အပ်၏၊ အဘယ်ကြောင့်ဆိုသော် ဝိဝဋ္ဋနိဿိတ၊ သံသရာ ဝဋ်မှ ထွက်မြောက်ရန် ပြုခြင်းမဟုတ်၊ ဝဋ္ဋနိဿိတ=ဝဋ်၌ကျင်လည်ရန် ပြုသောကြောင့်တည်း၊ အလွန်ဆုံးအားဖြင့် ကမ္ဘာပေါင်း ၈၄၀၀၀ အသက်တမ်းရှိသော နေဝသညာနာသညာ ပုထုဇဉ်ဗြဟ္မာတို့ကို ထောက်၍သိအပ်သတည်း။

သံသရာမှ ထွက်မြောက်ရန်မည်သို့ သဘောထား၍ ပုညာဘိသင်္ခါရကို ပြုရပါအံ့နည်းဟူငြားအံ့၊ သံသရာ၌ ကျင်လည်ရခြင်းသည် အမျိုးမျိုး သော ဒုက္ခဘေးတို့၏ နှိပ်စက်ခြင်းခံရ၏၊ ထိုဒုက္ခတို့သည် အလွန် ကြောက်ဖွယ်ကောင်း၏ဟု ထိုထိုဒုက္ခတို့ကို ငြီးငွေ့သောအားဖြင့် ထိုထို ဒုက္ခမျိုးတို့မှ လွတ်လိုသောစိတ်ကို ဖြစ်စေပြီးလျှင် အလှူဝတ္ထုအမျိုးမျိုး တို့သည်လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်သည်လည်းကောင်း၊ သမုတိပညတ် အားဖြင့် အလှူပေးပုဂ္ဂိုလ်ဟု ဆိုအပ်သော ငါသည်လည်း ကောင်း ကုန်ခန်းပျက်စီးတတ်သော အနိစ္စသဘောရှိ၏၊ ဘေးနှိပ်စက်တတ်သော ဒုက္ခသဘောရှိ၏၊အစိုးမရ အလိုသို့မလိုက် အနှစ်မရှိသော အနတ္တသဘော ရှိ၏ဟူသော လက္ခဏာရေးသုံးပါးသို့တင်၍ ထိုထိုသို့သော ဒုက္ခတို့၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ဟု

ဆုတောင်း၍ ပါ၊ နှလုံးသွင်း၍လှူဒါန်းရာ၏၊ သီလဆောက်တည်ရာ၌လည်းကောင်း၊ ဘာဝနာပွားလာ၌လည်းကောင်း ဤကဲ့သို့ သဘောထား၍ပြုရာ၏၊ ဤကဲ့သို့ပြုမှသာ ပါရမီဖြည့်သည် ပါရမီဘည်းပူးလည်မည်၏၊ ထိုသို့ပြုသော ပုညာဘိသင်္ခါရတို့ကြောင့် မဟာဖိုလ်မရမီအကြား သခွေးသူကြွယ် ပဒေသရာဇ် ကေရာဇ်စကြာမန္ဓာတ်ဘဝကိုသော်လည်းကောင်း၊ သိကြားသုရာမစသောနက်မင်းတို့၏ စည်းစိမ်ကိုလည်းကောင်း၊ လက်သုံးတချောင်းမျှ ထောင်ပြသည့်ရှိသော် ကြွေဝင္ဃာတိုက်တသောင်း၌ တပြိုင်တည်း လင်းစေနိုင်သော ဗြဟ္မာ့အဖြစ်ကိုသော်လည်းကောင်း ရရှိသော်လည်း တက်ကြွတုန်လှုပ် မောက်မှားခြင်းကို ဖြစ်စေတတ်သော လောဘမာန ဒိဋ္ဌိစသော အကုသိုလ်တရားတို့၏ အားကြီးစွာ ဥပနိဿယပစ္စည်းပြုခြင်းကိုမခံပဲ တွေ့ထိလာသောအာရုံတို့၌ ယောနိသောမနသိကာရဖြစ်အောင် အသင့်နှလုံးသွင်းနိုင်သောသူ၏ အဖြစ်ကို ရနိုင်ရာသတည်း၊ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုသော ပုညာဘိသင်္ခါရတို့တွင် ကိလေသာရန်သူကို နှိပ်စက်ဖျက်ဆီးစေနိုင်သော လက်နက်ကောင်းသဖွယ်ဖြစ်သော ဝိပဿနာဉာဏ် အမှာဒိဋ္ဌိအပြီးပါသောကြောင့်တည်း။

ဤကဲ့သို့ ဝိပဿနာဉာဏ်နှင့်မယှဉ်သော ပုညာဘိသင်္ခါရတို့ကြောင့် သခွေးသူကြွယ် ပဒေသရာဇ် ကေရာဇ်စကြာမန္ဓာတ် နတ် သိကြားစသော အဖြစ်တို့ကို ရောက်သောအခါ ထိုရရှိသောစည်းစိမ်၏ သင်္ခါရမှုကို မမြင်သောကြောင့် ငါ၏ကိုယ် ငါ၏ဥစ္စာစသည်ဖြင့် ပြင်းစွာ နှစ်သက် စွဲလမ်းသော လောဘပဓာနနှင့်တကွ ဒေါသ မောဟ မာန ဒိဋ္ဌိ အစရှိသော ကိလေသာတရားတို့သည် ပွားများကုန်သဖြင့် အမျိုးမျိုးသောအကုသိုလ်တရားတို့သည် ဖြစ်ပေါ်တတ်ကုန်၏၊ ယင်းပုညာဘိသင်္ခါရကြောင့် ရရှိသော စည်းစိမ်ကို အစွဲပြု၍ ဝါဝါဟူသော မာနကိလေသာ ငါ၏ဥစ္စာ ငါ၏ကိုယ်ဟူသော ဒိဋ္ဌိကိလေသာတို့သည် ပွားစီးတတ်သောကြောင့် ဝိပဿနာဉာဏ်နှင့်ယှဉ်၍ မပြုသော ပုညာဘိသင်္ခါရတို့သည် သတ္တဝါတို့အား တုန်လှုပ်တက်ကြွအောင် မြှောက်ပေးတတ်သည်ဟူ၍ပင်ဆိုအပ်၏၊ ထို့ကြောင့် အမျိုး ဥစ္စာ၊ သူရာဂါလေ ဘာဏ်သီလာ သုတာပရိယတ်။ ပဋိပတ္တိ၊

ဣလ္လသရိနှင့်၊ မဟိဒ္ဓိဂုဏ်၊ အလုံးစုံ၊ မြှင့်တုံငြမ်းနှယ်မှတ်၊ ခေတ်သခါရိ၊ တင်မြှောက်ဘိ၊ ဒိဋ္ဌိကြီးမှူးမှတ်။ ဟူ၍ စပ်ဆိုသတည်း။

ယခုလောက၌ မျက်မြင်အားဖြင့် ဆိုသော် ရှေးပုဗ္ဗေစပုညာဘိသင်္ခါရကြောင့် ပစ္စည်းဥစ္စာ အခြေအရံနှင့်တကွ ပြည့်စုံသော သူတို့သည် ရှိကြ၏၊ ယိုသူတို့အနက် အချို့သူတို့သည် မိမိ၏ အခြံအရံ များခြင်းကြောင့် အခြံအရံ နည်းသောသူတို့အားလည်းကောင်း မိမိနှင့်တူသူတို့အားလည်းကောင်း၊ နှိပ်စက်ညှဉ်းပန်းပြု၍ နှိမ်ချရန်အကြောင်းကို အားထုတ်ခြင်း၊ ဥစ္စာရှိသော အချို့သူတို့သည် ထိုဥစ္စာဖြင့် လောင်းစားသောက်စားမှူးရစ်၍ အမျိုးမျိုးသော မကောင်းမှု ကျူးလွန်ခြင်းများကို ပြုတတ်ကြ၏၊ ထို့ကြောင့် ပုညာဘိ သင်္ခါရသည် မီးနှင့်တူ၏၊ မီးကိုအသုံးပြုတတ်လျှင် ထမင်းဟင်း စသည် ချက်ပြုတ်စားရ၏၊ အသုံးမပြုတတ်လျှင် လောင်ကျွမ်းဖျက်ဆီးတတ်၏၊ ထို့ကြောင့် ပုညာဘိ သင်္ခါရပြုသည့်အခါ ဝိပဿနာဉာဏ်နှင့်တွဲ၍ ထွက်မြောက်ရန် ပြုရာသတည်း။

## ၂၀-အာရုံတရားတို့ကို သိမ်းဆည်းရန်အကြောင်း

ပုဂ္ဂိုလ်သတ္တဝါမှာ အိပ်ရာကနိုးလျှင် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော အာရုံတရားတို့သည် နေ့စဉ်တခဏမျှ လစ်လပ်ခြင်းမရှိ၊ တွေ့ထိလျက်နေကြ၏၊ ထိုမပြတ်တွေ့ထိနေသော အာရုံတို့အား ယောနိသောမနသိကာရ ဟု ဆိုအပ်သော အသင့်နှလုံးသွင်းခြင်းကို ပြုသည်ဖြစ်က ဣန္ဒြိယသံဝရသီလ မဟာကုသိုလ်ပုညာဘိသင်္ခါရကို ပြုသည်ပင် မည်၏၊ ထို့ကြောင့်အာရုံနှင့် အာရမ္မဏိကတို့သည် မပြတ်တွေ့ထိတတ်ခြင်းအကြောင်း ထိုသို့တွေ့ထိသည့်အခါ ပုဂ္ဂိုလ်သတ္တဝါတို့၏စိတ်သည် ဖောက်ပြန်တတ်ခြင်း အကြောင်း ထိုကဲ့သို့မဖောက်ပြန်ရအောင် အသင့်နှလုံးသွင်းခြင်းစသော အကြောင်းအရာများကို ပြဆိုလတ္တံ့သောနည်းဖြင့် အကျဉ်းရုံးမှတ်အပ်၏။

စက္ခုပသာဒရုပ်ကို မျက်စိဟုခေါ်ကြ၏၊ ထိုမျက်စိဖြင့် မြင်သမျှအရာတို့သည် ရူပါရုံမည်၏၊ ထိုရူပါရုံနှင့် စက္ခုပသာဒရုပ်တို့သည် ရှေးရှုထင်ခြင်း ထိခိုက်ခြင်းဖြစ်သောကြောင့် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏၊

ဥပမာ မီးခြစ်ဆံနှင့် ကော်ပတ်တိုက်ခြစ်သောအခါ မီးတောက်ပေါ်သကဲ့သို့တည်း၊ ထိုစက္ခုဝိညာဏ်စိတ်ဖြင့် ပေါ်ပြီးနောက် ကောင်းစွာသတိမပြုလျှင် ထိုရူပါရုံ၌ သာယာကပ်ငြိသော လောဘတဏှာကိုဖြစ်စေတတ်၏၊ ထိုသို့ဖြစ်သောအခါ ဣန္ဒြေမငြိမ်သက်အောင် ထိုရူပါရုံဘက်သို့ လှည့်ကာလှည့်ကာကြည့်တတ်၏။

အနိဋ္ဌာရုံဟုဆိုအပ်သော မစင်ခွေးကောင်ပုပ် မချစ်မနှစ်လိုသူတို့အား မြင်သောအခါ ဒေါသဇောကိုဖြစ်စေလျက် ထိုအာရုံမှ မမြင်ရအောင်တခြားဘက်သို့ လှည့်ကာ လှည့်ကာ ဣန္ဒြေမငြိမ်မသက် ရှိနေတတ်၏၊ ဤသို့ဖြစ်ခြင်းသည် စက္ခုန္ဒြေမလုံသည် မစောင့်စည်းသည်မည်၏၊ ထိုလောဘ ဒေါသ မဖြစ်စေပဲ ယောနိသောမနသိကာရဟု ဆိုအပ်သော အသင့်နှလုံးသွင်းခြင်းကိုသာ ဖြစ်စေလျှင် ဝါ မဟာကုသိုလ်သောမနဿ ဥပေက္ခာဇောတို့ကို အာရုံအားလျော်စွာ အသင့်ဖြစ်စေလျှင် စိတ်၏ဖောက်ပြန်ခြင်းမရှိသောကြောင့် စက္ခုဟူသောရုပ်သည်လည်း ငြိမ်သက်ခြင်းဖြစ်ရာ၏၊ ထိုသို့စက္ခုဝိညာဏ်စိတ် စက္ခုပသာဒရုပ်တို့အား မဖောက်မပြန်ရအောင် သတိပြုလျက် ငြိမ်သက်စွာ ထိန်းသိမ်းခြင်းသည် စက္ခုန္ဒြေလုံခြုံသည်မည်၏၊ မဟာကုသိုလ်ဇောပင်ဖြစ်၏။

ထိုကုသိုလ်ကို မည်သည့်နေရာဌာန အချိန်အခါမဆို သိမ်းဆည်းသမျှသော နေရာဌာန အခါကာလတိုင်းမှာပင် ထိုပုဂ္ဂိုလ်၌ရအပ်၏၊ ရသေ့ရဟန်းမှသာမဟုတ်၊ ကျောင်းကန်ဘုရား နေရာမှသာမဟုတ်၊ မြို့ပြပြည်ရွာအတွင်း အိမ်နှင့်နေသော လူဖြစ်သော်လည်း ဘယ်အခါမဆိုကောင်းစွာသိမ်းဆည်းက ထိုကုသိုလ်ရသည်ပင်မည်၏။

ထိုသို့ သိမ်းဆည်းခြင်းအရာ၌ ရှေးဦးစွာကပင် ရူပါရုံကို မမြင်ရအောင် ချသောမျက်လွှာဖြင့် သိမ်းဆည်းခြင်းတမျိုး၊ ချသောမျက်လွှာဖြင့် တင်ကူး၍ သိမ်းဆည်းသည်မဟုတ်ပဲ ရူပါရုံကို မြင်သောအခါမှသာ ထိုရူပါရုံ၌ သာယာကပ်ငြိသော စိတ်ကို မဖြစ်ရအောင်သိမ်းဆည်းခြင်းဟူ၍ ၂-မျိုးရှိ၏၊ ထိုအချက် ၂-ပါး၌ ပထမအချက်ကိုပြဆိုရန် မရှိပြီ၊ ဒုတိယ အချက်၌ နှလုံးသွင်းရန် ကိုသာပြပေအံ့၊

စက္ခုပသာဒရုပ် ချို့တဲ့ခြင်း မရှိသူသည် ဘုံဝလေ့အားဖြင့် ရူပါရုံ အမျိုးမျိုးကို အထူးသဖြင့် မကြည့်သော်လည်း မြင်ရမြဲဖြစ်၏၊ ထိုသို့ မြင်ရသည့်အတွက် အကုသိုလ်ကို မဖြစ်စေပဲ ကုသိုလ်ဖြစ်စေရာ၏။

အဘယ်သို့ ဖြစ်စေရာသနည်းဆိုသော် ဒုက္ခိတသတ္တဝါကိုမြင်လျှင် သနားခြင်းနှင့် ယှဉ်သော ကရုဏာစေတသိက်ကို ဖြစ်စေရာ၏၊ လုပ တင့်တယ် ရှုချင်ဖွယ်စသော အသရေတို့နှင့် ပြည့်စုံသော သုခိတ သတ္တဝါကိုမြင်လျှင် ဝမ်းမြောက်ခြင်းနှင့်ယှဉ်သော မုဒိတာစေတသိက်ကို ဖြစ်စေရာ၏၊ ထိုစေတသိက် ၂-ပါးတို့သည် မဟာကုသိုလ်စိတ်၌ ယှဉ် သောကြောင့် မဟာကုသိုလ်ဇောပင် ဖြစ်ရာ၏၊ ထို့ထက်နှလုံးသွင်းနိုင်မူ မြင်မြင်သမျှ ဝတ္ထုအာရုံတို့သည် မမြဲတတ်သော အနိစ္စသဘော ဘေး နှိပ်စက်တတ်သော ဒုက္ခသဘော အစိုးမရ အလိုသို့ မလိုက်တတ်သော အနတ္တသဘောဟူသော သင်္ခါရဓမ္မမျိုးမျှသာဖြစ်သည်ဟု နှလုံးသွင်း၍ အနုပဿနာဉာဏ်ကို ဖြစ်စေလျှင် ဝါ၊ ပွားစေလျှင်၊ ဂေါတြဘူသို့ ဝါ၊ မဂ်၏ ရှေးသို့ ရောက်အောင် ပို့ဆောင်နိုင်သော မဟာကုသိုလ် ဉာဏ-သမ္ပယုတ်ဇောကိုပင် ဖြစ်နိုင် ရနိုင်ခြင်း ရှိ၏၊ ဤကဲ့သို့ ကောင်းစွာ နှလုံး သွင်းနိုင်သော ပုဂ္ဂိုလ်တို့မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ သမ္မာသမာဓိ ဟူသော ပဥ္စင်္ဂိကမဂ်လမ်းအတိုင်းသွားသည်၊ ဝါ၊ ကျင့်သည်၊ ဝါ၊ အကျွမ်းဝင်သည် မည်သတည်း၊ သို့ဖြစ်၍ မျက်စိ ကြောင့် များစွာ အကုသိုလ်ကိုဖြစ်နိုင်ကြောင်း၊ များစွာသော ဝိပဿနာ ဉာဏ် မဟာကုသိုလ်ကို ဖြစ်နိုင်ကြောင်း မှတ်အပ်၏။

ဤအရာ၌ ဝိပဿနာဉာဏ် ဖြစ်ပွားအောင် ကြည့်မြင်ရခြင်းနှင့် လောဘ ဒေါသ စသော ကိလေသာတို့ကို ပွားများအောင် ကြည့်မြင် ရခြင်း ၂-ရပ်တို့၌ တဒုတက် တခုတိုး၍ အချိန်ကုန်ခြင်း ပင်ပန်းခြင်း မရှိ၊ အတူတူပင် ဖြစ်၏၊ ကုသိုလ်ရခြင်း အကုသိုလ်ဖြစ်ခြင်း အကြောင်း ၂-ရပ်သာခြားနား၏၊ ထို ၂-ရပ်မှာလည်း ယောနိသောမနသိကာရဖြင့် ကုသိုလ်ဖြစ်၏၊ အယောနိသောမနသိကာရဖြင့် အကုသိုလ်ဖြစ်၏၊ ဤသို့ မျှသာ ထူးသတည်း။ ရူပါရုံ၌ သိမ်းဆည်းခြင်းအကြောင်း ပြီး၏။

သောတပသာဒရုပ်ကို နားဟုခေါ်ကြ၏၊ အသံဟူသမျှသည် သဒ္ဒါရုံမည်၏၊ အသံကြားတတ်သော သဘောသည် သောတဝိညာဏ်စိတ်မည်၏၊ သောတပသာဒရုပ်နှင့် သဒ္ဒါရုံတို့၏ ထိခိုက်ခြင်းကြောင့် အသံကိုကြားတတ်သော သောတဝိညာဏ်စိတ် ဖြစ်ပေါ်သတည်း။ ။

ထိုစိတ်ဖြစ်ပေါ်ပြီးနောက် ကောင်းစွာ သတိမပြုလျှင် မိမိမနှစ်သက်သော အသံကိုကြားသဖြင့် ဒေါသဇောကို ဖြစ်စေခြင်း, နှစ်သက်သော အသံကို ကြားသဖြင့် လောဘတဏှာကို ဖြစ်စေခြင်း စသည်များသည် သောတဒွါရကြောင့် အကုသိုလ်ပင် ဖြစ်တတ်၏၊ ထိုအသံအတွက် စိတ်၏ ဖောက်ပြန်ခြင်းကြောင့် သောတပသာဒ ရုပ်သည်လည်း ထိုအသံကို ကြားရအောင် အားထုတ်ခြင်း မကြားရအောင် အားထုတ်ခြင်းတို့ကို ပြုရသည့်အတွက် ပကတိဣန္ဒြေသည် ပျက်သဖြင့် သောတိန္ဒြေ မလုံခြုံသည် မစောင့်စည်းသည် မည်ရာ၏၊ ထိုသို့မဖြစ်စေပဲ၊ ဘုံ၏ဝေလေ့အားဖြင့်၊ အရပ်ထဲ၌ ဆဲဆိုခြိမ်းခြောက် ဟိန်းဟောက်သောလူသံ တိရစ္ဆာန်အသံတို့ကို ကြားရတတ်မြဲဖြစ်၏၊ ထိုသို့ကြားရသော်လည်း ဒေါသဇောကို မဖြစ်စေရ၊ ဤအသံမျိုးသည် သူတော်ကောင်းတရား မရှိသော ပုဂ္ဂိုလ်သတ္တဝါတို့ သန္တာန်၌ အသုံးပြုသော အသံမျိုးဖြစ်သည်၊ သူတော်ကောင်းတရားရှိသောငါသည် သည်းခံအပ်၏ ဟူ၍လည်းကောင်း၊ ဘာဂျာ စောင်းညှင်းအသံ သီချင်းသံအစရှိသော အသံတို့ကို ကြားရသောအခါတို့၌လည်း ဤသို့သောအသံသည် မိမိအား ဖွဲ့နှောင်ရစ်ပတ်တတ်သောကြောင့် သူတော်ကောင်းတို့သည် နှစ်သက်အပ်သည်မဟုတ် ဟူ၍လည်းကောင်း သိမ်းဆည်းရာ၏။

ဤသို့ မသိမ်းဆည်းပဲ အလိုလိုက်၍ ပေးသည်ရှိသော် ဒေါသပွားများရာ၏၊ ထိုဒေါသသည် ကြီးကျယ်သောသဖြင့် အမြဲနှလုံးထား လျက် ရန်ငြိုးဖွဲ့ခြင်းဟု ဆိုအပ်သော ဥပနာဟသို့ ရောက်တတ်၏၊ ထိုဥပနာဟဟူသော ဒေါသသို့ရောက်လျှင် သူတပါးတို့အား ညှင်းပန်း နှိပ်စက်ရန် အားထုတ်သဖြင့် ယခုလောက၌ ပေါင်သို့လည်းကျရာ၏၊ သူတပါးနှင့် ခိုက်ရန်ဖြစ်ရာမှ သတ်ဖြတ်၍လည်း သေတတ်ရာ၏၊ သေသော အခါ၌လည်း အပါယ်သို့ ကျရာ၏၊ ထို့ကြောင့် ဆဲဆို ခြိမ်းခြောက်ခြင်း

ဟူသော သဒ္ဒါရှိတခုတည်းနှင့်ပင်လျှင် သံသရာ၌ မဆုံးနိုင်အောင် ဖြစ်စေတတ်သောကြောင့် သူတော်ကောင်းတရား ရှိသူတို့မှာ သည်းခံအပ်၏၊ ထိုသို့သည်းခံရခြင်းသည် ခန္တီပါရမီပင်ဖြစ်၏၊ သဒ္ဒါရှိဟူသော ဆဲဆို ခြိမ်းခြောက် နှိမ်ချကဲ့ရဲ့ ပြောဆိုခံရခြင်းသည် မိမိအကုသလဝိပါက်ကြောင့်ဖြစ်၏ဟု ကောင်းစွာသဘောထားလျှင် ထိုအကုသလ ဝိပါက်ပစ္စည်းပြုသောကြောင့် ဝါ၊ အဆဲခံရသောကြောင့် ခန္တီပါရမီကုသိုလ်ကို ရရာ၏၊ သို့ဖြစ်၍ အဆဲခံရစေတတ်သော အကုသိုလ်သည် ခန္တီပါရမီဟူသော ကုသိုလ်ကို ဖြစ်စေရန် ကျေးဇူးပြု သည်ပင် မည်၏၊ဝါ၊ ဆဲဆိုသူကြောင့် ခန္တီပါရမီပြည့်သည်မည်၏၊ ထိုသူကိုပင် ကျေးဇူးတင်အပ်၏၊ ကောင်းစွာသဘောထား၍ မသိမ်းဆည်းလျှင် အကုသိုလ်ကြောင့် အကုသိုလ်ပွားများခြင်းကို ဖြစ်စေတတ်၏၊ ထို့ကြောင့် အကုသိုလ်သည် ကုသိုလ်အား ကျေးဇူးပြုခြင်း၊ အကုသိုလ်သည် အကုသိုလ်အား ကျေးဇူးပြုခြင်းစသော ပဋ္ဌာန်းတရား အရာများကိုလည်း သတိပြုကြရာ၏၊ ယခုပြဆိုသော အရာသည် ဒေါသဘက်က ပြဆိုခြင်းဖြစ်၏။

လောဘ၏ အကြောင်းကို ဆက်၍ပြပါအံ့၊ သာဂျာ စောင်းညှင်း သီချင်းအသံတို့ကို သာယာကင်ငြိခြင်းရှိလျှင် တဏှာရာဂစသောတရားတို့သည် များစွာ ပွားစီးတတ်၏၊ ထိုသို့ ပွားစီးက ထိုအသံကို မပြတ်ကြားရအောင် အားထုတ်တတ်၏၊ အားထုတ်သည့် အတိုင်း၊ မပြည့်စုံသည့်အခါ အမျိုးမျိုးသော ဒေါသစိတ်ကို ဖြစ်စေတတ်သဖြင့် သံသရာကို ချဲ့တတ်၏၊ အားထုတ်သည့် အတိုင်း ပြည့်စုံ ပြန်လျှင်လည်း ထိုအာရုံသည် မိမိအား ဖွဲ့နှောင်ရစ်ပတ် မြှေးယှက်သဖြင့် လောဘ၊ မောဟ တဏှာ၊ ရာဂစသော မကောင်းသော တရားတို့ကိုသာ ဖြစ်စေ၍ ကုသိုလ်တရားတို့၌ မေ့လျော့ခြင်းဟူသော ပမာဒတရားတို့ကို ဖြစ်စေတတ်၏၊ ထို့ကြောင့် သာယာနာဖွယ်သော အသံတို့ကို ကြားရသော်လည်း ထိုအသံသည် ကြားကာမတ္တဖြင့် ချုပ်ဆုံးပြတ်သွားလေပြီ၊ ထို့ကြောင့် မမြဲသော အနိစ္စသဘောမျှဖြစ်၏ဟု နှလုံးသွင်းလျှင် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောကိုပင် ရအပ်၏၊ ဤတွင် သဒ္ဒါရုံ၌ သိမ်းဆည်းရန် အကြောင်းပြခြင်း ပြီးသတည်း။

ဃာနပသာဒရုပ်ကို နှာခေါင်းဟု ခေါ်ကြ၏၊ အနံ့အမျိုးမျိုးသည် ဂန္ဓာရုံမည်၏၊ ထိုဃာနပသာဒရုပ်နှင့် ဂန္ဓာရုံအနံ့ ထိခိုက်သောအခါ ဃာနဝိညာဏ်စိတ် ဖြစ်ပေါ်၏၊ ထိုစိတ်ဖြစ်ပေါ်ပြီးနောက် ကောင်းစွာ သတိမပြုက မိမိမနှစ်သက်သော အနံ့နံလျှင် ဒေါသဇောကို ဖြစ်စေခြင်း၊ အလိုရှိသော အနံ့ကို နံစေလျှင် သာယာကပ်ငြိသော လောဘဇောကို ဖြစ်စေခြင်း၊ ဤသို့ ဖောက်ပြန်သောစိတ်ကို ဖြစ်စေခြင်းကြောင့် ထို အလိုမရှိသော အနံ့ကို ရှောင်ရှားရန် အားထုတ်ခြင်းတို့ကို အလို ရှိသောအနံ့ကို ရယူရန် အားထုတ်ခြင်းတို့ကို ပြုရသည့်အတွက် ပကတိ ဃာနိန္ဒြေသည် ပျက်သဖြင့် ဃာနိန္ဒြေ မလုံခြုံခြင်းသို့ ရောက်ရ၏၊ ထိုသို့ လောဘ ဒေါသ ဇောတို့ကို မဖြစ်စေပဲ အသင့်နှလုံးသွင်းလျှင် ဣန္ဒြေငြိမ်သက် လုံခြုံသဖြင့် ဣန္ဒြိယသံဝရသီလ ကုသိုလ်ကိုပင် ရသည် မည်၏၊ ဘုံ၏ဓလေ့အားဖြင့် မစင်နံ့ ခွေးကောင်ပုပ်နံ့ ငါးပိနံ့ ညှော်နံ့ လူနံ့စသော မကောင်းသောအနံ့တို့သည် နံတတ်မြဲဖြစ်၏၊ ထိုသို့ ဘုံဓလေ့အားဖြင့် နံတတ်သောအရာကို အလေးပြု၍ ဒေါသကို ဖြစ်စေလျှင် ထိုစက်ဆုပ်ဖွယ်ကောင်းသော ဒုက္ခဘုံဘဝတို့မှ မလွတ် နိုင်ရာ၊ ထို့ကြောင့် ဘုံဓလေ့အတိုင်း တွေ့ထိတတ်ခြင်း၊ မိမိသန္တာန် ၌လည်း မကောင်းသောအနံ့အခိုးတို့ဖြင့် တည်ရှိခြင်းစသော အကြောင်း တို့ကြောင့် ဒေါသဇောကို မဖြစ်စေပဲ ထိုအနံ့တို့မှ ဆင်းလွတ်ရာ ဇာတိကင်းသော နိဗ္ဗာန်ကို ရောက်လိုသောအားဖြင့် မိမိတို့စိတ်ကို သိမ်းဆည်းရာ၏၊ အရပ်အကွက်တို့၌ များသောအားဖြင့် ညှော်နံ့ တို့ကြောင့် ဒေါသများစွာပွားစီးတတ်ကြ၏၊ထိုအနံ့ကိုမပြုရန် မေတ္တာဖြင့် တားဆီး၍မရလျှင် ထိုအနံ့အား ခံနိုင်သောဆေးကိုသော်လည်းကောင်း၊ အနံ့မနံရအောင် လုံခြုံစွာနေခြင်းဖြင့်လည်းကောင်း၊ စိတ်ကိုသိမ်းဆည်း ရာ၏၊ မသိမ်းဆီးပဲ ဒေါသကိုဖြစ်စေလျှင် မိမိကိုယ်ကို မိမိဖျက်ဆီး သကဲ့သို့ ဖြစ်တတ်ရာ၏။

ပန်းနံ့သာရေမွှေး အစရှိသော အနံ့တို့ကြောင့်လည်း ပုဂ္ဂိုလ်သတ္တဝါ တို့အား နှောင်ဖွဲ့ရစ်ပတ် မြှေးယှက်တတ်၏၊ ထိုအနံ့ကို တရားသဖြင့် အလိုရှိတိုင်း မပြည့်စုံလျှင် မတရားသဖြင့် ရှာရတတ်သောကြောင့် ဝါ၊

ခိုးဝှက်လုယူ၍ ရှာရတတ်သောကြောင့် များစွာ အကုသိုလ်ကို ဖြစ်စေ တတ်၏၊ ထို့ကြောင့် ကောင်းသောအနံ့ မကောင်းသောအနံ့ ၂-ပါး တို့ကြောင့် စိတ်ကိုဖောက်ပြန်ခြင်းမဖြစ်စေပဲ သမ္မာသတိဖြင့် ကောင်း စွာသိမ်းဆည်းရာသတည်း၊ ဂန္ဓာရုံ၌ သိမ်းဆည်းရန် အကြောင်းပြခြင်း ပြီး၏။

ဇိဝှါပသာဒရုပ်တို့ကို လျှာဟုခေါ်၏၊ အချိုအချဉ်စသော အရာမျိုး သည် ရသာရုံမည်၏၊ ဇိဝှါပသာဒရုပ်နှင့် ရသာရုံထိခိုက်သည့်အခါ ဇိဝှါ ဝိညာဏ်စိတ်ဖြစ်ပေါ်၏၊ ယိုစိတ် ဖြစ်ပေါ်ပြီးနောက် ကောင်းစွာ သတိမပြုလျှင် မိမိမနှစ်သက်သော အရသာကြောင့် ဒေါသစိတ်ကို ဖြစ်စေခြင်း၊ မိမိနှစ်သက်သောအရသာကြောင့် သာယာကပ်ငြိသော လောဘဇောကို ဖြစ်စေခြင်း ထိုသို့ဖြစ်ခြင်းများကြောင့် လိုကောင်း သော မကောင်းသော အာရုံနောက်ကိုလိုက်၍ ဇိဝှိန္ဒြေကို ဖောက်ပြန် စေတတ်၏၊ ထိုကဲ့သို့ဖြစ်ခြင်းသည် ဇိဝှိန္ဒြေမလုံခြုံ မသိမ်းဆည်းသည် မည်၏၊ ထိုကဲ့သို့ မဖြစ်စေတတ်ပဲ အသင့်နှလုံးသွင်းလျှင် ဇိဝှိန္ဒြေ ငြိမ်သက်လုံခြုံသဖြင့် ဇိဝှိန္ဒြိယသံဝရသီလကို ရသည်မည်၏။

ပုဂ္ဂိုလ်သတ္တဝါ တို့၌ အခါကာလ အားလျော်စွာ ကောင်းသော ရသာရုံကိုရရှိခြင်း၊ မကောင်းသောရသာရုံကို ရရှိခြင်း၊ ဆားပေါ့ခြင်း၊ ဆားငံခြင်း၊ ချိုလွန်းခြင်း၊ ခါးလွန်းခြင်း၊ တူးချစ်ခြင်းစသော အရာတို့ ကို တွေ့တတ်၏၊ မိမိအလိုရှိသည့်အတိုင်း မပြည့်စုံခြင်းကြောင့် ဒေါသ ဇောကို မဖြစ်စေရအောင် သိမ်းဆည်းအပ်၏၊ ကောင်းသောရသာ ရုံတို့ဖြင့် အလိုရှိတိုင်း တွေ့ကြုံခံစားရသော်လည်း သာယာကပ်ငြိခြင်း မဖြစ်စေရ၊ အဘယ်ကြောင့်ဆိုသော် ထိုရသာရုံမျိုးကို ရှာလမ်းသော ကြောင့် တရားသဖြင့် မရသောအခါ မတရားသဖြင့်ခိုးခြင်း၊ ဝှက်ခြင်း သတ်ဖြတ်ခြင်းတို့ကို ပြု၍စားတတ်၏၊ အချို့သူတို့သည် ကြက်ကိုခိုး၍ သတ်စားကြ၏၊ အချို့သူတို့သည် မိမိကိုအိမ်၌ မွေးထား၍သတ်စား ကြ၏၊ ထို့ကြောင့် ရသာတဏှာကို မသိမ်းဆည်းလျှင် သံသရာကို ချဲ့တတ်၏၊ "အပါယ်သို့ ကျတတ်၏၊ တပေါ်၊ ခြိုးခြံစွာကျင့်ရခြင်းသည် လည်းကောင်း" ဟူ၍ဟောတော်မူသော မင်္ဂလာတရားနှင့်အညီ သတိ

ပြီးသဖြင့် ခြိုးခြံစွာကျင့်ရာ၏၊ အဆင်သင့် အခန့်သင့်ရရှိနိုင်သော ပုဂ္ဂိုလ်အားလျော်စွာ မစားရဟု ဆိုသည်မဟုတ်၊ ဘုရားရဟန္တာသော်လည်း ဘုဉ်းပေးတော်မူသည်ပင် ဖြစ်၏၊ သို့ရာတွင် ရသာတဏှာ လွန်စွာမဖြစ်စေရအောင် သတိပြုရာသတည်း၊ ရသာရုံ သိမ်းဆည်းခြင်းအကြောင်း ပြခြင်း ပြီး၏။

ပုဂ္ဂိုလ် သတ္တဝါတို့၏ ကိုယ်ခန္ဓာ တခုလုံးသည် ကာယပသာဒရုပ်မည်၏။

အတွေ့အထိစသော ဝတ္ထုအာရုံမျိုးသည် ဖောဋ္ဌဗ္ဗာရုံမည်၏၊ ထိုဖောဋ္ဌဗ္ဗာရုံသည် ကိုယ်နှင့်ထိသောအခါ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်၏၊ ထိုစိတ်ဖြစ်ပေါ်ပြီးနောက် ကောင်းစွာ သတိမထားလျှင် ထိုတွေ့ထိသော အာရုံကြောင့် လောဘဒေါသဇောကို ဖြစ်စေတတ်၏၊ ထိုစိတ်ဖြစ်ခြင်းကြောင့် ကာယပသာဒရုပ်ဟူသောကိုယ်သည် ဖောက်ပြန်တုန်လှုပ်ခြင်းသို့ ရောက်သဖြင့် ကာယိန္ဒြေသည် ပျက်တတ်၏၊ ကာယိန္ဒြေ မလုံခြုံခြင်းသို့ ရောက်တတ်၏၊ ထိုသို့ မဖြစ်စေပဲ ကောင်းစွာသိမ်းဆည်းလျှင် ကာယိန္ဒြေ လုံခြုံသည်မည်၏။

ဆူးငြောင့်ခလုတ် မီး ရေနွေး မြေကြင်း စသော အရာတို့ ထိသောအခါ ဒေါသဇောကို ဖြစ်စေတတ်၏၊ ထိုသို့မဖြစ်စေရ၊ အဘယ်ကြောင့်ဆိုသော် ဘုံဓလေ့အားဖြင့် တွေ့ထိတတ်မြဲဖြစ်၍ ထိုသို့ တွေ့ထိတိုင်း၊ ဒေါသထွက်လျှင် သံသရာမှမထွက်နိုင်ရာ၊ ထို့ကြောင့် ဤကဲ့သို့တွေ့ထိခြင်း ဒုက္ခခံရသော ထိုထိုဘုံဘဝတို့မှ ကင်းလွတ်လိုသောစိတ်ကို ဖြစ်စေသဖြင့် ထိုဒုက္ခတို့အား သည်းခံနိုင်စေရာ၏၊ ပိုးဖဲကတ္တီပါ အဝတ်အစား အချော်အမွေ့ အိပ်ရာနေရာ ယောကျ်ားမိန်းမစသော အတွေ့အထိ ဣဋ္ဌာရုံအမျိုးမျိုးတို့နှင့် ပေါ့ထိရာ၏၊ သို့ရာတွင် လွန်စွာ စွဲလမ်းကပ်ငြိခြင်း မဖြစ်စေရ၊ သခါရမွေ့သို့ကင်၍ သတိနှင့်ကောင်းစွာ သုံးဆောင်လျှင် အပြစ်ကင်းသည်ပင် ဖြစ်ရာသတည်း၊ ဖောဋ္ဌဗ္ဗာရုံ သိမ်းဆည်းခြင်းအကြောင်း ပြခြင်းပြီး၏။

**စိတ်** စေတသိက် နိဗ္ဗာန် ပညတ် သုခုမရုပ် ၁၆၊ ပသာဒရုပ် ၅၊ ပေါင်း ၂၁-ခုတို့သည် ဓမ္မာရုံမည်၏၊ ထိုဓမ္မာရုံသည် မနောဒွါရ၌ ထင်မြင်လာတတ်၏၊ ထိုသို့ ထင်မြင်လာသော အာရုံတို့ကို ယောနိသောမနသိကာရ ဖြစ်အောင် သိမ်းဆည်းလျှင် မနိန္ဒြေလုံခြုံသည်ပင်မည်၏၊ ဤကား အာရုံ ၆-ပါးတရားတို့ကို သတိပြု၍ သိမ်းဆည်းရန်ပြသော အချက်များ တည်း။

ဤတွင် အမောဃကာလနိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်းပြီးသတည်း။

## ၂၁။ ၆၂-ပါးသောဒိဋ္ဌိအတိုကောက်လင်္ကာ

၁။ သဿ၊ ဧကစ္စ၊ အန္တာနန္တိက၊ အမရာဝိက္ခေပ။

၂။ လေးဖြာစီမှတ်၊ ဆယ့်ခြောက်ရပ်၊ မှတ်လေဒိဋ္ဌိသာ။

၃။ နှစ်ဖြာအဒိစ္စ၊ ဆယ့်ခြောက်ဝသညီ၊ အသညီရှစ်၊ နေသဉ်ရှစ်၊ ခုနစ်ဥစ္ဆေဒ။

၄။ ပရမ၊ ဒိဋ္ဌဓမ္မနိဗ္ဗာန၊ ဝါဒဒိဋ္ဌိပဥ္စာ။

၅။ လုံးစုံပေါင်းလစ်၊ ခြောက်ဆယ့်နှစ်၊ မှားညစ်ဒိဋ္ဌိသာ။

၆။ ရုပ်ဝေဒနာစ၊ အတ္တလည်းကောင်း၊ လောကလည်းကောင်း၊ မြဲကြောင်းယူဘိ၊ မှားဒိဋ္ဌိ၊ သိလေ သဿတ။

၇။ အချို့သတ္တဝါ၊ မမြဲစွာ၊ ချို့မှာမြဲဘိ၊ အယူညှိ၊ သိလေဧကစ္စ။

၈။ ပဋိဘာဂ၊နိမိတ်မျှကို၊ လောကဟုယူ၊ ဆုံးမှုမဆုံး၊ ၂-ခွသုံး၊ မှားထုံး အန္တာနန္တိက။

၉။ ၎င်းပြင်းပေါ်ခြင်း၊ ထိုအခင်းကြောင့်၊ ဖမ်းခြင်းခက်စွာ၊ ငါးအမရာ သို့၊ ကုသလာကုသလ်၊ နှစ်တန်ကျိုးပြစ်၊ ရှိလစ်မရှိ၊ ဖြေကြဘိက၊ မုသားကျအံ့၊ လန့်ကြောက်တွေဝေ၊ ဥစ္ဆေသဿတ၊ခုခုမျှ၌၊တည်ထမရှိ၊ အယူညှိ၊ သိလေအမရာဝိက္ခေပ။

၁၀။ ကြောင်းမရှိထ၊ အတ္တလောကာ၊ ဖြစ်လိုရာဖြစ်၊ အယူညစ်၊ သိလစ် အဒိစ္စသမုပ္ပန္န။

၁၁။ အတ္တာဥ္စမှာ၊ သညာရှိလတ်၊ အယူကပ်၊ မှားလတ်သညီဝါဒ။

၁၂။ သညာမရှိ၊ အယူငြိ၊ မှားဘိအသညီဝါဒ။

၁၃။ အတ္တာဥ္စမှာ၊ သညာရှိသည်၊ မရှိသည်ဟု၊ အမှိုပြု၊ မှားမှုနေဝသညီ နာသညီဝါဒ။

၁၄။ သစ်ပင်ကြွေပြတ်၊ မရှင်အပ်သို့၊ သတ္တဝါသေလတ်၊ မရှင်ပြတ်၊ မှား အပ်ဥစ္ဆေဒ။

၁၅။ အတ္တဘောမှန်၊ ပစ္စုပ္ပန်ဥ္၊ နိဗ္ဗာန်ရောက်ဟု၊ အထင်ရှု၊ မှားမှုပရမ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ။

၆၂-ပါးသော ဒိဋ္ဌိအတိုကောက်ပြီး၏။ အကျယ်ကိုသိလိုမူ မြို့ပြင် ကြီးငါးစောင်တွဲမှာကြည့်ပါ။

မြို့ပြင်ကြီး ဆရာတော်ဘုရား၏ ငါးစောင်တွဲကျမ်း အနက် အဓိပ္ပာယ် ယုတ္တိနှင့်တကွ ပြဆိုသော ပဋိစ္စသမုပ္ပါဒဂမ္ဘီရကျမ်းမှ ထုတ်နုတ်၍ လွယ်ကူ စွာ ကျက်မှတ် အရဆောင်ထားနိုင်အောင် အတိုကောက် သံခိပ်လင်္ကာဖြင့် စီရင်ရေးသားပါအံ့။ အကျယ်ကို သိလိုမူ ထိုငါးစောင်တွဲကျမ်းရင်းကို ဝယ်ယူကြည့်ရှုကြပါစေသတည်း။

## ၂၂။ ပဋိစ္စသမုပ္ပါဒ် သံခိပ်လင်္ကာ

၁။ မောဟစေသိက်၊ အကုစိတ်မှာ၊ ယှဉ်ဖသာခါ၊ အဝိဇ္ဇာခေါ် ကြောင်း မှတ်။

၂။ ပုဗ္ဗန့်မရန်၊ ဟုတ်မှန်သစ္စာ၊ ပိတ်ဖုံးကာ၊ အဝိဇ္ဇာသဘောမှတ်။

၃။ ခန္ဓာ့အာယတနာ၊ ဓာတ်စဉ်လာ၊ တိတ်မှာဖြစ်ပျက်၊ နောက်ဖြစ်ပျက်၊ ၂-ချက်ဖုံးလွှမ်းတတ်။

၄။ ကြောင်းအဝိဇ္ဇာ၊ ကျိုးသခါ၊ ကွယ်ကာဖုံးလွှမ်းအပ်။

၅။ အကြောင်းရှိမှ၊ အကျိုးရ၊ အကျိုးရှိက၊ အကြောင်းစ၊ ဆရှုမမြင်အပ်၊

၆။ ဖြဟ္မာလူနတ်၊ စည်းစိမ်ရပ်မှ၊ ရှိဒုက္ခ၊ သုခထင်စေအပ်။

၇။ ထိုသို့ထင်မှတ်၊ သုခမာတ်ဟု၊ ရအပ်မယုတ်၊ အမြင်နုပ်၊ အားထုတ်သမုဒယခေါ်။

၈။ နတ်သိမ်းလိုမှု၊ အားထုတ်ပြု၊ ဆင်းမှုချောက်သို့မှတ်။

၉။ ဒုက္ခချုပ်ရာ၊ နိရောဓ၊ ဖုံးကာမမြင်အပ်။

၁၀။ နိရောဓသစ္စာ၊ သိကြောင်းဖြာ၊ မဂ္ဂါဖုံးသာတတ်။

သခ်ါရအကြောင်း

၁၁။ လောကီကုသိုလ်၊ အကုသိုလ်မှာ၊ စေတနာ၊ သခ်ါ ၂၉-မှန်။

၁၂။ ပြုပြင်စီရင်၊ အားထုတ်ချင်၊ သခ်ါ သဘောမှန်။

၁၃။ ထိုအားထုတ်မှာ၊ ပစ္စုပ္ပါ၊ ရရာဘိတ်ကြောင်းခံ။

၁၄။ ပုညာပုည၊ အာနေဉ္ဇသာ၊ သခ်ါရာ ၃-ဖြာ ခွဲစိတ်ရန်။

၁၅။ အပုညမှာ၊ အဝိဇ္ဇာ၊ ပါယ်ရွာရောက်ကြောင်းခံ။

၁၆။ ပုညအာနေဉ္ဇာ၊ သခ်ါရာ၊ တဏှာမူလခံ။

၁၇။ ထိုတဏှာမှာ၊ အဝိဇ္ဇာ၊ ကောင်းရာ ရောက်ကြောင်းဖန်။

၁၈။ ကောင်းရာရောက်မှု၊ အကြောင်းပြုလည်း၊ ပျက်မှု အနိစ္စ၊ ဒုက္ခ၊ အနတ္တာ၊ လက္ခဏာ၊ ဖုံးကာအဝိဇ္ဇာန်။

၁၉။ ထိုသို့ဖုံးမှု၊ အကြောင်းစုကြောင့်၊ သုခ, နိစ္စ၊ အထင်ကြ၊ ရမူ ဥပါဒါန်။

၂၀။ ပုညာ အာနေဉ္ဇ၊ ပြုဆဲမျှ၊ မောဟမယှဉ်မှန်။

၂၁။ ပြုဆဲ၌တွင်၊ သူမယှဉ်လည်း၊ အလျင်ဦးစွာ၊ ပိတ်ဖုံးကာ၊ အဝိဇ္ဇာ သဘောမှန်။

၂၂။ တမာခစေ့မှ၊ ကြံပင်စ၊ ကြံမျိုးစေ့မှ၊ တမာခ၊ ပေါက်က မသင့်တန်။

၂၃။ ဝိပါက်မှန်လာ၊ ဇောပြန်စ၊ ကြံဆ နှိုင်းယှဉ်ရန်။

၂၄။ ကင်းပြီးအဝိဇ္ဇာ၊ပုဂ္ဂိုလ်မှာ၊ သင်္ခါမပြု၊ ဉာဏ်မြင်ရှု၊ သိမှု**သက်သေခံ**။

၂၅။ ဝိရုဒ္ဓါ-ဝိရုဒ္ဓ၊ **သာ**ဒိသ-အသဒိသပ္ပန်။

၂၆။ ဆန့်ကျင်မဆန့်၊ တူတန့်မတူ၊ ကြောင်းလေးဆူ၊ မှတ်ယူဓိပ္ပာယ်ပြန်။

၂၇။ ဥာဘာဂကိစ္စ၊ ဝိရုဒ္ဓ၊ သုံးပခွဲစိတ်ချန်။

၂၈။ ရှေးရှေးသင်ကြား၊ နောက်သင်အား၊ ဥာခြားကျေးဇူးခံ။

၂၉။ ကံစေတနာ၊ အကြောင်းဖြာ၊ ပါကာကျိုးကွဲဟန်။

၃၀။ ကာသဘောတာ၊ နေမိုဃ်းရွာ၊ ကြောင်းမှာကျိုးကွဲပြန်။

၃၁။ အဝိရုဒ္ဓ၊ မဆန့်ရ၊ သုံးဝ ခွဲစိတ်ရန်။

၃၂။ ရုပါစက္ခု၊ ဥာတုပြု၊ ပေါ်မှုစက်ဝိညာဏ်။

၃၃။ သိမ်းနှင်းဟေမာ၊ ဉာဏ်ပညာ၊ ဘာဝံအကျိုးမှန်။

၃၄။ ရွှေနောက်ဇောချင်း၊ နေဖလ်လင်း၊ ရုပ်ချင်းဒွိကိစ္စံ။

၃၅။ စပါးသီးမျှ၊ နာမ်သဟာ၊ တူ့ထသဒိသံ။

၃၆။ ထုံးနှင့် နန္ဒင်း၊ ဓာစပ်လျှဉ်း၊ နီခြင်းအကျိုးခံ။

၃၇။ ကြာပဒုမ၊ သံသေဒ၊ ခြောက်ဝဟိတ်ရုပ်နာမ်။

၃၈။ အဝိဇ္ဇာမူလ၊ တခုပြ၊ သင်္ခါရအကျိုးခံ။

၃၉။ တခုစည်စဉ်၊ မျိုးသစ်ပင်၊ နည်းလျှင်ကေတွံ။

၄၀။ အသာဓာရဏ၊ ပါကဋ၊ ပဋ္ဌာနသုံးမျိုးဖန်။

၄၁။ ဖဿကြောင်းလျှာ၊ ဝေဖြစ်လှာ ချုပ်ချာပယမံ။

၄၂။ စက္ခုဝိညာဏ်၊ ဖြစ်ပေါ်ရန်မှတ်၊ များမြတ်ရုပါရုံ၊ ရှိငြားတုံလည်း၊ ထင်တုံရှုပ၊ တခုမျှ၊ ပါကဋ အကြောင်းမှန်။

၄၃။ စက္ခုပသာဒ၊ အကြောင်းမျှကြောင့်၊ ပေါ်ထဝိညာဏ်၊ခြားမဆန်ရ၊ ဧကန္တ၊ အသာမာရဏအကြောင်းခံ။

၄၄။ သဟဇာတ်စု၊ ဝတ္ထုအာရုံ အလုံးစုံ၊ အကုန်ကြောင်းကျိုးမှန်။

၄၅။ မျိုးစေ့မူလ၊ ရေမြေစ၊ ပါရအကြောင်းခံ။

၄၆။ ညွန့်ညှောက်ဝဏ္ဏ၊ ရသောဇ၊ များလှအကျိုးခံ။

၄၇။ ထိုနည်းအဝိဇ္ဇာ၊ သင်္ခါရာ၊ များစွာကြောင်းကျိုးလျှံ။

## ဝိညာဏ်အကြောင်း

၄၈။ သန္ဓိပဝတ္တိ၊ ဘတ္တိံ ရှိ၊ ဝိပါက်ဝိညာဏာ။

၄၉။ ပဋိစ္စသမုပ္ပ၊ ဝဏ္ဏကထံ၊ ဒေသနံ၊ ပယ်ချန်လောကုတ္တရာ။

၅၀။ ပဝတ္တိဖြစ်၊ သန္ဓေမြစ်၊ ဥဒ္ဒစ်အဘိညာ။

၅၁။ ကုသလဝိပါက၊ တိတ်အရ၊ ဟောထဝိပါက်သာ။

၅၂။ ထိုသို့ဟောရာ၊ တဏှာမာန၊ ကြွင်းထပုဂ္ဂိုလ်၊ အကျိုးလို၊ ဟောဆိုအဘိညာ။

၅၃။ အဘိညာကား၊ ကာမအား၊ ပြုငြားအာရုံသာ။

၅၄။ ဈာန်စိတ်ရုပ၊ အာရုံစ၊ ပြုထပဋိဘာ။

၅၅၊ အာရုံမတူ၊ ဘုံမတူပြန်၊ ဝိပါက်၊ ဝိညာဏ်မဖြစ်ရာ။

၅၆။ ဈာန်စတုတ္ထ၊ အကျိုးမျှ၊ ဟောပြအဘိညာ။

၅၇။ သင်္ခါရကား၊ အတိတ်ခြား၊ ကျိုးကားပစ္စုပ်မှာ။

၅၈။ ထိုသို့ဆိုက၊ သင်္ခါရ၊ တိတ်မှရွေ့လာရာ။

၅၉။ ရွေ့မလာပြန်၊ ပစ္စုပ္ပန်၊ ဝိညာဏ်မဖြစ်ရာ။

၆၀။ ရွေ့လည်းမလာ၊ တိတ်သင်္ခါသည်၊ တိတ်မှာချုပ်ပြန်၊ဤသို့မှန်က၊ ဝိညာဏ၊ ဖြစ်ရခဲယဉ်းစွာ။

၆၁။ ထိုထိုစေ၀ဒက၊ ဖြေသမျှ၊ ဒွိဟာကင်းစေရာ။

၆၂။ ထင်ရှားရှိခြင်း၊ မရှိခြင်းနှင့်၊ ပြောင်းခြင်းမပြောင်း၊ အကြောင်း မဟုတ်၊ ပြုလုပ်သခ်ါရ၊ စိုက်ထသရက်စေ့၊ ဆွေးပျက်ရှိလျှင်း၊ သီးသည့်သရက်၊ပင်ရွက်မခြား သဏ္ဍာန်အား၊ ဆက်ငြားဤသို့သာ။

## နာမ်ရုပ်အကြောင်း

၆၃။ ၇၉-မှန်၊ စိတ်ဝိညာဏ်၊ ရုပ်နာမ်အကြောင်းပြ။

၆၄။ စေ ၅၂၊ ရုပ် ၂၈၊ စင်စစ်နာမ်ရုပ်ရ။

၆၅။ ဤအရာတွင်၊ စိတ်ဝိညာဉ်၊ နာမ်တွင်မသွင်းရ။

၆၆။ သွင်းပြန်ခဲ့မူ၊ ကြောင်းကျိုးဟူ၊ အတူဖြစ်သို့ကျ။

၆၇။ ကြောင်းကျိုးနှစ်ဖြာ၊ တကွသာ၊ မှန်စွာမဖြစ်ရ။

၆၈။ နာမ်စတုဝေါ၊ ရုပ်ဧကော၊ ပဥ္စဝေါ-နည်းတူရ။

၆၉။ ပဥ္စဝေါရုပ်နာမ်၊ သုံးမျိုးဖန်၊ ဟောရန်နာမရူပံ နာမရူပ။

၇၀။ ထိုသို့မှန်စွာ၊ မဟောရာ၊ နည်းမှာကေဒေသူပစာရ။

၇၁။ ရုပ်သက်သက်မှန်၊ အသညံ၊ ဝိညာဏ်မရှိထ။

၇၂။ ဝိညာဏ်ကြောင့်သာ၊ ရုပ်ဖြစ်ရာ၊ ဟောရာမသင့်စွ။

၇၃။ ဝိပါက်သာလျှင်၊ ရုပ်ဖြစ်စဉ်၊ ကြောင်းအင်မဟုတ်ထ။

၇၄။ ထိုဘုံ၌တွင်၊ မဖြစ်ခင်၊ ဝိညာဉ်အကြောင်းစ။

## သဠာယတနအကြောင်း

၇၅။ စေတသိကာ၊ ဒွေပဥ္စာ၊ သဠာဖြစ်ကြောင်းနာမ်။

၇၆။ စက်,သော,ဃာ,ဇိ၊ ကာ,ဟာဒီ၊ ခြောက်လီဝတ္ထုကံ။

၇၇။ ဘုတ်စတုကာ၊ ဇီဝိတာ၊ တ၊ဖြာအာဟာရံ။

၇၈။ သဠာယတန၊ ဖြစ်ကြောင်းပြ၊ ရှပ်ရဆဲ့နှင်မှန်။

## အဘယ်သည် သဠာယတနမည်သနည်း

၇၉။ စိတ်ပသာဒ၊ အဇ္ဈတ္တ၊ အရူပ·ဆဋ္ဌာနံ။

၈၀။ အစိုးရလစ်၊ ဖြစ်ရာဖြစ်ထ၊ ချဲ့ခြင်းစ၊ သဠသဘောမှန်။

၈၁။ သန္တိပဝတ္တိ၊ ဝိညာဏ်ရှိအား၊ ယှဉ်ဘ်နာမ်က၊ သဟဇာတံ။
အညမညာနိဿယ၊ ဝိပါကအတ္ထိ၊ အဝိဂတမ္ပယုတ္တ၊ ခုနစ်ရ၊ အရူပ
ပစ္စည်းမှန်။

၈၂။ လောဒေါမောသုံး၊အနှင့်သုံးကာ၊ ချိုနာမ်မှာ၊ ထည့်ပါဟေတုကံ။

၈၃။ ဖဿစေတနာ၊ ချိုနာမ်မှာ၊ ထည့်ပါအာဟာရံ။

၈၄။ ပဝတ္တိတွင်၊ ဝိပါက်ကြည့်၊ ယခင်ပစ္စည်းမှန်။

၈၅။ ပဥ္စဝေါမှာ၊ ယထာရဟာ၊ သင့်ရာပစ္စည်းဖန်။

## ဖဿအကြောင်း

၈၆။ စတုဝေါကာ၊ မနာယတနာ၊ဖဿာ ကြောင်းတရပ်။

၈၇။ ပဥ္စဝေါမှာ၊ အဇ္ဈတ္တာ၊ နောက်မှာဗာဟိရတ်။

၈၈။ ဖဿဖြစ်ရာ၊ ကြောင်းအာယတနာ၊ သုံးဖြာခွဲခြမ်းမှတ်။

## အဘယ်သည် ဖဿမည်သနည်း

၈၉။ ဝိညာဏ်ခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿခြောက်ပါးမှတ်။

၉၀။ သမ္မောဟဝိနောဒနီ၊ အဋ္ဌကထာမှီ၊ ခြောက်လီထိုနည်းမှတ်။

၉၁။ ဝိပါက်ဗာတ္တိံသ၊ ယှဉ်ဖဿ၊ သမောဟ·ရင်းမှတ်။

၉၂။ ခတုကထာ၊ ကျမ်းအလာ၊စိတ်မှာအကုန်မှတ်။

၉၃။ စက္ခုရုပ်ပုံ၊ ဝိညာဏ်စမ္မ၊ ထိုအာယတန၊ ဖဿတခုမှတ်။

၉၄။ ကေဝုစ်ဟောထ၊ အကြောင်းပြ၊ ဖဿအတွက်မှတ်။

၉၅။ ဖဿတရား၊အာရုံအား၊ထိခြားသက်သက်မှတ်။

## ဝေဒနာအကြောင်း

၉၆။ ဝိဘင်းအဋ္ဌကထာ၊ ဝေဒနာ၊ ဝိပါသုံးဆဲ့နှစ်၊

၉၇။ ခါတုကထာ၊ ဝေဒနာ၊ စိတ်မှာအကုန်ဖြစ်။

၉၈၊ ပဉ္စဝိညာ၊ကြွင်းစိတ်မှာ၊ဖဿာမနေ့ာဖြစ်။

၉၉။ ဖဿခြောက်မှာ၊ ယှဉ်တုံပါ၊ ဝေဒနာခြောက်ပါးဖြစ်။

၁၀၀။ ဝေဒနာတရား၊ အာရုံအား၊ ခံစားဆိုးကောင်းဖြစ်။

၁၀၁။ ဆင်းလှ မလှ၊ ရသာချိုချဉ်၊ စိတ်တွင်ကျွှော၊ ဝေဒနာအချက်ဖြစ်။

၁၀၂။ ထိုထိုဝေဒနာ၊စွဲလမ်းလှာ၊ တဏှာဤမှဖြစ်။

## တဏှာအကြောင်း

၁၀၃။ လောဘရှစ်မှာ၊ ယှဉ်လောဘာ၊ တဏှာခေါ်ကြောင်းမှန်။

၁၀၄။ လွန်စွာနှစ်သက်၊ ပြည့်စေခက်စွာ၊ထိုနှစ်ဖြာ တဏှာသဘောမှန်။

၁၀၅။ ခြောက်ပါးအာရုံ၊သာယာတုံ၊ခြောက်စုံတနည်းကြုံ။

၁၀၆။ သုခ ဒုက္ခ၊ အဒုက္ခမ၊ သုံးဝ-ဝေဒနံ။

၁၀၇။ ထိုထိုဝေဒနာ၊ကပ်ငြိသာ၊ တဏှာလောဘမှန်။

၁၀၈။ သူဝေဒနာ၊ သူတဏှာ၊ ဆိုင်ရာချင်းချင်းဖန်။

၁၀၉။ အာရုံခြောက်ဝ၊ ကာမဿာဒ၊ ကာမတဏှာမှန်။

၁၁၀။ ထိုထိုအာရုံ၊ မြဲတည်တုံ၊ ယူတုံသဿတံ။

၁၁၁။ ထိုသဿတ၊ယှဉ်လောဘာ၊ဘဝတဏှာမှန်။

၁၁၂။ ထိုအာရုံစ၊ ပျောက်ပျက်ပ၊ ယူထဉ္စေ့ဒ်။

၁၁၃။ ထိုဥစ္ဆေဒ၊ ယှဉ်လောဘ၊ ဝိဘဝတဏှာမှန်။

၁၁၄။ တဏှာ ၃-တန်၊ သန္တာန်ကာလ၊ အာရုံဆ၊ ပွားက-ရာ့ရှစ်မှန်။

၁၁၅။ အာရုံ ၆-အင်၊ ပြုပြင်လိမ္မာ၊ ထိုဆရာကို၊ များစွာလက္ခ၊ ပေးခြင်းစသို၊ များလှတဏှာ၊ ဖြစ်ပေါ်ရာ၊ ဝေဒနာအကြောင်းခံ။

၁၁၆။ ဝေဒနာကား၊ တဏှာအား၊ တပ်ငြားဥပနိဿယံ။

## ဥပါဒါန်အကြောင်း

၁၁၇။ ကြွက်ကိုကြောင်ခဲ၊ အလွန်စွဲထ၊ လောဘဒိဋ္ဌိ၊ စေတသိ၊ မှတ်သိ ဥပါဒါန်။

၁၁၈။ စွဲသန်ကာမ၊ လှူထကျိုးမရှိ၊ ကျင့်ဘိန္ဒွားခွေး၊ စွဲရေးအတ္တ၊ ခွဲစိတ်က၊ လေးဝဥပါဒါန်။

၁၁၉။ ကာမုပ္ပါဒါ၊ ယှဉ်လောဘာ၊ တဏှာကြောင်းကျိုးမှန်။

၁၂၀။ အကြောင်းလောဘ၊ ကျိုးလောဘ၊ နှစ်ဝခြားနားဟန်။

၁၂၁။ လက်လှမ်းတဏှာ၊ ရဥစ္စာ၊ မြဲငှာဥပါဒါန်။

၁၂၂။ မရအာရမ္မဏာ၊ စွဲတဏှာ၊ ရလှာဥပါဒါန်။

၁၂၃။ အလိုနည်းစွာ၊ ပါပိစ္ဆာ၊ တဏှာဆန့်ကျင်ဘက်။

၁၂၄။ ရောင့်ရဲခြင်းမှန်၊ သန္တုဋ္ဌိတံ၊ ဥပါဒါန်ဆန့်ကျင်ဘက်။

၁၂၅။ ပရိယေသနာ၊ ဒုက္ခမှာ၊ တဏှာ-သူ့အတွက်။

၁၂၆။ ရပြီးဥစ္စာ၊ အာရက္ခာ၊ ဥပါဒါ-သူ့အတွက်။

## ဘဝအကြောင်း

၁၂၇။ လောကီကုသိုလ်၊ အကုသိုလ်နှင့်၊ ယှဉ်ဘိစေတသိက၊ ဒွေပဉ္စ၊ ကမ္မဘဝမှန်။

၁၂၈။ ဝိပါက်ဘာဝတ္တိ၊ စေပြည်တိ နှင့်၊ ယှဉ်ကိန်းကမ္မဇ၊ ရုပ်ဝိသ၊ ဥပပတ္တိမှန်။

၁၂၉။ သင်္ခါရအား၊ ဘဝကား၊ ခြားနားသိစေရန်။

၁၃၀။ ပြုပြင်စီရင်၊ အားထုတ်ခြင်ဘိ၊ ယောနိ ၄-ပါး၊ ကတိ ၅-နှင့်၊ ဌိတိ အား ၇-တန်၊ ၉-တန်သတ္တဝါ၊ ၉-ဖြာဘဝ၊ ဖြစ်ကြောင်းပြ၊ ဘဝ သဘောမှန်။

၁၃၁။ ထိုအားထုတ်မှာ၊ အနာဂါတာ၊ ရရာသဘောမှန်။

၁၃၂။ ပုဗ္ဗာစေတနာ၊ သင်္ခါရာ၊ မုဥ္စာဘဝမှန်။

၁၃၃။ ရှေ့ဇောခြောက်မှာ၊ သင်္ခါရာ၊ သတ္တာ ဘဝမှန်။

၁၃၄။ စေတနာ စေတသိက်မှာ၊ သင်္ခါရာ၊ စိတ်မှာ ဘဝမှန်။

၁၃၅။ ဥပပတ္တိ၊ ၉-ပါးရှိ၊ သိလေခွဲစိတ်ရန်။

၁၃၆။ ကာမရူပ၊ အရူပမှီ၊ သညီအသည်၊ နေဝသည်မှ၊ ကေ‌ာစတု၊ ပဥ္စရူ၊ ကိုးခုဘဝသက်။

၁၃၇။ ကာမရူပ၊ အရူပ၊ ဘဝ သု ငိပါက်။

၁၃၈။ တဏှာသုံးတန်၊ အကြောင်းခံ၊ ဟောပြန်ထိုအချက်။

၁၃၉။ စတုတ္ထာရုပ္ပ၊ ဝိပါက၊ နေဝသညီနက်။

၁၄၀။ ကြွင်းဝိ ၃၁၊ ယှဉ်လစ် ၃၅၊ ရုပ်ကား ၂၀၊ ဘုံဝယ် ၂၉၊ သညီမျိုး၊ ရရိုးသုဝိပါက်။

၁၄၁။ ဝိပါက်စိတ်မှန်၊ အကြောင်းခံ၊ ဟောပြန်သညီနက်။

၁၄၂။ သညာကင်းထ၊ အသည၊ ရစေသုကထွက်။

၁၄၃။ ကေဝေါကာ၊ ရင်းမှာ၊ ၂-ဖြာအမည်ထွက်။

၁၄၄။ စတုဝေါမှာ၊ အရူပါ၊ ၄-ဖြာဘုံမပျက်။

၁၄၅။ စတုကော၊ ကြွင်းသမျှ၊ ပဥ္စဘုံဘဝဂ်။

၁၄၆။ ခန္ဓာ ၅-တန်၊ အကြောင်းခံ၊ ဟောပြန်ထိုအချက်။

၁၄၇။ တနည်း အရူပါဇော၊ စတုဝေါ၊ ဧကောအသညာ။
ကျန်ဆဗ္ဗိသ၊ ဘုံဌာန၊ ပဉ္စဝေါကာရတွက်။

## သတ္တဝါတည်ရာ ဘုံ ၉-ပါး

၁၄၈။ သညီ ၄-ရပ်၊ သညာသတ်ဟူ၊ အရူ ၄-ဖြာ၊ သတ္တဝါ၊ ကိုးဖြာဘုံနေပြ။

## သညီ ၄-ရပ်အကြောင်း

၁၄၉။ သုဒ္ဓိတိမှာ၊ နာမ်ကာယာ၊ သညာနာနတ္တ။

၁၅၀။ ပဌမစျာန်၊ ပါယ်လေးတန်၊ ကေန်ဝိပါက်ရ။

၁၅၁။ ဧကောကာရာ၊ နာနတ္တာ၊ ဒုတာဝိပါက်ဒွ။

၁၅၂။ စပဉ်ဝိပါက်၊ တစတွက်၊ ကေက်နာမ်ကာယ။

၁၅၃။ ဝိပါက်ကြောင်းခံ၊ သညီမှန်၊ ၄-တန်ထိုနည်းပြ။

၁၅၄။ ဝိနိပါတိကာ၊ အသူရာ၊ လူ့ရွာနတ်ဌာန။

၁၅၅။ ပဌမစျာန်၊ ပါယ်လေးတန်၊ ယူရန်တဌာန။

၁၅၆။ ဒုတိယစျာန်သုံးဘုံ၊ အလုံးစုံ၊ ယူရုံတဌာန။

၁၅၇။ တတိယစျာနာ၊ ဝေဟပ္ဖလာ၊ သုဒ္ဓါဘုံတ်ဝ။

၁၅၈။ ဘုံအကြောင်းခံ၊ သညီမှန်၊ ၄-တန် တနည်းပြ။

၁၅၉။ ပ,ဒု,တမှန်၊ အရူပံ၊ ယူရန်သုံးဌာန။

၁၆၀။ ထိုထိုဌာနံ၊ ခုနစ်တန်၊ ဝိညာဏ်ဋ္ဌိတိရ။

၁၆၁။ ဒေဝမနုဿာ၊ ပေတာ နိရိယ၊ တိရစ္ဆာန၊ ငါးဝဂတိမှာ။

၁၆၂။ ဇလာဗုဇ၊ သံသေဒ၊ အဏ္ဍာဩပပါ။
ယောနိလေးပါး၊ အစဉ်အား၊ မှတ်သားသိစေရာ။

## အဘယ်သည် ဇာတိမည်သနည်း

၁၆၃။ ခဏတ္တယသမင်္ဂီ၊ သန္ဓိပဋိ၊ ဝိပါက်ခန္ဓာ၊ရုပ်ကမ္မဇာ၊ဥပါဒါဇာတိမှတ်။

၁၆၄။ ဘဝကသာ၊ဇာတိမှာ၊နာနာခဏိက၊ ဥပနိဿယ၊နှစ်ဝပစ္စည်းတတ်။

၁၆၅။ သဟဇာတ၊ ခဏ-နာနာ၊ စေတနာ၊ မှတ်ပါနှစ်ကံမှတ်။

၁၆၆။ အကျိုးကင်းရာ၊ သဟဇာ၊ နာနာကျိုးရှိမှတ်။

၁၆၇။ ဗလဝ ဒုဗ္ဗလ၊ ခဏိက၊ ကမ္မ နှစ်မျိုးမှတ်။

၁၆၈။ အားရှိဗလဝ၊ ပစ္စည်းရမှာ၊ နာနာခဏိက၊ ဥပနိဿယ၊ နှစ်ဝ ပစ္စည်းတတ်။

၁၆၉။ ဒိဋ္ဌ ဒုတိယ၊ အကျိုးရ၊ ဗလဝအကြောင်းမှတ်။

၁၇၀။ လယ်ဇောငါးဖြာ၊ ခဏိကာ၊ နိဗ္ဗာရောက်မှပြတ်။

၁၇၁။ ရှေးကု အကု၊ ဖြစ်မှုတခြား၊ ကျိုးပေးခြား၊ မှတ်သားဒိပ္ပာယ်ရပ်။

၁၇၂။ မိမိကသာ၊ ကျေးဇူးဖြာ၊ ပန်မှာမထိုက်အပ်။

၁၇၃။ အိမ်ရှင်ကသာ၊ ဧည့်သည်လာ၊ ပြုရာဝတ်သို့မှတ်။

## တနည်း ဇာတိသုံးမျိုးအကြောင်း

၁၇၄။ ကိလေကမ္မံ၊ ဝိပါကံ၊ သုံးတန်ဇာတိက။

၁၇၅။ ပူပန်ရှုံမှာ၊ ကိလေသာ၊ ပြုကာ ကံသို့ကျ။

၁၇၆။ အကျိုးဝိပါက်၊ အစဉ်ဆက်၊ သုံးချက်ဇာတိက။

## ဇရာ အကြောင်း

၁၇၇။ စိတ်စေရှုပ်စု၊ ဘင်ရှေးရှု၊ တည်မှုဇရာမှတ်။

၁၇၈။ အာယုသံဟာ၊ နိဗ္ဗိယာ ပရိပါကာ၊ ဇရာ ၂-မျိုးမှတ်။

၁၇၉။ အသက်ဆုတ်လျှာ၊ အာယုသံဟာနိကာ၊ ဇရာ တမျိုးမှတ်။

၁၈၀။ စက္ခုန္ဒြိစ၊ အာရုံမျှ၊ ယူထ မစွမ်းလတ်။

၁၈၁။ ထိုသို့ဆုတ်ထ၊ ဣန္ဒြိယ၊ ပရိပါကမှတ်။

၁၈၂။ ခန္ဓိတ်ပါလိတ်၊ ဝလိစ္စတာ၊ ဤသုံးဖြာ၊ ဇရာ တနည်းမှတ်။

၁၈၃။ ခြေသည်းလက်သည်း၊ ကျိုးပျက်စီး၊ ရင့်နီးခန္ဓိစ္စတ်။

၁၈၄။ ပကတိမှာ၊ ဆံဖြူလှာ၊ ဇရာ-ပါလိစ္စတ်။

၁၈၅။ သားရေတွန့်ကာ၊ ဝလိစ္စတာ၊ ဇရာ-တနည်းမှတ်။

၁၈၆။ ဆံဖြူခြင်းစ၊ သွားကျိုးထ၊ ပါကဋရုပ်ဇရာ။

၁၈၇။ နာမ်ရင့်ခြင်းကား၊ မထင်ရှား၊ မှတ်သားနာမ်ပဋိဆန္ဓာ။

၁၈၈။ နုပျိုလွင်သူ၊ ရင့်ရော်မှုချက်၊ ထိုအတွက်၊ သိခက်အဝိစိဇရာ။

၁၈၉။ လှည်း လှေ သစ်ပင်၊ သူလျှင်အိုမှု၊ ထင်ရှားပြု၊ သိမှု သဝိစိဇရာ။

## အဘယ်သည် မရဏမည်သနည်း

၁၉၀။ ခန္ဓာရုပ်နာမ်၊ ဘင်ကွဏံ၊ မရဏံ သဘောမှတ်။

၁၉၁။ ခဏိ,သမု, သမုတ်ဟု၊ သုံးခုခွဲခြားအပ်။

၁၉၂။ ပဝတ္တိရုပ်နာမ်၊ ဘင်ကွဏံ၊ မရဏံ ခဏိမှတ်။

၁၉၃။ ပြေဖြူဝေါဟာ၊ သေဆုံးရာ၊ မရဏာ သမုမှတ်။

၁၉၄။ ဘုရားရဟန္တာ၊ စုတိခါ၊ မှန်စွာ သမုစ္ဆေဒမှတ်။

၁၉၅။ ဤသည်ပဋိစ္စပ်၊ သမုပ္ပာဒ်လာ၊ အရမှာ၊ မရဏာ သမုတိမှတ်။

၁၉၆။ ပရမတ္ထသဘာဝါ၊ အရမှာ၊ သတ္တဝါ-မသေအပ်။

၁၉၇။ ရုပ်နာမ်ခန္ဓာ၊ ပျက်မှုသာ၊ရှိရာစင်စစ်မှတ်။

၁၉၈။ ခန္ဓာ နာမ် ဘေဒေါ၊ ကလေဝရဿ နိက္ခေပေါ၊ ဇီဝိတိန္ဒြိယဿ
ဥပစ္ဆေဒေါ၊ ဟောခြင်း ၃-မျိုး မှတ်။

၁၉၉။ နတ်ပြည်ခြောက်ဝ၊ ရူပဆဲ့ခြောက်တန်၊ အကြောင်းခံ၊ **ခန္ဓာနာမ်** ဘေဒေါမှတ်။

၂၀၀။ လူ တိရစ္ဆာန်၊ အကြောင်းခံ၊ ဟောပြန် ကလေဝရဿ။

၂၀၁။ တနည်းပဋ္ဌဝေါ၊ ကေဝေါ၊ ရုပ်ဟော ကလေဝရဿ။

၂၀၂။ ဇိဝိတိန္ဒြိယဿ၊ ဥပ္ပဇ္ဇေဒေါ၊ ဟောကြောင်း သဝိညာဏကဿ။

၂၀၃။ ဇာတိမှာ တောထုတ်၊ အားနည်းလုပ်ဇရာ၊ သတ်သူမှာ၊ မရဏာ အကြောင်းပြ၊ ဟောထ ဤပုံမှတ်။

## အာဘယ်သည် သောကမည်သနည်း

၂၀၄။ ဒေါသစိတ်မှာ၊ ယှဉ်ဝေဒနာ၊ သောကာခေါ်ကြောင်းမှတ်။

၂၀၅။ ဒေါသစိတ်မှာ၊ ယှဉ်ဒေါသာ၊ သောကာမခေါ်အပ်။

၂၀၆။ ဉာတိ ဘောဂ၊ ရောဂ, သီလာ၊ သမာဓိပျက်၊ စိတ်တွင်နက်၊ ပူချက် သောကမှတ်။

## ပရိဒေဝအကြောင်း

၂၀၇။ စိတ္တဇနှင့်၊ သဒ္ဒရုပ်သာ၊ ပရိဒေဝါ၊ ခေါ်ရာအကြောင်းမှတ်။

## ဒုက္ခအကြောင်း

၂၀၈။ အကုသလ၊ကာယဝိညာဉ်၊စိတ်နှင့်ယှဉ်၊မည်တွင် ဒုက္ခဝေဒနာမှတ်။

## ဒေါမနဿအကြောင်း

၂၁၉။ ဒေါသစိတ်မှာ၊ ယှဉ်ဝေဒနာ၊ ဒေါမနဿခေါ်ကြောင်းမှတ်။

## ဥပါယာသအကြောင်း

၂၁၀။ အာ့သည်းဖိုလှိုက်၊ ခိုက်တုန်ရှိုက်ငင်၊ ပင်ပန်းယှဉ်လာ၊ စေဒေါသာ၊ ဥပါယာသမှတ်။

## သောက, ပရိဒေဝ, ဥပါယာသ, ခြားနားပုံ

၂၁၁။ သောကအိုးတွင်း၊ ဝေခြင်းပရိဒေဝ၊ ကြွင်းကျန်မျှရေး၊ တနွေးနွေး ဖြင့်၊ ခန်းရေးဥပါယာသာ၊ ဤသုံးဖြာ၊ ခြားရာသဘောမှတ်။

## အာသဝေါဟူသော အကြောင်းကြောင့် အဝိဇ္ဇာအကျိုးဖြစ်ကြောင်း

၂၁၂။ ကြောင်းအာသဝါ၊ ကျိုးဝိဇ္ဇာ၊ အာသဝသမုဒယာ၊ အဝိဇ္ဇာသမု ဒယောမှတ်။

၂၁၃။ ဝဋ္ဋကထာဒေသနာ၊ အဝိဇ္ဇာစ၊ တဏှာဘဝ၊ ဟောထကြီးမှူးမှတ်။

## မိစ္ဆာအမြင်ကို ပယ်ပစ်ခြင်းအကြောင်း

၂၁၄။ အဝိဇ္ဇာပစ္စယာ၊ သင်္ခါရာ၊ ဖြဟ္မာဖန်ဆင်းမြစ်။

၂၁၅။ သင်္ခါရပစ္စယာ၊ ဝိညာဏာ၊ အတ္တာဘဝ တပါးမှ၊ ပြောင်းကြွဖြစ် ကြောင်းမြစ်။

၂၁၆။ ဝိညာဏပစ္စယာ၊နာမရူပါ၊အတ္တာကြံဆ ကွဲပြားထ၊လုံးဝအယူမြစ်။

၂၁၇။ နာမရူပပစ္စယာ၊ သဠာယတနံ၊ အတ္တံမြင်ကြား၊ စသည်များ၊ ထင်မှားအယူမြစ်။

၂၁၈။ သဠာယတပစ္စယာ ဖဿော၊ အတ္တဘော တွေ့ထိကား ခံစား၊ အားရနှစ်သက်၊ စွဲလမ်းချက်ဖြစ်၊ ဘဝသစ်၌ ဖြစ်ခြင်းအတ္တ၊ အိုသေရဟု၊ အထင်ရှု၊ မှားမှု အယူမြစ်။

## ပဋိစ္စသမုပ္ပါဒ်၏ ၄-ပါးသောနက်နဲခြင်း

၂၁၉။ အတ္ထဂမ္ဘီရ၊ ဓမ္မဒေသနာ၊ ပဋိဝေဓာ၊ ၄-ဖြာနက်နဲနည်း။

၂၂၀။ ဇရာမရဏ၊ အစအဝိဇ္ဇာ၊ အကျိုးဖြာ၊ အတ္ထာပတ္တိနည်း။

၂၂၁။ အဝိဇ္ဇာစ၊ ဆုံးမရဏ၊ ကြောင်းဓမ္မအနုနည်း။

၂၂၂။ စဆုံးဆုံးစ၊လယ်မှအရင်း၊လယ်ဆုံးနှင်း၊ဟောခြင်းဒေသနာနည်း။

၂၂၃။ ကြောင်းတွေ့သတ္တဝါ၊ဇာခါဖြစ်စဉ်၊ထိုနှစ်ပြင်၊ဟောလျှင်အနုနည်း။

၂၂၄။ ကျိုးတွေ့သတ္တဝါ၊ ဇရာမရဏ။ ဒုက္ခငြိုငြင်၊ အကြောင်းစဉ်က၊ ဇာတိစ၊ ပဋိလောမနည်း။

၂၂၅။ ၄-ပါး အာဟာရ၊ ကြောင်းစဉ်ပြ၊ ကာလတိတ်ခွန့်တိုင်။

၂၂၆။ တဖန်တိတ်မှ၊ ပစ္စုပ္ပန်၊ နာဂအဆုံးတိုင်။

၂၂၇။ အဝိဇ္ဇာစ၊ သဘောမျှကို၊ ဉာဏထိုးထွင်း၊ သိခက်ခြင်း၊ နက်ခြင်း ပဋိဝေဓာပိုင်။

(ပဋိစ္စသမုပ္ပါဒ်၌ ကေတ္တနည်း နာနတ္တနည်း အဗျာပါရနည်း ဧဝံဓမ္မတာနည်းဟူ၍ ၄-မျိုးရှိ၏။)

၂၂၈။ အဝိဇ္ဇာဂစ္ဆယာ၊ သင်္ခါရာ၊ အင်္ဂါတဆဲ့နှစ်ဝ။
တခုစီစဉ်၊ မျိုးသစ်ပင်၊ နည်းလျှင်ကေတ္တ။

၂၂၉။ ထိုနည်းဟုတ်မှန်၊ အမြင်သန်က၊ သန္တာန်အစဉ်၊ ကြောင်းကျိုး အင်ကို၊ အမြင်လင်းဘိ၊ ထိုးထွင်းသိ၊ ပယ်ရှိဥစ္ဆေဒ။

၂၃၀။ ကြောင်းကျိုးစပ်ဟန်၊ သန္တာန်အစဉ်၊ တခုပင်ဟု၊ အမြင်ရှု၊ မှားမှု သဿတ။

၂၃၁။ အဝိဇ္ဇာစ၊ အညာဏအား၊ သဘောများ၊ ပိုင်းခြားနာနတ္တ။

၂၃၂။ ထိုနည်းဟုတ်မှန်၊ အမြင်သန်က၊ ဖြစ်ထသစ်သစ်၊ အမြင်စစ်၊ ပယ်လစ်သဿတ။

၂၃၃။ ပြားလျှင်ထူးဟု၊ တခုသန္တာန်၊ ထူးရန်အပြစ်၊ သီးသီးမြစ်ဟု၊ အထင်ရှု၊ မှားမှုဥစ္ဆေဒ။

၂၃၄။ အဝိဇ္ဇာက၊သင်္ခါရအား၊ငါကဖြစ်ဟု၊ ကြောင့်ကြမှုရှင်း၊ အားထုတ် ကင်း၊ နည်းရင်းအဗျာပါရ။

၂၃၅။ ထိုနည်းမြင်ကာ၊ ဖြဟ္မာသွာ၊ ပုဂ္ဂိုလ်မရှိ၊ အမှန်သိ၊ ဒိဋ္ဌိပယ်အတ္တ။

၂၃၆။ အားထုတ်ကြောင့်ကြ၊ မရှိမျှလည်း၊ ကြောင်းစအဖြစ်၊ မယွင်းပစ်၊ မှားလစ်ကိုရိယ။

၂၃၇။ နို့အကြောင်းစ၊ နို့ဓမ်းရ၊ ခြားမှုကျိုးမဖြစ်။

၂၃၈။ အဝိဇ္ဇာမှ၊ အကြောင်းစ၊ သင်္ခါရအကျိုးဖြစ်။

၂၃၉။ ဝေဝံမေ့တာ၊ နည်းမှန်စွာ၊ သညာနည်းအစစ်။

၂၄၀။ ထိုနည်းဟုတ်မှန်၊ အမြင်သန်မှု၊ ဟေတုကရိ၊ ကြောင်းကျိုးသိ၊ ပယ်ဘိအဟေကိရိယ။

၂၄၁။ ဖောက်ပြန်မှားယွင်း၊ ကြောင်းကျိုးကင်း၊ မှားခြင်းနိယတ။

## မြို့ပြင်ကြီး ဆရာတော်ဘုရား၏ ပဋိစ္စလည်ပုံ ဝင့်သုံးပါးအကြောင်း

၂၄၂။ သင်္ခါကံဘဝ၊ ဤနှစ်ဝ၊ ကမ္မဝဋ်မှတ်ရာ။

၂၄၃။ ဇာကျာဒါန်မှ၊ ကိလေသ၊ ဝဋ်မှတ်စေရာ။

၂၄၄။ ညာဏ် နာ သ ဖသ်၊ ဝေ ၅-ရပ်မှ၊ ဝိပါက၊ ဝဋ်မှတ်စေရာ။

၂၄၅။ အချင်းချင်းစပ်၊ အထပ်ထပ်၊ လည်အပ်ဝဋ်မည်စွာ။

## အစပ်သုံးပါးအကြောင်း

၂၄၆။ သင်္ခါဝိညာဏ၊ ကြောင်းကျိုးပြ၊ ဟေတုဖလစပ်။

၂၄၇။ ဝေဒနာ တဏှာ၊ ကြောင်းကျိုးဖြာ၊ ဟေတုဖလာသန္ဓိမှတ်။

၂၄၈။ ဘဝဇာတိက၊ ကြောင်းကျိုးပြ၊ ဟေတုဖလမှတ်။

၂၄၉။ အကုကုမှာ၊ ဟေတုသာ၊ ဖလမှာဝိပါက်မှတ်။

**မှတ်ချက်။** ။အခြင်းအရာ-၂၀-ယူပုံမှာ မြို့ပြင်ကြီးဆရာ
လယ်တီဆရာ ဇာတ်ကြီးဆယ်ဖွဲ့ရေးသော
ဦးဩဘာသ ပုဂ္ဂိုလ်သုံးပါးလုံး
အတူတူတည်း။

၂၅၀။ ဇာ ဏှာ ဒါန်ခါ၊ ကံတိတ်မှာ၊ ဉာဏ် နာ-သ ဖယ် ဝေ။
၂၅၁။ တိတ်ကြောင်းစုပ်ကျိုး၊ စုပ်နာကျိုး၊ ခြင်းရိုး ၂၀-ထွေ။
၂၅၂။ ထို ၂၀-ကား၊ ဝါဒများ၊ မခြားနည်းတူပေ။

ဇာတ်ကြီးဆယ်ဖွဲ့ရေးသော လေသာတိုက်
ခင်ကြီး ဦးဩဘာသ၏ ပဋိစ္စသမုပ္ပါဒ်လည်ပုံ

၂၅၃။ အစ အဝိဇ္ဇာ၊ ဆုံးမရဏာ၊ အင်္ဂါ ၁၂-မှန်။
၂၅၄။ အဝိဇ္ဇာမူလ၊ အရင်းစ၊ သင်္ခါရအကျိုးခံ။
၂၅၅။ တဏှာမူလ၊ အရင်းစ၊ ဘဝအကျိုးခံ။
၂၅၆။ မူလ ၂-ပါး၊ မိပ္ပာယ်အား၊ ခြားနားသိစေရန်။

အစွန်း သုံးပါးအကြောင်း

၂၅၇။ အဝိသင်္ခါ၊ ပအလွှာ၊ စွန်းမှာအတိတ်ရ။
၂၅၈။ ဉာဏ် နာ သ ဖယ်၊ ဝေ ၅-ရပ်မှာ၊ ဒုအလွှာ၊ တမှာ ဏှာ ဒါန်ဘဝ။
၂၅၉။ အလွှာ ၂-တန်၊ ပစ္စုပ္ပန်၊ စွန်းမှန်တခုရ။
၂၆၀။ ဇာတိဇရာ၊ မရဏာ၊ စလွှာနာဂွန်ချ။
၂၆၁။ ၄-လွှာ ၃-စပ်၊ ၃-ရပ်ကာလံ၊ စွန်း ၃-တန်၊ ဝေဖန်ခွဲစိတ်ကြ။

ဝဋ် သုံးပါးအကြောင်း

၂၆၂။ ဇာ ခါ ဏှာ ဒါန်၊ ဘဝမှန်၊ တိကံ ကိလေသဝ။
၂၆၃။ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿဝေဒနံ၊ ဤ ၅ တန်၊ ပစ္စုပ္ပန်ဝိပါက။

၂၆၄။ ကျာ ဒါန် ဝဇာ၊ သင်္ခါရာ၊ ပစ္စုပ္ပါကိကမ္မ။
၂၆၅။ ဉာဏ် နာ သ ဖသ်၊ ဝေ ၅-ရပ်မှာ၊ အနာဂါ၊ ဝိပါ သုဝဋ္ဋ။
၂၆၆။ ပစ္စုနှစ်ဝ၊ တိတ်နာ ၈-နှစ်၊ ၄-ဆစ် ၅-လီ၊ ၂၀-မှီ၊ အညီခြင်းရာရ။

## လယ်တီဆရာတော်ဘုရား ပဋိစ္စလည်ပုံ ရင်းမှာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်းဖြင့်ပြကြောင်း

၂၆၇။ ဇာ ကျာ ဒါန် ခါ၊ ကံတိတ်မှာ၊ ဉာဏ် နာ သ ဖသ် ဝေ။
၂၆၈။ တိတ်ကြောင်းစုပ်ကျိုး၊ စုပ်နာကျိုး၊ ချင့်ရိုး ၂၀-တွေ့။
၂၆၉။ ပငါးတိတ်ခွန်၊ စ နာခွန်၊ ဒု တ လယ်ခွန်ကာ။
၂၇၀။ ပ ဒု ကြားစပ်၊ ဒု တ စပ်၊ တ စ စပ်သုံးဖြာ။
၂၇၁။ ကြောင်းဘိုး ၂-စုံ၊ ၄-လွှာပုံ၊ မှတ်တုံအကျင့်သာ။
၂၇၂။ ပ တ ကြောင်းခံ၊ ဇာ ကျာ ဒါန်၊ ဝဋ္ဋံကိလေသာ။
၂၇၃။ သင်္ခါကမ္မ၊ ထိုနှစ်ဝ၊ ကမ္မဝဋ္ဋ်မှတ်ရာ။
၂၇၄။ အလွှာ ဒု စ၊ ဝိပါက၊ ဝဋ္ဋမှတ်စေရာ။
၂၇၅။ ပ တ ဒွိတွင်၊ ဇာ ကျာယှဉ်၊ ဟိတ်လျှင် ဒွေမူလာ။

## ဝဋ္ဋ်သုံးပ်ါးလည်ပုံ

၂၇၆။ ကိကံဝိကိ၊ ကံဝိရှိ၊ လှည့်လေချားဟတ်သွင်။
၂၇၇။ ပင်လုံးနွှန့်စီ၊ သီးဆံမှီ၊ ပင်သီးတဖန်ပင်။
၂၇၈။ မမှီဥတု၊ စေးခန်းပြု၊ ပြတ်မှုမျိုးစေ့ပင်။
၂၇၉။ စေးကိ ဆန်ကံ၊ ပင်ဝိသံ၊ ဥမှန်ကာဂုံသွင်။
၂၈၀။ ဗြဟ္မာအာရုံ၊ စေးခြောက်ကုန်၊ ပွားတုံဝိပဿနာယှဉ်။

## ကာလသုံးပါးတွင် အင်္ဂါခုနစ်ပါးသာ ရသည် ဝိညာဏ်နာမ်ရုပ်စသော ငါးခု မပါရကား ပါကြောင်းကိုပြရန်

၂၈၁။ အဝိသင်္ခါ၊ အတိတ်မှာ၊ ပစ္စုပ္ပါ၊ ကျာ ဒါန် ဘဝ။

၂၈၂။ ဓာတိဇရော၊ မရဏာ၊ နာဂါ သုံးကာလ။
၂၈၃။ ဉာဏ်နာသဖယ်၊ ဝေ ၅-ရပ်မှာ၊ ကာသုံးဖြာ၊ ခြံရာပါကြောင်းပြ။
၂၈၄။ ဇာတိဇရာ၊ မရဏာ၊ အင်္ဂါ ၂-ခုအဆိုပြု၊ တူမှု ဥပပတ္တိဘဝ။
၂၈၅။ ထိုဘဝမှာ၊ ဉာဏ်နာသဖယ်၊ ဝေ ၅-ရပ်၊ တူအပ်ပါပြီးရ။

အဝိဇ္ဇာဆိုလျှင် တဏှာ ဥပါဒါန် ပါကြောင်း၊
တဏှာ ဥပါဒါန် ဆိုလျှင် အဝိဇ္ဇာ ပါကြောင်း၊
သင်္ခါရဆိုလျှင် ဘဝပါသည်၊ ဘဝဆိုလျှင်
**သင်္ခါရပါသည့်အကြောင်း**

၂၈၆။ အဝိဇ္ဇာမှာ၊ ဏှာဒါန်ပါ၊ ရာ ဇာ အာဂစ္ဆတိနည်း။
၂၈၇။ ဏှာဒါန်တို့မှာ၊ အဝိဇ်ပါ၊ ပမာရေတောင်းနည်း။
၂၈၈။ သင်္ခါရမှာ၊ဘဝပါ၊ ဘဝဆိုရာ၊သင်္ခါပါ၊ ပမာအထက်နည်း။
၂၈၉။ ပဋိသမ္ဘိဒါ၊ မဂ်၌လာ၊ တိတ်မှာကြောင်း ၅၊ ပစ္စုပ် ၅၊ မှတ်သား ဤသို့နည်း။
၂၉၀။ အဝိဇ္ဇာတဏှာ၊ ဒွေးမူလာ၊ ကာလာခွဲခြားပြ။
၂၉၁။ ရှေးသို့ဟောရာ၊ အဝိဇ္ဇာ၊ နောက်မှာ တဏှာစ။
၂၉၂။ ဒိဋ္ဌိစရိတာ၊ အဝိဇ္ဇာ၊ နောက်မှာ တဏှာစရိတ။
၂၉၃။ ဒုဂ္ဂတိဂါမိ၊ ဝိသေသနာ၊ ပုဒ်မှန်စွာ၊ အဝိဇ္ဇာမူလမှတ်။
၂၉၄။ နွားဏ်သေဘေး၊ ပျော်ကင်းရေး၊ ရေနွေးသောက်သို့မှတ်။
၂၉၅။ သုဂတိဂါမိ၊ ဝိသေသနာ၊ ပုဒ်မှန်စွာ၊ တဏှာမူလမှတ်။
၂၉၆။ နွားဓါးသေဘေး၊ ပျော်ကင်းရေး၊ ရေအေးသောက်သို့မှတ်။

ပဋိစ္စသမုပ္ပါဒ် လည်ပုံ တနည်း

သောကစသော ၅-ပါးကို နောက်ဆုံး၌ ဟောတော်မူသည်၊ ၎င်း၌ အဝိဇ္ဇာလည်းပါရကား အကြောင်းရှိက အကျိုးရှိမြဲ ဖြစ်သည်။

၂၉၇။ သောကဇရာ၊ အဝိဇ္ဇာ၊ မကွာတူဖြစ်မြဲ။

၂၉၈။ ပရိဒေဝါ၊ပြင်းစွာမောဟ၊ တွေဝေမှုသာ၊ အဝိဇ္ဇာ၊မကွာတူဖြစ်မြဲ။

၂၉၉။ အကြောင်းရှိလာ၊ ကျိုးသင်္ခါ၊ ဖြစ်ရာစဉ်မလွဲ။

၃၀၀။ အာသဝ မုဒယာ၊ အဝိဇ္ဇာ၊ မှန်စွာ တနည်းပြ။

၃၀၁။ ဝဋ္ဋကြာမာသခါ၊ ကွေ့ကွင်းကာ၊ သောကာဖြစ်ခြင်းပြ။

၃၀၂။ ဤနည်းဘဝ၊ ဒိဋ္ဌိ အဝိဇ္ဇာ၊ သောကသာ၊ မှန်စွာ ဖြစ်မြဲစွ။

၃၀၃။ အကြောင်းသောကာ၊ ကျိုးဝိဇ္ဇာ၊ သင်္ခါဆက်ပြန်ရ။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး အစိပ္ပာယ် လင်္ကာ

၃၀၄။ ပုဗ္ဗန်ပရန်၊ ဟုတ်မှန်သစ္စာ၊ ပိတ်ဖုံးကာ၊ အဝိဇ္ဇာသဘောမှတ်။

၃၀၅။ ပြုပြင်စီရင်၊ အားထုတ်ချင်၊ သင်္ခါသဘောမှတ်။

၃၀၆။ ထိုအားထုတ်မှာ၊ ပစ္စုပ္ပါ၊ ရရာတိတ်ကြောင်းမှတ်။

၃၀၇။ အတ္တဆိတ်ခြင်း၊ အားထုတ်ကင်းထ၊ ဘဝမပြောင်း၊ ထင်ရှား
ကြောင်း၏၊ သန္ဓေပဋိ၊ သိလေဝိညာဏ်မှတ်။

၃၀၈။ ဖြစ်ခြင်းတကွ၊ သီးသီးမျှပေ၊ မကွေ့မကွာ၊ ဖြစ်လေရာမှန်၊ ဖောက်
ဖောက်ပြန်၊ ရုပ်နာမ်သဘောမှတ်။

၃၀၉။ အစိုးရလစ်၊ ဖြစ်ရာဖြစ်ထ၊ သဠာယတန၊ မုချသဘောမှတ်။

၃၁၀။ တွေ့ထိခိုက်သ၊ ပေါင်းဆုံရ၊ ဖဿသဘောမှတ်။

၃၁၁။ သုခ ဒုက္ခ၊အဒုက္ခမ၊ သုံးဝအာရုံ၊ခံစားခံကုန်ကြ၊ကင်းဇီဝ၊ ဝေဒနာ့
သဘောမတ်။

၃၁၂။ လွန်စွာနှစ်သက်၊ ပြည့်စေ့ခက်စွာ၊ ထို ၂-ဖြာ၊ တဏှာသဘောမှတ်။

၃၁၃။ ပြင်းပြစွဲရောက်၊လွန်မြောက်ခဲရန်၊ထို ၂-တန်၊ဥပါဒါန်သဘောမှတ်။

၁၁၄။ ပြုပြင်စီရင်၊ အားထုတ်ချင်ဘိ၊ ယောနိ ၄-ပါး၊ ဂတိ ၅-နှင့်၊ ဌီတိ အား ၇-တန်၊ ၉-တန်သတ္တဝါသ၊ ၉-ဖြာဘဝ၊ ဖြစ်ထသဘောမှတ်။

၁၁၅။ ထိုအားထုတ်မှာ၊ အနုဘေါ်၊ ရရာသဘောမှတ်။

၁၁၆။ ပဋိသန္ဓိ၊ ထင်ရှားဘိ၊ ဇာတိသဘောမှတ်။

၁၁၇။ ကုန်ခန်းပျက်စီး၊ ဖောက်ပြန်ပြီးကာ၊ ဖြစ်အပ်စွာ၊ မရဏာသဘော မှတ်။

၁၁၈။ ဤတွင်ပဋ္ဌိစ္စာ၊ ကျမ်းလင်္ကာ၊ ကောင်းစွာအပြီးသတ်။

ဤတွင် ပဋိစ္စသမုပ္ပါဒ် သံပေါက်လင်္ကာပြီး၏။

---

၂၃။ ဥဒယျဗ်ဆရား ငါးပါး အစိပ္ပာယ်အကျဉ်းရုံးလင်္ကာ

၁။ ၈၉-ဖြာ၊ စိတ်ဝိညာ၊ သင်္ခါလေ၃တမ္မိုး။

၂။ လောကီစိတ်သာ၊ ဝိကာရ၊ ငါးဖြာရုပ်တနည်း။

၃။ စိတ္တစေတသိက်၊ ရုပ် နိဗ္ဗာန်၊ ၄-တန်လက္ခဏာ၃။

၄။ အာရုံသိထ၊ ဖုသနသီးသီး၊ ဖောက်ပြန်မှီး၊ လွတ်ပြီးငြိမ်းဖွယ်ဖြာ။

၅။ စိတ်စေလောကီ၊ ရုပ်ဌာဝိသ၊ အနိစ္စ၊ ဒုက္ခ အနတ္တာ။

၆။ မဂ်ဖိုလ်စိတ္တုပ္ပ၊ အနိစ္စ၊ အနတ္တလက္ခဏာ၃။

၇။ အသင်္ခတ၊ သန္တ ပဏီဘ၊ နိယျာနိက၊ စုဝ နိစ္စ ကေန္တ၊ သုခ' ခေမံ၊ အဘယံ၊ နိဗ္ဗာန်သဘောဖြာ။

၈။ ထင်ရှားရှိလတ်၊ မရှိလတ်၊ ပညတ်ပရမတ္ထာ။

၉။ သင်္ခါရ ဝိကာရ လက္ခဏာ၊ နိဗ္ဗာန်ပညတ်၊ ဤ ၅-ရပ်၊ သိမှတ်ဥဒယျဗ်။

ဤတွင် ဥဒယျဗ်ဆရားငါးပါးအဓိပ္ပာယ်လင်္ကာပြီး၏။

## ၂၄။ ဝိဟာရ ၃-ပါးအကြောင်း

၁၀။ ဒိဗ္ဗဗြဟ္မ၊ အရိယ၊ သုံးဝဝိဟာရ။

၁၁။ အာဝိကမ္မဋ္ဌာန်း၊ စီးဖြန်းရှိရ၊ ဈာန်ရုပ၊ ဒိဗ္ဗဝိဟာရာ။

၁၂။ ဗြဟ္မစိုလေးဝ၊ စီးဖြန်းရ၊ ဗြဟ္မဝိဟာရာ။

၁၃။ ဖလသမာပတ်၊ ဝင်စားလတ်၊ အရိယာ ဝိဟာရာ။

## ၂၅။ ဝိဝေက သုံးပါးအကြောင်း

၁၄။ ကာမဂုဏ်ငါးဝ၊ ဆိတ်ငြိမ်က၊ ကာယဝိဝေကာ။

၁၅။ ငါးအင်နီဝရဏ၊ ဆိတ်ငြိမ်က၊ စိတ္တဝိဝေကာ။

၁၆။ လေးဖြာဥပဓိ၊ ကင်းငြိမ်းဘိမှန်၊ မြတ်နိဗ္ဗာန်၊ မှတ်ရန်ဥပဓိဝိဝေကာ။

## ၂၆။ ဥပဓိ ၄-ပါးအကြောင်း

၁၇။ ကာယဆုခ၊ ငါးကာမ၊ ကာမဥပဓိ။

၁၈။ ဇာတိဒုက္ခ၊ စသည်ဖြစ်ရာ၊ ငါးခန္ဓာ၊ သညာခန္ဓုပဓိ။

၁၉။ ဆင်းရဲတည်ရာ၊ ကိလေသာ၊ မှန်စွာကိလေသုပဓိ။

၂၀။ သြပပတ္တိ၊ ဘဝိကိုးဖြာ၊ ဖြစ်ရာကေန်၊ ကုကုက်၊ မှတ်ရန်သင်္ခါရုပဓိ။

## ၂၇။ ဒိဗ္ဗစက္ခုအဘိညာဉ်၏ စင်ကြယ်ကြောင်း ဖြစ်သော အခြံအရံဉာဏ်များအကြောင်း

၂၁။ မောဟ ယုတ်စွာ၊ ပညာမြတ်ထ၊ ဆင်းလှမေတ္တာ၊ ဒေါသာမလှ၊ အလောဘကြွယ်၊ ငြိတွယ်လောဘ၊ ဆင်းရဲရမှု၊ သုစရိုက်မှာ၊ ရရာသုဂတိ၊ ဒုစ္စရိမှာ၊ ဒုဂ္ဂတိကျ၊ တီတံသ၊ မြင်ထအာရုံမှာ။

၂၂။ လာလတ္တံ့ရှု၊ နာဂါတ်စု၊ သိမ္မနာဂတံသာ။

၂၃။ တီတာနှစ်ဝ၊ သိမြင်ထ၊ ယထာကမ္မုသာ။

၂၄။ ဒိဗ္ဗဝိဟာရ၊ စတုတ္ထဈာန်၊ အခြေခံ၊ ဘိညံစက္ခုလာ။

## ၂၇-သဗ္ဗညုတဉာဏ်ကို ရခြင်းအရင်းမူလပဟာတူပ နိဿယပစ္စည်းကို ပြခြင်းအကြောင်း

၂၅။ အာသဝက္ခယံ၊ ဝိပဿနံ၊ စဈာန်တဒုပ။

၂၆။ သမာဓိအာ၊ ဝီရိယာ၊ မြဲစွာသတိက။

၂၇။ ပါရမီဉာဏ်၊ ကရုဏာ၊ ဗုဒ္ဓံဖြစ်ကြောင်းစ။

## ၂၈-အာဟာရ ၄-ပါးတို့၏ ကိစ္စအကြောင်း

၂၈။ ကဗဠီဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေးထွေအာဟာရော။

၂၉။ အဋ္ဌကလာပ်၊ ရုပ်ပွားအပ်၊ ဆောင်တတ် ကဗဠီကာဟာရော။

၃၀။ သုခ ဒုက္ခ၊ အဒုက္ခမဟု၊ သုံးဝဝေဒနာ၊ ဆောင်မြဲစွာ၊ ဖဿာ စေတသိကာဟာရော။

၃၁။ ပဋိသန္ဓိ၊ ပဝတ္တိဝိညာဏ်၊ ၂-တန်ဆောင်မှု၊ ကုအကုဋ္ဌ၊ ဆောင်မှုမြဲစွာ၊ အာဟာရ၊ စေတနာစေတသိကာဟာရော။

၃၂။ ၈၉-တန်၊ စိတ်ဝိညာဏ်၊ နာမ်ဆောင်အာဟာရော။

## ၃၀-နီဝရဏတရား ၅-ပါးကို ဈာန်အင်္ဂါ ၅-ပါးနှင့်တွဲ၍ ပယ်သတ်ပုံ

၃၃။ ထိမိဒ် ဝိတက္က၊ ကိစ္စာဝိစာရ၊ဗျာပါဒပီတိ၊ဥဒ္ဓစ္စကုက္ကုစ္စ၊ သုခဝေဒနာ၊ ကာမစ္ဆန္ဒာသမာဓိ၊ဈာန်အင်္ဂါ၊ယှဉ်ဘိပဌမဈာန်။

## ၃၁-သမ္မာဝါယာမ အင်္ဂါ ၄-ပါးအကြောင်း။

၃၄။ သမ္မာဝါယာမ၊ အာတာပ၊ သမ္မပဓာန်ဖြာ။

၃၅။ အာရဗ္ဘနှင့်၊နိက္ခမဓာတ်၊ပရတ်မှတ်၊ပေါင်းလတ် လေးနည်းဖြာ။

၃၆။ မပြီးမြောက်က၊ မနေထ၊ သမ္မဝါယာမာ။

၃၇။ ကိလေသပူပန်၊ သွေ့ခြောက်ရန်၊ ထုတ်ပြန်အာတာပါ။

၃၈။ ကျိုးနှင့်တကွ၊ လုပ်ခွင့်မျှ၊ ကြားရမြင်သိလှာ။

၃၉။ သိမြင်သည်မှ၊ နေ့ညမယွင်း၊ အားထုတ်ခြင်း၊ ခေါ်ခြင်းအာရဒ္ဓာ။

၄၀။ ထိန မိဒ္ဓ၊ ကောသဇ္ဇစက်၊ စိတ်ရတက်၊ ပယ်ထွက်နိက္ခမာ။

၄၁။ အတက်ထက်က၊ အလုပ်မျှ၊ ဆုတ်ထ စိတ်ပေါ်လှာ။

၄၂။ ပေါ်လှာသမျှ၊ တွန်းလှန်ပ၊ ပရက္ကမသာ။

၄၃။ ဤဝီရိယ၊ မရှိက၊ မင်စပိုလ်ဝေးစွာ။

## ၃၂-ကမ္မဝိတရဏဝိသုဒ္ဓိ အကြောင်း

၄၄။ အဝိဇ္ဇာနှင့်၊ တဏှာကြောင်းခံ၊ ဥပါဒါန်ကြောင့်၊ ရုပ်နာမ် သင်္ခါရ၊ ပဋိစ္စမာတ်၊ စက်ရဟတ်ကို၊ မပြတ်ငါထင်၊ ၃-အင် ကာလ၊ ငါဖြစ်ရလော၊ မဖြစ်လောဟု၊ တွေးတောဝိုးဝါး၊ ၁၆-ပါးနှင့်၊ ရှစ်ပါးဝီစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိ- တရဏဝိသုဒ္ဓိ။

## ၃၃-ခန္ဓာငါးပါးတို့ကိုသစ္စာဖွဲ့ပုံအကြောင်း။

၄၅။ ပဋိနိကံ၊ ခြောက်ဒွါရံ၊ မရဏံ ကိုးဝိရ။

၄၆။ ငါးပါးခန္ဓာ၊ ဒုက်သစ္စာ၊ သာယာသမုဒယ။

၄၇။ ထိုထိုခန္ဓာ၊ မဖြစ်လှာ၊ သစ္စာနိရောဓ။

၄၈။ ပဋိသန္ဓိ၊ စုတိဆက်ခါ၊ ခန္ဓာအစဉ်၊ ဉာဏ်မြင်စရှိ၊ မာဒိဋ္ဌိ၊ သိလေမဂ္ဂင်။

## ၃၄-ပရမတ္ထအားဖြင့် သူငါ သွားလာခြင်း မရှိကြောင်းပြရာ ဥပမာလင်္ကာ

၄၉။ လှည်းနွား၊ လှည်းသွား၊ ဤသုံးပါး၊ လှည်းသွားစိတ်နှယ်မှတ်။

၅၀။ စိတ္တဇဝါ၊ နွားနှင့်သာ၊ လှည်းမှာပထဝီကိုယ်ဟုမှတ်။

၅၁။ ထိုသို့သွားလာ၊ သတ္တဝါ၊ သူငါမသွားမှတ်။
၅၂။ အကြောင်းနှင့်သာ၊ စပ်ယှက်ကာ၊ ဖြစ်ရာသဘောမှတ်။

၃၅။ ဝိစိကိစ္ဆာ ၈-ပါးအကြောင်း

၅၃။ သမ္ဘိရတနာ၊ စွန်း ၄-ဖြာ၊ ၈-ဖြာ ဝိစိမှတ်။

၃၆။ ၁၆-ပါးသော၊ ယုံမှားခြင်းအကြောင်း

၅၄။ ဖြစ်လေသမဖြစ်၊ မင်းဖြစ်ဟုတ်လော၊ မြင့်နိမ့်သောအား၊ ပုဏ္ဏားမင်းဖြစ်၊ တိတ်နာနှစ်၊ ပေါင်းလစ် ၁၀-မှတ်။
၅၅။ တိတ်ပုဏ္ဏားလှပ်၊ ကျန် ၄-ရပ်မှာ၊ ဘယ်ရပ်လာသွား၊ ထည့်ထွက် ပြား၊ ခြောက်ပါးပစ္စုပ်မှတ်။
၅၆။ ဆဲ့ခြောက်သုတ္တန်၊ ရှစ်တံ၀မ္မံ၊ ကခံ°ဝိသုဒ္ဓတ်။

၃၇။ သစ္စာ ၄-ပါးတို့၏ သရုပ်အဓိပ္ပာယ်အကြောင်း

ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဟူ၍ ၄-ပါးတည်း။

အဓိပ္ပာယ်ကား – ဆင်းရဲမှုန်သည် ဒုက္ခသစ္စာမည်၏၊ ထိုဆင်းရဲခြင်း၏ ပွားများကြောင်းအမှုန်သည် သမုဒယသစ္စာမည်၏၊ ဆင်းရဲခြင်းနှင့် ဆင်းရဲပွားများကြောင်းတရားတို့၏ ချုပ်ငြိမ်းခြင်းအမှုန်သည် နိရောဓ သစ္စာမည်၏၊ ထိုချုပ်ငြိမ်းရာသို့၊ ဝါ၊ နိဗ္ဗာန်သို့သွားရာလမ်းမှန် အကျင့် သည် မဂ္ဂသစ္စာမည်၏။

ထို ၄-ပါး၌ ကိစ္စအားဖြင့်ကား ဒုက္ခသစ္စာသည် သိအပ်သောတရား ဖြစ်၏၊ အဘယ်ကြောင့် သိအပ်သနည်းဟူငြားအံ့၊ ဒုက္ခအမှုန်ကိုသိမှ ထိုဒုက္ခအား လွတ်လိုသောစိတ်ရှိမည်၊ ထိုစိတ်ရှိမှ ဆင်းရဲဒုက္ခ၏ဖြစ်ရာ အရင်းအမြစ်ကို စိစစ်မည်၊ ထိုသို့စိစစ်မှ ဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသမုဒယကို တွေ့မည်ဖြစ်သောကြောင့်တည်း။

သမုဒယသစ္စာသည် ပယ်အပ်သော တရားဖြစ်၏၊ အဘယ်ကြောင့် ပယ်အပ်သနည်းဟူငြားအံ့။ သံသရာ၏ ဝါ၊ ကျင်လည်ခြင်း၏ မူလ

ရေသောက်မြစ် ဖြစ်သောကြောင့် မပယ်လျှင် သံသရာ၌ ကျင်လည်စေ တတ်သော မျိုးစေ့ မပြတ်သဖြင့် ဘုံသုံးပါးမှ ထွက်နိုင်ရန် မရှိသော ကြောင့်တည်း။

နိရောဓသစ္စာကို မျက်မှောက်ပြုရမည်၊ အဘယ်ကြောင့် မျက်မှောက် ပြုအပ်သနည်းဟူငြားအံ့။ မျက်မှောက်ပြုနိုင်မှသာ ဘုံသုံးပါးမှ ထွက် မြောက်၍ ချမ်းသာအစစ်ဖြစ်သောနိဗ္ဗာန်သို့ ရောက်နိုင်သောကြောင့် တည်း။

မဂ္ဂသစ္စာသည် ပွားများအားထုတ် အပ်သောတရားဖြစ်၏၊ အဘယ် ကြောင့် ပွားများအပ်သနည်းဟူငြားအံ့။ မဂ္ဂသစ္စာကို မပွားက ဝါ၊ နိဗ္ဗာန်လမ်းခရီးမှန်မှန်ကို မသွားက နိရောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန် ကို မျက်မှောက်မပြုနိုင် မရောက်နိုင်သောကြောင့်တည်း။

မဂ္ဂသစ္စာပွားခြင်း နိဗ္ဗာန်လမ်းခရီးမှန်မှန်ကို သွားခြင်းဟူသော အဓိပ္ပာယ်ကား အဘယ်နည်းဟူငြားအံ့။ ပါရမီဖြည့်ကျင့်ခြင်းနှင့်တကွ သမထဘာဝနာ ဝိပဿနာဘာဝနာတို့ကို အားထုတ်ခြင်းစသော မဂ္ဂင် ရှစ်ပါးအကျင့်များကိုပင် ဆိုလိုသတည်း။

## ၃၈။ သစ္စာ ၄-ပါးကို သိမြင်ခြင်းအဓိပ္ပာယ်အကြောင်း

အဘယ်သို့သော သိမြင်ခြင်းကို သစ္စာ ၄-ပါးအား သိမြင်သည်မည် ပါသနည်း ဟူငြားအံ့။ သံသရာဟု ဆိုအပ်သော ဝါ၊ ကျင်လည်ခြင်းဟု ဆိုအပ်သော ခန္ဓာ အာယတနဓာတ်တို့၏ အစဉ် မပြတ်ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်း အစရှိသော ဝဋ်ဆင်းရဲအပေါင်းကို အမှန် သိမြင်ခြင်းသည် ဒုက္ခသစ္စာအား သိမြင်သည် မည်၏၊ ထိုဒုက္ခသစ္စာ၏ ဝါ၊ ဆင်းရဲအမှန်၏ အကြောင်းရင်း ဖြစ်သော တဏှာ သမုဒယကို ဝါ၊ အာရုံ၌ ကပ်ငြိ စွဲလမ်းပွားများတတ်သော တရားကို ဝါ၊ တရားကိုယ်အားဖြင့် လော ဘမူစိတ်၌ယှဉ်သော လောဘစေတသိက်ကို အမှန်သိမြင်ခြင်းသည် သမုဒယသစ္စာအား သိမြင်သည်မည်၏။

ထိုဒုက္ခ သမုဒယ ၂-ပါးတို့၏ ချုပ်ငြိမ်းရာအမှန်ကို သိမြင်ခြင်းသည် နိရောဓသစ္စာအား သိမြင်သည်မည်၏၊ တနည်း။ အလုံးစုံသော ဆင်းရဲဒုက္ခဟူသမျှတို့သည် ချုပ်ငြိမ်း၍ တဖန်ဖြစ်ပေါ်ပွားများခြင်းမရှိသော တရားအမှန်ကို သိမြင်ခြင်းသည် နိရောဓသစ္စာကို သိမြင်သည်မည်၏။

ထိုနိရောဓသစ္စာကို သိခြင်းအကြောင်းဖြစ်သော ကျင့်အပ်သောတရားအမှန်ကို သိမြင်ခြင်းသည် တနည်း နိဗ္ဗာန်သို့သွားရန် လမ်းခရီးအမှန်အား သိမြင်ခြင်းသည် မဂ္ဂသစ္စာကို သိမြင်သည်မည်၏။

သောတာပတ္တိမဂ်သို့ရောက်သည့်အခါမှ သစ္စာ ၄-ပါးအား အမှန်သိမြင်ရ၏၊ ထိုမဂ်သို့မရောက်မီ ရှေးအဖို့၌ သိမြင်ခြင်းကား မြတ်စွာဘုရားဟောတော်မူသော ဒေသနာအစဉ်ကိုမှီ၍ သိမြင်ရသောကြောင့် သညာသိမျှ ရှိသေး၏။

ထိုသို့သညာဖြင့် ရှေးဦးစွာသိမြင်ရခြင်းကိုပင် လွန်စွာယုံကြည် နှစ်သက် အလေးအမြတ်ပြုသော အဓိပတိတရားတို့ကို ဖြစ်စေ၍ မဂ္ဂင်ရှစ်ပါးအကျင့်၌ ကောင်းစွာတည်သဖြင့် သမ္မာဒိဋ္ဌိဉာဏ် အလွန်ရင့်သန်လာသည့်အတိုင်း မဂ်သို့ရောက်မှ သစ္စာ ၄-ပါးအစစ်အမှန်ကို သိမြင်ရသတည်း။

အစဆုံးဖြစ်သော သောတာပတ္တိမဂ်၌ သစ္စာ ၄-ပါးကို အမှန်မြင်ပြီးနောက် ထိုပုဂ္ဂိုလ်သည် အရဟတ္တမဂ်သို့မရောက်သေးပဲ ကမ္ဘာသချေ်သချေ်ာ အကယ်၍နေရငြားသော်လည်း ထိုသစ္စာ ၄-ပါးသည် ပျောက်ပျက်၍မသွားပဲ ထိုပုဂ္ဂိုလ်သန္တာန်မှာ တည်နေ၏၊ ထို့ကြောင့် အစအဆုံးဖြစ်သော သောတာပတ္တိမဂ်သို့ရောက်လျှင် နောင်ဘုရား သာသနာတော်ကို မျှော်လင့်ရန်မလိုပြီ၊ ကိစ္စပြီးစီးခြင်းသို့ ရောက်နိုင်ရာသတည်း။

ထိုကဲ့သို့မဂ်ကိစ္စ တပ်၍ သိသော သစ္စာ ၄-ပါးမဟုတ်ပဲ မြတ်စွာဘုရား ဒေသနာတော်အစဉ်ကို မှီ၍ သညာအားဖြင့်သိသော သစ္စာကား

မြဲစွဲခိုင်ခံ့ခြင်းမရှိပေ၊ ဘုရား တရား တည်းဟူသော နေမင်းအရောင် အလင်းမရှိသည့်အခါ မှောင်မိုက်အတိ ဖြစ်မြဲဖြစ်တတ်၏၊ ထို့ကြောင့် ဘုရား တရားတည်းဟူသော နေမင်းအရောင် အလင်းရှိခိုက်တွင် နိဗ္ဗာန် သို့သွားရာဖြစ်သော လမ်းစခန်းအမှန်သို့ မြန်မြန်ရောက်အောင် သွားသင့် ကြပေ၏။

နိဗ္ဗာန်သို့သွားရာ လမ်းစခန်းအစကား သောတာပတ္တိ မဂ်ကိုပင် ဆို လိုသည်၊ နိဗ္ဗာန်သို့ ထုတ်ချောက် ရုတ်တရက်မရောက်နိုင်သေးသော်လည်း သွားရန်လမ်းစ လမ်းမှန်သို့ရောက်ရှိက လမ်းမှားသို့ဟဖန် မရောက်နိုင် ပြီ၊ ခုနစ်ဘဝထက် လွန်၍လည်း နိဗ္ဗာန်သို့ မသွားရပြီ၊ ဤနေရာနှင့် နိဗ္ဗာန်အသခ်တနိဗ္ဗာန်သည် အလွန်အားဖြင့် ခုနစ်ဘဝသာ ကွာခြား တော့သတည်း။

ထိုနိဗ္ဗာန်လမ်းစခန်းသို့ သွားရာလမ်းအစဆုံးဖြစ်သော သောတာပတ္တိ မဂ်သို့မျှ မရမတွယ်မိကြသူတို့မှာ သာသနာပသည့်အခါ မိုးမှောင် အတိရှိသော ညဥ့်သန်းခေါင်အချိန်၌ မျက်စိမမြင်သောသူ လမ်းသွား သကဲ့သို့ သုံးဆဲ့တဘုံ၌ တဝဲလည်လည် နေရတော့သည်ကို အထူးသတိ ပြုကြသင့်သော အရေးအကြီးဆုံးသော အချက်ကြီးဟု နှလုံးသွင်းကြ ရာသတည်း။

သစ္စာ ၄-ပါး သရုပ်အဆိုပွားယ်နှင့်တကွ ဤတွင် ပြီး၏။

---

၃၉-ဝိပဿနာဉာဏ် ၁၀-ပါးဖြစ်ပုံကို ပြခြင်းအကြောင်း

ထိုဝိပဿနာဉာဏ်ကို ထင်ရှားလွယ်စေခြင်းငှာ ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရား၏ ပရမတ်သံခိပ်လင်္ကာ အတိုင်း ရေးထည့်ပါအံ့။

၁။ ခန္ဓာဒိနည်း၊ပွဲစည်းပြီးခါ၊ သုံးပြာလက္ခဏာ၊ သုံးသပ်ရ၊ သမ္မသန ဉာဏ်။ အဆိုပွားယ်ကား။ ။ခပ်သိမ်းသော ရုပ်နာမ် တရားတို့ကို

ခန္ဓာငါးပါးစသည် စုပုံဖွဲ့စည်း၍ ရုပ် အနိစ္စံ၊ ဒုက္ခံ အနတ္တာ။ နာမ် အနိစ္စံ၊ ဒုက္ခံ အနတ္တာဟူသော လက္ခဏာရေးသုံးပါးသို့တင်၍ အဖန်ဖန် အထပ်ထပ် သုံးသပ်သော ဉာဏ်သည် သမ္မသနဉာဏ်မည်၏။

၂။ ဖြစ်ပွားပျက်မှု၊ အစုံရှု၊ ဥဒယဗ္ဗယဉာဏ်။ ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်း ၂-ပါးကို ရှုသောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

၃။ အပျက်ကိုသာ၊ ရှုတုံပါ၊ သညာဘင်ဉာဏ်။ အဖြစ်အပျက် ၂-ပါး တွင် အဖြစ်ကား မြင်လွယ်၏၊ အပျက်ကား မြင်ခဲ၏၊ လိုရင်းလည်းဖြစ်၏၊ ထို့ကြောင့် အဖြစ်ကိုလွှတ်၍ အပျက်သက်သက်ကို ရှုသောဉာဏ်သည် ဘင်ဉာဏ်မည်၏။

၄။ အပျက်မြင်က၊ ဘယမစ္ဆု၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု၊ ကြောက်ခင်းထွေထွေ၊ ရှုတုံပေ၊ မှတ်လေဘယဉာဏ်။ ရုပ်၊ နာမ်တရား တို့၌ ကြောက်မက်ဖွယ်ဟု ရှုသောဉာဏ်သည် ဘယဉာဏ်မည်၏။

၅။ ကြောက်ဖွယ်ခပင်း၊ မြင်တုံလျှင်းက။ ဘေးဘယမျိုး၊ ရုပ်၊နာမ် ဆိုး၌၊ ကိုးရာမရှိ၊ ခက်မုန်းသိ၊ အာဒီနဝဉာဏ်။ ရုပ်၊ နာမ်တရားတို့၌ ကိုးကွယ်ရာမရှိဟု ခက်မုန်းသိခြင်းသည် အာဒီနဝဉာဏ်မည်၏။

၆။ ကိုးရာမထင်၊ ခက်ပုံမြင်က၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၍၊ မချမ်း မမြေ့၊ ငြီးငွေ့သောထွေ၊ စိတ်အနေ၊ မှတ်လေနိဗ္ဗိန္ဒ။ ရုပ်၊နာမ်တရား နှင့်တကွ တေဘုမ္မက သင်္ခါရတို့၌ ငြီးငွေ့သောဉာဏ်သည် နိဗ္ဗိန္ဒာဉာဏ် မည်၏။

၇။ ငြီးငွေ့အားသန်၊ စိတ်ပူပန်က၊ လျင်မြန်တစိ၊လွတ်လိုဘိ၊ မုစ္စိတု ကမျတာဉာဏ်။ ရုပ်၊နာမ်တရားနှင့်တကွ တေဘုမ္မက သင်္ခါရတို့မှ အလျင် အမြန် လွတ်လိုသောဉာဏ်သည် မုစ္စိတုကမျတာဉာဏ် မည်၏။

၈။ လွတ်လိုလှ၍၊ လွတ်ရတဲ့ဌာ၊ ဘာဝနာ ၄၀၊ အကျယ် ဖြန့်ချိ၊အား တိုက်ဘိ၊ ပဋိသင်္ခါဉာဏ်။ တေဘုမ္မက သင်္ခါရတို့မှ လွတ်လို၍ ဘာ ဝနာ ၄၀-ကို အကျယ်ဖြန့်ချိ အားတိုက်ဘိသောဉာဏ်သည် ပဋိသင်္ခါ ဉာဏ်မည်၏။

၉။ အားတိုက်ရှု၍၊ လွတ်မှုလွတ်ရန်၊ အမြင်သန်က၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သမှု၊ လျစ်လျူရှု၊ သင်္ခါရုပေက္ခာဉာဏ်၊ ထောဘုမ္မက သင်္ခါရတို့၌ မတွယ်သမှု လျစ်လျူရှုသောဉာဏ်သည် သင်္ခါရုပေက္ခာ ဉာဏ်မည်၏။

၁၀။ မဂ်ရောက်လိုသော်၊ အဆော်အနှူး၊ မဂ်လေးဦးအား၊အထူးလျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။ အထက်ဉာဏ် ၉-ပါး ရင့်သန်ပြီး၍ မဂ် ၄ ပါးနှင့် လျော်သောဉာဏ်သည် အနုလောမဉာဏ်မည်၏၊ ဤကား ဝိပဿနာဉာဏ် ၁၀ ပါးတည်း။

## ၄၀-ဝိပဿနာဉာဏ် ရင့်သန်သည့်အခါ ဖြစ်ပေါ်လာသောဉာဏ်များအကြောင်း

၁။ သင်္ခါရုနှင့်၊ အနုလောမ၊ ထိုနှစ်ဝ၊ ဝုဋ္ဌာနဂါမိနီလည်း၊ ခေါ်သတည်း။ မဂ်သို့မချွတ်မလွဲ ရောက်စေတတ်သော သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်နှစ်ပါးကို ဝုဋ္ဌာနဂါမိနီဉာဏ် ခေါ်ပါသည်။

၂။ ဝုဋ္ဌာနဂါမ်၊ လွန်ရင့်သန်က၊ နိဗ္ဗာန်ပေါက်ခါ၊ မဂ်ရောက်လာ၊ လောကုတ္တရာ ဉာဏဒဿနဝိသုဒ္ဓိ။ ဝုဋ္ဌာနဂါမိနီဉာဏ် ရင့်သန်လျှင် မဂ်ရောက်၍ နိဗ္ဗာန်ပေါက်ခြင်းအကြောင်းကို လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိ ခေါ်ပါသည်။

၃။ သိ ပယ် ဆိုက် ပွား၊ ၄ ပါးအချက်၊ တပြိုင်နက်၊ မဂ်၏ကိစ္စတည်း။ ဒုက္ခမှန်ကိုသိခြင်း၊ သမုဒယမှန်ကို ပယ်ခြင်း၊ နိရောဓမှန်ကို ဆိုက်ရောက်ခြင်း၊ မဂ်၏ကိစ္စတရားမှန်ကို ပွားများခြင်း ငှ်း ၄-ပါးသော အချက်တို့သည် မဂ်၏ ကိစ္စမည်၏။

ဤတွင် အဓမ္မောဿကာလနိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း

နောက်ဆက်တွဲပြီး၏။

၄၁။ ၁၂၇၀-ပြည့်၊ ဝါခေါင်လတွင် ဤကျမ်းကို ရေးသားပြီးသတည်း။ ထိုကျမ်းပြီးစီးသော ခုနှစ် လမှာ ကျမ်းရေး ဆရာ၏ အသက်ကား ၃၉-နှစ် ၅-လရှိသတည်း။

## ဆုတောင်း

ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ အမြန်မုချရောက်ရပါလိုသော၀်။ နိဗ္ဗာန်မရောက်သေးသမျှ၊ ခေတ်ကာလဥ်၊ ဖြစ်ထလေရာ၊ငါးခန္ဓာကို၊ ၃-ဖြာလက္ခဏာ၊၁၀-တန်ဝိပဿနာ၊ အဖြာဖြာအား၊ ကြိုးစားနှေည၊ ဝုဋ္ဌာနသို့၊ ဘဝမခြား၊ ရနိုင်ပါစေသော၀်။

သစ္စဒီပကကထာ

# မှတ်သားဖွယ် အကြောင်းအရာစဉ်

အကြောင်းအရာစဉ် — စာမျက်နှာ


[ အ ]

'အတိတ်သမုဒယကြောင့်' အစ ချီသော ဆောင်ပုဒ်လင်္ကာ ၃၈
အထူးသတိပေးချက် ၄၂
အဓိပ္ပါယ်အထူး ၃၁
အဝိဇ္ဇာ တဏှာ မူလ ၂-ပါး ချုပ်အောင် ရှုနည်း ၂၁

[ က-ခ ]

ကတညာဏ် ၃၄
ကိစ္စညာဏ် ၃၃
ကိစ္စပြီးကြောင်း ကတညာဏ်ဖြင့် ဝန်ခံတော်မူပုံ ၃၄
ကိုယ့်အတပ်ကို ဖြေက ကိုယ့် အပတ်ပြေပုံ ၃၆
ကိုယ့်အတပ်နှင့်ကိုယ် ပတ်၍နေပုံ ၃၉
'ကိုယ့်ကိုယ် ကိုယ်ဖျက်' အစချီသော ဆောင်ပုဒ်လင်္ကာ ၂၄
ခန္ဓာငါးပါးကို ပြခြင်း ၃

[ စ-တ ]

စိတ်တန်ခိုး ၄
စောဒက တက်ခဲ့သော် ဖြေပုံ ၂၇
တဏှာကိုပယ်၍ ဒုက္ခမှ လွတ်ပုံ ၃၇

[ ဏ-ဒ-န ]

'တဏှာ သမုဒယကြောင့်' အစ ချီသော ဆောင်ပုဒ်လင်္ကာ ၂၈
ဒုက္ခ၏ တည်ရာ ချုပ်ရာဌာန ပြပုံ ၁၈
ဒုက္ခသစ္စာအနက် ၂
ဒုက္ခသစ္စာ၏လက္ခဏာရသပစ္စုပဋ္ဌာန် ၃
ဒုက္ခသစ္စာကိုမြင်သိက သက္ကာယ ဒိဋ္ဌိ ချုပ်ရပုံ ၅
နာမ်ခန္ဓာ ၄-ပါး ၄
နိရောဓသစ္စာအနက် ၆
နိရောဓသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ၇

[ ပ-ဖ ]

ပစ္စဝေက္ခဏာညာဏ်ဖြင့် ချိန်ထိုး နည်း ၂၅
ပဏာမ ၁
ပုထုဇဉ်စိတ်နှင့် အရိယာစိတ် ခြားနားပုံ ၂၃
ပုထုဇဉ်သန္တာန်၌ လောဘ ဒေါသ မောဟလွှမ်းမိုးနေပုံ ဥပမာ ဂါထာ ၂၄
'ဖြစ်လိုမှုကြောင့်' အစချီသော မှတ်လွယ်ရန်ဆောင်ပုဒ် ၁၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဖ-မ ] | |
| 'ဖြစ်လျှင်ဒုက္ခ' အစချီသော ဆောင်ပုဒ် | ၂၃ |
| မဂ်ကိစ္စ ဆဲ့ခြောက်ချက် | ၃၅ |
| မဂ်ကိစ္စ ပြီးပုံ | ၂၃ |
| မဂ်စိတ်တချက်ဖြင့် မဂ်ကိစ္စ ၄-ပါး ပြီးစီးအောင် ရှုနည်း | ၁၄ |
| မဂ္ဂသစ္စာအနက် | ၈ |
| မဂ္ဂသစ္စာ၏လက္ခဏရသပစ္စုပဋ္ဌာန် | ၈ |
| မဂ္ဂသစ္စာပွါးမှု | ၁၁ |
| မဂ္ဂင်ရှစ်ပါးအဓိပ္ပါယ် | ၉ |
| မိမိသည် နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးဟု ဆုံးဖြတ်နိုင်ပုံ | ၂၈ |
| [ ရ-ဝ-သ ] | |
| ရှပ်တရား | ၃ |
| ဝဋ်သုံးပါးအဓိပ္ပါယ် | ၂၀ |
| ဝဋ်သုံးပါးချုပ်ရန် အနိစ္စ ဒုက္ခ အနတ္တ ကိုယ်တွေ့ရှုနည်း | ၁၉ |
| ဝိပဿနာ ပွါးများရန် | ၂၂ |
| ဝိဝဋ္ဋ အသင်္ခတနိဗ္ဗာန် | ၁၉ |
| သစ္စ ကိစ္စ ကတဉာဏ် ၁၂-ပါး | ၃၅ |
| သစ္စဉာဏ် | ၃၃ |
| သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် တို့၏ အဓိပ္ပါယ် | ၃၁ |
| သစ္စာလေးပါး | ၁ |
| သစ္စာလေးပါး အကျဉ်းမှတ်ရန် | ၁၂ |
| [ သ ] | |
| သစ္စာလေးပါး အမေးအဖြေ | ၁၅ |
| သစ္စာလေးပါးကို အတ္ထဓမ္မဖြင့် ဝေဘန်၍ ရှုပုံ | ၂၉ |
| သစ္စာလေးပါးကို ဥပမာဖြင့် ရှုနည်း | ၁၃ |
| သစ္စာလေးပါးကို ဓမ္မဝဝတ္ထာန် ဖြင့် ငါးဌာန ပိုင်းခြားပုံ | ၃၂ |
| သတိပြုရန်အချက် | ၆ |
| သမုဒယ၏ လက္ခဏရသပစ္စုပဋ္ဌာန် | ၆ |
| 'သမုဒယကြောင့်' အစချီသော မှတ်လွယ်ရန် ဆောင်ပုဒ် | ၁၂ |
| သမုဒယသစ္စာအနက် | ၆ |
| သမ္မာအာဇီဝ | ၁၀ |
| သမ္မာကမ္မန္တ | ၁၀ |
| သမ္မာဒိဋ္ဌိ | ၉ |
| သမ္မာဝါစာ | ၁၀ |
| သမ္မာဝါယာမ | ၁၁ |
| သမ္မာသင်္ကပ္ပ | ၁၀ |
| သမ္မာသတိ | ၁၁ |
| သမ္မာသမာဓိ | ၁၁ |
| သောတာပတ္တိဖိုလ် မြတ်ပုံ | ၄၂ |
| 'သောတာပတ္တိမဂ္ဂဉာဏ်' အစ ချီသောဆောင်ပုဒ်လင်္ကာ | ၂၅-၇ |
| သောတာပန် အမေးအဖြေ | ၄၀ |
| သောတာပန်၏ အဓိပ္ပါယ်လင်္ကာ | ၂၅ |
| သောတာပန်ရအပ်သောအကျိုး | ၂၇ |


သစ္စဒီပကကထာ မှတ်သားဖွယ် အက္ခရာစဉ် ပြီးပြီ။

အက္ခရာစဉ် စာမျက်နှာ

[ ဉ ]

ညောင်ပင်သာသရာတော် စီကုံး ထားသော သံဝေဂလင်္ကာ ၈၇

[ တ-ထ-ဒ-ဓ ]

တချက်ခုတ် ၁၂-ချက်ပြတ်ကရား ၁၀၅
တဏှာမှ နိဗ္ဗာန်သို့ ထွက်ပုံ ၉၁
'တဏှာသမုဒယကြောင့်' အစ ချီသော ဆောင်ပုဒ်လင်္ကာ ၉၀
တဒင်္ဂပဟာန် ၁၀၀
တေဇောဓာတ် လေးပါး ၆၂
'ထိုင်စကောင်းစွာ' အစချီသော လင်္ကာ ၆၀
ဒုက္ခနှင့် သုခကို ခွဲခြားမြင်သိ အောင် ပုတီးစိပ်နည်း ၆၉
'ဒုက္ခမြင်သိ တဏှာကွာ' အစချီ သော လင်္ကာ ၇၆
ဒုက္ခသစ္စာ ၆၁
ဒုက္ခသစ္စာ အနက်လေးချက် ၆၉
ဓမ္မစကြာ၏ ဂုဏ်ထူးကို ပြပုံ ၅၃

[ န ]

နာမ်နှင့်ရုပ်ကို သတ္တ ဇီဝ ပုဂ္ဂလ ဟု အထင်မှားပုံ ၆၇
နာမ်ရုပ်မှတပါး ပုဂ္ဂိုလ် သတ္တဝါ မရှိပုံ ၆၆
နာမရူပဝဝတ္ထာန်ဖြင့် သက္ကာယ ဒိဋ္ဌိကို ပယ်ခြင်း ၁၀၁
နိဗ္ဗာန်နှင့် မဂ်စိတ် တွေ့ထိပုံ ၉၃

[ န ]

နိဗ္ဗိန္ဒာဉာဏ်ဖြင့် နန္ဒီရာဂကို ပယ်ခြင်း ၁၀၂
နိရောဓသစ္စာ ၇၁
နိဿရဏပဟာန် ၁၀၅

[ ပ ]

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အဟေ-တုက ဒိဋ္ဌိကို ပယ်ခြင်း ၁၀၁
ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ယုံမှား ခြင်းကို ပယ်ခြင်း ၁၀၁
ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ဝိသမ ဟေတု ဒိဋ္ဌိကို ပယ်ခြင်း ၁၀၁
ပဋိပ္ပဿဒ္ဓိပဟာန် ၁၀၅
ပဋိသင်္ခါဉာဏ်ဖြင့် တဖန် မဆင် ခြင်လိုမှုကို ပယ်ခြင်း ၁၀၃
ပဌမမဂ်မှ အထက်မဂ်သို့ တက်ရန် ဝိပဿနာ ပွါးနည်း ၉၃
ပဏ္ဏာမ ၄၇
ပထဝီဓာတ် ၂၀ ၆၁
ပယ်ရန် မာတိကာအကျဉ်း ၁၀၀
ပရိယတ်အနေဖြင့် သစ္စာနှင့် စပ်သော ဂါထာ ၅၀
ပဟာန် ငါးပါး ၁၀၀
ပုထုဇဉ် ခန္ဓာ၌ အားထားစရာ မရှိပုံ ၈၅

[ ဖ ]

ဖလသမ္မာဒိဋ္ဌိ ၇၅
'ဖြစ်လျှင်ဒုက္ခ'အစချီသောလင်္ကာ ၇၇

## သောတာပတ္တိမဂ္ဂကထာ

# မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ-အာ ]

အကန်းအကျိုးဥပမာ ၆၃
အကြံကောင်းရှိကြရန်သတိပေးပုံ၉၉
အကြောင်းအားလျော်စွာ ရှုပုံ ၆၅
အချက်များစွာခုတ်သော်လည်း တချက်မှမပြတ်သောတရား ၁၀၆
အတ္တသက္ကာယဒိဋ္ဌိ ၆၁
အဓိဋ္ဌာန်ပြုတော်မူပုံ ၅၂
အဓိပ္ပါယ်အထူး ၁၀၇
အနတ္တလက္ခဏာသုတ်အရ ဝိပဿနာရှုပုံ ၅၉
အနုလောမဉာဏ်ဖြင့် မောဟကို ပယ်ခြင်း ၁၀၃
အပါယ်သို့ကျလျှင် အမျိုးမျိုး ဖြစ်ရပုံ ၈၇
အဘိယာစကနိဒါန်းကျမ်းအမည် ၄၇
အာဒီနဝဉာဏ်ဖြင့် တဏှာကို ပယ်ခြင်း ၁၀၂
အာနာပါနဖြင့် ရှုပုံ ၆၅
အာပေါခေတ် ၁၂ ၆၁

အက္ခရာစဉ် — စာမျက်နှာ

[ ဣ-ဥ ]

ဣရိယာပုထ် ၄-ပါးဖြင့် ရှုပုံ ၆၅
ဥဒယဉာဏ်ဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်ခြင်း ၁၀၂
ဥပေက္ခာဉာဏ်ဖြင့် လျစ်လျူ မရှုလိုမှုကို ပယ်ခြင်း ၁၀၃
ဥယျောဇဉ်နိဒါန်းများ ၄၇-၈

[ က-ခ-ဂ ]

ကမ္မဿကသမ္မာဒိဋ္ဌိ ၇၅
ကလာပသမ္မသနဖြင့် တဏှာဒိဋ္ဌိ ဂါဟကို ပယ်ခြင်း ၁၀၁
ကောဋ္ဌာသ ၄၂-ပါး ၆၁
ကောင်းမှုကြောက်သူသည် ချမ်းသာကိုကြောက်သူမည်ပုံ ၈၈
ကျမ်းပြုပုဂ္ဂိုလ်၏ နိဂုံးစကား ၁၀၆
ခန္ဓာ ၅ပါး၌ ရှုပုံ ၅၇
ချမ်းသာအဆင့်ဆင့် ၄၉
ဂေါတြဘူဉာဏ်ဖြင့် သင်္ခါရနိမိတ်ကို ပယ်ခြင်း ၁၀၃

[ ဈ-ဉ ]

ဈာနသမ္မာဒိဋ္ဌိ ၇၅
ဉာဏ်အမြင်ရှိပုံ ၄၈

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဖ-ဗ-ဘ-မ ] | |
| ဖွဲ့ချည်ပုံ | ၉၁ |
| ဗျာဒိတ်ပေးတော်မူပုံ | ၅၁ |
| ဘယဒဿနဖြင့် သဘယ၌ အဘယသညာကို ပယ်ခြင်း | ၁၀၂ |
| ဘဝဂ္ဂတိ မမြဲပုံ | ၇၆ |
| ဘဝတိုင်း ကောင်းမှုမပြုနိုင်ပုံ | ၇၅ |
| မဂ်ဖိုလ်ရခြင်း မရခြင်းအကြောင်းကို အထူး သတိပြုတော် မူကြရန် | ၆၇ |
| မဂ်ရသည်ကို သိနိုင်ကြောင်း အဆုံးအဖြတ် | ၃၇ |
| မဂ်လေးပါးသို့ တက်ပုံ | ၃၆ |
| မဂ်သည် ကိလေသာကို ပယ်ပုံ | ၃၄ |
| မဂ္ဂသစ္စာ | ၃၃ |
| မဂ္ဂသမ္မာဒိဋ္ဌိ | ၃၅ |
| မဂ္ဂါမဂ္ဂဝဝတ္ထာန်ဖြင့် အမဂ္ဂသညာ၌ မဂ္ဂသညာကို ပယ်ခြင်း | ၁၀၁ |
| မန်လည်ဆရာတော်၏ ဒွတ္တိံသာကာရ ရှုနည်းလင်္ကာ | ၉၄ |
| မုဉ္စိတုကမျတာဉာဏ်ဖြင့် သံသရာ မလွတ်လိုမှုကို ပယ်ခြင်း | ၁၀၃ |
| မြတ်စွာဘုရား နိယတဗျာဒိတ် ရတော်မူပုံ | ၅၁ |
| မြတ်စွာဘုရား သာသနာ ထားတော်မူခဲ့ပုံ | ၅၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ရ-လ ] | |
| ရဟန်းများသို့ မြတ်စွာဘုရား သတိပေးတော်မူပုံ | ၉၉ |
| ရာဂနှင့် မာန ပယ်ပုံ | ၉၅ |
| ရုပ်နာမ်ခန္ဓာ၌ ဝိပဿနာရှုပုံ | ၅၃ |
| 'ရှစ်သောင်းဒိန်ပါ' အစခ်ိုသော လင်္ကာ | ၇၆ |
| လောက အရှုပ်အထွေးကို ဆုံးဖြတ်ပုံ | ၉၀ |
| လှည်း နွား လှည်းမောင်းသူ ဥပမာ | ၆၃ |
| [ ဝ-သ ] | |
| ဝယဉာဏ်ဖြင့် သဿတဒိဋ္ဌိကို ပယ်ခြင်း | ၁၀၂ |
| ဝါယောဓာတ် | ၆၂ |
| ဝိက္ခမ္ဘနပဟာန် | ၁၀၄ |
| ဝိပဿနာရှုသည့်အခါ လက္ခဏာ ထင်ပုံ | ၆၀ |
| ဝိပဿနာသမ္မာဒိဋ္ဌိ | ၃၅ |
| သံဝေဂလျင်စွာရရန် ကျက်မှတ်၍ ဆင်ခြင်ပွါးများနည်း | ၇၉ |
| သံသရာစက်ပြတ်ပုံ | ၃၂ |
| သံသရာစက်လည်ပုံ | ၃၂ |
| သံသရာဝဋ်ဒုက္ခမပြတ် လည်ပုံ ချုပ်ပုံ ဥပမာ | ၃၂ |
| သက္ကာယဒိဋ္ဌိပုံ ကိုယ်တွေ့ရှုနည်း | ၆၃ |
| သစ္စာလေးပါး အမေးအဖြေ | ၆၇ |
| သစ္စာလေးပါးကို ဆင်ခြင်ပုံ | ၃၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သစ္စာလေးပါး ဖြစ်ပေါ်လာပုံ | ၅၃ |
| သစ္စာလေးပါး မြင်သိပုံ | ၈၀ |
| သစ္စာလေးပါး မြင်သိပုံတနည်း | ၅၀ |
| သစ္စာသိအောင်ကြိုးစား | ၄၉ |
| သစ္စာသိက နိဗ္ဗာန်ရမှု အန္တောဂဓတ ဖြစ်ပုံ | ၈၂ |
| သစ္စာသိမှု၌ တည် မတည် | ၅၅ |
| သစ္စာသိလိုက ဓမ္မစကြာ သစ္စာ လေးပါးကို ကျက်ပါဟု သတိပေးပုံ | ၅၆ |
| သတိပဋ္ဌာန်နှင့် ဝိပဿနာ ရှုပုံ | ၆၄ |
| သတ္တဝါများ သံသရာမှ မလွတ်နိုင်ပုံ | ၈၁ |
| သမုစ္ဆေဒပဟာန် | ၁၀၄ |
| သမုဒယသစ္စာ | ၇၀ |
| သမုဒယသစ္စာ အနက် ၄-ချက် | ၇၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သမ္မာဒိဋ္ဌိငါးမျိုးနှင့် အဓိပ္ပါယ် | ၇၄ |
| သဒ္ဓါယတန သံယုတ်အရ ဝိပဿနာပွါးပုံ | ၈၆ |
| သုတသိမှ ပဋိဝေဓသိပုံ | ၅၄ |
| သုံးဌာန အဓိဋ္ဌာန်တော်မူပုံ | ၅၂ |
| သူတော်ကောင်းတို့ နိဗ္ဗာန်သို့ ထွက်ပုံ | ၈၂ |
| သောတာပန်တို့ ရအပ်သော အကျိုး | ၇၄ |
| သောတာပန်ဖြစ်ရကျိုး | ၇၉ |
| သောတာပန် ပယ်သော တရားများ | ၇၀ |
| သောတာပန် ၃-မျိုး ၇-မျိုး | ၇၃ |
| 'သွားကျိုးဆံဖြူ'အစရှိသော ဆောင်ပုဒ်လင်္ကာ | ၆၉ |


သောတာပတ္တိမဂ္ဂကထာ

မှတ်သားဖွယ် အက္ခရာစဉ် ပြီးပြီ။

ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာတဗ္ဗကထာ

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ ]** | |
| အက္ခရာကိုးလုံးကို ကျက်မှတ် ပွါးများကြရန် | ၁၈၂ |
| အက္ခရာကိုးလုံးဖြင့် ပုတီးစိပ်ခြင်း | ၁၈၁-၂ |
| အင်္ဂိဒတ္တရသေ့ဝတ္ထု | ၁၆၆ |
| အတိတ်၌ ယုံမှားခြင်း ၅-ပါး | ၁၃၇ |
| အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်သော ကြောင့် အနတ္တ | ၁၂၅ |
| အတ္တဒိဋ္ဌိ | ၁၂၆ |
| အတ္တဒိဋ္ဌိခွါပုံ အမေးအဖြေ | ၁၁၉ |
| အတ္တဒိဋ္ဌိနှင့် အက္ကာယဒိဋ္ဌိ အတူတူ | ၁၂၂ |
| အထူးသတိပေးချက် | ၁၄၄ |
| အနတ္တဖြင့် သက္ကာယဒိဋ္ဌိခွါနည်း | ၁၁၈ |
| အနတ္တဟု ရှုရန် အတ္တဒိဋ္ဌိ ခွါနည်း | ၁၁၉ |
| အနာဂတ်၌ ယုံမှားခြင်း ၅-ပါး | ၁၃၈ |
| အနှစ်အသားမရှိသောကြောင့် အနတ္တ | ၁၂၅ |
| အဘိဓမ္မာနည်း ဝိစိကိစ္ဆာပယ်ပုံ | ၁၄၀ |
| အဘိသင်္ခတ သင်္ခါရ | ၁၂၉ |
| အဘိသင်္ခရဏကသင်္ခါရ | ၁၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ-အာ-ဥ ]** | |
| အဘိယာစက နိဒါန်းနှင့် ဥယျောဇဉ် | ၁၁၁ |
| အလိုသို့လိုက်ခြင်းမှ ဆိတ်သော ကြောင့် အနတ္တ | ၁၂၅ |
| အဝိဇ္ဇာမောဟ ကိလေသဝဋ္ဋ | ၁၆၂ |
| အာပေါဆယ့်နှစ်ကို ပွါးပုံ | ၁၃၃ |
| အာပေါဓာတ်ဆယ့်နှစ် | ၁၃၁ |
| အားကိုးရာ သစ္စာတရား | ၁၆၅ |
| ဥဒါန်းနည်း (နိဗ္ဗာန်) | ၁၅၄ |
| **[ က ]** | |
| ကံသည် ပဋိသန္ဓေအကျိုးကို မဖြစ်စေနိုင်ပုံ | ၁၂၃ |
| ကမ္မဋ္ဌာန်းရွေးချယ်ပုံ | ၁၃၀ |
| ကာယဝိညာဏ် (၌ရှုပုံ) | ၁၇၄ |
| ကာယသမ္ဖဿဇာ ဝေဒနာ (၌ရှုပုံ) | ၁၇၅ |
| ကာယသမ္ဖဿ(၌ရှုပုံ) | ၁၇၅ |
| ကာယာယတန (၌ရှုပုံ) | ၁၇၄ |
| ကာရကပုဂ္ဂိုလ် | ၁၂၆ |
| ကိလေသာဝဋ္ဋ အမျိုးမျိုး | ၁၆၂ |
| ကိလေသာဝဋ္ဋ မချုပ်လျှင် ကမ္မဝဋ္ဋ မချုပ်နိုင်ပုံ | ၁၆၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က-ဂ-ဃ ]** | |
| ကိလေသဝဋ္ဋ မချုပ်လျှင် ဝိပါကဝဋ္ဋ မချုပ်နိုင်ပုံ | ၁၆၁ |
| ကိလေသာပယ်ပုံ | ၁၇၇ |
| ဂန္ဓာရုံ (ခွဲရှုပုံ) | ၁၇၂ |
| ဃာနဝိညာဏ် (ခွဲရှုပုံ) | ၁၇၂ |
| ဃာနသမ္ဖဿဇာဝေဒနာ(ခွဲရှုပုံ) | ၁၇၃ |
| ဃာနသမ္ဖဿ (ခွဲရှုပုံ) | ၁၇၂ |
| ဃာနာယတန (ခွဲရှုပုံ) | ၁၇၂ |
| **[ စ ]** | |
| စက္ခာယတန (ခွဲရှုပုံ) | ၁၆၉ |
| 'စက္ခုလောက' အစချီသော လင်္ကာ | ၁၁၉ |
| စက္ခုဝိညာဏ် (ခွဲရှုပုံ) | ၁၇၀ |
| စက္ခုသမ္ဖဿဇာဝေဒနာ(ခွဲရှုပုံ) | ၁၇၀ |
| စက္ခုသမ္ဖဿ (ခွဲရှုပုံ) | ၁၇၀ |
| စောင့်ရှောက်နိုင်သူ အရှင် မရှိ သောကြောင့် အနတ္တ | ၁၂၅ |
| **[ ဆ-ဇ ]** | |
| ဆင်ခြင်ရန် | ၁၈၅ |
| ဇာတိဒုက္ခကို ဖြစ်စေသော အကြောင်းတရား ၄-ပါး | ၁၈၅ |
| ဇိဝှါယတန (ရှုခွဲပုံ) | ၁၇၃ |
| ဇိဝှါဝိညာဏ် (ခွဲရှုပုံ) | ၁၇၃ |
| ဇိဝှါသမ္ဖဿဇာဝေဒနာ(ခွဲရှုပုံ) | ၁၇၄ |
| ဇိဝှါသမ္ဖဿ (ခွဲရှုပုံ) | ၁၇၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ တ-ဒ ]** | |
| တဒင် သမုစ္ဆေဒချုပ်ပုံ | ၁၄၅ |
| တဏှာလောဘကိလေသဝဋ္ဋ | ၁၆၂ |
| တရားတာဝန် | ၁၆၄ |
| တရားနာသူတာဝန် | ၁၆၃ |
| တရားဟော တရားနာသူတို့ တာဝန် | ၁၆၂ |
| တရားဟောသူ တာဝန် | ၁၆၃ |
| တာဝန်သုံးရပ် | ၁၆၄ |
| ဒိဋ္ဌိအရာကျယ်ပုံ | ၁၂၂ |
| ဒိဋ္ဌိကိလေသဝဋ္ဋ | ၁၆၂ |
| ဒိဋ္ဌိပဟာတဗ္ဗကထာ | ၁၁၈ |
| ဒိဋ္ဌိပယ်နည်း အမေးအဖြေ | ၁၂၃ |
| ဒိဋ္ဌိဖြစ်ပေါ်ခြင်းမူလ အကြောင်း | ၁၂၂ |
| 'ဒုက္ခမြင်သိ တဏှာကွာ' အစချီသော လင်္ကာ | ၁၇၈ |
| ဒုက္ခသစ္စာကိုနာနာရှုအစချီသော လင်္ကာ | ၁၄၂ |
| ဒုက္ခသစ္စာဖြင့် သက္ကာယ ခွဲနည်း | ၁၁၉ |
| ဒုက္ခသစ္စာ မြင်သိပုံ | ၁၄၇-၈ |
| ဒွတ္တိံသာကာရကမ္မဋ္ဌာန်း | ၁၃၁ |
| **[ ဓ ]** | |
| ဓမ္မစကြာနည်းဖြင့် မဂ်သို့ တက်နည်း | ၁၁၃ |
| ဓမ္မာရုံ (ခွဲရှုပုံ) | ၁၇၆ |
| ဓမ္မေကာစ်တိဋ္ဌ ယုံမှားပုံ | ၁၄၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ န ] | |
| နမက္ကာရပဏာမ ဘုရားရှိခိုး | ၁၆၀ |
| နာနာက္ခဏိကကမ္မစေတနာ | ၁၂၉ |
| နာမ်ရုပ်ကိုရှုခြင်းဖြင့် သက္ကာယ ခွါနည်း | ၁၁၀ |
| နိဂုံးချုပ်အဓိပ္ပာယ် | ၁၀၂ |
| နိဗ္ဗာန်ရှိပုံကိုပြဆိုခြင်း | ၁၅၃ |
| နိဗ္ဗာန်သို့ရောက်ပုံ | ၁၅၅ |
| နိဗ္ဗာန်သို့ရောက်ပုံကျက်မှတ်ရန် ကထာ | ၁၅၅ |
| နိရောဓသစ္စာ | ၁၄၉ |
| နှုတ်ရဆောင်ထားရန်ကထာ | ၁၀၄ |
| [ ပ-ဗ ] | |
| ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး | ၁၆၉ |
| ပထဝီဓာတ် ၂၀ | ၁၃၁ |
| ပထဝီဓာတ် ၂၀-ကို ပွားများပုံ | ၁၃၂ |
| ပဏာမ | ၁၁၅ |
| ပယ်နည်း ပွားနည်း | ၁၅၂ |
| ပယ်ပုံ | ၁၀၃ |
| ပယောဂါဘိသင်္ခါရ | ၁၂၉ |
| ပရမတ္ထလက်သည် | ၁၂၆ |
| ပရမတ္ထလက်သည် ရှုနည်း | ၁၁၀ |
| ပုထုဇဉ်ခန္ဓာ၌ အားထားစရာ မရှိပုံ | ၁၀၁ |
| ပေါက္ခရသာတိပုဏ္ဏားဝတ္ထု | ၁၁၄ |
| ဖောဋ္ဌဗ္ဗာရုံ(၌ ရှုပုံ) | ၁၇၄ |
| ဖြစ်ပုံ ချုပ်ပုံ | ၁၅၆ |
| 'ဖြစ်လိုမှု' အစချီသော နှုတ်ရ ဆောင်ထားရန်လင်္ကာ | ၁၆၁ |
| [ ဗ ] | |
| 'ဖြစ်လိုမှုကြောင့်' အစချီသော လင်္ကာ | ၁၄၃၊ ၁၅၀ |
| 'ဖြစ်လျှင်ဒုက္ခ' အစချီသော လင်္ကာ | ၁၄၇ |
| [ ဗ-မ ] | |
| ဗဟုသုတအမေးအဖြေ | ၁၀၄ |
| ဗဟုသုတပဓာန | ၁၄၂ |
| မဂ်မရခြင်း၏ အကြောင်းရင်း | ၁၁၇ |
| မဂ်သို့ဆိုက်ရောက်နည်း အကျင့်ဝါဒ အမျိုးမျိုး | ၁၁၂ |
| မဂ္ဂဝီထိ | ၁၄၇ |
| မဂ္ဂသစ္စာအဓိပ္ပာယ် | ၁၄၉ |
| မဂ္ဂသစ္စာပွားနည်း | ၁၁၆ |
| မနအဓိပ္ပာယ် | ၁၇၅ |
| မနာယတန (၌ရှုပုံ) | ၁၇၅ |
| မနောဝိညာဏ် (၌ရှုပုံ) | ၁၇၆ |
| မနောသမ္ဖဿဇာဝေဒနာ (၌ ရှုပုံ) | ၁၇၇ |
| မနောသမ္ဖဿ (၌ ရှုပုံ) | ၁၇၇ |
| မဟာဋီကာနည်း (နိဗ္ဗာန်) | ၁၅၃ |
| မာတိကာအကျဉ်း | ၁၁၀ |
| မိစ္ဆာဒိဋ္ဌိမည်ပုံ | ၁၂၀ |
| မိစ္ဆာဒိဋ္ဌိ ရှေးဦးပယ် | ၁၂၀ |
| မိမိရသော မဂ်ကို ပစ္စဝေက္ခဏာဖြင့် ပိုင်းခြားနည်း | ၁၀၆ |
| မိမိသည် နိဗ္ဗာန်ရပြီဟု သိနိုင်ပုံ | ၁၀၅ |
| မေတ္တာကထာ | ၁၀၆ |
| မူလစေတနာ | ၁၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ယ- ရ ] | |
| ယုံမှားခြင်း ၁၆- ပါး | ၁၃၇ |
| ယုံမှားခြင်း ၁၆-ပါးကျက်မှတ်ရန် လင်္ကာ | ၁၄၀ |
| ယုံမှားခြင်း ၈- ပါး | ၁၄၀ |
| ရသာရုံ(၌ ရှုပုံ) | ၁၇၃ |
| ရာဟုလောဝါဒကထာ | ၁၆၈ |
| ရာဟုလောဝါဒကထာနိဒါန်း | ၁၆၇ |
| ရုပ်နာမ်ကလာပ်ဖြင့် သက္ကာယ ခွဲနည်း | ၁၁၈ |
| ရူပါရုံ(၌ ရှုပုံ) | ၁၇၀ |
| [ လ- ဝ ] | |
| လူသောတာပန်ကျင့်ဝတ် | ၁၈၀ |
| လောကီသစ္စာ | ၁၄၂ |
| လောကုတ္တရာသစ္စာ | ၁၄၂ |
| ဝဋ္ဋသုံးပါး ဖြစ်ပုံချုပ်ပုံ | ၁၆၀ |
| ဝိစိကိစ္ဆာပဟာတဗ္ဗကထာ | ၁၃၆ |
| ဝိစိကိစ္ဆာမည်ပုံ | ၁၃၆ |
| ဝိဋ္ဋူဘဝတ္ထု | ၁၈၀ |
| ဝိပဿနာအကူးပွားများပုံ | ၁၇၈- ၉ |
| ဝိပဿနာပုတီးစိပ်နည်း | ၁၅၁ |
| ဝိမာနဝတ္ထု | ၁၅၄ |
| ဝေဒကပုဂ္ဂိုလ် | ၁၂၆ |
| [ သ ] | |
| သံဝေဂလင်္ကာ | ၁၈၅ |
| သင်္ခတသင်္ခါရ | ၁၂၉ |
| သင်္ခါရ | ၁၂၉ |
| သင်္ခါရ ၄- မျိုး | ၁၂၉ |
| သင်္ဂြိုဟ်နည်း (နိဗ္ဗာန်) | ၁၅၃ |
| [ သ ] | |
| သစ္စာမြင်သိလင်္ကာ | ၁၅၀ |
| သစ္စာလေးပါး စကားနှစ်ခွန်း | ၁၄၁ |
| သစ္စာလေးပါးမြင်သိပုံ | ၁၄၇ |
| သစ္စာလေးပါးရေတွက်နည်း | ၁၁၅ |
| သတိပေးစကား | ၁၅၀ |
| သတ္တဇီဝကင်းပုံ | ၁၃၅ |
| သတ္တဇီဝမှာ ယူခြင်း၏ အကြောင်း | ၁၃၅ |
| သဒ္ဒါရုံ(၌ ရှုပုံ) | ၁၇၁ |
| သမာဓိခိုင်မြဲပုံဝတ္ထု သက်သေများ | ၁၈၀ |
| 'သမုဒယကြောင့်' အစရှိသော လင်္ကာ | ၁၄၃ |
| သမုဒယသစ္စာမြင်သိပုံ | ၁၄၈ |
| သဟဇာတကမ္မစေတနာ | ၁၂၉ |
| သုတ္တန်နည်းဝိစိကိစ္ဆာပယ်ပုံ | ၁၃၇ |
| သုပ္ပဗုဒ္ဓဝတ္ထု | ၁၈၀ |
| သူတော်ကောင်းတရား ပျက်စီးခြင်းမရှိကြောင်း | ၁၈၁ |
| သောတဝိညာဏ်(၌ ရှုပုံ) | ၁၇၁ |
| သောတသမ္ဖဿဇာဝေဒနာ (၌ ရှုပုံ) | ၁၇၁ |
| သောတသမ္ဖဿ(၌ ရှုပုံ) | ၁၇၁ |
| 'သောတာကာသ' အစရှိသော လင်္ကာ | ၁၁၉၊၁၂၀ |
| သောတာပန်တို့၏ သမာဓိခိုင်မြဲပုံ ပါဠိတော် | ၁၇၉ |
| သောတာယတန(၌ ရှုပုံ) | ၁၇၁ |


ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာ မှတ်သားဖွယ် အက္ခရာစဉ် ပြီးပြီ။

နိယျာနိကမဂ္ဂကထာ

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အ-အာ-ဥ ]** | |
| အကျဉ်းဆုံးနည်းဖြင့် ရှုပုံ | ၂၃၄ |
| အထူးမှာထားချက် | ၂၀၅ |
| အထွတ်အထိပ်ဝိပဿနာ | ၂၃၀ |
| အဘိယာစကနိဒါန်း | ၁၉၇ |
| အာသဝေါကုန်အောင် ရှုနည်း | ၂၃၃ |
| ဥဒါန်းအဓိပ္ပါယ် | ၂၁၃ |
| **[ က-ခ-စ ]** | |
| ကတညာဏ်မည်ပုံ | ၁၉၂ |
| ကိစ္စညာဏ်မည်ပုံ | ၁၉၂ |
| ကျက်မှတ်ရန်ကထာ | ၂၀၂ |
| ကျက်မှတ်ရန် ဓမ္မစကြာသစ္စာ လေးပါးတရားတော် | ၂၀၁ |
| ကျမ်းအမည် ဥဃျောဇဉ်များ | ၁၉၇ |
| ခန္ဓာငါးပါး၌ ဒုက္ခသစ္စာဖြစ်ပုံ | ၂၀၇ |
| စာကြည့်သူတို့သို့ သတိပေးချက် | ၁၉၂ |
| **[ တ ]** | |
| တဏှာကို မြင်တွေ့ရန် ခဲယဉ်းပုံ | ၂၁၁ |
| တဏှာမှ ထွက်၍ ဘဝအဆုံးသို့ ရောက်အောင်ကျင့်နည်း | ၂၁၃ |
| တနည်း မဂ်သို့ တက်ပုံ | ၂၃၁ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ တ ]** | |
| တနည်း သစ္စာ ၄-ပါး အမေးအဖြေ | ၂၂၅ |
| တရားအားထုတ်သော ပုဂ္ဂိုလ်တို့ သတိပြုရန် | ၁၉၁ |
| **[ ထ-ဒ ]** | |
| ထွက်ရပ်ကို အလိုရှိသော ပုဂ္ဂိုလ်တို့ အလုပ်လုပ်ရန် | ၁၉၅ |
| ဒုက္ခမမှုသတ်လာ သစ္စာ ၄-ပါး ပြခြင်း | ၂၀၃ |
| ဒုက္ခနိရောဓ၏ ဝစနတ္ထ | ၂၁၅ |
| ဒုက္ခမည်ကြောင်းနှစ်ပါး | ၂၀၈ |
| 'ဒုက္ခမြင်သိ တဏှာကွာ' အစချီသောလင်္ကာ | ၁၉၁ |
| ဒုက္ခသစ္စာအနက် | ၂၀၅ |
| ဒုက္ခသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် | ၂၀၆ |
| ဒုက္ခသစ္စာ မြင်သိပုံ | ၂၂၃ |
| **[ န ]** | |
| နိဗ္ဗာန်ဟူသည် အသခ်တ | ၂၁၆ |
| နိဗ္ဗာန်ဟူသည် ဂတိငါးပါးမှ ဆိတ်၏ | ၂၁၇ |

အက္ခရာစဉ် — စာမျက်နှာ

[ န ]

နိရောဓအနက်အဓိပ္ပါယ် ၂၁၇
နိရောဓသစ္စာ၏ အနက် ၂၁၅
နိရောဓသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ၂၁၆
နိရောဓသစ္စာ ပြဆိုပုံ ၂၂၄-၅

[ ပ-ဖ ]

ပဋိပတ္တိသာသနာတည်သူ ၁၉၅
ပဋိပတ္တိသာသနာတည်သူမည်ပုံ ၂၂၉
ပဋိဝေဓသာသနာတည်သူ ၁၉၅
ပဋိဝေဓသာသနာတည်သူမည်ပုံ ၂၂၉
ပဏာမ ၁၉၇
ပရိယတ္တိသာသနာတည်သူ ၁၉၄
ပရိယတ္တိသာသနာတည်သူ မည်ပုံ ၂၂၉
'ဖြစ်မှုရှိက'အစချီသောလင်္ကာ ၂၃၁
'ဖြစ်လျှင် ဒုက္ခ'အစချီသော လင်္ကာ ၁၉၁

[ ဘ-မ ]

ဘဝတဏှာမှ ထွက်ပုံ ၂၁၄
မဂ်က ကိလေသာပယ်ပုံ ၂၁၉
မဂ်လေးပါး ကိစ္စခြားနားပုံ ၂၃၄
မဂ်လေးပါး ကိလေသာပယ်စဉ် ၂၃၃
မဂ်သို့ တက်နည်း ၂၃၁
မဂ္ဂဘာဝနာပွါးနည်း ၂၁၉
မဂ္ဂသစ္စာအနက် ၂၁၈
မဂ္ဂသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ၂၁၉

အက္ခရာစဉ် — စာမျက်နှာ

[ မ ]

မဂ္ဂသစ္စာ၏ ဝစနတ္ထ ၂၁၈
မဂ္ဂသစ္စာ ပြဆိုပုံ ၂၂၄
မိမိသည် မဂ်ဖိုလ်နိဗ္ဗာန်ရပြီး ဟုတ် မဟုတ် မြင်သိနည်း ၂၂၀
မူလတရား ၂-ပါး ချုပ်ပုံ ၂၃၄

[ ယ-သ ]

ယောဂီပုဂ္ဂိုလ်တို့ကို သတိပေးခြင်း ၁၉၉
ယောဂီပုဂ္ဂိုလ်တို့ ဝမ်းမြောက်စွာ အားထုတ်သင့်ကြပုံ ၂၀၀
သံသရာလည်ကြောင်း ဟောပုံ ၂၀၀
သင်္ဂြိုဟ်ဆရာနည်း နိဗ္ဗာန်မည်ပုံ ၂၁၇
သစ္စ ကိစ္စ ကတဉာဏ် ၁၂-ပါး ၂၂၁
သစ္စဉာဏ်မည်ပုံ ၁၉၂
သစ္စဉာဏ်လေးပါးစသည် ၂၂၁
သစ္စဒီပကဆရာတော်၏ ညွှန်ပြချက်များ ၁၉၄
သစ္စာမြင်သိမှု၌ ကျက်မှတ်ရန် ဆောင်ပုဒ် ၂၂၂
သစ္စာလေးပါးကို အကျဉ်း ပြခြင်း ၂၀၂
သစ္စာလေးပါးကို အမေး အဖြေဖြင့် ပြခြင်း ၂၂၃
သစ္စာလေးပါးကို တဂါထာဖြင့် မြင်သိနည်း ၂၈၃
သစ္စာလေးပါးဆောင်ပုဒ်နှင့် အဓိပ္ပါယ် ၂၂၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သစ္စာလေးပါးပါဠိတော်အနက် | ၂၀၅ |
| သစ္စာလေးပါးမြင်သိနည်း အမေးအဖြေ | ၂၀၉ |
| သစ္စာလေးပါးမြင်သိရန် အမေးအဖြေ | ၂၀၁ |
| 'သမုဒယကြောင့်'အစချီသော လင်္ကာ | ၂၂၇ |
| သမုဒယသစ္စာအနက် | ၂၁၀ |
| သမုဒယသစ္စာ၏ ဝိဂ္ဂဟဝစနတ္ထ | ၂၁၁ |
| သမုဒယသစ္စာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် | ၂၁၁ |
| သမုဒယသစ္စာ မြင်သိပုံ | ၂၂၄ |
| သင်္ခါရတို့ ကိုယ်ရေ့ကိုတ်ကလောကနော်ကဗုဒ္ဓဘုရားက သတိပေးပုံ | ၂၀၀ |
| သာသနာတည်သူမည်ပုံ | ၂၂၉ |
| သာသနာသုံးရပ်အဓိပ္ပါယ် | ၂၂၉ |
| သိကြားမင်းကြီး၏ ဘုရားရှိခိုး ဂါထာ | ၁၉၇ |
| သုတ္တနိပါတ်ပါဠိတော်နည်း | ၂၂၅ |
| သောတာပတ္တိမဂ်သို့ ရောက်နည်း မိတ်ဆွေ ၂-ဦးတို့ အမေး အဖြေ | ၂၄၁ |


နိဿယျာနိကမဂ္ဂကထာ

မှတ်သားဖွယ် အက္ခရာစဉ် ပြီးပြီ။

ဆဝေဘတုမဂ္ဂကထာ

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ-အာ ] | |
| အဂ္ဂိမုခမြေခွဲလျှင် လောင်ကျွမ်း၍ သေခြင်း | ၂၄၂ |
| အာကာသဟူသည် | ၂၄၀ |
| အာပေါအစု ၁၂ | ၂၄၁ |
| [ က-ခ ] | |
| ကဋ္ဌမုခမြေခွဲလျှင် တောင့်တင်း၍ သေခြင်း | ၂၄၂ |
| ကျွမ်း၏နိဂုံး | ၂၄၃ |
| ခန္ဓာကိုယ်ကို တံလျှပ်ပမာရှုပုံ | ၂၄၃ |
| ခန္ဓာကိုယ်ကို ရေမြှုပ်ပမာရှုပုံ | ၂၄၃ |
| [ တ-ဒ-ဓ-န ] | |
| တေဇောအစု ၄-ပါး | ၂၄၁ |
| ဒုက္ခသမုဒယ မြင်သိပုံ | ၂၄၃ |
| ဓာတ်၏အဓိပ္ပါယ် | ၂၃၉ |
| ဓာတ်ကြီး ၄-ပါး၌ ၄၂-ကောဋ္ဌာသ | ၂၄၀ |
| ဓာတ် ၆-ပါး | ၂၄၀ |
| နိဗ္ဗာန်သို့သွားနည်းဝတ္ထု | ၂၄၆ |
| နိရောဓ မဂ္ဂ မြင်သိပုံ | ၂၄၃ |
| [ ပ-ဖ-မ ] | |
| ပဏ္ဏာမ | ၂၃၉ |
| ပထဝီအစု ၂၀ | ၂၄၀-၁ |
| ပူတိမုခမြေခွဲလျှင် ပုပ်ပျက်၍ သေခြင်း | ၂၄၂ |
| 'ဖြစ်လို့မှုကြောင့်'အစချီသော ကျက်မှတ်ဆင်ခြင်ရန်ကထာ | ၂၄ |
| 'ဖြစ်လျှင် ဒုက္ခ'အစချီသော ဆောင်ပုဒ်နှင့်အဓိပ္ပါယ် | ၂၄၅ |
| မဂ်သို့တက်၍ နိဗ္ဗာန်ရပြီဟု သိနည်း | ၂၄၄ |
| မိမိသည် နိဗ္ဗာန်ကို ရပြီဟု ဆုံးဖြတ်နည်း | ၂၄၅ |
| မြေကြီး ၄-စင်း-ဓာတ်မင်း ၄-မြွေ | ၂၄၂ |
| [ ဝ-သ ] | |
| ဝါယောဓာတ်အစု ၆-ပါး | ၂၄၁ |
| သစ္စာလေးပါး မြင်သိပုံ | ၂၄၂ |
| သတ္ထမုခမြေခွဲလျှင် ပေါက်ပြဲ၍ သေခြင်း | ၂၄၂ |
| သတ္တဝါ အသက် လိပ်ပြာမရှိပုံ | ၂၃၉ |


ဆဝေဘတုမဂ္ဂကထာ

မှတ်သားဖွယ် အက္ခရာစဉ် ပြီးပြီ။

**အမေဒယကာလ**

# နိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း

## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကုသိုလ်ကို မနေ့ဒွါရကပင် စ၍ ရှောင် | ၂၆၄ |
| အချိန်အလွန်အဖိုးတန်ပုံ | ၂၆၂ |
| အစပ်သုံးပါး | ၃၁၂ |
| အခြင်းအရာနှစ်ဆယ် | ၃၁၃ |
| အစွန်းသုံးပါး | ၃၁၃ |
| အပိုကိစ္စ၊အပိုဗဟုသုတ | ၂၆၅ |
| အနုပဿနာဉာဏ်လက်နက် သုံးပါး | ၂၆၇ |
| အနုပဿနာဉာဏ်ကို မပွားမိ ရှေးဦးစွာ နှလုံးသွင်း ရာသော အချက်များ | ၂၇၁ |
| အနှစ် ၁၀၀-ကို ၁၀-နှစ်စီ ပိုင်းပုံ | ၂၇၃ |
| အဘိညာဉ်၏ အာရုံ | ၃၀၀ |
| အရှင်အဿဇိထေရ်က ဥပတိဿပရိဗိုဇ်အား ဟောသောတရား | ၂၅၇ |
| အရှင်ရာဟုလာအား ဆုံးမသောဂါထာ | ၂၆၉ |
| **[အ]** | |
| အဝိဇ္ဇာတရားကိုယ်နှင့် အဝိဇ္ဇာသဘော | ၂၉၇ |
| အဇ္ဈတ္တဘေးရန် | ၂၅၈ |
| အဇ္ဈတ္တဘေးရန်သည် ဗဟိဒ္ဓ ရန်သူထက်ကြောက်လန့်ဖွယ် | ၂၅၈ |
| **[အာ]** | |
| အာရုံ ၆-ပါးကို ယောနိသော မနသိကာရဖြစ်အောင် သိမ်းဆည်းပုံ | ၂၈၈ |
| အာသဝကြောင့် အဝိဇ္ဇာဖြစ် | ၃၁၀ |
| အာဟာရ ၄-ပါးနှင့် ၎င်းတို့၏ကိစ္စ | ၃၁၉ |
| အုပ်စိုးသောဘုရင်သုံးပါး | ၂၆၈ |
| **[ ဥ ]** | |
| ဥပဓိ ၄-ပါး | ၃၁၈ |
| ဥပါဒ် ဌီဘင် ခဏငယ် ၃-ခု | ၂၇၆ |
| **[ ေ ]** | |
| ကေဝါကာရ,စတုဝေါကာရ, ပဉ္စဝေါကာရတို့၏အဓိပ္ပါယ် | ၃၀၁ |

အက္ခရာစဉ် — စာမျက်နှာ

[ဩ]

ဩကာသလောက၌ တည်နေ
သော သတ္တဝါသုံးမျိုး ၂၇၁

[က]

ကာယကံကုသိုလ် ၂၆၂
ကိလေသာမည်ပုံ ၂၅၀
ကိလေသာအကျဉ်းနှင့်အကျယ် ၂၅၉
ကိလေသာအခိုက်အတန့် ၃-ပါး ၂၀၂
ကိလေသာ ၁၀-ပါးတွင်
အဆိုးဆုံးကိလေသာ ၂၆၀
ကိလေသာတို့၏ပူပန်ပုံ ၂၅၉
ကိလေသာပယ်ခြင်း ၃-ပါး ၂၀၂
ကိလေသာပယ်သတ်ခြင်း
အကျင့် ၃-မျိုး ၂၀၂
ကိလေသာပယ်သတ်ရန်
လိုရင်းဗဟုသုတ ၂၆၇
ကုသိုလ်ပြုခြင်းအဓိပ္ပါယ် ၂၆၂
ကုသိုလ်ပြုရာ အချိန်မရွေးသင့် ၂၆၁

[ဂ]

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏
ဇာတိဒုက္ခ ၂၅၆
ဂေါတြဘူဉာဏ် ၂၇၆

[စ]

စကြာမန္ဓာတ်၏ တန်ခိုး
ဣဒ္ဓိပါဒ်နှင့်စည်းစိမ် ၂၅၉

အက္ခရာစဉ် — စာမျက်နှာ

[စ]

စိတ္တက္ခဏတချက် စိတ်တသက် ၂၇၆
စိတ္တက္ခဏ ၁၇-ချက် ရုပ်တသက် ၂၇၆
စီးပွားရှာရာ၌ ကုသိုလ်ရအောင်
ပြုနည်း ၂၆၃

[ဇ]

ဇရာ ၂-မျိုး ၃၀၇
ဇရာ ဒုက္ခ ၂၅၅
ဇာတိ ၃-မျိုး ၃၀၇
ဇာတိဒုက္ခ ၂၅၅

[ဉ]

ဉေယျဓံတရား ငါးပါး ၃၁၇

[တ]

တဏှာ ၃-မျိုး ၂၅၅
တဏှာ၏ တရားကိုယ် ၃၀၃
တဏှာ ၁၀၈-ပါး ၃၀၄
တဏှာနှင့် ကာမုပါဒါန်အထူး ၃၀၄
တသက်တဘဝ ၂၇၂

[ထ]

ထမင်းစားရာ၌ပင်ကုသိုလ်ရနိုင် ၂၆၁
ထမင်းစားရာ၌ ကုသိုလ်ရအောင်
နှလုံးသွင်းနည်း ၂၆၃

[ဒ]

ဒိဋ္ဌိ ၆၂-ပါး ၂၉၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဒုက္ခ၏ တရားကိုယ် | ၃၀၉ |
| ဒုက္ခ ဒုက္ခံ အတိဒုက္ခံ | ၂၅၆ |
| ဒုက္ခသစ္စာသမားချင်း | ၂၅၆ |
| ဒေါမနဿနှင့် ဥပါယာသတို့၏ တရားကိုယ် | ၃၀၉ |
| ဒေါသကိလေသာ၏ ပူပန်နှိပ်စက်ပုံ | ၂၆၀ |
| [ န ] | |
| နိမိတ်ဟူသည် | ၂၆၁ |
| နိဗ္ဗာန်ချမ်းသာတရား | ၂၅၅ |
| နိဗ္ဗာန်ဆုတောင်းပြီးပြုသော ကုသိုလ်သာ ပါရမီကုသိုလ် မည်ပုံ | ၂၀၇ |
| နီဝရဏ ငါးပါးနှင့် ၎င်းတို့ကို ပယ်သတ်သော ဈာန်အင်္ဂါ ငါးပါး | ၃၁၉ |
| နေဝသညာနာသညာယတန ဗြဟ္မာတို့၏ သက်တမ်း | ၂၀၄ |
| နာမ်တရား ၅၃-ပါး | ၂၇၄ |
| နာမ်တရားကို ဝိပဿနာရှုပုံ | ၂၇၄ |
| နာမ်, ရုပ် ၂-ပါးကို ဝိပဿနာ ပွားပုံ | ၂၇၉ |
| နာမ်,ရုပ်တို့၏အနိစ္စ,ဒုက္ခ,အနတ္တ မည်ခြင်းအကြောင်း | ၂၁၀ |
| နိုင်ငံကြီးသုံးပါး | ၂၆၁ |
| [ ပ ] | |
| ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး | ၃၁၆ |
| ပဋိစ္စသမုပ္ပါဒ်၏နက်နဲခြင်း၄-မျိုး | ၃၁၀ |
| ပရမတ္ထသစ္စာ | ၂၅၄ |
| ပရိဒေဝ၏တရားကိုယ် | ၃၀၉ |
| ပုထုဇဉ်တို့မှာ အာရုံပြုပြင်တိုင်း ခံရတတ်ပုံ | ၂၇၅ |
| ပုညာဘိသင်္ခါရပြုသည့်အခါ ဝိပဿနာဉာဏ်နှင့်တွဲ၍ ပြုသင့်ပုံ | ၂၁၁ |
| ပုညာဘိသင်္ခါရသည်မီးနှင့်တူပုံ | ၂၁၁ |
| [ ဗ ] | |
| ဗဟိဒ္ဓရန်သူ | ၂၅၉ |
| ဗြဟ္မာ့ပြည်မှလာသောဝက်မငယ် | ၂၆၇ |
| [ ဘ ] | |
| ဘဝ ၂-မျိုးနှင့် တရားကိုယ် | ၃၀၅ |
| [ မ ] | |
| မနောကံ ကုသိုလ် | ၂၆၂ |
| မရဏ ဒုက္ခ | ၂၅၅ |
| မရဏ သုံးမျိုး | ၃၀၁ |
| မန္တာတင်မင်းအသက် | ၂၅၉ |
| မဂ်ကိစ္စ ၄-ပါး | ၃၂၆ |
| [ ယ ] | |
| ယောနိလေးပါး | ၃၀၆ |
| ယုံမှားခြင်း တဆယ့်ခြောက်ပါး | ၃၂၁ |
| [ ရ ] | |
| ရူပါရုံကိုသိမ်းဆည်းပုံ ၂-မျိုး | ၂၀၉ |
| ရုပ်တရားကို သုတ္တန်နည်း အဘိဓမ္မာ နည်းရော၍ ဝိပဿနာရှုပုံ | ၂၇၄ |

အက္ခရာစဉ် စာမျက်နှာ

[လ]

လူတို့အနှစ်တရာ တာဝတိံသာမှာ
  တရက် ၂၅၉
လောဘကိလေသာ၏ ပူပန်
  နှိပ်စက်ပုံ ၂၅၉
လိုရင်းကိစ္စနှင့် လိုရင်းဗဟုသုတ ၂၆၁
လက်နက်သုံးပါး ၂၆၀
လျှပ်တပြက်ခန့်အတွင်း
  ဖြစ်ပျက်သော စိတ္တက္ခဏ
  ပေါင်း ၂၇၆

[ဝ]

ဝစီကံကုသိုလ် ၂၆၂
ဝိစိကိစ္ဆာဖြစ်ရာ ရှစ်ဌာန ၃၂၁
ဝိပဿနာဆေး ၂၅၀
ဝိပဿနာဉာဏ် ၁၀-ပါးနှင့်
  အမိုပ္ပါယ် ၃၂၄
ဝိပဿနာဉာဏ်ရင့်သန်သည့်အခါ
  ဖြစ်ပေါ်လာသော ဉာဏ်များ ၃၂၆
ဝိဝေကသုံးပါး ၃၁၀
ဝိဟာရ(နေခြင်း)သုံးမျိုး ၃၁၇
ဝိက္ခမ္ဘနပဟာန် ၂၆၆
ဝေဒနာအရ ဝိဘင်းအဋ္ဌကထာနှင့်
  မာတိကာအဋ္ဌကထာတို့
  အလို ၃၀၃
ဝဋ်သုံးပါး ၃၁၂
ဝတ္ထုရုပ် ၆-ပါး ၃၀၁

[သ]

သင်္ခါရတရားကိုယ်နှင့် သင်္ခါရ၏
  သဘော ၂၈၀
သင်္ခါရနှင့် ကမ္မဘဝအထူး ၃၀၅
သင်္ခါရသုံးပါးနှင့်တရားကိုယ် ၂၀၅
သစ္စာ ၄-ပါးနှင့် အမိပ္ပါယ် ၃၂၁
သတ္တဝါတည်ရာ ဘုံ ၉-ပါး ၃၀၆
သတ္တဝါတို့၏ ပကတိသဘော ၂၅၄
သန္တတိပညတ်၊ သမူဟပညတ် ၂၇၂
သဘာဝသစ္စာ ၂၅၄
သမုတိ ၂၅၄
သမုတိပညတ် ၂၇၂
သမုဒယသစ္စာ၏ တရားကိုယ် ၂၅၇
သမ္မာသတိသာလိုရင်း ၂၆၃
သိက္ခာသုံးပါး ၂၀၄
သောကတရားကိုယ် ၃၀၉
သောက, ပရိဒေဝ, ဥပါယာသတို့
  အထူး ၃၁၀
သောတာပတ္တိမဂ်ပယ်သော
  ကိလေသာ ၂-ပါး ၂၀၃
သံသရာ၌ ကျင်လည်ရခြင်းဒုက္ခ ၂၅၅
သံသရာ၌ကျင်လည်စေတတ်သော
  သမုဒယသစ္စာ ၂၅၅
သံသရာကိုချုပ်တတ်သော
  တရားသုံးပါး ၂၆၀
သံသရာမှထွက်မြောက်ရန် ပုညာဘိ-
  သင်္ခါရကိုပြုနည်း ၂၀၆

[ဟ]

ဟိတ် ၆-ပါး ၃၀၂.

ပ-မ-သ-စ – ၁၆၉၉ – ၂၃-၁၂-၈၃။ ၅၀၀၀-အုပ်။

မင်းဘူးမြို့

သမ္မာကမ္ဘန္တအသင်း ဓမ္မကထိက အဖြစ်ဖြင့်

ရေသားပြုစုသည့်ကျမ်းများ

၁။ ဟေတုဖလကထာကျမ်း၊

၂။ နာမရူပပရိစ္ဆေဒကထာကျမ်း၊

၃။ ဒဿနေနပဟာတဗ္ဗကထာကျမ်း၊

ဘဒ္ဒန္တရေဝတထေရ် အဖြစ်ဖြင့်

ရေးသားပြုစုသည့်ကျမ်းများ

၁။ စတုသစ္စဒင်္ဂီကမ္မကထာကျမ်း၊

၂။ သစ္စာဒီပကကထာကျမ်း၊

၃။ သောတာပတ္တိမဂ္ဂကထာကျမ်း၊

၄။ ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာကျမ်း၊

၅။ နိယျာနိကမဂ္ဂကထာကျမ်း၊

၆။ ဆဓာတုမဂ္ဂကထာကျမ်း၊

၇။ အတ္တဓမ္မပဋိသမ္ဘိဒါမဂ္ဂကထာကျမ်း၊